www.burmeseclassic.com

မဟာရာ

(လွိုင်ကော်)

စမ်းရေသောက်ဆင်းတဲ့ လ

BURMESE CLASSIC .com

အသစ်စက်စက်

စ / ဆုံး

www.burmeseclassic.com

NYI NYI

www.burmeseclassic.com

မဟူရာ(လွိုင်ကော်)

စမ်းရေသောက်ဆင်းတဲ့လ

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၃၀၀၆၁၁၁

မူကန်ဒါဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၆၂၀၆၁၂

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလှုံစာပေ

အမှတ်-၄၃/က၊မလိခလမ်း၊၇-မိုင်၊

မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET

အမှတ်(၅၉) (၁၉)လမ်း ရန်ကုန်၊

စေတနာစာပေ၏ အမှတ်တရ အစီအရှဉ်

ပန်းတွေမောက်ဝင်းတဲ့
ငွေအဆင်းနဲ့ လ...
ပန်းလေလျှောက်သင်းတဲ့
ငွေအဆင်းနဲ့ ည...
စမ်းရေသောက်ဆင်းတဲ့
ငွေအဆင်းနဲ့ လ...
ကြော်...
စမ်းရေသောက်ဆင်းတဲ့ လ...



www.burmeseclassic.com

www.burmeseclassic.com

ခြံစည်းရိုး တစ်ဖက်မှာ မမလေးတစ်ယောက်ထိုင်နေသည်။
ငှက်ဝါဝါလေးကိုကိုင်ကြည့်နေသည့်
မမလေးသည်လည်း အဝါရောင်လေးပဲ ဖြစ်နေသည်။
အင်္ကျီကလည်းဝါသည်။
ထဘီလေးကလည်းဝါသည်။
အသားလေးကလည်း ဝါသည်။
ပြီးတော့ ..ပန်ထားသည့် ပန်းလေးတွေကလည်း ဝါနေသည်။
ငှက်လေး နဲသလို မမလေးကလည်း နဲသည်။
ငှက်ကလေး ဝါသလို မမလေးကလည်းဝါသည်။
ငှက်ကလေး လှသလို မမလေးကလည်း လှနေသည်။

နဲ့သာမြိုင်...
လှပသော အမည်ဖြင့်ရှိပါလေသောဟိုတယ်ကြီးသည်
ကျယ်ပြန့်လှပလွန်းသောဥယျာဉ်...
အုံ့ဆိုင်းညို့ရိပ်လွင်နေသော
အခက်မြိုင်မြိုင် အပင်မြင့်မြင့်ကြီးများဖြင့် ရှိပါလေသော
ဝက်သစ်ချပင်ကြီးများ...
လေတိုးသံများက
[illegible]ဖြစ်တည်လာစေတတ်ပါသည့်ထင်းရှူးပင်ကြီးများ...
ကျယ်ပြန့်သော မြက်ခင်းပြင် စိမ်းမြမြနှင့်...
[illegible]သဘာဝကိုက ပန်းရောင်.အဖြူရောင်နှင့်စိမ်းမြမြ.နီမြမြ
ဆင်ကြပါလေသောရွက်လှပင်ပုလေးများတို့ဖြင့်
အလွန်တရာကိုမှ
လူတို့၏နှလုံးအိမ်ကို ညှို့ငင်ထားနိုင်စွမ်းပါသော
နဲ့သာမြိုင်ဟိုတယ်...

www.burmeseclassic.com

www.burmeseclassic.com

ကျွဲဝန်းကျင် နှင့်
ကျွဲနေရာလေးမှာ...
တောတောင်တို့၏ရနံ့...
ဝါးတို့ဖြင့်
တည်ဆောက်ထားပါသော
အိမ်လေး
သေချာတိုက်ချွတ်ထားသော
ဖန်မီးအိမ်လေး
ချိတ်ထားရာနေရာလေး...
ဝါးတို့ဖြင့်သာ
ခင်းကာထားသော
အိမ်လေးဆီမှ ရရှိပါသည့်
ဝါးတို့၏
ရနံ့တစ်မျိုး...
အားလုံးသည်...
ဆန်းသစ်သော
အတွေ့အကြုံတစ်ရပ်
မဟုတ်ပါလား...

ဒေါ်...
ကျိသံယောဇဉ်အမျှင်သည်...
နှလုံးအိမ်နှစ်ခင်းလေးနှစ်ခုကို
ခိုင်မြဲလွန်းစွာနောင်ခင်...
ရစ်ချည်ထားနိုင်စွမ်းလွန်းခဲ့သည်တကား...
မျက်ရည်ဥသည်...
ကြာညိုလက်လေးကိုထွေးယူလိုက်ပါသည့်
လှလွန်းအိမ်၏လက်ဖမိုးလေးထက်မှာ
ဦးစွာဖြောက်ခနဲကျသည်...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

မမေ့နိုင်ခြင်းတည်းဟူသော တည်မြဲနိုင်လွန်းပါသည့်
ချစ်ခြင်းများဖြင့် နှစ်မြုပ်လျက်...
အချစ်ဘဝသည် အထီးကျန်သူတစ်ယောက်၏ရင်မှာ
ဆက်လက် ရှင်သန်နေခွင့်တော့ရှိနေသင့်ပါသည်မမလေး...
အချစ်ကြီးသူတစ်ယောက် ၏ရင်သည်...
အဘယ်မျှထိ ပြင်းထန်စွာ...ခံစားနေရသည်ဆိုတာ...
ကြာညှိသာသိပါသည်
ခြော... အထီးကျန် ချစ်ရသူ၏ရင်သည်သာလျှင်
သိပါလေသည်ကောလေ...

လသာသောည...
လရိပ်လွင်နေသောည...
လရောင်ထိုးကျနေသော
ပြတင်းတံခါးဆီမှ ပြန့်လာပါလေသော
လရောင်ရိပ်ရိပ် ဝင်နေသည့်အိမ်လေး...
လသာမှန်အိမ်မီးလေးကတော့ဖြင့်
ဝါလဲ့လဲ့အလင်းဖြင့်ရှိနေလျှက်...
ထင်းမီးဖိုမှမီးရှိန် အလင်းက
နံရံမှာ သူ့အရိပ်ကို လှုပ်ခတ်ခတ်ဖြင့်ထင်နေစေ၏
ဤအိမ်လေးမှာ သူနှင့် သူ့အရိပ်ပဲရှိနေသည်

www.burmeseclassic.com

www.burmeseclassic.com

အကြောမျှင်နုနုလေးများ ယှက်သန်းရာ ပါးပြင်နုနု ...။
မျက်တောင်ထူအိအိလေးများရံခရာ
မျက်ဝန်းရွှန်းလဲ့လဲ့ နက်မှောင်မှောင်လေး...။
ဆံနုမှင်တို့ ဖေးတင်နေရာနဖူးပြင်ဝင်းစင်စင် ...။
နာတ်ထင်းထင်းလေးနှင့်ခွတ်ခမ်းနုနုလေး...။
ဝန်းသွယ်သောမျက်နှာလေး...။
ကြွေရုပ်လေးဆွထားသည့်နယ်ပါတကား...
သူ၏နလုံးအိမ်မှ ကြွေရုပ်လေး...။
သူ၏လမင်းရွှေစင်လေး...။

BURMESE CLASSIC .com

ဦးတာဝန်အရေးသုံးပါး

ပြည်ထောင်စု ဗဟိုဖွဲ့စည်း ..... ဦးစာရေး
တိုင်းဒေသကြီးပြည်နယ်ဖွဲ့စည်းပုံ ဗဟိုဖွဲ့စည်း ..... စီမံအရေး
အမှုဆောင်အာဏာ တည်တံ့ခိုင်မြဲရေး ..... ဦးအရေး

ပြည်သူ့သဘောထား

- ပြည်ထဆားကို၊ ပုဆိန်ရိုး အဆိုးဖြင့်ဝါဒီများဆား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို ဧရာင်ယှက်ဖျက်ဆီးသူများဆား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဧနှင့်ယှက်သော ပြည်ပနိုင်ငံများဆား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများဆား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အဓိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- နိုင်မာသည့် ပွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ပွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ဧတော်မီ ပွဲ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- နိုက်ဖျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ပွဲ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ရေးကွက်စီးပွားရေးစနစ် ဖီမြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အဘာတ်ပညာနှင့် အရင်းအနှီးများ ဖီတ်ဧေါ်၍ စီးပွားရေး ပွဲ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးတို့ ပန်တီးနိုင်မှု ဖွမ်းအားသည့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးဘည်ချက် (၄) ရပ်

- တစ်မျိုးသားလုံးဖက် ခိတ်ဘတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဘာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားစရိုက် လက္ခဏာများ မပျောက်ဖျက်ဆောင် ထိန်းသိမ်း ဆောင်ရွက်ရေး
- မျိုးနွယ်စုဆိုဘာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြိုဝိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာရာ

(လွိုင်ကော်)

စမ်းရေသောက်သင်းတဲ့လ

အသစ်ကော်ဂက် (အဓွ/အဆုံး)

စီစဉ်သူ

မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

ပန်းတွေမောက်ဝင်းတဲ့
ငွေအဆင်းနဲ့လ ...။
ပန်းလေလျှောက်သင်းတဲ့
ငွေအဆင်းနဲ့ညည ...။
စမ်းရေသောက်ဆင်းတဲ့
ငွေအဆင်းနဲ့လ ... .
ချော်...
စမ်းရေသောက်ဆင်းတဲ့လ ... ...။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

မောကြည့်စဉ်ခိုက် ထင်းရှူးပင်ကြီး၏ ကိုင်းမြင့်ထက်မှ ငှက်သိုက်ကို ကြာညို ဓော့ရလျက် .. လက်တွင်းမှာရှိနေသည့် အမွေးအတောင် နုနယ်သေးလေးတွေဖြင့် ရှိနေပါသည့် အဝါနရောင် ငှက်လေးကို ငုံ့မို့၍ တစ်ချက်ထပ်ကြည့်မိသည်။ လက်ခုပ်တွင်းမှာ ရှိနေသည့် ငှက်လေးကို ခေါင်းကြီးငုံ့ ငိုက်ချလိုက်ရင်းမှ အနီးတကပ် ကြည့်ပြန်သည်။

"မင်းက .. မင်းက .. ငြိမ်ငြိမ်မှ မနေဘဲကိုးကွ ... ခု .. ခု .. ပြုတ်ကျပြီ .. နာနေပြီ .. ငါက .. မင်းကို .. ဘယ်လိုလုပ်ပြီး .. အပေါ်က ငှက်အိမ်လေးထဲ ထည့်ပေးနိုင်ပါ့မလဲကွ ... အမြင့်ကြီးကွ .. ခက် .. တာပဲ .."

ဟု ကျွတ်ခနဲ စုတ်သပ်၍ ကြာညို ညည်းသည်။ နှုတ်ခမ်းမှာ လက်သို့ကိုကပ်၍ တစ္ဆေတ်ဆွတ်ဖြင့် အသံတိုးတိုးပေးရင်းမှလည်း ...

"သိပ်မအော်နဲ့ကွ .. နင့်အသံကြားရင် .. ကြာညိုကို .. ဦးအုပ်က .. လာအုပ်မှာကွ သိရဲ့လား .. သူ့နာမည်နဲ့

www.burmeseclassic.com

လိုက်အောင် .. ငါ့ကို .. ဒီနား၀ေ ဒီနံ့နားတွေမှာ အုပ်ထည့်တာ အရိုးရာတွေတောင် ထင်တယ် ၄က်ကလေးရ .. မင်းကိုများ အဲဒီလက်သီးနဲ့ အုပ်ထည့်လိုက်ရင် .. ပြားသွားမှာ .."

ဟု အသံကိုနှိမ့်ချ၍ ကြာညို ပြောသည်။ နောက် ဘက်ကိုလည်း မလှုံ့သလို လှည့်လှည့်ကြည့်ရင်းမှ ကိုယ်ကို ထိုင်လျက်သားပုံစံဖြင့်ပဲ ခြေထောက်တွေကို ရွေ့ရွေ့ယှက်ကာ ပင်စည်ကြီး၏ တစ်ဖက်ဆီသို့ရောက်အောင် ခပ်ကုပ်ကုပ် ရွေ့ယှသည်။ ပင်စည်တစ်ဖက်သို့ ရောက်တော့မှ လက်ခုပ်တွင်းမှ၄က်ကို ငုံ၍ ကြည့်ရင်း အသံကိုနှိမ့်၍ ...

"နင့်ခြေထောက် နာနေတယ် မဟုတ်လား .. ငါ .. ပတ္တိစည်းပေးမယ်လေ .. နင့်ကို အိမ်ထဲခေါ်သွားရမှာ .. ဒါပေမဲ့ .. အိမ်ထဲကို .. ငါက .. မ၀င်ချင်သေးဘူးကွ .. ဦးအုပ် မျက်နှာကြီး ကြည့်ရမှာ ကြောက်တယ် သိရဲ့လား .. သူ့မျက်နှာကြီးက .. တင်းနေတာ ၄က်ကလေးရ .. သူ့လက်ဖ၀ါးကြီးတွေကလဲ သိပ်မာတာပဲကွ .. လက်ပြန်ရိုက်ရှိုက်ရင် .. ငါ့နားတွေထဲက အသံတွေ ထွက်လာသလိုပဲ သိလား .. သူ့ကို မော့ကြည့်ရင် သူ ဘာတွေပြောနေတယ်ဆိုတာတောင် ငါ မကြားရတော့ဘူး .. သူ အော်နေတာ ငါသိနေပေမယ့် .. နားထဲမှာက .. တခြားအသံတွေ ထွက်နေတယ်ကွ .. သူ့အသံတွေကို မကြားနိုင်တော့ဘူး .. ၀ူး၀ူးဝုန်းဝုန်းနဲ့ အသံတွေက ငါ့နားထဲမှာ အကြာကြီး အော်နေကြတာ .."

ပင်စည်ကို မှီထိုင်ရင်း ၄က်ကလေးကို ကြာညို စကားတွေ တတွတ်တွတ်ဖြင့် ပြောနေသည်။ ခြေညှပ်ဖိနပ်သည်

သံကြိုးတွေ ဖောင်းတက်နေကြလျက် ရာဘာခြေနင်းသည် ခေါက်၀င်နေကာ ခြေဖနောင့်သည် မြေပြင်ထက်မှာ ရောက်နေ၏။ နဲညိုရောင် ၀ူးဆစ်ဖုံး ကြိုးသိုင်းဘောင်းဘီတို .. ။ ကြောင်ရပ်လေးများမါသော ရှပ်အင်္ကျီလက်တို .. ။ အသားဖြူဖြူ။ အရပ်မြင့်မြင့် ကြီးနှင့် ကြာညိုသည် ၄က်ငယ်လေးကို တင့်ကြည့်ကြည့်ဖြင့် ရှိနေဆဲ ..။

ဆပင်ထူအုပ်အုပ်လေးသည် နေ့ဖူးပြင်ပေါ်သို့ ၀ဲကျနေသည်။ ကြာညို့ မျက်၀န်းတွေက နက်မှောင်နေလျက် ကလေးတစ်ယောက်နယ် အပြစ်ကင်းစင်နေသည်ပါပဲ ..။

"ခု .. မင်းငြိမ်နေတော့ ငါ သနားလာပြီ ၄က်ကလေးရ .. အိမ်ထဲမ၀င်ချင်ဘူး ဆိုမှကွာ .. မင်းကို သနားလို့ ငါ အထဲပြန်၀င်ရတော့မယ်ကွ .. ခက် .. တာပဲ .."

၄က်ကလေးကို ကြည့်လျက် ကြာညို လူကြီးလေသံဖြင့် တစ်ချက် ညည်းတွားသည်။ ခေါင်းကုတ်ရင်း တကျွတ်ကျွတ်ဖြင့် ညည်းညည်းညူညူ လုပ်နေ၏။ စိတ်ပျက်လက်ပျက် နိုင်နေသည့် အသွင်။

"ဒီမှာ .. အဲဒီအိမ်ထဲက ထွက်ရတာ မလွယ်ဘူး သိရဲ့လား .. ဦးအုပ် အိမ်သာတက်နေတုန်း .. ပြတင်းပေါက်က ငါ တိတ်တိတ်လေး ထွက်ခဲ့တာကွ .. အထဲမှာ ပျင်းတယ် သိရဲ့လား .. ငါ့မှာ .. စကားပြောဖော်ဆိုလို့ .. ကိုတိုးပဲ ရှိတာ .. သူကလဲ .. လာချင်တဲ့အခါကျလာ .. မလာချင်တဲ့အခါကျ .. မလာဘဲ ရှိနေတော့ .. ငါ .. ပျင်းတယ်ကွ .. ဟွတ် .. ဟို .. ဟို .. ခေါက်တာအန်ကယ်ကလဲ .. ငါ့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကိုဆို .. ဒီလောက်ရှိတဲ့ အပ်ကြီးနဲ့ ဆေးထိုးနေတာပဲ .. ငါလဲ နေမကောင်းဘူး ငှက်ကလေးရ .. ဒီမှာကိုက်တယ် .."

ခေါင်းကို ထောက်ပြရင်း ကြာညို ပြောနေခိုက် ငှက်ကလေးကတော့ ငြိမ်နေသည်။ လည်ပင်းလေးလည်း စောင်းနေပြီ .။ မျက်လုံးလေးတွေလည်း ပိတ်နေသည်။ စောစောက ထွက်နေသည့် ငှက်သံလေးလည်း ထွက်ကျမလာတော့ ..။ ကြာညို ဖြိုး၍ ခေါင်းလေးကို လက်ညှိုးလေးဖြင့် ဖွဖွလေး သပ်ပေးသည်။

"အေး .. လိမ္မာတယ် .. အသံမထွက်နဲ့ .."

ဟု တိုးတိုးပြော၏။

"သူတို့နှစ်ယောက် မတွေ့အောင် ဇါက မင်းကိုဖွက်ထားရမှာ သိရဲ့လား .. ခုတင်အောက်မှာ ဖွက်ထားမယ် .. အဲဒီအခါမှာ မင်းက ငြိမ်ငြိမ်နေရမယ် ငှက်ကလေးရဲ့ .. အဲဒါ အရေးအကြီးဆုံးပဲ .. သူတို့ တွေ့သွားရင် .. မင်းကို .. ကိုင်ပေါက်လိုက်နိုင်တယ် သိရဲ့လား .. ငါလို သဘောကောင်းကြမှာ မဟုတ်ဘူး .."

ဟု ကြာညို ဆက်ပြောရင်း လက်ဖဝါးကို မျက်စိနားကပ်၍ ငှက်ကလေးကို သေချာကြည့်သည်။ လက်ဖဝါး ရွှေ့လိုက်သည်က ရှေ့တိုး နောက်ငင် ..။ မျက်စိကလည်း လက်ဖဝါးအရွှေ့အတိုင်း လိုက်ရွှေ့သည်။ အရမ်းကို ငြိမ်နေသည့် ငှက်ကလေးကို ကြည့်ရင်း ကြည့်ရင်း ကြာညို လည်ပင်းလေးကို လက်ညှိုးဖြင့် ခပ်ဖွဖွ ပင့်ကြည့်သည်။ ပျော့ဖတ်ဖတ်လေး လက်ညှိုးပေါ်မှာ ပါလာသည့် လည်ပင်းဝါဝါလေးသည် ဖြူတ်ခနဲ ပြန်ပြုတ်ကျ၍ ငြိမ်နေတော့ ကြာညို မျက်တောင်တဖျပ်ဖျပ် ခတ်၍ ..

"မျက်စိလေးတော့ ဖွင့်ပေါ့ကွ .. မင်းက သိပ်ဖျင်းစာမဲ့ .. အိပ်နေပြီ"

ဟု ပြောသည်။

"ကြာညို .."

မာထန်သော ခေါသံကြီး ပေါ်လာတော့ ကြာညို လက်ကို နောက်ကျောဘက်သို့ ဝှက်လိုက်ရင်းမှ မျက်နှာလေးဖြူကျသွားရင်း ...

"ကြာညို .. ကြာညို .. ဘာမှမလုပ်ဘူး .. ဘာမှမလုပ်ဘူး .. မရိုက်ပါနဲ့ .. မရိုက်ပါနဲ့ .."

ဟု ခေါင်းကိုဖွက်သလို ဒူးလေးထောင်ထားလျက် ဒူးကြားထဲမှာ ခေါင်းကိုထိုးဖွက်ရင်း ပြောနေတော့ သန်မာသော လက်အစုံက ကြာညို၏ခေါင်းကို ဆုပ်ငင်တွေ့စုဆွဲ၍ မော့ပစ်စေသည်မို့ မော့ခနဲ ပြန်ပါလာရလျက်မှ ..

"ကြာညို .. ကြာညို .. ဘာမှမလုပ်ဘူး .. မလုပ်ပါဘူး .."

ငှက်ကလေးကို ဖွက်ထားသော လက်ကိုတော့ နောက်ကျောမှာ ရှိမြဲရှိနေစေလျက် ..။ ညာဘက်လက်ဖြင့် မျက်နှာကို လက်ဖြင့်ကာရင်း ကြောက်ကြောက်နှင့် ကြာညိုပြောသည်။ အုပ်စိုးမှ မျက်နှာထားတင်းလျက် ပါးကို တစ်ချက် လက်ပြန်ရိုက်ဆော့ ကြာညို အော်ငိုး၏။

"အီး .. အီး .. ဘိုးဘိုးရေ .. ရိုက်နေပြီဗျ .. ကြာညိုကို ရိုက်နေပြီဗျ .."

ဟု အော်ခိုက် အုပ်စိုးကတော့ဖြင့် ကြာညိုခေါင်းကို ဆုပ်စုကိုင်၍ ပင်စည်နှင့် တစ်ချက်ဆောင့်ပစ်လိုက်ပြီးသား ခြေဆန်ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com

"အား .. နာတယ် .. နာတယ် .. မလုပ်ပါနဲ့ဗျ .. ဘိုးဘိုးကို တိုင်မယ် .."

ဟု ထပ်၍ မော့ငိုပြောခိုက် ..

"ပြစမ်း ဒီလက် .."

ဟု နောက်မှာ ပွက်ထားသည့်လက်ကို ဆွဲတော့ အသေကပ်ထားရင်း ကြာညို မျက်ဝန်းတွေ တလည်လည်ဖြစ်လာရင်းမှ ..

"ဘာမှမရှိပါဘူး ဆိုမှ .. မရှိပါဘူး ဆိုမှ .."

ဟု ဇွတ်အတင်း ဆွဲယူနေသမျှကို ကြောက်ကြောက်နှင့် ပြောနေပေမယ့် လက်ကဖြင့် ဆွဲယူနေသည့် သန်မာသောလက်တွေနောက် ပါသွားရပြီ ..။ ပင်စည်နှင့် ကျောနှင့် ကြားမှာ လက်ကို ပွက်ထားတာမို့ ..။ ဇွတ်ဆွဲယူတော့ လက်မောင်းတွေကို ပင်စည်နှင့် ပွတ်ဆွဲလိုက်သလိုကြီးမို့ အသားတွေ ပွန်းပဲ့သွားရကာ သွေးစို့လာရသည် အထိပါ ..။

"ကြည့်စမ်း .. ငှက်သေတစ်ကောင် .. ဘာလုပ်ဖို့လဲ .."

ဟု လက်ထဲမှာ ငြိမ်ကွေးကွေးလေး ရှိနေသည့် ငှက်လေးကို အုပ်စိုး လက်ဖဝါးကြမ်းကြီးဖြင့် ယူတော့ ဖုတ်လိုက်လှိုက်လှဲလေး ရှိနေသည့် ငှက်ဝါငယ်ငယ် ကွေးကွေးလေးမှာ ပါသွားမှာသည်ပါပဲ ..။ ကြာညို အတင်း ပြန်လုတော့ အုပ်စိုး လွှဲ၍ လွှင့်ပစ်လိုက်သည်က ခြံစည်းရိုး အပြင်ဘက်သို့ တိုင်အောင် ပါ ..။

"မပစ်ပါနဲ့ .. မပစ်ပါနဲ့ .. သူ အသက်ရှူနေတယ် .. သနားပါတယ် .. သေသွားလိမ့်မယ် .. သေသွားလိမ့်မယ်"

ကြာညို အော်နေရင်း အော်နေရင်းဖြင့်ပင် .. ငိုနေရင်း .. ငိုနေရင်းဖြင့်ပင် ငှက်ဝါလေးသည် ခြံပြင်ဘက်ဆီသို့ ရောက်သွားရပါပြီ ..။ ကြာညို အော်ငိုသည်မှ ရင်ကွဲသံကြီးဖြင့်ပါ ..။ ငှက်လေး အပစ်ခံလိုက်ရသည့်အတွက် .. ကြာညို့ တစ်ကိုယ်လုံး နာကျင်ကုန်သည့်နယ် ငိုကြွေးနေခြင်း ..။ အုပ်စိုး တစ်ချက် လှမ်းကန်တာကို ခံရပေမယ့် .. အုတ်ခြံစည်းရိုးကို ကမူးရှူးထိုးကြီး ကျော်တက်နေရင်းမှ ..

"သေပါပြီ .. သေသွားပါပြီ .."

နှင့် ငှက်လေးအတွက် နာနာကျင်ကျင် ခံစားရင်း ညည်းတွားနေပါသည့် အဖြစ် ..။

အုပ်စိုးက နောက်မှ ခြေထောက်တွေကို အတင်းလိုက်ဆွဲတော့ တစ်ချက် ပါသွားပေမယ့် အားဖြင့် အတင်းပြန်ရုန်းကာ ခြံစည်းရိုး အုပ်တန်းပေါ် ရောက်အောင် တက်ထိုင်လိုက်သည်ကလည်း ကြာညိုပါ ..။ ကမန်းကတန်း အောက်ကို အလောတကြီး .. ပူပန်တကြီး ငုံကြည့်ရှာမိသည်က ငှက်ဝါဝါလေးကို ပါ ..။ ကြာညို့ရင်ထဲမှာ ဆို့နေသည်။ မျက်ဝန်းတွေ ချာချာလည်နေသည်။ မျက်ရည်တွေလည်း ပါးပြင်ပေါ် စီးကျနေသည့်အဖြစ် ..

ခြံစည်းရိုး တစ်ဖက်မှာ မမလေး တစ်ယောက် ဆိုင်နေသည်။ ငှက်ဝါဝါလေးကို ကိုင်ကြည့်နေသည့် မမလေးသည်လည်း အဝါရောင်လေးပဲ ဖြစ်နေသည်။ အင်္ကျီကလည်း ဝါသည်။ ဆဘီလေးကလည်း ဝါသည်။ အသားလေးကလည်း ဝါသည်။ ငြိုးတော့ .. ပန်ထားသည့် ပန်းလေးတွေကလည်း ဝါနေသည်။ ငှက်လေး နှုသလို မမလေးကလည်း နှုသည်။ ငှက်ကလေး ဝါ

www.burmeseclassic.com

www.burmeseclassic.com

သလို မမဆေးကလည်း ဝါသည်။ ငှက်ကလေး လှသလို မမလေးကလည်း လှနေသည်။ အပေါ်ကို မော့ကြည့်လာသည့် မမလေး၏ မျက်လုံးလေးတွေကလည်း အရမ်းကို လှနေလျက် ..။ အေးအေးချမ်းချမ်း ရှိနေသည်။ ဦးအုပ်စိုးတို့လို .. မျက်လုံးမာမာကြီးတွေ မဟုတ် ..။ ကိုယ်ကြီး ငုံ့ကိုင်၍ မမလေးကို ကြာညို ကြည့်ကာ ..

"ကြာညို့ ငှက်လေး .. သေ .. သေသွားပြီလားဟင် .."

ဟု ငို၍ မေးမိတော့ မမလေးက မျက်နှာညှိုးညှိုးလေးဖြင့် မော့ကြည့်လာပါ၏။ ခြံစည်းရိုးထက်မှာ ခြေထောက်လေးတွေ တစ်ဖက်စီချ၍ ခွထိုင်နေရင်းဖြင့် မျက်ရည်ကျလျက် ငှက်ကလေးအတွက် သောကတွေဖြင့် မေးနေသည့် ကြာညို့ကို မမလေး ကြင်နာသည့် အကြည့်လေးတွေဖြင့် မော့ကြည့်လာရင်းမှ ..

"ဟုတ်တယ် .. သူ .. သေသွားပြီ ကြာညို .."

ဟု ခပ်တိုးတိုး ဖြေလာတော့ ကြာညို့ ရင်ထဲမှာ ဆို့သွားရပါပြီ ..။ မျက်စိထဲက မထွက်နိုင်ဘဲ ရှိနေရသည်က .. စောစောက ဦးအုပ် လက်ထဲသို့ ဖုတ်လှိုက်လှိုက်လေး အသက်ရှူရင်း သနားစရာလေး ပါသွားသည့် ငှက်လေးကိုပါ ..။

"သေသွားပြီ .. အီး .. သေသွားပြီ .. စောစောက .. မသေသေးဘူး .. ခု .. ခုမှသေတာ .. ဦးအုပ် ပစ်ထည့်လို့သေတာ .. သနားပါတယ် .. သူက .. ကြောက်နေတာ .. အော်တောင် မအော်ရဲဘူး .. ဦးအုပ် ကြားသွားရင် အုပ်ထည့်မယ်ဆိုတာ ကြာညိုက ပြောထားလို့ .. သူ ကြောက်

နေတာ .. ခုတော့ .. ခုတော့ .. ဦးအုပ် ပစ်ထည့်လို့ .. သေပြီ၊ အီး .. ဘိုးဘိုးရေ .. ကြာညို့ငှက်လေး သေပြီဗျ .. ဘိုးဘိုးကို တိုင်မယ် .. တိုင်မယ် ..

နှင့် အော်ငိုနေခိုက် ခြေထောက်ကို ဝါးခြမ်းပြားဖြင့် ဦးအုပ် ရိုက်တာမို့ ခြေထောက်ကို မြှောက်၍ မြှောက်၍ ..

"ဘိုးဘိုးရေ .. ရိုက်နေပြီဗျ .."

ဟု အော်၍ ငိုတိုင်နေပြန်ပါ၏။

"ဘာဘိုးဘိုးလဲ .. လာခဲ့ .. ခြံစည်းရိုးပေါ်တက် .. ဘာတက်နဲ့ .. ပြုတ်ကျလို့ ခြေကျိုးရင် .. ငါ အပြစ်ကျမှာ .. မင်း .. တော်တော်ရွပ်တဲ့ကောင် .. လာခဲ့ .."

ဟု ခြေထောက်မှ အတင်းဆွဲနေသည်မို့ ပြန်ပါသွားရင်းမှ ..

"မမလေး .. ကယ်ပါဦး .. ကြာညို့ကို လက်သီးနဲ့ ထိုးမှာဗျ .. ဘိုးဘိုးကို သွားခေါ်ပေးပါဗျ .."

နှင့် တငိုငိုဖြင့် အားကိုးသလို ဖြောရင်း ကြာညို့ အောက်ပြန်ရောက်ရ ..။

တကယ်လည်း ဝမ်းဗိုက်ကို လက်သီးသုံးချက် ဆောင့်ကိုက်ထိုးခံရလျက် ကိုယ်ကြီး ငုံ့ကိုင်းကျသွားရပါပြီတည်း ..။

"မမလေးရေ .. ဘိုးဘိုးကို သွားခေါ်ပေးပါ"

ဟု ကြာညို တကျော်ကျော်ပြောနေရင်းမှ တရွတ်တိုက်ကြီး ဆွဲခေါ်ရာနောက်သို့ ကြာညို ပါသွားရပါပြီတည်း ..။

အိမ်ထဲရောက်တာနှင့် အခန်းထဲ ကြာညို့ကို တွန်းချလိုက်သွင်းကာ အုပ်စိုးမှ ခါးထောက်၍ကြည့်။ တခါးရွက်ကို

www.burmeseclassic.com

www.burmeseclassic.com

ပိတ်ပစ်လိုက်ကာ ကြာညို့ရှေ့တည့်တည့်မှာ သွားရပ်ဆော့ ကြာညို အသံထွက်မလာတော့ .. ။ ကြောက်လွန်း၍ အသံလည်း ပျောက် ကျသွားပြီ ... ။ လက်မောင်းနှစ်ဖက်ကို မျက်နှာရှေ့မှာ စု၍ကာ ထားသလို ရှိနေကာ .. ခေါင်းကိုလည်း ငုံ့ဖွက်ထားရှာပါသည့် အဖြစ်။

"ဟင် .. အပြင်မှာကျတော့ .. ဘယ်သူ့မြင်မြင် .. ဖမ်း အားကိုးပြီး ဘိုးဘိုးကို ခေါ်ခိုင်းတော့တာပဲ .. အရူး .. အရူးလို မနေဘူး .. လူလည်က လုပ်သေးတယ် .. မင်း ကို ငါ ဘယ်နှခါ ပြောထားလဲ .. ဟင် .. အပြင်ကိုမထွက် ရဘူးလို့ .. မင်းထွက်လို့ အပြင်ရောက်တာက ကိစ္စမရှိ ဘူး .. ပျောက်ရင် .. ငါတို့က ဘယ်ကိုလိုက်ရှာရမှာလဲ .. အဲဒီအခါကျတော့ .. မင်းအဘိုးက .. ငါတို့ကို သတ်မှာ .. သိရဲ့လား .. ဆောက် .. ကိုင်းကွာ .."

ဟု ပြောလည်းပြော ..။

ဆဲပင်တွေကို ဆွဲယူ၍ ခေါင်းကိုမော့ပစ်စေကာ နံရံနှင့်ခေါင်းကို တစ်ချက် ဆောင့်ပစ်ပြီးမှ ကိုယ်ကိုဆွဲထူယူသည်။ အရပ်မြင့်မြင့်ကြီးနှင့် ရှိနေပေမယ့် အရမ်းကို လန့်နေသည့် ကလေးတစ်ယောက်နယ်ပင် ကြာညို့ တစ်ကိုယ်လုံး ပါလာကာ အုပ်စိုးမှ နံရံနှင့် ပခုံးတွေကို ဆောင့်တိုက်ပစ်တော့ လက်တကာကာ ဖြင့် ...

"နာတယ် .. နာတယ် .. မလုပ်ပါနဲ့ဗျ .. မလုပ်ပါနဲ့ဗျ .. ဘိုးဘိုးကို တိုင်ပြောမယ် .. သိလား .. အီး .. အီး .. နာ တယ် .. နာတယ် .. အီး .."

နှင့် ဆော်ငိုသံ ... ။ တဗုန်းဗုန်း ဆောင့်တိုက်သံနှင့် အခန်းသည် နာကျင်သောအသံ .. ငိုကြွေးသံ .. ဘိုးဘိုးကိုတမ်းတ သံတို့ဖြင့် ကြက္ကဲဖွယ် .. ပြည့်သိပ်နေကြချေသည်တည့် ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂)

ရုပ်မြင်သံကြားစက်ဆီမှ လွှင့်ပျံ့လာသည့် စကားသံတွေ ..။ တိလုံးသံတွေက ကြာညို့ ခုတင်ဝယ်လေးရှိရာ အခန်းတွင်းဆီသို့ တိုးတိုးဝင်ဝင် ..။

အပြာရောင်အိပ်ရာခင်းလေး ခင်းထားသော ခုတင်ထက်မှာ ကြာညို ငြိမ်ငြိမ်သက်သက်လေး ထိုင်နေလျက်မှ အခန်းပြင်ဆီက လွှင့်ပျံ့လာနေဆဲ အသံတွေကို နားစိုက်ထောင်နေဆဲ ..။ စကားသံအစား သီချင်းသံ သာသာယာယာလေး ထွက်လာတော့ ကျွတ်ခနဲ ကြာညို စုတ်သပ်သည်။ ဘေးဘက်ကိုလည်း ငဲ့ကြည့်သည်။

"ကြည့်ချင်လိုက်တာ ကိုတိုးရာ .. အခု .. မမလေး တစ်ယောက် သီချင်းဆိုနေပြီ သိလား .. သူ့ .. သူ့မျက်နှာကို ရှောင်စုံမီးရောင်လေးတွေ ဖြတ်ပြေးနေမှာပဲနော် .. ကြည့်လို့ သိပ်ကောင်းမှာ .. သိပ်လှမှာ .. ကိုတိုးလည်း ကြာညို့လို ကြည့်ချင်နေလား .."

ဟု ဘေးဘက်ကို ငဲ့ကြည့်၍ မေးသည်။ ဘေးမှာက ဘယ်သူမှမရှိ ..။ ဒါပေမဲ့ .. ကြာညိုကတော့ တကယ့်ကို ဘေးမှာ လူတစ်ယောက် ထိုင်နေသည့်နယ် တငဲ့ကြည့်ကြည့်ဖြင့် ခပ်တိုးတိုးလေး အသံကိုအုပ်၍ ပြောနေခြင်းပါ ..။ အခန်းပြင်ဘက်မှာ ရှိနေသည့် ဦးအုပ်စိုး မကြားအောင် ပြောနေသည့် အသွင် ..။

"ဪ .. ကြည့်ချင်တယ် ဆိုတော့ .. ကြာညိုတို့ အသံမကြားအောင် သွားချောင်းကြည့်ရအောင့် .. လာ .. လာ .."

ဟု လက်လေးတွဲခေါ်သည့်နယ် လက်တစ်ဖက်က ဘေးဘက်ကို ခပ်ကားကားလေး ရှိနေကာ ဦးဆောင်၍ ခေါ်လာသည်က .. ပိတ်ထားသော တံခါးရွက်နား ဆီသို့ပါ ..။ နောက်ကိုကြည့်၍ ဖက်ညှိုးလေးကို နှုတ်ခမ်းရှေ့မှာတေ့ကာ တော့ကာဖြင့် တရွတ်ရွတ် သတိပေးနေပြန်သေးသည့်အဖြစ် ..။ အသံမထွက်နဲ့ ..။ ခြေသံလုံပါစေ ဆိုသည့် အသွင်ဖြင့် ခြေဖျားလေး ဆောက်၍ ခပ်ဖွဖွ လျှောက်နေရင်းမှ ..

"ကြာညို လျှောက်သလိုလျှောက် .. အသံမကြားစေနဲ့ .. ဦးအုပ်က နားသိပ်ပါးတာ .. မလွယ်ဘူး .."

ဟု နောက်ကို လှည့်ကြည့်၍ အသံကိုနှိမ့်ကာ အလွန်တရာကိုမှ အရေးတကြီး ထားရမည့်ကိစ္စတစ်ခုနယ် ပြောလိုက်သေးသည်။

နောက်တော့ စုပိတ်ထားသော တံခါးရွက်ကို ခပ်ဖွဖွလေး လက်ညှိုးလေးနှင့် တို့တွန်းကြည့်သည်။ တံခါးရွက်လေး

www.burmeseclassic.com

အသံမထွက်ဘဲ ရွေ့ခနဲ ဟသည်ဆိုရုံလေး ဟသွားတော့မှ လက်သို့လေးခံ၍ တဖြည်းဖြည်းချင်း မြင်သာရုံလေး ပွင့်သွားအောင် တွန်းဖွင့်၍ ခေါင်းလေးကပ်ကာ တိမိဖွင့်ထားရာဆီသို့ ချောင်းကြည့်သည်။ အလွန်လှသော မမလေး တစ်ယောက်သည် အလွန်လှသော အဝတ်လေးဖြင့် သီချင်းကို လှလှပပလေး ဆိုနေသည်။ သီချင်းသံကလည်း အလွန်ကောင်းနေသည့်အဖြစ်။

"ချစ်တဲ့သူတွေ့ဖို့အခြေ .. ခင်လေ စိတ်ကူးနေ .. တော်ဝင်ညွန့်ဖူး ပြန့်ပြူးခဲ့လို့ ညှာတံခွေရည်ဝေ .. လဲ့လဲ့ရယ်ဝင်းလို့နေ စန္ဒာယုန်ဝင်းရေ၊ ဟိုကျွန်း သည်ကျွန်း သင်္ဘယွန်းတာလေ ခင့်ကိုယ်စားရှာခဲ့ .."

သီချင်းသံလေးက ပျော်ရွှင်စွာပဲ ကြာညို့ ရင်တွင်းဆီသို့ ခိုဝင်လိုက်သည့်နယ် ရှိ၏။ အဆိုတော် မမလေး၏ မျက်နှာလေးကလည်း ချို့သည်။ အသံလေးကလည်း ချို့သည်။ အင်္ကျီလေးကလည်း ဝါသည်။ အသားလေးကလည်း ဝါသည်။ အလွန်လှသည့် မမလေး ..။ ငေးခနဲ ကြည့်ရင်းမှ ဖျတ်ခနဲ ကြာညို့သတိရလိုက်မိသည်က ငှက်ဝါဝါလေးကို ကိုင်ကြည့်နေရင်းမှ ကြာညို့ကို သနားစိတ်ဖြင့် မော့ကြည့်ခဲ့ပါသည့် မမလေး ..။

"ကိုတိုး .. ဒီမှာ လာကြည့် .. လာကြည့် .. တွေ့လား .. သီချင်းဆိုတဲ့ မမလေး လှတာ .. ကြာညို့ မမလေးက .. အဲဒီ မမလေးထက် ပိုလှတယ် သိလား .. ငှက်လေးကိုင်ပြီး မော့ကြည့်တဲ့ မမလေးရဲ့ မျက်လုံးမှာ မျက်ရည်ဝေ့ဝင်ဝဲနေတယ် ကိုတိုး .. အို .. အို .. ဒီလိုပဲ အင်္ကျီကလည်း

အဝါရောင် .. အဲလို အရောင်ပဲ ဝတ်ထားတာ သိလား .. ရွတ် .. ဖြည်းဖြည်းတိုးကြည့်ပါဆိုမှ ကိုတိုးရာ .. အရမ်းကြိုးမတွန်းနဲ့ကွ .. တံခါးကြီးပွင့်သွားလို့ ငါတို့ကို ဦးအုပ်မြင်သွားပါ့မယ် .. သူက .. သီချင်း ထိုင်နားထောင်နေတာ .. ကြာညို့တို့ကို ကျောပေးထားလို့ မမြင်တာကွ .."

ဟု လှည့်ပြောသည်။ ကိုယ်ကို သေးဘက်နည်းနည်း ခိုကပ်ပေးသည်။ ကိုတိုး ကြည့်နေသည့်နယ် ပုံစံဖြင့် ပြုံး၍လည်း ကြည့်သည်။

နှုတ်ခမ်းမှာလည်း လက်ညှိုးကိုကပ်ပြထား၏။ အသံထွက်စေနဲ့ .. တိတ်တိတ်လေးကြည့် .. ဆိုသည့်သဘော ..။

"မင်းက .. ကြာညို့ဆီမှာ အဲဒီနေ့က မလာပဲကိုးကွ .. ဘယ်သွားနေတာလဲ .. ကြာညို အပြင်ဘက်ကို ခိုးထွက်တုန်း ငှက်ဝါလေးကို တွေ့တာ .. ဦးအုပ် ကြာညို့ လက်ထဲက ငှက်လေးကို ယူလွှင့်ပစ်လိုက်တယ်လေ .. အဲဒီငှက်လေးကို မမလေးက ခြံပြင်ဘက်မှာတွေ့လို့ ကိုင်ကြည့်နေတာ .. ကြာညို ခြံစည်းရိုးပေါ် တက်ခွထိုင်တုန်း မြင်ခဲ့ရတာ သိလား .. အို .. သိပ်လှတာ ကိုတိုးရ၊ အဲဒီမမလေး ဘယ်လိုလှမှန်းကို မသိဘူး .. မင်းကို မြင်လိုက်စေချင်တယ်၊ ခု .. ကြာညို အပြင်လုံးဝ မထွက်ရဘဲ ဖြစ်နေလို့ မမလေးကို မတွေ့ရဘဲ ဖြစ်နေတာ .. ကိုတိုးကို သိပ်ပြချင်တာပဲ .. အဲဒီ မမလေး ဘယ်လောက်လှတယ်ဆိုတာ ကိုဇလ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု အသံလေး တိုးတိုး .. တိုးတိုးဖြင့် ကြာညို ပြောနေစဉ်ခိုက်မှာပဲ အသံအုပ်အုပ် .. အုပ်အုပ်ဖြင့် ဆက်တိုက်စကား များနေသည့် ကြာညို အသံကို ကြားလိုက်၍ထင့် .. ဦးအုပ်စိုး၏ ခေါင်းကြီး စောင်းငဲ့ကြည့်လာသည်မို့ .. ကြာညို ကမန်းကတန်း ခုတင်ရိုရာသို့ ကိုတိုးကို လက်ဆွဲ၍ ပြေးသည့်နှယ် လက်တစ်ဖက်က နောက်ဘက်ဆီသို့ တန်းနေလျက် ပြေးသည်။

ခုတင်ထက်မှာ ကြာညို ထိုင်သည်။ ခုတင်အောက်သို့ ကိုတိုးကို တွန်း၍ ပုန်းခိုင်းသည့်နှယ် အတင်းကြီး လက်နှစ်ဖက်ဖြင့် ဝွန်းသွင်းနေရင်းမှ ..

"ဝင် .. ဝင်ပုန်း .. ဝင်ပုန်း .. ကိုတိုး .. မြန်မြန် .."

ဟု ကသောကမျောကြီး ပြောနေပါသည့် အဖြစ်။ ထိုအခိုက် အခန်းတွင်းသို့ ဝင်လာပြီး ဖြစ်နေပါသည့် ဦးအုပ်စိုးမှ ကိုတိုး ဆိုသည့် အသံကိုပါ ကြားရသည်မို့ ..

"ဘာလဲ .. ဘယ်သူ ရောက်နေတာလဲ .. မင်း ဘယ်ကောင့်ကို ခေါ်ထားပြန်ပြီလဲ ဒီအခန်းထဲ .. ဟင် .."

ဟု ခေါတကြီးဖြင့် မေးလည်းမေး .။ မျက်မှောင်ကြီးကုတ်ကျ၍ ခုတင်အောက်ဆီသို့ အိပ်ရာခင်း အနားစကို တိမ်းဖယ်၍ ခပ်ထန်ထန်ကြီး ငုံ့၍ရှာတော့ ဘယ်သူမှမရှိ ..။ ကြာညိုမှ မျက်ရည်များ လည်တက်လာနေရင်းမှ စိုးရိမ်ချောက်ချား နေလျက် အတင်းကြီး ဦးအုပ်စိုး၏ ကိုယ်ကြီးကို ဆွဲထားကာ ..

"ဘယ်သူမှ မရှိဘူး .. ကိုတိုး ... မရှိဘူး .. ကိုတိုး ... မရှိဘူး"

ဟု မျက်ဝန်းများ ချာချာလည်လာနေရင်း အကျောက်အတန် ပြောနေပါသည့်အဖြစ် .။ ကြာညို ရုတ်ခြည်း မျက်စိကို စုံမှိတ်ချလိုက်ပြန်ကာ ..

"မြန်မြန် .. မြန်မြန် .."

ဟု အသံတွေ တုန်ခါအက်ကျနေရင်း တောက်သွေးတောက် ပြောနေသည်။ ကိုတိုးကို အမြန်ဆုံး ခုတင်အောက်မှ ခေါင်းလျှိုထွက်ခိုင်းချင်နေသည်။ အမြန်ဆုံး တံခါးပေါက်ဆီမှ ထွက်ပြေးသွားစေချင်နေသည်။

"ဘာလဲကွာ .. မင်းက .. ရာရာစစ .. ငါ့ကို ဆွဲထားတယ် ဟုတ်လား"

ဟူသော မာကျောကျော အသံအဆုံးမှာ ကြာညို၏ ဘေးတွေကို အားအင်နှင့် ပုတ်ခါထုတ်လိုက်ရင်း ထရပ်လိုက်သည်က ဦးအုပ်စိုးပါ .။ ကြာညိုမှ မျက်စိကို စုံမှိတ်ထားနေဆဲ။ ဘဝ်ကိုယ်လုံး တုန်နေသည်။ အရမ်းကို ချောက်ချားထိတ်လန့်နေခန်းလည်း သိသာနေသည်။ ဒူးတွေ ခါနေလျက်မှ နှုတ်ခမ်းကသည်း ..

"မြန်မြန် .. မြန်မြန် .."

ဟု အဆက်မပြတ်ဖောနှင့် ပြောနေသည်။ ဦးအုပ်စိုးကို ဆွဲထားသည့်လက်တွေ ပုတ်ထုတ်ခံလိုက်ရတော့လည်း လက်နှစ်ဖက်ကို လက်ဖဝါးချင်း စုပူးလိုက် ပြန်ခွာလိုက်ဖြင့် ဂနာမငြိမ်ဖြစ် လုပ်နေရင်းမှ ..

"ခရှိဘူး .. ကိုတိုး မရှိဘူး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောနေသည်။ ဆံပင်ကို စုဆွဲ၍ ခေါင်းကိုဆွဲ မော့ပစ်လိုက်တော့ ငယ်သံပါအောင် ကြာညို အော်၏။ ချက်လုံးဆွ အလန့်လန့် အဖျပ်ဖျပ်ဖြင့် ပွင့်လာတော့ ဆီးမိုးကြည့်နေသည့် ဦးအုပ်စိုး၏ မျက်လုံးမာကျောကျောကြီးတွေနှင့် တိုးတာမို့ လက်မောင်းနှစ်ဖက်ကိုပင့်၍ မျက်နှာထက်မှာ ကာသည်။ ဦးအုပ်စိုး၏ မျက်လုံးတွေနှင့် မတိုးအောင် ခေါင်းကို အတင်းလွှဲဖယ် ရှောင်တိမ်းယူနေသည်။ အကြည့်က ကြမ်းပြင်ထက်ဆီမှ ငြိမ်တန့်နေ၏။

"ဘယ်က ကိုးတိုးလဲ .. ဟင် .."

ဟု ငေါက်မေးတော့ ကြာညို ခေါင်းခါသည်။

"မ .. မရှိဘူး .. ကိုတိုး .. မ .. ရှိ .. ဘူး .. အင်း .. အီး .. မရှိဘူး .. မြန်မြန် .. မြန်မြန် .."

နှင့် အော်နေတော့ စိတ်ထဲက်မရှည်စွာဖြင့် ဦးအုပ်စိုးမှ ကြာညို့ခေါင်းကို နောက်ဘက်ကို ဓက်လန်ပါသွားအောင် ဆောင့်တွန်းပစ်လိုက်ပါပြီ ..။

"တောက် .. တိဗီကြည့် ပျက်လိုက်တာကွာ .. မင်း .. ငြိမ် ငြိမ်နေမှာလား .. မနေဘူးလား .. ငါရိုက်လိုက်ရ .. ည ဆိုရင် .. ငြိမ်ငြိမ်အိပ်ရမယ်လို့ ငါမှာထားတယ် မဟုတ်လား .. နေစမ်းပါဦး .. ကိုတိုး ဆိုတာ ဘယ်သူလဲ .. ပြောစမ်း .. ဘယ်တုန်းက မင်းနဲ့ တွေ့ခဲ့တာလဲ .. ငါမသိအောင် မင်း အပြင်ထွက်တွေ့နေတာလား .. ကြာညိုနော် .. မင်း .. ငါမသိအောင် အပြင်ထွက်လို့ကတော့ .. ဒီမှာတွေ့လား .. လက်သီး .. နဖူးစုတ်သွားမယ် .."

ဟု ကြိမ်းမောင်း ပြောနေတော့ ကြာညို ခေါင်းခါ၍ -

"မ .. မရှိ .. ဘူး .. မရှိ .. ဘူး .."

ဟု ပြောနေသည်ကို အထပ်ထပ် အခါခါပေးမို့ ဦးအုပ်စိုး မျက်နှာထားတင်း၍ စိုက်ကြည့်ကာ ကြာညို့ ကိုယ်ကို တွန်းချလိုက်သည်မို့ ကြမ်းပေါ် ခုတင်ပေါ်မှ ပြုတ်ကျသည်မှ ဒုတ်ခနဲပါ။ ကြာညို ခုတင်အောက်ကို လှမ်းကြည့်သည်။ ကိုတိုး မရှိ ..။ နာနေသည့်ကြားမှ ကြာညို မျက်နှာ လန်းလာသည်။ သောကငွေ့တွေ ရုတ်ခနဲ ပျောက်သွားသည်။ နှုတ်ခမ်းရော မျက်ခုန်းနက်နက်လေးတွေထက်မှာပါ ပြိုးရိပ်တွေ ဝင်လာသည်။

"ဟုတ်ပြီ .. ဟုတ်ပြီ .."

ဟု စမ်းသာသလို ပြောလာတော့ ဦးအုပ်စိုး အကဲခတ်သလို စိုက်ကြည့်နေပါ၏။ ကြာညို ဟိုဟိုသည်သည် ကြည့်သည်။ အခန်းထောင့် နေရာတိုင်းကို လိုက်ကြည့်သည်။ နောက်ဆော့ .. စိတ်အေးလက်သာ ဖြစ်သွားသလို မျက်နှာပြိုးကျလာ ရုံးမှ ..

"မရှိတော့ဘူး .. မရှိတာဘူး .."

ဟု ကိုတိုး လွတ်မြောက်သွားပြီဟု စိတ်ချလက်ချ ပြောကာ ခုတင်ပေါ် ကြည့်ကြည့်သာသာ စိတ်လိုလက်ရ ပြန်တက် ..။ ခေါင်းအုံးလေးကို လက်ဖြင့် သေချာဖုတ်ဖက်ပုတ် ခါပြီး ခေါင်းအုံးကို သေချာအိပ်ဖို့ပြင်ပြီးမှ လိုလိုချင်ချင်ပုံစံဖြင့် ချအိပ်ချလိုက်တော့ ဦးအုပ်စိုး တစ်ချက်ငြိမ်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ခက်တာပဲ ... ဒီအရွားအစ်ကောင်ကို ထိန်းရတာ ..."

ဟု စိတ်လက်ညှစ်သလိုကြီးဖြင့် ညည်းချလိုက်ပြီးမှ ရေတစ်ဖန်ခွက်ကို ရေခဲသေတ္တာမှ ရေပုလင်းကိုယူ၍ ဖြည့်လောင်းထည့် ... ။ ဆေးပုလင်းထဲမှ ဆေးကိုယူ၍ ..

"ဆေးသောက်ရဦးမယ်လေ ... သောက် ..."

ဟု တီဗီဓာတ်လမ်းတွဲ ပြတော့မှာကို ဇောင်လျက် ငြိုတော့ ... ။ ကြာညို ထထိုင်ကာ လက်ဖဝါး ဖြန့်ပေးသည်။ ဆေးကို လိုလိုချင်ချင်ပဲ ဤညမှာတော့ ကြာညို သောက်သည်။ တစ်ခါ တစ်ခါ ကြာညို မသောက်ချင်တယ် ..။ ကလေးလိုပဲ ကြောက်စိတ်ဖြင့် ဆေးကိုငြင်းတတ်သည်။ ထိုအခါကျတော့လည်း ဦးအုပ်စိုးမှာ နားရင်းအုပ်၍ တိုက်လိုက်သည်သာ ... ။

ခု ... ဆေးတိုက်ပြီးပြီမို့ ခါးထောက်၍ ဦးအုပ်စိုးမှ ..

"အိပ်တော့ ... လှုပ်တုတ် .. လှုပ်တုတ်နဲ့ ဟိုလျှောက် ဒီလျှောက်လုပ်ရင် ငါ နားရင်းအုပ်ပဲ .."

ဟု ပြောတော့လည်း မျက်စိစုံမှိတ်ချ၍ အိပ်တော့ မည့်ပုံ အချိုးဖြင့် ငြိမ်နေသည်။ အခန်းတွင်းမှ ဦးအုပ်စိုး ဟွက်သွားကာ တံခါးကို ဆွဲဖွေပိတ်လိုက်တော့မှ ကြာညို မျက်ဝန်းတွေ ပြန့်ပွင့်လာ၏။ ကမန်းကတန်းထ ... ။ ခုတင်ပေါ်မှာ ထိုင်နေလျက် ကြီးဖြင့် ခါးကိုင်းငုံ့ချ၍ စိတ်လောတကြီးဖြင့် ခုတင်အောက်ကို ငုံ့ကိုင်းကြည့်သည်။ ကိုတိုး မရှိ ... ။ အခန်းထဲ ဝင်ဝဲရှာသည်။ မရှိ ... ။

"ကိုတိုး ဘယ်လို ထွက်သွားတာလဲ .. ဒီထဲက .."

ဟု ကြာညို စဉ်းစားမရသလို ညည်းစဉ်ခိုက်မှာပဲ ခြင်းတခုတင်ခြင်ထောင်တိုင်ကြီး လှုပ်နေသလို ရှိနေသည့်ဘက်ကို ငုံကြည့်လာသည်။ နောက် ... မော့ခနဲကြည့်တော့ ...

"သြော် ... ကိုတိုးက ... ခြင်ထောင်ပေါ် တက်ပုန်းနေတာကိုး ... သိပ်တော်တာပဲ ... ကဲ ... ဆင်း ... ဆင်းတော့ ... ဒီမှာ လာအိပ် ... လာအိပ် ..."

ဟု ပြိုးကျသွားလျက် ပြောကာ အိပ်ရာဘေးဆက်နေရာကို ပုတ်ပြသည်။

"ရွတ် .. ဖြည်းဖြည်းဆင်း ... အသံမမြည်စေနဲ့ ... ကိုတိုးကို မတွေ့တော့ ... ကြာညို စိတ်ထဲပေါ့သွားတာ ... ဦးအုပ် တွေ့မှာစိုးလို့လေ ... ရင်ထဲကို ပူနေတာပဲ ... ကိုတိုးကိုတွေ့ရင် .. လက်သီးနဲ့ ထိုးနေမှာ သိရဲ့လား ..."

ဟု ခြင်ထောင် အမိုးဘက်ကိုမော့၍ ကြာညိုပြောသည်။

ကြာညို အာရုံထဲမှာ ... အမြင်ထဲမှာ ... ခြင်ထောင်အမိုးဆီမှ ခေါင်းလေးပြူချ၍ ပြိုးကြည့်နေသည့် ကိုတိုး၏ ဖြူနုနူးအလွန်ချစ်ဖို့ကောင်းသော မျက်နှာတစ်ခုကို တွေ့နေရသည်။ ထိုမျက်နှာမျိုးကို ကြာညို ... မှန်ထဲမှာလည်း တွေ့ဖူးသည်။ ထိုမှန်ထဲမှ မျက်နှာသည် ကြာညို့ မျက်နှာ ဖြစ်နေကြောင့် ...။

ယခု ... ကြာညို တွေ့နေရသော ကိုတိုးကျတော့ ... မဟုတ်ဘဲ ... ကြာညိုနှင့် အလွန်တူသည့် ... ကိုတိုးအဖြစ် ပြန်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုတိုးသည် ... ကြာညို တစ်ယောက်တည်း ဂိုဏ်ချိန်မိုးမှာ ရောက်လာတတ်ပါ၏။ ဦးဆုပ် မသိအောင် ကြာညိုနှင့်ဟူတူ ကစားသည်။ တူတူ အိပ်ဆဲဆဲ၌ စကားပြောသည်။

ကိုတိုးသည် ... ကြာညို ... အဖော် ...။

ခဏည်း ... ကိုတိုးသည် ... ကြာညို ဆားမှာ လုံခြုံအိပ်လိုက်ပြီဟု ကြာညို တွေ့နေရသည်မို့ ပြုံး၍ ဆားမှာကပ်ကာ အိပ်လိုက်လေပါပြီ ...။

ကြာညို မျက်လုံးတွေ အရမ်းကို မှေးစင်းငိုက်ကျလာနေကြတာကတော့ အမှန်ပါ။

အခန်း(၃)

နံ့သာမြို့ ...။ လှပသော အမည်ဖြင့် ရှိပါလေသော ဘိုကယ်ကြီးသည် ကျယ်ပြန့်လှပလွန်းသောဥယျာဉ် ...။ အုံဆိုင်းညီရိပ်လွင်နေသော အခက်မြိုင်မြိုင် အပင်မြင့်မြင့်ကြီးများဖြင့် ရှိပါလေသော ဝက်သစ်ချပင်ကြီးများ ...။ လေတိုးသံများက မိုးသံနှင့် တူသော အသံများကို ဖြစ်တည်လာစေတတ်ပါသည့် ထင်းရှူးပင်ကြီးများ ...။ ကျယ် ပြန့်သော မြက်ခင်းပြင် စိမ်းမြမြနှင့် ... ။ ဘင်ကိုသဘာဝကိုက ပန်းရောင် ... အဖြူရောင်နှင့် စိမ်းမြမြ ... နှံ့ခြံ့ ခင်ကြပါလေသော ရွက်လှမင်ပုလေးများတို့ဖြင့် ... အလွန်ဆားတို့မှ လူတို့၏ နှလုံးအိမ်ကို ညှို့ငင်ထားနိုင်စွမ်းပါသော နံ့သာမြို့ငိုတယ် ...။ ရှေးလက်ရာဆန်သော နှစ်ထပ် အဆောက်အအုံကြီးများ ...။ သုံးထပ် အဆောက်အအုံကြီးများ ...။ လေးဆောင့်တက္ကသိုလ်လေးခန်းတို့သီးသန့် အိပ်ဆောင်များတို့ဖြင့် ... နံ့သာမြို့သည် လှပသော ရေပန်းစွဲးစွဲးလေးများရှိရာ ရေကန်ငယ်လေးများအားတွင် အဆင့်အတန်းမြင့်မြင့် လှလှပပလေး ရှိနေပါသည့် အခြင်း ...။

www.burmeseclassic.com

www.burmeseclassic.com

လှလွန်းအိမ် ငြိမ်သက်စွာပဲ တစ်ဖက်ဆီမှာ မြင်နေရပါသည့် သီးသန့်အုတ်ခြံဝင်းကာ တစ်ထပ်အဆောက်အအုံလေး ရှိရာဆီသို့ ငေးကြည့်နေမိရပါ၏။

ကြာညို ..။ လှဝေဟ အမည်လေးနှင့် ရှိပါလေ ဟော .. လှလွန်းအိမ်ထက်လည်း အသက်ပိုကြီးပုံရလည်းရသော လူရည်သန့် ရုပ်ရည်လေးနှင့် ချောမွေ့ခန့်သန့်နေပါလေသော လူတစ်ယောက် ..။ ဒါပေမဲ့ .. ထို .. ကြာညိုသည် .. ဘာဇာရည် ဘာဇာသွေး မမီသည့် သူတစ်ယောက်အဖြစ် ထိုအိမ်လေးမှာရှိနေပါလျှင်၏။

မည်သူတို့နှင့် ထိုကြာညို ဆိုသော သူ .. နေထိုင်ပါလျှသလဲ ..။

ငှက်ဝါဝါလေး တစ်ကောင်ကို အသနားမဖက်ဘဲ လွှင့်ပစ်ရက်လောက်အောင် စိတ်ဓာတ်အရာ ကြမ်းတမ်းသည့်လူတစ်ယောက်နှင့် ထိုကြာညို နေထိုင်နေရသည်ကတော့ အမှန် ..။

ထိုလူကြမ်းကြီးအပြင် .. အခြား မည်သူများ ရှိနေကြပါသလဲ ..။

ကြာညို ဆိုသူသည် မိဘများနှင့် အတူရှိနေပါသလား ..။ ဟင့်အင်း ..။ မိဘများ မရှိနိုင် ..။ ဘာကြောင့်ဆို ..

"ဘိုးဘိုးကို ပြန်တိုင်မယ် .."

ဟူ၍ ကြာညို အံးကိုးတကြီးနိုင်စွာ ဦးအုပ် ဆိုသူကို ပြန်ပြန်စွာနေခဲ့သည့် စကားကြောင့် ကြာညိုမှာ အားကိုးရာအဖြစ် မိဘများ မရှိကြတော့ပြီဟုပဲ မှတ်ယူလိုက်ရခေ့မည်လား။

"အရှမ်းကို ဖြူစင်တဲ့ မျက်လုံးနက်နက်လေးတွေနဲ့ လွန်းအိမ်ကို သူကြည့်ခဲ့တာ .. မျက်ရည်တွေလည်း ဝဲနေတာ ကလေးလေးလိုပါဝဲလား .."

ဟု တွေးနေမိရရင်းမှ ရင်ထဲမှာ မကောင်းနိုင် ..။ ကြာညိုနှင့် ဆုံဖြစ်ခဲ့တာ သုံးရက်တိုင်ခဲ့ပြီ ..။ ဒါပေမဲ့ .. ကြာညိုသည် ရင်ထဲမှ ပျောက်ကွယ်မသွားနိုင် ..။ အရမ်းကို ညှို့ငင်ထားနိုင်စွမ်းနေသည့် မျက်နက်ဝန်းလေးများ ..။ တစ်ခုခုကို အားငယ်စိတ်ရှုပ်ဆွေးနေဟန်တူသည့် ဟန်မူရာလေးများ ..။ တစ်ယောက်ယောက်ကို ကြောက်နေရလျက် .. ထိုကြောက်နေသည့် ကြားထဲမှ ပြန်ပြန်စွာတတ်ပါသည့် ကြာညို ..။ ဟုတ်သည်။ လက်သံပြောင့်ရုံသည့် ဦးအုပ် ဆိုသူကို ကြာညို မကြောက်ဘဲတော့ မရှိ ..။ ဒါပေမဲ့ .. ပြန်စွာသည်။ ဤသည်ကိုက .. ကလေးတစ်ယောက်၏ ဘန် ..။

ထိုအခိုက် တံခါးခေါက်သံ တိုးဖွဖွလေးနှင့် အတူ ..

"ရွှမ်းဆားဗစ် .."

ဟု ချိုလွင်လွင် အသံလေးဖြင့် တံခါးပြင်ဆီမှ ဘုတယ်၏ သန့်ရှင်းရေး လုပ်ငန်းဖို့ ရောက်လာပါသည့် ဝန်ထမ်းမိန်းမငယ်လေး၏အသံ ပေါ်လာသည်မို့ လှလွန်းအိမ် တံခါးလေးကို ဖွင့်လိုက်တော့ စတီးလ်လက်တွန်းလှည်းကို တွန်းရင်လာပါသည့် အပြာရောင် ထက်အောက်ဝတ်စုံလေးနှင့် မျက်နှာထားလေးချိုသော မိန်းကလေး ဝင်လာသည်။

မနေ့ကစ၍ ထိုမိန်းကလေး လှလွန်းအိမ်၏ အခန်းကို သန့်ရှင်းရေး လာလုပ်သည်။ အရင်ရက်က မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com

မဟုတ်တော့ ... ကျွမ်းမိန်းကလေးက မျက်နှာထားလေး ပိုချိုသည်။ အေးချမ်းသော မျက်နှာလေးထက်မှာ စိတ်ရှည်သော အရိပ်လေး တွေက အခြေ လွှမ်းမိုးနေတတ်လျက် ... အိပ်ရာခင်း ပြန်လဲတာ ကအစ ... ခေါင်းအုံးစွပ်တွေ ပြန်လဲ ... စားပွဲခင်းလေးတွေ ပြန်လဲ ... အခန်းတစ်ခုလုံးကို အားလုံး သန့်ရှင်း ... ဖုန်စုပ်စက်နှင့် ကြမ်းခင်းကော်ဇောကို စုပ်၍ သန့်စင်တာအဆုံး အားလုံး ... ဖျင်းရိပင်ပန်းဟန် မရဘဲ သေသေသပ်သပ်လေး လုပ်သွားတတ်ပါ၏။ နေ့စဉ် လဲပေးနေကျ ... ပန်းအိုးလေးမှာလည်း လန်းဆတ်သော ပန်းတစ်မျိုးမျိုးကို လဲပေးသွားသည်က ဟိုတယ်၏ အစဉ်အလာတစ်ခု ... ဤနေ့မှာလည်း နှင်းဆီပန်း အဖြူရောင်လေးတွေကို အရင်နေ့က အနီရောင်ပန်းလေးတွေ အစားပြန်လဲသွားခဲ့ပါ၏။

"မမလေးက ... စာရေးဆရာမလေးဆို ..."

ပန်းအိုးလေးကို နေသားတကျ စားပွဲပေါ်ချလိုက်ရင်း ပြုံး၍ မေးလာတော့ လှလွန်းအိမ် ပြုံး၍ ခေါင်းလေးညိတ်ပြလိုက်ပါ၏။

"ဒါကြောင့် ... မမလေးက ... မနက်ဘက် အပြင်ခဏထွက် အခန်းထဲ ပြန်နားပြီးတော့ ... လျှပ်စစ်လက်နှိပ်စက်ငယ်လေးနဲ့ ... စာတွေကို ရိုက်နေတတ်တာကိုး ..."

မနေ့က ... လှလွန်းအိမ် လက်နှိပ်စက်ရိုက်နေစဉ် အခန်းထဲ ဝင်လာရင်း တိုးခဲ့တာမို့ စိတ်လိုလက်ရလေး ပြောနေပုံလေးမှာ အထင်တကြီးနိုင်ခြင်းနှင့် ခင်မင်လိုခြင်း ဆိုသည့် ချစ်စဖွယ် ခံစားမှုလေးများက မျက်နှာလေးထက်မှာ ထင်းထင်းပေါ်ရှိနေပါသည့်အဖြစ်။

"မမလေးက ... စာရေးဆရာမလေး ... လှလွန်းအိမ်မဟုတ်လားဟင် ... မမလေးရဲ့ ဝတ္ထုတွေ မိသို့ အရမ်းကြိုက်တာ ... မမလေး နာမည်ကြီး လှလွန်းအိမ် ဆိုပြီးတော့ ... အခန်းငှားသူမှာ အမည်စာရင်းရှိတယ်လေ .. ရီဆက်ပ်ရှင်က မမနဲ့ကပြောပြတာယ် ... အဲဒီ လှလွန်းအိမ် ဆိုတာ ... စာရေးဆရာမလေး လှလွန်းအိမ်ပဲတဲ့ ... သူလဲ မမလေးရဲ့ စာကို အရမ်းကြိုက်တာ ..."

ဟု ပြောနေတော့ လှလွန်းအိမ် ရင်ထဲမှာ ကြည်နူးရပါပြီ ... ကိုယ့်စာလေးတွေကို မြတ်နိုးစွာ ဖတ်ကြသည်ဆိုတော့ ရင်ထဲမှာ ကြည်နူးရသည်က နှိုင်းမပြသာ ...။

"ကျေးဇူးတင်ပါတယ် ချို ... လှလွန်းရဲ့ ပရိသတ်ဆိုတော့ လှလွန်း ဒီမှာတည်းခိုရချိန်မှာ ... မချို့တို့နဲ့ နီးနီးနေရတာမို့ .. ပိုအားရှိတာပေါ့ ... အားပေးကြတဲ့ ပရိသတ်ပေမို့လဲ ... လှလွန်း အရမ်းကျေးဇူးတင်ရပါတယ်ရှင် ... လှလွန်းတို့လို စာရေးသူတွေရဲ့ အသက်သွေးကြောဟာ .. ကိုယ့်စာကို အားပေးနေကြတဲ့ ပရိသတ်တွေ ရှိနေမှ .. ဒီကလောင်လေး တစ်လက်ဟာ ရှင်သန်နေနိုင်တာပါ .. တကယ့် အသက်သွေးကြောပါ မချို ..."

ဟု ရင်ထဲမှာ ချမ်းမြေ့မြေ့နိုင်စွာ ခံစားရင်း ပြောလည်းပြောမိ ..။ မချို၏ အားမှာ ခုလေးဆွဲ၍ ထိုင်လိုက်ပြီးသည့်နောက် အံဆွဲတွင်းမှ နောက်ဆုံးထွက်ခဲ့ပါသည့် လုံးကျင်စာအုပ်လေးကို ထုတ်ယူရ ...။ လက်မှတ်လေးထိုး၍ အမှတ်တရလေးလည်း ပေးလိုက်မိရပါပြီ ...။ တိမ်မျှင်နှနှင့် ပန်းကြယ်စင် ... ဆို

www.burmeseclassic.com

www.burmeseclassic.com

သည့် ဝတ္ထုလေးကိုတိုင်ရင်း မချို မျက်ရည်လေး ဝဲတက်လာအောင် ဝမ်းသာသွားရွာရင်းမှ ..

"အို .. မိခွေးဖြင့် .. ခုလို .. တကယ့်လက်မှတ်လေးနဲ့ ဒီလို စာအုပ်လေးကို အပိုင်ရလိမ့်မယ်လို့တောင် မထင်မိဘူး .. ဘယ်တုန်းကမှ မမျှော်မှန်းထားမိဘူး .. မမနဲ့ကို သွားကြွားရမယ် .. သိလား .."

ဟု အရိုးခံစိတ်လေးဖြင့် ပြောရှာသမျှ ငေးၫိနားထောင်ရင်း လှလွန်းအိမ် အရမ်းကြည်နူးနေမိရဆဲပါ .။ ဤမေတ္တာတရားတို့သည် .. လှလွန်းအိမ်အတွက် ကြီးမားသော အားအင်များကို ဖြစ်တည်နေစေသည် ဆိုတာ မချို တွေးမိချင်မှ တွေးမိပါလိမ့်မည် ..။

"မချို .."

"ရှင် .. မမလေး .."

"လှလွန်းအိမ်ကို .. လွန်းလို့ခေါ်ရင် ရပါတယ် မချို .. မမလေး ဆိုတာ အရမ်းကို ရိုသေနေရသလိုကြီး ဖြစ်နေလို့ပါ .."

ဟု ပြောတော့ မချို မျက်နှာလေး ပို၍လန်းကြည်လာပါ၏။ တရင်းတနှီးနိုင်စွာ ခုလိုနေရ ပြောရတာကို လှလွန်းအိမ် ပျော်နေမိရသည်နှယ် .. မချိုလည်း ပျော်နေရှာသည့်အသွင်ပါ ..။

"ဒါနဲ့ မချို .. လှလွန်း ဒီကိုရောက်တဲ့နေ့က .. မနက်ဘက်မှာ ကြုံခဲ့ရတဲ့ အဖြစ်တစ်ခုကြောင့် .. ဟိုဘက်ခြံက .. ကြာညို ဆိုတာကို .. လှလွန်းအိမ် အရမ်းစိတ်ဝင်စားနေမိတယ် .. သူက .. ဘယ်သူလဲဟင် .."

ဟု လှလွန်းအိမ် မေးလာတော့ မချိုမှာ စောစောက သဲ့ယဲ့ထားသော အိပ်ရာခင်းနှင့် ခေါင်းအုံးစွပ်တွေကို သေသေချာသပ်ခေါက်၍ အဝတ်လျှော် ပလတ်စတစ်ခြင်းပြာကြီးထဲ ထည့်လိုက်ရင်းမှ ..

"အဲဒီတစ်ထပ်တိုက်လေးကို ဆောက်ပြီးတာ သိပ်တောင် မကြာသေးဘူး မမလေးရဲ့ .. ဟို .. ဆရာမရဲ့ .. မမလေးကို လွန်း လို့တော့ မခေါ်ဘူးနော် .. ဆရာမလို့ပဲ ခေါ်ချင်တယ် .."

ဟု ပြောနေတော့ လှလွန်းအိမ်မှာ ရယ်မောရှာသာ ဖြစ်လေးလိုက်ရပါပြီ ..။

"အဲဒီ ကိုကြာညိုက .. အရင်က .. ဟိုးဘက်က .. လယ်ကွင်းကြီးတွေရဲ့ တစ်ဖက် .. ယာတောနဲ့ သစ်တောခြုံကျယ်ကြီးက အိမ်ကြီးမှာ နေတာတဲ့ .. အဲဒါ .. တစ်နေ့ ပျောက်သွားတာနဲ့ .. ဘဘက စိတ်အရမ်းပူပြီး .. ဒီဟိုတယ်ရဲ့ ဟိုဘက်ကို ခြံစည်းရိုး ဒီနေရာမှာထပ်ကာ ခြားထားလိုက်ပြီးတော့ .. အဲဒီ တစ်ထပ်တိုက်လေးကို အမြန်ဆောက်လိုက်တာတဲ့ .. မမနဲ့ ပြောပြတာပဲ .. မိချို ဒီဟိုတယ်ကို ဒီမနဲ့ကပဲ ဒီအလုပ် အပ်ပေးလို့ လာလုပ်ချိန်မှာ .. ဒီတိုက်လေးက ရှိနေပြီ .. ဘဘက .. သူ့မြေးကို သိပ်ဂရုစိုက်တာ .. ဆရာဝန်လည်း ငှားထားပေးတယ် .. ဟိုတယ်က နေ့တိုင်း ထမင်းဟင်းတွေ အကောင်းစားတွေ ပို့ပေးတယ် .. ဟိုမှာလဲ .. ကိုကြာညိုကို စောင့်ဖို့ .. ကြည့်ရှုလှုပ်မွေးဖို့ ဦးဆုပ်စိုးကိုလဲ ခန့်ထားတယ် .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြနေတော့ လှလွန်းအိမ် စိတ်ဝင်တစား နားထောင်ဖြစ်ပါ၏။

ဘာပဲဖြစ်ဖြစ် ..။ လှလွန်းအိမ် စိတ်ဝင်စားသော ကိုကြာညို ဆိုသည့်သူ တစ်ယောက်၏ ဘဝတစ်စိတ်တစ်ဒေသ ကိုတော့ဖြင့် အထိုက်အသင့်မျှ လှလွန်းအိမ် သိခွင့်ရချေတော့မည်သာ။

"ကိုကြာညိုရဲ့ မိဘတွေက .. ကိုကြာညို ခြောက်တန်း ကျောင်းသားဘဝမှာ ကားဆက်ဆီးဒင်ဖြစ်ပြီး ဆုံးပါးသွားကြတာတဲ့ .. ကားထဲမှာ ကိုကြာညိုလည်း ပါသွားဖို့ဥစ္စာ ဘဘက .. သူ့မြေးကို .. အဲဒီနေ့က နံ့သာမြိုင်စံအိမ်က နေပြီး .. ယာတောခြံဘက်ကို ခေါ်သွားမိတာမို့ လွတ်သွားရတာတဲ့ .. ကိုကြာညို ဖေဖေနဲ့ ဘဘက ညီအစ်ကိုတဲ့ .. ဘဘကအကြီး .. အသက်လဲ အတော်ကွာကြတယ်တဲ့ .. ဆံပင်တွေ ဘာတွေ ဖြူနေတဲ့ ဘဘကို .. ကိုကြာညိုက ဘကြီးလို့ မခေါ်ဘဲ ဘိုးဘိုးလို့ပဲ ခေါ်တယ် .. မိဘနှစ်ပါးရဲ့ ရုပ်အလောင်းကို သွေးသံတွေနဲ့ မြင်ရတော့ ကိုကြာညို အရမ်းစိတ်ထိခိုက်ပြီး .. ဖျားလဲဖျား .. နောက်ပိုင်း စိတ်ချောက်ချားလွန်းလို့လား မသိဘူးတဲ့ .. စိတ်က မမှန်တော့သလိုပဲတဲ့ .. သူ့ကိုယ်သူ .. ခုထိ ခြောက်တန်းကျောင်းသားလေးလိုပဲ ထင်နေ .. ကလေးလိုပဲ သွားလာနေတော့တာပဲတဲ့ .. မမနဲ့က ပြောပြတာလေ .."

ဟု ဆက်ပြောပြတော့ လှလွန်းအိမ် ရင်ထဲမကောင်း။ ဘဝအကြောင်း မလှပသော ကြာညိုပါလားလေ ..။

"တော်သေးတာပေါ့ ဆရာမရယ် .. ဘဘက .. ကိုကြာညို့ကို အရမ်း ဂရုစိုက်လို့ .."

ဟု ဆက်ပြောပြီးတော့လည်း မိချိုမှာ စာအုပ်လေးကို တယုတယ စောင်ခေါက်ထပ်တွေ အပေါ်မှာ တင်လိုက်ပြီး စားပွဲလက်တွန်းလှည်းရှည်လေးကိုတွန်း၍ အခန်းတွင်းမှ ထွက်ရှာသည်။ ကြာရှည်စကားစမြည် ပြောနေ၍ကလည်း မဖြစ်ပေပဲလေ ..။ အခြားအခန်းတွေကိုလိုက်၍ အိပ်ရာခင်းလဲ ..။ ဘဲလဲနှင့် ရိုရချေဦးမည်လေ ..။ တကယ်က အခန်းမြို့လွန်းသော လှလွန်းအိမ်ကြောင့် .. ခုလို .. အခန်းလာရှင်းသည့် မိချိုမှာ ဆုံမိရ ..။ စကားစမြည် ပြောမိရခြင်းပါ ..။ အများအားဖြင့်ကတော့ .. ခုချိန်ဆို တည်းခိုနေသူတို့ အပြင်ထွက်ကြတာ များသည်။ လှလွန်းအိမ်၏ စားဘက်အခန်းများရော .. မျက်နှာချင်းဆိုင်ဘက်မှ အခန်းများပါ .. အခန်းတော်တော်များများမှာ တည်းခိုသည့်သူများ မရှိကြ ..။ အပြင်ထွက်နေကြတာ များသည်။

လှလွန်းအိမ် ပြတင်းအနီးမှာ သွားရပ်မိပြန်ကာ ကြာညို့အိမ်လေးဆီသို့ ငေးကြည့်မိပြန်သည်။ ကြာညို့ကို လုံးဝအပြင်ဘက် ထွက်တာလည်း မတွေ့ရ ..။ ဦးအုပ်စိုး ဆိုသည့်သူကား .. အပြင်လုံးဝထွက်ခွင့်မပြုဘဲ မျက်စိအောက်ထောက်ကြည့်နေသည်လား မသိ။

"အေးလေ .. တစ်ခါ .. ပျောက်ဖူးတယ် ဆိုတော့လဲ .. စောင့်ရတဲ့သူကလဲ .. ပျောက်မှာ လန့်ရှာပေမပေါ့လေ .."

ဟု တွေးဖြစ်ရပြန်သည်။ ဘာကြောင့်ရယ် မသိ ..။ ကြာညို့ကို .. စိတ်ဝင်တစား ရှိနေရသည်ကိုက .. ညီ့ပုဖမ်းစား

www.burmeseclassic.com

www.burmeseclassic.com

ထားသည့်နယ်မပါ ..။ ရင်ထဲမှာ .. ကြာညို့ကို သနားနေမိရစိတ်ပဲ ရှိနေသည်။ ခုလို .. သူ့ဘဝလေးကိုပါ သိသင့်သလောက်လေး အတန်အသင့် သိလိုက်ရချိန်မှာကျတော့ .. ပို၍ ရင်ထဲမကောင်းနိုင် ..။

"အေးလေ .. ကံကြမ္မာဆိုတာ .. ကိုယ့်ဘဝထဲမှာ အလိုလိုပါပြီးသားပဲလေ .."

ဟု တွေးမိရင်း သက်ပြင်းရှိုက်မိလိုက်ပေမယ့် ရင်သည် ပေါ့ပါးမလာနိုင် ..။ ထို့မျှ ဆိုးဝါးသည့် ကံကြမ္မာကြီးတစ်ခုသည် .. တစ်ချိန်သောအခါက .. ခြောက်တန်းကျောင်းသားလေး မောင်ကြာညို ဆိုသူထံကိုမှ .. ဆိုက်ရောက်ရချေသည်တဲ့လား ..။ ထိခိုက်ဒဏ်ရာများဖြင့် ရှိနေပါချေမည့် မိဘနှစ်ပါး၏ ရုပ်အလောင်း ..။ ချောက်ချားဖွယ် အဖြစ်တစ်ခုသည် .. ကြာညို့ကို အဘယ်မျှထိ တုန်လှုပ်ချောက်ချားစေမည်တဲ့လဲ ..။ မိဘနှစ်ပါး .. တစ်ပြိုင်နက်တည်း ကွယ်လွန်သွားခြင်းသည် အဘယ်မျှထိ .. ကြာညို၏ရင်နှလုံးကို .. ထိုးဖွဲချေမှုန်းခဲ့ချေလိမ့်မည်တဲ့လဲ ..။ ကျင်ခနဲမျှပင် လှလွန်းအိမ် ရင်ထဲမှာ ထိခိုက်ခံစားရပါ၏။

ဦးအက်စ်အမ်ဖုန်းလေး မြည်လာသည်မို့ လှလွန်းအိမ် ကောက်ကိုင်၍ နားထောင်လိုက်တော့ ရင်ထဲ ပိုမောကျသွားရပါဘိ ..။

ကိုနောင်၏ အသံက စိတ်မောစဖွယ် နားစည်တွင်းဆီသို့ တိုးဝင်၏။

"ဘယ်ခါ ဆက်လိုက် ဆက်လိုက် .. စက်ပိတ်ထားတာကများနေတယ် လှလွန်းအိမ် .. ကိုနောင် လုံးဝစိတ်ထဲမကြည်လင်နေဘူးနော် .. ဘာကိစ္စနဲ့ .. အဲဒီလောက် အဝေးကြီးထိကို ခရီးက ထွက်ရတာတဲ့လဲ .. လွိုင်ခမ်းသာ ဆိုတာပေါ်းထောင်ကျောင်းတဲ့ တောင်ပေါ်မြို့ တစ်မြို့ ဆိုတာကို ကိုနောင် သိထားတယ် သိလား .. ဘယ်လောက် တောင်တက် တောင်ဆင်း ခရီးရှည်တဲ့မြို့လဲ .. ဟိုကို .. သွားမှ .. စာကိုရေးနိုင်မှာတဲ့လား .. ဒီမှာ လှလွန်းလေး .. စေ့စပ်ထားတယ် ဆိုတာ .. တစ်နေ့မှာ ကိုနောင်နဲ့ လှလွန်းလေးတို့ လက်ထပ်ကြရမယ့်သူတွေ ဖြစ်တယ် ဆိုတာကို .. လူသိရှင်ကြား ရှိနေစေတယ် ဆိုတာ သတိလေးများထားပါဦး လှလွန်းရဲ့ .. ခုလို .. ကိုနောင့်ကို အသိမပေးဘဲ သွားလိုက်တာကို .. ကိုနောင် အရမ်းစိတ်ဆိုးနေတယ် သိလား .. ကိုနောင် .. ဘယ့်နယ်လုပ် စိတ်ချနိုင်ဝါ့မလဲ .. ဘယ်သူမှလဲ .. အဲဒီမှ အသိရှိတာ မဟုတ်ဘူး .."

ထုံးစံအတိုင်း လှလွန်းအိမ်ကို ကလေးလေးနယ်မြင် ..။ ကလေးလေးနယ် ချစ်နေပါသည့် အချစ်သည်းလွန်းပါသော ကိုနောင့်အသံက .. စိတ်လက်ဆိုးသဲ့ဖြင့် ပေါ်နေဆဲ ..။ ဘယ်တော့မှ ကိုနောင်သည် လှလွန်းအိမ်ကို စိတ်ချလိုက်တာ မရှိ ..။ ကလေးလိုပဲ မြင်နေတာက မူပိုင်အကျင့်ကြီးနယ် ရှိနေပြီ ..။ လှလွန်းအိမ်ကလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ယုယုကြည်ကြည် ရပ်နေချင်သည့်သူ ..။ ကိုနောင်က .. လှလွန်းအိမ်ကို .. ကလေးလေးနယ် စိတ်လက်ပူနေဖို့လောက်ပဲ သဘောပိုက်နေသည့်သူ ..

"ကဲ .. ဘယ်တော့ ပြန်လာမလဲပြော .. ကိုနောင် လာခေါ်ရမှာလား .. သိပ်ကြာနေမယ် ဆိုရင် .. ကိုနောင် .. လိုက်လာမှာနော် .."

www.burmeseclassic.com

www.burmeseclassic.com

မျက်မှောင်ကြုံး ချိုနေမည့် ကိုနောင့် မျက်နှာကို မြင်ယောင်လာမိရင်းမှ လှလွန်းအိမ် စိတ်ညစ်နေသည်ကြားမှ ပြုံးမိရပြန်သည်။ တိုနောင့်ကို လှလွန်းအိမ် မချစ်နိုင်မှန်း ကိုယ်ဘာသာကိုယ်လည်း သိနေသည်။ အစ်ကိုတစ်ယောက်လိုတော့ လှလွန်းအိမ် ခင်မင်ပါသည်။ အိမ်ချင်းကပ်နေကြတာမို့လည်း ငယ်ကတည်းက ကိုနောင် ဆိုတာ လှလွန်းအိမ် ဆိုးသမျှ ပူဆာသမျှ အလိုလိုက်ခဲ့ရသည်ချည်း ..။ နှစ်ဖက်မိဘဆိုရာမှ .. လှလွန်းအိမ်မှာက မေမေ မရှိတော့တာမို့ .. ဒက်ဒီသဘောဖြင့်ပင် .. ကိုနောင်ကို လက်ခံဖြစ်ရသည်က ဧစ်စပ်လာခြင်းကို ကမ်းလှမ်းလာသည့် တိစ္ဆကိုပါ ..။ ကိုနောင် မိဘများဖြစ်သည့် အန်ကယ်ကျော်နှင့် အန်တီဆွေတို့ကတော့ .. လှလွန်းအိမ်ကို .. ငယ်ကတည်းက ချီမွေ့ခဲ့ .. သမီးလေးလို ချစ်ကြသူများပါ ..။

ဘာကြောင့်ပဲဖြစ်ဖြစ် ..။ ဒက်ဒီ စိတ်ချမ်းသာစေချင်တာကြောင့် .. ထိုအကြောင်းအချက် တစ်ခုတည်းဖြင့်ပင် .. ကိုနောင်နှင့် လှလွန်းအိမ်တို့ ဧစ်စပ်ဖြစ်ခဲ့ကြပြီးပြီ ..။ ကိုနောင် အပေါ်မှာ ငယ်ကျင်လေးအတိုင်း ခုထိ ဆိုးကျင့်ကတော့ လှလွန်းအိမ်မှာ ရှိနေဆဲ ..။

"ကိုနေမင် လိုက်မလာနဲ့နော် .. ဟိုမှာရှိနေတဲ့ လူနာတွေကို ချန်ခဲ့လို့ ဖြစ်မှာလား ဆရာဝန်ကြီးရဲ့ .."

"အေး .. ဒီတိုင်း အိမ်ကြီးထဲမှာ လွမ်းပြီး ငြိမ်နေရတာက .. ကိုနောင် ကိုယ်တိုင် လူမမာဖြစ်တော့မယ် သိရဲ့လား .. မိလှလွှန်းနော် .. ညည်းလေး မရှိဘဲ .. ကိုနောင် မနေတတ်ဘူး .. ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်နေရတာ .. သိရက်နဲ့ကွာ .. လွမ်းလှပြီ .. သေတော့မယ်သိရဲ့လား .."

ဟု ပြောနေတော့လည်း ကိုနောင်ကို သနားမိရပြန်သည်။ အားနာစိတ်လည်း ဖြစ်ရသည်။

"ဒက်ဒီကို ခွင့်တောင်းပြီးမှ ဒီကိုလာတာပါ ကိုနောင်ရဲ့ .. ဒက်ဒီက ခွင့်ပြုလို့ ခရီးထွက်ခဲ့တာပါ .. ဝတ္ထုရေးတာ အာရုံလဲ ကြည်လင်အောင်လို့လေ .. ရန်ကုန်မှာ နေနေရတာ .. တစ်နေ့ တစ်နေ့ .. မပြောင်းမလဲနဲ့ ဆိုတော့ .. ငြီးငွေ့လာတယ် ကိုနောင်ရဲ့ .. ဒီမှာက ရွှေခင်းတွေက အရမ်းကိုလှတာ .. အဲဒါ .. တီဗီထဲမှာ .. ဒီဟိုတယ်ရဲ့ ကြော်ငြာတွေ့ရတာနဲ့ .. စိတ်ဝင်စားပြီး .. ခရီးထွက်လာဖြစ်တာလေ .. တီဗီကြော်ငြာထဲကထက်တောင်မှာ ဒီမှာက .. ဟိုတယ်ကြီးက ပိုကောင်းနေသလိုပဲ သိလား .. ရွှေခင်းတွေကလည်း အရမ်းသာယာတာ .."

"ခွင့်တောင်းရမယ် သူထဲမှာ .. ကိုနောင်လဲ ပါတယ်လေ .. ဘာလို့ ခွင့်မတောင်းတာလဲ .. နည်းနည်းလေးမှကို မကျေနပ်ဘူး သိလား၊ မနက်ဘက် .. ကော်ဖီသောက်ပြီး .. ပုန်းညက်မြို့ကို ထုံးစံအတိုင်း .. အမိမျက်နှာလေး ပြေးလာကြည့်တော့ မရှိဘူးတဲ့ .. ခရီးထွက်သွားပြီတဲ့ .. လွိုင်ခမ်းသာကိုတဲ့ .. ကိုယ်တိုင် ပါကျရိုးကြီး မောင်းထွက်သွားတာတဲ့ .. အန်ကယ်က ပြောပြတာ .. အဖော်တောင် ခေါ်မသွားဘူးတဲ့ .. အန်ကယ်ကလဲ .. သူ့သမီး သတ္တိရှိတာကို အမြဲသဘောကျနေတဲ့သူ .. စိတ်ကို မပူတတ်သလိုပဲ ..

www.burmeseclassic.com

www.burmeseclassic.com

ကိုနောင်မှာသာ .. ကြားလဲကြား .. ရင်လဲဆို .. ရင်လဲ ပူ .. ဒီမှာ .. ရင်ဆိုတာက .. လွမ်းလို့ .. ရင်ပူတာတာ .. စိတ်ပူလို့ .. သိရဲ့လား .."

"အဲမယ် .. ဒုက်ခဒိုက်ကို အပြစ်မတင်နဲ့နော် .. ဒက်ခဒိက .. သမီးတစ်ယောက်တည်းမို့ .. သတ္တိရှိအောင် အကျင့်လုပ်ထားပေးတာ .. ငယ်ကတည်းက .. အဲသလို .. လေ့ကျင့်ထားပေးတာ .. ဘာကိစ္စနဲ့ .. သတ္တိရှိတဲ့သမီးဖြစ်အောင် လေ့ကျင့်ပေးတဲ့ ဒက်ခဒိကို အပြစ်တင်နေရတာလဲ .. သိပ်စိတ်ညစ်တာပဲ .. ကိုနောင်က .. ဘယ်တော့မဆို .. လှလွန်းအိမ်ကို ကလေးလိုပဲ မြင်နေတာပဲ .. အဲလိုလုပ်နေရင် .. လှလွန်း ဘယ်လို နေရတတ်တော့မလဲ၊ လှလွန်းက .. ကလေးမှ မဟုတ်တော့တာ .."

"သိတယ် .. စာရေးဆရာမကြီး ဖြစ်နေတာလဲသိတယ် .. မြန်မာစာနဲ့ ဘွဲ့ရထားတာလဲ သိတယ် .. အန်ကယ်ရဲ့ သတ္တိရှင် သမီးတော်တစ်ပါး ဖြစ်တာလဲ သိတယ် .. ဒါပေမဲ့ မင်းလေးဟာ .. ကိုနောင့် မျက်စိထဲမှာ ကလေးပဲ သိလား .. ဒါပဲ .."

ဟု ပြောပြောဆိုဆို ဖုန်းချသွားတော့ ကိုနောင် စိတ်အရမ်းကောက်နေပြီ ဆိုတာကို သိရင်း ကိုနောင့် အချစ်ကို ကြည်နူးပေးရ မလိုလို .. စိတ်ပဲညစ်လိုက်ရမလိုလိုဖြင့် ကျန်ခဲ့ရသည်က လှလွန်းအိမ်ပါ ..။

လှလွန်းအိမ် အပေါ် ကိုနောင် အရမ်းကို အရိပ်တကြည့်ကြည့် .. မြတ်နိုးစွာ ချစ်ရှာတာကိုတော့ .. လှလွန်းအိမ်

အကြွင်းမဲ့ ယုံကြည်ပါသည်။ ကိုနောင် ချစ်ခြင်းများကို ပိုင်ဆိုင်ခွင့် ရနေခြင်းသည်လည်း ကံကောင်းခြင်းတစ်ခုအဖြစ် ခံယူမိသည်တည့် ..။

ဒါပေမဲ့ .. အရိပ်တကြည့်ကြည့် .. ရှိနေခြင်းသည် .. တကောက်ကောက် လိုက်ကြည့်နေခြင်းနှင့် တူလာတတ်လျက် .. အချစ်လွန်ကဲနေခြင်းသည်လည်း .. မလွတ်လပ်အောင် မျက်စိအောက်မှာ ထားနေလိုခြင်းများ ဖြစ်နေချေသည်ကော .. ဟုနားလည်လာရပြန်တော့လည်း .. မွန်းကျပ်လှောင်ပိတ်နေသည့် ဆေနာကို လှလွန်းအိမ် ခံစားတတ်လာရပြန်စေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

ခုတင်အေား ကြမ်းပြင်တွင်ထိုင်ရင်း ထမင်းပန်းကန်ကို မျက်တောင်မခတ် ငြိမ်သက်ကြည့်နေသည့် ကြာညို အားမာန်ပါပါကြမ်းကြမ်း ဦးအုပ်စိုး ထိုင်လိုက်တော့ တစ်ချက် တုန်ခနဲ ကြာညို ဖြစ်သည်။ ဒါပေမဲ့ .. မလှုပ်မချောက် ဆက်၍ငြိမ်သက်ထိုင်နေဆဲ ..။ မျက်ဝန်းများမှာ မျက်ရည်ဝဲနေသည်။ အားငယ်ပါးငယ် နိုင်နေလျက် ဝမ်းနည်း ပန်းနည်းလည်း ဖြစ်နေသည့် အသွင် ..။ မျက်နှာလေးက တဖြည်းဖြည်း မဲ့လာသည်။ မျက်ရည်တွေ လိုမဲ့ခနဲကျလာသည်။ အရာမယွင်းသေးသော ထမင်းပန်းကန်ကို ဦးအုပ်စိုး ဆောင့်အောင့်၍ ကောက်ကိုင်လိုက်တာ မြင်တော့ နှုတ်ခမ်းကို တင်းတင်းပါအောင် စေ့ထားလိုက်သည်က ကြာညိုပါ ..။ မကြာမတင်လေးမှာပဲ ထမင်းလုတ်တွေ ပါးစပ်ထဲ အတင်းခွဲ့ထည့်တော့မည် ဆိုတာ ကြာညို သိသည်လေ ..။

"ဒါက ဘာဖြစ်နေရတာလဲ .. ငါတောင်မှ ထမင်းစားပြီးပြီ .. မင်းက .. ဘာထိုင်ငြိမ်နေရတာလဲ .."

ဟု မာဏန်ထန်ကြီး မေးလာတော့ ကြာညို မျက်စိ ကျွဲ၍ ကြည့်၏။ ခုထိ ဦးအုပ်စိုး ပါးစပ်မှာ အဆီတွေ ဝေ့နေဆဲ။ ဟင်းကောင်းနှင့် အဝအပြဲ ထမင်းစားထားသည်ပဲ .. ဟု ကြာညို ရင်ထဲမှာ အစိုင်အခဲ ဖြစ်ချင်သည်။

"ဦးအုပ်က .. ဘဲကင်နဲ့လဲ စားတယ် .. ကြက်သားဟင်းနဲ့လဲ စားတယ် .. ကြက်ဥကြော်လဲ စားတယ် .. ကြာညို့ကိုကျတော့ ဒီကြက်ဥကြော်ကြီး တစ်ခုတည်းနဲ့ ကျွေးတယ် .. မစားချင်ဘူး .. နံတယ် .. ကြက်ဥက ညှီနံ့နံတယ်၊ နေ့တိုင်း ကြက်ဥကြော်ပဲ စားနေရတာ .. အန်ချင်နေပြီ .."

မစားချင်လွန်းသည်မို့ အားမွေး၍ ကြာညို ပြောရပါ၏။ နေ့တိုင်း တကယ့်ကို ကြက်ဥကြော် တစ်မျိုးတည်းနှင့် စားစားနေရတာ ကြာလှပြီ ..။

"အဲမယ် .. မင်းက ရာရာစစ .. ငါ့ဟင်းတွေ လိုက်လိုက်မှတ်ထားတာကိုး .. မိချို့ ထမင်းလာစို့တော့ .. မင်းက ဥည့်ခန်းထဲမှာ ရှိနေချိန်နဲ့ တိုးတာဆိုတော့ .. ဟင်းတွေ အားလုံး လိုက်လိုက်မှတ်ထားပြီးနေပြီပေါ့လေ .. ဒါကျတော့ မရှူးဘူး .. မှတ်ဉာဏ်က ကောင်းပါ့ .."

"ကြာညို့ကိုလဲ ကျွေးဖို့ ပို့တာပဲဥစ္စာ .. ကြာညို့ကိုလဲ ကျွေးပေါ့ .."

ဟု မျက်နှာမှာ ကလေးတစ်ယောက်နှယ် အစားအလေးကပ်၍ မခံချင်စောလေးဖြင့် ပြောလာတော့ ဦးအုပ်စိုး ဆေးခန် ခေါင်းကိုခေါက်သည်။ နောက်ကျောကို ဘိုင်းခနဲတစ်ချက် ထုသည်။ ကျောကြီး ကော့သွားရလျက်မှ ..

www.burmeseclassic.com

www.burmeseclassic.com

"ဘိုးဘိုးကို တိုင်မှာ .. ဒီမှာ ဘိုးဘိုးရေ .. ထုနေပြီ .."

ဟု တစ်ချက် အော်ငိုတော့ ပါးစပ်ကို လက်ဖဝါးကြီးဖြင့် ဦးအုပ်စိုး ပိတ်ထားသည်။ နာခေါင်းပေါက်ပေါ်မှာပါ ရောရှ် လက်ဖဝါးကြီးက အရှိန်လွန် ဖိပိတ်ထားသလိုကြီး ဖြစ်နေတာမို့ ကြာသို အသက်ရှူကျပ်လာကာ ပါးစပ်ပေါ် အုပ်နေသည့် လက်ဖဝါး ကြမ်းကြမ်းကြီးကို ခြေကန်၍ အတင်းကြီး လက်တွေဖြင့် အားစိုက်ဖယ်လိုက်သည်က ကြာသိုပါ။ လက်ဖဝါ တွေ လွတ်သွားတော့ လေကို အငမ်းမရ ကြာရှိ ရှူနေရသည်။ တံတွေးသီးနေလျက် ချောင်းဆိုးနေရင်း ကြာသို့ မျက်ဝန်းမှ မျက်ရည်တွေ စီးကျလာ၏။

"ကြည့်စမ်း .. ငါ့ကို ခံလုပ်တယ် .. သေတော့မှာပဲ .."

ဟု အောဘက်ကို တစ်ချက်ကန်ထည့်ပြီးမှ ဦးအုပ်စိုး ဘည့်ခန်းဘက် ပြန်ထွက် ..။ အနည်းယော် ကျန်နေသည့် ကြက်သား ကြော်ပန်းကန်ကို ရှေ့ချ၍ ..

"စား .."

ဟု ငေါက်တော့ ကြာသို့အကြည့်က ကြက်သား ကြော်ပန်းကန်ဆီသို့ ရောက်၏။ မျက်ဝန်းတွေဆီမှ မျက်ရည်တွေက စီးကျနေဆဲ ..။ အသက်ရှူကျပ်လွန်းခဲ့သည့်ဒဏ်က မျက်ရည်များကိုလည်း စီးကျလာစေသည်။ ချောင်းတဟွတ်ဟွတ်ဖြင့် တံတွေးတွေ သီးနေရင်း ဆိုးနေရဆဲ။

ဒါပေမဲ့ .. ကြက်သားကြော်တစ်တုံးကိုတော့ ဟန်မဆောင်နိုင်စတမ်း လက်ကလွှမ်းယူနေရှာပြီ ..။ အငတ်ငတ်အပြတ် ပြတ်ပုံလေးဖြင့် ကြက်သားကြော်တုံးကို ပါးစပ်ထဲ .. ကသော

ကြော်ကြီး အတုံးလိုက်သွင်းသည်။ ချောင်းဆိုးက မရပ်သေးတာနဲ့ ကြက်သားဖတ်ကို ပါးစပ်တွင်းမှ ပြန်၍ပွတ်ထွက်ကျလာတော့ ကြမ်းပေါ်ကျသွားသည့် ကြက်သားတုံးလေးကို ကမန်းကတန်း ပြန်ခူကောက်ကိုင်ကာ လက်ဖဝါးတွေထဲ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်က .. ဦးအုပ်စိုး ကြက်သားတုံးလေးကို ပြန် သိမ်းသွားမှာ ကြောက်သည့်စိတ်ဖြင့်ပါ ..။

စိတ်ညစ်ပုံကြီးဖြင့် ကြာသို့ကိုကြည့်ကာ ဤတစ်ကြိမ်မှာတော့ ရေတစ်ဗန်ခွက် သွားခပ်လာပါ၏။ ခါးကြီးငုံ့ကိုင်းလျက် ချောင်းဆိုးနေဆဲ ကြာသို့ကို ရေခွက်ကမ်းပေးသည်။

"သောက်လိုက် .."

ဟု ပြောလာတော့ မော့ခနဲ တစ်ချက်ကြည့်ရှာ၏။ ရေကို ကမန်းကတန်း သောက်သည်။ ချောင်းဆိုး ရပ်သွားကာ ထိုးသိပ်လည်း ရပ်သွားသည်မို့ ကမန်းကတန်း ကြက်သားတော ကြော်နေလျက် .. ပါးစပ်ထဲ ကြက်သားကြော်ဖတ်ကို သွင်းကာ အရသာခံ၍ ဝါးနေပါ၏။ မျက်နှာလေး စာဖြည်းဖြည်း ပြုံးလာသည်။ ကျေးဇူးတင်ပုံဖြင့်လည်း မော့ကြည့်လာသည့် ကြာသို့ မျက်နှာကို ငုံ့မိုးကြည့်ရင်း မျက်ခုံးထူထူလေးနှင့် လူချောလေး ကြီးပါသော ကြာသို့ အပေါ် တစ်ခါတစ်ခါ အတော်ကြီး ရိုက်ဆိုးချေသည်ပဲဟု စိတ်ကောင်းတစ်ချက် ဝင်လာလျက် ဦးအုပ်စိုး ဆွံ့အီရပါသည့် အဖြစ် ..။

"ဒီကောင်လေးကို မျက်နှာသာ သိပ်ပေးလို့ မဖြစ်ဘူး ကိုအုပ်စိုး .. အလိုလိုက်ရင် .. ဟိုထွက် ဒီထွက်နဲ့ မထိန်း ရဘက်မယ် .. ပျောက်သွားမှာလဲ စိုးရတယ် .. ဦးစားကြည့်

www.burmeseclassic.com

www.burmeseclassic.com

ကိုအုပ်စိုး .. ဒီကောင်လေးကို ထိန်းကျောင်းကြည့်ပေးရတဲ့ အတွက် ကိုအုပ်စိုး တစ်လကို ငါးသောင်းရတယ် .. ထမင်းအလကား စားရတယ် .. ကျွန်တော်လဲ တစ်လကို တစ်သိန်းရတယ် .. နေဖို့အိမ် .. သွားလာဖို့ကား .. ထမင်း အလကား စားရတယ် .. ပြီးတော့ .. တစ်လ တစ်လကို .. သီးသန့်ဘောက်ဆူးလဲ အန်ကယ်ဦးဘုန်းရှိန်သာက ပေး သေးတယ် .. ဒီအလုပ်ကို မြဲနေဖို့ဆိုတာက ဒီကောင်လေး ဒီလိုရောဂါလဲ ဖြစ်နေဖို့လိုတယ် .. ကျွန်းဓာရေးက ဒီလို အခြေအနေမှာပဲ တန့်နေဖို့ လိုတယ် .. သူ့ကို .. အစား ကောင်း အသောက်ကောင်းတွေ သိပ်မကျွေးနဲ့ .. ကိုအုပ်စိုး စားပစ်လိုက် .. သူ့ဘိုးဘိုး မသိအောင် .. သူ့အဘိုးမျက် ကွယ်မှာ ခဝဲကြမ်းကြမ်း ဆက်ဆံပေးရမယ် .. ဒါမှ .. သူ့ စိတ်ထဲမှာ ကိုအုပ်စိုးကို အကြောက်ရှိမှာ .. ထိုးလို့ကြိတ်လို့ ဒဏ်ရာရလဲ .. သူ့ဘာသာ လဲပြုကျတာလို့ပြော .. ကျွန်တော်ကလဲ ဟုတ်တယ်လို့ ဆေးကနေပြီး သူ့အဘိုးကို ပြောပေးမယ် .."

ဟု ဆိုထားခဲ့ပါသည့် ဒေါက်တာအောင်မင်း၏ စကားများက ဦးအုပ်စိုး၏ နားစည်တွင်းသို့ ဝင်လာသည့်နောက်မှာ အနည်းငယ် ဝင်လာသည့် စိတ်ကောင်းလေးသည် ပြန်လည်၍ ပျောက်လွင့်သွားရပါသည့် အဖြစ် ..။

ဟုတ်တော့ ဟုတ်သည်။ ဤအလုပ် မြဲဖို့ဆိုတာက ဤလူနာ ရှိနေဖို့ဟော့ လိုသည်လေ ..။ ကြာညို နေကောင်းသွား လျှင် သူက ဘယ်လူနာကို စောင့်ကြည့်ရတော့မည်တဲ့လဲ ..

အလုပ်မြဲတော့ပေါ့ ..။ တစ်ကိုယ်တည်းသမား ဦးအုပ်စိုးသည် သမီးတော်ဝင် အိတ်ဝင် လခကိုစ ..။ အကောင်းစားတွေ စားနှင့် တန်ကျနေသည်က နှစ်မနည်းတော့ပြီ ..။ ကြာညို့ကို ကြည့်ရှု ဆောင်ကြည့်ပေးဖို့ .. ဦးအောင်မင်းပဲ ဦးအုပ်စိုးကို ခန့်ထားခြင်း ပါ ..။ ဦးအောင်မင်း ဆိုတာက .. ဤလိုင်ခမ်းသာဖြို့နှင့် တစ်နာရီကျော် သွားရသည့် မိုင်းလီရွာလေးမှာ ဆေးခန်းလေးလာ ဖွင့် ..။ နောက်တော့ .. ဦးဘုန်းရှိန်သာမှ ကြာညို့ကိုကြည့်ဖို့ ခေါ်သည်မို့ ရွာမှာ ဦးအောင်မင်းကို အားမှ ကူဖော်လောင်ဖက် အဖြစ် လုပ်ကိုင်ခဲ့ပါသည့် အုပ်စိုးသည်လည်း ဤအလုပ်ထဲရှာ ပါလာရခြင်းပါ ..။

အရမ်းကို တုန်လှုပ်ချောက်ချားနေသော ကလေး တစ်ယောက်ကို စတင်တွေ့ရချိန်တုန်းကတော့ သနားစိတ်ဖြစ်ခဲ့ ပုံသည်။ မိဘနှစ်ပါး ကားအက်ဆီးဒင့်ဖြစ်၍ ဆုံးပါးကုန်ကြောင်း ကို သိရတော့လည်း ရင်ထဲမကောင်း ..။ ဒါပေမဲ့ .. ဦးအောင်မင်း ခု .. ကြာညို့ကို ကုသရင်း လေးလကျော်လောက် ရှိလာချိန်မှာ .. ကြာညို့ကို အရမ်းမကြင်နာဖို့၊ ခဝဲကြမ်းကြမ်း ဆက်ဆံဖို့ တိုက် တွန်းခဲ့သည့်နောက်မှာ .. ကြာညို့ အသက်တစ်ဆယ့်နှစ်နှစ်အရွယ် သားပဲ ရှိစဉ်ကစ၍ .. အစဉ်တစိုက် နာခံခဲ့သည်မှာ .. ယခု ကြာညို့အသက် နှစ်ဆယ့်ငါးနှစ် ရှိချေသည့် နှစ်များသို့တိုင်ပင် ကြာရှည်လာခဲ့ပြီတည့် ..။ ခုကျတော့လည်း .. ကိုယ့်အလုပ်မြဲရေး နှင့် အွေကြေးများ စုဆောင်းထားနိုင်ရေးအတွက် လောဘဇောကစခန် နောက်ဆီသို့ တရောက်ကောက် လိုက်ရင်းဖြင့်ပင် .. ဦးအုပ်စိုး အိသည့် လူတစ်ယောက်သည် ကြာညို့အပေါ် အမြဲတစေ .. ကြမ်း

www.burmeseclassic.com

www.burmeseclassic.com

တမ်းစွာ ... အညာအဘာမဲ့ ဆက်ဆံသည့် လူကြမ်းကြီး တစ်ယောက် အဖြစ်သို့ အသားတကျ ရပ်တည်နေခဲ့ချေသည်တကား ...။ တစ်နေ့ ကျွန်အလုပ်မှ ထွက်ခဲ့ရသည် ဆိုစေဦး ... လွှမ်းမှာ စတိုးဆိုင်တစ်ဆိုင် လောက်ကိုတော့ ပြည့်ပြည့်စုံစုံ ခမ်းခမ်းနားနား ပြန်ဖွင့်နိုင်သည့် ငွေကြေးအတိုင်းအတာကိုတော့ ဦးဆုပ်စိုး စုဆောင်းထားနိုင်ခဲ့ပြီ။ အလုပ်မှထွက်ဖို့ ဆိုတာကတော့ ကြာညို နေကောင်းသွားလျှင် ... ထိန်းဖို့ မလိုတော့လျှင် ... ထွက်ရမည်သာ ...။ ခုထိတော့ .. ဦးအောင်မင်း မျှဉ်း၍ မျှဉ်း၍ ... ကုန်သည့် ကုသမ္ဘကြားမှာ ကြာညိုသည် မိုင်ချည်တစ်ခါ ...။ အနည်းငယ် ပြန်၍သွက်လက် လာချည် တစ်လှည့်ဖြင့် မပြောင်းလဲစွာ ရှိနေဆဲ ...။ တစ်ခါတစ်ခါ ကြာညိုသည် ဆေးထိုးခံရပြီးသည့်နောက်မှာ မလူပ်မချောက် ငြိမ်နေတတ်သည်။ ပါးစပ်မှ သွားရည်တွေ စီးကျနေတတ်ပါလျက် ...။ မျက်လုံးများ အရမ်းကို ရီဝေညှို့ဖျော့နေတတ်ပါ၏။

ခုရက်ပိုင်းအတွင်းမှာတော့ ကြာညို အနည်းငယ် လန်းဆန်းနေသည်။ ညဘက် ဆေးတိုက်လျှင်လည်း ကြည်ကြည် သာသာ သောက်လိုက်တတ်သည်။

ခုလည်း ... ကြက်သားကြော်တုံးလေးကို လျှာထဲ လှိုခိုဲ့၍ လိမ့်၍ အရသာခံလိုက် ဝါးလိုက်ဖြင့် ကြာညို၏ မျက်နှာ လေး လန်းနေ၏။

"စားကောင်းလား ..."

"ကောင်းတာပေါ့ ဦးဆုပ် ... နောက်ထပ် တစ်တုံးလောက် ကျွေးပါလားဟင် ... ဘဲကင် ကျွေးနော် ... ဘိုးဘိုးလာရင် ပြောပြမယ် သိလား ... ဦးဆုပ်က ဘဲကင်ကျွေးတယ်လို့ ..."

ဟု ပြောတော့ ဦးအုပ်စိုး မျက်နှာတစ်ချက် ပြုံးလာသည်။ ဟုတ်သည်။ ထိုသို့ ပြောပြတာမျိုးကိုလည်း လိုအပ်သည်သာ ...။ ဒါမှ ဦးဘုန်းရှိန်သာ ကျေနပ်မည်ပေါ့ ...။ ဤရက်ပိုင်းအတွင်း ဦးဘုန်းရှိန်သာ ခရီးထွက်နေရာမှ ပြန်ရောက်လာနိုင်သည်။ လက်ဖက်ခြမ်းဆီသို့ ဦးဘုန်းရှိန်သာ ခရီးထွက်သွားသည်မှာ တစ်ပတ်လောက် ရှိပြီ ...။

ကြမ်းပြင်ပေါ် ခြေလေးစင်း၍ ထမင်းပန်းကန်ကို ဆွဲလိုလက်ရ ကိုယ့်ဘာသာကိုယ် ကောက်ကိုင်ကာ ထမင်းလုတ် သေးတွေ တစ်လုပ်ပြီး တစ်လုပ် ကြက်ဥကြော် မပါဘဲ စားနေသည့် ကြာညို့ မျက်နှာလေးကို ဦးအုပ်စိုး ငေးစိုက်ကြည့်နေမိရပါ၏။ ဘဲကင် စားချင်စေဖြင့် ထမင်းစားစားပြေနေမှန်းလည်း အခုအရာလေးဖြင့်ပင် သိသာနေသည့် အဖြစ် ...။ ဘာကြောင့်ဆို ... ဘာစောကပဲ ထမင်းစားဖို့ပြောတော့ ကြာညို ဂျီကန်ထားသည် ဟုတ်ပါလား ...။ ခု ... နာခံသည့် ကြာညို အဖြစ် ခမ်းဖားဖား သေး ထမင်းစားပြနေရှာခြင်းပါ ...။

ဧည့်ခန်းဘက် ပြန်ထွက် ...။ ဘဲကင်အကျန် အရိုးအရင်းလေးတွေနှင့် ဘဲခေါင်းတစ်ခြမ်းပါသည့် ပန်းကန်ပြားကို ဆွဲ၍ ကြမ်းပေါ် ချပေးလိုက်တော့ အရိုးလေးတွေကို ကောက်၍ ကြွပ်ကြွပ် ဝါးစား ... မျက်စိလေးမှိတ်၍ လျှာလေးကို စုပ်စုပ်ပြီး အရသာခံနှင့် ကြာညို တစ်ယောက် အရမ်းကို ပျော်သွားရှာပါပြီ ...။

"ဘိုးဘိုး လာရင် ဘာမှ မတိုင်တော့ဘူး သိလား ... ဝါးခြမ်းပြားနဲ့ ရိုက်တာကိုလဲ မတိုင်တော့ဘူး ... ဟုတ်ဝါဝါလေး

www.burmeseclassic.com

www.burmeseclassic.com

ကို သွင်းစိုက်တာလဲ မတိုင်တော့ဘူး .. ဟိုထရံမှာ ကြာညို့ကို ဆောင့်ဆောင့်ရိုက်တာလဲ မတိုင်တော့ဘူး .. အခု .. ခြေထောက်နဲ့ ကန်ထားတာကိုလဲ မတိုင်တော့ဘူး .. ဘဲကင်ကျွေးလို့ .. သိလား .. ကျွေးနော် .. နောက်လည်း ကျွေးနော် .."

နှင့် ကလေးလေးလို ပြောလည်းပြော .။ ရယ်လည်း ရယ် .။ မောလည်းကြည့် ..။ ဘဲကင်အရိုးလေးကို အရသာခံ၍ စုတ်နေသည့် ကြာညို့ကို ဤတစ်ကြိမ်မှာတော့ မကြည့်ရက်သလို တစ်ချက်မျှ .. ဦးအုပ်စိုး ခံစားဖြစ်၏။ ဒေါက်တာ ဦးဧအောင်မင်း စကားကို နားထောင်နေခြင်းသည် မတရားချေသည်ပဲ .. ဟုလည်း တစ်ချက် တွေးဖြစ်၏။ ဒါပေမဲ့ လေသာဧကဖြင့် အတွေးကို ချက်ချင်းပြန်တန့်ပစ်လိုက်ကာ ဧည့်ခန်းဘက် ပြန်ထွက် ..။ တီဗီထိုင်ကြည့်လိုက်သည်က ဦးအုပ်စိုးပါ ..။ အခန်းထဲမှာ ပစ္စည်းပစ္စယတွေ စုံနေသည်။

တီဗီရှိသည်။ ရေခဲသေတ္တာရှိသည်။ မုန့်ဆွဲသည့် စက္ကူထုပ်လေးတွေ ရှိသည်။ ခဲတံရောင်စုံဘူးလေးတွေလည်း ရှိသည်။ စင်္ကြံလေးတစ်ခုမှာ ဖုံဆွဲစာအုပ်နှင့် ရောင်စုံခဲတံဘူးကို တင်ထားသည်။ ပန်းသီးပဲ့ ..။ အိမ်ပလေးတွေ ..။ ပန်းခင်းစောင်သည့် ဆေးရောင်ခြယ်ဖို့အတွက် သီးသန့်ထုတ်ဆော့ ပုံလေးတွေ ပါသည့် စာအုပ်ထစ်လေးကွေ့ ရှိသည်။ ထိုအရာအားလုံးကို ဦးဘုန်းရှိန်သာ စီစဉ်ထားခြင်းပါ ..။ ခရီးမထွက်သည့် နေ့များမှာ ဦးဘုန်းရှိန်သာ ရောက်လာတတ်လျက် ..။ ကြာညို့ကိုလည်း ကြည့်သည်။ အရမ်းကို သပ်ရပ်စွာ ရှိနေပါသည့် အိမ်လေးကို

လည်း ကြည့်သည်။ ကြာညို့ အခန်းကိုလည်း ကြည့်သည်။ ကြာညို့ကို ပြီး၍ အမြဲဆစလေးတွေ သပ်ပေးတတ်သည့် ဦးဘုန်းရှိန်သာသည် ပြန်ခါနီးကျလျှင် ကြာညို့ အလွန်ကြိုက်သည့် ချောကလက်ဘူးလေးတွေ ပေးထားခဲ့တာပါ၏။

ဒါပေမဲ့ .. ထိုချောကလက်ဘူးတွေသည် ကြာညို့ ဆက်တွင်းမှ .. လူမရှိတော့သည့် အချိန်မှာ .. ဦးအုပ်စိုး၏ လက်ထဲသို့ ရောက်သွားတတ်သည်ချည်း ..။ ကြာညို့ကတော့ ချောကလက်ဘူးတွေကို ငိုယိုကြည့်ရင်း ခန်းထဲမှာ ရှိသွားရတတ်လျက် ..။

ချောကလက်ပြားလေးတစ်ချပ်လောက်ကိုသာ ဦးအုပ်စိုး ပေးလိုက်လျှင် ကလေးနှယ် ပြန့်၍ ဝမ်းသာသွားကာ .. ချက်ချင်းကုန်အောင် စားပစ်လိုက်သည်ချည်း ..။

ခုလည်း .. ဘဲကင် အရိုးလေးတွေကိုက်လိုက် .. အရိုးမှာကပ်သည့် အသားကို ဖဲ့၍စား လိုက် ..။ ဘဲခေါင်းတစ်ခြမ်းကို လက်လေးဖြင့် အရေခွံလေးတွေ ခွာ၍စားလိုက် ..။ ပြီးလိုက် ရယ်လိုက်ဖြင့် ကြာညို့ကတော့ အခန်းထဲမှာ တစ်ယောက်တည်း ဒီတိတ်တွေဖြင့် ကျန်ခဲ့သည့်အဖြစ် ..။

"ရော့ .. တိတ်တိတ်လေး စား .."

ဘေးတွင် ကိုတိုး ရောက်လာသည်ဟု ခံစားရလျက် ငဲ့ကြည့်တော့ ကိုတိုးကို တွေ့သည်မို့ပဲ ခေါင်းကိုက်မ်းပေးတော့ ကိုတိုး ခေါင်းခါသည်။

လက်ထဲမှ အဆီတွေကို ကြာညို့ စုပ်လိုက်ပြီးသည့် နောက်မှာ ..

www.burmeseclassic.com

www.burmeseclassic.com

"သူ့ကို ဖားထားရတယ် သိလား .. ပြန်မတိုင်ဘူးလို့ ပြောတာကို အဟုတ်မှတ်နေတာ .. ဘယ်ရမလဲ .. ဘိုးဘိုးကို ပြန်တိုင်မှာပေါ့ .. အရိုးပဲကျွေးစာယ်လို့ သိလား .. အသားတွေကျတော့ သူချည်း စားပစ်တယ်လို့ .. ကြာခဲ့ကို ကြွက်ဥကြော်ပဲ ကျွေးတယ်လို့ .. ဘယ်မတိုင်ဘဲ ထားလို့ ဖြစ်ပါ့မလဲ .. ရှိသမျှ အကောင်းတွေ သူချည်းစားပစ်လိုက်တာ .. ပါးစပ်မှာ အဆီတွေကို ဝင်းနေတာပဲ .. သိပ်ရွံဖို့ကောင်းတာ .. ကြာညိုလို သန့်သန့်ရှင်းရှင်းလည်း မစားသောက်ဖတ်ဖူး သိရဲ့လား .."

ဟု ခေါင်းကိုငဲ့၍ ခပ်တိုးတိုး အတင်းအုပ်နေတော့ ကိုတိုး ပြုံး၍ နားထောင်နေသည်ဟု ကြာညို ခံစားဖြစ်၏။ ကြည့်လိုက်တော့လည်း ပြုံးကြည့်နေတာကို မြင်ရသည်။

"စားလိုက် .. စားလိုက် .."

ဟု ကိုတိုး ခပ်တိုးတိုး ပြောသည်။ ကြာညို .. နေရာရွှေ့၏။ ထရံကို သွားမှီသည်။ ခြေကိုစင်း၍ထိုင်ကာ ဘဲခေါင်းကို တကြွမ်းကြွပ် စတင်၍ ဝါးနေမိရပါ၏။ အရသာရှိလိုက်တာ နော့်ဟု မျက်စိလေးမှိတ်ကာ ပီတိဖြင့် ကြာညို ခပ်တိုးတိုး ပြောမိရှာပါသတည်း ..။

အခန်း(၂)

"ကြာညို့ကို .. ဘဲကင်လဲ ကျွေးတယ် ဘိုးဘိုး .. ကြက်သားလဲ ကျွေးတယ် ဘိုးဘိုး .. ဦးအုပ်က .. အရင်နေ့က .. ကြွက်ဥပဲကျွေးတာ .. ဒီနေ့ညကျတော့ .. ဘဲကင်ကျွေးတယ် သိလား .. အရိုးတွေချည်းပဲ .. အသားကျတော့ ဦးအုပ်ပဲ စားပစ်လိုက်တာ .."

ခပ်တိုးတိုး တိုင်နေသမျှ ဦးဘုန်းရှိန်သာ ပြုံး၍နားထောင်သည်။ နောက်တော့ ခပ်လှမ်းလှမ်းမှာ လက်ပိုက်၍ ရပ်နေသည့် ဦးအုပ်စိုးကို ကြည့်၏။ အကြည့်က ခပ်တင်းတင်းနိုင်သည်။

"ကိုအုပ်စိုး .. နောက်ကို .. ကြာညို့ကို .. အစားအသောက် ဂရုတစိုက် ကျွေးပါ .. ကလေးစားဖို့ အဓိကဖို့တာ နားလည်တယ် မဟုတ်လား .. အရိုးပဲ ကျွေးစာမျိုးကတော့ ဖြင့် အလွန် အရပ်ဆိုးစဲ့ကိစ္စပဲ .. ကိုအုပ်စိုး အတွက်လည်း စားသောက်စရာ ပို့တာပဲ .. မျှတစားပေါ့ဗျာ .. ကလေးက မဟုတ်မတရားတော့ မတိုင်လောက်ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ခပ်တင်းတင်း ပြောတော့ ဦးအုပ်စိုး မျက်နှာ ပျက်လျက် ခေါင်းငုံ့ချကာ ..

"အမြဲ အကောင်းချည်းပဲ ကျွေးတာပါ အန်ကယ်ရယ် .. ကြာညိုက ကျွန်တော့်ဆို အမြဲ အပြစ်ချည်းလုပ်ပြီး တိုင် ထောနေတာပါ .. သူ့ကို ကျွန်တော့် သံယောဇဉ်လဲ ရှိပါ တယ် .. အစားကို ချောမွေ့တောင်မှ ကျွေးရတာပါ .. ဟင်းကိုလဲ အလွန်ဇီဇာကြောင်တဲ့ ကြာညိုပါ .. စားနေရင်း နဲ့ .. ထမင်းပန်းကန်ကြီး လွှင့်ပစ်ချင် လွှင့်ပစ်တတ်တာ ပါ .. အန်ကယ် ကျွန်တော့်ကို မယုံကြည်ရင်ဖြင့် .. အလုပ် က ထွက်ပေးပါ့မယ် ခင်ဗျာ .."

ဟု ပြောပြီး တစ်ချက်လှမ်း၍ ကြာညိုကို စိုက်ကြည့် သည်။

"မယုံရင် .. ဒေါက်တာ့ကို မေးကြည့်ပါ အန်ကယ်ခင်ဗျာ .. တစ်ခါ တစ်ခါ ကြာညို ဆိုးနေတာ ဒေါက်တာ အမြင် ပါ .."

ဟု ပြောတော့ ဦးဘုန်းရှိန်သာ၏ ဘေးတွင်ထိုင်နေ သည့် ဒေါက်တာအောင်မင်းမှ ခေါင်းညိတ်ဖြရင်းမှ ..

"ကိုအုပ်စိုး ပြောတာ အမှန်ပါ အန်ကယ် .."

ဟု ဝင်ထောက်ဆော့ ကြာညို မျက်မှောင်လေးကုတ် ကျသွားရှာသဖြင့် ဘိုးအေ အားကိုးဖြင့် လက်မောင်းကြီးကို အားကိုး တကြီး ကိုင်လိုက်ကာ ခေါင်းကိုမော့၍ ..

"သားကို .. ထိုးတယ် ဘိုးဘိုး .. ဒီမှာ .. ကန်တယ် .."

ဟု နံဘေးမှာ အညှိုအမည်းရာကို အကျိုလေး လှန် ပြတော့ ဦးဘုန်းရှိန်သာ မျက်နှာကြီး ရဲတက်လာကာ ခေါင်းကြီး တော်ခနဲဖြစ်လျက် ဦးအုပ်စိုးကို မျက်နှာဆားတည်တည်ဖြင့် စိုက် ကြည့်လာပါပြီ။ ဖြူန်းခနဲ ဆရပ်လိုက်ကာ ခြေလှမ်းကျဲကြီးဖြင့် ခပ်မြန်မြန် လျှောက်သွားရင်းမှ လက်ညှိုးထိုးလျက်ဖြင့် ..

"မင်း .. အလုပ်ကထွက် .. အခု ထွက် .."

ဟု ငေါက်ဆတ်ဆတ်ကြီး မေးကြော်တွေ ထောင် ထနေအောင် ဒေါသဖြင့် အော်ခိုက် ခေါက်တာဦးအောင်မင်းမှ ..

"ကြာညို ခြေချော်ပြီး စားပွဲစောင်းနဲ့ ဆောင့်မိတာကို ကျွန်တော်ကိုယ်တိုင် မြင်တာပါ အန်ကယ် .. ကိုအုပ်စိုး ကလည်း ငြိမ်နေလိုက်တာဗျာ .. အန်ကယ့်ထိ ရှင်းပြမှေါ့ .."

ဟု ကမန်းကတန်းကြီး ဝင်၍ ကာပြော ပြောနေရင်း ကြာညို့ကိုလည်း ကြည့်ကာ မျက်နှာချို့ချိုဖြင့် ..

"ကြာညို ချော်ပြီး စားပွဲစောင်းနဲ့ ဆောင့်မိတာလေ ကလေးရဲ့ .. ဘာလို့ ဒဏ်ရာရတာလဲ .. ဦးအုပ်ကို အဲသလို ဒုက္ခမပေးရဘူးလေ .."

ဟု လေသံပျော့ပျော့လေးဖြင့် ဖျောင်းဖျသလို ပြော သောအော့ ကြာညို ခေါင်းကြီး ယမ်းကာ ..

"ကန်တာ ဘိုးဘိုး .. ဦးအုပ်နဲ့ မနေချင်ဘူး ဘိုးဘိုး .. သူ့ကို .. အော်ပစ်လိုက် .. မောင်းထုတ်ပစ်လိုက် ကောင်းတယ် .. သားရဲ့ ၄၈၀၀လေးကိုလဲ ဦးအုပ်က လွှင့်ပစ်လိုက်လို့ သွေးသွားပြီ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု တိုင်နေတော့ ငိုင်၍ ဦးဘုန်းရှိန်သာ ကြည့်ကာ ဆစ်လေးတွေ သပ်ပေးရင်း သက်ပြင်းရှိုက်ပါ၏။ ဦးအုပ်စိုးနှင့် ဒေါက်တာအောင်ဇင်းတို့ကို မျက်ရိပ်ပြသည်။ အခန်းထဲမှ ရှောင်သွားငို့ဆိုတာ နားလည်ကြဟုဖြင့် နှစ်ယောက်စလုံး ထွက်သွားကြတော့မှ ..

"နောက်ကို .. သား၏ ဦးအုပ် ခုလိုမရိုက်အောင် ဘိုးဘိုးရိုက်ပြီး ဆုံးမလိုက်မယ် .. ဟုတ်ပြီလား .."

ဟု ပြောတော့ ဆေါင်းကြီးမော့၍ ကြည့်ရင်းမှ ..

"တင် .. မောင်းမထုတ်လိုက်ဖူးလား ဦးအုပ်ကို .."

ဟု စိတ်ဝင်စားလက်ပျက် ပုံလေးဖြင့် မေးလာတော့ ဘိုးဘိုး ခပ်စိုးတိုး ရယ်သည်။ ဆစ်ကို သပ်ပေးတာ နာခေါင်းကို ဆွဲလိမ်သည်။ နဖူးလေးကို နမ်းသည်။

"ကဲ .. ကဲ .. ချောကလက် စားချင်စာယ် မဟုတ်လား .. စား .."

ဟု ချောကလက်ဘူးတစ်ဘူးကို ကမ်းပေးတော့ ဝမ်းသာအာရုံကြည်လို ယူသည်။ ဘိုးအေ၏ရှေ့ ကြမ်းပြင်မှာထိုင်လျက် ရှိစါသည့် ကြာဥလိုမှာ ကလေးလိုပဲ အားကိုးတကြီးနိုင်နွဲ့ ဘိုးအေ၏ ပေါင်ပေါ် လက်ကိုတင်၍ ..

"ကြာဥလို တစ်ခါတည်း စားလိုက်မယ်နော် ဘိုးဘိုး .. ခဲ့ မဟုတ်ရင် မစားရဘူးဗျ .. ဦးအုပ်က ယူသိမ်းသွားတာ .. သူကတော့ .. ဘာစားစား .. ဗိုက်ချောင်နေတာ ဘိုးဘိုး ရ .. သူ့ဗိုက်က ပြည့်ကို မပြည့်နိုင်ဘူး .. သားကိုဆို ..

ဘာမှကို မကျွေးတာ .. သား တိုင်ပြောရင်လဲ .. သူက ခံခြင်းနေတာချည်းပဲ .. သိပ်ဉာဏ်များတယ် ဘိုးဘိုးရ .. သား .. သူနဲ့ မနေချင်ဘူး ဘိုးဘိုးရာ .. ဘိုးဘိုးနဲ့ တူတူ လိုက်နေမယ်နော် .. ဘိုးဘိုးနဲ့နေမှ .. သားပျော်မှာ .."

ဟု ပြောနေတော့ ဦးဘုန်းရှိန်သာ မျက်ရည်ဝဲလျက် ဆင်းကြည့်နေသည်။

ချောကလက်ဘူးကိုဖွင့်၍ ချောကလက် ညှိုညှိုလေးတွေကို တစ်ခုပြီးတစ်ခု ကြာဥလို စားနေသည်။ ပါးလုတ်ပါးလောင်း စားနေသမျှကို ငေးစိုက်ကြည့်ရင်း တစ်ချက် ခပ်ငိုင်ငိုင် ဦးဘုန်းရှိန်သာ ငြိမ်နေ၏။ နောက်တော့ ပြုံး၍ ဆစ်တွေကို သပ်ပေးကာ ..

"မနက်ဖြန် .. သစ်တော့ခြံအိမ်ကို .. ကြာဥလိုနဲ့ ဘိုးဘိုးတို့ တူတူသွားနေကြမယ်လေ .. ဟုတ်ပြီလား .. မုန့်တွေလည်း အများကြီး စားကြမယ် .. ငါးမျှားကြမယ် .."

ဟု ပြောတာနှင့် ကြာဥလို ပျော်သွားကာ ချောကလက်တွေ ပေနေသည့် လက်တွေဖြင့် ဘိုးအေ၏ ပါးကို ခုံကိုင်ကာ အညိုရောင်ချောကလက်တွေ ပေလူးနေသည့် နှုတ်ခမ်းဖြင့် အားပါးတရကြီး နမ်းနေသမျှ ဦးဘုန်းရှိန်သာ ရယ်မော၍ ခံနေသည်ပါ ခဲ့ .. ချောကလက်တွေ ကုန်အောင် တကယ်ပဲ ကြာဥလိုစားသည်။ အားလုံးကုန်မှ ရေတစ်ဖန်ခွက်ကို တကျိုက်ကျိုက်ဖြင့် ကုန်အောင် သောက်၏။ ဗိုက်ကားနေပြီဖြစ်သည့် ကြာဥလိုကို ခုလင်အေားရှိ အောင်နေရာသို့ ခေါ်သွားကာ လက်တွေကအစ ပါးစပ်တွေအဆုံး

www.burmeseclassic.com

www.burmeseclassic.com

အားလုံး ဦးဘုန်းရှိန်သာ ဆေးပေး သုတ်ပေးသည်။ ခုတင်ပေါ် တူတူထိုင်ကာ ..

"အိပ်လိုက်နော် ကြာညို .. ဘိုးဘိုးလဲ ဒီညမှ ပြန်ရောက်တာ .. မောနေပြီ .. ပြန်အိပ်မယ်နော် .. ဦးအုပ်ကို မဆိုးရဘူးနော် .."

ဟု တိုးတိုးဖွဖွ ပြောတော့ ကြာညို ခေါင်းလေးမော့၍ ခေါင်းဆုံးထက်မှ ခေါင်းလေး ကွတ်ကွက်သွားအောင် ထောင်မတ်လိုက်ရင်းမှ ..

"ကြာညိုက မဆိုးဘူး ဘိုးဆိုးရ .. ဦးအုပ်က ဆိုးတာ .. သူ့ကို .. သွေးချွေးကိုရိုက်ပြီး ဆုံးမလိုက်နော် .. ဆုံးမလိုက်"

ဟု ပြောနေတော့ ဦးဘုန်းရှိန်သာ ခေါင်းညိတ်သည်။ စောင်းလေးခြုံပေးကာ လှည့်ထွက်မည်ပြုပြီးမှ သတိရဟန်ဖြင့် စားပွဲပေါ်မှ ဆေးပုလင်းကိုယူကာ ဆေးလုံးလေးကွေထုတ်၍ တယုတယ ကိုယ်တိုင်ဆေးတိုက်သည်။ ပြီးမှ .. ကြာညိုကို စောင်းလေးပြန်ခြုံပေး .. ။ အခန်းတွင်းမှထွက် .. ။ တံခါးချွက်ကို အသံမမြည်အောင် ဖေ့ပိတ်ပြီးမှ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်သွားသည်။ တီဗီရှေ့ ဆက်တီတွင် ထိုင်နေသည့် ဦးအုပ်စိုးနှင့် ဒေါက်တာအောင်မင်းတို့ကိုကြည့်ပြီး သက်ပြင်းရှိက်ကာ ပြတင်းအနီးမှာ ဦးဘုန်းရှိန်သာ သွားရပ်ပါ၏။ အားလုံးကို ကျောပေးထားကာ အတန်ကြာ ငြိမ်သက်ရပ်နေပြီးမှ ပြန်၍လှည့်လာကာ ..

"ကြာညို အပေါ်မှာ .. ဂရုတစိုက် ကြင်ကြင်နာနာဆက်ထေ ဖို့ကော့ ကိုအုပ်စိုးကို ကျွန်တော် မှာချင်ပါတယ် .. လူခ

ကအစ .. အစားအသောက်ကအစ ကျွန်တော့်ဘက်က .. တာဝန်ကျေပါတယ် ကိုအုပ်စိုး .. ကြာညိုကို .. ပျောက်မသွားအောင်ထိန်းဖို့ .. သူ့ကို အစားအသောက် စားဖြစ်ဖို့ .. ဆေးမှန်မှန်တိုက်ဖို့ ဆိုတာလောက်ပဲ တာဝန်ရှိတာပါ .. အဝတ်လျှော်တဲ့ မိကျောလဲ မှန်မှန်လာပြီး အဝတ်တွေလျှော်ပေးတယ် .. မီးပူကအစ တိုက်ပေးတာပါ .. အိမ်သန့်ရှင်းရေးလဲ မိကျောပဲ လာလာလုပ်ပေးတာပါ .. ကြာညို့ အပေါ် ကြင်ကြင်နာနာ ဆက်ဆံပါဗျာ .. "

ဟု ပြောပြီး ဒေါက်တာဦးအောင်မင်းကို ပြုံး၍ .. "ဒေါက်တာ့လူကို .. ဒေါက်တာ .. တာဝန်ယူပေးပါဗျာ .. ကျွန်တော် ဘာကို ဆိုလိုတယ်ဆိုတာ သူ ကောင်းကောင်းနားလည်လိမ့်မယ်လို့ ထင်ပါတယ်၊ ဟဲ .. ကျွန်တော်ပြန်နားလိုက်ဦးမယ် .. "

ဟု ပြောပြီး ထွက်သွားတော့ ဒေါက်တာအောင်မင်း ခေါင်းသုတ်သုတ် နောက်မှလိုက်သွားသည်။ ဒေါက်တာအောင်မင်းမှာ နံသာမြို့ပတ်ပတယ်၏ အခန်းတစ်ခန်းတွင် သပ်ရပ်ခန့်သန့်စွာ တိုင်ကျကျ နေနေရသည့်သူပါ .. ။ ဦးဘုန်းရှိန်သာ ကိုယ်တိုင်ဆောင်းသည့် ပရာဒိုကားကြီးပေါ် ဘေးမှထိုင်လိုက်သွားရင်းမှ ..

"ကျွန်တော် .. ကိုအုပ်စိုးကို .. သူ ဘာလုပ်ရမယ်ဆိုတာ အမြဲ .. သတိပေးနေကျပါ အန်ကယ် .. စိတ်ချပါ .. ကျွန်တော် သတိပေးနေတာကို သူ နားထောင်လိုက်တယ် .. ဘာကြောင့် .. ကျွန်တော် .. အဲသလို .. ဂရုစိုက်မှာလဲ

www.burmeseclassic.com

www.burmeseclassic.com

ရတယ် ဆိုတာ .. သူတောင်မှ နားမလည်နိုင်လောက်အောင် ရှိနေရတာပါ .."

ဟု ဘေးမှ ပြောနေသမျှကို ဦးဘုန်းရှိန်သာ ငြိမ်သက်စွာ နားထောင်နေသည်။ ခြံတံခါးကို ပြေးလာဖွင့်ပေးသော ဦးဆုပ်စိုးကို ခပ်တည်တည်ပဲ ဦးဘုန်းရှိန်သာကြည့်သည်။ မျက်နှာလုံးဝဓကောင်းနိုင်ဘဲ ရှိနေပါသည့် ဦးဆုပ်စိုးကို ပြုံးပင် ပြုံးပြခဲ့ခြင်း မရှိသည်က ဦးဘုန်းရှိန်သာပါ ..။

ဟိုတယ်ကြီး၏ ဧည့်ခံကိုအောက်မှာ ကားရပ်ကာ ကားပေါ်မှ ဦးဘုန်းရှိန်သာ ဆင်းသည်။ ဟိုတယ်ဝန်ထမ်းကောင်လေးမှ ပြေးလာကာ ကားတံခါးကို သုတ်သုတ်လေး ဖွင့်ပေးပါ၏။

ကားပေါ်မှ ဦးဘုန်းရှိန်သာ ဆင်းပြီးတာနှင့် ဒေါက်တာအောင်မင်းမှာ ကားကို ကားဂိုဒေါင်ဘက်ဆီသို့ မောင်းသွားဖို့ နေရာပြောင်း၍ ထိုင်သည်။ ဘုန်းရှိန်သာ ခြေလှမ်းမှန်မှန်ဖြင့် ဟိုတယ်တွင်းသို့ ဝင်သွားပြီးမှ ဒေါက်တာအောင်မင်း ကားကို မောင်းထွက်သွားပါ၏။

ဟိုတယ်၏ ရီဆက်ပ်ရှင်တွင် ရှိနေသော နွဲ့နွဲ့ကို ဦးဘုန်းရှိန်သာမှ ဟိုတယ်တွင် လာရောက်တည်းခိုသူတို့၏ အခြေအနေကို တစ်ချက် ရပ်မေးသည်။

အခန်းတိုင်း ပြည့်လုနီးပါး တည်းခိုသူတို့ ရှိနေကြသည်မို့ ဦးဘုန်းရှိန်သာ မျက်နှာ အတန်အသင့် ကြည်လင်လာ၏။

"ထူးခြားတာ တစ်ခုတော့ ရှိပါတယ် အန်ကယ် .. ခု .. တည်းခိုသူထဲမှာ နာမည်ကြီး စာရေးဆရာမလေး လှလွန်းအိမ် ဆိုတာ ရှိနေပါတယ် .. ဒီဟိုတယ်ကြီးရဲ့ ကြော်ငြာကို တွေ့တာနဲ့ ကိုယ်တိုင် ပါဂျရိုးကြီး မောင်းပြီး ရောက်လာတာပါ .. သူ့စာအုပ်မှာ ဒီဟိုတယ်အကြောင်း ထည့်ရေးမယ်လို့လဲ ပြောပါတယ် အန်ကယ် .."

ဟု ပြောလာသည့် နွဲ့နွဲ့ကို ဤတစ်ကြိမ်မှာ ဦးဘုန်းရှိန်သာ ကျေနပ်ကြည်နူးစွာ ကြည့်လာပါ၏။

"ကောင်းတာပေါ့ မနွဲ့နွဲ့ .. သူ့ကို ပြောလိုက်ပါ .. ဒီညဦးပိုင်းလေးမှာ အန်ကယ်က .. လက်ဖက်ရည်ပွဲလေးနဲ့ ဧည့်ဝတ်ပြုချင်ပါတယ်လို့ .. အန်ကယ့်ရဲ့ .. ညီခန်းဆောင်ကို .. ဆရာမလေးကို ခေါ်လာပါ .. ခုလို .. သူ .. လာရောက်တည်းခိုတဲ့အတွက် .. အန်ကယ် အလွန်တရာကို မှ ဂုဏ်ယူပါတယ်လို့လဲ ပြောလိုက်ပါ .. သေချာသွားဖိတ်ပါ .. ဖုန်းနဲ့ဆက်ပြီး ဖိတ်တာမျိုး မလုပ်မိပါစေနဲ့ .."

ဟု ပြောပြီးသည်နှင့် ဦးဘုန်းရှိန်သာ ခြေလှမ်းမှန်မှန်ဖြင့် တည်တည်ငြိမ်ငြိမ်ပဲ ဟိုတယ်၏ အပေါ်ထပ်ဆီသို့ တက်သွား၏။ နွဲ့နွဲ့ ဝမ်းသာစိတ်လေးဖြင့် ကျန်ရစ်ခဲ့ရပါပြီ ..။

ဘာပဲဖြစ်ဖြစ် .. ။ ကိုယ့်အလုပ်ရှင် သူဌေးကြီးကို လှလွန်းအိမ် လာရောက်တည်းခိုသည့် သတင်းကို အမှတ်တမဲ့ ပေးမလျော့ ပြောပြမိသည့် အတွက် .. ကိုယ့်အလုပ် .. ကျေနပ်သဘောကျသွားတာမို့ .. ။ အလုပ်ရှင်၏ ချီးမြှင့်မှု

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကိုဟော ရာဇဆရာဦးမည်သာ ..။ ဟောက်ဆွေးလည်း ရဉ်းသည် ..။ အလုပ်အတွက် ကုထုးတိုးစရာရှိလျှင်လည်း ကိုယ်က အဆေးသာမည်။ ဦးဘုန်းရှိန်သာသည် .. လုပ်ငန်းအပေါ်မှာ အာရုံနှစ်ဝင် ဂရုစိုက်သည့် ဝန်ထမ်းမျိုးကို အလွန်သဘောကျတတ်သည် ဆိုတာ နားလည်ထားသည်ကိုးလေ ..။

အခန်း(၆)

ခုတင်ထက်မှာ ခွေခွေလေးကွေး၍ အိပ်မောကျနေပါသည့် ကြာညိုကို စိုက်ကြည့်နေရာမှ ဒေါက်တာအောင်မင်း စာစ်ချက် ခပ်သဲ့သဲ့ပြုံးသည်။ ဦးအုပ်စိုးကိုလည်း ငဲ့ကြည့်လိုက်ပါ၏။ ဒေါက်တာအောင်မင်း ပြုံးသည့် အပြုံးနှယ် တုပ၍ ဦးအုပ်စိုးဘလည်း ခပ်မဲ့မဲ့ ပြုံးသည်။

လက်တွင်းမှာ ရှိနေပြီဖြစ်ပါသည့် ဆေးထိုးဆရင်းကို ငဲ့ကြည့်လိုက်ပြီးမှ ခေါင်းကို ဆတ်ခနဲ ဒေါက်တာအောင်မင်း ညိတ်ပြလိုက်သည်နှင့် သန်မာသော လက်များဖြင့် ဦးအုပ်စိုး၏ သက်တွေက မြဲမြံကြမ်းတမ်းလွန်းစွာ ကြာညို့ မနုံးများ လက်များကို ဖိအုပ်ချူပီ ကိုင်ထားလိုက်ပါပြီ ..။ ဒေါက်တာအောင်မင်းမှ ကြာညို့ကို ဇောထိုးလိုက်ကာ ကိုယ်ကို တစ်ချက်မတ်လိုက်စဉ် နှိုက် ဆေးထိုးခံလိုက်ရသည်မို့ ကြာညို့ မျက်ဝန်းတွေ ဆတ်ခနဲ အထိတ်တလန့် နာနာကျင်ကျင်လေး မွှင့်လာကြပါ၏။

အုပ်မိုးထားဆဲ ဦးအုပ်စိုး၏ လက်တွေက ကြမ်းတမ်းစွာပဲ ကြာညို့ပန်းတွေကို ထူမတ်လိုက်တာမို့ ကြာညို့ ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးပါလာသည်။ အိပ်မွန်စုံမွှားလည်း ဖြစ်နေဆဲ ..။ ဆေးထိုးခံလိုက်ရသည့် အသိဖြင့် နာကျင်ခြင်းဖြင့် လန့်နိုးလာရပါသည့် ကြာရှည်သည် ဘာကိုဘာမျှ မသိလိုက် မကာကွယ်လိုက်နိုင်ဘဲ ခုတင်ပေါ်မှ ဆွဲတွန်းချလိုက်တာကို ခံလိုက်ရချေသည်တကား ..။

ကြာညို့ မျက်ဝန်းတွေက နာကျင်သော ဖေဒနာများ၏ ခံစားမှုများဖြင့် ပြည့်သိပ်နေကြလျက် ..။ ရုတ်တရက် ဘာတွေဖြစ်နေသည် ဆိုတာကို ခွဲခြားနားလည်နိုင်ရန် အားအင်မကျန်တော့သည့်နယ် မော့ခနဲ ကြည့်လာရှာသည်။ ဘာကြောင့် ခုလို ကြမ်းတမ်းစွာ ခုတင်ပေါ်မှာ ဆွဲတွန်းဆောင့်ချခံလိုက်ရသည် ဆိုတာကို နားလည်နိုင်ပုံ မရ ..။

ပြီးတော့ .. မျက်ဝန်းများ လေးလာနေသည်။ ကိုယ်တွင်းမှာ အားမကျန်တော့သည့်နယ် ဖြစ်လာနေသည်။ လက်တွေက ကြမ်းပြင်ပေါ်မှာ တွဲရရွဲ ဖေးတင်နေကြလျက် ..။ ထိုင်နေပုံက ခါးရိုးတွေ ကုန်းကွေးညွတ်ကျကုန်ကြသည့်နယ် ပုံပုံကျမှု ရှေ့ဘက်ကို ငိုက်မှေးကျနေဝါ၏။ နောက်တော့ .. ပါးစပ်တွင်းဆီမှ သွားရည်တွေ စီးကျလာနေကြပါပြီ ..။ နှုတ်ခမ်းကို လျှပ်နေသည်။ အသံတွေ ပွင့်ကျနေသည်။ ဒါပေမဲ့ .. မသဲကွဲ ..။ မပီသ ..။ လျှာလေး အာလေးကြီး ဖြစ်လာနေကြပြီ ..။

"ဘိုး .. ဘိုး .."

ဟု အာလေးသံကြီးဖြင့် ခေါ်နေသည်။ ဒါပေမဲ့ တစ်ကိုယ်လုံး ကွေးညွတ်ပုံကျနေကြလျက် ကိုယ်ကြီးပါ ငိုက်ဆင်းလာကာ ကြမ်းပြင်ပေါ် ကုန်းကုန်းကြီး မှောက်ချလိုက်သည့်နှယ် ဖြစ်လာနေရပါပြီ ..။ တင်ပျဉ်ချိတ်ထားသည့်နယ် ကြမ်းပေါ်မှာ

ဦးနေရာမှ ရှေ့ဘက်ကို ကိုယ်ကြီးငိုက်ကျသွားသည်ဖြို့ ရင်ဘတ်သည် ဆောင့်နှင့်ကပ်လျက် လက်တွေက အောက်ဘက်ကြမ်းပြင်မှာ ပျော့တော်တော်ကြီး ငြိမ်နေသည်။ ပါးစပ်ထောင့်ဆီမှ သွားရည်တွေက စီးနေဆဲ ..။

မျက်လုံးများ မှေးငိုက်ကျလာရင်းမှ ကြာညို့ နှုတ်ခမ်းဆီမှ ညည်းညူသံလေးတွေ ပွင့်ကျလာနေကြပါ၏။ ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိနေသည့်နယ် မချိမဆန့် ပွင့်ကျလာသည့် သည်းသံ ..။ ကိုယ်ကိုလှုပ်၍ မရသည့်နှယ် ဖြစ်နေသည့်ကြားမှ အိုင်နိုင် ကြာညို့၏ ခေါင်းသည် မော့လာလျက် ဦးအုပ်စိုးကို ဆာ့ကြည့်ရှာပါ၏။ အရမ်းကို အပြစ်ကင်းစင်သော မျက်ဝန်းနက်နက်များ ..။ ကလေးတစ်ယောက်၏ မျက်ဝန်းနက်နက်များနှယ် ထာဘရိပ်ကင်းသည့် အကြည့်များ ..။ အရမ်းကို နာကျင်လျက် ဘုန်လှုပ်ချောက်ချားရိပ်များသာ ပြည့်သိပ်နေကြပါသည့် မျက်ဝန်းနက်နက်လေးများ ..။

လက်ကို အနိုင်နိုင် အားတင်း၍ ကြာညို့ ပင့်ယူဖို့ ကြိုးစားသည်။ မကြာမီ ဘာကိုရင်ဆိုင်ရတော့မည် ဆိုတာ သိနေလေးဖြင့် လက်တွေနှင့် ရှေ့မှာကာကာကွယ်ကွယ်လေး လုပ်ဖို့ ကြိုးစားနေရှာမှန်း အရမ်းကို သိသာနေပါသည့် အဖြစ် ..။

ခါးထောက်၍ စိုက်ကြည့်နေသည့် မျက်ဝန်းမာမာကြီးများကို ကြာညို့ ဦးအုပ်စိုးထံမှာ တွေ့ရလျက် ..။ အကြင်နာသောင်းသောင်းသော ကောက်ကျစ်လဲသည့် မျက်ဝန်းများကို ဦးအောင်ထံမှာ ကြာညို့ မြင်နေရချေမည် ဆိုစာ ဦးအုပ်စိုးရော .. ဦးအောင်မင်းရော .. မိမိဘာသာလည်း သိနေကြသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com

ဦးအုပ်စိုး၏ နှုတ်ခမ်းဆိမ့် ခနိုးခနဲနိုင်သော ရယ်သံ ပွင့်ကျလာသည်။ ဘာဆို ဘာမျှ တွဲပြန်မလုပ်နိုင်တော့သည့် သားကောင်တစ်ကောင်ကို အုပ်ခဲဝါးမျိုတော့မည့် ကျားတစ်ကောင် နှယ်ဝင် အကြည့်က အေးစက်ကြမ်းတမ်းနေကြပါချေ၏။

ဦးအုပ်စိုး၏ လက်တွေက ကြာညို့ ဝုခုံးကို ဆွဲယမ်း ထူတော်လိုက်တော့ အရုပ်ကြိုးပြတ်ပုံဖြင့် ကြာညို့ တစ်ကိုယ်လုံး သည် သန်မာသော ဦးအုပ်စိုး၏ လက်တွေ ဆွဲထူရာနောက်ဆီသို့ ပျော့ဖတ်ဖတ်ကြီး ပါသွားရပါပြီ ..။

"မင်းက .. ငါ့ကို .. တိုင်တယ် .. ဟုတ်လား ကြာညို့ .. ငါ့ကို အလုပ်ပြုတ်အောင် တိုင်တယ် ဆိုပါတော့ .. မင်း .. တယ်ပြီး အတိုင်အတော ထူတာကိုးကွ .. ငါ့ကို .. ဒေါက်တာက .. အမြဲတမ်း ကယ်တင်စောင့်ရှောက်ပေးနေ တယ် ဆိုတာကိုတော့ မမေ့နဲ့ငါလူ .. ဒီမှာ .. ဒေါက်တာ ရော .. ငါရော .. မင်းကို .. ဒီဘဝထဲမှာ .. ကြာကြာထား လေလေ .. အကြိုးများလေလေ ဆိုတာ နားလည်ထားကြ ပြီးသား .. မင်း .. တယ်ပြီး .. လျှာရှည်နေတာကိုး ကြာညို့ .. ခု .. ကြည့်စမ်း .. မင်းကို ဘယ်သူမှ မကယ် နိုင်တော့ဘူ .. မကယ်နိုင်တော့ဘူး .."

ဟုး ပြောလည်းပြော ..။ ကြာညို့ ကိုယ်ကြိုးကို အခန်းနံရံမှာ ဆောင့်ဆောင့်တိုက်နေသံမျှ .. ပျော့ဖတ်ဖတ်ကြီး အုန်းခနဲ အုန်းခနဲ ပါသွားရရင်း ကြာညို့ နဖူးသည်လည်း နံရံ နှင့် ဆောင့်မိ ..။ သွေးတွေ ဖြာခနဲ ကျလာသည် အထိပါ ..။ ပခုံးတွေ နာကျင်လွန်းနေသည်ဖို့ လက်တွေကို အနိုင်နိုင် မ,ယူ

ရင်း ဝခုံးပေါ် အုပ်မိုးဖို့ ကြာညို့ ကြိုးစားရသည်။ ဒါပေမဲ့ လက် ဆွဲက လမ်းခုလတ်မှာပဲ ပြန်၍ တွဲရမွဲကြီး ပြုတ်ကျသွားရရှာ သည်ပါပဲ ..။ ကိုယ့်ကို မျက်နှာချင်းဆိုင် ပြန်၍ဆွဲလှည့်လိုက်ပြန် ရာ နောက်ကျောကို အခန်းနံရံမှာ ဆောင့်ခနဲ ဆောင့်ခနဲ တွန်း ဆိုက်နေတော့လည်း တဘုန်းဘုန်းဖြင့် အရုပ်ကြိုးပြတ်ပမာ ရှေ့သို့ ခေါင်းတွေ ငိုက်ကျနေရင်း ကြာညို့ ခံနေရရှာသည်။

ပါးစပ်ဆိမ့် ညည်းတွားသံတွေကတော့ အဆက်မ ပြတ် လေးတွဲ့တွဲ့ကြီး ထွက်ကျလာနေသည်ကတော့ ကျနေဆဲ ..။ နှုတ်ခမ်းဆိမ့် သွားရည်တွေကလည်း ကျနေဆဲ ..။

မျက်ဝန်းဆိမ့် မျက်ရည်တွေလည်း နာကျင်လွန်းနေ သည့် ဒဏ်ရာများကြောင့် ကျနေဆဲ ..။ ဘိုးအေကို တမ်းတသံက သွားတွေလိပ်နေသည့်နှယ်ဖြင့် လေးတွဲ့လုံးဝါးစွာ တစ်ခါ တစ်ခါ ပွင့်ကျလာနေသည်။ ခုတင်ပေါ်မှာ ထိုင်၍ ကြည့်နေရာမှ ဦးအောင်မင်း ထရပ်လိုက်သည်။

"ရပြီ .. တော်တော့ .."

ဟု တားခိုက် အတိုင်အတော ခံထားရသည်မို့ ဦးအုပ်စိုးမှ မျက်ထောင့်ဖြင့် ကြာညို့ကို ကြည့်သည်။ ခေါင်းကို ငိုက်၍ ငိုက်ချကာ ကြာညို့ မျက်ဝန်းများကို တည့်တည့်ကြည့် သည်။ ဆေးအရှိန်ဖြင့် အားကုန်အားပြတ် ငိုက်ကျနေပါသည့် ကြာညို့ မျက်ဝန်းများမှာ ထိတ်လန့်ကြောက်ရွံ့ရိပ်တွေက အရုမ်းကို ဆောင်နေသည့် ဒဏ်ရာများကြောင့် ပြည့်သိပ်နေကြပါချေ၏။ ကြာညို့ နှုတ်ခမ်းတွေ ရွဲ့နေကြလျက် ညည်းညူသံတွေက အဆက် မပြတ် ..။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင် .. ခုတလော .. ပိုပြီး ဆောင့်ကြွားကြွား ဖြစ်နေတယ် ဒေါက်တာ .. ဘိုးအေကို တိုင်တိုင်တောတော ဖိုလုပ်နေတယ် .. သူ့ကို သင်ခန်းစာ ကောင်းကောင်းပေးထားမှ ဖြစ်မှာ .."

ဟု အံခဲ၍ ပြောခိုက် ..

"အဲသလို သူ့ကို ဒဏ်ခတ်နိုင်အောင် .. ခုပဲ .. ဆေးထိုး .. ခုလိုလဲ .. ဒဏ်ခတ်ပြီးနေပြီပဲ .. သိပ်ပြီး လက်လွန်ကုန်ရင်လဲ မကောင်းဘူးဗျ .. ကဲ .. ဒီကောင့်ကို .. ဒဏ်ရာကို ဆေးထည့် ပတ္တီးစည်းပေးရအောင် .. အဝတ်အစားလဲလဲပေးမှ ဖြစ်မယ် .. ပြီးမှ .. ကျွန်တော် .. အန်ကယ့်ကို သွားခေါ်လာခဲ့မယ် .. ကြာညို သောင်းကျန်းနေလို့ .. ဆေးထိုးခဲ့ရတယ်လို့လဲ ကျွန်တော် ပြောမယ် .. အန်ကယ် သွားပြီးတာနဲ့ .. ထပြီး .. နံရံကို ခေါင်းနဲ့ဆောင့် .. ဗန္ဓနည်းတွေကနဲ့ ဖြစ်နေတယ်လို့ ပြောမယ်လေ .. ကျွန်တော်တို့ နှစ်ယောက် မနည်း သူ့ကိုထိန်းကြရ .. ဆေးထိုးပေးရနဲ့ ဖြစ်ကြရတယ်လို့လဲ ပြောမယ် .."

ဟု ဦးအောင်မင်း ပြောသမျှ ဦးအုပ်စိုးမှ ခေါင်းညိတ်လိုက်ကာ အားရကျေနပ်စွာ ကြာညို့ကို ကြည့်သည်။ စိတ်ရှုလက်ရှိ တစ်ချက်မျှ နံရံမှာ ကြာညို့ ကိုယ်ကို ဆောင့်လိုက်ပြီးမှ ခုတင်ပေါ် တွန်းပစ်ချလိုက်တော့ ကြာညို့ ကိုယ်ကြီး ခုတင်ပေါ် မှောက်လျားထိုးကြီး ကျသွားပါပြီ .။ ခြေထောက်တွေက ကြွင်ပြင်ပေါ်မှာ ရှိနေကြလျက် ကိုယ်အပေါ်ပိုင်းက ခုတင်ထက်မှာ မှောက်လျက်သား ရှိနေပါသည့် ကြာညို့ လက်တွေက အရှိန်

သည့်နှယ် ခုတင်ထက်မှာ ပျော့ဖတ်ဖတ်ကြီး ပုံပန်းမကျစွာ ဝေးတင် နေကြပါ၏ချေ၏။

ကြာညို့ ကိုယ်ကြီးကို ခုတင်ပေါ် ပြန်တင်ကြ .။ အဝတ်အစား လဲပေးကြ .။ နဖူးမှ ဒဏ်ရာကို ပတ္တီးစည်းကြနှင့် ဒေါက်တာအောင်မင်းနှင့် ဦးအုပ်စိုးတို့မှာ ချွေးပြိုက်ပြိုက်ကျနေပါပြီ ..။

ပခုံးနှင့် ကျောများမှာ ညိုမည်းရာတွေဖြင့် ရှိနေကြလျက် .။ လက်မောင်းတွေမှာလည်း ရောင်ကိုင်းညိုမဲနေကြကာ မျက်နှာထက်မှာ တဖြည်းဖြည်း ညိုမည်းရာတွေ ထင်းထင်းကြီး ပေါ်နေကြလေသမျှ ဒေါက်တာအောင်မင်း ငေးစိုက်ကြည့်နေရင်းမှ ထရုပ်လိုက်ကာ ဘေးမှာရပ်နေဆဲ ဦးအုပ်စိုးကို ပါးချိတ်ဆီသို့ လက်သီးတစ်ချက် ပစ်ထိုးလိုက်တာမို့ ကြမ်းပေါ် ပုံခနဲ ကျသွားပါသည့် အဖြစ် .။

ပါးချိတ်ပေါ်မှာ လက်ဖမိုးကို နာကျင်လွန်းစွာ အုပ်မိုးထားလျက် မော့၍ ဦးအုပ်စိုး ဒေါက်တာအောင်မင်းကိုကြည့်သည်။ မျက်ဝန်းများဆိမ့် ဒေါသရိပ်သည် ဖုံးဖိမရအောင် ပေါ်လာလျက် ဘာမပြော ညာမပြော ထဲရပ်ကာ ဒေါက်တာအောင်မင်းကို တစ်ချက် ပြန်၍ထိုးလိုက်ပါသတည်း .။

"ကျုပ်ကို .. အဲသလို .. လုပ်လို့မရဘူး ဒေါက်တာ .. ကျုပ်မိန်းမလျာ မဟုတ်ဘူး .. ကျုပ်ကို လက်သီးနဲ့ထိုးတဲ့ လူတစ်ယောက်ကို .. ဘာမှ ပြန်မလုပ်ရဲတဲ့ လူကြောက်တစ်ယောက် မဟုတ်ဘူး .. ပြီးတော့ .. ပြန်လုပ်လို့မရအောင် ဆေးထိုးခံထားရတာလဲ မဟုတ်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု အံ့ခဲ့၍ ပြောတော့ ဒေါက်တာအောင်မင်း ကြမ်းပြင်ထက်မှာ လဲနေရာမှ ထရပ်သည်။ နှုတ်ခမ်းထောင့်ကွဲ သွားသူက သွေးကျနေလေသမျှ လက်ကိုင်ပဝါဖြင့်သုတ်ကာ တုန်ခနဉ်းဉ်းကြီး ဦးအုပ်စိုးကို ကြည့်လာပါ၏။

"ခင်ဗျားမှာ ဒဏ်ရာဒဏ်ချက် မဲ့တစ်ပေါက် မစင်ဘဲ ခုလို အကောင်းပကတိကြီး ရှိနေရင်နဲ့ ကြာညို့ကို ခက်ခက်ခဲခဲကြီး ထိန်းရ ချုပ်ရ ဆေးထိုးနိုင်အောင် ကြိုးစားပေးနေရဲ့ ရှိနေခဲ့တယ်လို့ ပြောချင်တယ် ဆိုရင် အနည်းဆုံး ခု ကျွန်တော် ထိုးလိုက်တဲ့ ဒဏ်ရာလောက် တောင်မှ မရှိဘူးဆိုရင် ဘယ်လိုယုတ္တိတန်ပါတော့မလဲ ကိုအုပ်စိုး အန်ကယ့်ကို ခေါ်ပြရတဲ့အခါမှာ ခင်ဗျား မှာလဲ ကြာညို့က ပြန်သောင်းကျန်းရင်း ထိုးလိုက်တဲ့ဒဏ် ရာလေး အနည်းအကျဉ်းလောက်တော့ ရှိနေသင့်တယ် မဟုတ်လား"

ဟု ပြောတော့ ဦးအုပ်စိုး ရယ်သည်။ လျှောင်သံပါ နေ၏။

"အဲသလိုတော့ မလုပ်နဲ့လေ ဒေါက်တာ ကျွန်တော်တစ် ယောက်တည်း ဒဏ်ရာရပြီး ဒေါက်တာကျတော့ မရ ဘူးဆိုရင် ဘယ်ယုတ္တိတန်မလဲ မျှမျှတတပေါ့ဗျာ ခင်ဗျားလဲ နှင့်နေအောင် လခရထားတာပဲ ကျုပ် တစ် ယောက်တည်း လခကောင်းကောင်း ရထားတာမှ မဟုတ် တာ ခင်ဗျားရော ကျွန်တော့်ရော အပြစ်ရှိကြတာချင်း

တူတူမှာ ကျုပ်တစ်ယောက်တည်း ခင်ဗျားထိုးတဲ့ ဒဏ် ရာလေး ပြုပြုပြီး ကျွန်တော့်ကို ကြာညို့က ထိုးလိုက်တာ ဝါ အန်ကယ်လို့ ပြောပြရမယ်ဆိုရင် ဘယ်ပြည့်စုံလိမ့်မ လဲဗျာ ဒေါက်တာ့မှာလဲ ဒဏ်ရာရနေသင့်တာပေါ့ မဟုတ်ဘူးလား"

ဟု ပြောလာတော့ ဘက်ကန်လာပြီကောလေ တု ဒေါက်တာအောင်မင်းမှ စတင်၍ ဦးအုပ်စိုး အပေါ် သုံးသပ်နား သည်လာရလျှက် ရင်ထဲမှာ သိပ်မနှစ်လိုချင့်။

"ဘာလဲဗျ မကျေနပ်ဘူးလား ကျုပ်ထိုးလိုက်လို့လေ ဒါက စဉ်းစားလေဗျာ ကျုပ်တုံ့ပြန်တာ မှန်နေတယ်လို့ ခင်ဗျား မြင်လာ နားလည်လာမှာပါ ကျုပ်ကို အလုပ် ဖြုတ်ပစ်ဖို့တော့ အန်ကယ့်ကို သွားပြောမယ် မကြံနဲ့ ဒီ အဖြစ်မှန်တွေ အားလုံးကို သိကုန်အောင် ကျုပ်က ဖော် ကောင်လုပ်ပစ်မှာဗျ ဒီမှာ ဒေါက်တာ အုပ်စိုး ဆိုတဲ့ ကောင်ဟာ သူ့အသား မနာမချင်းတော့ လိမ္မာတဲ့ လူမိုက် လုပ်ပေးတယ်ဗျ အင်း ကိုယ့်အသားကိုပါ ထိပါးနာကျင်စေလာပြီ ဆိုရင်တော့ အလွန်တရာကိုမှ မိုက်တဲ့လူမိုက် ဖြစ်သွားလိမ့်မယ် ခင်ဗျား နားလည်မယ် ထင်တယ် ကျုပ် ဘာပြောတယ် ဆိုတာ"

ဟု ခပ်တင်းတင်းပြောကာ ချာခနဲလှည့်၍ ဗေစင် ဘက်နှာသွားသစ်နေသည်။ ပါးချိတ်ဆီမှ ဒဏ်ရာပေါ်မှာ ရေ အေးနှင့် ပုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာအောင်မင်းမှာ .. ခြေလှမ်းကျဲကြီးဖြင့် အခန်းတွင်းမှ ထွက်သွားပါပြီတည်း ..။ ယုတ္တိရှိအောင် .. ဦးအုပ်စိုးမှာ ဒဏ်ရာရှိနေဖို့ လိုသည်ပဲဟု တွေးကာ မပြောမဆို .. ဦးအုပ်စိုးကို တစ်ချက်ထိုးလိုက်မိခြင်းကြောင့်ပင်လျှင် ..။

အသားထိ မခံတတ်သော ခပ်မိုက်မိုက် ဦးအုပ်စိုးထုပဲ .. ဟု နားလည်လာရလျက် ..။

ဦးအုပ်စိုးသည် .. ကျားတစ်ကောင်လို .. အချိန်မရွေး ခုန်အုပ်ကိုက်ခဲပစ်နိုင်စေသည်အထိ .. ရန်မူရန် ဝန်မလေးသော .. အန္တရာယ်ကောင် ဖြစ်ချေသည်ဟု အသေအချာကြီး နားလည်သွားရသည်က .. ဒေါက်တာဦးအောင်မင်းပါတည့် ..။

ခြံစည်းရိုးတံခါးကိုဖွင့်၍ အထွက်တွင် ခပ်တိုးတိုးဖွဲ့ တတ်တစ်ချက် ခတ်မိသည်။

"ကျွန်တော်လဲ .. တက်ခတ်တတ်ပါတယ် ဒေါက်တာ .."

ဟု နောက်ပါးဆီမှ အသံကြားရသည်မို့ ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ စူးရဲသော အကြည့်များဖြင့် တံုးပြန်စိုက်ကြည့်နေသည့် မျက်ဝန်းနှင့် ဆုံသည်။

ခြံတံခါးကိုပိတ်ဖို့ ဦးအုပ်စိုး နောက်ပါးဆီမှ ရောက်လာနိုင်သည်ပဲ .. ဆိုတာကို လတ်တလောမှာ တစ်ချက် သတိလွဲသွားမိလျက် တက်ခတ်မိချေသည်ကောဟု ကိုယ့်ခံပြင်းဒေါသကို လွှတ်ထားမိလေသမျှ .. တက်ခတ်မိလေသမျှ .. ပြန်၍ထူမိရပြန်ပါသည့် အဖြစ် ..။

"ငါ .. အဲဒီလို သူ နောက်နားမှာ ရောက်လာနိုင်ခေါ ဆိုတာကို မေ့လိုက်မိဖို့ မကောင်းဘူး .."

ဟု ကိုယ့်ဘာသာကိုယ် .. ပြန်၍ အပြစ်တင်မိရင်း ခပ်သုတ်သုတ် ခြံတံခါးဆီမှ ဖြတ်ကျော်ထွက်ခဲ့သည်က ဒေါက်တာအောင်မင်းပါ ..။

မခိုးမခန့်ဖြင့် .. စိန်ခေါ်သည့်နှယ် .. ရယ်ရင်း ကျန်ခဲ့ပါသည့် ဦးအုပ်စိုးကို လှည့်မကြည့်ချင်လောက်အောင် ရင်ဆိုးမှာ ခါးသီးစွာ မုန်းလာနေမိသည်က ဒေါက်တာအောင်မင်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

ဦးဘုန်းရှိန်သာသည် တည်ငြိမ် ရင့်ကျက်ကာ အေးချမ်းစွာ ပြောဆိုတတ်လျက် လူမှုဆက်ဆံရေးတွင် ပြည့်ဝသော နှလုံးအိမ်ရှိသူတစ်ယောက် အသွင် ခင်မင်ဖွယ်ရှိသူ တစ်ဦးဖြစ်ကြောင်းကို အချိန် သိပ်မကြာလင့်မီမှာပင် လှလွန်းအိမ် နားလည် ရပါ၏။ စားပွဲဝိုင်းကြီးတွင် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြလျက် ခင်မင်ရင်းနှီးမှုများဖြင့် ဦးဘုန်းရှိန်သာ မေးမြန်းနေသည်များက လှလွန်းအိမ်၏ စာပေကိစ္စများကို အဓိကထား၍ပါ ..။

ထိုသို့ မေးမြန်းရာမှာလည်း လှလွန်းအိမ်ကို တန်ဖိုးထား၍ စာရေးဆရာမလေးတစ်ယောက် အဖြစ် မေးမြန်းခြင်းပါ ..။

ဦးဘုန်းရှိန်သာသည် အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ မျက်နှာကျနှင့် ရုပ်အဆင်းသန့်လျက် သွားလာ လှုပ်ရှားမှုကအစ နေထိုင်စားသောက်နေမှုအဆုံး အားလုံးသည် မွန်မွန်ရည်ရည်နိုင်၏။

လှလွန်းအိမ်နှင့် မနဲ့နဲ့တို့ ဦးဘုန်းရှိန်သာ အသင့်စေခင့်ဆိုင်းနေသော အပေါ်ထပ်ရှိ ဦးဘုန်းရှိန်သာ၏ ညှေ့ခန်း

ဆောင်ဆီသို့ ရောက်လာစဉ်ခိုက် တဲခါးခေါက်သံ ကြားသည်နှင့် ချက်ချင်း ဦးဘုန်းရှိန်သာ ကိုယ်တိုင် ဂရုတစိုက် တံခါးကိုလာ ဆွဲဖွင့်၍ ကြိုဆိုခဲ့ပါ၏။ ကိုယ်တိုင် ဦးဆောင်၍ စားသောက် ခန်း ပြင်ဆင်ထားသော စားပွဲဝိုင်းဆီသို့လည်း ခေါ်ဆောင်ခဲ့သည် ပါသည်။ ကြည့်ရတာ .. ဦးဘုန်းရှိန်သာသည် ငှင်း၏ သီးသန့် ညှေ့ခန်းဆောင်တွင်ပင် စားသောက်ခြင်း ကိစ္စကိုလည်း တစ်ပါ တည်း ရှိစေခဲ့ဟန် တူပါ၏။ သီးသန့်ထမင်းစားခန်းကို ထားပုံ ရာ .. တစ်ကိုယ်တည်းသမားပေမို့ .. ဤနှစ်သက်မြို့ငှိတိယ်ကြီး၏ အိမ်ယထပ်တွင် သီးခြားအခန်းကျယ်ကြီးဖြင့် နေထိုင်လျက် .. စာကြည့်ခန်း၊ ညှေ့ခန်းနှင့် ထမင်းစားခြင်းတို့ကို ဤအခန်းကျယ် အခန်းတည်းမှာပင် အသုံးပြုခဲ့ပုံ ရပါ၏။ အခန်းထောင့်နေရာ တွင် စာအုပ်ဗီရိုကြီးများ ရှိနေသည်လေ ..။

အနုအရသာ ဟောင်းလွန်းပါသည့် လက်ဖက်ရည်ကို လှလွန်းအိမ် ခပ်ဖြည်းဖြည်း သောက်ဖြစ်သည်။ ဦးဘုန်းရှိန်သာ ညှဉ်တပ်ပြုပါသော မုန့်များစွာအနက်မှ ကြက်ဥပူတင်း အနည်းငယ် ကိုသာ လှလွန်းအိမ် ယူစားဖြစ်၏။

ခုလို တကူးတက .. တကန့်တကနိုင်စွာ လှလွန်းအိမ်ကို ခေါ်ယူ၍ ညှေ့ဝတ်ပြုခြင်းအတွက် လှလွန်းအိမ်မှာ ဦးဘုန်းရှိန်သာကို အားနာမိရ ..။ တလေးတစားလည်း တုံ့ပြန် ပြုကြားနေမိရပါသည့် အဖြစ်။ ဘာကြောင့်ဆို .. ဦးဘုန်းရှိန်သာ သည် အသက်အရွယ် ကြီးလွန်းနေလျက် .. လှလွန်းအိမ်ရဲ့ စာရေးဆရာမပေါက်စလေး အပေါ် အရမ်းကို တလေးတစား အခြေခံထား၍ ညှေ့ဝတ်ပြုနေသည် မဟုတ်ပါလား။ ကိုယ်က

www.burmeseclassic.com

www.burmeseclassic.com

ကလေး။ ဦးဘုန်းရှိန်သာက လူကြီးပေပဲလေ ။ ခုလောက်ကြီး ဂရုတစိုက်ခြင့် ဘဲသားမုန့်ပန်းကန်ကို ရှေ့နား ဆွဲယိုင်ချပေးဖြန့်ထား ။

"အစားနည်းလိုက်တာ ဆရာမရယ် ။ ဒီဘဲသားမုန့်လေးကိုလည်း နည်းနည်းလောက် မြည်းစမ်းကြည့်ပါဦး ။ မနွဲ့နွဲ့ ။ ဆရာမကို လက်ဖက်ရည်လေး နည်းနည်းထပ်ဖြည့် ထည့်ပေးလိုက်ပါဦး ။ ဒီဘဲသားမုန့်လေးက ။ အန်ကယ်တို့ နဲ့သာမြိုင်ရဲ့ မနက်စာ ဘရိတ်ဖတ်စ်အတွက် တည်းခိုသူများကို စီစဉ်ပေးတဲ့ ဘူဖေး အစီအစဉ်မှာ အလွန် လူကြိုက်များကြတဲ့ မုန့်ထဲမှာ အပါအဝင်တစ်ခု အဖြစ် ရှိနေတဲ့ မုန့်ပါ ။ ဆရာမလဲ ဘရိတ်ဖတ်စ် စားတဲ့အခါမှာ ဒီမုန့်လေးကို ယူစားဖြစ်မယ် ထင်ပါရဲ့ ။"

ဟု ပြောလျက် မုန့်ကို မယူဖြစ်မချင်း စောင့်နေသည်မို့ လှလွန်းအိမ် ယူစားလိုက်ရပါ၏။

"အန်ကယ်တို့ရဲ့ နဲ့သာမြိုင်ကို ။ ခုလိုလဲ စာရေးဆရာမလေး တစ်ယောက်အဖြစ် လာရောက်တည်းခိုတဲ့အတွက်ရော ။ အန်ကယ်တို့ရဲ့ နဲ့သာမြိုင်ကို ဆရာမရဲ့ ဝတ္ထုလေးထဲမှာ ထည့်သွင်းဖော်ပြပေးမယ် ဆိုတဲ့အတွက်ရော ။ အန်ကယ် ကျေးဇူးတင်ပါတယ် ။ ဆရာမရေးတဲ့ ဝတ္ထု စာတိုအိမ်မှာ အန်ကယ်တို့ရဲ့ နဲ့သာမြိုင်ကို အမည်ထည့်သွင်းရေးသားခွင့် ပြုပေးဖို့ ဆရာမ ခွင့်တောင်းတာလည်း အန်ကယ် ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ် ကျေးဇူးလဲလည်း တင်ပါတယ် ဆရာမရယ် ။ ဆရာမ

စာအုပ်လေးတွေကို ဖတ်ကြတဲ့ ဆရာမရဲ့ ပရိသတ်တွေဟာ ။ အန်ကယ် နဲ့သာမြိုင်ကို ။ လာရောက်လည်ပတ် ချင်စိတ် ဖြစ်လာအောင် ။ ဆရာမ ရေးသားပေးမယ်ဆိုတာ ။ အန်ကယ် သိထားပါတယ် ။ ဧာတ်ကောင်မင်းသားလေးနဲ့ မင်းသမီးလေးတို့ အန်ကယ့်နဲ့သာမြိုင်မှာ တည်းခိုရင်း စတင်ဆုံစည်းဖြစ်ကြတယ် ဆိုတာလေးကို ရေးသားခြင်းဟာ ။ အန်ကယ့်တိုတယ်ရဲ့ လှပအေးချမ်းမှုများကို လူတွေ ပိုသိဖြစ်ကြစေမယ် ဆိုတာ အန်ကယ်တွေး မိရင်း ။ အလွန်တရာကိုမှ ။ အန်ကယ် ကျေးဇူးတင်မိခြင်းပါ ။"

ဟု ပြောဆိုကာ စားလက်စ ဘဲသားမုန့်တစ်ခုကို အန်ကယ်ဦးဘုန်းရှိန်သာ စားနေပြန်ပါ၏။ ဦးဘုန်းရှိန်သာ စားသောက်နေသည့် စားပွဲအောေနရာလွတ်လေးမှာ စောစောက လှလွန်းအိမ် တရိတသေ လက်ဆောင်အဖြစ် ပေးခဲ့ပါသည့် လှလွန်းအိမ်၏ လုံးချင်းဝတ္ထုစာအုပ်လေး ရှိနေပါ၏။

"တိမ်မျှင်နနဲ့ ပန်းကြယ်စင် ။ ဆိုတဲ့ နာမည်လေးကိုက ။ အလွန်လှတဲ့ နာမည်လေးပါပဲ ဆရာမ ။ နူးနူးညံ့ညံ့လေးလဲ ရှိပါတယ် ။"

ဟု ဦးဘုန်းရှိန်သာမှ လှလွန်းအိမ်ကို ကြည့်လိုက် ။ စာအုပ်လေးကို ကြည့်လိုက်ဖြင့် ပြုံး၍ ပြောလာပါ၏။ နောက်ဆော့ တစ်ချက် ခပ်တိုးတိုး ရယ်သည်။

"ဟုတ်တော့ ဟုတ်နေပြီ ဆရာမရယ် ။ ဆရာမလို့ အန်ကယ် ဖိတ်ခေါ်ခဲ့စဉ်ကတော့ ။ ဆရာမလေးနဲ့ အန်ကယ်

www.burmeseclassic.com

www.burmeseclassic.com

တို့ အတော်လေး စကားစမြည် ပြောဖြစ်လိမ့်မယ် ထင်နေခဲ့တာ ခုတော့ .. အန်ကယ်ပဲ ပြောနေရပါလား .. ဆရာမက အတော်နှုတ်နည်းတာပဲ .."

ဟု ဖွင့်ပြောယူရလောက်အောင်ကိုပဲ လှလွန်းအိမ် စကားနည်းနေခဲ့သည်မှာလည်း အမှန်ပါ .။ တကယ်က .. အသက်အရွယ်ချင်းလည်း အရမ်းကို ကွာခြားနေလျက် .. နဲ့သာမြို့ငိုတယ်ကြီးတစ်ခု၏ ပိုင်ရှင်ကြီးတစ်ယောက်နှင့် စကားစမြည်ကို တန်းတူရည်တူထား၍ လှိုင်နေအောင် ပြောဖို့ဆိုတာ လူငယ်တစ်ယောက်အနေဖြင့် လှလွန်းအိမ် အခက်တွေ့နေသည်မှာ အမှန်ပါ .။ နှုတ်လည်း မရဲချင် .။ တရင်းတနှီးကြီး ပြောရအောင်ကလည်း ခုမှစတင်တွေ့ဖူးကြလျက် .။ အန်ကယ်က သဘောကောင်းဖော်ရွေနေလေလေ .. လူငယ်ဝီဝီ အနေရခက် .. အားနာရလေဖြင့် ရှိနေရသည် မဟုတ်ပါလား .."

"ဆရာမ .. တစ်ခုတော့ .. အန်ကယ့်ကို ပြောချင်မနေတာ ရှိနေသေးတယ် ထင်တယ် .. ပြောဖို့ အားနာနေတယ်လို့လဲ အန်ကယ် ထင်တယ် .. အဲသလိုပဲ အန်ကယ် ရင်ထဲမှာ ရိုဗ်မိနေတယ်လေ .. ဆရာမ မျက်နှာမှာ အဲသလို အရိပ်လေးတွေကို အန်ကယ် ဖမ်းတွေ့နေရသလိုပဲ .. ဘာကိုများ အန်ကယ် ကူညီပေးရမလဲ .."

ဟု ဖွင့်မေးလာတော့ လှလွန်းအိမ် တစ်ချက် တွေ့ခနဲ ဖြစ်သည်။ ပြောသင့် မသင့်ကိုလည်း တစ်ချက် ခပ်ဆဆတွေးရင်း ငြိမ်ကျသွားရပါပြီ .။ တကယ်က .. လှလွန်းအိမ်၏ ရင်ထဲ၌ ငြိထားသော အရာတစ်ခု ရှိနေသည်။ ဟုတ်သည် .။ ရှိ

သည်။ ထိုအရာ၏ ဖမ်းစားလွမ်းမိုးထားမှုက တော်ရုံဆင်အားဖြင့် မဟုတ် .။ ရင်ထဲမှာ ကရကာတရာများကို သိမ်းကြုံးပိုင်စိုးသွားသည်အထိ လွမ်းမိုးနေခြင်း .။ ပြီးတော့ .. လှလွန်းအိမ် မူလက ဓာတ်အိမ်ဖွဲ့ထားမိသော စိတ်ကူး စိတ်သမ်းများကိုလည်း ထိုအဖြစ်တစ်ခုက ပြောင်းလဲနေစေသည်သို့ ရှိရှိလာနေသည်။

"ဒီ .. ဒီလိုပါ အန်ကယ် .. စောစောက .. အန်ကယ်မေးတုန်းက .. ဘယ်လိုဓာတ်အိမ်လေးကိုများ ဒီနဲ့သာမြို့မှာ တည်ပြီး ရေးချင်သလဲ ဆိုတုန်းက .. လှလွန်းအိမ် ဖြေခဲ့တာက .. ဒီလို အရမ်းလှပနေတဲ့ မွန်ခင်းတွေကို ဖိုင်စိုးတဲ့ နဲ့သာမြို့မှာ .. ဓာတ်ကောင်နှစ်ဦး ဆုံမိစေမယ်လို့ ဖြေခဲ့တာ ရှိပါတယ် .. ဒါပေမဲ့ .. တကယ်တမ်းတော့ .. လှလွန်းအိမ်ရဲ့ရင်ကို ဖမ်းစားထားတဲ့ ဓာတ်ကောင်လေးဟာ .. ဒီကိုရောက်ပြီးမှ .. အစဉ်တစိုက် ရင်ထဲမှာ ရှိရှိနေခဲ့ပါတယ် .. လှလွန်းအိမ်လေ .. စိတ်အရမ်းထိခိုက်ပြီး .. ဘဝကို .. ဘိုးအေရဲ့ စောင့်ရှောက်မှုများကြားမှာ .. ရပ်တည်နေရတဲ့ .. ကြာညိုရဲ့ ဘဝမျိုးကို ဓာတ်ကောင် အရာမှာထားပြီး .. ဝတ္ထုလေးတစ်ပုဒ်ကို ရေးချင်လာမိပါတယ် .."

မဝံ့မရဲလေးဖြင့် ဝန်ခံစကားကို လှလွန်းအိမ် ပြောနေသည်ကိုက အားနာစိတ်မကောင်းခြင်းများဖြင့်ပါ .။ အန်ကယ့်ကို ကြာညို၏ ဘဝလေးကို ရေးမည် .. ရေးလိုပါသည်ဟု ပြောနေခြင်းသည် .. အတိတ်ဆိမ့် ကြေကွဲဖွယ် အဖြစ်များကို လူတိုင်းသတ်ဆတ်ဆတ်ကြီးနှယ် အန်ကယ့်ရင်ကို မွန်းကျပ်ထိခိုက်စေဖို့

www.burmeseclassic.com

အတွက် အသိပေးလိုက်သည့်နယ်များ ဖြစ်သွားချေမည်လား ..။ ထို့အတွက် _ လှလွန်းအိမ် ရင်ထဲမှာ စိုးရိမ်တကြီးဖြင့် အားနာမိဆဲ့ နိုင်ဝဲ ဖြစ်နေလုပါ၏။ ဒါပေမဲ့ .. ကြာညိုသည် .. လှလွန်းအိမ်ကို လွမ်းထားနေသည်က ခက်နေသည်။ ၄၀၀၀ဝါ၀ါလေး အတွက် မျက်ရည်တွေရင်း ငိုကြွေးခဲ့ပါသည့် ကြာညို့ မျက်ဝန်းနက်နက် လေးများ _။ အရမ်းကို နှုးညံ့သိမ်မွေ့နေသည့် မျက်ဝန်းနက်နက် လေးများသည် .. လှလွန်းအိမ်ကို .. အဲ့သြဖို့ကောင်းလောက် အောင်ကို လွမ်းမိုးနေသည်။ တဖြည်းဖြည်း ကြာညိုသည် .. လှလွန်းအိမ်၏ ဇာတ်ကောင်နေရာမှာ ခိုင်မာလွန်းစွာ ရပ်တည် လာနေသည်။ ကြာညို့အဖြစ်လေးတွေ .. ကြာညို့ စရိုက်လေးတွေ ကို ဖေ့လာ၍ _ စာမူတစ်ပုဒ်ကို မရေးဘဲ မနေနိုင်လောက်အောင် ရင်ထဲမှာ ကြာညိုသည် အခိုင်မာကြီး ခိုင်မာစွာ တိုးဝင်ရပ်တည် နေချေသည်တကား။

ဦးဘုန်းရှိန်သာသည် တစ်ချက် ငေးစိုက်၍ လှလွန်း အိမ်ကို ကြည့်နေရှာပါ၏။ စားလက်စ ဘဲသားမုန့်ကို ရှေ့မှ ပန်း ကန်တွင်းဆီသို့ ခပ်ဖြည်းဖြည်း ပြန်ချထားလိုက်ကာ လက်ဖက်ရည် ခွက်ကို ကောက်မော့၍ သောက်လိုက်သည်ကလည်း ဦးဘုန်းရှိန် သာပါ။ သက်ပြင်းရှိုက်လိုက်ကာ ဦးဘုန်းရှိန် လှလွန်းအိမ်ကို အတန်ကြာ ကြည့်နေပြန်ပါ၏။

နောက်တော့ ပြတင်းအနီးမှာ သွားရပ်သည်။ ဦးဘုန်း ရှိန်သာ၏ အသွင်သည် ရုတ်ခြည်း အရာရာ ပြောင်းလဲသွားပါ၏။

ဆောဆောက .. ဂရုတစိုက်ဖြင့် လှလွန်းအိမ်ကို ဧည့် ဝတ်ပြုနေပါသည့် ဦးဘုန်းရှိန်သာ မဟုတ်တော့ ..။ တည်ငြိမ်ရင့်

ကျက်ခြင်းများ _။ အေးချမ်းမွန်ရည်ခြင်းများဖြင့် ပြည့်ဝနေသည့် ဦးဘုန်းရှိန်သာသည် ကြေကွဲရိပ်များ ပိတ်ပိတ်ဖုံးနေလျက် ချုံးချုံးကျ အားကုန်အားပြတ် ဖြစ်လာသည့် သူတစ်ယောက်နယ် ပြတင်း ပေါက်ကို ဖေးကိုင်အားပြုထားလျက် ကိုယ်ကြီးသည် ရှေ့သို့ငိုက် ကျနေပါသည့် အဖြစ် _။

မှားပြီ .. ဟု လှလွန်းအိမ် မိမိဘာသာ ပြန်၍အပြစ် တင်မိကာ ဤတစ်ကြိမ်မှာတော့ အလောတကြီးလေးပင် ဦးဘုန်း သာ၏ နောက်ပါးဆီသို့ လျှောက်သွားမိရပါပြီ။

"လှလွန်းအိမ် တောင်းပန်ပါတယ် အန်ကယ် _ တကယ်က _ အဲဒီလို လှလွန်းအိမ် ဖွင့်မပြောသင့်ဘူး .. လှလွန်းအိမ် ဆိုလိုတာက _ လှလွန်းအိမ်ရဲ့ ရင်ထဲမှာ ကြာညိုရဲ့အကြောင်း လေးတွေကို သိချင်နေစိတ် _ ရေးချင်နေစိတ်တွေ လွမ်းမိုး နေတဲ့ အဖြစ်တွေကို _ ဖွင့်မပြောသင့်ဘူး ဆိုတာကို ဆိုလိုတာပါ _ အဲဒီအဖြစ်တွေဟာ ကြည်နူးစရာ မဟုတ်ဖူး ဆိုတာ .. လှလွန်းအိမ် သိနေသင့်တယ်လေ _ အန်ကယ့် ရင်ကို ထိခိုက်ကြွေကွဲစေမယ် ဆိုတာလဲ လှလွန်းအိမ် သိ နေသင့်တယ် မဟုတ်လား .. အို _ လှလွန်း သိနေပါ တယ် အန်ကယ် .. ဒါပေမဲ့ .. ပြောမိခဲ့တယ် _ အဲဒီ အတွက် .. လှလွန်းအိမ် တောင်းပန်ပါတယ် အန်ကယ် _"

ဟု အသံလေးတိုးတိမ်တိမ်ဖြင့် လှလွန်းအိမ် တောင်း ပန်နေမိရပါပြီ ..။ ခပ်လှမ်းလှမ်းဆီမှာ ရပ်နေသည့် မနဲ့နဲ့ကတော့ လှလွန်းအိမ်ကိုရော ဦးဘုန်းရှိန်သာကိုရော တိတ်ဆိတ်စွာ ငေး ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

မနဲ့နဲ့မှ ဤလက်ဖက်ရည်ပွဲလေးဆီသို့ လှလွန်းအိမ်ကို ခေါ်လာခြင်းပါ ..။ တကယ်တမ်းက .. ဤတည်ခင်းသော လက်ဖက်ရည်ပွဲလေးမှာ ဦးဘုန်းရှိန်သာနှင့် စကားစုမြည်ဖြော့ .. ပြီးလျှင် .. ကျေးဇူးဆင်စကားပြော ..။ နောက် .. ကိုယ်တည်းခိုရာ အခန်းသို့ ပြန်သင့်သည်။ ဟုတ်သည်။ ထိုမျှသော .. အတိုင်းအတာထိပဲ ရှိသင့်သည်။ ခုလို .. ကြာညိုနှင့် ပတ်သက်သည့် အထိ .. လှလွန်း မပြောသင့် ..။

လှလွန်းအိမ် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိရာမှ အားနာစိတ်လေးဖြင့် ဦးဘုန်းရှိန်သာ၏ နောက်ပါးဆီမှ ဘေးဘက်ဆီသို့ နေရာလေး ပြောင်းရွှေ့ရပ်မိကာ အပြစ်မကင်းသူပမာ အနေခက်စိတ်ဖြင့် မော့ကြည့်မိရပါ၏။ ဦးဘုန်းရှိန်သာသည် မျက်ဝန်းများကို ခုထိမှိတ်ထားဆဲ ..။ ခေါင်းသည် အနည်းငယ် ငိုက်နေသည်။ အံခဲထားလျှက် အရမ်းကို ငြိမ်ကျနေရှာပါသည့် ဦးဘုန်းရှိန်သာသည် အတိတ်ဆီမှ ကြေကွဲဖွယ် အဖြစ်များကို ပြန်၍ အသစ်အဖြစ် ခံစားပန်းတိုက်နေချေပြီလား မသိ ..။ သွေးသံရဲရဲဖြင့် ရှိနေချေမည့် ညီဖြစ်သူတို့၏ ဇနီးမောင်နှံတို့ကို မြင်ယောင်နေချေမည်လား ..။ လူမယ် ကြာညိုလေး၏ သွေးပျက်ချောက်ချားသွားခဲ့သည့် အဖြစ်များကို ပြန်၍မြင်ယောင်နေချေသည်လား ..။ ထိုအဖြစ်များသည် ဦးဘုန်းရှိန်သာ၏ ရင်ကို ကြေပြန်နေစေခဲ့သည်မို့ .. ခုလည်း .. ထိုခံစားမှုများကို အသစ်အဖြစ် ဖြစ်တည်လာစေအောင် ရှိစေခဲ့သူမှာ လှလွန်းအိမ် ကိုယ်တိုင်ဖြစ်နေချေသည်မို့ ..။ လှလွန်းအိမ် မျက်လွှာလေးတစ်ချက် ချမိသည် ရင်ထဲမှာ နောင်တဖြစ်နေတာပဲ ရှိနေသည်။

"ကျွန်မ .. ခုလောက် ကြီးမားတဲ့ အမှားတစ်ခုကို .. ပြုမိလိမ့်မယ်လို့ .. မထင်ထားမိခဲ့ပေမယ့် .. ခုတော့ .. ပြုမိခဲ့ပြီးသား ဖြစ်ခဲ့ပါပြီ အန်ကယ် .. ကျွန်မ တောင်းပန်ပါတယ် .."

ဟု အသံလေး တိုးတိမ်ဝင်ကျနေလျက် လှလွန်းအိမ် ဆောင်းပန်မိပါ၏။ ခုထိ .. ဦးဘုန်းရှိန်သာသည် မလှုပ်မယှက် ငြိမ်သက်နေဆဲ ..။ မျက်ဝန်းများကိုလည်း ပိတ်ထားဆဲ ..။ လက်ဆွဲက ပြတင်းပေါက်ပေါင်ပေါ်မှာ ဖေးတင်နေကြဆဲ ..။

"ခုလို .. အန်ကယ် ဖိတ်ခေါ် ညှော်တပ်ပြခဲ့တဲ့ လက်ဖက်ရည်ပွဲလေးကို ကျွန်မ .. ဘယ်တော့မှ မမေ့ပါဘူး အန်ကယ် .. ကျေးဇူးလဲ တင်ရပါတယ်ရှင် .. ပြီးတော့ .. ဒီလို အန်ကယ့်ကို စိတ်ထိခိုက်စေတဲ့ အမှားမျိုးကို .. မိုက်မိုက်မဲမဲ ပြုမိခဲ့လောက်အောင် မသိဆိုးဝါးတဲ့ ကျွန်မရဲ့အမှား အတွက်လဲ .. ဘယ်တော့မှ .. ကျွန်မကိုယ်ကို ကျွန်မ ခွင့်လွှတ်နိုင်မှာ မဟုတ်သလို .. ဒီအပြစ်ကိုလဲ ကျွန်မ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး အန်ကယ် .. ကျွန်မကို .. ခွင့်ပြုပါ .."

ဟု လှလွန်းအိမ် အသံလေး တိမ်ကျနေဆဲဖြင့် ဆောင်းပန်ကာ လှည့်ပြန်မည်ပြုခိုက် ရုတ်ခြည်း ကိုယ်ကိုမတ်ပီတ်သည်က ဦးဘုန်းရှိန်သာပါ ..။ လှလွန်းအိမ်ကို ငဲ့ကြည့်သည်။ လက်ကာသည်။ အရမ်းကို ညှိုးငယ်ကျနေဆဲ မျက်ဝန်းများဖြင့် လှလွန်းအိမ်ကို ကြည့်လာသည်။ အားယူရှာခပ်ယဲ့ယဲ့ပြုသည်က .. လှလွန်းအိမ်ကို အနေမခက်စေချင်သည့်ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com

နွံယ်နေသည်။ အားပေးခြင်း ဆန့်နေသည်။ အရှမ်းကို အနေခက်နေသည့် လှလွန်းအိမ်ကို အတန့်မျှ သက်သောင့်သက်သာရှိအောင် အားပေးသည့် အပြုံးတစ်ခုအဖြစ် ဖန်တီးယူ ကြိုးစားယူခြင်းဆိုတာ သိသာနေသည်ပါပဲ ..။

"မဟုတ်ပါဘူး .. ထိုင်ပါ ဆရာမရယ် .. ခဏလောက်တော့ အန်ကယ်တို့ စောစောကလိုပဲ .. ပြန်ထိုင်ဖြစ်ကြစကားဆိုဖြစ်ကြတာပေါ့ .."

ဟု ပြောရှာဝါ၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ပြန်ထိုင်ဖြစ်ကြရပြန်လျက် ..။

ဦးဘုန်းရှိန်သာမှ ဖျော့တော့စွာတစ်ချက်ပြုံး၍ လှလွန်းအိမ်ကို ကြည့်လာပါ၏။

"မန္တွေ့နွဲ့ .. နောက်ထပ် လက်ဖက်ရည်ပူပူ နှစ်ခွက် ထည့်ပေးပါ .. ဒီခွက်တွေကတော့ အေးကုန်ပြီလေ .."

ဟု ကိုယ့်ကိုယ်ကိုယ် ပြန်၍တည်ငြိမ်အောင် ထိန်းယူနေသည့်နယ် ဦးဘုန်းရှိန်သာ မန္တွေ့နွဲ့ကို လှမ်းပြောလာပါ၏။ ဘာပဲဖြစ်ဖြစ် .။ လောလောဆယ်မှ ဦးဘုန်းရှိန်သာသည် တဖြည်းဖြည်း တည်ငြိမ်ခြင်းဘက်ဆီသို့ ပြန်၍ ရောက်လာနေသည်။ မျက်လွှာလေးချ၍ အနေခက် အနေကြုံနေရသည်က လှလွန်းအိမ်အားမှာ ဖေဖေသာ ရှိနေလျှင် .. သူတစ်ပါး၏ အိမ်တွင်းရေးကြေကြေကွဲကွဲကြိုးကို ပြန်၍ အစဖော်ရလောက်အောင် မသိဆင်ခြင်လှလွန်းလှပါသည့် သမီးဖြစ်သူကို .. အပြစ်တင်၍ ဆုံးတော့မည် မဟုတ်ဟု လှလွန်းအိမ် တွေးနေမိရမှာ၏။ မဝံ့မရဲလေး အန်ကယ် ဦးဘုန်းရှိန်သာကို ကြည့်တော့ လှလွန်းအိမ်၏ ရင်ထဲမှာ အဘယ်ဆို နက်ရှိုင်းစွာသော နောင်တတွေ ဖြစ်နေကြချေပြီ ဆိုစာသိနားလည်ပုံဖြင့် ကြင်နာစွာ ကြည့်နေသည့် အကြည့်နှင့်ဆုံသည်။ ဆံစတို့ ဖြူစပြုနေသည့် ဦးဘုန်းရှိန်သာသည် ဤတစ်ကြိမ်မှာတော့ လှလွန်းအိမ်ကို စိတ်ရှည်နားလည်သည့် ဘကြီးတစ်ယောက်နှယ် သွေးသားရင်းချာဆန်သော အကြည့်များဖြင့် ပို့တရင်းတချာနိုင်စွာ ကြည့်လာနေသည်ဟု လှလွန်းအိမ် ထင်ဟာမိရပါဖြီ ..။

"လက်ဖက်ရည် ပူပူလေးကို သောက်လိုက်ပါလား သမီးရယ် .. ဘာတို့ .. ဒီတစ်ခါတော့ .. တရင်းတနှီး ပြောကြတာပေါ့ .. ဟုတ်ပြီလား .."

ဟု နှုန်းညှဉ်စွာ ဦးဘုန်းရှိန်သာ ပြောလာတော့ လှလွန်းအိမ် မျက်လွှာလေး ချနေမိရဆဲ ..။

"ကြာညိုဟာ .. ဘာရဲ့ညီ ဖြစ်တဲ့ .. ညီလေးကြည်နူးရဲ့သား ဆိုပေမယ့် .. ဘာရဲ့ အအုပ်အထိန်း .. အစောင့်အရှောက်မှာပဲ ကြီးပြင်းလာခဲ့ရတာဆိုတော့ .. ဘာရဲ့သားမြေးလိုပါပဲကွယ် .. သူ့အကြောင်းလေးတွေကို .. ရေးခွင့် ဘာ ပြုပါ့မယ် .."

ဟု နှုန်းညှဉ်သာလှလွန်းစွာ ပြောနေခြင်းက .. ကြေကြွေကွဲကွဲလည်း နိုင်နေသည်။

"ကြာညိုဟာ .. ဘာရဲ့ တစ်ဦးတည်းသော သွေးသားရင်းချာပါပဲ .. ဘာရဲ့ သားပါပဲ .. အဖွယ်ချင်းက .. ညီလေးကြည်နူးနဲ့ ဘာက ကွာလွန်းတော့ .. ကြည်လေးက .. ဘာကို .. ဘိုးဘိုးလို့ ခေါ်တယ်လေ .. ဘာကလဲ .. ဇရာရိပ် လွမ်းနေရတဲ့သူ ဖြစ်နေပြီကိုး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆက်ပြောနေခိုက်မှာပဲ အခန်းတွင်းဆီသို့ လူ ရိပ်ဝင်လာသည်။ နဖူးပြင်တွင် ဆံစတို့ ခဲဖြိုကျနေလျက် နှုတ်ခမ်း တွင် သွေးများ စွန်းထင်းနေသည့် သူတစ်ယောက် ..။

"အုပ်စိုးကို အလုပ်ဖြုတ်ပစ်မှ ဖြစ်မယ် အန်ကယ် .. သူဟာ အန္တရာယ်ကောင်ပါ"

ဟု စိတ်လိုက်မာန်ပါ အလောတကြီးနိုင်စွာ ပြော သည်။ ပြီးမှ .. အခန်းထဲမှာ ဦးဘုန်းရှိန်သာ အပြင် အခြားသူတွေ လည်း ရှိနေတာ သတိထားမိသွားရလျက် တစ်ချက် ငြိမ်သွားသည်။ ပြီးတော့မှ ဆုံးဖြတ်လိုက်ပုံကြီးဖြင့် အမ်းတမ်းတမ်း ဖြစ်သွားသော မျက်နှာကို ပြန်ထိန်းကာ .. စကားကို ဆက်ပြောချလာပါ၏။

"ကြာညို့ကို .. အုပ်စိုး ထိုးကြိတ်နေလို့ .. ကျွန်တော် ဝင် ကားခဲ့ရတယ် အန်ကယ် .. ကြောက်ပြီးတော့ .. ကြာညို လဲ ပိုဆိုးလာလို့ .. ကျွန်တော် ဆေးထိုးပေးခဲ့ရတယ် .. ကျွန်တော်နဲ့ .. ကိုအုပ်စိုးလဲ စကားများပြီး ထိုးကြိတ်တဲ့ အထိ ဖြစ်ကုန်ကြရတယ် အန်ကယ် .. ကျွန်တော် နောက် တစ်ကြော့ ကြာညို့ဆီ သွားတော့ .. ဟိုမှာက ကြာညို့ကို ရိုက်မောင်းပုတ်မောင်းနဲ့ ကိုအုပ်စိုးက လုပ်နေပြီ .. ခုမှ ကျွန်တော် .. ကြာညို့စကားကို ယုံမိတော့တယ် အန်ကယ် .. တစ်ခါတစ်ခါ ကြာညို ဆိုးနေတာပဲတွေ့တော့ .. သူ့ဘာသာ သူ ဒဏ်ရာတွေ ရတာရှိခဲ့တော့ .. ကြာညို့ကို မယုံဘဲ ရှိမိ ခဲ့တာ .. ခုမှ ကိုယ်တိုင်ကြုံရတော့တာပါ အန်ကယ် .. သူ့ ကို တိုင်ရတော့ရ လုပ်ကောင်းလား ဆိုပြီး .. ထိုးကြိတ် နေတာ အန်ကယ် .."

ဟု အလောတကြီး ဆက်ပြောလာနေပါသည့် ထိုသူ သည် .. နောက်မှ လှလွန်းအိမ်ကို လှမ်းကြည့်လာချိန်မှာ ဝုန်း ဆရုပ်လိုက်သည်က ဦးဘုန်းရှိန်သာပါ ..။

"ဘယ်မလဲ .. အဲဒီကောင် .. ငါ့မြေးကို .. ငါ့ကလေးကို .. ထိုးကြိတ်ရဲတဲ့အထိ စော်စော်ကားကား လုပ်ရဲတဲ့ကောင် .. ဘယ်မှာလဲ .. ဘုန်းရှိန်သာရဲ့ သွေးကို .. ထိုးကြိတ်တဲ့အထိ စော်ကားတဲ့ကောင်ဟာ ဘုန်းရှိန်သာကို စော်ကားရဲတဲ့သူ ပဲကွ .. ငါ့ကို စော်ကား မော်ကား လုပ်ရင် .. ဘာဖြစ် တတ်တယ်ဆိုတာ .. သူ ကောင်းကောင်းကြီး သင့်ခန်းစာ ရသွားစေရမယ် .."

ဟု ပြောလည်းပြော .. စိတ်လိုက်မာန်ပါကြီး အခန်းတွင်းမှာ ခြေလှမ်းကျဲကြီးဖြင့် ဦးဘုန်းရှိန်သာ ထွက်သွားသွား ကာ အခန်းတွင်းမှာ ငြိမ်သက်စွာ လှလွန်းအိမ် ရပ်ကျန်ခဲ့ရပါ၏။

လူစိမ်းတစ်ယောက်အဖြစ် ရှိရသည်မို့ .. လှလွန်းအိမ် အနေကြို့ ရပြန်သည်။

ကိုယ်ရှိခိုက်မှာ .. ကြာညို့ကိုစွက .. စိတ်မကောင်း သည် အဖြစ်တစ်ခုအဖြစ် ရှိလာရသည်မို့ .. ရင်ထဲမှာ မကောင်း ဘူး ..။ ကြာညို့ကို သနားစိတ် ဖြစ်နေရသည်။ လိုက်၍လည်း ပေးသည်ချင်သည်။ ဒါပေမဲ့ .. လိုက်၍မဖြစ်နိုင် ..။ ပြီးတော့ .. ထို အကောင်းဖွယ် အဖြစ်တွေကို ဦးဘုန်းရှိန်သာမှ လှလွန်းအိမ် ကြားတွင် ကြားခဲ့ရသည့်အတွက် .. ပို၍ .. စိတ်မကောင်းဖြစ်ရ ခြင်း ..။ ထိုအတွက် .. လှလွန်းအိမ် အနေကျို့ ရခြင်းပါ ..။ သူ ဆီသို့ အတွင်းရေးကိုစွ .. ကိုယ့်ရှေ့မှာ လာကြားနေရသည်ကို

www.burmeseclassic.com

www.burmeseclassic.com

လေ _။ ထိုယ်က _ လိုက်သွားကြည့်ဖို့ကျတော့လည်း မသင့်
ဘော် _။ ရှင်းကျန်ခဲ့ပြန်တော့လည်း _ တာဝန်မဲ့သူ တစ်ယောက်
ဘာ ခပ်အေးအေး ရပ်နေခဲ့သည့်သဘော ဆန်နေပြန်သည့်
အာဏာမျှ အနေကျူးဖို့ ကောင်းချေသည့် အဖြစ်တစ်ခုထဲမှာ
လှလွန်းအိမ် ရှိနေရပါသတဲ့လဲလေ _။

ထိုအခိုက် ဦးဘုန်းရှိန်သာမှာ တဲခါးဝတွင် တုံ့ခဲ့
ရပ်သွားကာ နောက်ဘက်ဆီသို့ လှည့်ကြည့်၍ ..

"လိုက်ခဲ့မါ သမီး လှလွန်းအိမ် _"

ဟု ပြောလာသည်မို့ လှလွန်းအိမ်၏ ရင်ညွန့်တွေ
ဒိတ်ခနဲ ခုန်သွားရပါပြီတည်း _။

အခန်း(၈)

ရပ်မြင်သံကြားစက်ဆီမှ ဓာတ်လမ်းတွဲကို ကိုယ်တိုင်းလျှောချ ဆက်တိုထိုင်ခုံမှာ ဇိမ်နပ်ကြည့်နေသည့် ဦးအုပ်စိုးနှာ အခန်းတွင်းဆီသို့ ခြေလှမ်းကျဲကြီးဖြင့် မျက်နှာကြီး နီမြန်းနေလျက် ဦးဘုန်းရှိန်သာ ဝင်ချလာတာ တွေ့သည်နှင့် မျက်စိဂျက်နှာ ပျက်ကျသွားကာ ကမန်းကတန်းကြီး ထရပ်လိုက်ပါပြီ _။

နောက်ပါးဆီမှ မျက်နှာထက်တွင် ပြုံးရိပ်ရိပ် ထင်နေလျက် လှမ်းကြည့်ရင်း လျှောက်လာနေပါသည့် ဒေါက်တာအောင်မင်းကိုလည်း တစ်ချက် အကဲခတ်သလို ဦးအုပ်စိုး လှမ်းကြည့်သည်။ အေးစက်သော အကြည့်တွင် စိန်ခေါ်အနိုင်ယူသည့် အကြည့်တွေ ရောထွေးနေလျက် ရှိပါသည့် ဒေါက်တာအောင်မင်း၏ ဟန်ပန်က အစစ အနိုင်ရလိုက်ပြီးသူ တစ်ယောက်နှင့် တူနေသည်။ တစ်ခုခုတော့ ကိုယ့်အတွက် ဆိုးဝါးသော အခြေအနေဖြစ်နေပြီဆိုတာကို လတ်တလော့အတွင်းမှာပဲ ဦးအုပ်စိုး ချက်ချင်းသိလည်စ ပြုလာပါသည့် အဖြစ် _။

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းရှိန်သာမှ အာတစ်ခွန်းမျှ ပြောဆိုခြင်းမရှိဘဲ တစ်ဆက်တည်း ကြာညို့အခန်းတွင်းဆီသို့ တောက်လျှောက် ချက်နှာကြီးတင်းလျက် ဝင်သွားတော့ ဦးအုပ်စိုး နားလည်လိုက်ပါပြီတည်း ..။ ဒေါက်တာအောင်မင်း သူ့အပေါ် တစ်ချီတည်းနှင့် အစစ အရိုင်ပိုင်းလိုက်ချေပြီဟု ..။ မူလတုန်းကတော့ .. ကြာညို့ကို .. အမြဲတမ်း နှိပ်ကွပ်ထားနိုင်ရေးအတွက် ငယ်နိုင်ပမာ ထိုးကြိတ်တွန်းတိုက် ရိုက်နက်သည့် အဖြစ်တစ်ခုကို .. ယခင်တုန်းက နှယ်ပင် ဤတစ်ကြိမ်မှာလည်း ဒေါက်တာအောင်မင်းနှင့် ဦးအုပ်စိုးတို့ သဘောတူ လက်ညှိ လုပ်ခဲ့ခြင်းပါ ..။ သဘောက .. ကြာညို့သောင်းကျန်းနေရင်း .. ကိုယ့်ဘာသာကိုယ် နံရံနှင့် ဆောင့်ရိုက်တိုက်နေရင်း ရသည့်ဒဏ်ရာဟု ပြောဖို့ပါ ..။ ဒါပေမဲ့ .. သူတစ်ချက် ကိုယ်တစ်ချက် ဦးအုပ်စိုးနှင့် ဒေါက်တာအောင်မင်းတို့ အပြန်အလှန် ထိုးမိခဲ့ကြပါသည့် လက်သီးတစ်ချက်စီသည် .. မကြာမတင်မိသော ကာလအတွင်းမှာ မိမိ၏ ဘဝအဆစ်အချိုးကို ပြောင်းလဲစေတော့မည်ဆိုတာ ထင်းထင်းပပကြီး ဦးအုပ်စိုး နားလည်လာနေမိရပါပြီတည်း ..။ ဘာကြောင့်ဆို .. တောက်ပသော မျက်ဝန်းများဖြင့် ကြည့်နေသည့် ဒေါက်တာအောင်မင်း၏ အကြည့်များသည် မိမိအပေါ်မှာ မလှုပ်ယှက်နိုင်လောက်အောင် တုပ်နှောင်ထားပြီးချေပြီဆိုသည့် သဘောများဘက်ဆီသို့ အတိအလင်း ပြောနေသည့်နယ် ဖြစ်နေချေသည် မဟုတ်ပါလား ..။

"အုပ်စိုး .."

ဟု အခန်းတွင်းဆီမှ ဦးဘုန်းရှိန်သာ၏ ဒေါသတကြီး လှမ်းခေါသံ ပေါ်လာခိုက်မှာ ဦးအုပ်စိုးကလည်း တည်ငြိမ်

အောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားယူနေရင်းမှ အခန်းတွင်းဆီသို့ ဝင်သွားလိုက်ပါပြီ ..။ ထိုအခိုက်မှာပင် နောက်ထပ် မိန်းကလေးတစ်ယောက် အိမ်တွင်းဆီသို့ အဝင်တံခါးဆီမှ ဝင်လာတာကို မြင်လိုက်ရပြန်လျက် ..။ ထိုမိန်းကလေးသည် .. အတော်လေးကို သူကျက်သရေရှိသော မိန်းကလေးတစ်ယောက် ဖြစ်နေတာကို ဦးအုပ်စိုး တစ်ဆက်တည်း သတိထားမိလိုက်ရပါသည့် အဖြစ် ..။

"ဒီကောင်မလေးက ဘယ်သူပါလိမ့် .. ငါ တစ်ခါမှလဲ မမြင်ဘူးပါလား၊ အတော်လေးကိုချောတဲ့ ကောင်မလေးပဲ .. ဒေါက်တာအောင်မင်းက ဒီကောင်မလေးကို ဒီမှာ ခန့်တော့မှာမို့လို့ .. ငါ့ကို အပြစ်ရှာလိုက်တာများလား .. ကြည့်ရတာ .. သူနာပြုမလေး ဖြစ်ပုံပဲ .."

ဟု မလိုဝန်တိုစိတ်ကြီးဖြင့် မျက်မောင်ကြီး တွန့်ဆွဲကြည့်လိုက်ပြီးမှ မဝင်မဖြစ်တော့သည့် ကြာညို့အခန်းဆီသို့လည်း စိတ်လေးလေးဖြင့် ဦးအုပ်စိုး ဝင်လိုက်ရပါ၏။

လှလွန်းအိမ်လည်း နောက်ပါးဆီမှ ခြေလှမ်းသုတ်သုတ်ဖြင့် လိုက်ဝင်ခဲ့ရပါပြီ ..။

"ဟိုနေ့က .. ကြာညို့ ငှက်လေးကို လွှင့်ပစ်လိုက်တဲ့ လူကြီးဟာ ဒီလူကြီးပဲ ဖြစ်နိုင်တယ် .. စောစောက အန်ကယ်ခေါ်လိုက်တဲ့ နာမည်ကလဲ အုပ်စိုးဆိုပဲ .. ကြာညို့က သူ့ကို ရိုက်တဲ့သူကို ဦးအုပ်လို့ ပြောထားပဲလေ .. အဲဒီနေ့က အုတ်စည်းရိုးခြားနေလို့ ဒီလူကြီးကို ငါ မမြင်ခဲ့ရတာ .. စရိုက်ကြမ်းတာ အရမ်းကို သိသာတာပဲ .. မျက်နှာကြီးကလဲ မာထန်နေလိုက်တာ .."

www.burmeseclassic.com

www.burmeseclassic.com

လှလွန်းအိမ် ဦးအုပ်စိုး ဆိုသူကို မြင်မြင်ချင်း ရင်ထဲမှာ **မနှစ်မြို့ချင်** ..။ ထူထဲသော မျက်ခုံးထူကြီးအောက်ဆီမှ **အေးစက်စောကျောနေသော** မျက်ဝန်းအကြည့်များသည် ကြမ်းတမ်းလွန်းနေသည် **မဟုတ်ပါလား** ..။

အခန်းတွင်းသို့ လှလွန်းအိမ် ရောက်သွားချိန်မှာ ခုတင်ထက်မှ ကြာညို့ကို ခေါင်းကြီးငိုက်ချ၍ ငုံ့ကိုင်းကြည့်နေပါသည့် ဦးဘုန်းရှိန်သာ၏ ကျောပြင်ကြီးကို မြင်နေရသည်။

ခုတင်ခြေရင်းဘက်ဆီမှာ ဦးအုပ်စိုး လက်ပိုက်၍ ခေါင်းငုံ့ရပ်နေသည်။ ဦးဘုန်းရှိန်သာနှင့် မလှမ်းမကမ်းမှာက ဒေါက်တာအောင်မင်းက တည်ငြိမ်အေးစက်နေသော အကြည့်များဖြင့် ဦးအုပ်စိုးကို မလွတ်တမ်း ကြည့်နေလျက် ရပ်နေပါချေ၏။

ဦးဘုန်းရှိန်သာ၏ လက်ဖဝါးတွေက ကြာညို့ ဆံစတွေကို **ဖွဖွသပ်ပေးနေသည်**။

လှလွန်းအိမ် ခုတင်အောက်ဘက်မှာ ရပ်လိုက်မိကာ မြင်ကွင်းကို စိတ်ထိခိုက်စွာ တိတ်ဆိတ်စွာ ကြည့်နေရရင်းမှ ရင်ထဲမှာ **ဘယ်လိုမှ မကောင်းနိုင်တော့** ..။ ရင်ထဲမှာ ဆို့တက်လာရပါသည့်**အဖြစ်** ..။

ခုတင်ထက်မှာ ကြာညို့သည် ကွေးကွေးလေး အိပ်နေရာပါ၏။ ပါးစပ်သည် အနည်းငယ် ရွဲ့နေလျက် သွားရည်များ စီးကျနေသည်။ မျက်နှာက ဖူးရောင်နေပါ၏။ ခေါင်းထက်မှာ ပတ္တီးစည်းနှောင်ထားသည်။ တိုးသဲ့သော ညည်းညူသံသည် ကြာညို့ နှုတ်ဆီမှ ပွင့်ကျနေရာပါသည့် **အဖြစ်** ..။ မျက်ရည်များ ကလည်း မေးပိတ်ချထားသော မျက်ဝန်းဆီမှ စီးကျနေသည်။

တိုအကျီ ဝတ်ထားသည်မို့ အကျီလက်တိုအောက်ရှိ လက်ဆင်နှင့် လက်များမှာ အညိုအမည်းရာတွေ ထင်းနေသည်။

ဒဏ်ရာများကို ဦးဘုန်းရှိန်သာ တိတ်ဆိတ်စွာ ကြည့်နေသည်။ မျက်ဝန်းအကြည့်တွေက ဒဏ်ရာများအတိုင်း ထားနေကြလျက် အကြည့်သည် ဒေါသရိပ်ဘက်ဆီသို့ ပို၍ နက်ရှိုင်းစွာ ဖြစ်တည်လာနေကြပါ၏။ ခေါင်းကို ငုံ့စိုက်ထားသည့် ဦးဘုန်းရှိန်သာ၏ ဆံစဖြူတို့ ရောထွေးနေသည့် ဆံပင်သည် နဖူးပြင်ထက်ဆီသို့ ပြိုကျနေသည်။

ရုတ်ခြည်းပင် ဦးဘုန်းရှိန်သာမှ ခြေလှမ်းကျဲကြီး ချိတ်လိုက်မာန်ပါနိုင်စွာ ဦးအုပ်စိုးထံ လျှောက်သွားလိုက်ပြီးနောက် မျက်နှာချင်းဆိုင် ရပ်ပစ်လိုက်ကာ လက်သီးတစ်ချက်သည် အုပ်စိုး၏ ပါးချိတ်ဆီသို့ ပိုင်နိုင်သန်မာလွန်းစွာ ကျရောက်သွားခဲ့သည်တကား။ နောက်ထပ်တစ်ချက် ထပ်ထိုးသည်။ ဦးအုပ်စိုး ပုံကျ၍ အံခဲငြိမ်သက်ခံသည်။ ဒေါသသင့်နေသော ဦးဘုန်းရှိန်၏ မျက်နှာထက်မှာ မချိတင်ကဲ ဖြစ်ခြင်းများနှင့် ကြောက်စိတ်ခြင်းများလည်း ပြည့်သိပ်စွန်းထင်းနေကြပါ၏။

"ငါ .. ရင်ထဲ မချိလိုက်တာကွာ .. ဟင် .. ငါက .. ဟို မှာ .. အေးအေးဆေးဆေးနဲ့ နံ့သာမြို့ငှာ ရှိနေတယ် .. စားသောက်ရင်း စကားစမြည် ပြောနေတယ် .. ငါ့ ကြာညိုလေးက .. မင်းရဲ့ ရက်စက်ထိုးကြိတ်တာတွေကို ကယ်ရာမဲ့ .. ခံစားနေရတယ် .. အုပ်စိုးရာ .. ငါ .. မင်း အပေါ် အားလုံး ယုံကြည်ပုံအပ်ထားမိခဲ့လေသမျှ .. ကြာညို့အတွက် ရင်ထဲမချိလိုက်တာ .. ယူကျုံးမရ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရတာကွာ .. ကြာညို့ကို ငယ်ငယ်လေးတည်းက မင်းကြည့်လာခဲ့တာပါ .. ဟင် .. မိမဲ့ဖမဲ့လေးကို မင်းထိန်းကျောင်းကြည့်ရှုခဲ့ရတာပါ .. အခု ကြာညို အသက် နှစ်ဆယ့်ငါးနှစ်ထဲ ရောက်နေပြီ .. အနည်းဆုံး သံယောဇဉ်လေးတော့ ထားမိရတော့မှာပေါ့ အုပ်စိုး .. ခု .. ဒီကလေး အပေါ် .. ဒီလောက်ကြီးထိ .. ရက်စက်ရက်ရသတဲ့လား .. မင်းရဲ့နှလုံးသား ဒီလောက်ထိ မာကျောရသတဲ့လား အုပ်စိုး .. မယုံရက်နိုင်လောက်အောင်ပါပဲ .. မယုံရက်နိုင်လောက်အောင်ပါပဲ .. ဘုရား .. ဘုရား .. ဒီကလေး .. ဘယ်လောက် ကြာကြာကြီးကတည်းက .. ဒီလိုအရက်စက်ခံနေရပါလိမ့် .. ခံစားနေခဲ့ရရှာပါလိမ့် .. သူကတော့ ပြောသား .. ငါက .. မဟုတ်ဘူး ထင်မိခဲ့တာ .."

ဟု ပြောနေရင်းမှ စောစောပိုင်းက ဦးအုပ်စိုးကို ခက်ထန်နာကြည်းလွန်းစွာ ဆက်တိုက် ပြောနေရာမှ .." ရုံးထဲထိခိုက်လာရရင်း ရင်ကိုဖိ၍ ကြာညို့ ခုတင်ပေါ် အားကုန်ကြီး ပြတ် ထိုင်ချလိုက်ပါပြီ .."

"ကြာညို့ .. လူလေး .."

ဟု တုန်အက်အက် အသံကြီးဖြင့် ခေါ်လိုက်ရင်းမှ ဦးဘုန်းရှိန်သာ မျက်ရည်ကျလာရှာပါ၏။ ဆစ်ဆလးများကို သပ်ယော်ရင်းမှ အိတ်ကတ်တွင်းမှ လက်ကိုင်ပဝါကိုထုတ်ကာ ကြာညို့နှုတ်ခမ်းဆီမှ စီးကျနေပါသည့် သွားရည်များကို ဖွဖွသုတ်ပေးနေသည်။

"ကျွန်တော် ရောက်လာတော့ ကြာညို့ကို သူ အတော်ကြီး ထိုးပြီးနေပြီ အန်ကယ် .. ကျွန်တော် ဝင်တားချိန်မှာ လန့်

ရှိန်ကြီးနေပြီဖြစ်တဲ့ ကြာညို့ကလဲ မျက်စိတွေ ချာချာလည်ပြီး ဖောက်နေပြီ .. ပါးစပ်ထဲကလဲ သွားရည်တွေကျနေပြီ .. ကိုအုပ်စိုးကို တားမရနိုင်ဘဲ ဖြစ်နေတာနဲ့ ကျွန်တော် သူ့ကို တစ်ချက်ထိုးထည့်ပစ်လိုက်ရပါတယ် အန်ကယ် .. သူ့ပါးချိတ်က ယောင်နေတဲ့ ဒဏ်ရာမှာ ကျွန်တော်ထိုးလိုက်တဲ့ ဒဏ်ရာပါ .. သူကလဲ ကျွန်တော့်ကို ပြန်ထိုးပါတယ် အန်ကယ် .. ကလေးကလဲ .. အရမ်းဖောက်နေပြီမို့ ကျွန်တော့်မှာ ဆေးထိုးပေးခဲ့ရတာပါ .. ဒီမြင်ကွင်းကို ဒီအဖြစ်ကို .. ကျွန်တော် အရင်တုန်းက မကြုံခဲ့ဖူးပါဘူး အန်ကယ် .. အရင်တုန်းက ကျွန်တော် အန်ကယ့်ကို ပြောခဲ့ဖူးသလိုပါပဲ .. ကြာညို့ ဘာသာ ဖောက်ရင်းနဲ့ .. သူ့ကိုယ်သူ .. ထုရိုက်ရင်းနဲ့ .. နဖူးကို ဆောင့်ရင်းနဲ့ ဒဏ်ရာရတာမျိုးကိုပဲ ကြုံခဲ့ရတာပါ .. ခုကျတော့ .. အဲဒီဥစ္စာကို အခွင့်ကောင်းယူပြီး .. ကြာညို့ဘာသာ စိတ်ဖောက်ရင်း ဖြစ်သလိုမျိုး ပုံစံချိုးပြီး ကိုအုပ်စိုးက .. ကြာညို့ကို .. ကိုယ်ထိလက်ရောက် ထုရိုက်ထိုးကြိတ်ခဲ့တာပါ .."

ဟု ဆက်တိုက်ကြီး ဒေါသတကြီးအောင်မင်း ပြောသည်းပြော ..။

"မင်း .. ငါ့ကို .. တိုင်မယ်ဆို .. ငါ့ကို တုံ့ပြန်စွပ်စွဲပြီး တိုင်မယ်ဆို .. တိုင်လေ .. တိုင်ကြည့်စမ်းပါ ကိုယ့်လူ .."

ဆိုသည့် အကြည့်မျိုးဖြင့်လည်းကြည့် ..။ မထီတရီ ကြီးလည်း ပြုံးချလိုက်ပါ၏။ အဲခဲ့၍ ဦးအုပ်စိုး တစ်ချက် စိုက်ကြည့်ပြီးမှ ကိုယ်ကို မတ်လိုက်ကာ ..

www.burmeseclassic.com

www.burmeseclassic.com

"သူ လိမ်တာပါ အန်ကယ် .. ခေါက်တာ လိမ်တာပါ .. ကျွန်တော် ကြာညှို့ကို ဘယ်လိုမှ ထိခိုက်နာကျင်စေခဲ့တာ မဟုတ်ပါဘူး ခင်ဗျာ .. သူ လုပ်တာပါ .. သူလုပ်နေတာ ကို ခြထဲမှာ အပင်လေးတွေ ခဏကြည့်ပြီး ပြန်လာတဲ့ ကျွန်တော် မြင်တော့ ဝင်တားရာက .. သူက ကျွန်တော့်ကို ထိုးတာပါ .. ကျွန်တော် မရောက်ခင်ကတည်းက .. ကြာညှို့ ကို သူဆေးထိုးပြီးပါပြီ .. ဘာလို့လဲ ဆိုတော့ .. ကြာညှို့ က .. မလှုပ်နိုင်ဘဲ ဖြစ်နေတာမို့ သိရတာပါ .."

ဟု ကိုယ့်ကိုယို့၍ တရိတသေကြီး ဦးဘုန်းရှိန်သာ ကို ပြောတော့ နှစ်ယောက်စလုံးကို ဦးဘုန်းရှိန်သာ စိုက်ကြည့်နေသည်။ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် စွပ်စွဲရင်း အငြင်းကြီး ငြင်းနေကြလေသမျှ စိတ်ရှုပ်ထွေးလာပုံကြီးဖြင့် စိုက်ကြည့်ကာ ခေါင်းကိုယမ်းသည်။ ဘယ်သူ့ ဘယ်သူကိုမှ ယုံ၍မရနိုင်စေတော့သည်နှယ်လည်း တစ်ချက် တွေခနဲ ငြိမ်၍ စဉ်းစားနေသည်။

နောက်တော့ စဉ်းစားလိုက်မိပုံဖြင့် ဖျတ်ခနဲ ခေါင်းကြီးမတ်သွားကာ ဦးအုပ်စိုးကို စိုက်ကြည့်ဟာပါ၏။ အိတ်ကပ်တွင်းမှ ဆယ်လူလာဖုန်းလေးကိုထုတ်၍ ..

"နံ့သာမြို့ကလား .. အန်ကယ်ပါ .. ဟိုတယ်ရဲ့ လုံခြုံရေး ဝန်ထမ်းလေးယောက်ကို မြေးကြာညှို့ရဲ့ အိမ်လေးကို လွှတ်လိုက်ပါ .."

ဟု ဇာဉ်ငြိမ်စွာ ပြောလိုက်ပြီးသည့် နောက်မှာ ပြတ်သားသော အကြည့်ဖြင့် ဦးအုပ်စိုးကို တည့်တည့်မတ်မတ်

ကြည့်လိုက်ပါ၏။ အရှိန်ဩဇာပြင်းသည့် အကြည့်ကို ရင်မဆိုင်နိုင်သည့်နှယ် ဦးအုပ်စိုး၏ ခေါင်းကြီး မသိမသာ ငုံ့ကျသွား ချေ တစ်ချက် မဝံ့မရဲ ကြည့်လိုက်ပြန်ရင်း ..

"ကြာညှို့ အပေါ်မှာ ခေါက်တာဟာ မကောင်းတဲ့သူပါ .. အဲဒါကို .. အန်ကယ် ယုံကြည်စေချင်ပါတယ် ခင်ဗျာ .. မယုံကြည်မိရင်တော့ဖြင့် .. တစ်နေ့မှာ ယုကျူးမရ ဖြစ်စေမယ့် နောင်တကို အန်ကယ် ရပါလိမ့်မယ် .."

ဟု သတိပေးသလို ပြောလာတော့ ဦးဘုန်းရှိန်သာ ခေါင်းယမ်း ပြသည်။

"ကြာညှို့ ပြောတဲ့အထဲမှာ .. မင်းဟာ .. သူ့ကို ထိုးတယ် .. ကန်တယ်ဆိုတာတွေ ရှိနေတယ်လေ .. ခေါက်တာက သူ့ကို အဲသလို ထိုးကြိတ်ကန်ကျောက်ပါတယ်လို့ ထည့်တိုင်ခဲ့တာမျိုး မရှိဘူး .. မင်းကိုသာ တိုင်ခဲ့တာ .. မင်း အပေါ်မှာသာ တိုင်ခဲ့တာ .. အဲဒါကို ငါ စဉ်းစားမိတဲ့အတွက် .. ဟိုတယ်ရဲ့ လုံခြုံရေးဝန်ထမ်းလေးယောက်ကို ဖုန်းဆက်ခေါ်လိုက်ရတာပါဗဲ့ .. မင်းကို ဒီအလုပ်က ရပ်တန့်ပစ်လိုက်ပြီ ကိုအုပ်စိုး .. မင်းရဲ့ဝစ္စည်းဝစ္စယတွေနဲ့ အတူ .. ခုချက်ချင်းပဲ .. ထွက်ခွာသွားပေတော့ .. အဲဒါကိုမှ ကလန်ကဆန် လုပ်နေဦးမယ် ဆိုရင် .. မင်းကို ရဲလက်အပ်ရလိမ့်မယ် .."

ဟု သတိပေးသည့်နှယ် ပြောလာတော့ ဦးအုပ်စိုးမှာ ခေါင်းယမ်းပြီး၍ ဦးဘုန်းရှိန်သာကို ကြည့်ရာမှ တစ်ချက် အသံတွက်သာင် ခပ်တိုးတိုး ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အင်းဒေါ်လေ .. သူ့ကို ယုံနေမှတော့ .. ယုံပေါ့ခင်ဗျာ .. တစ်နေ့ကျမှ .. ကျွန်တော့်စကား အမှတ်ရရင်း .. မျက်ရည်မကျစေနဲ့လို့ .. ပြောခဲ့ချင်ပါရဲ့ .. ကျွန်တော့်ဘာသာပဲ .. ထွက်သွားပါ့မယ် အန်ကယ် .. ဘယ်သူကမှ .. ကျွန်တော့်ကို ဆွဲခေါ်ခဲ့သွားရလောက်အောင် .. ကျွန်တော်ကလဲ .. ဒီအလုပ်မှာ အတင်းတွယ်ကပ်နေချင်တဲ့ကောင် မဟုတ်ပါဘူးဗျာ .. လူလဲ ငြီးငွေ့လှပါပြီ .. ဒီ .. ကြာညို့ကို စောင့်ကြည့်နေရတဲ့ အလုပ်ဟာ .. သိုးအကောင်ပေါင်းများစွာကို ထိန်းကျောင်းနေရတဲ့ သိုးထိန်းခွေးတစ်ကောင် ထက်တောင်မှ ပင်ပန်းလှပါသေးတယ် .. သိုးထိန်းခွေးက မှ စားကျက်စိမ်းစိမ်းပေါ်မှာ ချစ်စရာကောင်းတဲ့ သိုးလေးတွေကို ထိန်းကျောင်းရင်း .. ကျယ်ပြန့်တဲ့ ကောင်းကင်ကြီးရယ် .. လှပတဲ့ ဆောအုပ် တောင်တန်းရယ် .. နေးမြတဲ့လေတွေရယ်ကို .. ရှုမြင်နိုင်ပါသေးတယ် .. ကျွန်တော့်မှာဖြင့် ဒီ ကြာညို ဆိုတဲ့ တျပ်မပြည့်တဲ့ လူတစ်ယောက်နဲ့ .. တစ်နေ့ပြီး တစ်နေ့ ဒီငြီးငွေ့စရာ ခြံဝင်းတွင်းမှာ ရှိနေရ .. ဘယ်ကိုမှ မသွားရ မလာရနဲ့ ရှိနေသမျှ .. ခုမှ .. ကိုယ့်ခြေလှမ်းတွေကို .. ကိုယ်ကြိုက်သလို စေခိုင်းနိုင်တော့မယ့် ဘဝကို ရောက်ရတော့မှာပါ .."

ဟု ပြောကာ ခပ်ဝေးဝေးပင် အခန်းတွင်းမှ ထွက်ခွာသွားကာ တစ်ဖက်ခန်းဆီမှ ပစ္စည်းပစ္စယတွေကို သိမ်းဆည်း၍ ဘယ်လိုမှ မက်မောဖွယ် မကောင်းသော နေရာတစ်ခုမှ လွတ်မြောက်သွားရသည့် သူတစ်ယောက်၏ ခြေလှမ်းမှာ နယ်

ဆင်ကြာကြေခြုံပြုံး၍ ထွက်ခွာသွားပါသတည်း .. ။ ဦးဘုန်းရိန်သာမှ ဆယ်လွှာလာဖုန်းလေးဖြင့် ပြတင်းအနီးမှာ သွားရပ်ကာ အပြင်ဘက်ကို ငေးကြည့်ရင်း ခပ်တိုးတိုး ပြောနေသည်။

လှလွန်းအိမ်ကတော့ .. ကြာညို့ မျက်နှာလေးကိုသာ ငေးကြည့်နေမိရဆဲ .. ။

ကြာညို့ အနီးမှာ လူတွေ ကအောက်ကဆ ပြောကြ .. ။ ဒေါသတကြီး ဖြစ်သူကဖြစ် .. ။ ပြန်၍ မထေ့တထေ့ ချော်သူကပြောနှင့် လူတစ်ယောက်ပင် ဤအဆောက်အအုံလေးဆီမှ ထွက်ခွာသွားချေပြီဖြစ်သည့် အဖြစ်သနစ်များ ဖြစ်ပျက်ခဲ့ကြောင်းကို ဘာဆို ဘာမျှ ကြာညို့ မသိ .. ။ အညိုအမည်း ဒဏ်ရာများဖြင့် .. ။ သြော် .. မျက်ရည်များ စီးကျနေရှာသော မျက်နှာလေးဖြင့် .. ။ ကုကယ်သူမဲ့နေသည့် ကလေးတစ်ယောက်နှယ် ညှိုးငယ်ရွာ ပန်းပန်းဟိုက်ဟိုက် .. မှေးငိုက်အိပ်စက်နေချေသည်ဆိတား .. ။

မျက်နှာလေးက .. တဖယ်ကို .. ပက်တီ .. ကလေးတစ်ယောက်နှယ် အပြစ်ကင်းစင်လွန်းလှချေသည်ကော ကြာညိုရယ် .. ဟု ရင်တွင်းမှ ခပ်ဖွဖွ ညည်းဖြစ်မိရ .. ။

ရင်တွင်းဆီမှ ကရုဏာတရားတို့ .. ပွားစည်တိုးဝှေ့ဖြစ်တည်ရှနှင့် ရှိရချေသည်ကော ကြာညို့ .. ဆိုသည့် .. သူရယ် .. ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၉)

"တကယ်က .. ကြာညို့ကို .. ဘဘ အနီးမှာ ထားဖို့သင့်တယ် ဆိုတာ ဘဘ နားလည်ပါတယ် သမီးရယ် .. ဘဘ အခန်းမှာ ဘဘနဲ့ တစ်အိပ်ရာတည်း အိပ်စေသင့်တယ် ဆိုတာကိုလဲ ဘဘ သိတာပေါ့ .. ဒီကလေးဟာ ဘဘကို အလွန်ချစ်အားကိုးတဲ့ ကလေးပါ .. ဒါပေမဲ့ .. ဘဘလုပ်ကိုင်နေရတဲ့ ဟိုတယ်လုပ်ငန်းဆိုတာက အရပ်ရပ်ကလာ ရောက်တည်းခိုကြတဲ့ လူအများနဲ့ ပတ်သက်ရာ လုပ်ငန်းကြီး ဖြစ်နေတော့ .. စိတ်ဝေဒနာသည်ဖြစ်တဲ့ ကြာညို ဆိုတာကလဲ .. စီတ်ထင်ရင် ထင်သလို .. မထင်ရင်မထင်သလို လုပ်ကိုင်တတ်ပေတာမို့ .. ဒီဟိုတယ်ကြီးမှာပဲ နေနေတဲ့ ဘဘရဲ့အခန်းထဲက သူ ထွက်ချင်တဲ့အချိန် ထွက်ပြီး .. တည်းခိုသူတွေကို အနှောင့်အယှက် ဖြစ်စေမယ်ဆိုရင် .. ဟိုတယ်လုပ်ငန်းကြီး တစ်ခုလုံးကိုပါ ထိခိုက်နိုင်တယ်လေ ပြီးတော့ .. စိတ်ဝေဒနာသည် ရှိနေတဲ့ ဟိုတယ်ကြီးဆိုပြီး တော့လဲ .. တချို့က အစကတည်းကိုက လာမတည်းတော့ ဘဲ ရှောင်သွားနိုင်ကြသေးတယ် မဟုတ်လား .. တချို့က

အပန်းဖြေဖို့ သက်သက် ထွက်လာကြတာလဲ ရှိကြတယ် .. သူတို့ ဘယ်စိတ်အနှောင့်အယှက် ဖြစ်ခံချင်ကြပါ့မလဲ .. ဒီနဲ့သာမြိုင် ဆိုတာကလဲ .. တော်ရဲ့ အရင်းအနှီးကြီးနဲ့ တည်ဆောက်ထားရတဲ့ လုပ်ငန်းမှ မဟုတ်ချေပဲလေ .. ဘဘရဲ့ ကြာညို့အတွက် .. ဒီနဲ့သာမြိုင်ကို ဆက်ထိန်းကျောင်းပေးနေရတာပါ .. ဒီကလေး ပြန်ကျန်းမာလာတဲ့ အခါ ဒီဟိုတယ်ကြီး တစ်ခုလုံးကို သူ့လက်ထဲ ပြန်အပ်လိုက်မှာပါပဲ .. ဒီဟိုတယ်ကို ဆက်လက်ရှင်သန် တည်မြဲနေဖို့အတွက် ဘဘက ထိန်းသိမ်းပေးနေတာပါ .."

ဟု ဦးဘုန်းရှိန်သာ ပြောနေသမျှ လှလွန်းအိမ် ငြိမ်သက်နားထောင်နေရပါ၏။

ကြာညို့ အိမ်လေးဆီမှ ပြန်လာကြပြီးသည့်နောက်မှာ ဦးဘုန်းရှိန်သာသည် ဟိုတယ်ပေါ်သို့ ပြန်မတက်သေးဘဲ ဥယျာဉ်ဘေးရှိ မြက်ခင်းထက်မှာ စိတ်ထွေထွေနှင့် ပခုံးလျှာနှံ့ဖြင့် မျက်နှာမလန်းဘဲ လမ်းလျှောက်နေဖြစ်ကာ .. ။ စိတ်မောပန်းကိုက်စွာပဲ လှလွန်းအိမ်ကို ရင်ဖွင့်ပြောနေသည့်နယ်ပါ .. ။ လှလွန်းအိမ် ငြိမ်သက်စွာ နားထောင်နေသူ သက်သက်အဖြစ် ရှိနေရပါ၏။ လတ်တလောမှာ ဘာကိုဘာမျှ ဝင်မပြောတတ်သည့်နယ်သည်း လှလွန်းအိမ် ရှိနေရပါ၏။ စောစောက မြင်ခဲ့ရပါသည့် ခြင်ကွင်းသည် တစ်စက်ကလေးမျှ စိတ်ချမ်းသာဖွယ်မရှိ .. ။ ထို့အဖြစ်ကို ရင်ဆို့နေအောင် ခံစားရင်း ပြန်ဆောရပါသည့် ဦးဘုန်းရှိန်သာ၏ ရင်ထဲတွင် ဖြန့်၍ အေးချမ်းတည်ငြိမ်နေဖို့ ဆိုတာ ခဲယဉ်းနိုင်လောက်သည့် ကိစ္စ .. ။

www.burmeseclassic.com

www.burmeseclassic.com

ဤအချိန်မျိုးမှာ ဖျောင်းဖျစကားကို ရှာဖွေပြောဆိုပေးနိုင်ဖို့ဆိုတာ အလွန်တရာကိုမှ ခဲယဉ်းနေသည်မို့ .. လှလွန်းအိမ် အနေဖြင့် လောလောဆယ်မှာ ငြိမ်သက်နားထောင်ပေးလိုက်ခြင်းသာ အကောင်းဆုံး ဖြစ်ချေမည်ဟု မှတ်ယူလက်ခံထားလိုက်ရသည်ပါပဲ။ ဘာပဲဖြစ်ဖြစ် .. ဦးဘုန်းရှိန်သာ ရင်ဖွင့်၍ ပြောနေပါသည့် စကားတွေကို ဘာဆိုဘာမျှ ဝင့်၍မစွက်ဘဲ ငြိမ်သက်နားထောင်ပေးလိုက်ခြင်းအားဖြင့် ဦးဘုန်းရှိန်သာ၏ ရင်ထဲမှာ ဆောက်တည်ရာမဲ့မျှ ကြေကွဲခံစားနေရပါသည့် စိတ်ထိခိုက်နေခြင်းများ၏ ဝေဒနာဒဏ်သည် အတန်အသင့်မျှတော့ဖြင့် ကျပ်ခဲနေမှုများဆီမှ လျော့ပါးသွားနိုင်ပါ ချေလိမ့်မည်တည့် ..။

"ဒါပေမဲ့ .. လောလောဆယ်မှာ .. ဘာဘ ကိုယ်တိုင်ပဲ အဲဒီအိမ်လေးမှာ သွားအိပ်လိုက်ဖို့ ဆုံးဖြတ်ထားတယ် သမီး .. ခက်တာက .. ဟိုတယ်လုပ်ငန်း ဆိုတာကလဲ .. ဘာဘ ကိုယ်တိုင်က .. နဲ့သာမြို့ဟိုတယ်မှာ ရှိနေဖို့သင့်တာ မဟုတ်လား .. အဲဒါကလဲ .. ဒီညအတွက် ဘာဘဟိုမှာ အိပ်ချင်နေတဲ့ကိစ္စကို တစ်ချက် အခက်အခဲ ဖြစ်နေစေပြန်တယ် .. ကြာညိုလေးက .. တစ်ခုခုကို စွဲသွားရင် ဖြတ်ရခက်တဲ့ ကလေး .. ဘာဘ ဟိုမှာ တစ်ညအိပ်လိုက်မိတာနဲ့ .. အမြဲအိပ်ခိုင်းနေတော့မှာ .. ဒီတော့ .. ဘာဘ .. အဲဒီအိမ်လေးရဲ့ ည့်ခန်းမှာပဲ .. ကြာညိုလေး မသိအောင် ဒီညတော့ ဈောင့်အိပ်လိုက်ပါတော့မယ်လေ .."

ဟု ခပ်ညည်းညည်း ပြောနေသည်က .. စိတ်မောပန်းလျှံနေသည့် အသွင်ဖြင့်ပါ ..။

ဦးဘုန်းရှိန်သာ၏ ဖြူသောဆံစတို့သည် နဖူးပြင်ဝဲယို့ကျနေ၏။ ကြာညိုနှင့် ပတ်သက်လာလျှင် အစစအရာရာ အရိုဆုံးသူတစ်ယောက် အဖြစ်ရော .. သွေးသားတော်စပ်သူအဖြစ်ရော ရှိနေသည်မို့ ..။ လောလောဆယ်မှာ အရမ်းကို စိတ်တွေ အထိခိုက်ကြီး ထိခိုက်နေရမှန်း သိသာနေဝါ၏။ ပြောဆိုနေပုံကသည်း တစ်ယောက်တည်း ညည်းတွားကြေကွဲနေသည့် သူအိုကြီး တစ်ယောက်နှယ် ဖြစ်နေသည်။ ငယ်ရွယ်သူ တစ်ယောက်အတွက် ဆိုပါမူ စိတ်ထိခိုက်ကြေကွဲမှုကို ခံစားရသည် ဆိုစေဦး ..။ ဤမျှ အထိ အတိုင်းအတာ ပြင်းထန်နေချေမည် မထင် .. ။ ခံနိုင်ရည်သည်း ဤသူအိုကြီးထက်တော့ ရှိနေပါချေဦးမည်။ ခုကျတော့ အရွယ်နှင့်မမျှ .. ။ အရမ်းကို ပင်ပန်းလွန်းစွာ ထိခိုက်ခံစားနေရပါသည့် အသွင် ..။

"ကလေး သက်သာလာရင်တော့ဖြင့် .. ဘာပဲဖြစ်ဖြစ် .. ကြာညိုကို သစ်တော့ခြံကို အလည်အပတ် ဧာစ်ပတ်လောက် ဖြစ်ဖြစ် ခေါ်သွားလိုက်မယ် .. ဘာဘ သူ့ကို ကတိပေးထားတယ် ဆရာမလေးရဲ့ .. သူ့ကို မနက်ဖြန် သစ်တော့ခြံကို ခေါ်သွားမယ်လို့လေ .."

ဟု ခပ်ညည်းညည်း ကြေကွဲစွာ ဆက်ပြောနေသည်။ နောက်ဝန်းဝယ် မျက်ရည်စတို့ လည်နေ၏။

"ဘာဘဟာ .. ဘာဘရဲ့ ညီဖြစ်တဲ့ မိသားစုအပေါ်မှာ တာဝန်မကျေဘူးရယ်လို့ .. တမလွန်ဘဝကနေပြီး သူတို့ မှတ်ယူလိုက်ကြတော့မှာပါပဲကွယ် .. ကြည်နူးရယ် .. မင်းအပေါ် .. ငါ .. ဒီကလေးစာစ်ယောက်ရဲ့ တာဝန်လေးတောင်

www.burmeseclassic.com

www.burmeseclassic.com

မှ ကျေနိုင်တဲ့ လူညံ့ကြီး ဖြစ်နေပါ့ဗျာလား ကွာ .. ညီ
ငယ်ရာ _ ကိုကြီးကို .. ခွင့်မလွှတ်နိုင်တော့အောင် စိတ်
ဆိုးနေပြီထား ညီရာ .."

ဟု ပြောနေရာမှ ဖြုတ်ခနဲ ဦးဘုန်းရှိန်သာ မြက်ခင်း
ဆီ အားကုန်ကြိုးပြတ် ထိုင်ချလိုက်သည်။ လက်နှစ်ဖက်ကို
တင်းတင်း ပိုက်ချလိုက်ကာ အငြိမ်ကြီး ငြိမ်နေလျက်ဖြင့် ရှိနေ
ရာမှ စတင်၍ အသံပွင့်ကျလာအောင် ငိုရှိုက်လာပါပြီ ..။

ဦးဘုန်းရှိန်သာ၏ ငိုကြွေးနေပုံသည် သူအိုတစ်
ယောက်၏ ကြေကွဲမှုများကြောင့်လည်း ဖြစ်နေလျက် ..။ ထိခိုက်
နာကျင်လွန်းနေသော နှလုံးအိမ်ဆီမှ မခံနိုင်လွန်းစွာ ငိုချနေပုံလည်း
ဆန်နေကာ ..။ လက်ကလေးပိုက်ထားပုံကျတော့လည်း ကလေး
တစ်ယောက်၏ လက်ပိုက်ငိုကြွေးနေပုံမျိုးလည်း ဖြစ်နေသည်။
တစ်ယောက်တည်း အခန်းကျဖြစ်ကြီးတစ်ခုမှာ ငိုကြွေးနေသည့်
ကလေးတစ်ယောက်နှင့် တူနေပြန်သည်။ တစ်ခုတည်းသော
တူညီမှုကတော့ အရမ်းကို ကြေကွဲနာကျင်လွန်းစွာ အထီခိုက်ကြီး
ထိခိုက်နေသည့် သူတစ်ယောက် ဖြစ်နေခြင်းပါ ..။ ကလေးတစ်
ယောက်၏ ကြေကွဲထိခိုက်စွာ ငိုကြွေးနေခြင်းနှင့်လည်း တူနေသည်။
သူအိုတစ်ယောက်၏ တနှင့်နှင့်နေအောင် ကြေကွဲနာကျင်နေခြင်း
နှင့်လည်း တူနေသည်။ လှလွန်းအိမ် သက်ပြင်းလေး မျှဉ်မျှဉ်ချ
မိကာ ဦးဘုန်းရှိန်သာ၏ ဘေးတွင် ညှာသာစွာ ထိုင်ချလိုက်မိရပါ
ပြီ ..။ ဤသူအိုကြီးတစ်ယောက်ကို .. မြက်ခင်းပြင်ကျယ်ကြီး
တစ်ခုထက်မှာ တစ်ယောက်တည်း ချန်ထားမပစ်ရက်နိုင် .. မချန်
ရစ်ခဲ့ရက်နိုင် ..။

တစ်ယောက်တည်း အထီးကျန်လွန်းစွာ ရှိနေသည့်
သူအိုကြီးတစ်ယောက်ကို ပစ်မထားရက်နိုင် ..။ ဒါပေမဲ့ .. ဖျောင်းဖျ
သားကိုလည်း ပြောပြမှာ ရှာမတွေ့နိုင်ပြန် ..။

ကိုယ့်ထက် များစွာအသက်ကြီးရင့်နေပါသော သူ
တစ်ယောက်ကို ပို့ချစ်သော မိန်းမရွယ်လေး တစ်ယောက်က
ဘေးဖျစကားဆိုတွေကို လူကြီးသူကြီး မိန်းမတစ်ယောက်ပမာ
နေရာယူ၍ ပြောရမှာမျိုးကိုတော့ လှလွန်းအိမ် မလုပ်နိုင်စွမ်း ..။
ဦးဘုန်းရှိန်သာ၏ ဘေးတွင် ငြိမ်သက်စွာထိုင်ရင်း စိတ်ထိခိုက်
နာအဖော်အဖြစ် နေပေးလိုက်ရုံမှတစ်ပါး အခြားလမ်းလည်းမရှိ
သည်မို့ ..။ လှလွန်းအိမ်သည် အတန်ကြာမှ ငြိမ်သက်စွာဖြင့်
ခွက်ရည်များ ဖြာကျနေပါသည့် သူအိုကြီး တစ်ယောက်၏ ဘေး
မှာ ရှိနေလိုက်ရသည်ပါပဲ ..။

ဆယ်မိနစ်ကျော်မျှလောက် ကြာတော့ ဦးဘုန်းရှိန်သာ
သည် ကိုယ့်ကိုယ်ကိုယ် ပြန်၍ထိန်းသိမ်းနိုင်စ မြူလာသည်။
ဘေးတွင် ငြိမ်သက်စွာထိုင်ရင်း အဖော်အဖြစ် ရှိနေရာပါသည့်
လှလွန်းအိမ်ကို ငဲ့ကြည့်သည်။ အားယူ၍ပြုံးကာ လှလွန်းအိမ်၏
ဆံစလေးများကို သပ်တင်ပေးလာပါ၏။ တကယ့် ဘိုးအေတစ်
ယောက်နှယ် မွှဖွညင်ညင် နိုင်နေသော လှုပ်ရှားမှု။ တရင်းတချာ
နိုင်နေပါသော လှုပ်ရှားမှု ..။

"ကျေးဇူးတင်ပါတယ် သမီးရယ် .. ဘာကို နားလည်ပေး
တဲ့အတွက် .. စာနာပေးတဲ့အတွက် .. ခုလို .. ပစ်မထား
ခဲ့ရက်နိုင်တဲ့ အတွက် .. ဆိုပါတော့ .. အင်း .. တစ်ခါ
တစ်ခါကျတော့လဲ ဘာဘ ပင်ပန်းလှပါပြီကွယ် .. အသက်

www.burmeseclassic.com

www.burmeseclassic.com

အလွယ် ရလာချိန်မေမို့ .. ဒီကလေးအတွက် နောက်ဆံတင်း လွန်းနေရတာ .. ပင်ပန်းလှပါပြီ .. ဒါပေမဲ့ .. ဒီပင်ပန်းမှုကြီးကို .. ဘာ ဒီလိုပဲ .. ရင်မှာပိုက်ထားရဦးမှာပါပဲ .. ဒီကလေး အတွက် ဘာ အသက်ရှည် နေနိုင်ဖို့ .. ကြိုးစားနေရဦးမှာပါပဲ .."

ဟု ပြောရှာပါ၏။ လှပသော ပန်းလေးတွေ ပွင့်နေရာ ဥယျာဉ်ဘက်ဆီသို့ မျက်နှာမူလျက် ထိုင်နေကြရပေမဲ့ လတ်တလော အချိန်မှာ ပန်းလေးတွေ၏ အလှ .. လရောင်၏ အလှတို့ကို စကားစမြည်အဖြစ် မပြောဖြစ်နိုင်ကြ .. လောင်မြိုက်သော .. ရင်ဖြင့် ဦးဘုန်းရှိန်သာ ရှိနေရလေသမျှ လှလွန်းအိမ် သည်လည်း စိတ်ထိခိုက် ခံစားနေရသည်ပါပဲ။

လှလွန်းအိမ် ကိုယ်တိုင်လည်း ရင်ထဲမှာ မကောင်းနိုင် .. ဒဏ်ရာများဖြင့် ညည်းညူနေရင်ဖြင့် အိပ်ပျော်နေရာပါသည့် ကြားသို့ ပုံရိပ်လေးသည် ရင်တွင်းဆီသို့ မဖျောက်ဖျက်နိုင်စွာ နေရာယူထားခဲ့ပြီးပြီ ..။

"ပြန်ကြတာပေါ့ ဆရာမလေးရေ .. ညဉ့်နက်သွားပေလိမ့်မယ် .. ကဲ .. ကဲ .. သမီးက .. ကိုယ့်အခန်းကိုယ် ပြန်ပေဦး .. ဘဘက .. ကြာသို့ဆီကို ပြန်လိုက်မယ် .. ခေါက်တာကိုလဲ ဟိုမှာပဲ အိပ်ခိုင်းလိုက်မယ် .. ခုလို .. ဘဘကို .. ဘေးက အဖော်အဖြစ် နေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် သမီးရယ် .. အင်း .. ကြာသို့လေး နေကောင်း သက်သာလာတဲ့ အခါမှာ .. ဘဘ .. သစ်တော်ခြံ အိမ်လေးကို ကြာသို့ကို ခေါ်သွားတဲ့အခါ .. သမီးလေး

လဲ သစ်တော်ခြံကို အလည်လိုက်ခဲ့ပါလို့ ဘဘ ဖိတ်ခေါ်ပါတယ်ကွယ် .. ဟိုတယ်က .. မိန်းကလေး အဖော်တစ်ယောက်ကိုလဲ သမီးအတွက် အဖော်ခေါ်ခဲ့မယ်လေ .. သစ်တော်ခြံကျယ်ကြီးရဲ့ အရှေ့ဘက်မှာ စမ်းချောင်းလေး ရှိတယ် သမီးရဲ့ .. အဲဒီမှာ .. ဘဘနဲ့ ကြာသို့တို့ ငါးမျှားတတ်ကြတယ် .."

ဟု စိတ်လိုလက်ရ .. လိုက်စေ့ချင်စွာပဲ ဦးဘုန်းရှိန်သာ ပြောလာတော့ လှလွန်းအိမ် ခေါင်းလေးညိတ်ပြမိပါ၏။ လှလွန် စိတ်ထိခိုက်နေဆဲ ဖြစ်ပါသည့် ဦးဘုန်းရှိန်သာမှ ဖိတ်ခေါ်သမျှကို ပေါ့ပေါ့တန်တန် မထားရက်နိုင် .. စိတ်ထိခိုက်နေသည့် ကြားမှ ဖိတ်ခေါ်လာခြင်းသည် တကယ့်ကို လိုက်စေချင်စေသောကြောင့် ဆိုတာ သိသာနေသည်ပဲလေ .. ပြီးတော့ .. လောလောဆယ်မှာ ဦးဘုန်းရှိန်သာကို ဘာဆို ဘာမျှ စိတ်ထဲ ကသိကအောက် ဖြစ်သွားစေချင် .. သစ်တော်ခြံသို့ မလိုက်တော့ပါ .. ဟု ငြင်းလိုက်ခြင်းသည် .. စိတ်လိုလက်ရ ခေါ်နေရာပါသည့် ဦးဘုန်းရှိန်သာကို စိတ်ထဲ အနှောင့်အယှက် ဖြစ်ရော ရောက်ချေမည်ဟု ..

မြက်ခင်းထက်ဆီမှပင် ဦးဘုန်းရှိန်သာနှင့် လှလွန်းအိမ်တို့ လမ်းခွဲဖြစ်ခဲ့ကြပါ၏။

ဦးဘုန်းရှိန်သာက ကြာသို့ ရှိရာ ဖခစ်ထပ်အဆောက်အုံလေးရှိရာဆီသို့ ခေါင်းငိုက်စိုက်ဖြင့် လျှောက်သည်။ လှလွန်းအိမ်က တည်းခိုရာ ဟိုတယ်အဆောက်အအုံဆီသို့ လျှောက်ခဲ့ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်းသော့ဖွင့်၍ဝင်ကာ ခုတင်ထက်မှာ ခြေကုန်လက်ဝန်းကျွတ် လဲချလိုက်ရင်း မျက်ဝန်းများကို စုံမှိတ်ချထားလိုက်မိရပါသည့် အဖြစ် ..။ ခုမှ .. ပို၍မင်ပန်းလာသည်သို့ ရှိ၏။

အာရုံထဲမှာ ပျောက်မရနိုင်သည်က ကြာညို ..။ ဒဏ်ရာများဖြင့် သနားစဖွယ် ကြာညို ..။ ပြီးတော့ .. မျက်ရှည်များဖြင့် လက်ကို တင်းနေအောင်ပိုက်ကာ ငိုကြွေးနေခဲ့ပါလေသော ဘဘဦးဘုန်းရှိန်သာ၏ အသွင် ..။

ရေတပ်လာသည်မို့ ထ၍ ရေခဲသေတ္တာတွင်းဆီမှ ရေသန့်ဘူးကိုယူကာ ဖန်ခွက်ပြည့် လောင်းထည့်ကာ ဆိုဖာထက်တွင် ထိုင်၍သောက်နေလိုက်မိရပါ၏။

"ဒေါက်တာဦးအောင်မင်း ဆိုတာကို .. တိုလူကြီးကလဲ စွပ်စွဲခဲ့တာပဲ .. ဘာတဲ့ .. သူ ပြောတာတွေကို မယုံရဖူး တစ်နေ့မှာ ဘဘဦးဘုန်းရှိန်သာဟာ အလွန်ကို နှောင်တရမယ် ဆိုတာမျိုးကို ပြောခဲ့တာပဲ .. တစ်ယောက်ကိုတစ်ယောက် .. အဲဒီ ဦးအုပ်စိုးနဲ့ ဒေါက်တာအောင်မင်းတို့ အပြစ်ဖို့နေကြပေမယ့် .. နှစ်ယောက်စလုံး မရိုးသားကြဘူး ဆိုရင်ကော ဖြစ်နိုင်တာပဲ .. ဦးအုပ်စိုး ပြောတာက .. ဒေါက်တဲ့က .. ကြာညို့ကို ဆေးထိုးပြီး ထိုးကြိတ်နေတာကို သူ မြင်တယ်လို့ ပြောတယ် .. ကြာညိုဟာ ဆေးရိုးကြောင့် မရုန်းကန်နိုင်ဘဲ ဖြစ်နေခဲ့ရတာဟာလို့လဲ စွပ်စွဲတယ် .. အဲဒါ .. ဖြစ်နိုင်တာပဲ .. တစ်ခါ .. ဒေါက်တာကလဲ ဦးအုပ်စိုးက .. ကြာညို့ကို ထိုးကြိတ်နေတာမြင်လို့ ဝင်တားရာက .. သူနဲ့ တစ်ပြန်တစ်လဲ ထိုးကြိတ်တဲ့အထိ ဖြစ်ခဲ့

ရတယ်လို့ ပြောတယ် .. ဒါလဲ ဖြစ်နိုင်တာပဲ .. ဒါပေမဲ့ တစ်ခု စဉ်းစားစရာရှိတာက .. ဦးအုပ်စိုးဟာ .. တကယ့်ကို .. ကြာညို့ကိုရိုက်တာ .. ခြစည်းရိုးခြားရင်းနဲ့ ရိုက်နှက်သံတွေ ငါတစ်ဖက်စီက .. ငှက်သေလေးနဲ့အတူ ရှိနေတုန်းက .. ကြားခဲ့ရတာမို့ တကယ့်ကို .. စရိုက်ကြမ်းမှန်း သိသာနေတာပဲ ရှိဏ္ဍေဦး .. ခုလို .. ဒေါက်တာတစ်ယောက်ကိုတော့ .. ဦးအုပ်စိုး ဆိုသူက .. ထိုးကြိတ်ရဲပါ့မလား .. ထိုးကြိတ်တယ် ဆိုရင်တော့ .. အကြောင်းတစ်ခုခုခိုင်ခိုင်မာမာ ရှိနေလို့သာ .. မခံနိုင်လွန်းစိတ်နဲ့ ထိုးကြိတ်တာ ဖြစ်ရမယ် .."

ဟု တွေးနေမိရာမှ ရေကုန်သွားပြီဖြစ်သော ဖန်ခွက်ကို စားပွဲပေါ်ချ၍ တစ်ချက်မျှ ဆိုဖာကျောမှီမှာ ဇက်လေးလွန်ဆန်းရင်း မျက်ဝန်းများကို စုံမှိတ်၍ တွေးငြိမ်နေမိရပါပြီ ..။

နောက်ဆုံးတော့ ဂျိအက်စ်အင်မဲ့ပုန်းလေးကို ကောက်ကိုင်လိုက်ရသည်ပါပဲ ..။

ခုလို .. ညအချိန်ကြီးမှာ ပုန်းခေါ်စဉ်ခိုက် အိပ်များနေချိန်ဆိုလျှင် ကိုနောင် စိတ်ဆိုးလျက် ထူးပါချေလိမ့်မည် ..။ သို့တော့ .. လှလွန်းအိမ်၏ ပုန်းဆိုတာ သိသွားလျှင်ဖြင့် ပိုးနဲ့အတိုင်း စိတ်ကိုလျှော့ချ အလိုလိုက်စွာဖြင့် ..

"ကဲ .. ဘာကိစ္စ .. ဘာကို ပူဆာဒုက္ခပေးဦးမှာလဲ အမိ .."

ဟု ပြောချင် ပြောလာပေလိမ့်မည် ..။ ဒါပေမဲ့ ကိုနောင် လေသံသည် အရမ်းကို သိသာလွန်းစွာ နူးညံ့အလိုက်သိများဖြင့် ပြည့်ဝနေပါချေလိမ့်မည်သာတည့် ..။ သာကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဆို ... ကိုနောင်သည် ... လှလွန်းအိမ်ကို စိတ်ရှည်အလိုလိုက်ရန် မွေးဖွားလာသည့်နယ် ရှိနေသူတစ်ယောက်အဖြစ် ချစ်မြတ်နိုးတတ် စွာ ရပ်တည်နေသူ ဖြစ်နေချေသည် မဟုတ်ပါလား။ ..။

"ဟယ်လို ..."

ထင်သည့်အတိုင်းပါပဲလေ ..။ ညဉ့်နက်ပိုင်းဆိုသို့ တိုးဝင်စမြူနေသည့် ကာလမေမို့ ကိုနောင် အိပ်ရာထက်မှ စိတ် မရည်နိုင်စွာဖြင့် ထူးလာသံကို ဉီးစွာ ကြားလိုက်ရသည်။ မည်သူ ဆိုက ဆက်သည်ဆိုတာကိုပင် ဖုန်းလေးနှိပ်၍ ခေါသည့် ဖုန်း နံပါတ်ကိုမျှပင် ကိုနောင် ကြည့်လိုက်မိခဲ့ဟန် မတူ ..။

"ကိုနောင် ..."

လှလွန်းအိမ်၏ အသံလေးကို ကြားလိုက်ရသည်နှင့် "ဟာ ... လွန်းလေး ... ကိုနောင့်လွန်းလေးက ဆက်တာ ကိုး ... ဆောရီးကွာ ... ကိုနောင် လေသံနည်းနည်း ... ကြွပ်ကြွပ် ဖြစ်သွားတယ် ... အို ... ကိုနောင့်လွန်းလေးက ကိုနောင့်ကို ဖုန်းဆက်လာတယ် ... ဟုတ်လား ... ဘာလဲ ... ပြန်လာတော့မလား ... ပြန်လာတော့မယ်လို့ ဆုံးဖြတ်ပြီး ဖုန်းဆက်လာတာပါလို့ ပြောလိုက်လေ ... ပြောလိုက်ကွာ ... လွမ်းလှပြီ ကောင်မလေးရဲ့ ... ဒီမယ် ... ကြာနေမယ်နော် ရင်တော့ ... သုံးရက်နေပြီးရင် ... ကိုနောင် လိုက်လာတော့ မှာနော် ... ဘာမှတ်လဲ ... ဟိုရောက်ပြီး ... တစ်ရက် နှစ်ရက် နေပြီးတာနဲ့ လှလွန်းလေးကို ပြန်ခေါ်ချသွားဖို့ ဆို ဖြတ်ထားပြီးသား ... ကိုနောင် ပြောတာကို ကြားရဲ့မဟုတ် လား ... ဆုံးဖြတ်ထားပြီးသားလို့ ... ပြင်ဆင်ရန်မရှိတော့

ဆုံးဖြတ်ချက်ပဲ ... ပြန်ခေါ်ချသွားမှာ ... ဘယ့်နယ်ဟာ ... လွမ်းလို့ သေတော့မယ် ... ဖုန်းခေါ်လိုက်တိုင်းလဲ စက် ပိတ်ထားတာချည်းပဲ ... အဲဒါ ကောင်းသလား လွန်းလေး ရဲ့ ..."

ဆတ်တိုက် ပြောနေသံတွင် ချစ်ဆလိုလိုက်မှုတွေ ဆာ ...။ လွမ်းလွန်း၍ ပြန်ခေါ်မည့် ခေါင်းမာသံတွေရော ...။ ဖုန်း ခေါ်ရင်း စိတ်တိုနေသံတွေရော ...။ အားလုံး ရောထွေးနေသည်။ သေမဲ့ ... ကိုနောင့်ထံမှ ချစ်ခြင်းများကို နားလည်နေရသည်မို့ ပြုံးလိုက်ရသည်ပါပဲလေ ...။

"ကိုနောင်ကလဲ ... လှလွန်း ဘာမှကို မပြောရသေးဘူး ... အတင်း ပြောချင်တာတွေချည်း နင်းတန်ပြောနေတော့တာပဲ ... ကိုနောင့်ကို သတိရလို့ ... ပြီးတော့ ... အားကိုးလို့ ဖုန်းဆက်လိုက်တဲ့ ဥစ္စာ ... ပြောခွင့်ကို မရတော့ဘူး ..."

ဟု ဟန်ဆောင်စိတ်တိုသံလေးစွက်၍ ပြောလိုက် ဆော့လည်း ကိုနောင့်ထံမှ ...

"ဘုရားရေ ... သတိရလို့ ... ဟုတ်လား ... ခုတစ်ခါဖဲ ... သတိရလွန်းလို့ ဆိုတာမျိုးလေးကို ကြားဖူးရတော့တယ် လွန်းလေးရယ် ... ရင်ထဲ ဘယ်လိုပျော်ဆင်းသွားတယ်ဆို တာ ရင်ထဲဝင်ကြည့်စေချင်တယ် သိရဲ့လား ... ကဲ ... ဖြေ စမ်းပါဦး ... ကိုနောင့်ကို သတိရရဲ့နော် ... အကြိမ်ပေါင်း ဘယ်လောက် ရှိသွားပြီလဲ ..."

ကြားချင်စေဖြင့် ပီတိနှင့် မေးမှန်း သိပေသည်မို့ ကိုနောင့်ကို ချစ်စနိုးလေး နောက်ချင်စိတ်ဖြင့် ...

www.burmeseclassic.com

www.burmeseclassic.com

"ခုတစ်ကြိမ်ပဲ သတိရမှားသေးတာ .."

ဟု ဖြေလိုက်မိရပါပြီ .။ ထင်သည့်အတိုင်းပါပဲလေ .။ ကိုနောင့်ထံမှ စကြွပ်ကြွပ် အသံကြီး ကြားလိုက်ရသည်ပါပဲ .။

"ဟောရားလိုက်တာကွာ .. ကြည့်စမ်း .. ခုတစ်ကြိမ်ပဲတဲ့ .. ကိုနောင့်မှာဖြင့် သတိရလိုက်ရတာ .. ရေတွက်မကုန် .. မျှတလိုက်တာကွာ .. ကိုနောင် အရမ်းသတိရနေမှန်း သိရက်နဲ့ ဒီလို ဖြေရသတဲ့လား .. နောက်ဆုံး .. ဒီတစ်ခါပဲ တကယ်သတိရတယ် အမှန်ပဲထား .. လိမ်ပြောပြီး နည်းနည်းပို့ဖြေလိုက်ဟော့ ဘာဖြစ်သွားမှာတို့လို့လဲ .. ခဏခဏ သတိရတိုတယ်လို့ ဖြေပါလား .. ကိုနောင့်မှာဖြင့် .. ကိုနောင့်ကို သတိရတယ် အားကိုးတယ် ဆိုလို့ ကြားတောင့်ကြားခဲ့ စကားကြောင့် ဝမ်းသာနေမိရတာ .. အားကိုးတယ် ဆိုတာကိုတောင်မှ .. ဒီတစ်ခါပဲလို့ ဖြေလိုက်မှာစိုးလို့ မေးတောင် မမေးရဲတော့ဘူးကွာ .."

ဟု ကလေးဆိုးကြီးလို မချင့်မရဲ ပြောနေသမျှ နားထောင်နေရရင်းမှ ရယ်လိုက်မိရင်း ..

"ကိုနောင်ကလဲ .. သတိမရဘဲ ရှိပါ့မလားလို့ .. ဓေးဝိုကြီးကို မကြိုက်လို့ .. ဒီတစ်ခါပဲ သတိရတယ်လို့ ဖြေထည့်လိုက်တာပါ .. ကိုနောင်နဲ့ တစ်သက်လုံး အိမ်ချင်းကပ်နေခဲ့ရတာ .. ကိုနောင် အလိုလိုက်သမျှ ဗိုလ်ကျလာခဲ့တာ .. ကိုနောင့်ကို သတိမရလို့ ဖြစ်မှာလားရှင့် .. လွလွန်းကို ယော်ကတည်းက အဖြစ်ခံပြေးနေကျ ကိုနောင်

ကို .. အမြဲအားကိုးနေခဲ့တာပဲ ဥစ္စာ .. ခုလဲ .. အားကိုးပြီး တစ်ခုခုစမ်းခိုင်းမလို့ပါ ကိုနောင်ရဲ့ .. ချော့ .. အန်ဆယ်နဲ့ အန်တီရော နေကောင်းရဲ့လား .. ဒက်ဒီနဲ့ရော တွေ့နေတယ် မဟုတ်လား .. ဒက်ဒီကို နေ့တိုင်း ပရက်ရာ တိုင်းပေးနေတယ် မဟုတ်လား ကိုနောင် .."

"အားလုံး နေကောင်းကြတယ် .. အိုတွေ့ လုပ်မနေနဲ့ .. ခုမှ အန်ကယ့်ကိုရော .. ဗေဗေနဲ့ မေမေ့ကိုရော မေးဖို့ သတိရတဲ့ သူငယ်မ .. လွလွန်းနော် .. လူမှုရေး သိပ်ညံ့တာပဲ .."

ခုမှ အန်ကယ်နှင့် အန်တီကို မေးသည့်ကိစ္စကို နေတော့ လွလွန်းအိမ် ကျွတ်ခနဲ စုတ်သပ်၍ ..

"အဲမယ် .. ကိုနောင်ပဲ နင်းကန်ကျစ်တိုက်နေပြီးတော့ .. ဘာမှကို မေးခွင့်မရလိုက်ဘူး .. ဆောင့်အော်နေတဲ့ စကြွပ်ကြွပ် အသံရယ် .. စိတ်ကောက်နေသံရယ် .. အဲဒါတွေပဲ ကြားနေရတာ အရှည်ကြီး .. ကိုနောင်ပဲ ပြောနေတာ .. လွလွန်းအိမ် ဘာပြောခွင့် ရလိုက်လို့လဲ .."

ဟု စိတ်မောသံဧလေးဖြင့် ပြောတော့လည်း ကိုနောင့်သံလဲ ချော့သံကို ဆုံးစအတိုင်း ကြားလိုက်ရသည်ပါပဲ .။

"အေးဗျာ .. ဟုတ်ပါရဲ့ .. ကိုနောင် အဲဒါကို မေ့သွားတယ် .. ဆောရီး .. လွမ်းနေတဲ့ကောင်ကိုးဗျ .. လွမ်းနေသမျှ .. ပြောနေမိရတော့တာပေါ့ .. တဲ့ .. ဘာအားကိုးဖြန်ပြီလဲ .. ပြော .. အားကိုးခံချင်လွန်းလို့ မေးနေတာ ခင်ဗျ .."

www.burmeseclassic.com

www.burmeseclassic.com

"ကိုနောင် .. ဒေါက်တာအောင်မင်း ဆိုတာကို သိလား ဟင် .. အသားဖြူဖြူ .. အရပ်မြင့်မြင့် .. ကိုနောင်တို့ အရပ်လောက်ကို မြင့်တာ .. မျက်ခုံးကထူထူ .. မျက်လုံးကလဲ ခပ်မှေးမှေး .. မေးရိုးကားကားနဲ့ သိလား .."

"မှတ်မိနေလျှက်ချလဲ့ အမိ .. ဟင် .. ဒီကောင့်ရုပ်ကို အလွတ်ကျက်ထားသလား မှတ်ရတယ် .. မိလွန်းနော် .. အဲဒီကောင်နဲ့ ဘယ်မှာတိုးတာလဲ .."

မနာလိုသံကြီးနှင့် မေးလာသည့် ကိုနောင့် အသံကြားရတာနှင့် မျက်မှောင်ကြုံး ချိနေမည့် ကိုနောင့် မှုန်သိုးသိုး မျက်နှာကို မြင်လာနေမိရပါပြီ ..။

"ကိုနောင်ကလဲ .. အဲဒီလူကြီးကို .. ဒီမှာပဲ တိုးတာ .. ဒီလူကြီးကို လုလွန်း မသက်ချင်ဘူး သိလား .. စိတ်ထားကောင်းမယ့်ပုံ မပေါ်ဘူး ကိုနောင်ရဲ့ .. ကိုနောင်တို့ အသက်လောက်ပဲ ဥစ္စာ .. ကိုနောင် ဆေးကျောင်းမှာတိုးရင် တိုးခဲ့မှာပေါ့ .. ဆံပင်ထူထူနဲ့ သိလား .. အမောက်နဲ့ .. ဟို .. ပရက်စလေ အမောက်မျိုးနဲ့ .."

ဟု ပြောနေတော့ ကိုနောင် စိတ်မရှည်သလို အော်သည်။

"အေး .. စဉ်းစားပေးမယ် .. စဉ်းစားပေးမယ် .. လောလောဆယ် အဲဒီပရက်စလေအမောက်နဲ့ကောင် ကိစ္စကို စိတ်ထဲမပါနေဘူး .. ခင်းခင်းလား ဘယ်တော့ပြန်လာမလဲ .. ပြော .."

ဟု အော်နေတော့ လုလွန်းအိမ် သိလိုက်ပါပြီ ..။ ကိုနောင် အရမ်းကို သဝန်တိုနေပြီဟု။ ဒေါက်တာအောင်မင်းနှင့် တော်သက်၍ သိချင်စောကြောင်သာ လှမ်းမေးလိုက်မိသည်။ ခုတော့ ကူးချေပြီလားဟုမင် ပြန်ရှင်းတွေးနေမိရပါပြီ ..။ ကိုနောင် .. ဘယ်လို မှ နေမည်မဟုတ် ..။ နံ့သာမြိုင်သို့ လိုက်ကိုလိုက်လာပါရေ ဆောမည်ထင် .."

"ဟေ့ ဖြေလေ .. ဒီကောင်နဲ့ ဘယ်လိုသိတာလဲ .."

ဟု ဒေါက်ဆတ်ဆတ်ဖြင့် ထုံးစံအတိုင်း ဝန်တိုစွာ အော်မေးနေတော့ ..

"အဲဒီလူကို စကားတောင် မပြောဖူးသေးဘူး ခုထိ .."

ဟု လုလွန်းအိမ်လည်း ထုံးစံဓမ္မက်စွာခဲ့ ပြန်၍ ဒေါက်ဆတ်ဆတ်လေး ပြောင်ဖြေလိုက်မိပါ၏။

"စကားတောင် မပြောဖူးသေးဘဲနဲ့ .. ဒီလောက် မှတ်မိနေရလား ဒီကောင့်ရုပ်ကို .. လုလွန်းနော် .. စကားမပြောဖူးတာတောင်မှ .. ဒီကောင့်မှာ ပရက်စလေ အမောက်နဲ့ တို့ ဘာတို့ သိနေ မှတ်မိနေတာ .. စကားများ ပြောဖူးရင် .. ဒီထက်ဝိုင်း မျက်စိထဲ စွဲနေလိမ့်မယ် .."

"ကိုနောင်နော် .. စွတ်ပြောမနေနဲ့ .. ဒီမှာက .. ကြာညို ဆိုတဲ့ စိတ်ဓာတ်ချိုယွင်းနေတဲ့ သူတစ်ယောက်ကို အဲဒီ ဆရာဝန်က ကုသပေးနေတာ .. အဲဒါကို .. နည်းနည်း .. ဒီဆရာဝန်အကြောင်း သိချင်လို့ ကိုနောင့်ကို မေးကြည့်တာ .."

www.burmeseclassic.com

www.burmeseclassic.com

"ဟာ _ အဲဒီမှာ အရှုးလဲ ရှိနေတယ် ဟုတ်လား _ ..
လွန်းနော် _ အရှုး ဆိုတာ အန္တရာယ်စေးနိုင်တယ် _
လုပ်နေတာလဲ အဲဒီမှာ _ ပြန်လာတော့ _ ပြန်လာခဲ့တော့
အို _ ဒီကောင်မလေးနဲ့ မဖြစ်ပါဘူး _ ကိုနောင် မနက်
ကို လိုက်လာချင်နေပြီ သိလား _"

ဟု ဆက်ပြောနေတော့ လှလွန်းအိမ်မှ တစ်
တစ်လဲ ပြန်အော်လိုက်ရသည်စပါပဲ _။ နှစ်ယောက်သား ဖုန်း
ကိုယ်စီဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် မမြင်ရဘဲ
အော်ဟစ်ပြောနေဖြစ်ကြတာကို ဒက်ဒီ သိလျှင် စိတ်ညစ်နေ
မည်လား မသိ _။ ကိုနောင် အရမ်းချစ်တာကို ဒက်ဒီလည်း
သည်သာ _။ ပြီးတော့ _ ကိုနောင် အရမ်းကို သဝန်တိုတ
တာ။ အရမ်းကို စိတ်ပူတတ်တာတွေကိုလည်း ဒက်ဒီ သိ
သာ _။ ကိုနောင့် သဝန်တိုဒဏ် စိတ်မုတတ်သည့်ဒဏ်ကို
နိုင်သည့်အခါများမှာ ဟိုဘက်အိမ်နှင့် သည်ဘက်အိမ် ဖုန်းကို
ဖြင့် တပြန်တလဲ ပြောအော်ကြလေသမျှ ဒက်ဒီလည်း စိတ်
ရွာ ကြားတတ်ရပ္ပုံးလျက်။ စိတ်ညစ်နေသည့်ကြားမှ ကိုနော
ချစ်စနိုးဖြင့် ရယ်မောလိုက်တတ်သည်ပါဝဲ _။

"ကြာညို ဆိုတာ _ ခုမှ ကလေးလိုမဲ့ ရှိနေရှာတာ _
က ဘယ်သူ့ကိုမှ ရန်မပြုတတ်ဘူး _ သူ့ကိုသာ _
နှက်နေကြတာရှင့် _ အလကားနေရင်း ကိုနောင် _
သဝန်ကြောင်နေရင် လှလွန်း အဖျော်နှယ်လုပ် လူထု
ကိုနောင်နဲ့အတူ အသက်ရှည်နေနိုင်ပါတော့မလဲ _"

ဟု ဝမ်းနည်းသံလေးဖြင့် ပြောလည်းပြော _။ ဖုန်း
ကိုလည်း ပိတ်ချလိုက်ကာ စက်ကိုပါ ပိတ်ထားလိုက်ပါပြီ _။
သိသည်။ ကိုနောင် အလောတကောဖြင့် ပျာပျာ
သလဲ ဖုန်းပြန်ခေါ်ပါချေလိမ့်မည် _။ ခေါ်၍ မရအောင် ဖုန်း
လေးကို စက်ပါတစ်ပါတည်း ပိတ်ချထားလိုက်ရခြင်းပါ _။
ဒါပေမဲ့ ခက်ရှာလိုက်ရ _။
ထုံးစံအတိုင်း _ ကိုနောင့်ကို _ နားလည်စိတ်ဖြင့်
ခွင့်လွှတ်နေလိုက်မိရသည်ပါပဲလေ။

www.burmeseclassic.com

www.burmeseclassic.com

ခုလည်း မနက်စာကို ကြာညိုကို ကျွေးခဲ့သည့်နောက် လွလွန်းအိမ် မိချိုနှင့်အတူ အိမ်ရှေ့ဘက် ထွက်ခဲ့ရခြင်းမှာ သာမှ ကြာညိုကို ကိုယ်တိုင် ရေချိုးပေးဖို့ စီစဉ်နေရှုပါ။ ပြီးချင် အဝတ်အစား လဲပေးစည်။ သစ်တောခြံသို့ သွားမည်တဲ့ ..။ ကြာညိုကို သုံးလေးရက်မျှအထိ သစ်တောခြံမှာ နားနေပျော်ရွှင်စေမည် ..။ ပြီးမှ .. နံ့သာမြို့သို့ ပြန်လာမည်တဲ့ ..။ ထိုအစီအစဉ်ကို ဘာမှ ပြောခြင့်ခဲ့လျက် ..။ ကြာညိုကို ရေချိုးပေးပြီးတဲ့ ခြင်ဆင်နေတော့လည်း အလိုက်တသိဖြင့် လွလွန်းအိမ် အိမ်ရှေ့ဘက်သို့ ထွက်ခဲ့ရခြင်းဝါ။

ပေါ်တိုကိုင်ယဲ့ဆေးမှာ ဒေါက်တာအောင်မင်းနှင့် တိုးသည်။ ဒေါက်တာလည်း ကြာညို နံနက်စာ စွားနို့သောက်ပြီးခိုန်မှာ ဆေးထိုး ဆေးတိုက်ခဲ့ပြီးပြီမို့ ခြံထဲခဏဆင်းနေခဲ့တာဖြစ်ဟန်ရှိ၏။ လွလွန်းအိမ်နှင့် မိချိုကိုတွေ့တော့ ပြုံး၍ နှုတ်ဆက်လာသည်ကို လွလွန်းအိမ်လည်း တုံ့ပြန်ပြုံးပြလိုက်ရသည်ဟုပဲ ..။

"ဆရာဒေါက်တာ .. အပန်းဖြေဖို့ ရောက်လာလိုက်တဲ့ခရီး .. စာရေးဖို့ ရောက်လာလိုက်တဲ့ ခရီးမှာ .. ခုလို .. ကြာညို နဲ့ဆုံရ .. ကြာညိုကို ဂရုတစိုက်နဲ့ ကြည့်ရှုရတဲ့ အလုပ်နဲ့ တိုးရတော့တာပဲနော် .."

ဟုလက်တွင်းမှ စီးကရက်ကို တောက်လွှင့်ပစ်လိုက်ပြီး ဒေါက်တာအောင်မင်း ပြောလာတော့ လွလွန်းအိမ် ဖြုံးလိုက်သည်ပါပဲ ..။ မိချိုနှင့်အတူ ဝက်သစ်ချပင်ကြီးများ ဘက်ဆီသို့ လွလွန်းအိမ် ဆတ်၍ ခြေလှမ်းလေး မှန်မှန်ဖြင့် လျှောက်လာလည်း ဒေါက်တာအောင်မင်းမှ သေးမှ တူတူလိုက်လျှောက်လာ

အခန်း(၁၀)

နှစ်ရက်တာမျှ ကြာညိုသည် မှိုင်ငေးနေခဲ့ရာမှ ပြန်လည်၍ နံနက်ခင်း လင်းလဲလဲမှာ လန်းလန်းဆန်းဆန်းလေး ဖြစ်လာခဲ့တာကို ကြည်နူးဝမ်းသာစိတ်ဖြင့် လွလွန်းအိမ် သိခဲ့ရပါ၏။ ဒေါက်တာအောင်မင်းမှ ကြာညိုကို ဂရုတစိုက် ဆေးတွေ ထိုး ..။ ဆေးတွေ တိုက်ခဲ့၍ထင့် ..။ အစားအသောက်ကိုလည်း မိချိုနှင့်အတူ လွလွန်းအိမ်မှ ဂရုတစိုက် ကျွေးခဲ့ရသည်မို့ ..။ ကြာညို၏ အခြေအနေသည် ထင်မှတ်မျှော်လင့်ထားသည်ထက် များစွာ တိုးတက်လာခဲ့ပါ၏။ အထူးသဖြင့် ဦးအုပ်စိုး၏ ကြမ်းတမ်းသော ဆက်ဆံမှုများကြားမှာ ကြောက်ရွံ့ စိတ်မလုံစွာနေခဲ့ရလေသမျှ .. လွတ်ကင်းခဲ့ရ၍ ခုလို စိတ်လက်ကြည်လင်ခွင့်ရက ပိုမြန်ဆန်လာခဲ့သည်ဟု ဒေါက်တာအောင်မင်းကတော့ လွလွန်းအိမ်နှင့်အတူ မနက်ဘက်မှာ ကြာညို အိမ်လေးရှိရာ ခြံဝင်းလေးထဲမှာ လမ်းလျှောက်ဖြစ်စဉ်က သုံးသပ်ပြောပြခဲ့ပါ၏။

ဘာဘဉီးဘုန်းရှိန်သာမှ ကြာညို အတွက် အတော်ကြီးကို စိတ်ပူပော်ကဖြစ်နေရသည်မှာ သိသာလွန်းခဲ့သည်ပါပဲ ..။ ရက်ပိုင်းအတွင်းမှာ ပိန်ကျသွားသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com

ခါ၏။ သဘောက သူသည်း လှလွန်းအိမ်တို့နှင့်အတူ လမ်း
မည်သဘော ..။ ရက်ပိုင်းလေး အတွင်းမှာပဲ လှလွန်း
ဒေါက်တာအောင်မင်းတို့သည်လည်း အတန်အသင့်မျှတော့
ဆိုဆက်ဆံဖြစ်လာရသည်ဆို အရင်းအချာကြီး မဖြစ်ကြောင်း
အထိုက်အလျောက်တော့ ခင်ခင်မင်မင်တွေ ဖြစ်လာ
ခွလည်း လမ်းတူတူ လျှောက်ဖြစ်နေကြရပြီ ..။ ဒေါက်တာ
မင်းသည် အဖြောအဆို ညင်သာလွန်းက စကားကို ချင့်ချင့်
ဖြင့် သတိထား ပြောတတ်သည့် သူတစ်ယောက် ဖြစ်သည်
ကိုတော့ ဤကာလအတွင်းမှာ လှလွန်းအိမ် နားလည်လာ
သည့် အဖြစ် ..။ စကားကို လွှတ်၍မပြော ..။ ထိန်းချုပ်
သည့် သူတစ်ယောက် ဆိုတာ နားလည်လာရသည်ကို
ဒေါက်တာအောင်မင်းသည် စကားများမှာကို အလွန်သတိ
ရှောင်တိမ်းတတ်သူတစ်ယောက် ဖြစ်သည်ဆိုတာ သိလာ
လေ။ ဘာကို .. ဒေါက်တာအောင်မင်းသည် စကားထဲ
ပြောထွက်သွားမည်ကို သတိထားနေပါသလဲ .. ဟု ပို၍
လာရလေပါ ..။ တစ်ခုခုတော့ .. ဒေါက်တာအောင်မင်း
လျှို့ဝှက်ထားမှု စာစ်ရပ် ရှိမည်ဟု တွေးမိရသည်ကိုးလေ

"ဆရာမလဲ ပင်ပန်းနေပြီ ထင်ပါရဲ့ .."

ဟု တိတ်ဆိတ်မှာ လမ်းလျှောက်နေရာမှ စော
စကားကို အေးချမ်းသိမ်မွေ့စွာ ဆက်လာတော့ လှလွန်
မော့ကြည့်မိရပါ၏။ အရပ်မြင့်မြင့်ကြီးနှင့် ဒေါက်တာအော
သည် လှလွန်းအိမ် ထံမှ မည်သည့်စကားကို ဖြေကြားလာ
ဆိုတာကို စောင့်ဆိုင်းနေသည်ဟုနှင့် .။ လှလွန်းအိမ်မှာ

ကိုလာ၍ မနက်မှသည် .. ညနေသို့တိုင် ဂရုတစိုက် နီးနှင့်
အတူ ကြည့်ရှုခြင်းအတွက် ဒေါက်တာအောင်မင်းသည် ဘာကြောင့်
ဝင်ပန်းလွန်းသည့် အလုပ်တစ်ခုကို လှလွန်းအိမ် လုပ်ကိုင်နေသည်
ဟု မှတ်ယူနေရပါသတဲ့လဲ ..။

"အို .. မဟုတ်ပါဘူးလေ .. သူက .. လှလွန်းကို စကား
ပြောဆိုစရာအဖြစ် ဒီကိစ္စပဲ ရှိနေတော့ .. အဲဒါကိုပဲ ဦးတည်
ပြီး စကားထွေရာ ပြောတာလဲ ဖြစ်နိုင်တာပဲ .. ငါကိုက ..
သူ့ကို အလကားနေရင်း မသက်ဖြစ်နေတာပါ .."

ဟု စိတ်ထဲက ဘယ်လိုတွေးတွေး ..။ ရင်ထဲမှာ
ကြည်လင် ..။ ဒေါက်တာအောင်မင်းသည် ကြာညို့ကို ဂရုတ
စိုက် ဆေးထိုး ဆေးတိုက်တာ ..။ ပြောဆို ဆက်ဆံတာ ..။
ကြည့်ရှုပြောဆိုတာတွေအားလုံး ဟန်ဆောင်မှုတစ်ရပ်ဟု လှလွန်းအိမ်
ထင်နေသည်ဆေ ..။ ဟုတ်သည်။ လှိုသည်ထက် ပိုကဲနေသော
ဂရုစိုက်မှုများဟု လှလွန်းအိမ်၏ ရင်ထဲမှာ ခံစားဖြစ်နေသည်။

"ဟုတ်တယ် .. ကြာညို့ကို ဆံပင်လေးတွေ သူ သပ်ပေး
နေတတ်တယ် .. နမူးလေးတို့ ပွပွလေးနမ်းပြတတ်တယ် ..
ကြာညို့လက်တွေကို သူက ဂရုတစိုက်နဲ့ ကိုင်တွယ်ထား
ပြီး စကားကို သိမ်သိမ်မွေ့မွေ့နဲ့ ပြောနေတာကလဲ သိပ်
ကိုကြာတတ်တယ် .. ခြေထောက်လေးတွေ အေးနေသလား
ဆိုတာကအစ ကိုင်တွယ်စမ်းသပ်နေတာကလဲ သိပ်ကို
သိမ်မွေ့နေတတ်တယ် .. သူ အစကတည်းက ဒီလောက်
ဂရုစိုက် ရှိနေတယ်ဆိုရင် .. ဦးအုပ်စိုးက ကြာညို့ကို
ဘယ်လိုကြမ်းကြမ်းတမ်းတမ်း ရိုက်နှက်ခဲ့ကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com

ရပါ့ဗလဲ .. ဒါ .. ရွှေနောက်မညီဘဲ ဖြစ်နေတဲ့ ဆန့်ကျ
အကောင်အထားတွေ စွန်းထင်းနေတဲ့ ဖြစ်ရပ်တစ်ခုပဲ .."

ဟု တွေးဖြစ်ပြန်သည်။ အထူးသဖြင့် .. ထိုဦးအောင်မင်းမှ ဂရုတစိုက် လုပ်ပြနေချိန်များမှာ ကြာညိုသည် ဒေါက်တာအောင်မင်းကို ချစ်ခင်အားကိုးသော အကြည့်မျိုးဖြင့် မကြည့်တတ် .. ဟုတ်သည်။ တံ့ပြုန်မကြည့်တတ် .. လေ့ တွေကို မဝံ့မရဲဖြင့် ခပ်ဖွဖွလေးဖြင့် ဖယ်ရှားပစ်နိုင်ဖို့ ကြိုး တတ်သည်။

ဦးအောင်မင်း၏ လက်များကို ခပ်တင်းတင်း ပြန်၍မဖယ်ရှားရဲတတ်ရာ .. ပြီးတော့ မျက်စိန်းတွေထဲ မကြာက်ရွံ့ ရိုမ်များ ရှိနေတတ်သည်ပဲ ..။

"ကြာညိုဟာ ဘာလို့ ဒေါက်တာအောင်မင်းကို ရင်ထဲ ကြောက်နေရတာလဲ .. အေး .. အေးလေ .. တစ်ခုခေ ရှိတာပေါ့ .. ဆေးထိုးပေးနေရတဲ့ ဒေါက်တာ ဆိုတာ ကိုလဲ .. လူနာတွေက ကြောက်တတ်ကြတာပဲလေ ကလေးလူနာတွေ ဆိုပါတော့ .. ကြာညိုက ကလေးလို နေနေတဲ့ လူနာကိုး .."

ဟု တစ်ယောက်တည်း .. ပြန်၍ .. ပေးပေး တွေးပေးမိရပြန်သည်။ သူတစ်ပါးကို အလွန်တရာကိုမှ မကော ဘက်ကချည်း ခြင်နေတတ်သည့် အကျင့်မျိုးကို မမွေးမြူထား ဒက်ဒီက အမြဲဆုံးမတတ်သည် မဟုတ်ပါလား .. အမြင်ခံ ဘက်ကနေ၍ စဉ်းစားပေးတတ်သော အကျင့်ကို မွေးမြူထား မည်ဟု ဒက်ဒီက ပြောထားသည်လေ ..။

နှလည်း ဒေါက်တာအောင်မင်းကို ရင်ထဲ အံသဖြ ခြင်း ခြင်လိုက် .. ပြန်၍ ထိုအတွေးများကို မောင်းနှင်ထုတ် ခြင်းလိုက်နှင့် လှလွန်းအိမ် တိတ်ဆိတ်စွာ လမ်းလျှောက် ခဲ့ခြင်း .. ဒေါက်တာအောင်မင်း ပြောနေသမျှကိုတော့ဖြင့် လှလွန်းအိမ် ဘာမျှ တုံ့ပြန်ပြောဆိုခဲလိုက်တာမျိုး ရှိမလာ .. အေးမှာရှိနေသည့် မိချိုကလည်း လှနှစ်ယောက်၏ ကြားထဲ ဝင်ပါမလာ .. ဟိုတယ်၏ အခန်းသန့်ရှင်းရေး ဝန်ထမ်းလေးပေမို့ ဝင်၍ ပြောဆိုရန် ရေးရေးရာရာ နေရာမရှိ ကြောင်းကို နားလည်ထားပုံလေးဖြင့် ငြိမ်သက်စွာ အေးမှလိုက်လာရာ ခဲ့ပါပဲ ..။

"ကြာညိုဟာ .. တစ်ခါတစ်ခါမှာ အလွန်စိတ်ရှည် အေး ချမ်းတဲ့ သူပါ .. ဒါပေမဲ့ .. တစ်ခါတစ်ခါမှာ အလွန် ကြောက်လန့်ဖို့ ကောင်းလောက်အောင် ရန်ပြုတတ်တဲ့ ကြာညိုလဲ ဖြစ်နေတတ်ပါတယ် .. ဒါကတော့ ကြာညိုကို ကုသနေရတဲ့ ဆရာဝန်တစ်ယောက် အနေနဲ့ ဆရာမကို အဆိုပေးသင့်တယ် ထင်လို့ .. ပေးရတာပါ .. အဲဒီဒဏ် ကိုတော့ .. ကျွန်တော်လဲ ခံရဖူးတယ် .. ကိုအုပ်စိုးလဲ ခံရ ဖူးတယ် .. နီးရာနဲ့ ဇောက်ပေါက်တတ်တယ် .. မထင် မှတ်ဘဲ နပန်းလုံး ထိုးကြိတ်တတ်တယ် .. သူ့စိတ်က အစဉ်တစိုက် တစ်ခုခုထဲမှာနစ်မြုပ်နေတာမျိုး မဟုတ်တတ် ဘူး .. အေးအေးချမ်းချမ်းလဲ အမြဲမရှိဘူး .. ကြမ်းကြမ်း တမ်းတမ်းလဲ အမြဲမဖြစ်ဘူး .. ပြောင်းလဲချင့်တဲ့ အခါမှာ .. ရုတ်တရက် မြောင်းလဲသွားတတ်တယ် .. အဲဒါကိုတော့

www.burmeseclassic.com

www.burmeseclassic.com

ဆရာမ သတိရှိသင့်ပါတယ် .. ဘာလို့လဲဆိုတော့ .. ဆရာမက .. ကြာညို့ကို .. လေ့လာပြီး စာစာစီအုပ်ရေးဖို့ ပြင်နေတယ်လို့ အန်ကယ်က ပြောပြပါတယ် .. ဆရာမ စာတ်အိမ်ပွဲ့ရေးမဲ့ စာတ်ကောင်ထဲမှာ ကြာညို့လို ဇာတ်ကောင်ကို ထားရေးဖို့ ဒီကိုရောက်လာမှု စိတ်ကူးစိတ်သမ်း ရလာတာကိုတော့ ကျွန်တော် နည်းနည်း စိတ်ပူတာရှိပါတယ် .."

ဒေါက်တာအောင်မင်း ပြောနေရာမှ လှလွန်းအိမ်ကို ငဲ့မိုးကြည့်တော့ တည်ငြိမ်စွာ နားထောင်နေတာနှင့် ကြိုက်၏။ ခက်သည်က လှလွန်းအိမ်၏ မျက်ဝန်းများမှာ ကြောက်ရွံ့ရိပ်ရှိမနေခြင်းပါ .။ ကြာညို အန္တရာယ်မေးလာမှုကို ထိတ်လန့်သွားရိပ်မျိုး ဤမိန်းကလေး၏ မျက်နှာထက်မှာ ရှာမတွေ့ရ .။ ဒေါက်တာအောင်မင်းကတော့ လှလွန်းအိမ်ကို ကြာညို့အနီးမှာ ရှိမနေစေချင် .။ လောလောဆယ်မှာတလည်း ဦးဘုန်းရှိန်သာက ကြာညို့ကို အရမ်းဂရုတစိုက်ထားဖို့ တောက်လျှောက်ပြောနေသည်က လေးလေးနက်နက်ပါ .။ ဒါကြောင့်လည်း .. အေးဝါးကောင်းများဖြင့် ကြာညို့ကို ကုသပေးနေရပါသည့် အဖြစ် .။

"ကျွတ် .. ခက်တော့စာအဲ .. ဒီတောင်မလေး မကြောက်တတ်ဘူးလား .. အန်ကယ့်ကို ငါ သတိပေးစာယ် .. လူစိမ်းစာစ်ယောက်ကို ကြာညို့နဲ့ ပတ်သက်ခွင့် .. တရင်းတနှီးရှိစေခွင့် မပေးသင့်ဘူးလို့ .. အန်ကယ်ဟာ .. ဆရာမလေးဟာ ညှော်သည်ပါတဲ့ .. ပြန်မယ့်သူပါစဲ့ .. အန်ကယ်ဘယ်လောက်ထိ .. ကြာညို့ကို ခံယောင်ဦ ရှိတယ် .. ဂရ

အန်ကယ်ရှိတယ် ဆိုတာ .. ဒီမိန်းကလေး တွေ့မြင်သွားတယ် .. စာတွေ ပေတွေနဲ့တောင် ရေးမယ်ဆိုတာ .. အန်ကယ့်အပေါ်မှာ .. ဒီနဲ့သာမြိုင်ရှိရာ လွှိုင်ခမ်းသာမှာ ဦး .. ဝိုင်းဝိုင်း ယုံကြည်လာစေမှာပါတဲ့ .. ကြာညို့ အမွေအနှစ်တွေကို ထိန်းသိမ်းပေးနေတဲ့ အန်ကယ့်စိတ်နလုံးကို အကောင်းဘက်က ဝိုင်းဝိုင်းမြင်လာကြမှာပေါ့တဲ့ .. ထချို့ သားယဝင်နေကြသူတွေကလဲ .. ကြာညို့ အမွေတွေ အပိုင်ဆွဲနေတယ်လို့ အန်ကယ့်အပေါ် ထင်ထားတာတွေကို .. ဒီဆရာမလေးရဲ့ စာတစ်အုပ်က ဖြေရှင်းချက် ပေးလိုက်လို့ ဖြစ်သွားမှာပေါ့တဲ့ .. အကောင်းဆုံးသော သက်သေခံယောက်ကို ရလိုက်တာနဲ့ တူတူပါပဲတဲ့ .. တောက် .. ဒီအကိုးကြီး .. တော်တော်တုံးတာပဲ .. သူတွေးသလို ဖြစ်လာဘဲ ငါလုပ်သမျှတွေ ပေါ်ကုန်မှ .. ပို့ရုပ်ကုန်မှာ ကူတော့ ထည့်မစဉ်းစားဘူး .."

ဟု စိတ်ပျက်လက်ပျက်ကြီး ရင်ထဲမှ ညည်းချင်းအိမ်ကို တစ်ချက် အကဲခတ်ကြည့်မိရပြန်သည်။ ဤသူငယ်သည် ထုံထုံထိုင်းထိုင်းထဲက မဟုတ် .။ သူတစ်ပါးပြောကို အလွယ်တကူ ယုံကြည်ပေးလိုက်မည့် ဓပ်ညည်းပုံလေး ထက်ထက်မြက်မြက်ရှိမည့် မျက်နှာချိုးလေး .။ မျက်လုံးကြည့် .။ ရွှန်းတောက်နေသည့် မျက်ဝန်းများ။ မှိန်မျော့မျက်ဝန်းလေးမျိုး မဟုတ် .။ သူတစ်ပါးကို ကြောက်ရွံ့သော မျက်ဝန်းမျိုး မဟုတ် .။ ဆရာကြောက်တရားကင်းသော မျက်ဝန်းလေးများ .။ တည်ငြိမ်ရင့်ကျက်သော မျက်ဝန်းလေးများ .။

www.burmeseclassic.com

www.burmeseclassic.com

"ဒီဟောင်မလေး ခုထိ .. ငါ့ကို ဘာဆိုဘာမှ .. မပြော သေးဘဲ ငြိမ်နားထောင်နေတာပဲ .. သူ .. ဘာတွေ ရင်ထဲ မှာ ထွေးနေတယ် ဆိုတာ ငါ .. ခုထိ .. တစ်စွန်းတစ် တောင်မှ မသိနိုင်သေးဘူး .."

စိတ်ထဲက ထွေးရ မောရနှင့် ဒေါက်တာအောင်မင်း ဖြစ်သွားရပါ၏။ ဒါပေမဲ့ မတတ်နိုင် .။ ကိုယ့်ဘက်က စကား ဖြစ်ခဲ့ပြီ .။ ဤကြိုးတစ်စကို ဆွဲဖြစ်သည့် နောက်မှာတော့ဖြင့် ကြိုးတစ်ထုံးလုံး ဆုံးသည်အထိ ဆက်သွားရဲမှတစ်ပါး လမ်း မရှိချေတော့ပဲလေ .။

"ကြာညို အေးအေးလေး နေနေတာကိုသာ ဆရာမ မြင် ဖူးကြဖူးရတာကိုး .. ကြာညို ကြမ်းတဲ့အခါမျိုးကို မကြုံ သေးတော့ အန္တရာယ်ကို ဆရာမ ဘယ်မြင်နိုင်ပါ့မလဲ .. ဘယ်ကြောက်နိုင်ပါ့မလဲ .. အဲဒီလို ကြမ်းတမ်းလာတဲ့အခါ မှာ လူသန်ကြီးတစ်ယောက်ရဲ့ အားမျိုး လေးငါးဆယောက် ကြာညို့ဆီမှာ ရှိလာတတ်တယ် .. မနိုင်ဘူး .. သိပ်သန် စာ .."

ဟု ပြောလိုက်တော့ လှလွန်းအိမ် မော့၍ကြည့်လာ ပါ၏။ တုထဲသော မျက်ခုံးတန်းလေး အောက်ဆီမှ မျက်ဝန်းနက် လေးတွေသည် စောစောကနှယ်ပင် တောက်ပနေမြဲ .။ အကြောင်း အရှိ. ကင်းစင်နေမြဲ .။ လှလွန်းအိမ်ကို ပြန်စေ့ခြင်စော ရှိနေ လေသမျှ စိတ်ဓာတ်အရာ ကျဆင်းစိတ်မောရသည်ကဲ့ ဒေါက်တာ အောင်မင်းပါ .။

"အဲသလို ကြမ်းလာရင်လဲ .. အဲဒီမြင်ကွင်းကို လှလွန်းအိမ် ရေးဖြစ်မှာပါမဲ့ .. သူ့ဘဝလေးကို .. လှလွန်း တကယ့်ကို စိတ်ဝင်တစား ရှိရတာပါ .. ကြာညိုနဲ့ လွန်းအိမ် စောင် ဆုံဖြစ်ခဲ့စဉ်ကလဲ .. ကြာညိုဟာ အလွန်စိတ်ထားသိမ်မွေ့ တဲ့ ကြာညို အဖြစ်ပဲ တိုးခဲ့ရဝါတယ် .. ငှက်ဝါဝါလေး တစ်ကောင်အတွက် မျက်ရည်ကျနေတဲ့ ကြာညို အဖြစ်နဲ့ ကြုံရသလို .. ခုထိလဲ .. ကြာညိုဟာ .. အလွန်အေးအေး ဆေးဆေးနေတဲ့ ကြာညို အဖြစ်ပဲ ကြုံနေရဆဲပါ .. သူ .. ဘယ်လို .. ကြမ်းတမ်းသွားရ်တတ်တယ် ဆိုတာကို လှလွန်း အိမ် .. စောင့်ကြည့်ချင်ပါတယ် .. စာထဲမှာ ရေးဖွဲ့သွား ချင်ပါတယ် .. လှလွန်းရဲ့ ဝတ္ထုလေးမှာ စိတ်ဝေဒနာရှင် လူယေလေးတစ်ယောက်ရဲ့ ဘဝကို .. ထင်ဟပ်စေတဲ့ ဝတ္ထုဖြစ်ရမှာပါ .. သူ ကောင်းတာ .. သူ ဆိုးတာ .. အားလုံးကို ရေးရမှာပါ .. ဘယ်လို ကုသတယ်ဆိုတာ တောင်မှ ဆရာဆီမှာ .. လွန်းအိမ် တစ်နေ့မှာ မေးကြည့် ရမှာပါ .. ဝတ္ထုထဲမှာကျတော့ .. ခေါင်းကုသပေးတဲ့ ဆရာ ဝန်ရဲ့ ညီမလေး တစ်ယောက်အဖြစ် .. မင်းသမီးနေရာ ထားရမှာပါ .."

ဟု ဆက်ပြောနေတော့ ဒေါက်တာအောင်မင်း မျက်နှာပျက်ချင်၏။ နောက်ဆုတ်ချင်တော့မှာ ဓဟုတ် ဆိုတာကို သိနေသည့်အပြင် .. ကိုယ့်ဆီက .. အဖြေများကိုပင် တစ်ဝန်း ဆောင်းမည့် ကောင်မလေးအဖြစ် သိလာရသည်ကိုလေ .. ဘယ်လို ကုသသည် ဆိုတာကအစ ကိုယ်က ပြန်ဖြေရမည့်သဘော .။

www.burmeseclassic.com

www.burmeseclassic.com

ဤအချက်တွေကို ဦးဘုန်းရှိန်သာ ထည့်တွေးသင့်သည်ဟု စိတ်ပျက်လက်ပျက်ကြီး ခေါက်တာအောင်မင်း တွေးမိရပြန်ပါ၏။

"လှလွန်း ကြာညိုကို မနက်တိုင်းမှာ ဒီရက်လေးမှာပေါ့လေ မိချို့နဲ့အတူ ဘာနဲ့အတူ နွားနို့ကြက်ဥ တိုက်တာတို့ ကြက်ဆန်ပြုတ် တိုက်တာတို့ ရှိခဲ့တာပါပဲ သစ်သီးဝလံလေးတွေ အားရှိအောင် ကျွေးခဲ့တာလဲ ရှိတာပါပဲ ကြာညိုဟာ လွန်းအိမ်ကို မမှီလေးဆိုပြီး တချစ်တခင် ရှိနေတာပါ မိချို့ကိုလဲ ချစ်နေတာပါ အဘကိုလဲ အားထိုးနေတာပါ သူ ခုထိ အေးအေးချမ်းချမ်း ရှိနေတဲ့ ကြာညို အပြစ်နဲ့ပဲ ရှိနေပါတယ် ခေါက်တာ ကျွေးတာကို စားတယ် တိုက်တဲ့ဆေးကို သောက်တယ် ဆေးထိုးလဲ နည်းနည်းလေး ရန်ကန်လိုက်တာကလွဲပြီး ဘာနဲ့ လှလွန်းကို ဝိုင်းချောလိုက်လိုက်ထာနဲ့ ကြည့်ကြည်သာသာ ခံရာထယ် သူ ခုထိ ရှိုင်းရိုင်းကြမ်းတမ်းတာတွေ မလုပ်သေးပါဘူး ခေါက်တာ ခုလဲ သစ်တောခြံကိုသွားဖို့ ကြာညိုကို ဘာညာ စီစဉ်ပေးနေတာပါ သူ ဟိုမှာပျော်နေရင် ပိုနေကောင်းမြန်လာမယ်လို့လဲ ခေါက်တာက ဘာကို ပြောတယ်ဆို"

ဟု လှလွန်းအိမ် ပြုံး၍ မေးလာတော့ ခေါက်တာအောင်မင်း ပြုံးသည်။ စိတ်ခုံခုံချလိုက်သည့် အသွင် "ဟုတ်ကောင်မလေး နောက်မဆုတ်တော့ပြီ ဆိုတာကို အတိအလင်း သိလိုက်ပြီးသည့် အသွင် နောက်ထပ် ဘာကိုမျှ သတိမေးစရာ မပြောတော့ဟု ဆုံးဖြတ်လိုက်သည့် သူတစ်ယောက်၏ စိတ်မောလက်မောနိုင်နေသည့် အပြုံး။

"ဘာပဲဖြစ်ဖြစ် ခေါက်တာ သတိပေးထားတာမို့ လှလွန်း ကြာညိုနှင့် ပတ်သက်လို့ သတိပိုထားရမှာပါရှင့် ခုလို သတိမေးထားတဲ့ အတွက်လည်း ခေါက်တာ့ကို လှလွန်း ကျေးဇူးတောင်ဖါတယ် ပြန်လှည့်ကြရအောင် မိချို့ရေ ခေါက်တာ ဆက်လျှောက်မယ် ထင်ပါရဲ့ ဆက်လျှောက်ပါ ဆက်လျှောက်ပါ ခေါက်တာ"

ဟု ပြောလည်းပြော။ တည့်တည့်ငြိမ်ငြိမ်လေး ပြန်၍ နွှတ်ဆက်ကာ လှလွန်းအိမ် မိချို့နှင့်အတူ နောက်ကြောင်းပြန်လှည့် လျှောက်ခဲ့ပါ၏။ မိချိုကတော့ "အမျှကို ဝင်မစွက်ရှာ" "အားတော်က စကားတွေအတွက် ဝေဖန်သုံးသပ်တာလည်း မရှိ" "ဆင်မြင်ချက် မေးတာလည်း မရှိ" "အလုပ်သမားပေမို့ ထင့်" "နှတ်စည်းထိန်းရှာပါ၏။ ဒါပေမဲ့ တစ်ခုတော့ သိသာသည်။ ကြာညိုဘက်က ရပ်စဉ်ညဉ်သည့် လှလွန်းအိမ်၏ စကားတွေကို ဆောက်ခံသည့် မျက်နှာလေးနှင့်တော့ ပြုံးမြမြလေး ရှိနေသည်ပဲ"

ပေါ့တိကိုငယ်လေးဆီ ရောက်တော့မှ တစ်ချက်ခုပ်ကိုးကိုး မိချို့ ရယ်သည်။

"ဟိုလူကြီး ပြန်လိုက်လာခွင့် မရအောင် ဆရာမ ပြောလိုက်တာ ကောင်းတယ် အိလည်လည်ကြီးနဲ့ ကျွန်ခဲ့ရတာ သူက ဆရာမ ပြန်လှည့်လျှောက်ရင်လဲ သေးကေး ပြန်လိုက်လာဖို့ ထွေးထားပုံရတယ် အုတိုးအကြောင်ကြီးနဲ့

www.burmeseclassic.com

www.burmeseclassic.com

ကျန်ခဲ့ရတာ သိလား .. ခြေစုံကြီးရပါပြီး ဘာဆက်ပြောရ
မှန်း မသိဘဲ ကျန်ခဲ့ရတာ .. အဟင်း ဟင်း .."

ဟု ပြောရဖန်သည်။ ငိုးမှ ပြုံးနှားထောင်နေသည့်
လှလွန်းအိမ်ကို ကြည့်ကာ ..

"ဆရာမ .. တကယ့်ကို မကြောက်ဘူးလား ဟင် .."

ဟု ခုမှ မေးလာရှာ၀ါ၏။

"ခုလို .. တကယ့်အပြစ် တစ်ခုကို အခြေတည်ပြီး .. စိတ်
ကူးယဉ်ဇာတ်အိမ် အဖြစ်နဲ့ ရောမွေရေးမယ် ဆိုရင်တော့ ..
တကယ့်အဖြစ်တစ်ခုဟာ .. ဘာလဲဆိုတာသိဖို့ အတွက် ..
ကြောက်စိတ်ကိုတော့ .. ဖယ်ရှားရမှာပေါ့ .. ကြာညို့ကို ..
လှလွန်း .. သနားနေတာပဲ ရှိနေတယ် .. သူ .. ကြောက်
စရာကောင်းလောက်အောင် .. ဘယ်လိုအချိန်မျိုးမှာ ရုန်ရ
တော်တယ် ဆိုတာကိုလဲ .. လှလွန်းအိမ် လေ့လာသင့်တယ်
လေ .. ကြောက်နေလို့ ဘယ်ဖြစ်စဲ့မလဲ .."

ဟု ဖြတ်တောက် မိချို့မှ ခပ်ငေးငေးလေ နားလောင်
ကာ ..

"မိချို့ အလုပ်လာလုပ်တဲ့ ဒီကာလ အတွင်းမှာတော့ ..
ကိုကြာညို့ ရန်မူလိုက်လို့ .. သွေးထွက်သံယို ဖြစ်တာမျိုး ..
မကြားဖူးသေးဘူး ဆရာမလေးရဲ့ .."

ဟု သိသာလောက်တော့ ပြောပြရှာပါ၏။ နောက်မှ
သတိရပုံလေးဖြင့် ..

"အေး .. ဟိုတယ်ရဲ့ စားဖိုဆောင်ကို သွားရဦးမှာ ဆရာမ
ရဲ့ .. သစ်တော့ခြံကို သယ်သွားရမယ် ချက်ပြုတ်ရေး

အစားအစာတွေကို .. ကားထဲပို့ရမှာတို့ .. ဟိုမှာ ချက်ပြုတ်
စားသောက်ဖို့ ထည့်သွားရမယ့် ဥစ္စာတွေလဲ .. ကားထဲပို့
ရမှာတို့ ရှိနေတယ် .. စားဖိုမှူးအဖြစ် ခေါ်ကြီးနန်းဥ
လိုက်လာမှာတဲ့ .. ဟိုမှာ .. ချက်ပြုတ်ပေးဖို့လေ .."

ဟု ပြောကာ ခြေလှမ်းသုတ်သုတ်ဖြင့် ထွက်သွား
သော် လှလွန်းအိမ် တစ်ယောက်တည်း အိမ်လေးတွင်းဆီသို့ ဝင်
သာမီခဲ့ရပါပြီ .။ ကြာညို့ အိပ်ခန်းလေးဆီသို့ လျှောက်လာကာ
ဆူထားသော တံခါးကို တွန်းမည်ပြုခိုက် ..

"ဟုတ်ပြီ လူလေး .. ဘယ်မှာထားသလဲ .. ဆေဒီပစ္စည်းတွေ
ကို .. ရတနာတွေလေ .. ရွှေငွေလက်ဝတ်ရတနာတွေ ..
ဟုတ်တယ် .. ကြာညို့ ဖေဖေနဲ့ မေမေတို့ ဘယ်မှာဆီမီး
ထားလဲ .. ကြာညို့ကို .. ပြထားတယ် မဟုတ်လား ..
စဉ်းစား .. စဉ်းစားစမ်း .."

ဟု စိတ်အား ထက်သန်စွာ မေးနေပါသည့် ဘဘ
၏အသံ ..။

"ဟုတ်တယ် .. ရှိတယ် .. ဖေဖေနဲ့ .. မေမေ ပြတယ် .."

ဟု ပြန်ဖြေနေသည့် ကြာညို့ အသံ ..။ အရမ်းကို
စိတ်ထက်သန်လာလျက် အဖြေစကားကို မောကပ်ကာ ကိုယ်ကြီး
ကိုင်း၍ ခေါင်းငုံ့ငိုက်ကာ ကြာညို့ မျက်နှာနား ကပ်နေပြီဖြစ်ပါ
သည့် ဘဘကိုလည်း တံခါးလေး မသိမသာတွန်း၍ ချောင်းကြည့်
ဦးခိုက် လှလွန်းအိမ် မြင်လိုက်ရပါပြီ .။ ဘဘသည် .. လှလွန်း
အိမ်တို့ မရှိစဉ်ခိုက်မှာ ရတနာတွေကိုစွဲ မေးနေပါ ချေသားကား ..။
ကြာညို့ကို ချောကလက်တွေ ခွဲ့ခွဲ့ကျွေးနေသည်ကို လည်း မြင်နေ

www.burmeseclassic.com

www.burmeseclassic.com

ရပါသည်အဖြစ် ..။ ဘာဘာ၏ မျက်ဝန်းတွေ လက်တောက်နေတာကို အေးတိုက် အနေအထားဖြင့် လွန်းအိမ် မြင်နေရသည်ပါပဲ ..။ လောလောဆယ်မှာ မြင်တွေ့နေရသည့် ဘာဘဦးဘုန်းရိန်သာ၏ မျက်နှာသည် မြင်နေကျ .. အရမ်းကို စိတ်ထိခိုက်နေသော မျက်နှာမျိုး မဟုတ်နေ ..။

ကြေကွဲထိခိုက်စွာ လက်ကိုပိုက်၍ မြက်ခင်းပြင်ထက်မှာ ငိုကြွေးနေသည့် သူအိုတစ်ယောက်၏ ချုံးချုံးကျမှု ထိခိုက်ခြင်းမက ထိခိုက်ငိုကြွေးနေသည့် မျက်နှာမျိုး ဖြစ်မနေ ..။ ဟောက်ပလွန်းသော မျက်ဝန်းများသည် အရွယ်နှင့်မမျှအောင် .. ရွှန်းလဲ့နေကြသည်။ လေဒီလောဆယ်မှာ .. ဦးဘုန်းရိန်သာ၏ အာရုံထဲမှာ ထိုရတနာများပဲ ရှိနေသည့်ပုံ ..။ လှလွန်းအိမ်က လည်း ခြေသံမကြားအောင် လျှောက်တတ်သည့် အကျင့်လေး အတိုင်း လျှောက်လာသည်မို့ ..။ ဓာစ်ယောက်တည်းလည်း လာသည်မို့ ..။ စကားဆိုလည်း ဓရှိ ..။ ခြေသံလည်း မကြားရ ထင် ..။ လှလွန်းအိမ် အဆောက်အအုံလေးထဲ ရောက်နေတာကို သိလိုက်ပုံမရ ..။ ကြာညိုကတော့ ချောကလက်တွေကို အားပါးတရ စားနေသည်။ လက်တွေက ချောကလက်တွေကို ဘာဘာ လက်ထဲမှ ယူနေသည်။ ကိုယ်တိုင် စားနေသည်။

"ပြောလေ .. ကြာညို .. ဘိုးဘိုးကို ပြောပြ .. ပြောပြ စမ်း .."

ဟု မေးနေခိုက် ကြာညိုမှ ချောကလက်အခွံကို ကြိုးစားပမ်းစား ဆက်ခွာနေသည်။ ခွာမရတော့ စိတ်ရှုပ်လာပုံဖြင့် မျက်နှာလေး ညှို့လာ၏။

"ခွာလို့ မရတော့ဘူး ဘိုးဘိုးရဲ့ .. ခွာပေး .."

ချောကလက် အခွံတွေက လက်တောက်သောကြောင့်ပုံးတွေမို့ ခွာတော့ ချော်နေသည်။ စိတ်ရှုပ်ထွေးနေပုံဖြင့် ချောကလက်ကို ပြန်တမ်းပေးတော့ ဦးဘုန်းရိန် ချက်ချင်း ခွာပေးပါ၏။ ချောကလက်တွေကို စောစောကတည်းက လက်နှိုက်စားနေတာမို့ လက်ထဲမှာ ချောကလက်တွေ စေးကပ်ပေနေ အောင်ကြောင့် နောက်ထပ် ချောကလက်အသစ်ကို အခွံခွာရ ဖြစ်နေသည့် ကြာညိုကို မှိုးရ၍ ချောကလက်ကို ပေးသည်။ ကြာညိုအချို့ကြီးက်ကတော့ အားပါးတရပြုး၍ အရသာခံစားနေပါသည့် အဖြစ် ..။

"ပြောလေ ကြာညို .. ဘဖ်မာလဲ .."

ဟု ဦးဘုန်းရိန်သာမှ စိတ်အားထက်သန်စွာမေးသည်။ လက်တွေကလည်း ကြာညို ဆံစတွေကိုသပ်ပေးနေသည်။ မျက်နှာ ထက်တွင် တောက်ပသော အပြုံးကလေးကလည်း ဖေးတင်နေ၏။

"ဘာလဲ ဘိုးဘို .. ချောကလက်လား .. သိပ်ချိုတယ် ဘိုးဘို .. ချောကလက်က သိပ်ချိုထယ် .. ကြာညို စား တာ ကုန်သွားပြီ .. ထပ်ပေးဦး .. ထပ်ပေးဦး .."

နှင့် ဘာမျှ စဉ်းစားမရတော့သည့်နှယ် ချောကလက် အတွဲ အာရုံနစ်နေအောင် ဖြစ်သွားသည့် ကြာညိုကို ကြည့်ကာ ဆက်ပြင်းကြီး ရှိုက်ချ .. စိတ်ဓာတ်ကျစွာ ဆေင်းခါကြည့်လိုက်သည့် ဦးဘုန်းရိန်သာတို့ မြင်ရပြီးသည့်နောက်မှာ လှလွန်းအိမ် အလာအဖျားလေးပင် တခါးရွက်ကို ပြန်ဆေ့ ..။ တော့ခိုင်းလိုက်ဦးခိုက် ..

www.burmeseclassic.com

www.burmeseclassic.com

"ပြောလေ ကြာညို့ .. ပြောလေ .."

"ချောကလက်က ချိုတယ် .. ချိုတယ် .. မေး .. မေး .."

ဟူသော မေးသံ .။ ချောကလက်ပဲ တောင်းနေသံ .။ အားလုံးသည် ကျန်ခဲ့ပါ၏။ လောလောဆယ်မှာတော့ ရတနာဆို သည့် အရာတွေသည် ကြာညို့ အာရုံထဲမှာ ရှိနေပုံ မရတော့ပြီ .။ ချောကလက်ပဲ စောကပ်နေသည်နှင့်အဖြစ် .။

ဘာသည် .. ကြာညို့ထံမှ အဖြေတစ်ခုကို .. ကြာညို့ .. စိတ်လက်ကြည်သာနေသည့် အခါများမှာ .။ လူသုကင်းချိန်များမှာ မေးတတ်သူတစ်ယောက် ဖြစ်နေပါသလား .။ ထိုရတနာများကို .. လက်ဝတ်ပစ္စည်းများကို .. ဘာသည် .. ကြာညို့ထံမှ အဖြေတစ်ခု ရသည်နှင့် သွားရောက်ရှာဖွေ ကြည့်ရှု ချေမည်သာ .။

သို့ဆိုလျှင် .. ထိုပစ္စည်းများနှင့် ပတ်သက်၍ .. ကြာညို့ မိဘတို့သည် .. ဦးဘုန်းရှိန်သာကို အစကတည်းက .. အသိပေးထားခဲ့ဟန် မရှိ .။ မည်သည့်နေရာတွင် သိမ်းဆည်းထားသည် ဆိုတာ အသိပေးထားဝံ့မရ .။ သေချာသည်ကတော့ ထိုပစ္စည်းများသည် .. မီးခဲသေတ္တာကြီး တစ်ခုတွင်းမှာ ရှိမနေခြင်း .။ ဟုတ်သည် .. ရှိမနေနိုင် .။ ဘာကြောင့်ဆို မီးခဲသေတ္တာကြီးမှာသာ ရှိနေလျှင် .. ထိုမီးခဲသေတ္တာသော့ဖြင့် ဖွင့်၍ .. ကြည့်လိုက်တာနှင့် .. ထိုရတနာများစွာတို့ကို ဦးဘုန်းရှိန်သာ တွေ့ရချေမည်သာ။ ဦးဘုန်းရှိန်သာသာဆို .. စေဒနာသည် .. ကြာညို့ထံမှ .. ထိုပစ္စည်းများ ထားရှိရာ နေရာကို မေးနေသူတစ်ယောက် ဖြစ်နေထောက်တော့ သေချာနေသည့်အဖြစ် .။

ကြာညို့ အတွက် .. မေးခြင်းလား .။

သို့တည်းမဟုတ် .။

သြော် .. သို့တည်းမဟုတ် .. ဦးဘုန်းရှိန်သာသည် ကြာညို့အတွက် .. ကိုယ် .. မေးခြင်းများပေလား .။

ဘာမဆို ဖြစ်နိုင်သည်။ ကြာညို့ အတွက် မေးခြင်းသည်း ဖြစ်နိုင်သည်။ ကိုယ့်အတွက်ကိုယ် .. လေဘာအဖြင့် သည်း မေးခြင်းဖြစ်နိုင်သည်။

ထိုလက်ဝတ်ရတနာပစ္စည်းများသည် .. လူသူသုံးဆောင်သာသိသည့် နေရာတစ်ခုမှာ လျှို့ဝှက်စွာ ရှိနေရမည် .။ သိုးယောက်သည် ကြာညို့၏ မိဘနှစ်ပါးနှင့် ကြာညို့ပဲ ဖြစ်ကြသည် .။ ကြာညို့ မိဘနှစ်ပါးသည် .. ရတနာရက် ဆုံးပါးခဲ့သည်။ ကြာညို့ပဲ ကျန်ခဲ့လျှင် .။ ထိုကြာညို့သည် .. ဘာဘဦးဘုန်းရှိန်သာ .. ထိုနေ့က .. ခေါ်သွား၍ ကားပေါ်ပါမသွားခဲ့ခြင်း .။

ဘုရားရေ .။ ဖြူနှန်းခန့် ဝင်လာသည့် အတွေးကြောင့် ဖြူနှန်းအိမ်၏ သွေးတွေ ရပ်ဆိုင်းကုန်ကြသည်သို့ ရှိလာရပါပြီ .။

"ကြာညို့ ကျန်ခဲ့တာဟာ .. ဘာဘက ခေါ်သွားလို့ .. ယာတောခြံဘက်ကို ခေါ်သွားလို့ကလို့တဲ့ .. ဒါဆို .. အဲဒီပစ္စည်းတွေ ဘယ်မှာရှိတယ်ဆိုတာ သိသူအဖြစ် .. ထွန်ခဲ့ရတဲ့ ကြာညို့ဟာ .. ဘာဘက ခေါ်သွားလို့ ကျန်ခဲ့ရတာလား .. ခု .. အဲဒီဥစ္စာတွေကို .. ဘာဘက မေးနေပြီ .. မေးနေပြီ .. အကြိမ်ပေါင်းများစွာ .. ဘယ်လောက်ထိ

www.burmeseclassic.com

www.burmeseclassic.com

မေးခဲ့ပြီးပြီလေ _ ကြာညိုဟာ _ ခုလို _ တစ်ယောက်တည်း
သော _ ရတနာတွေရှိရာကို သိသူအဖြစ် ကျန်ခဲ့ရတာက
လဲ _ ဘာကြောင့်ပဲ _ ”

အတွေးသည် _ တစ်ခုခုသော အဖြေတစ်ခုကို _
ထုတ်ပေးဖို့ ကြိုးစားနေသည်နယ် ဦးနောက်ဆီသို့ တွန်းပို့နေ
သည့် အဖြစ် _ ။

ဆန့်ကျင်ဘက် အရာနှစ်ခုအဖြစ် ခံစားမှုနှစ်ခုသည်
တစ်ခုနှင့်တစ်ခု တစ်ခုကို ဖယ်ရှားပစ်ရင်း နေရာယူဖို့ ကြိုးစား
နေသည်။

ဟုတ်သည်။ ဆန့်ကျင်ဘက် အရာနှစ်ခု _ ။ တစ်ခု
က _ သနားကရုဏာဖြင့် အရင်းတည်သော ခံစားမှု _ ။

တစ်ခုက _ သံသယကို ကြိုးထွားနေစေသည့်
ခံစားမှု _ ။ အဖွန်းနှစ်ဖက်ဆီမှ ခံစားမှု နှစ်ခုသည် လှလွန်းအိမ်
၏ ဦးနောက်ကို ရွှမ်းထွေးနောက်ကျိစွာ _ အုပ်မိုးဖိဆီးနေကြ
ရေသည့် အဖြစ် _ ။

ညတစ်ညတွင် _ ကြာညိုအတွက် ကြေကွဲလောင်
မြိုက်စွာ ခံစားရင်း မြက်ခင်းပြင်ထက်ဆီ၌ ကုကယ်ရာမဲ့နေသော
သူအိုတစ်ယောက်နယ် လက်ကိုပိုက်ရင်း ချွေးချဉ်ကြွေးနေဟု သည်
ဦးဘုန်းရှိန်သာ၏ ပုံရိပ်က _ လှလွန်းအိမ်၏ ရင်တွင်းဆီသို့
စာနဒုက္ခနှင့် သနားကရုဏာကို ဖြစ်နေစေလျက် _ ။

တစ်ဆက်တည်းမှာပင် _ ထိုခံစားမှုများကို တွန်း
ဖယ်ထုတ်နေသည့် အရာများကလည်း ရင်ထဲမှာ အုံပွဲ့နေကြ

သည့် အဖြစ် _ ။ စောစောပိုင်းလေးကပဲ လှလွန်းအိမ် တွေ့
ခဲ့သည်ပဲလေ _ ။

ရတနာများ ထားရာနေရာကို _ မျက်ဝန်းများရှင်း
အောက် မျှော်လင့်ရိပ်များ ပြည့်သိပ်နေလျက်ဖြင့် _ မေးနေလေ
သူကို _ မြင်ခဲ့ရပါသည့် အဖြစ်တစ်ခုသည် _ ဘာဘဦးဘုန်းရှိန်
အပေါ်သို့ သံသယများကို ဖြစ်တည်စေပြန်ချေသည်တည့်။

ထိုသံသယသည် _ ရုတ်ခြည်းပင် _ ဘာဘဦးဘုန်း
အား အပေါ်သို့ မြင့်မားစွာ ဖြစ်တည်ကျော်လာခြင်း ဖြစ်
သည်။

ရတနာများကို မေးမြန်းနေသည့် ဘာဘဦးဘုန်းရှိန်
သည် _ မြက်ခင်းပြင်ထက်တွင် စိတ်ဓာတ်အရာ ချွေးချဉ်းကျ
_ ပုံပုံကျမျှ လောင်မြိုက်စွာ ငိုကြွေးနေသည့် သူအိုတစ်ယောက်
လုံးဝကြွေးကို ခြားနားလွန်းနေသည်လေ _ ။ အလွန်တရာကို
ချောင်လင့်ချက်များနှင့်အတူ တောက်စနေသည့် မျက်ဝန်းများ
_ ရိတ္တဝိုးမျော်စွာ မျက်ရည်များ ကျနေသည့် မျက်ဝန်း
များနှင့် လုံးဝဆန့်ကျင်နေသည့် အဖြစ် _ ။

လှလွန်းအိမ်သည်ဖြင့် ရွံ့ကျ၍ _ မနုံ့ခြုံလေးထဲမှာ
အတွေးများနှင့်အတူ ခြေလှမ်းလေးလေးဖြင့် လျှောက်နေမိရာသည် _ ။

လာသည်က _ စာမူတစ်ပုဒ်ကို _ အေးမြချမ်းငြိမ်း
ခန်းကျင်ဒေသတစ်ခုမှာ ရေးသားဖို့ အတွက်ပါ _ ။ ဇာတ်
လမ်းသည်လည်း စိတ်ဇာတ်နာသည် တစ်ယောက်တို
ကြွေ ရေးသားမည့် ဇာတ်အိမ်တစ်ခု မဟုတ်ခဲ့ _ ။

www.burmeseclassic.com

www.burmeseclassic.com

ခုကျတော့ .. အရာရာသည် .. ပြောင်းလဲသွားခဲ့ပြီ .. ကြာညိုသည် .. လှလွန်းအိမ်ကို ပြုစားညှို့ငင်ထားလို့က် သည်နှယ် စိုးမိုခြင်းဓက စိုးမိုးနေခဲ့ပြီးနေပြီ ..။

ဒဏ်ရာများနှင့် အိပ်ရာထက်မှာ ငိုကြွေးရင်း အော်ရွှိန်နှင့် မီနှင်းမောအိပ်နေခဲ့ရသော ကြာညို .. သွားရည်များစီးကျ နေရှာသော ကြာညို .. တစ်ဇာတ်တိုက် အိမ်ဇယ်လေးမှာ သူစိမ်း ဆရာဝန်နှင့် သူစိမ်းအဖောင် ဦးဆုပ်စိုးတို့နှင့် အတူရှိခဲ့ရသော ကြာညို ..။

လှိုက်လှဲငိုကြွေးတရား တစ်ခုသည် .. ဦးဆုပ်စိုး၊ ဒေါက်တာဦးအောင်မင်းနှင့် ဘဘဦးဘုန်းရှိန်သာတို့ဆီမှ .. ကြားအပေါ် အုပ်မိုးစွာ .. မရိုးသားစွာ .. ကြာတောင့်ကြာရှည် ရှိခဲ့ချေသည်လား ..။ မသိ ..။ လှလွန်းအိမ် မသိ ..။

ဒေါက်တာအောင်မင်းသည် .. တစ်ခါ တစ်ခါမှ အလွန်စာရာကိုမှ အန္တရာယ်ပေးတတ်သော ကြာညို အပြု လှလွန်းအိမ်မှ ကြောက်ရွံ့သွားစေအောင် စောစောပိုင်းလေးတည် သတိပေးသလိုလိုဖြင့် ပြောခဲ့သေးသည်ပဲ ..။ လှလွန်းအိမ်ကို ကြာရှည် ဤနှံ့သာမြို့ငမှာ မရှိစေချင်၍မျှားပေလား ..။ သို့ဆိုလျှင် အာကြောင့် .. ကြာညို့ အနီးမှာ လှလွန်းအိမ်ကို မရှိစေချင်ရ သတဲ့လဲ ..။

ဒေါက်တာအောင်မင်း ပြန်လျှောက်လာနေတာ လှမ်းမြင်လိုက်ရပြီ ..။ ဒေါက်တာအောင်မင်းကို မယုံကြည်စိတ် ဖို၍ ရင်မှာ ဖြစ်တည်လာပြန်သည်။

လောလောဆယ် ကြာညိုနှင့် ဝတ်သက်၍ မြင်မြင်သမျှတိုင်းတို့သည် .. သိမ်မွေ့အေးချမ်းနေသည်ချည်း ဖြစ်နေသည်။ ကြက်ဥနှင့် နို့ဆန်ဖြူစာ ပန်းကန်လေးကို ဖေးကိုင်၍ လှလွန်းအိမ် မီချိုနှင့်အတူ ကြာညိုကို မနက်ပိုင်းတွေမှာ ကျွေးမွေးစဉ်က .. ကလေးတစ်ယောက်နယ် ကြာညို စားသောက်ခဲ့သည်ပဲ ..။ ထိုမှောင်သော မျက်ဝန်းတွေက ကျေးဇူးတင်စွာဖြင့် လှလွန်းအိမ်၊ မီချိုကို ကြည့်ကြည့်နေတတ်သည်ချည်း ..။ တိုက်ခိုက်ရန်မူ သည် သဘောမျိုး အလျဉ်းမရှိသော မျက်ဝန်းနက်နက်များ ..။ လှလွန်းအိမ်ထက် အရွယ်ကြီးပေမယ့် .. ကလေးတစ်ယောက်နယ် ငိုင်လွန်းစွာ ရှိနေပါသော ကြာညို ..။

ကြာညိုသည် .. အင်အားကြီးမားသော .. စွမ်းအားတစ်ခုဖြင့် .. လှလွန်းအိမ်ကို လွှမ်းမိုးထားခဲ့ပြီးပြီ ..။ ထိုလွှမ်းမိုးသည် .. ဤနှံ့သာမြို့ငမှ .. သော် .. ကြာညို့ထံမှ .. လောလောဆယ် ဘယ်လိုမှ ထွက်ခွာသွား၍ မရနိုင်လောက်အောင် .. ခိုင်မြဲ ဆုပ်နောင်ထားသည့်နယ် ရှိနေခဲ့ပြီ ..။

သော် .. ကြာညိုသည် .. ကရုဏာကို အရင်းတည် ပြစ်တည်ရပါသော ညှို့ငင်ခြင်းဖြင့် လှလွန်းအိမ်ကို .. ဤအရပ် ထွက်ခွာမသွားဖို့ ခခယယ တောင်းပန်နေသည့်နယ် ရင်ထဲမှာ ခံစားနေရပါ၏။

ကြာညို့ကို .. တစ်ယောက်တည်း .. မထားရက်ခဲ့ လွှမ်းတော့ပြီကောလေ .. ဟုလည်း ကိုယ့်နလုံးအိမ်ကို ပြန် ဖြေးလည်လာရသည်က လှလွန်းအိမ်ပါ ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၁)

ငါးမျှားကြိုးတွင် ရှိနေပါသော ဖော့တုံးလေးသည် အော်မှာ ပါးလောလေး တရွေ့ရွေ့ လှုပ်လျက်ရှိ၏။ ကြာညို ဝမ်းနှင်းနက်နက်လေးတွေက ငါးမျှားတဲ့ ထိပ်ဖျားဆီမှ ညွှတ်ခနဲ လာမည့် အချိန် ..။ ငါးမျှားကြိုးတွင် ရှိနေပါသော ဖော့တုံး ရေထဲစွပ်ခနဲ မြုပ်ပါသွားမည့် အချိန်ကို တင့်လင့်လင့်ဖြင့် စောင့်ကြည့်ငြိမ်ကျနေပါသည့် အဖြစ် ..။

ခပ်လှမ်းလှမ်းဆီဝယ် ဘာအဓိပ္ပာယ်ရှိန်းဘာသည် ဟူသည်ကို သေးတံကြီးခဲလျက် ငါးမျှားနေသည်ပါပဲ ..။ ကြာညိုတော့ လှုလွန်းအိမ် ထိုင်စောင့်နေသည်။ ကြာညိုကတော့ လက်ကို လေးပိုက်၍ ရေပြင်ထက်ဆီမှ ဖော့တုံးလေးကို မလွတ်တမ်း ကြည့်နေမြဲ ..။

ဒေါက်တာအောင်မင်း တစ်ယောက်သာ ငါးမျှား ကြည့်ရှုဆဲတွင် ပါမလာ ..။ ခြံစောင့် ဘာဘအိုက်ပိန်ဒဲ့ အလုပ် ကြိုးမှာ ကျန်ခဲ့ပါ၏။ သစ်တောခြံကြိုးရှိ အိမ်ကြီးကလည်း ခြံခါင်းတိုင် မြင့်မြင့်ကြီးနှင့် ရှိပါလေသော အနောက်တိုင်း

ကုကယ်ရာခံအဖြစ် _ ကြာညိုကို _ မထားခဲ့ရ
နိုင်စွမ်း _။

ဟုတ်သည် ..။ မထားခဲ့ရက်နိုင်စွမ်းသည်ဟော
ကြာညို ဆိုသည့်သူရယ် ..။

www.burmeseclassic.com

ဆန်ဆန် တစ်ထပ်တိုက်ကြီး တစ်လုံးပါ ..။ အနီရောင်အမိုးနှင့် အဖြာရောင်ရောင် ပြတင်းများဖြင့် ရှိုပါလေသော အစိမ်းရောင်ရင့်ရင့် နံရံများဖြင့် တစ်ထပ်အိမ်ကြီးသည် စိမ်းစိုက်တဲများ ဖားဖားဖြင့် ရှိုပါလေသော သစ်တောပင်များ ခြံရံလျက် ကျန်ခဲ့ပြီကြီးဖြင့် ခပ်ထည်ထည်ရှိသော လူကြီးတစ်ဦးပမာ တည်တည်ငြိမ်ငြိမ်ကြီး ရှိနေပါသည့် အဖြစ် ..။

ဟုတ်သည်။ အိမ်ကြီးကို ကြည့်လိုက်သည်နှင့် ထိုသို့ လွလွန်းအိမ် ခံစားဖြစ်၏။ သစ်တောခြံတွင်းဆီမှ အိမ်တံခါးသည် ထိုမျှအထိ ထူထည်ကြီးနှင့် ရှိနေချေလိမ့်မည်ဟုပင် မထင်မိခဲ့ ..။ ခြင်မည့် မြင်ရတော့ လွလည်းလွ ..။ ထည်လည်းထည်သည့် အိမ်ကြီးတစ်လုံး ဖြစ်နေသည်။ ကားပေါ်မှ ပစ္စည်းတွေ ချနေရင်းဖြင့်ပင် အိမ်ကြီးကို တကြည့်စားဦး ကြည့်နေမိရသည် မဟုတ်ပါလား ..။

"မင်းက .. တဲအိမ်ကုပ်ကုပ်လေး တစ်လုံးလောက်ပဲ ငါ့ထင်ထားတယ်ဖေါ့လေ .. ဟုတ်လား .. အလွန်ဆုံး ခြေရှည် မျဉ်ထောင်အိမ်လေး တစ်လုံးလောက်ဖြစ်ဖြစ် ဆိုတော့ .. အံသလောက်ပဲ ငါ့ကို ထင်ထားခဲ့စားယ် ဆိုတော့ .. ခုတွေ့ပြီ မဟုတ်လား .. ငါ့ကို .."

ဟု ခပ်တည်တည် ..။ ကျန်ခဲ့ကြီးကြီးဖြင့် မေးသည်ဟုပင် အိမ်ကြီးကို ထင်မိလာစေသည့် အထိပါ ..။ ခုတော့ ကြာညို တောင့်တနေသည့် စမ်းချောင်းလေးမှာ ငါးများသည့် အချိန်သို့မဟုတ် တိုင်းတာခဲ့ပြီ ..။ နောက်ဘက်ဆီသို့ လှည့်ကြည့်လိုက်လျှင် သစ်တောပင် စိမ်းအုပ်အုပ်များကြားဆီမှ မိုး

ဆီသို့ လွှင့်ဖျံတက်သွားပါသည့် မီးခိုးတန်းတစ်ခုကို မြင်နေရသည်။ ကြည့်ရတာ .. ဘဘအိုက်ပီ တစ်ယောက် ဒေါ်ကြီးနန်းဥနှင့်အတူ စားသောက်ဖို့ ချက်ပြုတ်နေချေပြီထင့် ..။ မိချို့ကတော့ အိမ်ကြီးထဲမှာ တစ်ခုခု လုပ်ကိုင်နေပါချေလိမ့်မည်။ အိမ်ကြီး၏ သွင်ခန်းကို ဆိုဖာဖုံးတွေ အသစ်လဲလှယ်နေနိုင်သည်။ ညှော်ခန့်ရှိ ဆက်တီစားပွဲထက်မှာ တောပန်းလေးတွေဖြင့် ပန်းအိုးအလှထိုးထား တင်ထားနေနိုင်သည်။ ဒါမှမဟုတ် လျှင်လည်း ဘဘဦးအိုက်ပီနှင့် ဒေါ်နန်းဥတို့ကို ချက်ပြုတ်ကူနေခြင်းလည်း ဖြစ်နေနိုင်သည်။ ဦးဆောင်မင်းကတော့ အိပ်ရာထက်မှာ လဲ့နေလောက်ပြီ။ ခဏနား ချင်သည်ဟုဆိုကာ ကျန်ခဲ့သည်ပဲလေ ..။

ခြံစောင့်ကြီးဖြစ်သည့် ဦးအိုက်ပီသည်လည်း စိုက်စင်းလေးဆီမှ ငရုတ်သီးနှင့် ဟင်းရွက်စိမ်းများကို ခူးနေလောက်ပြီ ..။

လောလောဆယ်မှာတော့ အေးမြမြ စမ်းရေစီးရာ ခြေးချောင်းလေးမှာ ဘဘဦးဘုန်းရှိန်သာနှင့် ကြာညိုတို့ကတော့ ငါးများနေဆဲ ..။ လွလွန်းအိမ်ကတော့ ကြာညိုဘေးမှာ ထိုင်ရင်း အယ်အချိန်မှာ ငါးများတဲ့လေး ညွှတ်ကျသွားချေမည်လဲ ဆိုတာ ကြာညိုနှယ်ပင် စောင့်ကြည့်နေမိရပါသည့် အဖြစ် ..။ ငါးများခြင်းဆိုတာ အဘယ်မျှထိ စိတ်လှုပ်ရှား၍ မျော်စရာလေး ဖြစ်နေသည်ဆိုတာ ခုကျမှ လွလွန်းအိမ် နားလည်လာရသည်။ ငါးလာမဟပ်သည့် ငါးမိချိန် တစ်ခုကို စောင့်ရခြင်းသည် အချိန်တွေ ကုန်ဆုံးသောကိုပင် မေ့လျော့နေစေသည့် အထိပါတကား ..။

"ဟေး .. မိပြီကွ .."

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းရှိန်သာဆီမှ ဟေးခနဲ ခပ်ကြွားကြွား အော
လိုက်သံ ..။ ငါးမျှားတဲ့ရှိ ရစ်လုံးကို ဖြုန်ရစ်၍နေသည်ဟန်
တဆွတ်ဆွတ်နှင့် ငါးမျှားချိတ်တွင် ပါလာလ ဂ် ငါးမျှားကြိုးတန်းလ
ဖြင့် ရုန်းကန်နေပါသည့် ငါးခုံးမတစ်ကောင်၏ လှုပ်ခတ်နေသံ
အားလုံးကို လှလွန်းအိမ် ကြည့်နေမိရပါ၏။ ကြာ
ကိုကြည့်တော့ မျက်မှောင်လေး ကုတ်နေသည်။ ချက်ခနဲ အ
ဟေးကာ ပါးစပ်မှာ လက်ညှိုးလေးဖြင့် ကပ်ရင်းမှ ..

"ဘိုးဘိုးကို သွားပြောဟေး .. မအော်နဲ့လို့ .. ငါးတွေလ
ပြေးကုန်ကြမယ်လို့ .. ဘိုးဘိုးက သိပ်အော်တာပဲ .. သ
ကြောက်တာပဲ .. ငါးကဖြင့် ကြိုးလဲမကြိုးဘဲနဲ့ .. ဒီလောက
ရှိတဲ့ဥစ္စာ .. ကြာညိုကမှ ဟောဒီလောက်ကြီး မိမှာ
- ဟု အူတိုသံဖြင့် ပြောနေတော့ လှလွန်းအိမ် ရယ်
သည်။ ဘာကို ကြည့်လိုက်တော့လည်း မြက်ရိုင်းရှည်ကြီး
ငါးခုံးမကို သိထည့်လိုက်တာကို မြင်၏။ ပါးစောင်တွင် ခဲထ
သော ဆေးတံကိုဖွေတ်၍ လှမ်းရယ်ရင်း ကြာညိုကို ကြည့်သည်
မြက်ရိုင်းရှည်ဖြင့် သိထားသော ငါးခုံးမသည် တလှုပ်လွန့်လှ
ဖြင့် မြှောက်ပြနေသော ဘဘ၏လက်ထဲမှာ တွဲရရှိရှိနေပါသ
အဖြစ် ..။

"ဘယ်လိုလဲ ကြာညိုလေးရ .. ဒီတစ်နေ့တော့ .. ငါးမ
မလားကွ .. ဟေ .."

ဟု လှမ်း၍ ချစ်စနိုးမေးသံ ပေါ်လာသည်။ ဘဘ
ကြည့်တော့လည်း အရမ်းကို စိတ်ရှည်အလိုလိုက်ခြင်းမျ
အရိပ်များ ပြည့်သိပ်အောမြဲနေကြောကို မြင်ရသည်မို့ ..

ဤမနက်ပိုင်းလေးတုန်းက ဘဘအပေါ် သံသယ
ဆေးခံလေသမျှ မှားချေပြီလားဟု နောင်တ ဖြစ်ရပြန်သည်က
လွန်းအိမ်ပါ ..။ ဘဘ၏ မျက်ဝန်းများတွင် မေတ္တာရိပ်များ
သည်သိပ်နေသည်။ အကြည့်သည် ချစ်စနိုး နိုင်နေလျက် အေးချမ်း
ပါ၏။ ကြာညိုကို သံယောဇဉ်ကြီးလျက် အရမ်းကို အလိုလိုက်စွာ
ချစ်စနိုး ပြောနေမှန်း သိသာနေသည်ပဲ။

"ဟာ .. ဘိုးဘိုးရဲ့ငါးက သေးသေးလေး .. ကြည့်
ကြာညိုငါးကမှ .. ကြီးမှာ .."

ဟု မခံချင်စောနှင့် ပြောစဉ်ခိုက် တကယ့်တို ငါး
ပစ်သည်မို့ စွပ်ခနဲ ငါးမျှားတံထိပ်လေး ညွှတ်ပါသွားကာ ဖော့
ကိုးလေး မြုပ်ကျသွားသည်မို့ စိတ်လှုပ်ရှားစွာဖြင့် ကြာညို ငါးမျှား
ကြိုးရစ်စက်သီးလေးကို ကသောကမျော ရစ်နေပါ၏။ လှလွန်း
အိမ်ပင် ဟေးမရောရ၍ စိတ်ဝင်တစားဖြင့် ကြည့်နေမိရပါသည့်
အဖြစ်။ ကြာညိုငါးကို ပိုကြီးစေချင်စောပဲ ကပ်နေသည်။ လွတ်ခနဲ
လှလွန်းအိမ် ပြုံးလိုက်မိရပါပြီတည်း ..။ အံမယ်။ ကြာညိုဘက်
သား ဖြစ်နေချေသည်ကော .. ဟုပင် တွေးမိလိုက်ရသည်ကော
လေ ..။

တကယ်ပဲ .. ကြာညို မိသည့်ငါးကြီးသည် ဗိုက်ကြီး
ဆောင်းနေလျက် အတော်ကြီးကို ကြီးချေသည်မို့ ကြာညိုမှာ ငါ
များတဲ့ကြီး တမြှောက်မြှောက်ဖြင့် ကြွားမဆုံး ..။ ငါးကို မြက်
ရိုင်းရှည်ကြီးဖြင့် ပါးဟက်ဆီမှ ထိုးသွင်းကာ ပါးစပ်မှ ပြန်ထုတ်
၍ သိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြော်စားမယ်ဟေ့ .. ကြော်စားမယ် .. ငါးမပြို .. ငါးမပြို .. အကြီးကြီးပဲ .. ဘိုးဘိုးရဲ့ငါးထက် အပြန်တစ်ရာကြီးတယ် .."

ဟု လှမ်း၍ မခံချင်အောင် ပြောနေတော့ ဘာဘာရယ်သည်။ ခေါင်းညိတ်သည်။ ငါးမျှားတဲကိုသိမ်း၍ လျှောက်လာပါ၏။ နေသည် အတန်မြင့်၏ ဖြူလာပြီ .။ နေ့လယ်စာစားချိန် နီးလာနေချေသည့် အဖြစ် ..။ နေကို ဘာဘာ မော့ကြည့်သည်၊ လက်ကနာရီကို ငုံ့ကြည့်သည်။

"ပြန်ကြမယ်ဟေ့ .. ဒီငါးနှစ်ကောင်ကို ကြော်စားကြတာပေါ့ကွ .. ငါးကြီးကိုတော့ ပေါင်းစားရင် ပိုကောင်းမယ် ထင်တယ် ငါးကြီးပိုင်ရှင်လေးရဲ့ .."

ဟု ကြာညို ပါးကိုလိမ်၍ ဘာဘာ ပြောရယ်တော့ ကြာညို လိုက်ရယ်သည်။ ခေါင်းလည်းညိတ်သည်။

"ဟုတ်တယ်နော် .. ပေါင်းစားမယ် .."

ဟု ပြောကာ ငါးစာကို ချိတ်တွင် ချိတ်သည်။ ထပ်၍ ခွူးလေးတန့်နှံဖြင့် ငါးမျှားနေတော့ ဘာဘာမှ ..

"ပြန်ကြရအောင်လေ ကြာညို .. နေ့လယ်စာအမိ ဒီငါးတစ်ကောင်ကို ပေါင်းမယ် .. ဒီငါးတစ်ကောင်ကို ကြော်မယ် .. ဟုတ်မလား .. နေရှိန်လဲ ပြင်းလာပြီ .. နေမိုင်ခေါင်းကိုက်နေလိမ့်မယ် .."

"ဟာ .. ဒီမှာ သစ်ပင်ကြီး ရှိနေတာပဲ ဥစ္စာ .. နေရိပ်တယ် ဘိုးဘိုးရ .. တစ်ကောင်ထပ်မျှားမယ်လေ ဘိုးဘိုး .. တစ်ကောင်မိရင် ပြန်လာခဲ့မယ် .. ဒီမှာ မမလေး ရှိတာပဲဥစ္စာ .."

ဟု ပူဆာနေတော့ တစ်ချက် ခပ်ဆဆငြိမ်၍ ဆင်းစားပြီးမှ ဦးဘုန်းရှိန်သာ ပြုံးသည်။ ကြာညို့ခေါင်းကို ခပ်ဖွဖွ ထောက်သည်။

"မင်းကတော့ကွာ .. မမလေး အားကိုးနဲ့ .. ငါ့ကို .. တစ်ယောက်တည်း ပြန်ခိုင်းနှင့်နေပြီကိုး .. အေး .. ဒီငါးကို ပေါင်းစားဖို့ဥစ္စာ ပြန်မှကို ဖြစ်မှာကွ ကြာညိုရ .. မင်း ငါးကြီးက တကယ့်ကို အကြီးကြီးကိုး .. ပေါင်းစားရင် အရသာ တကယ်ရှိမှာ .. ကဲ .. ဒါဖြင့် .. ဘိုးဘိုးပြန်မယ် .. တကယ် ငါးတစ်ကောင် ထပ်မိရင် ပြန်လာခဲ့ .. ဟုတ်မလား .. ဆရာမ .. ဒီကောင် သိပ်ကြာနေရင်ဖြင့် ငါးမမိရင်လဲ ခေါ်ပြန်လာခဲ့နော် .. ဒီကောင်ကြီး ငါးပေါင်းသိပ် ကြိုက်တာ .. ပေါင်းခိုင်းရအောင် မနန်းဥတို့ဆီ ပြေးမှဖြစ်မှာလေ .."

ကြာညိုကြိုက်သည့် ငါးပေါင်းကို စားစေချင်သည့် အဖြင့် ပြောရှာပါသည့် ဘာဘာကိုကြည့်ကာ မနက်က အထင်လွဲခဲ့သမျှ ရင်တွင်းမှပြန်၍ နောင်တရ .. စိတ်ထဲမှကျိတ်၍ ဆောင်းပန်နေမိရသည်ကလည်း လွလွန်းအိမ်ပါ ..။

"ခါတိုင်းတော့ ဒီကောင်ကြီးနဲ့ ဘာဘာ ဒီမှာ ငါးမျှားဖြစ်ကြရင် .. တစ်ခါတည်း ပြန်ချော့မော့ ခေါ်ရတာချည်းပဲ .. ချန်ခဲ့လို့လဲ မဖြစ်ဘူးလေ .. ရေထဲ ဆင်းသွားမှာစိုးလို့ပါ ဒီနေရာလေးကတော့ လုံခြုံအေးချမ်းပါတယ် .. ဘာဘာရဲ့ သစ်တော်ခြံတွေချည်းမဲ့ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး ပြုံးကာ စိုက်စိုက် .. စိုက်စိုက်နှင့် ပြန်သွားတော့ ကြာညိုနှင့် လှလွန်းအိမ် ကျန်ခဲ့ရပါ၏။ ကြာညို့ကို ကြည့်တော့ ထုံးစံအတိုင်း ငြိမ်ဆက်စွာ ငါးမျှားတံထိပ်ဖျားကို ကြည့်လိုက် ဇော့တုံးကို ကြည့်လိုက်နှင့် အရှိန်တက်နေပါသည့် အဖြစ် ..။

"ကြာညို .. ဘိုးဘိုး ခေါ်တာ လိုက်သွားရမှာပေါ့ .. နေပူလာပြီ .. နေမကောင်းရင် ဘယ့်နယ်လုပ်မလဲ .."

ဟု ပြောစဉ်ခိုက် ရွှတ်ခနဲ လက်ညှိုးလေးကို ပါးစပ်မှာ တေ့ပြသည်။ ခေါင်းခါပြသည်။ ပြီးတော့ ငါးမျှားခြင်း ဘက်ဆီသို့ ပြန်၍အကြည့်က ရောက်သွားပြန်၏။

နောက်တော့ တဖြည်းဖြည်း မျက်ခုံးလေး တွန့်သွားကာ ရေပြင်ကို ငေးကြည့်သည်။

စမ်းချောင်းတစ်ဖက်ဆီမှ သစ်တော့ခြွေ အုပ်အုပ်စိမ်း စိမ်းဆီသို့လည်း ကြည့်သည်။

"ကြာ .. ကြာညို .. ဖေဖေနဲ့လဲ .. ငါးများဖူးတယ် မမလေးရဲ့ .. ကြာညို .. ငါးကြီးတစ်ကောင် မိတယ် သိလား .."

ဟု စောစောက မိထားသည့်ငါးကြီးကို ပြန်၍သတိရလာဟန်ဖြင့် ပြောနေတော့ လှလွန်းအိမ် စိတ်လှုပ်ရှားသွားရပါ ဖြို .။ ကြာညိုသည် .။ တစ်ချိန်က .. ဖခင်နှင့်အတူ ဤ သစ်ရိပ်မှာ ငါးမျှားခဲ့ဖူးမည် .။ အို .. မဟုတ်သေး .။ အကြိမ်ပေါင်းများစွာ ထိုကျန်ရစ်ခဲ့သော အတိတ်များဆီမှ ငါးမျှားခဲ့ဖူးချေမည်။ ခုလို .. ငါးကြီးတစ်ကောင်ကိုလည်း အမှတ်ရစေလောက်အောင်

ကို မိခဲ့ဖူးပါလိမ့်မည် .။ ခု .. ခု .. ကြာညိုသည် .. ထိုအတိတ်ကာလကို ပြန်၍ ရှုပ်ခနဲ သတိအာရုံထဲ တိုးဝင်မှတ်မိလာနေချေသည်ထင့် .။

"ဟုတ်လား .. ဖေဖေက .. ကြာညို့ဖေဖေက .. အဲဒီငါးကြီးကို ပေါင်းကျွေးလားဟင် .."

ဟု မေးတော့ ကြာညို တစ်ချက်ငြိမ်နေသည်။

နောက်တော့ .. စိတ်ရှုပ်စွာ ခေါင်းယမ်းနေပါ၏။

"မသိပါဘူး .. ဘာလုပ်ကျွေးလဲ .. မသိတော့ဘူး .."

ဟု ပြောနေရာ ခေါင်းကို တစ်ချက် ထုသည်။

"ဒီနေရာက ကိုက်နေတာပဲ .."

ဟု ပြောပြန်သည်။ ထိုစဉ်ခိုက် မမျှော်လင့်သော အဖြစ်တစ်ခုသည် ရုတ်ချည်းဖြစ်ပေါ်လာပါ၏။ စမ်းချောင်းယံလေး တစ်ဖက်ဆီမှ မိန်းမတစ်ယောက်နှင့် လူလေးယောက်တို့ တောအုပ်လေးဆီမှ ဖြတ်ပြေးလာကြသည်။ စမ်းချောင်းကို ကူးသာကြပါသည့် အဖြစ်ပါတကား .။ စမ်းချောင်းသည် သိပ်မကျယ်လှ .။ တချို့နေရာမှာ သုံးပေလောက်ပဲ ကျယ်သည်။ တချို့နေရာမှာ လေးငါးပေလောက်ပဲ ကျယ်သည် .။

ရေကလည်း အနက်ဆုံးနေရာမှ ခါးလောက်ပဲရှိသည်။ ဖြူန်းစားကြီး သစ်ရိပ်ကွယ်များဆီမှ ဘွားခနဲလည်း ပြေးကြတာကို တွေ့ရ .။ ချောင်းကွေ့လေးပေမို့ စမ်းချောင်းကျယ်ကလည်း ကြာညိုတို့ဆီသို့ သုံးပေကျော်လေးလောက်ပဲ ဝေးလာရတာမို့ .။ ဘာမျှကို မကြာလိုက် ထိုလူစုသည် လှလွန်းအိမ်တို့အနားဆီသို့ ရောက်လာကြပါပြီ .။ ခက်သည်က

www.burmeseclassic.com

www.burmeseclassic.com

လူတွေတွေ့၍ ကြာညိုကို ဆွဲခေါ်ပြေးပေမယ့် လှလွန်းအိမ် ဆွဲခေါ်ရာသို့ ကြာညိုက မလိုက် ..။ ဖွတ်ရှန်းသည်။

"ငါးတစ်ကောင်မိမှ ပြန်မယ်ဆိုမှ .. တစ်ကောင်မှ မမိသေးတာ .. ဘိုးဘိုးကလဲ ငါးတစ်ကောင်မိမှ ပြန်လာလို့ ပြောထားတာပဲဥစ္စာ"

နှင့် ခြေကန်ပြီး ဖွတ်ကြီးပေကပ်ထိုင်နေသည်ဖို့ အခိုန်တိုလေးအတွင်းမှာပဲ အားလုံး ဝိုင်းထားတာကို ခံလိုက်ရပါပြီ ..။

"ရှင်တို့ ဘယ်သူတွေလဲ .. ဘာလုပ်မလို့လဲ .. ကြာညို့ထစမ်း .. မမလေးတို့ ပြန်ကြရအောင် .."

ဟု ပြောပေမယ့် ကြာညို ငါးမျှားတဲ့ကိုမဲ့ ပြန်ကြည့်နေတာကို လှလွန်းအိမ်စိတ်မော စိတ်ပင်ပန်းစွာ တွေ့နေရပါ၏။ လှလွန်းအိမ်မှာသာ စိတ်ပူရ ..။ ဦးရိမ်ချောက်ချားနေရှာင့် ယောက်ယက်ခတ်နေရပါ၏။ ကြာညိုကတော့ ငါးမျှားခြင်းမှာပဲ စိတ်အားလက်အားကြီး စိတ်နစ်ဝင်နေသည့်အဖြစ် ..။ ကြာညိုကို အတင်းဆွဲထူနေတော့လည်း လိုက်မလာ ..။ ခေါင်းကြီးယမ်း၍ ..

"မလိုက်ဘူးဆိုဗျာ .. ဒုက္ခပါပဲ .. ဆူနေတာပဲ .. ငါးတွေအသံကြားပြီး ထွက်ပြေးတော့မယ် .. ဒီလူတွေကလဲ .. ဘာရပ်ကြည့်နေကြတာလဲ .. သွားကြတော့လေ .."

နှင့် အကြောက်မရှိ ပြောနေတော့ အသားဖြူဖြူ .. ကိုယ်ဟန်ပါးဝါးလျားလျားနှင့် အမျိုးသမီးကြီးမှ ပါလာသည့် လူလေးယောက်ကို မျက်ရိပ်ပြသည်။ မကြာလိုက် .. ကြာညိုကို လူနှစ်ယောက်က အတင်းချုပ် .. ပါးစပ်ကို အဝတ်စကြီးနှင့် အတင်းဝိတ် .. လှလွန်းအိမ်မှ ရန်းကန်အော်ဟစ်ဖို့ ကြိုးစားနေ

သည်ကြားမှ တစ်ယောက်က အတင်းချုပ် .။ တစ်ယောက်က ပါးစပ်ကို အဝတ်ဖြင့် အတင်းဝိတ်ဆို့၍ ထမ်းခေါ်ချသွားကြပါပြီ ..။ စမ်းချောင်းကို ရေတိမ်ပိုင်းဆီမှ ဖြတ်ကြသည်။

ဒူးမြုပ်ရှဲ ရေပြင်လေးသည် ဖျတ်ခနဲပင် ကျွန်ရစ်ခဲ့သူက် တစ်ဖက် တောအုပ်ဆီသို့ ရောက်၏။ ပင်စည်အကွယ်ဆူးအတိုင်း ကပ်ကပ်ပြေးကြရာမှ တစ်နေရာရောက်တော့ လှလွန်းအိမ်နှင့် ကြာညိုကို ထမ်းထားရာမှပြန်ချ ..။ ရုန်းကန်နေကြလေသူ့ လက်တွေခြေတွေကို တုပ်နှောင်ကြ ..။ တောထမ်းသွယ်လေး တစ်ခုမှာ ရပ်ထားသည့် မာဒေါကားယောင်းလေးဆီသို့ ထမ်းခေါ်ချသွားကြကာ ကားနောက်ခန်းထဲ ထည့်ကြ ..။ ကားကို အရှိန်ဖြင့် မောင်းထွက်ကြပါ၏။ ဘာဆို ဘာမျှကို မခုခံလိုက်နိုင်ဘဲ လှလွန်းအိမ်သည် ကြာညိုနှင့်အတူ ကားဆိုကားယောင်းတစ်စီး၏ နောက်ခန်းလေးထဲမှာ ဖြွတ်ကျပ်စွာရှိလျက် ရုန်းကန်ကြိုးစားရင်း ပါသွားရပြန်ပါ၏။

ကားနောက်ခန်းမှာ ဖမ်းခေါ်လာကြသည့် လူသုံးယောက်လည်း ထိုင်သည်။ ထိုသူတွေက လှလွန်းအိမ်နှင့် ကြာညိုကို ဆွဲယူပွေ့ထိန်း ချုပ်ထားရင်း လိုက်လာကြတာမို့ နောက်ခန်းထဲမှာ အားလုံးသည် ပြွတ်သိပ်ကျပ်ညပ်လျက် အသက်ရှူ၍ပင်ခဲ ..။ ပိုဆိုးသည်က ပါးစပ်ကို အဝတ်ဖြင့် ဆို့ထားခြင်း ..။ အဝေးဝါးဝါးဖြင့် အော်သံတွေပဲ မပီမသ ထွက်နေကြရသည်ပါပဲ ..။ ကြာညိုကလည်း ခုလိုကျတော့ အားအတောင်ကြီး ရှိနေသည့် လူနှစ်ယောက် ကြာညိုကို မနည်းထိန်းနေရပါသည့် အဖြစ် ..။ လှလွန်းအိမ်ကတော့ တောင့်တင်းသော လက်မောင်းကြီး ကြားထဲ

www.burmeseclassic.com

www.burmeseclassic.com

မှာ အရပ်လေးနယ် ဘယ်လိုရှုန်းရန်း အားအင်မမျှ ပါလာနေရ သည်ဝါပဲ ..။

"အစြန်မောင်း .. ဟိုလူကြီး မသိခင် .. ဒီတောလမ်းကို လွှတ်မှ ကျော်မှ ဖြစ်မှာ .. မောင်းစမ်း အိုက်လုံ .. မောင်း စမ်း .."

နှင့် ကားရှေ့ခန်းမှာ ထိုင်နေပါသည့် မိန်းမကြီးဆီ မှ အသံက ဟောက်လျှောက် မကြာ မကြာ ထွက်နေသည်။ ကား ကလည်း အိုသာ အိုသည်။ သေချာကို စက်ကအစ စစ်ဆေးထား ခဲ့သည်ထင့်။ အင်ဂျင်အားကောင်းကောင်းနှင့် ပြေးနေသည်မှ ကားအိုနှင့်မမျှ ..။ အရှိန်ကောင်းလှပါဆည့် အဖြစ် ..။

ကြာတော့ .. ကြောက်နေတာကြောင့်ရော ..။ ပါးစပ် ကို ဆိုထားတာမို့ မွန်းကျပ်နေတာကြောင့်ရော .. လှလွန်းအိမ် ချွေးတွေ နစ်နေရာမှ .. တဖြည်းဖြည်း ခေါင်းတွေမူးနောက်လာ နေပါပြီ ..။

အသက်ရှူ၍ မဝ ..။ ပြောပြရန်ကလည်း ပါးစပ်က အဝတ်ဆို့ထားတာကို ခံနေရသည်။ အားယူ၍ ကြာညို့ကိုကြည့် တော့လည်း ကားနောက်ခန်းမှာ ပါလာကြသည့် လူကြီးသုံးယောက် အနက် နှစ်ယောက် မနည်းကြီး ချုပ်ထိန်းနေကြရတာ ချွေးတွေ ပြန်နေကြသည် အထိ ..။

ကြာညို့က ရုန်းကန်နေလေလေ ..။ ကြာညို့ ခြေ ထောက်တွေက တစ်ချက် တစ်ချက် လှလွန်းအိမ်၏ ဝမ်းဗိုက်ကို ကန်မိလာကြလေပါ ..။ ဆောလျော်ပြန်နေသည့် လူကြီးနှစ်ယောက် ကလည်း ..

"ခလွယ်တော့ဘူး မခမ်းမွန် .. ဒီကောင်လေး သိပ်အားရှိ တယ် .. ဟိုကောင်မလေးကိုလည်း သူ့ခြေထောက်တွေ တန်နေပြီ .. ငါတို့လဲ .. သူ့ကိုထိန်းနေရတာ .. ဆောလျော် တွေ နစ်နေရောပေါ့ .."

ဟု မောသံကြီးဖြင့် ရှေ့ခန်းဆီမှ အမျိုးသမီးကြီးကို ပြောပြနေသည်။ ဒေါခမ်းမွန် ..။ လှလွန်းအိမ်တို့ကို ဖမ်းခေါ် ကြသည့်အထဲမှာ .. ဦးဆောင်သူသည် အမျိုးသမီး ဖြစ်နေ သည်၊ ထိုအမျိုးသမီးကြီး၏ အမည်သည် ဒေါခမ်းမွန် ..။

ချမ်းသာသော ဦးဘုန်ရှိန်သာ၏ ဂုဏ်ရှိန်ကြောင့် .. ကြာညို့ကို ပြန်ပေးဆွဲလာခြင်းများပေလား မသိ ..။ ကြာညို့အနီး မှ လှလွန်းအိမ် ရှိနေတော့လည်း ပြန်ဖြေးပြောမနေနိုင်အောင် ဆော်ပါတည်း ဖမ်းခေါ်လာတာ ဖြစ်နိုင်သည်။

ဘုရားရေ ..။ ဤမျှသန်မာသော လူကြီးလေးယောက် ကို ခေါ်လာ .. ဦးဆောင်လာသည့် ထိုဒေါခမ်းမွန် ဆိုသည့်အမျိုး သမီးကြီးသည် .. အဘယ်မျှထိ .. လောဘကြီးနေချေမည်မသိ ..။ အန္ဓရာယ်ကြီးတစ်ခုမှာ .. စာလည်လည်ဖြင့် အရှိန်နှင့် မုန်တိုင်း ဆူယှက်သည်နှယ် လှလွန်းအိမ်နှင့် ကြာညို့တို့ ပါလာကြရချေပြီ ဆား .. ဟု ချောက်ချားစွာ နားလည်နေမိရရင်းမှ .. ပို၍ထိတ်လန့် သာရသည်က လှလွန်းအိမ်ပါ ..။ အဘယ်မျှ ရက်စက်ကြမ်းကြုတ် သူများ ကြားမှာ ပါလာခဲ့ရသည် မသိ ..။ ရုန်းကန်နေပေမဲ့မရ ..။ ခြေထောက်တွေကိုရော လက်ကိုရော ကြိုးနှင့်တုတ်ထားသည်။ အားအင်ကလည်း သိပ်မကျန်တော့ ..။ ပို၍ဆိုးသည်က ကြိုးတုပ် ထားသော ကြာညို့ခြေတွေက အရှိန်နှင့် ရုန်းကန်လိုက်ချိန်များ

www.burmeseclassic.com

မှာ မကြာခဏ လှလွန်းအိမ်၏ ဝမ်းဗိုက်ကို လာလာကန်နေသည်နှယ် ဆောင့်နေသည်နှယ် ရှိရှိသွားရခြင်းပါ ..။

"ဒက်ဒီရေ .."

တမ်းတလိုက်မိသည်က ဒက်ဒီ့ကိုပါ ..။ မျက်ရည်များ စီးကျလာနေကြပြီ ..။

အသက်ကို ရှူ၍မဝနိုင် ..။ ပါးစပ်ထဲက အဝတ်ကြီးကို ထုတ်ပေးကြပါ .. ဟု အော်ပစ်ချင်နေသည်။ မျက်ဝန်းတွေဖြင့် အားယူ၍ ရှေ့ဘက်ဆီမှ မိန်းမကြီးကို ကြည့်နေမိသည်။ ကျွန်မတို့ဝါးစပ်က အဝတ်စကြီး ဆို့နေစာ ဖယ်ပေးကြပါ .. ဟု အော်ချင်နေသမျှ .. မျက်ဝန်းတွေဖြင့် ကြိုးစား၍ ပြောနေမိသည်။ အခြေခြေတွေ ပြန်လာကြသည်က မျက်နှာပေါ် ရေနှင့်ဖျန်းထားသည်နှယ် ဖြစ်လာနေပြီ ..။

"မခမ်းမွန် .. ကောင်မလေး သေတော့မယ် ထင်တယ် .."

ဟု လှလွန်းအိမ် ခံစားနေရလေသမျှကို နားလည်လာဟန်ဖြင့် ပြောနေသည့် အသံက လှလွန်းအိမ်ကို ထိန်းချုပ်ထားသည့် လက်ကြီးဆီမှ ပွင့်ကျလာသည်။ လှလွန်းအိမ် ခေါင်းကို တွင်တွင် ညိတ်ပြနေရပါ၏။

ဟုတ်တယ် .. လှလွန်း သေတော့မယ် .. ဟု ပြောပြနေသည့် ခေါင်းညိတ်ခြင်း ..။

"ဟာ .. မျက်နှာလေး ဖြူနေပါလား .. ဖြုတ်ပေးလိုက် .. ပါးစပ်ထဲက အဝတ်ကြီး ထုတ်လိုက် .. ကောင်လေးကိုလဲ ထုတ်ပေးလိုက် .. ဒီနေရာမှာတော့ လူတွေ မကြဉ်နိုင်လောက်တော့ပါဘူး .."

ဟု ပြောသံကို မွန်းကျပ်လှောင်ပိတ်နေဆဲရင်ဖြင့် ကြားလိုက်ရပါ၏။ ရင်သည် မောက်တက်လာနေလျက် ပါက်ကွဲလောက်အောင် မွန်းကျပ်နေကြတာက ပိုဆိုးလာနေသည်။ ဝါးစပ်တွင်းမှ အဝတ်စကြီးကိုဖယ်လိုက်တော့ လေကို အငမ်းမရ ပြင်းဆိုဖြင့်ဟ၍ လှလွန်းအိမ် ရှူနေရပါ၏။ ဒါပေမဲ့ .. ရင်ထဲမှာ မွန်းကျပ်နေတာတွေက ပြေလျော့မလာနိုင်ကြ ..။ ပို၍ .. မွန်းနေသယောင်ကြီး ဖြစ်လာသည်။ မျက်ဝန်းတွေလည်း ပြာဝေလာနေကြသည်။ ဘေးမှာရှိနေသည့် ကြာညိုထံမှ အသံတွေ ဝူးဝူးဝါးဝါး ဖြင့် ထွက်နေတာကို စကားလုံး မကွဲဘဲ ကြားနေရသည်။ အဝတ်ဖြင့် ဆို့ထားတာမျိုး မဟုတ်သော အသံများ ..။ ဒါပေမဲ့ ထိုစကားသံတွေကို လေးလုံးကွဲအောင် လှလွန်းအိမ်၏ နားတွေက မစွမ်းဆောင်နိုင်တော့ပြီ ..။ မျက်ဝန်းတွေ ပို၍ပြာလာလျက် မိုက်ခနဲ လှလွန်းအိမ် ဖြစ်သွားရပါပြီတည်း ..။ နောက်တော့ .. အမှောင် ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

လူပ်ရှားသံက ကြမ်းတမ်းမှု မရှိ ..။ ဖွဖွညင်ညင် ရှိသည်။ ဒါပေမဲ့ ထိုညင်သာသော လူပ်ရှားမှု၏ နောက်ဝယ် ကျောပြင်ဆီမှ ငြိမ့်ခနဲရှိသည့် ခံစားလူပ်ခတ်မှုက ဖြစ်ဖြစ်လာသည်။ ညွှတ်အိအိ ခံစားမှု ..။ မျက်ဝန်းများကို အားယူပြီး လှလွန်းအိမ် ဖွင့်ကြည့်မိသည်။ စတင်သိလာသည်က နွေးထွေးသော ခံစားမှု ..။ ဝမ်းဗိုက်ထက်တွင် နွေးထွေးနေသည်။ လက်ဖြင့် စမ်းကြည့်မိတော့ ရေနွေးပုလင်းပြားလေးပါတကား ..။ နား ဆီသို့လည်း မီးဖိုဆီမှ ထင်းတို့၏ လောင်မြိုက်မှုရနံ့ ..။ ဟုတ် သည်။ မီးဖို၏ရနံ့ ..။ ထိုရနံ့တွေက တိုးဝင်လာနေသည်။

မျက်ဝန်းကို နောက်ထပ် အားယူဖွင့်ကြည့်လိုက်ရာ ခိုက် စတင်တွေ့လိုက်ရသည်က ဖြူသောမျက်နှာ ..။ ထိုမျက်နှာ ကို လှလွန်းအိမ် ကောင်းကောင်း မှတ်မိနေသည်။ ဒေါ်ခမ်းမွန် ..။ ဟုတ်သည်။ ဒေါ်ခမ်းမွန် ..။ လှလွန်းအိမ်နှင့် ကြာညို့ကို ဖမ်းဆီး တုပ်နှောင်ခေါင်မှုတွင် ထိုဒေါ်ခမ်းမွန်သည် ဦးဆောင်သူ ..။

ဒါပေမဲ့ .. ထိုဒေါ်ခမ်းမွန်သည် ယခုကျတော့ အေးမြ ချမ်းငြိမ်းသော အကြည့်တို့ဖြင့် အပေါ်မှ ဆီးမိုး၍ ကြည့်နေသည်။ ဦးသိုက် ကိုင်းညွှာ၍ ကြည့်နေသည်။ နှုတ်ခမ်းပါးထက်တွင် ပြုံးရိပ်ထင်နေသည်။ ဒေါ်ခမ်းမွန်၏ လက်တွေက လှလွန်းအိမ်၏ ဘက်မေါ်သို့ ခပ်ဖွဖွကျရောက်လာပါ၏။

လှလွန်းအိမ် မယုံ ..။ ချက်ချင်းကြီး ထိုမျှအထိ သူတစ်ယောက်ထံမှာ ပြောင်းလဲမသွားနိုင် ..။ စောစောက လှလွန်းအိမ်တို့ကို ဖမ်းဆီးတုပ်နှောင် ခေါ်လာသည့် သူတစ်ယောက် သည် ထိုမျှအထိ အေးချမ်းသိမ်မွေ့သော အပြုံးတစ်ခုကို မျက်နှာ ဆက်တွင် ဖြစ်တည်လာစေသည် ဆိုစေဦး ..။ ထိုအပြုံးသည် စစ် မှန်ခြင်း မရှိနိုင် ..။ ရိုးသားခြင်း မရှိနိုင် ..။ ဟန်ဆောင်မှုသာ လျှင် ဖြစ်ရချေမည် ..။

ဒေါ်ခမ်းမွန်၏လက်ကို ပုတ်ထုတ်ပစ်လိုက်မိသည် ကိုက အစစ အားပျော် အားကုန်နေသည့် လှလွန်းအိမ်အဖြစ် မဟုတ်တော့ ..။ မည်မျှ အားတွေကုန်နေစေဦး ..။ ခပြင်းစိတ် က လှလွန်းအိမ်၏ ရင်တွင်းဆီသို့ ..။ သွေးကြောမျှင်များဆီသို့ အားအင်များကို ဖြစ်တည်ရင့်သန် ပြောင်းလဲလာစေနိုင်သည့် အဖြစ် ..။ ဆတ်ခနဲ ထထိုင်လိုက်စဉ်ခိုက် ဝမ်းဗိုက်ဆီမှ နာကျင် မှုက တိုးတိုးဝင်ဝင် ..။ ကျွတ်ခနဲ စုတ်သတ်လိုက်မိပေမယ့် ကိုယ်ကို ပြန်လန်မကျစေနိုင်အောင် လှလွန်းအိမ် ထိန်းထားနိုင် သည်။

လက်က ဝမ်းဗိုက်ထက်မှာ ရှိနေသည့် ရေနွေးပုလင်း လည်တိုင်နေရာဆီမှာ ကျစ်ကျစ်ပါအောင် ဆုပ်လားပြီးနေပြီ ..။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ့ကိုမဆို .. ဤရေနွေးပုလင်းသည် ခေါင်းကွဲသွားစေနိုင် လောက်အောင်တော့ လက်နက်ကောင်းတစ်ခု ဖြစ်လာနိုင်သည်ပဲ ..။

အလောတကြီးနိုင်စွာဖြင့်လည်း မျက်ဝန်းများက ကြာညို့ကို စိတ်မပူစွာ ရှာကြည့်မိရပါ၏။ အခန်းထောင့်တွင် ကုပ်ကုပ်လေး ထိုင်နေသည့် ကြာညို .။ လက်နှစ်ဖက်ကို ပွတ်နေသည်။ ခေါင်းကိုလည်း ပွတ်နေပြန်သည်။ နှုတ်ခမ်းဆိမှ ဘာမှန်းမသိ .။ တတွတ်တွတ် ပြောနေပါ၏။ စကားတွေက မသဲကွဲ .။ ကြာညို့ မျက်ဝန်းများဆီမှ မျက်ရည်များ ကျနေတာကို လှမ်းမြင်နေရသည်နှင့် လှလွန်းအိမ် ပို၍ စိတ်ထဲ ခံပြင်းလာမိရပါ၏။ စူးရှလက်တောက်နေသော မျက်ဝန်းလေးများဖြင့် လှလွန်းအိမ်ခေါသတကြီး ကြည့်လိုက်မိသည်က ခေါ်ခမ်းမွန်ကိုပါ ..။

"ရှင်တို့ .. ကြာညို့ကို ဘာလုပ်ထားကြတာလဲဟင် .. ကြာညို့ကို မျက်ရည်ကျအောင် ရက်စက်ထားကြတယ်ပေါ့ .. သူက ရှင်တို့ကို ဘာလုပ်နေလို့လဲ .. ဘာရန်ရှာနိုင်လို့လဲ .. သူ့ခမျာ .. စိတ်ဓေနာသည်လေးပါ .. ဘာကိစ္စနဲ့ ကျွန်မတို့ကို ဖမ်းခေါ်လာရတာလဲ .. ဟင် .. ရှင်တို့ .. ပြန်ပို့ပေးပါ .."

ဟု ခေါသတကြီး ပြောနေမိသည်က မာကျောလွန်းနေပါသည့်အဖြစ် .။ လောလောဆယ်မှာ ကြာညို့ကို ကာကွယ်ပေးနိုင်သူဆို၍ လှလွန်းအိမ်ပဲ ရှိနေသည်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ ဆိုတာကလည်း လှလွန်းအိမ်ပဲ ဖြစ်နေသည်။ ဤအချိန်မှာ မျက်ရည်ကျ၍ တောင်းပန်တိုးလျှိုးနေလျှင် ခေါ်ခမ်းမွန်ပို၍ တင်းမာစွာ ဆက်ဆံတုံ့ပြန်လာပါလိမ့်မည်။ ဘာပဲဖြစ်

.. လောလောဆယ်မှာ တကယ့်ကိုလည်း လှလွန်းအိမ် စိတ်ခံပြင်းခေါသ ဖြစ်နေရသည်မှာ အမှန် ..။

"မမလေး .."

လှလွန်းအိမ် ထထိုင်နေလိုက်နိုင်တာကို မြင်တာနှင့် ကြာညို့ ကိုယ်ကြီး ငိုမ်၍ လက်တွေ့ ပွတ်နေလိုက် ..။ ခေါင်းကိုလည်း ပွတ် ငိုနေလိုက်နှင့် ရှိနေရာမှ စတင်၍ ရှေ့တိုးလာသည်။ ခေါင်းကိုးသံဖြင့်လည်း ခေါ်သည်။

"မမလေး မသေဘူးနော် .."

ဟု ခပ်တိုးတိုး လှမ်းမေးသံက ကလေးတစ်ယောက်သံ ရှိနေသည်။ ကြည့်ရတာ လှလွန်းအိမ် အိပ်ရာထက်မှာ ငြိမ်သက်နေစဉ်က .. သေပြီအထင်နှင့် ကြာညို့ ငိုနေတာ ဖြစ်နိုင်သည်။ တစွတ်တွတ် ပြောငိုနေတာလည်း ဖြစ်နိုင်သည်။ ကြာညို့အသံမှာ ကြာညို့ကို ဆောင့်ကြည့်နေသည့် လူနှစ်ယောက်ကို ခေါ်ခမ်းမွန် မျက်ရိပ်ပြသည်။

ကြာညို့ကို လှလွန်းအိမ် အနီးသို့ ခေါ်လာသည့် လူနှစ်ယောက်ကိုလည်း ကြည့်မိရစဉ်ခိုက် ..။ ထိုမျက်ဝန်းများဖြင့်လည်း ရန်မူရိပ် ရှိမနေကြတာကို စတင်၍ သတိထားမိရသည်က လှလွန်းအိမ်ပါ ..။ အားလုံးသည် .. ရန်မူမည့်သူများ မဟုတ်တော့ပြီတဲ့လား ..။ သို့ဆိုလျှင် .. ဘာကြောင့် ဤမျှအထိ .. ကြာညို့ကိုရော .. လှလွန်းအိမ်ကိုရော .. သားကောင်ဖမ်းသလို ဆောင်ဖမ်းဆီး ခေါ်ဆောင်ကြရပါသတဲ့လဲ ..။

"မမလေး .. ပြန်ကြရအောင်နော် .. ဒီမှာ ကြာညို့မနေချင်ဘူး .. သူတို့ကိုလဲ ကြာညို့ မသိဘူး .. သူတို့က

www.burmeseclassic.com

www.burmeseclassic.com

ကြည်ကိုကျော .. မမလေးကိုရော ဒီမှာ ဘာလို့ ခေါ်ထ
ကြတာလဲ .. မမလေးက ဘားပေါ်မှာကတည်းက အိပ်
တာ .. ခုမှ နိုးတယ် .. မမလေး နိုးအောင် ကြည်ကို စော
နေရတာ .. မမလေး မနိုးတော့ .. သေပြီလို့ ကြည်ကို ထ
နေတာ သိလား .. ကြည် .. ကြည် .. ငိုနေတာ .. ဘ
တို့က .. သူ .. ဘို့က .. ဘာ .. ဘာလို့ .. မသိဘဲနဲ့
ခေါ် .. ခေါ်လာတာလဲ .. ပြန် .. ပြန်မယ် .."

ဒီတော်ရှပ်ထွေးရ .. ဦးနောက်ပင်ပန်းရ .. ဝမ်းနည်
ဖက်ကြီး ငိုရ .. ကြောက်ရွံနှင့် ကြည်ကို ပြေနေရင်း ပြေနေရင်း
စကားတွေ လေးလာသည်။ စကားတွေ ထစ်ချင်လာသည်
လှလွန်းဖိမ်၏လက်ကို ကလေးလိုပဲ လာဆွဲကာ အပြင်ဘက်
ဆွဲခေါ်ထွက်ဖို့ ပြင်နေတော့ ခေါ်ခမ်းမွန် လက်ကာ၍ ..

"ကြည်ကို မမလေး နေမကောင်းသေးဘူး .. ဗိုက်နာ
တယ် .. ဒီမှာ ညအိပ်ရမှာ .. သူ .. လမ်းမလျှောက်နိုင်
သေးဘူး ကြည်ကိုရဲ့ .."

ဟု ပြောတော့ ကြည်ကို မျက်နှာလေး မဲ့လာသည်
လှလွန်းအိမ်၏ ဝမ်းဗိုက်လေးကို ငုံ့မိုးကြည့်ကာ ..

"နာနေလားဟင် .. သိပ် .. နာနေလားဟင် .. ဖျားနေ
လား .. ငှက်ခါလေးလို .. ဖျား .. နေလား"

ဟု မေးလာဓါ၏။ ကြည်ကို မျက်ဝန်းတွေထ
လှလွန်းအိမ်၏ မျက်နှာလေးထက်မှာ အတန်ကြာ တန့်နေသည်
လှလွန်းအိမ် ခေါင်းကို အနိုင်နိုင် ညိတ်ပြရပါပြီ .။ လောလောဆ
နားလည်လာရာ၌ကား .. ဤနေရာလေးမှာ လှလွန်းအိမ်တို့ ဇ

ရှာ သေချာနေပြီ .။ ပြန်လွတ်ကြမှာလည်း ဓာတ်
လွတ်မည်ဆိုလျှင် ခုလို .. ဘယ်ခေါ်လာပါမည်တဲ့လဲလေ .။
အခြေအနေမှာ ခေါ်ခမ်းမွန်တို့ကို ထောက်လှမ်းကန့်လန့်လုပ်၍
ဆင်ကောင်း .။ တဖြည်းဖြည်း ထွေးယူလိုက်တော့လည်း ခေါ်သ
ကြီး ဆက်ဆံတာတက် .. အလိုက်သင့် အခြေအနေကြည့်
ဆက်ဆံတာက ပိုကောင်းနေသည်။ လှလွန်းအိမ် ထွက်ပြေးလျှင်
သည်း တစ်ယောက်တည်း ပြေး၍ ဖြစ်နိုင်သည်မှ မဟုတ်ချေ

ကြည်ကိုကိုပါ ရအောင်ခေါ်ပြေးရမည့်အဖြစ် ..။
လောလောဆယ်မှာက .. ကြည်ကို စိတ်တွေ ရှုပ်ထွေးနေသည်။
ဆေးမဲ့ .. အရမ်းကြီး ဆိုးနေတာတော့ မဟုတ်သေး ..။ ကြည်ကို
ကို လက်ဆွဲခေါ်ပြေးဖို့ဆိုတာကလည်း ကြည်ကို့ကို စောင့်ကြည့်
နေသည့် လူတွေအလစ်မှာမှ ဖြစ်နိုင်မည့်ကိစ္စ ..။ ခု .. စောင့်
ကြည့်နေသည့်သူတွေက လှလွန်းအိမ်ကိုရော .. ကြည်ကိုကိုရော ..
အလွတ်မပေးတမ်း ကြည့်နေသည်ပဲ။ လောလောဆယ် .. သိပ်
ဦး ကလန်ကဆန်လုပ်၍ မကောင်းသေး ..။

"ခုလို .. ခေါ်လာရတဲ့အတွက် ခေါ်လေးလဲ စိတ်မကောင်း
ပါဘူး မိန်းကလေးရယ် .. မင်းကို ချန်ခဲ့ရင်လဲ .. ကြည်ကို
ကို ခုလိုခေါ်သွားကြတာကို ပြေးပြီး အကူအညီတောင်း
ပြောမှာ သိနေလို့ မိန်းကလေးကိုပါ တစ်ပါတည်း ခေါ်
လာရတာပါ .. ဘာလို့ .. ခုလို .. ခေါ်လာဖြစ်ရတာယ်
ဆိုတာ .. အကြောင်းစုံ သိတဲ့အခါ .. ခေါ်လေးကို မိန်း
ကလေး ခွင့်လွတ်မှာပါ .."

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခမ်းမွန် တောင်းပန်သလိုပြုံး၍ ခခယယလေသံ လေးဖြင့် ပြောလာတော့ လှလွန်းအိမ် ခပ်ဆဆ တွေးသလို ငေးကြည့် နားထောင်နေမိရပါ၏။

စဉ်းစား၍ အကဲခတ်သလို ကြည့်မိရသည်က ဒေါ်ခမ်းမွန် ..။ အသားဖြူဖြူ ..။ ပိန်ပါးပါးနှင့် ဆံထုံးကို နှစ်ပတ်လှဲ ထုံးနောင်ထားလျက် ..။ နှာတံပေါ်ပေါ် ..။ ပါးလျားသော နှုတ်ခမ်း ..။ သွယ်သော မျက်နှာဖြင့် ရှိပါသည့် ဒေါ်ခမ်းမွန်။

အထူးသဖြင့် မျက်နှက်ဝန်းတို့သည် နက်မှောင်လျက် တစ်ခုခုကို ဆုံးဖြတ်ထားလျှင် ရအောင် နောက်မဆုတ်တမ်း လုပ်တတ်ပုံရသည့် အရိပ်တွေ ပြည့်သိပ်နေသည်။ ခေါင်းမာရိပ် နက်မှောင်သည်နှင့် အမျှ အကြောက်တရားရိပ်ကင်းသော မျက်ဝန်း တင်းတင်းစူးစူးလေးများ ..။ မျက်တောင်တိုစင်းစင်းလေးတွေ အောက်ဆိမ့် မျက်နှက်ဝန်းသည် အေးချမ်းရိပ် ရှိနေပေမယ့် ခေါင်းမာရိပ်လည်း ရှိနေသည်။ တစ်ခုခုကို အလွယ်တကူ အလျှော့မပေး နောက်ဆုတ်မည့် အရိပ်လက္ခဏာ မရှိ ..။

"ဒေါ်လေး .. မိန်းကလေး ဗိုက်နာနေမယ်ဆိုတာသိလို့ ရေနွေးပူလင်း ကပ်ထားပေးတာ .. ကြာညိုကလဲ မိန်းကလေးအပေါ် အတော်သံယောဇဉ်ကြီးရှာတာ .. သေပြီလား သေပြီလားနဲ့ ငိုမေးနေတာ .. အိပ်နေတယ်ပြောလဲ ခဏခဏ ဖယ်တယ် .. မြီးရင် .. သေပြီလား .. လို့ မေးပြန်ရော .. ထ .. ထ .. နဲ့လဲ အတင်းကြီး အော်နေတာ .. သူ့ကို မနည်းထိန်းနေရတယ် .. ခုမှ ခဏငြိမ်သွားတာ .. အခန်း

ထောင့်မှာ ငြိမ်ကုပ်ထိုင်ငိုး တတွတ်တွတ်နဲ့ သေပြီလား .. ဟင် .. ဟင် .. နဲ့မေးနေတာ .. သနားဖို့ ကောင်းတယ် ကွယ့် .."

ဟု ပြောပြကာ ဖြိုး၍ လှလွန်းအိမ်ကို ခေါင်းအုံး နံရံမှာ ဆင့်မှီစေ၍ ကျောမှီထိုင်စေပါ၏။ ကိုယ်ကိုကိုင်း ကွတ်၍ လှလွန်းအိမ်ကို ထိုင်ဖို့လုပ်ပေးနေသမျှ ငြိမ်သက်၍ လှလွန်းအိမ် ခံယူလိုက်သည်ပါပဲ ..။ ဒေါ်ခမ်းမွန်၏ ထုထဲနက်ဆောင်သော ဆံစတို့ဆိမ့် အုန်းဆီရနံ့သင်းသင်းကို ရှူရှိုက်မိရသည်။ ဒေါ်ခမ်းမွန်သည် သန့်သန့်ပြန့်ပြန့် ရှိလှသော သူတစ်ယောက်လည်း ဖြစ်နေသည်။ အဝတ်အစားကအစ သေသပ်ဖွေးဖြူးနေပါသည့် အဖြစ် ..။

ခုမှ ဘေးဝန်းကျင်ကိုရော ..။ အိမ်လေးကိုရော လှလွန်းအိမ် ဝေဝဲသတိထား ကြည့်မိရပါပြီ ..။

အိမ်လေးက မြက်သစ်ကယ်မိုး ခေါင်စောက်စောက်နဲ့ အိမ်လေးဝါ။ ဝါးသဲခင်းထားသည်။ ဝါးသဲတို့က ဝင်းစိုသန့်ရှင်း။ ဒါကြောင့် စောစောက ခြေလှမ်းအလွှဲ တိုင်းမှာ ကြမ်းသည်တွန့်နဲ့ ရှိတတ်ခြင်း ..။ အိမ်လေး၏ ဘယ်ဘက်ခြမ်း နေရာအားမှာ အောက်သို့ တစ်ဆင့်နိမ့်ဆင်းသည့် မီးဖိုဆောင်လေးရှိသည်။ မီးဖိုဆိမ့ ထင်းမီးတို့ဆိမ့ ရနံ့ကို စောစောတည်း ရှူရှိုက်ခြင်းပါတကား။

အိမ်ဇယ်လေးမှာ ပစ္စည်းပစ္စယ သိပ်မရှိလှ ..။ လှလွန်းအိမ် လှဲနေသည့် နေရာလေးသည်ပင် ဧည့်ခန်းဆောင်

www.burmeseclassic.com

www.burmeseclassic.com

ငယ်လေး ဖြစ်ဟန်တူသည်။ စားပွဲပုလေး တစ်လုံးပဲရှိသည့် အိမ်
ငယ်လေး ..။ နံရံသည်လည်း ဝါးသဲ့တို့ဖြင့်သာ ကာထားသည့်
အဖြစ် ..။ နံရံမှာက ဝါးခမောက်တချို့ကို ချိတ်ထားတာကို မြင်
ရသည်။ အိမ်လယ်တွင် ယက်မသစ်သားဆီမှ သံချောင်းဖြင့်
ချိတ်ဆွဲထားပါသည့် မီးအိမ်တစ်လုံး ..။ အိမ်လေးမှာ ပန်းချီကား
ချပ်တွေ မရှိ ..။ အလှအပ အခြယ်အမွမ်းတွေ မရှိ ..။ ဒါပေမဲ့
သန့်နေသည်။ ဝါးရန့်သင်းမြမြကို ခံစားစေဖြစ်သည့် အိမ်က
လေး ..။ ခေါင်မိုးထက်ဆီသို့ ကျနေသည့် မိုးစက်မိုးပေါက်တို့၏
အသံကို ကြားနေရသည်။ မိုးကြောင့် အေးစိမ့်စိမ့် ဖြစ်နေတာ
လည်း အမှန် ..။ ကဲလာထောက် ပြတင်းက ဖွင့်ထားတာမို့
အိမ်လေး၏ ဘေးဘက်ဆီမှာ ယိမ်းနွဲ့နေသည့် ဝါးရုံရိပ် .. ဝါးရုံ
တောတို့ကို မြင်နေရပါ၏။

ဤနေရာလေးသည် အပန်းဖြေရင်း ရောက်ရှိသည်
ဆိုလျှင်ဖြင့် .. အလွန်အေးချမ်းသာယာသည့် နေရာလေးတစ်ခု
ဖြစ်နေမှာ အမှန်ပါ ..။ ထူးခြားဆန်းသစ်သော အပြောင်းအလဲ
တို့ကို တွေ့မြင်ခံစားရသည် မဟုတ်ပါလား..လေ ..။ ဤဝံနုံးကျင်
နှင့် ဤနေရာလေးမှာ .. တောထောင်တို့၏ ရနံ့ ..။ ဝါးတို့ဖြင့်
တည်ဆောက်ထားပါသော အိမ်လေး ..။ သေချာတိုက်ချတ်ထား
သော ဖန်မီးအိမ်လေး ချိတ်ထားရာ နေရာလေး ..။ ဝါးသဲ့တို့ဖြင့်
သာ ခင်းကာထားသော အိမ်လေးဆီမှ ရရှိပါသည့် ဝါးတို့၏
ရနံ့တစ်မျိုး ..။ အားလုံးသည် .. ဆန်းသစ်သော အတွေ့အကြုံ
တစ်ရပ် မဟုတ်ပါလား ..။ အေးချမ်းစွာ ရောက်ရှိခြင်း ဆိုပါက

ဆင်းရဲမှုများလေ၊ ခင်းထားကာ၊ မွေ့ရာလေး မထူမပါးဖြင့် ရှိနေ
သည့် ဤအိပ်ရာလေးထက်မှာ လွဲလျောင်းရင်း .. အိမ်အမိုး
ဆောင်မှာ ဖြိုးဖြောက်ကျနေပါသည့် မိုးသံတို့ကို ကြည်နူးစွာ
ကြားဆောင်နေမိမှာ အသေအချာ ဖြစ်နေသည်။ လှမ်းလင့် မြင်ရ
သည့် ဝါးရုံရိပ်တန်းတို့ဆီမှ ယိမ်းနွဲ့နေသော ဝါးတံထိပ်ဖျားတို့
ကို ငေးကြည့်နေမိနိုင်သည်။

ခုကျတော့ .. ထိုသို့မဟုတ် ..။ အရာရာသည် ဆန့်
ကျင်ဘက် ဖြစ်နေသည်။ စိတ်လက်ပင်ပန်းနေရသည်။ အန္တရာယ်
ပေါများအတွင်းမှာ ပိတ်မိနေသည် ဆိုတာကို သိနေရသည်။ ဤ
နေရာသည် ကြာညို အတွက်ရော .. လှလွန်းအိမ် အတွက်ရော ..
ဆောင်းကိုးပြုမည့်နေရာ မဟုတ်သည်ကလည်း သေချာနေသည်။
သည်သို့ .. ကြည်နူးချမ်းမြေ့စွာ ဤဆန်းသစ်မှုကို အောက်မှာ နေ
နိုင်ဖွယ်ရှိတော့ပါ့မည်တဲ့လဲလေ ..။

စိတ်ကသာ ယောက်ယက်ခတ်မျှ စိတ်တွေ လှုပ်ရှား
နေပေမယ့် လူကတော့ တည်ငြိမ်စိုလေးဖြင့် အိပ်ရာထက်မှာ
လှလွန်းအိမ် နံရံကိုလေးကို ခေါင်းအုံးတွေ ဆင့်မီထိုင်ရင်း ငြိမ်
သက်နေရပါသည့်အဖြစ် ..။ ဒေါ်ခမ်းမွန်မှ ကြာညို့ အားမှလူတစ်
ယောက်ကို မျက်ရိပ်ပြသည့်နောက်မှာ မကြာလိုက် ..။ မီးဖိုဆောင်
လေးဆီသို့ ချက်ချင်းဆင်းသွားသည့် ထိုသူ့လက်ထဲမှာ ကိုင်းကပ်
နွားနို့ဖန်ခွက်ကြီးတွေ ပါလာသည်။

ဒေါ်ခမ်းမွန်မှ နွားနို့ဖန်ခွက် တစ်ခွက်ကိုယူကာ
လှလွန်းအိမ်ကို ပြုံး၍ ကမ်းပေးလာပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"အရင်ဆုံး .. သောက်လိုက်ပါ မိန်းကလေး .. ပြီးရင် .. မိန်းကလေးကပဲ .. ကြာညို့ကို တိုက်မှဖြစ်မှာပါ .. သူ့ဘယ်သူတိုက်တာကိုမှ မသောက်ဘဲ နေနေတာ .. ခုထိ ဘာမှကို မစားရသေးဘူး .. မိန်းကလေး မေ့နေပေမယ့် သူက သတိကောင်းနေတယ်လေ .. တစ်ခွိန်လုံး ငိုနေတာ .. အတော်ဆာနေလောက်ပါပြီ .."

ဟု ပြုံး၍ပြောလာတော့ လှလွန်းအိမ် ရင်ထဲ ထိခိုက်ရပါ၏။

သြော် .. လှလွန်းအတွက် .. တငိုတည်း ငိုနေရာသည် တဲ့လားကွယ် .. အစားလည်း မစား .. ဆာရာရော့မည် .. ကြာညို့ကို .. နံ့သာမြိုင်မှာတုန်းက .. ဆေးလေးတိုက်ခဲ့တာ .. အစာလေးတွေ မိချိုနှင့်အတူ ကျွေးခဲ့တာ .. ညိုမောင်နေသော လက်ဆောင်းမှ ဒဏ်ရာ .. ကျောမှဒဏ်ရာတွေကို ဆေးလိမ်းပေးခဲ့တာ .. ထိုအဖြစ်တို့သည် .. ကြာညိုနှင့် လှလွန်းအိမ်ကြားမှာ .. သံယောဇဉ် ဆိုသည့် အရာကို ပို၍ ဖြစ်တည်စေခဲ့သည် မဟုတ်ပါလားလေ .. ဒဏ်ရာမှာ ဆေးလိမ်းပေးတိုင်း .. နာတယ် .. ဟု ပြောကာ ချွဲတတ်သော ကြာညို .. ငှက်ဝါလေးလဲ ဒီလိုနာတာနော် .. ဟုပြောတတ်သော ကြာညို .. ခု .. ထိုကြာညိုသည် .. လှလွန်းအိမ် မွေးနေစဉ်တုန်းမှာ ဓာဠိတည်းဝိလျက် ပူပန်တကြီးဖြင့် မစားနိုင်အောင် သောကတွေ လောင်မြိုက်နေခဲ့ရာရောသည်တကား ..။

လှလွန်းအိမ် ဖန်ခွက်လေးကို ယူသည်။ ကြာညို့ကို ကြည့်၍ ခေါ်မိရပါ၏။ ဘေးမှာ ထိုင်နေရင်း လှလွန်းအိမ် လှုပ်ရှားနေသမျှကို မျက်နှာလေးတွေဖြင့် တကြည့်တည်း ကြည့်နေပါသည် ကြာညို ..။

"ဆာနေပြီလား ကြာညို .. မမလေး .. နွားနို့တိုက်မယ် နော် .. သောက်လိုက်နော် .."

ဟု ပြောတော့ ရှေ့တိုးလာ၏။ ကိုယ်ကြိုးကိုင်းပေးသော်၏။ ပါးစပ်ကို ဟသည်။ နောက်တော့ တစ်ချက် တွေခနဲ ငြိုဖြစ်ကာ ..

"ဟင် .. မမလေးလဲ မသောက်သေးဘူးလေ .. မမလေး အရင်သောက် .. ကြာညို နောက်မှသောက်မယ် ဆိုလား .. သောက်ပြီးရင် ပြန်ကြရအောင်နော် .. ဒီမှာက .. ဘာမှလဲ မရှိဘူး .. အိမ်ကလဲ မကောင်းဘူး .. ချမ်းလဲချမ်းတယ် သိလား .. အပြင်လဲထွက်လို့ မရဘူး .. ဒီဦးကြီးတွေက လိုက်လိုက်ဆွဲနေကြတာပဲ .. မိုးကလဲ ရွာလိုက်တာ .."

ဟု ဖြစ်ချင်တာတွေကိုလည်း ပူပူဆာဆာလေး ပြောသည်။ ပြီးတော့ ကျတော့ .. ဖန်ခွက်ကို ကြာညိုမှ ယူလိုက်ကာ ကျကြီးလေးလုပ်၍ လှလွန်းအိမ်ကို ခွဲတိုက်နေတော့ အလိုက်သင့် လှလွန်းအိမ် သောက်လိုက်ရပါပြီ .။ လှလွန်းအိမ်ကို တိုက်နေရင်းမှ ဆာလွန်းလာပုံလေးဖြင့် ဖန်ခွက်ထဲက နို့တွေကို သူတစ်ဝင်သောက်ထိုက် ..။ လှလွန်းအိမ်ကို တစ်ဝင်စ်ခြန့်တိုက်လိုက်နှင့် ရှိနေသမျှ လှလွန်းအိမ် မျက်ရည်လည်နေရင်း လိုက်လိုက်သောက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ဖန်ခွက်တွင်းမှာ နို့တွေ ကုန်သွားတော့ ဘေးမှာခ ထားသည့် နို့ဖန်ခွက်ကို သူ့ဘာသာသူ ယူလိုက်ကာ ထုံးစံအတိုင်း သူတာ တစ်ငုံ လှလွန်းအိမ် တစ်ငုံဖြင့် တစ်ဖန်ခွက်တက်တက် ခြောင်သည်အထိ သူကပဲ ဦးဆောင်တိုက်နေတော့ ခေါ်ခမ်းမွန်လည်း ငေးကြည့်ရ ..။ လှလွန်းအိမ်မှာလည်း ကြာညှိဆာဆာနှင့် သောက်လိုက် တိုက်လိုက် လုပ်နေသမျှ သနားရန်ပင် ရှိသွားရသည် ဝါဝဲ ..။

အပြင်တွင် မိုးတွေက ပို၍သဲသဲမဲမဲ ရွာချလာပါ ရော၏။ ယိမ်းနွဲ့ နေသော ဝါးရုံထိပ်ဖျားတို့သည် အရှိန်ပို၍ ပြင်းလာ နေကြတာကို မြင်နေရသည်။ လောလောဆယ် အပြင်ထွက်ဖို့ ဆိုတာ ပို၍ မဖြစ်နိုင်တော့ပြီဝဲဟု သိလျက် စိတ်ဓာတ်ကျလာရ သည်က လှလွန်းအိမ်ပါ ..။

ခေါ်ခမ်းမွန်တို့သည် အကြောင်းမဲ့ ခေါ်လာကြမှာ ဓမ္မတဲ့ ..။ ပြန်ပို့ကြမည်လည်း မဟုတ် ..။

ကိုယ်က .. ထွက်ပြေးဖို့ အခွင့်အရေးရ၍ ထွက်ပြေး သည်ပဲထား ..။

ဤရာသီဥတုကြီးထဲမှာ .. ဘယ်မှာမှန်း မသိရပါ သည့် တောထဲမှာ .. မည်သို့ .. ကြာညှိကိုခေါ်၍ ပြေးနိုင်စွမ်း ပါမည်တဲ့လဲလေ ..။

ပို၍သည်းလာသော မိုးကြောင့် .. လှလွန်းအိမ်၏ ရင်ထဲမှာ ပို၍ စိတ်ဓာတ်ကျခြင်း၏ ဓာဒနာက လောင်မြိုက်စွာ ဖိစီးလာကြပါချေသည်တည့် ..။

ကဲလားပြတင်းတွေ အားလုံးကို ပိတ်ထားပြီးနေ ပြီ ..။

ယိမ်းနွဲ့ ယိမ်းခါနေသော ဝါးရုံရိပ်တို့၏ ထိပ်ဖျား ဘို့ကိုပင် မြင်ခွင့်မရှိသာတော့ပြီ ..။ အိမ်ငယ်လေးပင် ရေထဲမျော သွားတော့မည်လားဟု ထင်ရလောက်အောင် မိုးက ပေါက်ဆိုက် ဆိုက် .. ရွာချနေဆဲ ..။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)

"အဲဒီနေ့က .. အစ်ကိုကြီးနဲ့ မမလေးတို့ ကားလေးနဲ့ မန္တလေးဘက်ကို ဆင်းမယ်ဆိုပြီး ထွက်ကြတော့ .. အစက .. ကြာညိုလေးပါ လိုက်မယ်လို့ အစီအစဉ်ရှိတာ .. နွေရာသီကျောင်းပိတ်ရက်လဲ ဖြစ်တာကိုး .. သွားကြမှာကလဲ .. အစ်ကိုကြီးရဲ့ သူငယ်ချင်းဖြစ်တဲ့ ကိုလွင်သာရဲ့ မင်္ဂလာပွဲအတွက် ဆိုတာ သိရတယ် .. ကြာညိုက .. ဒေါ်လေးလက်ထဲ ကြီးလာတာလေ .. ဒေါ်လေးက .. အစ်ကိုကြီးတို့ရဲ့ နံ့သာမြို့ခ် စံအိမ်ကြီးမှာ ကြာညို သုံးနှစ်သားကလေး အရွယ်လေးကတည်းက .. ကလေးထိန်းအဖြစ် ရှိခဲ့ရတာ .."

နောက်တစ်နေ့ မနက်စောစောမှာ ဒေါ်လေးမ ကော်ဖီကြမ်းပူပူနှင့် ကြောင်အိမ်ထဲမှ ဘီစကစ်ပုန်းလေး ထုတ်ကာ ဘီစကစ်မုန့်တွေကို ပန်းကန်ပြားလေးထဲ ထည့်၍ မနက်စာစားဖို့ ပြင်ရင်း လှလွန်းအိမ်တို့ ပြောပြနေခြင်းပါ ..။

မနက်စောစောမှာ အိမ်ရှေ့ရှိ ဝါးသဲခင်း .. ဝါးလုံးလေးတွေကို ဗရုန်တာတန်းလေးတွေအဖြစ် ရိုက်ထားသောလေးမှာ စားပွဲဝိုင်းငယ်လေးချ၍ စားသောက်ဖို့ အစစပြင်ဆင်နေရာမှ ရုတ်ခနဲ မြောချလာခြင်းပါ ..။

လှလွန်းအိမ် ဘာကိုမျှ ဝင်ဖြတ်မမေး ..။ ဒေါ်ခမ်းမြေ ပြောနေသမျှကိုသာ နားထောင်သမားသက်သက်အဖြစ် ရှိနေသည်ပါပဲ ..။ လောလောဆယ်မှာ ဒေါ်ခမ်းမွန်၏ စကားလုံးကို ယုံကြည်ပေး၍ မဖြစ်နိုင်တာကို သိထားသည်မဲ့လေ ..။

မနေ့က လှလွန်းအိမ်နှင့် ကြာညိုကို ဂျက်နေရာလေးသို့ ခွတ်အဓမ္မ ခေါ်လာခဲ့သည်။ တုတ်တုတ်နောင်နောင်ဖြင့်ပင် ခေါ်လာခဲ့သည့်အဖြစ် ..။ ဤအိမ်လေးသို့ ရောက်ရှိပြီးသည့်နောက် .. ဒေါ်ခမ်းမွန်၏ ဆက်ဆံပုံတွေကိုင်းသည် အလွန်တရာကိုမှ အားချမ်းသိမ်မွေ့နေသည်။ ကြာညိုကိုရော လှလွန်းအိမ်ကိုရော တစ်ကိုယ်လည်း ရှိလှသည်။

မနေ့ကဆိုလျှင် နေ့လယ်ဘက် နွားနို့တစ်ဖန်ခွက်ကြီး သောက်ဖြစ်ပြီးသည့်နောက်မှ လှလွန်းအိမ် လှဲနေရစဉ်ခိုက် ..။ ဒေါ်ခမ်းမွန် ကိုယ်တိုင် မီးဖိုဆောင်ထဲ ဝင်ကာ ကြက်သားဟင်းချက်သည်။ ကြက်စွတ်ပြုတ်အိုး တည်သည်။ မွန်းလွဲပိုင်းလောဘ် နေ့လယ်စာကို လှလွန်းအိမ်ရော ကြာညိုရော စားဖြစ်ခဲ့ရပါ၏။ အချိန်ကလည်း ဒေါ်ခမ်းမွန်သည် ကြာညိုကို .. အရှင်သခင်မယောက်ပမာ ဂရုတစိုက် တလေးတစားဖြင့် စားသောက်ခိုင်းဆင်ခဲ့ပေမယ့် .. ဝင်၍ အတူစားသောက်တာမျိုး မရှိခဲ့ ..။ ကြာညိုကတော့ လှလွန်းအိမ် စားတာ သောက်တာ မြင်တာနှင့်

www.burmeseclassic.com

www.burmeseclassic.com

သူပါရော၍ အတူတူ စားလိုက်သည်ပါပဲ ..။ ကြာညိုပုံစံကလည်း လှလွန်းအိမ် မစားလျှင် ဘာကိုမျှ စားမည့်အချိုးမဟုတ်။

မနေ့က .. ညစာဆိုလျှင်လည်း ငါးဝေါင်းနှင့်ကွေးသည် ..။ ခုမနက်စောစောကျတော့လည်း ကော်ဖီကြမ်းနှင့် ဘီးကစ်မုန့်တွေ မြင်ဆင်ပေးနေသည်ပါဗျာ ..။ ကြာညိုကတော့ လှလွန်းအိမ် မနက်စာကို ဘာဆိုဘာမျှ ဝင်မစားသေးဘာနဲ့ ဝရန်တာထောင့် နေရာလေးဌ ခြေဆင်းထိုင်နေရင်း မျက်စိကြီးမှေ့၍ အစားအသောက်တွေကို ကြည့်လိုက် ..။ လှလွန်းအိမ်က် ကြည့်လိုက်နှင့် ရှိနေသည်။ စားပွဲမှာ ဝင်မထိုင် ..။

စဉ်ရည်သုတ်ထားသော မြေကရားအိုးလေးထဲမှ အနှက်ရောင် ကော်ဖီကြမ်းတွေကို အဓွေ့ထောင်းထောင်းထမှု ကော်ဖီခွက်ထဲ လောင်းထည့်နေရာမှ ဒေါ်ခမ်းမွန် ဖြုန်းစားကြီး ပြောပြခဲ့ပါသည့် စကားတွေကို .. လှလွန်းအိမ် အားလုံးဖုံ့၍မယ်နိုင်။ ဒါကြောင့်လည်း ငြိမ်သက်စွာပဲ ထိုင်နေရင်း ဘာပြောပြော .. နားထောင်သည့် အလုပ်ကိုသာ လုပ်လိုက်တော့မည်ဟု ဆုံးဖြတ်ထားသည့် အချိုးဖြင့် အေးစက်စက် မျက်နှာထားလေးဖြင့်သာ ရှိနေလိုက်ရသည်ပါဗျာ ..။

ဒေါ်ခမ်းမွန် တစ်ချက် လှလွန်းအိမ်ကို ကြည့်သည်။ လှလွန်းအိမ်၏ ရင်ထဲမှာ သူ့အပေါ် သိပ်၍မနှစ်ဖြို့လှတာကိုလည်း ရိပ်မိပုံရသည်။ ဖျော့တော့သော အပြုံးနွမ်းတစ်ခုသည် ဒေါ်ခမ်းမွန်၏ နှုတ်ခမ်းထက်မှာ ဖေးတင်လာပါ၏။

လောလောဆယ်မှာ .. ဒေါ်ခမ်းမွန် ထံမှာ .. ရန်ရိပ်တွေ လုံးဝမရှိနေကြတာတော့ အမှန်ပါ ..။ ဒါဆို ..

ကြောင့် .. ကြာညိုကို .. လှလွန်းအိမ်နှင့်အတူ .. ကျွေးနေရာဆီသို့ ဦးနှောက်ရှိရှိသ၏ အလစ်မှာ ရအောင် နွှတ်ကြိုး ကြမ်းတမ်းလွန်း ခေါလာခဲ့ရပါသတဲ့လဲ။

"ကော်ဖီကြမ်းလေး သောက်လိုက်ပါဦး မိန်းကလေး .."

ဟု တိုးဖွဖွ လှမ်းခေါသံတွင်လည်း အောက်ကျိုးပန်ရိပ်လွမ်း၏။ ကြာညိုကိုလည်း ပြုံး၍ကြည့်သည်။ ကြည့်တွင် ချစ်ကြင်ရိပ်ပါ၏။

"ကြာညိုကို .. ရအောင် ခေါ်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စပါပဲလေ .. အဲဒီမှာ အဝတ်လျော်တဲ့ မိကျော ဆိုတာ .. ဒေါ်လေးရဲ့လူပဲ .. မနေ့က .. သစ်တောခြံကို ရောက်ကြလို့မယ်ဆိုတာ သူပဲ ဒေါ်လေးကို သတင်းပေးတာ .. အိုက်အောင်က လွှိုင်ခမ်းဆာရဲ့ ဈေးကြီးရှေ့မှာ ကွမ်းယာဆိုင်နဲ့ ကုန်ခြောက်ဆိုင်လေး တွဲဖွင့်ထားတယ်လေ .. အိုက်အောင်က .. ဒေါ်လေးရဲ့မောင် .."

ဟု ဆက်ပြောနေရာမှ ထပ်၍ပြုံးပြန်ကာ ..

"မိန်းကလေးရော .. ကြာညိုရော .. စားသောက်ကြပါဦး .. ထုံးစံအတိုင်း မိန်းကလေးမစားဘဲ ရှိနေသမျှတော့ ကြာညိုလဲ လိုက်စားမှာ မဟုတ်ဖူးကွယ် .."

ဟု ထပ်ပြောလာတော့ လှလွန်းအိမ် သက်ငြင်းရှိက်ခဲ့သည်။ တစ်ခုတော့ ကိုယ့်ဘာသာကိုယ် သဘိပ္ပါလာမိရပါသည်အဖြစ် .။ ဒေါ်ခမ်းမွန် ပြောနေသည့် စကားများကို လှလွန်းအိမ် စိတ်ဝင်စားစ ပြုလာနေမြဲ ဆိုသည်အချက် .။ ဒေါ်ခမ်းမွန် ကြာညိုကို ယခုလို ခေါ်ဆောင်လာနိုင်ဖို့ ကြိုးပမ်းနေခဲ့ဟန်

www.burmeseclassic.com

www.burmeseclassic.com

ကုသည်။ အထမြောက်သည်က ခုမှ ဖြစ်ပါ့ချေမည် ။ အဝတ်လျှော်သည့် မိကျော့ ဆိုတာ ခေါ်ခမ်းမွန်၏လူ ဖြစ်သည်တဲ့ ဒါဆို ခေါ်ခမ်းမွန်သည် နံသာမြိုင်သို့ သူ့လူကိုရအောင် သွင်းထားနိုင်ခဲ့ဟန် တူသည်ပဲ ။

"မိကျော့ နာမည်အပြည့်အစုံက နန်းကျော့တဲ့လေ လွိုင်တမူရွာက စိုက်ခင်းတွေက ထွက်တဲ့ ဟင်းသီးဟင်းရွက်တွေကို လွိုင်ခမ်းသာ ဈေးကြီးမှာ ဈေးနေ့တွေမှာ ရောင်းချခဲ့တာ နန်းကျော့က အိုက်အောင်ရဲ့ မိန်းဘက်ကဆောခံတဲ့ တူမ သူ့ကို အဲဒီမှာ အလုပ်ရအောင် အစ်ကိုကြီးနဲ့ မမလေးတို့ရဲ့ ကြွေးညီလက်ဖက်ခြောက်စက်ရုံကြီးရဲ့ မန်နေဂျာဖြစ်တဲ့ ဘာဘဦးစိုင်းထိုက အလုပ်သွင်းပေးခဲ့တာ ဦးဘုန်းရှိန်သာကိုတော့ ဘာဘက သူ့တူမလေးလိုဖဲ့ သဘောထားရတဲ့ မိန်းကလေးပါလို့ ပြောထားတယ်လေ နန်းကျော့က လက်ဖက်ခူးခြင်းဆိုလဲ လက်ဖက်ဝင်ခူးတဲ့ အလုပ်ကိုလဲ လုပ်ဖာကိုး ဦးဘုန်းရှိန်သာက နံသာမြိုင်လက်ဖက်တောင်တွေ လက်ဖက်ခြံတွေမှာ နန်းကျော့ကို လက်ဖက်ခူးတာကြည့်ဘာတို့လဲ ကြိုးနေတော့ ဘာဘက နန်းကျော့ တူမလေးလို သဲ့ယောင်ငြာ ရှိရတယ် ဆိုတာနဲ့ ရိုးသားလို့ပဲ ဆိုပြီး အဲဒီအိမ်လေးမှာ အလုပ်လုပ်ခွင့် ပေးလိုက်တာပါ ။"

ကော်ဖီကြမ်းခွက်ကို လှလွန်းအိမ် ကိုင်တော့ ကြည်လည်း လာထိုင်ကာ ကော်ဖီကြမ်းခွက်ကို လိုက်ကိုင်သည်။

ကြည်သုတ်ကိုင်းတပ်မတော်ခွက်ကြီးတွင်းမှ မွေးမြူမြေကော်ဖီကြမ်းသည် လှလွန်းအိမ်၏ ဆာလောင်မွတ်သိပ်မှုကို ပို၍ဆာလောင်စေသည်သို့ ရှိလာရသည်ဟု မောသောက်လိုက်တော့ ကြာညိုလည်း ကော်သောက်ပါ၏။ ခေါ်ခမ်းမွန်ကတော့ မနေ့ကနယ်ပင် ကားကျန်တစ်ယောက်ပမာ ရှိ.ရှိ.လေးဖြင့် ကော်ဖီကြမ်းကို ထပ်သည်ပေးနေသည်။

"ဘာဘ ကိုယ်တိုင်ကလဲ ဦးဘုန်းရှိန်သာ အပေါ်မှာ သဲသယရှိနေတာလေ အစ်ကိုကြီးနဲ့ မမလေးတို့ ဆုံးပါးရတဲ့ အဖြစ်ထဲမှာ ဦးဘုန်းရှိန်သာရဲ့ ပယောဂပါတယ်လို့ ထင်နေတယ် ဘာဘက လူရင်းလူယုံလို ရှိခဲ့ရတာကိုး အစ်ကိုကြီးနဲ့ မမလေးတို့ရဲ့ ချမ်းသာမှုကလဲ နည်းနည်းနောနောမှ မဟုတ်တာ နံသာမြိုင်အိမ်ကြီးရယ် နံသာမြိုင်လက်ဖက်တောင်တွေနဲ့ လက်ဖက်ခင်းတွေရယ် ကြွေးညီလက်ဖက်ခြောက်စက်ရုံကြီးရယ် အဲဒီအချိန်တုန်းက ဆောက်ပြီးစ နံသာမြိုင်ဟိုတယ်ကြီးရယ် အဲသလိုကိုရှိခဲ့တာ အဲဒီကြွယ်ဝချမ်းသာခြင်းတွေက အစ်ကိုကြီးရဲ့ မိဘများက မွေးစားခဲ့တာမို့ မွေးစားသားတစ်ယောက်အဖြစ် ရှိခဲ့ရတဲ့ ဦးဘုန်းရှိန်သာ အတွက်က မက်မောလွန်းစရာတွေ ဖြစ်နေမှာပါပဲ အဲသလို ခေါ်လေးထင်သလို ဘာဘဦးစိုင်းထိုကလဲ ထင်နေတယ် ။"

ကော်ဖီကြမ်းခွက်ကြီးကိုချ၍ လှလွန်းအိမ် စိတ်ဝင်စားဖြင့် နားထောင်တော့ ကြာညိုကလည်း ကော်ဖီကြမ်းခွက်ကြီးလိုက်ချ၍ ခေါင်းလေးမော့ နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဦးဘုန်းရှိန်သာဟာ .. မွေးစားသားဆိုတာ .."

လှလွန်းအိမ် တစ်ချက် တွေခနဲဖြစ်သွားရကာ ငေးခနဲ ဒေါ်ခမ်းမွန်ကို ကြည့်လိုက်မိရပါ၏။ သိလိုစေသည် ရင်မှာ အင်အားနှင့် ဖြစ်ထွန်းလာနေပြီ .။ ချက်ချင်း အမှတ်ရလိုက်မိသည်ကလည်း ကြာညိုကို ရတနာတွေထားသည့်နေရာ မေးနေပါသည့် ဘာဘဦးဘုန်းရှိန်သာ .။ ဘုရားရေ .။ တကယ်ပဲ .. ဦးဘုန်းရှိန်သာသည် .. မကြံအပ် မစည်ရာ .. လောဘစောဖြင့် .. ကြာညို့ မိဘများကို လုပ်ကြံခဲ့ချေသည်လား .။

"ဒေါ်ခမ်းမွန် .. ဒီစကားကို .. နောက်မှ ဆက်ကြရင် ကောင်းမယ် ထင်မိတယ် .. ကြာညို့ကို မကြားစေချင်လို့ပါ .."

ဟု ဖြုန်းခနဲ အာရုံထဲ ဝင်လာသည့် စိုးရိမ်စိတ်ဖြင့် လှလွန်းအိမ် ပြောတော့ ဒေါ်ခမ်းမွန် ပြုံး၍ ကြာညို့ကို ကြည့်သည်။

"ကြာညို စိတ်ထိခိုက်မယ့် စကားတွေကို .. မကြားစေချင်လို့လား မိန်းကလေး .. သူ ကြားသွားရင် ပိုကောင်းမယ်လို့ ဒေါ်လေး ထင်တယ် .. သူဟာ .. သတိရှိသင့်သလောက် ရှိနေတဲ့ သူတစ်ယောက်လို့ ဒေါ်လေး ယုံကြည်မျှော်လင့်နေတယ်လေ .. အသက်နှစ်ဆယ့်ငါးနှစ်အရွယ် ရှိနေပြီဖြစ်တဲ့ ကြာညိုဟာ လက်ရှိမှာလဲ ကလေးလို ပြောဆိုနေထိုင်နေပေမယ့် .. သူ့မှာ .. တစ်ခါတစ်ခါမှာ ပိုင်းခြားဝေဖန်နားလည်နေတတ်တဲ့ စရိုက်တွေ ရှိနေတတ်တယ်ဆိုတာ နှုန်းကျောကလဲ ပြောပြတယ် .."

ဟု စကားကို ဆက်လာတော့ လှလွန်းအိမ် ကြာညို့ကြည့်မိသည်။ လောလောဆယ်မှာတော့ ကြာညိုသည် ဆာနှင့် ဘိစကစ်မုန့်ကို တကြွပ်ကြွပ် ဝါးနေ၏။ တစ်ချပ်ပြီး တစ်ချပ် ကောက်ကောက် ဝါးနေသည်။ ချထားသော ကော်ဖီကြမ်းခွက်ကို ပြန်ကောက်မော့နေပြန်၏။ အစားအသောက်နှင့် ပြန်စိုဝင်နေသည့် အသွင် .။

"ဒေါ်လေး ပြောနေတာတွေကို သူ ကြားနေရင် .. သူ .. ကျန်ခဲ့တဲ့ အတိတ်က အဖြစ်ကိုများ ပြန်အမှတ်ရလာမလားလို့လဲ .. မျှော်လင့်နေမိတယ် မိန်းကလေးရဲ့ .. အဲဒီနေ့က .. အစ်ကိုကြီးနဲ့ မမလေးတို့မှာ မန္တလေးကို သွားကြတော့ .. ကြာညိုလဲ ပါဖို့ပဲ .. ဒါပေမဲ့ .. ဦးဘုန်းရှိန်သာက .. ကြာညို့ကို ယာဧောကအိမ်ကို သွားကြမယ် .. ယာတောအိမ်ဘေးက ရေကန်ကြီးမှာ လာနားကြတဲ့ တောအဲတွေကို လေသေနတ်နဲ့ ပစ်ကြမယ်လို့ ပြောတော့ .. ကြာညို စိတ်ပြောင်းသွားတယ် .. ဘာနဲ့ နေခဲ့မယ်ဆိုပြီး ကျန်ခဲ့တာ .. အဲဒီတုန်းက ဦးဘုန်းရှိန်သာကို ကြာညိုက ဘာလို့ ခေါ်တယ်လေ .. အဲဒီနေ့ မတိုင်ခင်က .. ဦးဘုန်းရှိန်သာ အစ်ကိုကြီးတို့ရဲ့ကားကို ကားခေါင်းဖွင့်ပြီး ဟိန္ဒိကဒီနိုက် လုပ်နေတာ ဒေါ်လေး မြင်ခဲ့ရတာ .. ရှိခဲ့တယ်လေ .. အစ်ကိုကြီးတို့ မင်္ဂလာပွဲ သွားကြမှာ သိထားတဲ့ ဦးဘုန်းရှိန်သာဟာ ကားစက်ခေါင်းမှာ တစ်ခုခုကို ချွတ်ယွင်းအောင် လုပ်ခဲ့လိမ့်မယ်လို့ .. ဒေါ်လေး သံသယဖြစ်လာရတာက .. အစ်ကိုကြီးတို့ .. ကား .. မောင်ကဆဲ

www.burmeseclassic.com

ထိုးကျပြီး ... နှစ်ယောက်စလုံး ဆုံးပါးတဲ့သတင်း ... တယ်လီဖုန်းထဲ ဝင်လာလို့ နံ့သာမြို့ခင်စံအိမ်က ခြံစောင့်ကြီးရယ် ... ဒေါ်နုန်းဥရယ် ရောက်လာပြီး ငိုယိုပြောပြချိန်မှာပါပဲ ..."

ဟု အံ့ခဲ့၍ ဒေါ်ခမ်းမွန် ပြောလာပါ၏။ မျက်ဝန်းဝယ် မျက်ရည်များလည်း ဝေ့နေကြသည်။

"ကြာညို့ကို ... အစ်ကိုကြီးတို့ ခရီးထွက်တဲ့နေ့က ... တကယ်ပဲ ယာတောက အိမ်ကြီးကို ဦးဘုန်းရှိန်သာ ဒေါ်သွားခဲ့တယ် ... ထုံးစံအတိုင်း ဒေါ်လေးရော ... ဒရိုင်ဘာဦးကြီးတင့်ရော ... ပါခဲ့ကြတယ်လေ ... ဒေါ်လေးက ... ကြာညို့အသည်းကို ... ကြာညို့က ... ငယ်ကတည်းက ... သူ့ကို ချိုပွေ့ထိန်းလာတဲ့ ဒေါ်လေးကို သိပ်ချစ်တာ ... ဒေါ်လေးကို အမြဲတယ်သွားသွား ခေါ်နေကျ ... အကယ်၍ မင်္ဂလာပွဲ သွားဖြစ်ရင်လဲ ... ဒေါ်လေးပါ ... ပါသွားရမှာ ... အင်း ... တကယ်ပဲ ... တစ်ပါတည်း ... ပါသွားခဲ့ရင်လဲ အကောင်းသား ... အားလုံး ဓာတ်သိမ်းဓာတ်ခဲ ဖြစ်ခဲ့ကြရမှာ ... ခုကျတော့ ... ကြာညိုလေးရဲ့ ဒုက္ခတွေကို ... မမြင်ရက်ဘဲ မြင်နေရတော့တာ ရင်ထဲမချိဘူးကွယ် ..."

ပြောနေရင်း ဒေါ်ခမ်းမွန် မျက်ရည်ကျလာကာ လက်ဖျားလေးဖြင့် မျက်ရည်ကို တို့သုတ်သည်။ ကြာညို့ကို ကြည့်တော့ စားလက်စမုန့်သည် တန့်နေလျက် ငေးကြည့်နေတာကို မြင်ရပါ၏။ နောက်တော့ စိတ်ရှုပ်ထွေးလာပုံဖြင့် ခေါင်းကို လက်ဖဝါးဖြင့် မနားတမ်း ပွတ်နေသည်။ လွလွန်းအိမ် ရင်ခုန်ချောက်ချားလာလျက်မှ ကြာညို့အတွက် စိတ်ပူစိတ်ဖြင့် ...

"ကြာညို ... စိတ်ထိခိုက်သွားလိမ့်မယ် ... မပြောသေးပါနဲ့ဦး ဒေါ်ခမ်းမွန်ရယ် ..."

ဟု တားပေမယ့် ဒေါ်ခမ်းမွန် ခေါင်းမာပုံကြီးဖြင့် ဆက်လာကာ ...

"သူ့ဘဝက ... အဆိုးဆုံးတွေကို ဖြတ်သန်းလာခဲ့ရပြီးပြီ ... ကြာညို အရိုက်အနှက် ခံနေရတာ ... နှန်းကျော ပြောပြလို့လဲ သိရပြီးနေပြီ ... သူ့ဘဝ ... သူ့အဖြစ်တွေကို ... သူ့နားနဲ့ ကြားနေတာက ... သူ့အတိတ်ကို ပြန်သတိရစေဖို့ ... အကောင်းဆုံး အခွင့်အလမ်းတစ်ခုကို ခင်းပေးလိုက်သလို ဖြစ်မယ်လို့ ဒေါ်လေး ယုံတယ် ... ဒေါ်လေး ... ဒီဘက ... ကျန်းမာရေးဆရာမလေးနဲ့လဲ ... ပြောဆိုပြီး ... ကြာညို့ကို ... ဆေးသောက်ခိုင်းဖို့လဲ ဆုံးဖြတ်ထားတယ် ..."

ဟု ပြောနေတော့ လွလွန်းအိမ် စိတ်ထဲ မသက်သာ ဖြစ်ရပါ၏။ ဆေးကုတာကိုတော့ တားရန်မရှိ ...။ ဒါပေမဲ့ စိတ်ချောက်ချားဖွယ်ရာ အဖြစ်တွေကို ... ကြာညို့အာရုံထဲ လောဆောဆယ် တိုးမဝင်စေချင် ...။

"အဲဒီနေ့က ... တကယ်ပဲ ... ယာတောအိမ်ကြီးဘေးက ရေကန်မှာ ... ဦးဘုန်းရှိန်သာနဲ့ ကြာညို့တို့ ထောဘဲတွေ ပစ်ဖို့ လေ့သေနတ်တွေ ကိုယ်စီနဲ့ ... ရောက်ကြတယ်လေ ... ခြောက်တန်းကျောင်းသား ကြာညို့ကို ... လေ့သေနတ်ပစ်တတ်အောင် သင်ပေးခဲ့တာလဲ ဦးဘုန်းရှိန်သာပါပဲ ... အဲဒီနေ့က ... ဒေါ်လေး စားသောက်စရာလေးတွေ ပြင်ဆင်နဲ့ထည့်ပြီး ခပ်လောလော ခပ်သုတ်သုတ် ရေကန်ဘက်ကို ထွက်

www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ် .. ကြာညိုလေးက ဆာတာတာတယ်လေ .. သူကြီး
တဲ့ .. ပြောင်းဖူးကင်ပေါင်းကြော်လေးတွေလဲ ပါတယ်
ကောက်ညင်းပေါင်းလဲ ပါတယ် .. မြက်ခင်းကျယ်ကြီး
ဖြတ်ရရင်း .. သူတို့နှစ်ယောက် ဘယ်မှာများ စဲတွေ
ဖို့ ဝပ်နေကြမှာလဲ ဆိုတာကိုလဲ ရှာကြည့်နေရသေးတယ်
ဘီစပ်ချွဲကြီးကွယ်ပြီး ချောင်းနေတဲ့ သူတို့ကို တွေ့တာ
သွားလိုက်တော့ .. ဟိုမှာက .. တောဘဲတွေဘက်ကို
နတ်နဲ့ ချိန်နေရင်း .. ရှိနေရာက .. ရုတ်ခနဲ .. ကြာ
ကို ဦးဘုန်းရှိန်သာ မေးလိုက်တဲ့ မေးခွန်းက .. ရုတ်
တွေ ဘယ်မှာထားသလဲ ကြာညိုလေးရဲ့ .. ခုလို .. မိ
တွေ ခရီးသွားတုန်း .. ဂရုတစိုက်ရှိရမှာမို့ မေးတာတဲ့
ကြာညိုကို .. ကြာညို ဖေဖေနဲ့ မေမေက ရုတနာ
သိမ်းထားတဲ့ နေရာကို ပြောပြထားတယ် မဟုတ်လား
မေးသံ ကြားရတော့တာပဲ .. ရင်ထဲမှာ .. အဲဒီကတည်းက
ဦးဘုန်းရှိန်သာကို မနှစ်မြို့ဘဲ ဖြစ်သွားရတာမို့ ခြေလှ
သုတ်သုတ်နဲ့ ပိုနီးအောင် လမ်းရတော့တာ .. ကြာညို
လဲ .. ပြောပြတော့မလို လုပ်နေပြီ .. အဲဒါ .. မပြောပြ
အောင် .. ကြာညိုရေ .. ဒီမှာ ဒေါ်လေး .. မုန့်တွေ
ကောက်ညင်းပေါင်းတွေ ယူလာတယ် .. ဆာပြီမဟုတ်
လား ကလေးရဲ့ .. လို့ အလှောတကောနဲ့ အသံက
ကျယ်နဲ့ ပြောတော့ .. ကြာညိုလဲ အစားအောနဲ့ ကလေး
ပျော်သွား .. ဦးဘုန်းရှိန်သာလဲ မျက်နှာထားကြီးတင်း
လွှဲကြည့်တာ တိုးရတော့တာပဲ .. ဒါပေမဲ့ .. စောစော

သူ ပြောတဲ့စကားကို မကြားလိုက်ရသလိုပဲ ဒေါ်လေးနေ
ခဲ့တယ်လေ .. အဲဒီနောက်တော့ .."

ဟု ပြောနေရာမှ .. ဒေါ်လေး မျက်ရည်ကျလာသည်။
ကြာညိုကို လှလွန်းအိမ် ကြည့်တော့ .. လိုက်၍ မျက်နှာလေးမဲ့
သောတာကို မြင်ရပါသည့် အဖြစ် .. ။ မပြောပါနဲ့ .. ဟု တား၍
သည်း မရနိုင်အောင် ဒေါ်ခမ်းမွန်ကလည်း စကားကို ဖွတ်ရှု
ဆတ်နေသည်သူ .. ။ လှလွန်းအိမ်ကလည်း ကြာညို ပို၍ဆိုးသွား
မှာ ကြောက်ရွံ့စိုးရိမ်နေရလျက် .. ။ တစ်ဖက်ကလည်း ဦးဘုန်း
ရှိန်သာ အပေါ်မှာ .. ပို၍ သံသယတွေ ကြီးထွားလာနေရပါသည့်
အဖြစ် .. ။

လောလောဆယ်မှာ စိတ်သည် ယောက်ယက်ခတ်
နေသည်။ ကြာညို ပိုဆိုးသွားမှာကိုလည်း ရင်ထဲက စိုးရိမ်နေ
သည်။ လောင်မြိုက်နေသည်။ ပြီးတော့ .. ဒေါ်ခမ်းမွန် ဆက်ပြော
လာမည့် စကားတွေထဲမှ ရှေ့ဆက်ဖြစ်သည့် အဖြစ်များကိုလည်း
သိချင်နေပြန်သည်။

လှလွန်းအိမ်သည် .. မမျော်လင့်စွာပဲ .. နံ့သာမြိုင်
နှင့်ပတ်သက်၍ .. လာငြိနေသည့် ကြိုးတစ်ပင် .. ကြိုးတစ်စဖြစ်
လာနေလျက် .. ။ ထိုကြိုးပင်သည် ခိုင်လွန်းနေချေသည်ကောလေ ..
ဟု သိလာနေရချေသည်တကား .. ။ မရိုးသားမှုများ .. လုပ်ကြံမှု
များ .. ကြမ်းတမ်းရက်စက်မှုများဖြင့် နံ့သာမြိုင်၏ အတိတ်ရိုး
သည် .. ကြာညို အပေါ်မှာ ဖြိစီးခဲ့ချေသည်လား မသိ .. ။

"အဲဒီညနေက .. ကြာညိုနဲ့အတူ .. ဒေါ်လေးတစ်လျှောက်
လုံး ရှိနေခဲ့တယ် .. ဦးဘုန်းရှိန်သာရဲ့ အိမ်မှာ .. မျက်

www.burmeseclassic.com

www.burmeseclassic.com

ကွယ်မှာ .. မိဘများရဲ့ တိုးတိုးတိတ်တိတ် ပြောပြထားသ
လျှို့ဝှက်ချက်တွေ ဘာတွေ ရှိနေရင် .. ဘယ်သူ့ကို
မပြောပြရဘူးလို့ သတိပေးထားရတယ် .. ရတနာတွေ
ပြီးတော့လဲ အတိုအလင်း မပြောရဲဘူးလေ .. ကြာညိုက
ရိုးရိုးစင်းစင်းလေးပဲ အဲဒီတုန်းက ပြောပြတယ် .. ရတန
တွေကို ဘယ်မှာ သိမ်းထားလဲဆိုတာ ဘာက မေးတယ်
တဲ့ .. အဲဒါ ပြောပြမလို့ပဲဆို .. ဒီလိုဆိုရင် .. ဒေါ်လေး
ပြောသလိုဆိုရင် .. ဘယ်သူ့ကိုမှ မပြောပြဘူးပေါ့နော်
မေးရှာတယ် .. ဒေါ်လေးကလဲ .. ဟုတ်တယ် .. မပြော
ရဘူး .. ဒေါ်လေးကိုတောင်မှ မပြောပြရဘူးလို့ .. အဲ
တုန်းက ကြာညိုကို ရင်ခွင်မှာ ဖိုက်လိုက်ရင်း ပြောခဲ့
တာ .. သတိပေးခဲ့ရတာ .."

ဟု ပြောတော့ ကြာညို ခပ်ငေးငေး ဒေါ်ခမ်းမွန်ကို
ကြည့်နေသည်။ ကြည့်နေရင်း .. မျက်ဝန်းတွေထဲမှာ .. ထူးခြား
သော အရိပ်လေးတွေ ဖြတ်ပြေးလာနေသည်။ တစ်ခုခုကို စဉ်းစား
နေသည့်နှယ်လည်း ငြိမ်သက်သွားသည်။ ဒေါ်ခမ်းမွန်ကိုများ
မှတ်မိလာနေခြင်းများပေလား မသိ .. ဒါပေမဲ့ .. ဒေါ်ခမ်းမွန်
ဆိုတာ ကြာညိုကို တကယ်ထိန်းကျောင်းခဲ့သည့် သူတစ်ယောက်
မှ ဟုတ်ပါချေရဲ့လား မသိ .."

ယခုပြောနေသည့် အဖြစ်အပျက် အားလုံးသည်
ရော .. လုပ်ဇာတ်တစ်ခု ဖြစ်နေနိုင်သေးသည်ပဲလေ .. ဘယ်သူ
ကိုမှ လုံလွန်းအိမ် မယုံရဲသေး .. ရတနာတွေ ဆိုတာက ပါလာ
နေပြီ။

ထိုရတနာတွေ ဘယ်မှာသိမ်းဆည်းထားသည် ဆိုတာ
သိချင်၍ ဒေါ်ခမ်းမွန်ကရော .. ကြာညိုကိုခေါ်လာတာ .. မဖြစ်
နိုင်ဟု ဆိုနိုင်မည်တဲ့လား .. အရာရာသည် .. ဘယ်သူ့ ဘယ်သူ
ကိုမှ ယုံ၍မရနိုင် .. အရာရာသည် .. ဖြစ်နိုင်ချေ ရှိနေသည်
သည်း .."

ဒေါ်ခမ်းမွန်သည်လည်း လေ့ကျင့်သား ဖြစ်နိုင်သည်။
ရတနာတွေကို လိုချင်နေသည့် သူတစ်ယောက်တည်း ဖြစ်နိုင်
သည်။ ဘာကြောင့်ဆို .. ရတနာတွေ ဆိုတာကတော့ တကယ့်
ကို ရှိနေသည်ဆိုတာ လုလွန်းအိမ် သိထားရသည်လေ .. ဘာ
ကြောင့်ဆို .. ဦးဘုန်းရှိန်သာကလည်း ထိုရတနာများကိစ္စကို ..
သီဒနာတွေ ခံစားနေရသည့် ကြာညိုကိုမှ အားမနာ ချောမော
အားနေခဲ့သည် မဟုတ်ပါလား .."

ဒါဆို .. ဒေါ်ခမ်းမွန်သည်လည်း .. ထိုရတနာများ
ဆောက်သို့ တကောက်ကောက် လိုက်နေသည့်သူ တစ်ယောက်
ဖြစ်ဟု မဆိုနိုင် .. ကြာညိုကို ရအောင်ဖမ်းခေါ်လာကာ ..
ရတနာတွေ သိမ်းဆည်းထားရာ နေရာကို မေးဖို့ကြိုးစားနေတာ
သည်း ဖြစ်နိုင်သည်။ ဖြစ်နိုင်မည်ဆိုလျှင် .. ကြာညိုကိုဆွဲခေါ်၍ ..
ဘုန်းညက်မြို့သို့သာ ရောက်အောင်ပြေးချင်တော့သည်ပါပဲ .. ။
ဒါဆို .. ကိုနောင်နှင့်လည်း .. ပြ၍ .. ကသနိုင်မည်လေ .. ။ ဟိုမှာ
ဘုတော့လည်း .. ကြာညိုကို .. ဘာမျှ မစိုးရိမ်ရတော့ပြီ .. ။
ကြာညိုအတွက် စိတ်ချလုံခြုံနေမည်သာ .. ။ ခုမှ .. ဒက်ဒီရှိရာ
ဘုန်းညက်မြို့သို့ ပြေးချင်စိတ်က .. ပို၍ .. ရင်မှာပြည့်သိပ်နေ
အောင်ပါသည်အဖြစ် .. ခက်သည်က .. ကျွန်နေရာမှ .. လွှဲရှောင်ခမ်း

www.burmeseclassic.com

သာသို့ ရောက်အောင် ဘယ်လိုပြန်ရမည် ဆိုတာကိုပင် သေ
သေးသည့်အဖြစ် ..။ တောအုပ်တွေက မှိုင်းညို့ညို့ ဝိုင်းရံထား
ဟုတ်ပါလား ..။

"မကြာပါဘူး .. နံ့သာမြိုင်အိမ်ကြီးက .. ခြစောင့်
ရယ် .. ဒေါနန်းဥရယ် .. ကားနဲ့ ရောက်လာကြတာ
ညနေဘက်ကြီးပေါ့ .. အစ်ကိုကြီးနဲ့ မမလေးတို့
ချောက်ထဲကျပြီး .. ဆုံးကြပြီတဲ့ .. ကားကိုတောင်
ခရီးသွားကားကတွေ့ပြီး .. အဲဒီ ချောက်ထဲ ဆင်းကြ
ကြ .. သတိမေ့နေကြသလား .. သေဆုံးနေပြီလား
တောင် မခွဲခြားနိုင်လောက်အောင် ဒဏ်ရာနဲ့ သွေး
ဖြစ်နေတဲ့ အစ်ကိုကြီးတို့ကို ဆေးရုံကို ကမန်းကတ
ကြနဲ့ ရှိကြပေမယ့် .. ဆေးရုံကို အသက်နဲ့ ပါမလာကြ
ဆိုတာကိုပဲ သိကြရတာတဲ့ .. ဆေးရုံက ဖုန်းနဲ့ ဆက်
တာတဲ့လေ .. အစ်ကိုကြီးနဲ့ မမလေးတို့က မြို့မှာ ..
သူမှ မရှိကြတာ .. ဆေးရုံက ဆရာဝန်တိုင်း .. ဆ
လေးတွေတိုင်းလဲ သိနေကြတာပဲလေ .. အလွန် အ
အဖန်း ရက်ရောကြတဲ့ အစ်ကိုကြီးတို့ပေကိုး .."

ဟု ပြောင်နေတော့ ကြာညို စတင်၍ လှုပ်လှု
ရှား ဖြစ်လာသည်။

"ဒေါလေးခမ်းမွန်လေ .. ကြာညို့ဒေါလေးခမ်းမွန်လေ

ဟု ဒေါခမ်းမွန်မှ ကြာညို့ကို ကြည့်၍ ကြည့်
သတိရအောင်လည်း ပြောနေသည်။ ဆေးရုံဆိုတာတွေလည်း
လာ .. ဒေါခမ်းမွန်ကလည်း ငိုနေနှင့် ရှိနေတော့ ကြာညို

ကျန်နာလေး နိုလာနေသည်။ ထူထဲသော ကြာညို့ ဆံပင်တွေ
ဖြင်ပေါ်သို့ အုပ်မိုးငိုက်ကျလာ၏။

လက်က ဝါးသဲခင်း ကြမ်းပြင်ပေါ် တဘုတ်ဘုတ်
နှင့် တောက်လျှောက် ပုတ်နေသည်။ နာတံထင်းထင်း၊ အသား
ဖြူ၊ အရပ်မြင့်မြင့်ကြီးနှင့် ကြာညို .. ထူထဲသော မျက်ခုံး
ထန်း .. နှတ်မှောင်သော မျက်ဝန်းများ .. ထူထဲသော မျက်
ဆောင်စင်းကြီးတွေနှင့် ကြာညိုသည် .. အသက်နှစ်ဆယ့်ငါးနှစ်
အရွယ် လူချောလေးတစ်ယောက်အဖြစ် ရှိနေပေမယ့် .. ကလေး
တစ်ယောက်၏ ဟန်ပန်များနှင့်သာ ရှိနေချေသည်တကား ..။

ကြာညို့ခေါင်းသည် ဟိုသည်ငဲ့နေ၏။ လက်က
ဘုတ်ဘုတ်နှင့် ကြမ်းကို ပုတ်နေဆဲ ..။ လှလွန်းအိမ် မျက်ရည်
သည်လာရင်းမှ ကြာညို့ဘေးတွင် ကပ်ထိုင်လိုက်ကာ လက်ကို
အပေါ်မှ အုပ်မိုးကိုင်ထားလိုက်ရပါ၏။ ဒေါခမ်းမွန်ကိုလည်း
အငြစ်တင်သလိုကြီး ကြည့်ပစ်လိုက်မိရပါပြီ ..။

"ရှေ့မဆက်ရင် ကောင်းပါမယ် ဒေါခမ်းမွန် .. ကြာညို့
စိတ်တွေ ပိုပြီးရှုပ်ထွေးဝင်ပန်းနေပြီ သိရဲ့လား ရှင့် .."

ဟု ပြောရင်း ခါးသီးသော အကြည့်ဖြင့် ရန်လိုစွာ
ခဲ လှလွန်းအိမ် ကြည့်လိုက်မိပြန်သည်။ ဒေါခမ်းမွန်ကတော့
နောက်ကို မဆုတ် ..။ ကြာညို့ကိုပဲ ကြည့်နေသည်။

"ဒေါလေးလေ .. ဒေါလေးခမ်းမွန်လေ .. ကြာညို့ဖေဖေနဲ့
မေမေ့ကို ဆေးရုံလိုက်ကြည့်ကြရတဲ့ အခါမှာပါတဲ့ ဒေါလေး
ခမ်းမွန်လေ .. အဲဒီတုန်းက ကြာညိုက .. ကြာညိုက ..
ကြာညို့ ဖေဖေနဲ့ မေမေတို့ရဲ့ သွေးတွေနှစ်နေတဲ့ ရုပ်

www.burmeseclassic.com

www.burmeseclassic.com

အထောင်းကိုကြည့်ရင်း .. ဒေါ်လေး ရင်ခွင်ထဲမှာ .. ငိုအော်ဟစ်ရင်း မေ့သွားတာလေ .. နောက်တော့ .. ကြားဖျားတယ် .. အရမ်းဖျားနေတယ် .. မှတ်မိရဲ့လား .. မှတ်မိရဲ့လား .."

ဟု စိတ်ဓာတကြီးဖြင့် ထက်ထက်သန်သန် မေးချနေတော့ ကြာညို ပို၍ ကြမ်းပေါ် ဆက်တိုက်ပုတ်လာသည်။ လှလွန်းအိမ် အပေါ်မှ လက်လေးတွေဖြင့် လိုက်ဆုပ်ထိန်းပေးမရတော့ ..။

အုပ်မိုးထားသော လှလွန်းအိမ်၏ လက်တွေ အပေါ်သို့ ခြေကြံတက်သွားအောင် လက်တွေက အရှိန်ဖြင့် မြောက်တက်သွားလိုက် ..။ ကြမ်းပေါ် ပုတ်ချနေလိုက်ဖြင့် ရိုက်နေကြပါသည်အဖြစ်။

"မှတ်မိလာပြီ ဓမ္မာတ်လား .. ဒေါ်လေးလေး .. ဒေါ်ခမ်းမွန်လေ .. ကြာညို ခေါ်ခေါ်နေတဲ့ ဒေါ်လေးခမ်းမွန်လေ .. ဒေါ်လေးခမ်းမွန်လေ .."

နှင့်ဆက်တိုက်ကြီး ဒေါ်ခမ်းမွန်ကလည်း မျှော်တကြီးပုံဖြင့် တောက်လျှောက်မေး။ ကြာညိုကလည်း တအီးအီးဖြင့် အသံတွေ ပွင့်ကျလာအောင်ငိုနှင့် အခြေအနေသည် ပို၍ထွေးလာနေသည်။ လက်နှစ်ဖက်လုံးသည် မငြိမ်တော့ ..။ မြောက်၍ ကြမ်းကို အရှိန်နှင့်ပုတ်နေသည်က ဆက်တိုက် အိမ်ငယ်လေးပင် ကြမ်းပြင်သိမ့်သိမ့်ခါနေသည်မို့ .. အားလုပ်ခတ်နေကြပြီလားဟုပင် ထင်လာနေရပါသည့်အဖြစ် ..။

"မှတ်မိပြီလား .. ဟင် .. ဗျာ .."

နှင့် ဆက်မေးနေသည့် ဒေါ်ခမ်းမွန်ကို မသိဆိုးဝါးလွန်းသူအဖြစ် မာတင်းတင်းကြီး လှလွန်းအိမ် ကြည့်ပစ်လိုက်သည်။ လှလွန်းအိမ်၏ မျက်ဝန်းတွေ လက်လက်တောက်နေပြီ ..။ အရမ်းငိုင်နေသည့် ကြာညိုကို သနားစိတ်ဖြင့် ပခုံးမှာ မျက်နှာကို ဖေးတင်စေ၍ ဆံစတွေကို သပ်ပေးနေရင်းမှ ဒေါ်ခမ်းမွန်ကိုလည်း တည့်မတ်စွာ စိုက်ကြည့်သည်။

"ရှင့်ကို မမှတ်မိဘူး .. အဲဒါကို ခုထိမသိသေးဘူးလား .. ဒီလောက် စိတ်တွေ ဂယောက်ဂယက် ဖြစ်နေတာ မမြင်ဘူးလား .. ရှင် .. ရှင် .. ဦးနောက်မရှိဘူးလား ဒေါ်ခမ်းမွန် .. သူ .. သိပ်ပင်ပန်းနေပြီရှင့် .. သူသေသွားလိမ့်မယ် သိရဲ့လား .. ရှင့်ကို သတိရစေချင်ဆို၍ .. ရှင့်ရင်ခွင်ထဲမှာ သူငိုနေမှာပေါ့ .. ရှင်က .. သူ့အထိန်းဆိုရင်ပေါ့လေ .. ခုတော့ .. ဝမ်းနည်းစရာ ကောင်းနေတာက .. သူ .. ရှင့်ကိုလဲ အထိန်းအဖြစ် မမှတ်မိသလို .. ရှင့်ရင်ခွင်စကိုလဲ ဝင်ငိုမနေတာပဲရှင့် .. တော်လောက်ပြီ ဒေါ်ခမ်းမွန် .. ရှင့်စကားတွေ ရပ်ဆိုင်းလိုက်ပါတော့ .. ရပ်လိုက်ပါတော့ .. ရှိကြိုးနိုးပါရဲ့ရှင် .. ရပ်လိုက်ပါတော့ .. လာ .. လာ .. ကြာညို .. အိမ်ရာမှာ လဲနေလိုက်နော် .."

ဟု ပြောခေါ်တော့ ကြာညို မျက်ရည်တွေ ကျနေရင်းလေးလိုပဲ လှလွန်းအိမ်နှင့်အတူ လိုက်လာသည်။ လှလွန်းအိမ် လက်တွေကို ကျစ်နေအောင် ဆုပ်ကိုင်ထားရင်းမှ ..

"ဆေးရဲ့ .. ဆေးရဲ့ .. သွေးတွေ .. သွေးတွေ .."

www.burmeseclassic.com

www.burmeseclassic.com

နှင့် ပြောင်ဦသံ ထွက်ကျလာတော့ လှလွန်းအိမ် ...
ထဲဆို့နေရပါပြီ ...။

"ကြားတယ် မဟုတ်လား မိန်းကလေးရဲ့ .. သူ .. ဆေး
ကို မှတ်မိလာပြီ .. သူ .. သတိရမှကိုဖြစ်မယ် မိန်းကလေး
ရဲ့ .. သူ့ဘဝရှေ့ဆက်ရမယ့် ခရီးအတွက် .. သူ့ဘာ
အတွက် .. သူ .. အားလုံးကို သတ်ရနေမှ ဖြစ်မယ် ..
ဒီအချိန်မှာ .. သူ ကြားလိုက်ရတာတွေဟာ .. ဘစ်နေ
မှာ .. သူ ပြန်သတိရလာဖို့အတွက်ပဲ ဖြစ်မယ်လို့ ဒေါ်လေး
ယုံတယ် .. ယုံတယ် .. ဒေါ်လေးဟာ ဆရာဝန်မဟုတ်
ဘူး .. ဒါပေမဲ့ .. သူ့ကို ပွေ့ချီသိပ်ခဲ့တဲ့သူ .. သူ့ကို ..
နားလည်နေတဲ့သူ .. သူ့ကို ချစ်တဲ့သူ .. သိရဲ့လား ..
ဟု စိတ်လိုက်မာန်ပါကြီး ဒေါ်ခမ်းမွန် အော်ပြော၍
ဝရန်တာနေရာလေးမှာ မျက်နှာကို လက်ဖဝါးဖြင့် အုပ်မိုး၍ ငိုရ
လိုက်ပါသတည်း ..။ ကြာညို့ကို အိပ်ရာလေးထက်မှာ အိပ်စေတော့
လည်း ခွေခွေလေး ကြာညို အိပ်ချလိုက်သည်။ လက်တွေက
ခေါင်းဆုံးအောက်မှာ ကွေးကွေးလေး ထိုးသွင်း၍ ဒူးကိုကွေးထား
သည်။ မျက်ဝန်းတွေက မငြိမ်သက် ..။ ဆေးရုံ .. ဆေးရုံနှင့်
တတွတ်တွတ် ပြောနေသည်။

နောက်တော့ မျက်ရည်တွေ ကျနေပါ၏။ ကြာညို့
ဆံစတွေကို လှလွန်းအိမ် သပ်ပေးကာ တစ်ချက်တွေခနဲ ဖြစ်နေ
ရပါ၏။ ဒေါ်ခမ်းမွန်၏ စကားလုံးများသည် .. ကြာညို့ ရင်တွင်း
ဆီသို့ အတော်ကြီး ဒူးရှုနာကျင်စွာ တိုးဝင်နေခဲ့ခြင်းသည်
တကား ..။

ဒါဆိုလျှင် .. ဒေါ်ခမ်းမွန်၏ စကားများသည် ..
မှန်လျှင်ဆော်မှ .. တချို့တစ်ဝက်ဆော့ မှန်တာတွေ
ပါနေနိုင်သည်ပေါ့ ..။

ဒေါ်ခမ်းမွန်ကို ကြည့်လိုက်တော့လည်း .. တရှိုက်
ငိုကြွေးနေဆဲ ..။ ထိုငိုကြွေးနေမှုသည် .. ဟန်ဆောင်မှု
မဟုတ်နိုင်ဟု .. အလိုလို .. သိလာနေသည်သို့ ရှိလာပြန်
သော ဒေါ်ခမ်းမွန်၏ ငိုကြွေးမှုသည် ရင်ကိုခွဲ၍ .. ကြေကြေ
.. နှစ်နှစ်နဲနဲကြီး ဖြစ်နေသည်။ အသံသည် နှုတ်ဖျားဆီမှ
လွှတ်ရုံမျှ မဟုတ်နေ ..။ ရင်ကိုခွဲ၍ ထွက်လာသည်နှယ်
ခံစားပါနေသည်။

မိန်းမသားတစ်ယောက် ကျမျှထိ .. ရင်ကိုနှစ်၍ ..
ငိုအောင် ငိုနေတာကိုကျတော့လည်း .. ဥပေက္ခာမပြုရက်နိုင်
သည့်စိတ်ဖြင့် လှလွန်းအိမ် ဝရန်တာနေရာလေးဆီသို့ လျှောက်
လှမ်းပြန်ကာ ဘေးမှ ထိုင်လိုက်မိရပါ၏။

"ရှင်ဟာ .. တစ်ချိန်က .. ကြာညို့ အထိန်းအဖြစ် ရှိခဲ့
တယ် ဆိုတာကို .. သက်သေပြနိုင်မယ်ဆိုရင် .. ကျွန်မ ..
ရှင့်ကို .. ယုံကြည်လိုက်ပါ့မယ် ဒေါ်ခမ်းမွန်"

ဟုတောက်ဖြင့် ပြောချလိုက်မိရပါပြီ ..။

မတတ်နိုင် ..။ ဤစကားစုကိုတော့ ပြောမှဖြစ်မည်
..။ တတွေတွေ ကျနေသော ဒေါ်ခမ်းမွန်၏ မျက်ရည်များ
အတွက် မျောပါလုလု စိတ်ကိုတင်းထိန်း၍ ..။ ပြောသင့်သော
ကို ပြောချမှ ဖြစ်ချေမည် မဟုတ်ပါလား ..။

www.burmeseclassic.com

www.burmeseclassic.com

ဆတ်ခနဲ ဒေါ်ခမ်းမွန်၏ မျက်နှာက လက်ဖဝါးတွေ ဖယ်ရှားလိုက်မှု၏ နောက်ဝယ် မျက်ရည်အလှူးလှူးနှင့် ပေါ်လာပါ၏။ ခံပြင်းစိတ်ဖြင့် လှလွန်းအိမ်ကို စူးရှစွာ ကြည့်လာသည်။

"သက်သေ .. ဟုတ်လား .. ကြာညို့ကို .. သံယောဇဉ်ကြီးကြီးနဲ့ ချစ်တဲ့ ငါ့ရဲ့အချစ်ဟာ .. အကြီးမားဆုံးသော သက်သေ .. အခိုင်မာဆုံးသော သက်သေပဲပေါ့ .. အဲဒီထက် .. ထင်ရှားတာ ဘာရှိဦးမလဲ .. အေး .. မင်းကမှ .. အဲဒီသက်သေတွေကို .. ဝတ္ထုပစ္စည်းအနေနဲ့ပြမှ ဖြစ်မယ်လို့ ဆိုလာရင်တော့ .. ငါ .. ပြပါ့မယ် .."

ဟု အသံစူးစူးဖြင့် ပြောလာတော့ လှလွန်းအိမ် ငြိမ်နေလိုက်ပါ၏။ ပြမည်ဆိုလျှင် .. ယုံသင့် မယုံသင့် ဆိုတာကိုတော့ ရင်မှာ သတိထား၍ .. လိုက်ကြည့်ရုံသာ ..။

ဘာကြောင့်ဆို .. ကြာညိုသည် .. ဒေါ်ခမ်းမွန်ကို ခုထိ သတိရတာမျိုး မရှိခဲ့။

တကယ်တမ်းဆိုလျှင် .. ဒေါ်ခမ်းမွန်ကို သတိရနှင့်စရာ မည်ပေါ့ ..။

ငယ်ကတည်းက ထိန်းကျောင်းလာသည်ဟု ဆိုသည် မဟုတ်ပါလား .. ချိုမွေ့ခဲ့သည်ဟု ဆိုထားသည်မို့ .. ထို့ပြင် တရင်းတနှီး .. တချစ်ကြင်ကြင် ရှိပါသည့် ဒေါ်ခမ်းမွန်ဆိုသည့် မိန်းတစ်ယောက်ကို .. ကြာညို မှတ်မိရချေမည်ပေါ့ ..။

ခုထိ .. လုံးဝကြီး .. ဒေါ်ခမ်းမွန်ကို .. မယုံကြည်နိုင်ဘေး ..။

ဒါပေမဲ့ .. ခက်သည်က .. ကိုယ်ကိုယ်တိုင်က .. သူ့လက်ထဲမှာ ရှိနေသည် ..။

ဒေါ်ခမ်းမွန်၏ ခေါ်ထားသော လူလေးယောက်ဆိုတာကလည်း သန်မာသော ယောကျ်ားတွေချည်းပါ ..။

ထွက်ပြေးရှုံလည်း မလွတ်နိုင် ..။

အတူနေနေရှုံလည်း .. သူ ငြောသမျှကို လိုက်၍ ဆော့ကြည်ပေးလိုက်နိုင် ..။

ခေါင်းမာသောစိတ် ဆိုတာက .. ဒေါ်ခမ်းမွန် တစ်ယောက်တည်းမှာသာ ရှိတာမဟုတ်။ လှလွန်းအိမ်မှာလည်း .. ယောကျ်တည်းက .. ရှိနေသည်ပဲလေ ..။

ခုထိ .. ဒေါ်ခမ်းမွန်တို့ .. မယုံနိုင်ဘေးဘဲ .. ရှိနေသည့်စိတ်က ခေါင်းမာစွာ ရင်မှာရှိနေတာကိုတော့ .. အတိအလင်းကြီးပဲ .. ဒေါ်ခမ်းမွန်ကို အသိပေးရဲနိုင်စွမ်းခဲ့သည်က ထို .. ခေါင်းမာကျင့်ကြီး ကြောင့်ပါတည်း ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၄)

"ဒီမှာက မီးလဲမလင်းဘူး .. ကြာညို ပုံဆွဲစာအုပ်တွေလဲ မရှိဘူး .. ဘိုးဘိုးလဲ မရှိဘူး .. အိမ်ကလဲ ငယ်ငယ်လေး .. ကောင်းလဲမနေကောင်းဘူး .. ကြာညို ပြန်မယ် .."

ဟု လက်က ကြမ်းပြင်ကို ပုတ်၍ ပုတ်၍ ကြာညို ဆက်တိုက်ပြောနေသည်။ ကြာညို မအိပ်ဘဲ ထထိုင်နေပြီ .။ ခေါင်းက ဘယ်ညာခါနေ၏။ အိမ်ရှေ့ဝရံန်တာနေရာလေးဆီမှာ မျက်ရည်ကျနေဆဲ ဒေါ်ခမ်းမွန်သည် ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်ထားသည့်နှယ် အိမ်ငယ်လေး၏ ဧည့်ခန်းလေးဆီသို့ ဝင်လာတော့ လှလွန်းအိမ် လှမ်း၍ လက်ကာတားလိုက်မိရပါပြီ ။။ အိမ်ပြန်ချင်စော တစ်ခုသည် ကြာညို့ထံမှာ ရုတ်ခြည်း တိုးဝင်လာနေကြသည့်အဖြစ် .။ ဒါဆို .. နဲ့သာမြို့ငှိုတယ်ကြီး၏ ဘေးဘက်တွင် ရှိပါလေသော တစ်ဆပ်တိုက်လေးသည် ကြာညို့ အာရုံမှာ စွဲထင်မှတ်မိနေစေသည်ပေါ့ .။ ကြာညို့ မှတ်ဉာဏ်တွေသည် ရှိနေဆဲ .။ လှလွန်းအိမ်၏ ရင်ခွင်မှာ ကလေးနှယ် ခေါင်းလေးတိုးဝင်ငိုရှိုက်နေပြန်ရာမှ နှုတ်ဆံမှလည်း ..

"ဆေးရုံ .. သွေးတွေ .. သွေးတွေ .."

ဟု ပြောနေပြန်သည်။ ကြာညိုသည် အတိတ်ဆီမှ ကြောက်ချောက်ချားဖွယ် အဖြစ်တစ်ခု၏ သွေးပျက်စေသော ဖြစ်တစ်ခုဆီသို့လည်း ကစဉ့်ကလျား စိတ်တွေ ပျံ့နေကြရာမှ .။ ဆက်တည်းမှာလည်း မကြာမတင် ကျန်ရစ်ခဲ့လေသော အိမ်ယ်လေးဆီသို့လည်း စိတ်တွေက ပြန်၍ ပြန်၍ ရောက်နေကြသည်ကောလေ .။ စိတ်သည် အတိတ်ဖြစ်ရပ်ဆိုးကြီးဆီသို့သည်း ပျံ့ခနဲ ရောက်သွားတတ်လျက် .။ ဘစ်ဖန် .. လောလော ဆတ်လတ် ကျန်ခဲ့ရာ နေရာလေးဆီသို့လည်း ရောက်သွားတတ်သည်ဟု လှလွန်းအိမ် တဖြည်းဖြည်း နားလည်လာနေသည်။

"မင်္ဂိုနဲ့လေ .. မင်္ဂိုရဘူး ကြာညို .. ခဏအိပ်လိုက်နော် .. ပြီးရင် .. ကြာညိုနဲ့တူတူ မမလေးတို့ ဟိုနေ့တုန်းကလို .. ငါးတူကူမျှားကြတာပေါ့ .."

ဟု တိုးဖွဖွပြောတော့ ကြာညို မျက်ဝန်းတွေ နှည်းငယ်မျှ ရွှန်းလဲ့လာသည်။ မိုန်ဖျော့ဖျော့ မျက်ဝန်းရိပ်သည် နှည်းငယ်မျှ .. ပြောင်းလဲ တောက်ပချင်လာပါ၏။

"ဟုတ်တယ် .. ငါးမျှားရဦးမှာနော် .."

ဟု တိုးဖွဖွပြောကာ စတင်၍ နှုတ်ခမ်းထက်မှ ပြုံးသွဲ့သွဲ့ ထင်လာသည်။

မနေ့က .. ငါးမျှားခဲ့တာကို ပြန်၍သတိရလာဟန်နှင့် စိတ်သည် ကြည်ဆာစပြုလာချေသည်လား မသိ .။ ဒါပေမဲ့ .. သြော် .. ဒါပေမဲ့ .. ချက်ချင်းပင် လှလွန်းအိမ်၏ ရင်ထဲမှာ ကြီးမားသည့် နောင်တက ဖြစ်ထွန်းလာရပေါ့ပြီ .။ မှားပြီ .. ဟု

www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်း မိမိဘာသာ အငြစ်တင်စိတ်ဖြင့် ကိုယ့်ကိုယ်ကိုယ်ပြန်၍ ကျိန်ဆဲမိချိန်မှာ ထကယ့်ကိုပဲ ထိုနောင်တသည် အရမ်းနောက်ကျသွားပြီ ဆိုတာကိုလည်း သိလိုက်ရပါသည်ကောဗေ့ ... ကြာညိုသည် ... မနေ့က ... ဖြစ်ပျက်ခဲ့သည့် ဆိုးဝါးသော အဖြစ်တစ်ခုကို ဆက်တိုက်ကြီး ပြန်၍အမှတ်ရလာချေသည်တကား။ ဟုတ်သည်။ ဆိုးဝါးကြမ်းတမ်းသော အဖြစ် ... ဖမ်းဆီးချုပ်နှောင်ခေါ်ခဲ့သည့်အဖြစ်။

"ဟင် ... ဒီမှာမနေဘူး ... ပြန်မယ် ... ပြန်ကြမယ်လေ ... ဒီမှာ ... မီးလဲမလင်းဘူး ... ချမ်းလဲသိပ်ချမ်းတာပဲ ... သူတို့ကိုလဲ ကြာညိုမသိဘူး ... သူတို့က ... ကြာညိုကို ပါးစပ်ထဲ အဝတ်နဲ့ ဆို့ထားတာ ... ဟိုနေ့က အဝင်းလက်ကိုလဲ ကြိုးနဲ့ချည်ထားသေးတယ် ... ဘာလို့ ... မမလေးက ဒီမှာ နေနေရတာလဲ ... ပြန်ရအောင် ... လာ ... အခုပြန်ကြရအောင် ..."

ဟု လက်ဆွဲခေါ်နေရာမှ အားအင်တွေ ချက်ချင်းကြီး ရှိသွားသည်နှယ် ထရပ် ... အပြင်ထွက်ဖို့ချည်း ခေါ်နေတော့ လှလွန်းအိမ် ထရပ်လိုက်ရပါ၏။ ဒါပေမဲ့ ... တံခါးဝမှာ ဝိတ်ရပ်နေကြပြီး ဖြစ်ပါသည့် ဦးအိုက်အောင်တို့ လေးယောက်ကို စောစောကတည်းက မြင်ထားရပြီမို့ ဤအိမ်ပယ်လေးဆီမှ မထွက်သာနိုင်ပြီ ဆိုတာကိုလည်း အလိုလို သိထားပြီး ဖြစ်နေရသည်ပါပဲ ... ကြာညို ခေါ်နေတာကိုလည်း ဇွတ်ကြီး ပေကပ်၍ ထိုင်နေလျှင်လည်း မဖြစ်ဖြန်သည်မို့ အလိုက်သင့် ထရပ်လိုက်ရသည်က လှလွန်းအိမ်ပါ ... ခေါင်းကတော့ အလျင်အမြန်ကြီး အလုပ်လုပ်

နေရပြီ ... ဤအိမ်လေးဆီမှ ထွက်ခွင့်မရသည့် အစုတ္တ ... အကြမ်းပတမ်းကြီး တားဆီးဆွဲငင်တာမျိုးတွေ ... ထပ်၍လည်း လှလွန်းအိမ်တို့နှင့် ဦးအိုက်အောင်တို့ကြားမှာ မဖြစ်စေချင်တော့ ... ဖြစ်လျှင်လည်း ကြာညို ပို၍ စိတ်တွေ ကယောကယက် ဖြစ်ခဲ့ရှိတော့သည် မဟုတ်ပါလားလေ ...။

"မဟုတ်ဘူး ကြာညို ... မမလေး ပြောတာကို သေချာနားထောင်နော် ... သစ်အော့ခြံအိမ်ကို သွားရင် ... ဒေါက်တာဦးအောင်မင်းက ဆေးထိုးဦးမှာ ... ဦးအုပ်စိုးလဲ ပြန်ရောက်နေတာမဟ်တဲ့ သိလား ... ကြာညို့ကို ထိုးကြိတ်နေတဲ့ ဦးအုပ်စိုးလေ ... သူက ... ကြာညို့ကိုတွေ့ရင် ထိုးနေဦးမှာ ..."

ဟု ပြောတော့ ကြာညို တစ်ချက် ငြိမ်ကျသွားသည်။

စိတ်ညစ်လက်ညစ်ကြီး ဖြစ်သွားပုံဖြင့် မျက်မှောင်ကြီး ကုတ်ကွေးသွားရရင်းမှ အားအင်ကုန်သည့်နှယ် ဖြုတ်ခနဲ ကြမ်းပေါ် ပုံပုံကျထိုင်ချလိုက်ရှာပါ၏။ စိတ်ဓာတ်ညှိုးချုံးကျသွားသည့်နှယ် မျက်ဝန်းဆွဲ မိန်ဖျော့ကျသွားရှာရင်း လှလွန်းအိမ်ကို ကြည့်နေတော့ ရပ်နေရာမှ လှလွန်းအိမ် ကြာညို့ဘေးမှာ ထိုင်ချသည်။ ကြာညို့ ဆံစဆွဲကို သပ်ပေးမိရပါ၏။ စိတ်ထဲမှာ ကြာညိုသည့် ... တကယ်ကိုပဲ ... ကလေးတစ်ယောက်နှယ်ပင် လှလွန်းအိမ် ခံစားရသည်ပါပဲ ...။ ကရုဏာစိတ်သည် ရင်မှာဖြစ်ပေါ်လာခဲ့ရသည်မှာ ... ကြာညို့ကို ငှက်ဝါလေးနှင့် အတူတွေ့ရစဉ်ကတည်း မဟုတ်ပါလားလေ ...။

ခုလည်း ... ကြာညို့ ဆံစလေးတွေကို ဖွဖွလေးသပ်ပေးနေမိရသည်က ခြောက်တန်းကျောင်းသားလေး တစ်ယောက်ကို ဖျောင်းဖျနှစ်သိမ့်ဖို့ ကြိုးစားနေမိရပါသည့် ခံစမကြိုးတစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ဖ၏ ခံစားမှုမျိုးဖြင့်ပါ ။ တကယ်တမ်းမှာဖြင့် .. ကြာသည် လှလွန်းအိမ် ထက်ပင် အသက်အားဖြင့် ကြီးသည်ပါပဲ ။ ဒါထဲမှဲ့ .. ကြာညို စိတ်တွေက လူလားမြောက်သည့် ကြာအဖြစ်မှ မရှိချေသည်ပဲလေ ..။

"လောလောဆယ် ဒီမှာ ခဏနေလိုက်ကြရအောင်လား ကြာညို .. နော် .. ဘိုးဘိုးလဲ .. ဒီကို လိုက်လာလိမ့်မယ် ကြာညို့ရဲ့ .. ဘိုးဘိုးကို ဒီကစောင့်ကြရင် မကောင်းဘူးလား .."

ဟု အားယူပြီး၍ ပြောတော့ ကြာညို၏ မျက်နှာဝန်းတွေက လှလွန်းအိမ်၏ မျက်နှာလေးထက်မှာ အတန်ကြာတန် နေသည်။

"ဟင့်အင်း .. မကောင်းဘူး .. သူတို့က .. ကြာညို့ကို ပါးစပ်ထဲ အဝတ်ကြီး ဆို့ထားတာ .. မမလေးကိုလဲ အတင်း ပါးစပ်ထဲ အဝတ်ကြီး ဆို့ထားတာ .. ဒီမှာတော့ မီးလဲ မလင်းဘူး .."

ဟု ခေါင်းခါ၍ ခစ်လေးလေး ပြောသည်။ နောက် ခေါင်းကိုမတ်၍ လှလွန်းအိမ်ကို ကြည့်လာပါ၏။ ဘေးနှာခေါင်းကိုလည်း ဝေ့ဝဲ၍ကြည့်သည်။ ပြောမည့်စကားကို ဒေါ်ခမ်းမွန်ရော အိုအောင်တို့ရော မကြားစေချင်သည့် အချိုးဖြင့် လေသံကိုနှိမ့်၍

"ကြာညိုတို့ .. ဦးဆုပ်ရှိတဲ့ နေရာကိုလဲ မပြန်ဘူး ခေါက်တာကြီးရှိတဲ့ နေရာကိုလဲ မပြန်ဘူး .. ဒီမှာ မနေဘူး .. တိတ်တိတ်လေး .. တခြားကို သွားနေကြအောင် .."

ဟု လေသံကို နှိမ့်၍ နှိမ့်၍ ပြောနေတော့ လှလွန်းအိမ်မှာ လှုပ်လည်ကြီးလုပ်၍ ငြီးငွေ့နေပုံလေးကိုကြည့်ကာ သနားလည်း သနား၏ ..။ ရင်ထဲလည်း ဆို့ရနှင့် ရှိနေရသည်။ ပြီးတော့ .. စိတ်ညစ်နေသည့် ကြားထဲမှ .. ပြုံးလည်း ပြုံးချင်ရနှင့် ဖြစ်သွားရသည်ပါပဲ ..။ လှလွန်းအိမ်ကလည်း အလိုက်သင့်လေသံကိုနှိမ့်၍ ..

"အင်း .. ကောင်းတယ် .. အဲသလို လုပ်ကြမယ်လေ .. သူတို့မကြားကြဘူး သိလား .. ခု .. လှလွန်းအိမ်တို့ပြောနေကြတာကို .. သူတို့ကြားရဲ့ မကြားဘူး .. သိလဲမသိကြဘူး .. ဒီတော့ .. လှလွန်းအိမ်ရော .. ကြာညိုရော .. အားရှိကြဖို့လိုတာပေါ့လေ .. ထမင်းများများစားကြမယ် .. များများ .. အိပ်ကြမယ် .. ကောင်းကောင်းစားမယ် .. အိပ်မယ် .. ပြီးရင် .. အားရှိတဲ့ အခါကျတော့ .. သူတို့ မသိအောင် ပြေးကြမယ် သိလား .. မမလေးတို့ရဲ့ .. အိမ်ကြီးကိုတော့ .."

ဟု အလွန်တရာကိုမှ အရေးတကြီးနိုင်သော လျှို့ဝှက်မှုကြီး တစ်ခုကို နှစ်ကိုယ်ကြားပြောသည့်နှယ် ပြောတော့ ကြာညို စိတ်ထဲ ကြည်လင်လာပုံရသည်။ အနည်းငယ် ပြုံးလာ၏။ ခေါင်းကိုလည်း စိတ်ပါလက်ပါကြီး ညိတ်ပြသည်။ အတဲခတ်ဆလိုလည်း ဒေါ်ခမ်းမွန်ကိုရော ဦးဆိုက်အောင်တို့ အုပ်စုကိုရော လှမ်းကြည့်သေးသည်။ မနစ်မမြို့ကြီး ကြည့်မှန်းလည်း အရမ်းကို သိသာနေသည်ပါပဲ ..။ လောလောဆယ် ကြာညို ငြိမ်သွားတာကိုပဲ လိုချင်သည့် ဒေါ်ခမ်းမွန်တို့ အားလုံးကလည်း .. ခပ်မဆိတ် လှမ်းကြည့် ငြိမ်သက်နေကြပါသည့် အဖြစ် ..။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် .. မမလေးက နေသိပ်မကောင်းဘူး ထင်တယ် .. မနေ့က .. ဖျားပြီး အကြောကြီး အိပ်နေတာလေ .."

ဟု ပြောရပါ၏။ နောက်တော့လည်း တူညီသော ကြေစည်ဖွတ်ခုအောက်ဝယ် စိတ်ဝမ်းလက်ညိုကြီး လှို့ဝှက်စွာ၌ နေသည့်ဝုမ်းဖြင့် လေသံကိုနှိမ့်၍ ..

"ဒါဆို .. မမလေး .. ထမင်းများများစားနော် .. မုန့်တွေလဲ များများစား .. ကြာညိုလဲ စားမယ် .. ကောင်းကောင်းလဲ အိပ်မယ် .. လာ .. အခု .. ဟိုမှာ မုန့်တွေရှိနေသေးတယ် .. ကုန်အောင်စားလိုက်ကြရအောင် .. အကုန်စားပစ်မယ်လေ .. သူတို့အတွက် မကျန်စေနဲ့ .. သိလား .. သူတို့ငတ်မှ .. ကောင်းမှာ .."

စောစောက စိတ်တွေ အရမ်းကို ကစဉ့်ကလျားကြီး ဖြစ်သမျှ .. ချက်ချင်းကြီး စိတ်အာရုံ အပြောင်းကြီး ပြောင်းကျသွားရလျက် .. ဤအိမ်ငယ်လေးဆီမှ ထွက်ခွာလိုချင်စောတည်း ဟူသော စိတ်အစဉ်သာ အလွမ်းမိုးကြီး လွှမ်းမိုးသွားရပြန်ချေသည်မို့ .. ကြာညိုသည် လှလွန်းအိမ်၏ လက်လေးကို သူကပဲ ဦးအောင် လက်ဆွဲခေါ်ခဲ့လျက် တကယ့်ကိုပဲ ဝရန်တာနေရာလေးမှာ ပြန်ထိုင် .. ကော်ဖီတွေ တစ်ခွက်ပြီးတစ်ခွက် သူလည်း သောက် .. လှလွန်းအိမ်ကိုလည်း တစ်ခွက်ပြီးတစ်ခွက် ငဲ့ငဲ့လောင်းထည့်ပေးနှင့် ရှိသွား၏ .. ချထားသမျှ ဘီစကစ်မုန့်တွေလည်း သူလည်းစား .. လှလွန်းအိမ်ကိုလည်း ယူယူပေးနှင့် ရှိသွားရှာပြန်ပါ၏။ စောစောက .. သွေးပျက်ချောက်ချားသည့် ကြာညိုမဟုတ်တော့သည့်နယ် ဖြစ်သွားရပြန်ချေသည်တကား ..။

"ကုန်ပြီ .. လာ .. မမလေးလဲ အိပ်တော့ .. ကြာညိုလဲ .. အိပ်မယ် .."

ဟု ပြောကာ ညှင်ခန်းငယ်လေးဆီသို့ ပြန်လာပါသည့် ကြာညိုသည် .. လှလွန်းအိမ်၏ အိပ်ရာဘေးမှာ သီးသန့် ခင်းထားပေးပါသော အိပ်ရာလေးထက်၌ အရင်ဝင်၍ ခွေအိပ် .။ လှလွန်းအိမ်ကိုလည်း လှမ်းကြည့်ကာ ..

"မမလေး .. အိပ်တော့ .. အားရှိအောင် .."

ဟု လှလွန်းအိမ်၏ အိပ်ရာလေးကို လက်ညှိုးထိုး၍ တပြောတည်း ပြောနေတော့ တကယ်ပဲ လှလွန်းအိမ် ကိုယ့် အိပ်ရာလေးထက်မှာ ခပ်ခွေခွေလေး ဝင်လဲလိုက်ရသည်ပါပဲ ..။

မနေ့ကတည်းက .. ကြာညိုသည် မျက်နှာစိမ်းတွေ အကြားမှာ ဘယ်လိုမှ .. လှလွန်းအိမ်ကို မခွဲဘဲ ဘေးမှတကပ် ဘည်း ကပ်၍နေသည်မို့ .။ ဒေါ်ခမ်းမွန် ခမျာ .. လှလွန်းအိမ်၏ အိပ်ရာဘေးဘက် ခပ်လှမ်းလှမ်း နေရာလေးမှာ ကြာညိုအတွက် အိပ်ရာခင်းပေးမှ ကြာညို အိပ်ခဲ့သည်လေ ..။

လှလွန်းအိမ် သက်ပြင်းလေး ရှိုက်မိရလျက် ဒေါ်ခမ်းမွန်ကို လှမ်းကြည့်တော့ တည်ငြိမ်စွာ မျက်တောင်မခတ်ကြီး ငေးကြည့်နေသည့် မျက်ဝန်းနှင့် သည်။

ဒေါ်ခမ်းမွန်ကလည်း .. ဆံဝင်ရှည်နက်နက်ကြီးနှင့် အလွန်ကျက်သရေရှိရှိ လှလွန်းပါသည့် လှလွန်းအိမ် ဆိုသည့် ဦးနှောက်ကလေးကို ငေးစိုက်ကြည့်နေဆဲ ..။

မနှန်းကျော့က ပြောပြသည်လေ .။ ထိုမိန်းကလေးသည် စာရေးဆရာမလေးလည်း ဖြစ်သည်တဲ့ .။ အလွန်လည်း

www.burmeseclassic.com

www.burmeseclassic.com

ချောသည်တဲ့ ... မမြင်ရလို့ခင်ကတည်းက ကြားသိခဲ့ရသောသ
စကား ...။

ခုကျတော့လည်း ... အသားဖြူဥဉ့ နုဖန့်ဖန့် ဝ
ပြည်လေးနှင့် ရှိလိုက်ပါသည့် မိန်းကလေး။ ကိုယ်ဟန်လေးပေ
နဲ့ ကြေးစင်သလောက် စိတ်ဓာတ်အရာကျတော့လည်း တည်
ခေါင်းမာလွန်းပါသည့် အသွင်နှင့် ရှိလိုက်ပါသည့် မိန်းကလေ
မျက်ခုံးနက်မောင်မောင်လေးနှင့် မျက်တောင်ရှည်လျားလျား
တွေကို ပိုင်ဆိုင်ပါသော ကောင်မလေး၏ မျက်ဝန်းလေး
ဝန်းစက်ရွန်းလဲ့နေကြသည်နှင့်အမျှ ... ခေါင်းမာသော အရိပ်
တွေလည်း ထိုမျက်ဝန်းလေးတွေမှာ ရှာဖွေတွေ့နိုင်သည့်နယ်
အေးချမ်းသိမ်မွေ့သော ရင်တွင်းခံစားမှုမျက်
လှလှလေးတွေမှာ ရှာဖွေတွေ့မြင်နိုင်သည်ပါပဲ ...။ နှာတံ
ထင်းနေလျက် နူစာခမ်းရဲရဲလေးနှင့် မိန်းကလေး ...။

အကြောမျှင်စိမ်းနေ ... ပြာရွှင်မျှင်လေးတွေ ရိ
ထင်လုအောင် နုဖန့်ဖန့် ဣန္ဒိမိန်းကလေးသည် ခေါင်းမာစွာ
စောစောလေးကပဲ ခေါခမ်းမွန်ကို ပြောခဲ့သည်လေ ...။ သက်
ဟုတ်သည် ...။ ကြေညို့ကို ထိန်းခဲ့သော အထိန်းအဖြစ် မည်
သက်သေကို ပြမည်ဆိုလဲ ... ဆိုသည့် ခေါင်းမာမာဖြင့် လှမ်း
ပြောလာသည့် ပြတ်သားသောစကား ...။ ထိုစကားကို ... ခေါ
မွန် ရင်ထဲ စူးနေအောင် ခံစားရင်း ... မှတ်မှတ်ထင်ထင် ရှိ
ပါသည့်အဖြစ် ...။

"မင်းကို ... ငါ ... မကြာမတင်မှာပဲ ... ခိုင်မာတဲ့သက်
တစ်ခုကို ... ပြနိုင်မယ်လို့ ယုံကြည်ထားတယ် မိန်းက

ငါ့ရဲ့ ... ရင်ထဲမှာ မြဲတည်ဖန်တဲ့ ကြာညို့ အပေါ်ထားရှိ
တဲ့ မေတ္တာတရားကြောင့် ... အဲဒီသက်သေဟာ ... ခိုင်ခိုင်
မာမာကြီး ... အမှန်တရား တစ်ခုအတွက် ... ရုပ်တည်ပြသ
နိုင်လိမ့်မယ် ဆိုတာကိုလဲ ... ငါ ယုံကြည်တယ် ... ကြာညို
ဟာ ... ငါ့ကို မမှတ်မိအားလို့ ပြောထားခဲ့တယ် မဟုတ်
လား ... ဟုတ်တယ် ... သူ ... လောလောဆယ်မှာ ဘယ်
မှတ်မိနိုင်ပါ့မလဲ ... သူ သိမြင်ခဲ့တဲ့ ... ခမ်းမွန် ဆိုတာက
အကြိမ်များစွာမှာ ... အချိန်များစွာမှာ ... ကာလများစွာ
မှာ ကျန်ခဲ့တဲ့ခမ်းမွန်ဟာ ... အခု ... သူ ... နှစ်ဆယ့်ငါးနှစ်
သားအရွယ်မှာ ... အရင် ခမ်းမွန် အနေနဲ့ ... ဘယ်လို ...
ထပ်တူထပ်မျှ ... ရှိနေနိုင်ပါ့မလဲ ..."

ဟု တည်ငြိမ်ရင့်ကျက်လွန်းစွာ လှမ်းပြောလာသည့်
ခေါခမ်းမွန်၏ မျက်ဝန်းများတွင် တုံ့ပြန်၍ သတ္တိရှိစွာ ကြည့်လာ
သည့် အကြည့်တွေ ပြည့်သိပ်လာနေကြပါ၏။ အစစ ... ဆုံးဖြတ်
ထားသူ တစ်ယောက်၏ ပြတ်သားတည်ငြိမ်နေသော အကြည့် ...။
အဖြေတစ်ခုကို ... မကြာမလင့်မီမှာ ... ခိုင်မာစွာ ပြသနိုင်တော့မည့်
သူတစ်ယောက်နယ် တည်ငြိမ်ရင့်ကျက်ခြင်းများဖြင့် အစစ စိတ်ချ
လက်ချကြီး ရှိပြီးသူ တစ်ယောက်နယ် ရှိနေပါသည့် ခေါခမ်းမွန် ...။

ခေါခမ်းမွန်၏ နူတ်ခမ်းဆီမှ ... အပြုံးတစ်ခုသည်
ဖျတ်ခနဲ ပွင့်ကျလာ၏။

နောက်တော့ ... အတွင်းခန်းဘက်ဆီသို့ ခြေလှမ်း
မှန်မှန်ဖြင့် ဝင်ရောက်ပျောက်ကွယ်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com

လှလွန်းအိမ် ကြာညို့ကို ထိုအခါမှ သတိရလာ
ကြည့်လိုက်တော့ တွေးကွေးလေး အိပ်နေပြီ ..။

တံခါးပေါက်ဆီသို့ ကြည့်လိုက်တော့လည်း ပိတ်
နေသည့် အိုက်အောင်နှင့် ဦးအိုက်ရီ ..။

ဝရုန်တာနေရာမှာ ခြေဆန့်၍ ထိုင်နေသည့် ဦးအို
လုံနှင့် ဦးအိုက်ကျောင်း ..။

ဤအိမ်ငယ်လေးဆီမှ .. ကြာညို့ လက်ကိုဆွဲ
ထွက်ပြေးလွှတ်မြောက်ဖို့ဆိုတာ .. စိတ်ကူးထဲမှာသာလျှင် ရှိနေ
စွမ်းသည့် အရာဆိုတာ .. စိတ်လက်ညှစ်လျက် .. စိတ်ဓာတ်
ဆင်းခြင်းနှင့်အတူ .. လှလွန်းအိမ် နားလည်လာနေရပြန်သည်
ပဲလေ ..။

အခန်း(၁၅)

တကယ်တမ်းကျတော့ လှလွန်းအိမ် ဘယ်နယ်လုပ်
ဘယ်လောနှင်ပါမည်တဲ့လဲလေ ..။

ခုမှ .. မနက်အိပ်ရာထ .. မနက်စာကော်ဖီသောက်
ခိုင်းလေးပဲ ရှိသေးသည့်အဖြစ် .. နောက်တစ်ခေါက် ပြန်အိပ်
ချိန်မို့ ဆိုတာကြီးကတော့ မျက်စိကိုက ကျယ်နေပြီ .. ဒွတ်
ကောင်းကြီး ပြန်အိပ်ပျော်အောင် လုပ်ယူ၍လည်း ရနိုင်သည့်ကိစ္စ
တော် ..။

ကြာညို့ကတော့ အိပ်ပျော်နေပြီ .. ဒါကလည်း ..
ကောက အရမ်းကို စိတ်လှုပ်ရှားရလွန်းခဲ့သည်မို့ .. စိတ်ပင်
လွန်းရှိနှင့်ကြောင့် ပြန်အိပ်ပျော်သွားတာပဲ ဖြစ်နိုင်သည်။ ကြာညို့
ကိုကို ငေးကြည့်ရင်း လှလွန်းအိမ် မွေ့ရာလေးထက်မှာ
သည်ချိတ် ထိုင်နေမိရဟန်။ မျက်ခုံးထူကြီးက .. ပို၍ ထင်း
နေသည်ပါပဲ .. အိပ်ပျော်နေတော့လည်း .. တကယ့်ကို
ခြိုက်မြိုက်မြိုက် ရှိလှသည့် အဖြစ် .. အသက်နှစ်ဆယ့်ငါး
ရွယ် ကြာညိုသည် ခုလို အိပ်မောကျနေချိန်မှာပင် .. အရမ်း

www.burmeseclassic.com

www.burmeseclassic.com

ကို အပြစ်ကင်းစင်သော အရိပ်လေးတွေပဲ မျက်နှာပြင်ထက်မှာ မြင်နေရသည် ..။ နလုံးအိမ် ဖြူစင်တော့လည်း ရုပ်အဆင်းသည် ဖြူစင်ရွှင်သန့်နေချေသည်သာတည့် ..။

"သူများရိုက်တာကိုခံရ .. သူများကို ကြောက်ရန့် ရှိခဲ့ရှာတာ .. အင်း .. ဘာပဲဖြစ်ဖြစ် .. ဟိုမှာနေနေရတာ ထက်စာရင် ဒီနေရာလေးမှာက .. သူ့ကို ရိုက်မောင်းပုတ်မောင်းလုပ်တာ မခံရပဲ ရှိနေရသလိုပါပဲလား .. ဟိုမှာက .. ငါလုံးဝမသက်သာနိုင်တဲ့ ဒေါက်တာအောင်မင်း ဆိုတာကြီးက ရှိနေသေးတာ .. သူလဲ .. ကြာညိုတို့ ရိုက်နိုင်တာပဲ .. ဆေးတွေလဲ .. ပိုဆိုးအောင် ထိုးနေတာလား မသိ .."

ဟု တွေးနေမိရာမှ သက်ပြင်းငွေ့ငွေ့ ချမိသည်။

ဦးဘုန်းရှိန်သာတို့ ဘက်ကလည်း ဘာတွေဖြစ်နေ တုန်းကြည့်ပြီမသိ ..။ တကယ့်ကို မရိုးသားသူဆိုလျှင်ဖြင့် .. ကြာညို ပျောက်ဆုံးနေခြင်းသည် ရတနာတွေ ပျောက်ဆုံးနေခြင်းနှင့် အတူတူပဲ ဖြစ်နေသည်မို့ .. ဦးဘုန်းရှိန်သာ အတွက် အနှိုင်းမဲ့ဆုံးရှုံးမှုကြီးတစ်ရပ်အဖြစ်များ ရှိနေချေမည်သာဘာ ..။ ဒါဆိုလျှင် .. ဦးဘုန်းရှိန် တစ်ယောက် .. အရှမ်းကို ဆောက်တည်ရာမရ ဖြစ်နေနိုင်သည်တည့် ..။ ဘုဘဦးဘုန်းရှိန်သာသည် .. ကြာညို အပေါ် အရှမ်းကို သဲယောင်ခြေကြီးသည် ဆိုလျှင်ဖြင့် .. ရင်ကိုမီးမြိုက်နေလောက်ဖြီ ..။ ကြာညို့ အတွက် အလွန်အမင်း စိုးရိမ်ကာ .. ရဲစခန်းတွင် တိုင်ချက်တွေ ဘာတွေပင် ဖွင့်နေနိုင်သည်။

ဒါပေမဲ့ .. ခက်သည်ကား .. ကြာညိုနှင့် ပတ်သက်နေသူတို့၏ ရင်ထဲမှာ ဘာတွေ အစစ်အမှန် ရှိနေကြသည်ဆိုတာ

လွန်းအိမ် ပီပီဖြင့်ပြင် မသိနိုင်စွမ်းသေး ..။ ဘဘဦးဘုန်းသည် တကယ်ပဲ ကြာညို့ကို သဲယောင်ခြေကြီးနေခြင်းလား။ တွေအတွက် .. ကြည်ရွှင်စောင့်ရှောက်နေခြင်းများပေလား။ .. သိနိုင်စွမ်းသုဟ္ဒ၍ လေလေဆယ်မှာ .. ကာယကံရှင် ဦးဘုန်းရှိန်သာပဲ ရှိသည်။

ထို့နှယ်ပင် ဘာတွေးသေးသည်လဲလေ ..။ ကြာညို .. အထိန်းတစ်ယောက် အနေဖြင့် သဲယောင်ခြေကြီး၍ နေခြင်းလား ..။

ဒါမှမဟုတ် .. ရတနာတော .. လောဘအောကြောင့် ဆိုတာကိုလည်း နေခမ်းမွန် ကိုယ်တိုင်ပဲ အသေအချာသိနေသည်သာ ..။ လောလောဆယ်မှာကဖြင့် .. နေခမ်းမွန်နှင့် အတူပါလာကြသူ ဦးအိုက်အောင်တို့ လေးယောက်တို့သည်ပင် လွှဲလွန်းအိမ်နှင့် ကြာညို့ အပေါ် မျက်ခြည်မပြတ်အောင် ကြည့်နေကြသည်က တက်ညီလက်ညီကြီးပါ ..။ ဒါပေမဲ့ .. အခု ဒီမင်ယ်လေးကို ရောက်လာချိန်မှစ၍ .. လွှဲလွန်းအိမ်ကိုရော .. ကြာညို့ကိုပါ .. နောက်အောင် ဆက်ဆံတာမျိုး မရှိခဲ့သေး ..။ လည်း .. ဘယ်လောက်ကြာအောင် ခံမည်ထော့ မသိရ ..။ စိတ်ချင်း အခန့်မသင့်အောင် ကြာညိုကပဲဖြစ်ဖြစ် .. လွန်းအိမ်ကပဲဖြစ်ဖြစ် .. ဒါမှမဟုတ် .. ကြာညိုနှင့် လွှဲလွန်းတို့ နှစ်ယောက်စလုံးကပဲဖြစ်ဖြစ် .. သူတို့အပေါ် .. တုံ့ပြန်ဆံလိုက်ချေလျှင် .. သူတို့ဘက်ကလည်း ကြမ်းကြမ်းတမ်းကြီး ပြန်၍ ဆက်ဆံလာနိုင်သည် ..။ နေခမ်းမွန်တို့ အပေါ် တွက်ထား၍ မရ ..။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို မနိုးအောင် ကြမ်းပြင်မှာ ခြေကိုပွတ်ပွတ်နင်း၍
တာဆောင် နေရာလေးဆီသို့ ပြန်ထွက်လာခဲ့မိရပါ၏။ လော
ဆယ်မှာတော့ မိုးမရွာသေး ..။

လှမ်းလင့်မြင်ရာ တောင်တန်းညိုညိုဆီမှာတော့ဖြင့်
ကတော့ ဆင်နေသည်။ ခဲသားပုပ်ရောင် မိုးသားတို့သည်
တောင်တန်းများဆီမှ တပြန့်တလွှားကြီး ဖြန့်ကျက်ဆီးမိုးထား
သည်နယ် ရှိလင့်၏။

ကျတ်ခနဲ လှလွန်းအိမ် စုတ်သပ်ညည်းမိရပါပြီ ..။
"ဒီလို မိုးလေမကင်းနိုင်ဆေးတဲ့ အချိန်မှာ .. ငါတို့ ဘယ်
လိုမှ ထွက်ပြေးလို့ မဖြစ်နိုင်ဘူး .. လမ်းကမသိ .. မိုးထဲ
ရေထဲ ပြေးရဦးမှာဆိုတော့ .. ပိုဆိုးမယ် .."

ဟု ရင်ထဲမှာ မောကျနေရင်း ညည်းနေမိရသည်က
လှလွန်းအိမ်ပါ ..။

တစ်ယောကိတည်း အတွေးများဖြင့် နစ်နေရာမှ
လှလွန်းအိမ် ကိုယ့်အဖြစ်ကိုပြန်၍ တစ်ချက်သတောကျသည်နယ်
သဲ့သဲ့မျှ ပြုံးမိရပြန်ပါပြီ ..။ ဟုတ်နေသေးသည့် အဖြစ် ..။ စာမူ
စစ်ပုဒ်ကိုရေးဖို့ လွှဲခင်းသားသို့ ရောက်ခဲ့သည့် လှလွန်းအိမ် ..။
ကတော့ .. သူစိမ်းတို့နှင့်အတူ .. တသီးတခြားစီ ရပ်တည်နေ
သူများ အဖြစ်ဖြင့် စိတ်ဝမ်းလက်မည .. တစ်ယောက် ခြေလှမ်း
တစ်ယောက်ကြည့်နေရသည့် ဘဝမျိုးဖြင့် ရောက်နေရပါသည့်
အဖြစ်။ စာမူကို ရေးဖို့နေနေသာသာ .. ကိုယ့်လွတ်မြောက်ရာကို
ခင်းမီးတောက်အောင် စဉ်းစားနေရပါသည့် အခြေပါတကား ..။

"မမလေး .."

"ငါတို့ ဒီကထွက်ပြေးတယ် ဆိုရင်တော့ .. တကယ်
လွတ်မြောက်နိုင်မှ ဖြစ်မှာ .. ငါတို့နှစ်ယောက်ရဲ့ ပြေးလမ်း
ကို သူတို့ဘက်က .. လှုပ်ါးယောက်အားနဲ့ လိုက်နိုင်တယ်
ဆိုတော့ .. ပြန်မိလိုက်တာနဲ့ .. ငါတို့ကို .. လုံးဝ .. ပိုင်
တင်းတင်းကျပ်ကျပ် ဆက်ဆံလာနိုင်တယ် .. ရိုက်ပေး
ပုတ်ပေါင်း လုပ်လာနိုင်တယ် .."

ဟူ၍လည်း ကြိုတင်၍ ဖြစ်လာနိုင်မည့် အန္တရာယ်
ကို တွေးထားရသည်က လှလွန်းအိမ်ပါ ..။ ကိုယ့်အတွက်ရော
ကြာညို့ အတွက်ရော .. လွတ်မြောက်အောင် ကြိုးစားနိုင်သူ
၍ .. လှလွန်းအိမ် တစ်ယောက်တည်းပဲ ရှိသည်လေ ..။ ကို
လွတ်မြောက်ဖို့ အတွက်ရော .. ကြာညို့ကိုပါ တစ်ပါတည်း
သွားနိုင်ဖို့ရော .. ကြံရည်ဖန်ရည်နှင့် ကြိုးစားယူနိုင်ဖို့ဆိုက
လည်း .. အသိဉာဏ်ရည်ရှိသည့် .. လှလွန်းအိမ် တစ်ယော
တည်းသာပဲ အားကိုးရာ ပြန်ဖြစ်နေရပါသည့်အခြေ ..။ အတွေ
များဖြင့် ယောက်ယက်ခတ်နေရပေမယ့် လှလွန်းအိမ်၏ ဟန်
ကတော့ ပကတိ တည်တည်ငြိမ်ငြိမ်လေးဖြင့် ငြိမ်ကျနေပါ၏
ကိုယ့်ဘက်က .. ဂနာမငြိမ် ဖြစ်နေလျှင် ဒေါ်ခမ်းမွန်တို့ဘက်က
ကိုယ့်ကိုပို၍ အနိုင်ပိုင်း ခြိမ်းခြောက်နေနိုင်သည်လေ ..။ ဒီထိတော့
အဖြစ်မခံနိုင် ..။ ဒေါ်ခမ်းမွန်တို့ကို မကြောက် .. ဆိုသည့်ဟန်
လေးဖြင့်လည်း နေပြရသည်။ လုံးဝအရေးမစိုက် .. ဆိုတာမျိုး
ကြီး အထိလည်း ဂျစ်ကန်ကန် မလုပ်ပြသင့်တာကိုလည်း သတိ
ထားရသည်။ ဘာကြောင့်ဆို .. လှလွန်းအိမ်တို့ ထွက်ပြေးရဲသည်
အထိ သတ္တိရှိနေနိုင်သည် ဆိုတာမျိုးကို ဒေါ်ခမ်းမွန်၏ အတွေ
ထဲမှာ ရောက်မနေဖို့လည်း အရေးကြီးပြန်သေးသည်လေ ..။

www.burmeseclassic.com

www.burmeseclassic.com

ခေါသံကြောင့် လှည့်ကြည့်မိတော့ ကြာညို စိတ်ပင်ပန်းရှိန်ဖြင့် အိပ်မောကျနေရာမှ ကြာညို နိုးလာပြန်ပြီထောလေ။ အိပ်ချိန်သည် တစ်နာရီနိုးပါးမျှတော့ ကြာမည် လှုပ်လွန်းအိမ်သည်ပင်။ ဤဝရန်တာ နေရာလေးမှာ ရပ်နေရင်း ဝါးလက်ရန်းလေးထက်မှာ လက်တွေကို ဖေးတင်ရင်း ရှိနေခဲ့တာ တစ်နာရီနှား နိုးချေသည် မဟုတ်ပါလား။ ဘာမျှလုပ်၍ မနိုင်သေးသည့် အတူတူ။ ဘယ်သူ. ဘယ်သူနှင့်မှလည်း စကား စမြည် ပြောချင်စိတ် မရှိသည်မို့။ ခုလို တစ်ယောက်တည်း ငြိ ညောင်းနေမှန်း မသိနိုင်လောက်အောင်ပင် ရပ်နေမိရပါ၏။

"ဗိုက်ဆာတယ် မမလေးရ"

ဟု ကြာညို မျက်စိကို လက်ဖမိုးဖြင့်ပွတ်ရင်း ပြော လာသည်။ ကြည့်ရတာ ပြန်ဆာလာသည်မို့ နိုးလာခဲ့ဟန်တူ သည်ပါပဲ။ ထိုအခိုက် တစ်ချိန်လုံး လူရိပ်ပင် မမြင်ရလောက် အောင် လုံးဝကြီး အခန်းထဲ ရောက်နေခဲ့ပါလေသော ဒေါ်ခမ်းမွန် မှ အခန်းထဲက ပြန်ထွက်လာခဲ့ပါချေသည်။ ကြာညို့ဘက် ကိုယ်လေးပြန်လှည့်၍ ကြည့်နေရသည်မို့လည်း အရှမ်းကို ပြောင် လဲသွားသော အဖြစ်တစ်ခုကို အံ့သြမှင်တက်စွာ လှလွန်းအိမ် အနေးကြီး ငေးကြည့်မိရပါပြီ။ ဒေါ်ခမ်းမွန်သည် အခြားသော ဒေါ်ခမ်းမွန် တစ်ယောက် ဖြစ်နေသည်။

ဟုတ်သည်။ အခြားသော သွင်ဟန်သဏ္ဌာန်ဖြင့် တစ်ယောက်။ ထူထဲနက်မှောင်သော ဆံပင်တို့သည် စောစောကနှယ် ဆံထုံးအက်အက်ကြီးဖြင့် မဟုတ်တော့ပြီ။ ဆံတောက် ဖားဖားကြီးမှာ နက်မှောင်နေကြလျက်။ နောက်ဧမကျစတ

ဆုံးထားသော ဆံထုံးမှာလည်း စံပယ်ပန်းခက်လေးတွေ ပန် ထားသည်။ ပါးပြင်နှစ်ဖက်မှာ သနပ်ခါးပါးကွက်က ဝင်းစင် နေတင်နေ၏။ ကိုယ်ဟန်ပါးပါးလျားလျားမှာ ပွနေသော အင်္ကျီကြောင့် အတန်မျှ ဇလာသည်နှယ် ရှိနေသည်။ ဘာပဲဖြစ် စေ ဒေါ်ခမ်းမွန်သည် များစွာကို ငယ်ရွယ်နုပျိုသော သူတစ် ယောက်ဖြစ်သွားစေသည်တည်း။ ချည်ထည်ပွင့်ရိုက်ထဘီဝါဝါ ရောင် ကွက်စိပ်လေးဖြင့် ရှိပါလေသည့် လက်စကအင်္ကျီပွပွ ကြည့်နေသော မျက်ဝန်းစင်စင် လက်လက်လေးများ လုံးကို လှလွန်းအိမ် မှင်တက်ကြည့်နေမိရဆဲ။ ဘာကြောင့် ခုလို ဒေါ်ခမ်းမွန်သည် ဆံထုံးဆံထောက်ဖားဖားပုံမျိုး အောင် ဆံပင်များကို ဖြတ်ချွန်ရပါသတဲ့လဲ။ စောစောက အခန်းတွင်းဆီသို့ ဒေါ်ခမ်းမွန် ဝင်ရောက်သွားခဲ့သည်။ လုံးဝ ထွက်လာသေး။ ခု ထွက်လာသည့်အခါကျတော့ လွန်တရာကိုမှ မြင်ကွင်းက ပြောင်းလဲနေခဲ့ပြီ။ ဒေါ်ခမ်းမွန် သည် အသက်နှစ်ဆယ်အရွယ် မိန်းမသားတစ်ယောက်နှယ်ပင် နေသေးတော့သည့် အဖြစ်။

"ကြာညို"

ဒေါ်ခမ်းမွန်၏ နှုတ်မှ ကြည်လင်သော လွင်သာသာ အသံလေး ပွင့်ကျလာသည်။

ကြည့်ရတာ ကြာညို နိုးမှ သြော် ကြာညို အောင်ကိုစောင့်၍ ဒေါ်ခမ်းမွန် ထွက်လာခဲ့ဟန်တူသည်။ ကြာညို ကိုယ်ကြီး နောက်ဘက်ဆီသို့ လှည့်သွားသည်။ ဒေါ်ခင်မွန် မြင်တော့ ငေးစိုက်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဆာနေတယ်ပေါ့ .. ဟုတ်လား .."

ဟု မေးခိုက် .. ကြာညို နှုတ်ဆိမ့် ..

"ခေါ်လေးခမ်း .. ခမ်း .. မွန် .."

ဟု ခေါ်သံ ပွင့်ကျလာချေသည်တကား .။ ကြာညို့ မျက်ဝန်းများ မှေးစင်းငိုက်ကျသွားခဲ့ရာမှ .. ဖျတ်ခနဲ ပြန်မော့၍ ခေါ်လိုက်ပါသည်ခေါ်သံ .။ လှလွန်းအိမ်၏ သွေးကြောတွေ နွေးခနဲ ရှိန်းခနဲ ဖြစ်ကုန်ရပါပြီ .။ ဘုရားရေ .။ ကြာညိုသည် .. ကြာညိုသည် ဆံတောက်ဖားဖား .။ ဆံထုံးအက်အက်လေးထက်မှာ စံပယ်တွေ ခွေစိုက်ဖေးတင် ပန်ထားပါသည့် ခေါ်လေး ခေါ်ခမ်းမွန်ကို .. ခေါ်လေးခမ်းမွန်ဟု ခေါ်လိုက်ချေပြီတကား .။ ပါးကွက်ကျားလေးနှင့် .။ အကျီဖားဖားပွပွလေးနှင့် .။ အသက် နှစ်ဆယ် အရွယ်မျှလောက် ထင်ရလောက်အောင် နုနုပျိုပျိုပြန်၍ ဆင်ထားပါသည့် ခေါ်လေး ခေါ်ခမ်းမွန်သည်ရော .။ အို .. ခေါ်ခမ်းမွန်သည်လည်း .. မျက်ရည်များ ပြိုကျလာနေကြချေသည်တကား .။ ကြာညို နှုတ်ဆိမ့် ခေါ်သံပွင့်ကျလာသည်နှင့် ခေါ်ခမ်းမွန်၏ နှုတ်မှ ..

"ကလေးရယ် .. ခေါ်လေးရဲ့ ကြာညိုလေးရယ် .."

ဟုခေါ်လည်းခေါ် .။ ပြေးလာကာ ကြာညို့ကိုယ်ကြီးကို တကယ့် ကလေးလေး ထွေးပိုက်သည့်နယ် မွေ့ပိုက်လိုက်ရှာပါသတည်း .။ ဒါပေမဲ့ .. ကြာညို အရပ်ကြီးက မြင့်နေသည် ခေါ်ခမ်းမွန်၏ ကိုယ်လေးသည် ကြာညို့ ရင်ခွင်မှာပဲ ရှိနေပါ၏ ခေါင်းကိုမော့၍ ကြာညို့ပါးပြင်ကို တကယ့်ကလေးလေးကို ဖေးကိုင်သည့်နယ် တွယုတယ် .. လက်ဖဝါးတွေ ဖေးအပ်ထားရင်းမှ ..

"ဒီလို .. ပြန်ဖြစ်လာပါစေလို့ .. ခေါ်လေးခမ်းမွန် ဆုတောင်းနေမိရတာပါ .. ခေါ်လေး သိတယ် ကြာညို့ .. ဒီလိုပုံစံမျိုးနဲ့ မြင်ရင်ဖြင့် .. ခေါ်လေးကို ပြန်မှတ်မိလာလိမ့်မယ်လို့ .. မျှော်လင့် ယုံကြည်နေမိတယ် .. ဒါကြောင့် .. ဒါကြောင့် .. အခန်းထဲမှာ ငိုနေရင်နဲ့ .. ဒီအတွေးလဲတွေးမိ .. ချက်ချင်းလဲ .. ဒီလို .. ဝတ်စားပြင်ဆင်လိုက်မိရတော့တာပါပဲ .. ခေါ်လေး .. ဆံပင်တွေ အဆုံးရှုံးခံလိုက်ရကိုး နပ်ပကောလား ကြာညိုလေးရယ် .. ကလေး .. ခေါ်လေးကို မှတ်မိနေပြီပေါ့နော် .."

ဟု ပြောလည်းပြော .။ ငိုလည်းငို .။ ခမ်းသာမွန်၍ ရှိုက်သံဖြင့် ရယ်လည်းရယ်နှင့် ရှိသွားရရှာပါသည့် အဖြစ် ..။

ကြာညို .. ကြမ်းပြင်ပေါ် ထိုင်ချတော့လည်း ခေါ်ခမ်းမွန် ဘေးမှလိုက်၍ ထိုင်သည်။ ဆံစတွေကို သပ်ဖြေးသည်။ ဆာစောက. ကြာညို ပြောတာကို ကြားသည့်ပုံဖြင့် မီးဖိုထဲသို့ ပြုံးပြေးသွားသွား ရောက်သွားရှာသည်ကလည်း ခေါ်ခမ်းမွန်ပါ ..။

မကြာလိုက် .။ အင်္ဂေ့ထောင်းထောင်း ထနေသည့် ရေနွေးဖန်ခွက် နှစ်ခွက် ပါလာသည်။ ကြာညို့ကို တရိတရေ .. ချစ်တခင်ဖြင့် .. ကမ်းပေးရှာ၏။ တကယ့်အစေအပါး တစ်ယောက်၏ ရိုကျိုးမှုမျိုးဖြင့်မို .။ လှလွန်းအိမ် ရင်ထဲမှာ ဆို့နေ .။ ခုမှ ကိုယ့်ခြေထောက်တွေ ကြာရှည်မရပ်နိုင်တော့မှန်း သိသည်။ ဝရန်တာလက်ရန်းကို မှေးမှီ၍ ဝရန်တာကြမ်းခင်းပေါ်မှာ ထိုင်ချလိုက်ရင်း ကြာညိုနှင့် ခေါ်ခမ်းမွန် တို့ကိုသာ

www.burmeseclassic.com

www.burmeseclassic.com

"အင်း .. ပစ်မယ် .."

လှလွန်းအိမ် တဖြည်းဖြည်း .. နားလည်စ ပြုလာ ပြီ .။ ဒေါ်ခမ်းမွန်သည် .. ကြာညို၏ စိတ်အစဉ်ကို .. အတိုက် အိမ် .. နေ၍ .. လတ်တလော ကာလသို့တိုင်အောင် တဖြည်း ဖြည်း ငင်၍ ငင်၍ .. ခေါ်နေပြီဟု .။ ဟုတ်သည်။ ဗိုင်းချည်မျှင် ငင်သည့်နယ် .. ငင်၍ .. ငင်၍ .. ပြန်လည်အမှတ်ရစေသည်။ ဆရာဝန်တစ်ယောက် မဟုတ်သော ဒေါ်ခမ်းမွန်သည် .. ကြာညို့ ကိုချစ်သော .. သံယောဇဉ်ကြောင့် .. မှန်မည်ထင်ရာကို တွေးဆ ကာ .. ထိုအတွေးအတိုင်း လုပ်ဆောင်နေမိခြင်းများသည် .. ဆရာဝန် တစ်ယောက်ပင် တစ်ခါတစ်ရံမှာ တွေးမိချင်မှ တွေးမိနိုင်မည့် အရာများ ဖြစ်နေချေသည်တကား .။ ထိုသို့ တွေးဖို့အတွက် .. စိတ်အစဉ်ကို .. ခိုင်းစေနေသည်က .. ကြာညို့အပေါ် ထားရှိဝါသော ချစ်ခြင်းများဖြင့်ဆိုတာ လှလွန်းအိမ် နားလည်နေမိရပါပြီ ..။

လှလွန်းအိမ် ခပ်ဖြည်းဖြည်း ဒေါ်ခမ်းမွန် အနီးသို့ ရွေ့ကပ်လာမိရပါ၏။ ထိုအခါ ဒေါ်ခမ်းမွန်မှ .. လှလွန်းအိမ်ကို သတိပြန်ရလာပုံဖြင့် ကြည့်လည်းကြည့်လာ ..။ ဖြိုးလည်းဖြိုးပြ ပါ၏။ တောင်းပန်သည့်နယ် မျက်နှာလေးညှို့၍ လှလွန်းအိမ် ဒေါ်ခမ်းမွန်ကို ကြည့်နေမိရဆဲပါ ..။ စောစောပိုင်းက .. ဒေါ်ခမ်း မွန် အပေါ် .. မယုံမကြည် ပြောမိခဲ့သမျှ .. ခု .. အမှားကြီး မှားနေသည် ဆိုတာ .. သိနေရချေသည်ကိုးလေ ..။

"လှလွန်းအိမ် .. တောင်းပန်ပါတယ် ဒေါ်လေးရယ် .. ကြာညို့အတွက် .. စိတ်ပူရင်း .. သံသယစိတ်တွေနဲ့ .. ရန်လိုစိတ် .. မချေမငံစိတ်တွေနဲ့ ပြောမိခဲ့ရတာပါ .."

အငေးကြီး ငေးကြည့်နေမိရပါ၏။ ဒေါ်ခမ်းမွန်ကို မယုံမကြည် ပြောမိဆိုမိခဲ့ခြင်းများသည် မျက်နှာပူစရာ .. အားနာဖွယ်စရာ များ ဖြစ်ချေပြီကော .. ဟု နောင်တအဖြစ်ကြီး ဖြစ်ရသည်ထိ လည်း လှလွန်းအိမ်ပါ ..။

"ဒေါ်လေး ဒေါ်ခမ်းမွန်ဟာ .. ကြာညို အထိန်းဆိုတာ တကယ်ပါပဲလား .."

ဟု နားလည်ယုံကြည်သွားမိခဲ့ရပြီးနေပြီ ..။ ကြာညို နွားနို့ကို မှုတ်၍ မှုတ်၍ သောက်နေစော ဒေါ်ခမ်းမွန် ဘေး ဖြိုး၍ တစိမ့်စိမ့်ကြည့်သည်။ ပါးစပ်မှ ယိုစီးကျကျလာတတ်သည့် နို့ရည်ဖြူဖြူတို့ကို လက်သုတ်ပဝါငယ်လေးဖြင့် သုတ်သုတ်ပေး နေသည်။ ကြာညို .. တကယ့်ကို ဆာနေဟန်တူ၏။

"ကြာညိုလေးက .. ဒီလိုပါပဲလေ .. ငယ်တုန်းကတည်းက အိမ်ရာကနိုးရင် အရုမ်းကို .. ဆာတတ်တဲ့ကလေး .."

ဟု တစိမ့်စိမ့် ကြည့်ရင်း ကြည်မွေ့စွာပြုံး၍ ဒေါ်ခမ်း မွန် ပြောနေပုံ၏။ ကိုယ့်ဘာသာကိုယ် ခပ်ညည်းညည်းပြော သည့်နယ် ဖြစ်နေသည်။ လောလောဆယ်မှာ ကြာညိုနှင့် ဒေါ်ခမ် မွန်တို့သာ ရှိနေကြသည့်နယ် ခံစားနေရသည့်အသွင် .။ မျက် တောင်မခတ် တစိမ့်စိမ့် ကြည့်နေမြဲ ..။

တစ်ဖန်ခွက်လုံး နွားနို့တွေ ကုန်စင်အောင် တကျိုက် ကျိုက်သောက်ပြီးမှ ကြာညို ဖန်ခွက်ကို ပြန်ကမ်းပေးသည်။

"တောဘဲတွေ သွားပစ်ဦးမလား ကြာညို .."

ဟု ဖျတ်ခနဲ မေးချစဉ်ခိုက် ကြာညို .. ခေါင်းညိတ် သည်။

www.burmeseclassic.com

www.burmeseclassic.com

ဟု ရင်ထဲမှသာ တောင်းပန်နေမိရဆဲ ..။ နှုတ်ခမ်းလေးတွေ တလှုပ်လှုပ်ဖြင့် .. တောင်းပန်ရမည့် စကားကို ရွာလောက်အောင် .. မျက်နှာပူခြင်းမက ပူနေမိရလေသမျှ မျက်ရည်သာ လည်တက်လာနေရပါပြီ ..။

"လာ .. မိန်းကလေး .. ရော့ .. သောက်လိုက် .."

ဟု ပြောတော့လည်း ကြာညိုမှ ..

"မမလေး ဆာနေပြီ .. သောက်လိုက် .. သောက်လိုက် .."

ဟု ဘေးမှ ပြောလာပါ၏။ လှလွန်းအိမ်၏ လက်ဖျားလေးတွေ တုန်နေသည်။ နွားနို့ခွက်ကို အနိုင်နိုင် လက်ကိုင်ကိုင်းမှကိုင်၍ မသောက်နိုင်ဘဲ လည်ချောင်းတနင်နင်ဖြင့် ရှိနေရပါ၏။

"ဒေါ်လေးလေ .. ကြာညိုတို .. သတိပြုန်ရနေစေ့ချင်တာပဲ ရှိတာပါ .. ကြာညိုဟာ .. လူတစ်လုံး သူတစ်လုံးဖြစ်နေပြီဆိုတဲ့ ဘဝထဲမှာ ရှိနေတာမျိုးကို မြင်ချင်စောကြီးနေတာပါ .. ကလေးရယ် .. တစ်နေ့မှာ .. အဲဒီအရာတွေဟာ .. အားလုံး ဖြစ်လာပါလိမ့်မယ် .. ဖြစ်လာကြပါလိမ့်မယ် .. အဲသလိုဖြစ်အောင် .. ကြိုးစားခွင့် .. ဒေါ်လေး .. ရအောင် .. ခုလို .. ကြာညိုကို .. အကြမ်းပတမ်းကြီး လုငင်ခေါ်ဆောင်လာခဲ့ရတာပါကွယ် .. ဒေါ်လေး .. တစ်နေ့မှာ .. တစ်နေ့မှာ .. ကြာညိုမိဘများဖြစ်တဲ့ .. အစ်ကို ကြီးနဲ့ မမလေးတို့ အဖေါ်မှာ တာဝန်ကျေတဲ့ ခမ်းမွန် အဖြစ် ရောက်ရှိခွင့် ရနိုင်ကောင်းပါရဲ့ ကလေးရယ် .. ရောက်ရှိတန်ကောင်းပါရဲ့ .."

ဟု ဒေါ်ခမ်းမွန် ကြာညိုကိုယ်ကိုဖက်ရင်း .. ငိုလျက် .. ညည်းချိန်မှာ .. ကြာညို မျက်ဝန်းဆီမှလည်း မျက်ရည်များ ကျနေကြပါ၏။ ဒေါ်ခမ်းမွန် ငိုနေသမျှလိုက်၍ မျက်နှာလေး မဲ့မဲ့လာသည်။ လှလွန်းအိမ်ကတော့ နွားနို့ဖန်ခွက်ကို ကြမ်းပြင်တွင် ချိန်ချ။ ဒေါ်ခမ်းမွန်ကို လက်အုပ်လေးချီရင်း ပြောမိခဲ့ရလေသမျှ .. အကုန်းရာ ရောက်ခဲ့လေသမျှ .. တောင်းပန်နေမိရပါ၏။ နှုတ်ဆိမ့် အသံပင် ပွင့်ကျမလာနိုင် ..။ လည်ချောင်းသည် ဆို့နေ၏။ မျက်ရည်သာ ဖြိုင်ကျနေမိရဆဲ ..။ မြင်ကွင်းကို .. ကြည့်ရင်း မျက်ရည်ကို ဆည်မနိုင်ဘဲ ဖြစ်နေရသည်။ သြော် .. ကြာညိုကို ဒဏ်ခံခဲ့ပါသည့် အဖိုးတော် ဒေါ်လေးခမ်းမွန်သည် .. လူမချမ်းသာပေမဲ့ .. ကြာညိုအပေါ် သံယောဇဉ်အရာ တုမနိုင်းသာအောင် ကြီးမားခဲ့ရ ..။ ကြာညိုကို .. ရအောင် .. ဤနေရာသို့တိုင် ခေါ်ဆောင်ခဲ့ရရှာသည်တကား ..။

"ဒေါ်လေး .. ဒီလို .. ဒီလို နေ့မျိုးရောက်အောင် .. ဘယ်လောက် ကြိုးစားခဲ့ရတယ် ထင်သလဲ ကြာညို .. ဘယ်လောက်ကြာအောင် .. စောင့်ဆိုင်းနေခဲ့ရသလဲ .. ကြာညို့ကို .. ခေါ်နိုင်ဖို့ .. ဒေါ်လေး အကြိမ်ကြိမ် ကြိုးစားခဲ့ပေမဲ့ .. အရှန်အတားများလွန်းတဲ့ ကြာညိုကို .. မခေါ်လာနိုင်ခဲ့ဘူး .. ခုမှ .. ခုမှ .. နန်းကျော် ကျေးဇူးကြောင့် .. ခေါ်ခွင့်သာခဲ့ရတော့တာ .. ဒေါ်လေးရဲ့ ကလေးကို .. အဲဒီ အရိုက်နှက်ခံ .. ဘဝ .. ချောက်ချားခံဘဝထဲက .. ဆွဲမုတ် ဆယ်တင်နိုင်ခဲ့ရတာပါ .. ဆယ်တင်နိုင်ခဲ့ရတာပါ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောရင်း ပြောရင်း ခေါ်ခမ်းမွန် အသံတွေ အက်ကွဲလာနေသည်။

"ခေါ်လေး ချီပွေ့ထိန်းကျောင်းခဲ့ရတဲ့ ကြာညို .. အို .. သုံးနှစ်သား ကြာညိုလေးကို ချီပွေ့ထိန်းခဲ့ရတဲ့ ဆယ့်ငါးနှစ်အရွယ် ခမ်းမွန်ဟာ .. ကြာညို့အသက် ဆယ့်နှစ်နှစ်အရွယ်ထိ .. အထိန်းဘဝ .. ကြာညို လိုသမျှ .. စားချင်သမျှတွေ .. လိုက်လိုက်ကြည့်ပေး .. ခွဲ့ကျွေးတဲ့ ခမ်းမွန်ဘဝကနေ .. ကြာညိုနဲ့ ထေးခဲ့ရတဲ့ ခမ်းမွန် ဖြစ်ခဲ့ရပေမဲ့ သူဆင်းရဲ .. အထိန်းတော် ခမ်းမွန်ရဲ့ ရင်ထဲမှာ ရှိနေတဲ့ ချစ်ခြင်း .. သခင်လေးတစ်ယောက်အဖြစ် .. ချစ်ကြင်ရိုသေခြင်း ဆိုတာတွေကတော့ .. ရှိနေဆဲပါ ကလေးရယ် .. ရှိနေဆဲပါ .. ကလေးအပေါ်မှာ .. ခေါ်လေးရဲ့ ချီပွေ့ချော့မြူတွေ .. စားနဲ့ ချော့သိပ်မှုတွေ .. ကစားဖော် .. တိုးတိုးဖော် .. အို .. ကျေးကျွန်ုပမာ .. နေခဲ့ရမှုတွေ အားလုံးဟာ .. ချစ်ခြင်းနဲ့ပါ .. ခေါ်လေးရဲ့ လက်ပေါ်မှာ .. ကြီးခဲ့ရတာပါကွယ် .."

ဟု ပြောရင်း မျက်ရည်များ ပြိုကျနေသမျှ ကြာညိုလည်း နားထောင်ရင်း မျက်ရည်တွေ လိုက်၍ကျကျနေသည်ပဲ ..။

"ခေါ်လေးကို .. ကလေးရဲ့ဘာဘ ဘိုးဘိုးက .. အလုပ်ကထုတ်ပစ်လိုက်တယ်လေ .. ပြီးတော့ .. ကလေးဟာ .. ဦးဆုပ်နိုးနဲ့ ခေါက်တာဆောင်မင်းရဲ့ လက်ထဲမှာ .. အရိုက်နှက်ခံ .. အငတ်ခံဘဝနဲ့ .. နေခဲ့ရတာပါ .."

ဟု ပြောလည်းပြော .. ခေါင်းကို တစ်ချက်မော့၍ ..

"ခုမှ .. ခုမှ .. အစ်ကိုကြီးနဲ့ မမလေးတို့ရဲ့သား .. ကြာညိုလေးကို .. အဲဒီဘဝထဲက .. ခေါ်ထုတ်နိုင်ခဲ့တဲ့အတွက် .. ကြာညောင်းကျန်ရစ်ခဲ့တဲ့ အချိန်တွေအတွက် .. သူဆင်းရဲခမ်းမွန်ကို .. နားလည် .. ခွင့်လွှတ်ပေးပါ အစ်ကိုကြီးနဲ့ မမလေးရယ် .. ခမ်းမွန် ကြိုးစားပေမယ့် .. ခုမှ .. ခေါ်ခွင့်သာခဲ့ရတာပါ .. ခု .. ခု .. ခမ်းမွန် .. ဒီကလေးရဲ့ဘဝကို .. အဲဒီ ရိုက်မောင်း ပုတ်မောင်းခဲ့ ဘဝထဲက .. ကယ်တင်နိုင်လိုက်ပါပြီ .. အစ်ကိုကြီးနဲ့ မမလေးရယ် .. စိတ်အေးလိုက်ကြပါတော့ .."

ဟု ကောင်းကင်ယံ ဘက်ဆီသို့ မော့လည်းမော့ကြည့် ..။ လက်အုပ်လေးချီ၍ .. မျက်ရည်ဖြိုင်ဖြိုကျရင်း ပြောနေသမျှ .. လွလွန်းအိမ် ရင်ထဲမှာ ဘယ်လိုမှ မထိန်းသာ ..။ လိုက်၍ လိုက်၍ .. မျက်ရည်ကျနေရပါပြီ ..။ အလွန်တရာကိုမှ .. သစ္စာတရား ဓောင့်သိလွန်းရှာပါသည့် ခေါ်ခမ်းမွန် ပါလားလေ ..။

"ရော့ .. ကြည့် .. ကြည့်စမ်းပါ မိန်းကလေးရယ် .. ခေါ်လေး ထိန်းကျောင်းချီပွေ့ ချော့မြူခဲ့တဲ့ .. ကြာညိုနဲ့ ခေါ်လေးတို့ရဲ့ပုံ .. အဲဒါ .. ခိုင်မာတဲ့ .. သံကသေ အထောက်အထား တစ်ခုအဖြစ် .. ယုံကြည်လောက်စေမယ်လို့ မျှော်လင့်မိပါရဲ့ .."

ဟု အကျီအတွင်းအိတ်ကတ်တွင်းမှ ဓာတ်ပုံပေးတစ်ပုံကို ထုတ်ယူပြလာတော့ လွလွန်းအိမ် တုန်ခါနေသည်လက်လေးတွေဖြင့် ယူကြည့်မိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

သုံးလေးနှစ်အရွယ် ကလေးတစ်ယောက်ကို ချိုပွေ့ထားရင်း ရယ်မောနေပါသည့် မိန်းမသားတစ်ယောက် ..။ ထိုပုံထဲမှာ လူငါးယောက် ရှိနေသည်။ ဘာဘဉီးဘုန်းရှိန်သာသည်လည်း ရယ်မောရင်း ရှိနေသည်။ ပြီးတော့ ဒေါ်ခမ်းမွန်၏ ဆံတောက်ဖားဖား ..။ စံပယ်တွေဝေအောင် ပန်ထားပါသည့် အသွင်လေးဖြင့် ဝတုတ်တုတ်လေးနှင့် ရှိနေပါသည့်အသွင် ..။ ထိုပုံလေးထဲမှာတော့ .. ဒေါ်ခမ်းမွန်သည် ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ်အရွယ် နုနုသစ်သစ် .. ဝတုတ်တုတ်လေးဖြင့် ရှိနေသည်။ သနပ်ခါးပါးကွက်လေးနှင့် ပါးလေးစုန့်တက်နေအောင် မခမ်းမွန် ဆိုသည့် မိန်းကလေး တစ်ယောက်သည့် ကလေးတစ်ယောက်ကို ပွေ့ချိထားရင်း ရယ်မောနေပါသည့်အသွင် ..။

ထိုကလေးသည် .. ကြာညို ဆိုတာကတော့ သိသာနေသည်ပါပဲ ..။ မျက်ခုံးမျက်လုံးလေးတွေက ကြာညို့ မျက်ခုံးမျက်လုံးလေးမျိုးပါ ..။ ကြာညိုလေးကလည်း ရယ်မောနေသည်။ ဒေါ်ခမ်းမွန် ဘေးမှာ လူကြီးတစ်ဦးနှင့် မိန်းမသားတစ်ယောက် သည်လည်း မတ်တတ်ရပ်ရင်း ရယ်မောနေသည်ပါပဲ ..။ ကြာညို့ မိဘများပါတကား ..။ ထိုသို့ပင် .. လှလွန်းအိမ် တွေးသည်။ ဓာတ်ပုံကို ငေးကြည့်ရင်း .. ဆက်၍တွေးမိရသည်က .. ဦးဘုန်းရှိန်သာသည် .. နဲ့သာမြိုင်ဟိုတယ်တွင်ရော ကြာညို့ အိမ်လေးမှာပါ ကြာညို့မိဘဓာတ်ပုံများကို မချိတ်ခဲ့ ..။ ကြာညို့ကို မမြင်စေခဲ့ .. ဟူ၍ တွေးမိရပါ၏။

"အဲဒါ .. ကြာညို့ မိဘတွေပေါ့ .. ကြာညို့ လေးနှစ်မြောက်မွေးနေ့မှာ ရိုက်ထားတာလေ .. ဓာတ်ပုံအပိုတစ်ပုံကူးခိုင်းပြီး ဒေါ်လေး ယူထားခဲ့တာ .. အလွန် သဘောကောင်းကြတဲ့ အစ်ကိုကြီးနဲ့ မမလေးကို .. ခမ်းမွန် .. သတိရလိုက်တာ .."

ဟု မျက်ရည်ကျရင်း ဒေါ်ခမ်းမွန် ပြောနေစဉ်မှာ .. ဓာတ်ပုံကို လက်အုပ်လေးချီ၍ ရည်စူးကန်တော့နေကြပါ၏။ ကြာညို့ကို .. ဒေါ်ခမ်းမွန်မှ ဓာတ်ပုံလေးကို ပြသည်။

"တွေ့လား .. ဖေဖေနဲ့ မေမေလေ .."

ဟု ပြတော့ ကြာညို .. ငေးကြည့်ရင်းမှ ..

"ဖေဖေ .. မေမေ .."

ဟု လိုက်ခေါ်သည်။ ချက်ချင်း ဓာတ်ပုံလေးကို ဖျတ်ခနဲ ယူသည်။ မျက်တောင်မခတ် စိုက်ကြည့်ရင်းမှ ..

"ဖေဖေ .. မေမေ .."

ဆက်တိုက် တိုးဖွဖွ ခေါ်နေပါသည့် ကြာညို့ .။ ကြည့်နေရာမှ ကြာညို့ မျက်ဝန်းတွေ စုံပိတ်ကျသွားပါပြီ ..။ မျက်နှာထက်တွင် ချော်ကျရာရိပ်တွေ တိုးဝင်လာနေသည်။ လက်ကိုကာသလို ရှေ့ဘက်ဆီသို့ ယမ်းနေတော့ လှလွန်းအိမ် စိတ်ဝင်စား ကြာညို့ဘေးမှာ ထိုင်လိုက်မိရပါ၏။ ဒေါ်ခမ်းမွန်ကတော့ သက်ပြင်းရှိုက်၍ ..

"သူ .. အဲဒီ အဖြစ်ဆိုးကြီးကို .. ဘယ်လိုလုပ်ပြီး မေ့ပျောက်ပစ်နိုင်ပါ့မလဲ .. သူ .. ဆယ့်နှစ်နှစ် ရှိပြီလေ .. အဲဒီတုန်းက ဆယ့်နှစ်နှစ်ရှိပြီ .. အစ်ကိုကြီးနဲ့ မမလေးတို့ အဖြစ်ဆိုးကြုံ ဆုံးပါးချိန်မှာ .. အဲဒီအသက် ရှိနေပြီ .. သူ .. ကောင်းကောင်း ပြန်မှတ်မိလောက်ပါပြီ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောနေခိုက် .. ကြာညို .. အသံနက်ကြီးဖြင့်
တစ်ချက် အော်သည်။

"သွေးတွေ .."

ဟူသော စကား .။ မျက်ရည်များ စီးကျ၍
ခေါင်းသည် ယမ်းလာ၏။ လှလွန်းအိမ် ဝိုးဝိုးဝါးဝါး ကြာညို
လက်တွေကို အတင်းထိန်းကိုင်နေရာမှ ..

"ကြာညိုဟာ .. အတော်ကြီး .. နှစ်ကြာရှည် .. ခံစားလာ
ရတာမို့ .. သူ .. ဒီလောက်ကြီးထိ .. စိတ်လှုပ်ရှား ထိခိုက်
စရာတွေကို ဆက်တိုက်ကြီး လက်ခံရင်ဆိုင်ပေးဖို့ အင်အား
မရှိနိုင်ဘူး ဒေါ်လေး .. သူ့ဦးနောက်တွေ .. သူ့နှလုံး
သား .. အဲဒါတွေက လိုက်မမီနိုင်ဘူး .. သူ .. သူ .. ဝိုဆိုး
သွားလိမ့်မယ် .. ဝိုဆိုးသွားလိမ့်မယ် .. နောက်ဆုပ် .. ဘာ
ကိုမှ .. သူ့ကို ဆက်မပြောပါနဲ့တော့ .."

ဟု .. ဇွတ်တားယူနေရပါ၏။ ဒေါ်ခမ်းမွန်ကလည်း
ကြာညို့ကို ပျောက်ကင်းကျန်းမာစေလိုသည့် ဆောဖြင့် မနားတမ်း
ပြော .။ ကြာညိုကလည်း မခံနိုင် .။ ခံနိုင်ရည်စွမ်းက လိုအပ်
သည့်အတိုင်းအတာထိ မပြည့်ဝလာနိုင်သေးခင်မှာ .. ထိုမျှအထိ
စဉ်ဆက်မပြတ် .. ပြောပြ အသိပေးနေခြင်းသည် .. တစ်ခါတစ်ရံ
မှာ .. လူမမာအတွက် .. ခြောက် .. ဝေဒနာသည်အတွက် .. ဆေး
ကြောင့် ပိုလေးသလို ဖြစ်သွားမှာလည်း စိုးရပြန်သည်မဟုတ်ပါ
လားလေ ..။

"သူ .. နှစ်ပေါင်းများစွာ .. အရိုက်နှက်ခံ .. အထိုးကြိတ်
ခံ .. မင်းရည်စာ စားရင်း .. နေခဲ့ရတဲ့ ကြေကွဲချောက်ချား

စေမှုထက် .. ခု .. သူခံစားရတာ ပိုဆိုးမယ်ဆိုတာ ဒေါ်
လေး သိပါတယ် .. အဖေနဲ့ အမေ .. ဆုံးတာကို သူ ..
သိနေ .. သိလာနေ .. အမှတ်ရနေရပြီလေ .. ဒါ .. အဆိုး
ဆုံးပေါ့ .. အဲဒီထက်ဆိုးတာ မရှိတော့တဲ့ နောက်မှာ ..
နောက်ထပ် ဆိုးဆိုးဝါးဝါး .. ထပ်ဖြစ်စရာ မရှိနိုင်တော့
ပါဘူး .. သူ .. တဖြည်းဖြည်း .. ပြန်ငြိမ့်တိမ်လာမှာ
ပါ .. ဒေါ်လေး ယုံတယ် .. သူ့ကိုချစ်စိတ်နဲ့ .. သူ့ကို
ကောင်းလာစေချင်စိတ်တွေနဲ့ .. ဒေါ်လေး ယုံနေတယ် .."

ဟု ဒေါ်ခမ်းမွန် ပြောနေချိန်မှာဖြင့် ကြာညိုသည် ..
ခေါင်းကိုသူ ဆက်တိုက် လက်ဖဝါးနှစ်ဖက်ဖြင့် ပွတ်လိုက် ..။
ဘစ်ဖန် .. ကြမ်းပြင်ကို တဖြန်းဖြန်း ရိုက်နေလိုက်ဖြင့် ရှိလာနေ
ပြီ ..။

ကြာညို့ မျက်ဝန်းတွေ ချာချာလည်နေသည်။ မျက်နှာ
ထက်မှာ ချွေးတွေနှစ်နေပြီ ..။

မျက်ဝန်းဆီမှ မျက်ရည်များ စီးကျနေသည်က
ဆင်အားတကြီး နိုင်နေသည်။ တဖြန်းဖြန်း ကြမ်းပေါ်ကို လက်ဖဝါး
ဆွဖြင့် စုံရိုက်ချနေစဉ် ကိုယ်သည်လည်း ရှေ့တိုးနောက်ငင်ကြီး
ဘွင်မြန်စွာ ဖြစ်နေသည်။ ရှေ့တိုးလျှင် ကိုယ်ကြီးငိုက်ကျသွား
ဘက် နောက်ပြန်ငင်မတ်လိုက်ချိန်မှာ လည်ပင်းသည် လန်ခနဲ
ခြစ်သွားကာ မျက်နှာသည် လည်တိုင်နှင့်အတူ နောက်သို့လန်လန်
ပါနေ၏။ တဖြည်းဖြည်း ခေါင်းကိုပွတ်လိုက် .. ကြမ်းကိုရိုက်
လိုက်နှင့် အခြေအနေသည် ပြင်းထန်ရွှပ်ထွေးလာနေသည်မို့
လှလွန်းအိမ်မှာ ကြာညို့ ခေါင်းလေးကို ရင်ခွင်မှာ အတင်းသိမ်း

www.burmeseclassic.com

www.burmeseclassic.com

ဟူ.တိန်းတားခင်း ကျောပြင်ကို လက်ဖဝါးလေးတွေဖြင့် ဖေးသ
လေးဖွေမိရဝါ၏။

"သူ့ကို .. ဆေးဝါးတစ်ခုခုတော့ တိုက်မှဖြစ်လိမ့်မယ်
ဒေါ်လေး .. သူ .. ရူးသွားလိမ့်မယ် .. ပိုဆိုးသွားလိမ့်မယ်
ကြာညို .. ကြာညို .. ဘာမှ .. မကြောက်နဲ့နော် .. တိ
တော့ .. တိတ်တော့ .."

နှင့် ချော့မြှောရာလေး ပြောရင်း ဒေါ်ခမ်းမွန်
စိတ်ပူလက်ပူဖြင့်လည်း ပြောနေမိရသည်က လှလွန်းအိမ်ပါ

"လာပါလိမ့်မယ် .. မိန်းကလေးရဲ့ .. ဒေါ်လေး ..
အကြောင်းတွေ မပြောပြခင် .. ဒီလို ဆဲပင်တွေ ဖြတ်မ
ခင်လေးမှာ .. လှေကားရင်းမှာ မင်းတို့ကို ဆွဲက်မပြေးန
အောင် စောင့်နေတဲ့ .. ဆိုက်အောင်ကို .. ဒီရွာက ကြေ
လက်ဆရာမလေး မငွေးဥကို သွားခေါ်ဖို့ မှာထားပြီးသ
ပါ .. ဒီအကြောင်းတွေ အားလုံးကို .. အထိုက်အသ
ပြန်သတိရတယ်ပဲထား .. ကြာညိုလေး .. အလွန်ကိုမှ
စိတ်ထိခိုက်စရာကြီးကို ပြန်အမှတ်ရစေတဲ့ ကိစ္စကြီးက
တွဲရက်ပြန်ပြန်ပါလာမှာကို ဒေါ်လေးလဲ သိထားပါတယ်
အစ်ကိုကြီးနဲ့ မမလေးတို့ ဆုံးပါးတဲ့ အဖြစ်ဆိုးကြီး
လေ .. ဒါကို သတိရရင် .. ကြာညို .. ဘယ်လောက်ထိ
ခံစားကြေကွဲ ချောက်ချားမယ်ဆိုတာ ဒေါ်လေး သိပါတယ်
ဒီကလေးဟာ .. ဒေါ်လေးရဲ့ လက်ပေါ်မှာ .. ကြီးခဲ့တ
ပါ .. သူ .. ဒုက္ခရောက်မှာကို ဒေါ်လေးလဲ စိတ်မပါတ
မိန်းကလေးရယ် .."

ဟု ပြောတော့ လှလွန်းအိမ် စိတ်လည်းညစ်မိသည်။
ကယ်က .. ခုလို .. အလွန်အမင်း စိတ်လှုပ်ရှားချိန်ကြီးမှာ ..
ဆရာမလေးကို စောင့်နေဖို့ဆိုတာက .. ကြာညို့ကို ပင်ပန်းစေမည့်
သဘောမျိုး ဖြစ်နေသည်လေ .. ဒေါ်လေးခမ်းမွန်သည် .. တစ်ချို့
အရာတွေမှာ ကျတော့လည်း .. အချိန်အခါကို စောင့်ဆိုင်းပြော
ခြင်း ဆိုတာကို .. သတိလက်လွတ်ဖြင့် ရှိရှိသွားတတ်သည် ..
ဟု နားလည်လာမိရပါ၏။ ဒါကလည်း မကောင်း .. ကြာညို့
အတွက် .. အန္တရာယ်ရှိသည်လေ ..။

ထိုအခိုက် .. လမ်းသွယ် ခြေလမ်းကွေ့ဆွဲဝိုက်လေး
ဆီမှ လူရိပ်လေးတွေ ပေါ်လာနေပြီ။

ချော် .. ဆရာမလေးကို အိုက်အောင်သည် ခေါ်
သာနေချေပြီတကား ..။

မြန်မြန်လာကြစမ်းပါ .. ဟု လှလွန်းအိမ် အော်ခေါ်
သိုက်ချင်သည်။

ဒါပေမဲ့ .. တကယ်တမ်း ဝရန်တာနေရာလေးမှာရပ်
၍ အော်ခေါ်လိုက်သည်က ... ဒေါ်လေးခမ်းမွန် ကိုယ်တိုင် ဖြစ်
နေပါချေသည်တကား ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၆)

"တောက် .. နှစ်ရက်ရှိပြီ .. ဘယ်လိုမှ စုံစမ်းလို့ မရကြဘူးလားကွ .. ဟေ .."

ဦးဘုန်းရှိန်သာ၏ မျက်နှာကြီး နီနေလျက် ခေါသဘကြီးအော်ရင်း လက်သီးဆုပ်သည် စားပွဲထက်ဆီ၌ အရှိန်နှင့် ဆက်တိုက်ကျလာသည်။ လက်တွေ့နာရမှန်းပင် မသိလောက်အောင် ခေါသမီးသည် ဦးဘုန်းရှိန်သာ၏ တစ်ကိုယ်လုံးအနှံ့ပျံ့လျက် ရှိပါချေသည်အဖြစ် ..။

စိုင်းအွတ်နှင့် ကျော်တင့်တို့မှာ လက်ကလေးတွေ ကိုယ်စီပိုက်ရင်း မျက်နှာငယ်ငယ်လေးတွေနှင့် ခြေနှစ်ရပ် ငြိမ်နေကြပါ၏။

"သွား .. လွိုင်ခမ်းသာ ဈေးထဲလဲ သွားကြည့်ကြ .. မြို့တွင်း မြို့ပြင်မှာလဲ နင့်လူတွေ .. မြို့ဂိတ်အလွန် တစ်ဖာလုံလောက်မှာ နုထီ စောင့်ကြည့်နေကြသေးရဲ့လား .."

"အိုက်ထူးတို့လူစုကို နေရာတွေခွဲပြီး ဒီမြို့ဝန်းကျင်အားလုံးမှာ ဂိတ်နဲ့ တစ်ဖာလုံလောက် အကွာမှာ စောင့်ကြည့်ခိုင်းထားပါတယ် အဘကြီး .. ဆိုင်ကယ်လဲ ကိုယ်စီပါပြီးသား ပါ .. ကြာညိုကို တွေ့ရင် .. တောက်လျှောက်လိုက်ဖို့ ရယ် .. သူတို့ .. ဖမ်းခေါ်တဲ့ သူတွေလက်ထဲက ရအောင် ပြန်ခေါ်လာနိုင်ဖို့ အားလုံး စီစဉ်ထားပြီးသားပါ .."

စိုင်းအွတ်မှ တရိုတသေဖြေတော့ တစ်ချက် ဦးဘုန်းငြိမ်သွားသည်။ သက်ပြင်းရှိုက်၍ စိတ်မောလက်မောပုံနှင့် ကိုယ်ကို ကုလားထိုင်ကျောမှီတွင် ဖေးမှီထားလိုက်၏။ နောက် .. စိုင်းအွတ်ကို တစ်ချက် လှမ်းကြည့်သည်။ အွတ် ဆိုသည်က .. လက်ဖက်ခြံမှာ အလုပ်သမားတွေကို ကြပ်ရသည့်သူ .။ တကယ့်ကို သစ္စာရှိသည့်သူ တစ်ယောက် ..။

ခုလည်း .. မနေ့က ကြာညိုနှင့် လှလွန်းအိမ်တို့ ဆက်ဆုံးသွားသည့် အဖြစ်ကို ဦးဘုန်းရှိန်သာ သိသိချင်း .. အွတ်ကိုခေါ်၍ ကြာညိုနှင့် လှလွန်းအိမ်တို့ကို ရှာဖွေဖို့ တာဝန်ပေးခြင်းပါ ..။ စိုင်းအွတ်မှ သူ့အားကိုးရသူများကို အင်အားပြည့်ယူသုံး၍ ရှာနေသည်ပါပဲ ..။ စိုင်းအွတ် ယူသုံးသည့်သူများလည်း လက်ဖက်ခြံကတချို့ ..။ လက်ဖက်ခြောက်စက်ရုံက တချို့ .. စိတ်ချရသူများပါ ..။

"ဒီသတင်းကို .. အပြင်လုံးဝ ဓပေါက်ဘူး မဟုတ်လား."

"စိတ်ချပါ ဘဘကြီး .. ကြာညိုနဲ့ ဆရာမလေးတို့ ပျောက်ဆုံးနေတဲ့ သတင်းကို ကျွန်တော်တို့ကလွဲပြီး ဘယ်သူမှ မသိအောင် ဂရုတစိုက်နဲ့ကို နှုတ်လုံကြပါတယ် ဘဘကြီး .. ကျွန်တော်တို့ အိမ်သားတွေကိုတောင် အသိမပေးဘဲ ထားတာပါ .."

www.burmeseclassic.com

www.burmeseclassic.com

နိုင်းအွတ် တရိတသေ ထပ်ဖြေသည်။ ဗလကောင်းကောင်း ... အရပ်မြင့်မြင့်ကြီးနှင့် နိုင်းအွတ်မှာ တရိတသေကြီး လတ်ဖိုက်ဖြေနေပုံမှာ ဆရာရေ့ ရောက်နေသော ကျောင်းသားယောလေး ပမာပါ ...။ ဦးဘုန်းရိန်သာ စားပွဲအံဆွဲကိုဖွင့်၍ ငွေကတ်လိုက် သုံးကတ်ကို ထုတ်ပေးသည်။

"အဲဒါ ... ငွေသုံးသိန်းပဲ နိုင်းအွတ် .. ကြာညို တို့ကို ပြန်တွေ့နိုင်ဖို့ စိတ်ကြိုက် သုံးနိုင်တယ် .. စာရင်းပြန်တင်ပြစရာ မလိုဘူး .. မင်းက .. လိုက်အေ့စ်ကားကို ယူသုံး .."

ဟု ထပ်ပြောတော့ တရိတသေပင် ငွေကိုယူသည်။

"ငွေထပ်လိုရင် .. ထပ်ယေးမယ် ကြားလား နိုင်းအွတ် .."

"ဟုတ်ကဲ့ပါ အဘကြီး ခင်ဗျာ .."

"သူတို့ကို တွေ့တဲ့အခါကျရင် .. နံ့သာမြိုင်ဟိုတယ်ကြီးကို ခေါ်မလာဖို့ မှာထားတာကိုလဲ မမေ့ကြနဲ့ဦး .. သစ်တော်ခြံအိမ်ကိုပဲ ခေါ်လာခဲ့ .. ဒီအိမ်ကိုပဲ ခေါ်လာခဲ့ .. ကြားကြရဲ့လား .. ဟောလောဆယ် ငါ ဒီမှာပဲ ရှိနေမယ် .. ငါဟာ .. ကြာညိုနဲ့အတူ .. ဒီသစ်တော်ခြံအိမ်ကြီးထဲမှာပဲ ရှိနေတယ်လို့ လူအများ အဲသလိုပဲ ထင်နေစေဖို့ အရေးကြီးတယ် .. ဟိုတယ်က ငါ ထွက်လာတာ .. ကြာညို့ကို ပျော်အောင်လို့ ဒီကို ခေါ်လာတယ် ဆိုတာကိုပဲ ဟိုက သိထားကြတာ .. ခုထိ .. ဟိုတယ်က ဝန်ထမ်းတွေအားလုံးဟာ ထင်နေကြမှာပဲ .. ငါကလဲ တစ်ပတ်လောက် ကြာမယ်လို့ ဟိုတယ်မန်နေဂျာ ဦးကျော်စိုးကို မှာခဲ့တာ ..

အားလုံးဟာ အေးအေးချမ်းချမ်းပဲ ဒီမှာ ဆက်ဖြစ်နေတယ်ရို့ သူတို့ ထင်နေကြပါစေ .."

ဟု ဆက်ပြောတော့လည်း နိုင်းအွတ် ခေါင်းလေးညိတ်၍ နေသည်က လက်ပိုက်ရင်းဖြင့်ပါ ...။

"အကယ်၍ .. သူတို့ကို .. ကားတစ်စီးစီးပေါ်မှာ တွေ့တာမျိုး မဟုတ်ဘဲ .. နေရာတစ်ခုခုမှာ တွေ့တာမျိုး ဖြစ်နေရင် .. မင်းတို့ .. ငါ့ကို အရင်အကြောင်းကြား .. သူ တို့ကို သွားမခေါ်ဘဲထား .. ချက်ခြင်းမပြတ်အောင်လဲ စောင့်ကြည့်ကြ .. ငါရောက်မှ ဆက်စီစဉ်မယ် .. ကြားကြရဲ့လား .."

"ဟုတ်ကဲ့ပါ .."

"ကဲ .. သွားတော့ .. နန်းကျော့ကိုလဲ လိုက်ရှာ .. ကောင်မလေး ပျောက်နေတာကို ငါမသက်သာဘူး .. ကြားရဲ့လား .. နန်းကျော့ကို တွေ့ရင် ငါ့ဆီခေါ်လာခဲ့ .."

"ဟုတ်ကဲ့ပါ .."

"သွားတော့ .."

ဟု ပြောတော့မှ နိုင်းအွတ် ခါးလေးညွတ်၍ တရိတသေ ပြန်ထွက်ခွားပါ၏။ နိုင်းအွတ်နှင့်အတူ ပါလာပါသည့် ကျော်တင့် ဆိုတာတလည်း မျက်နှာထား အေးစက်စက်ကြီးကို ပိုင်ဆိုင်သည့်သူပါ ...။ နိုင်းစာကို အသေအချာလုပ်သည့် လူစားမျိုး ...။ ဦးဘုန်းရိန်သာကိုလည်း အလုပ်ရှင်အဖြစ် ရိုသေသည့်သူတစ်ယောက်ပါတည့် ...။ ကြာညို ပျောက်နေသည့်အတွက် အလွန်အမင်း စိတ်ထိခိုက်နေ .. စိတ်သောက ဖြစ်နေသည့် ဦးဘုန်းရိန်သာ အဖြစ် သနားလည်း သနားနေကြသည့် သူများပါ ...။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အခန်းတွင်းမှာ လူရှင်းသွားတော့မှ ဦးဘုန်းရှိန်
လက်နောက်ပစ်၍ ဆောက်တည်ရာမရ လမ်းလျှောက်နေသည်
ငြိမ်သက်စွာ ထိုင်နေသည်ဟာ ဒေါက်တာအောင်မင်း ..။

"အစကတည်းက ကျွန်တော် သတိပေးထားဖူး
အန်ကယ် .. ကြာညိုကို အပြင်သိပ်ပေးမထွက်သင့်ဘူး
သူ့ကို .. ကျွန်တော် ဆေးတွေထိုး .. ဆေးတွေ တွေ
လို့ .. ဒီလိုပဲ အူလည်လည်လေး ဖြစ်နေတာ မှန်ပေ
သူ့စိတ်တွေကို .. အမြဲ ဒီလိုပဲ .. ထိုင်းမှိုင်းလေးလေ
ဦးနောက်တွေ ပုံမှန်အလုပ်မလုပ်ဘဲ ရှိနေဖို့ ဆိုတာ
တဖြည်းဖြည်း ခက်ခဲလာနိုင်တယ် ဆိုတာလဲ အသိပေး
တာပဲ မဟုတ်လား .."

ဟု ဒေါက်တာအောင်မင်း ပြောနေခိုက် ဦးဘုန်း
သာမှ ဘာမျှဝင်မပြောသေး။ မျက်မှောင်ကြုံး တွန့်ကွေး၍ စိတ်
ထွေးပုံကြီးဖြင့် ရှိနေဆဲ ..။

"ကြာညိုလေး ဆယ့်နှစ်နှစ် အရွယ်လေးကတည်းက
သူ ဖျားကတည်းက .. သူ့မိဘတွေ ဆုံးပါးခဲ့စဉ်ကတည်
က .. ကျွန်တော် သူ့ကို တိုက်ခဲ့တဲ့ ဆေးတွေဟာ
ပထမပိုင်းတော့ သူ .. စိတ်တွေငြိမ်သက်အောင် တိုက်ခဲ့
ဆေးထိုးခဲ့တာ မှန်ပေမယ့် .. နောက်ပိုင်းမှာ .. အန်က
ပြောစဲ့အတိုင်း .. စိတ်ဓေနာသည်တွေကို တိုက်တဲ့ဆေး
ကျွေးခဲ့ .. ထိုးခဲ့တာ .. နှစ်ပေါင်းကြာခဲ့ပါပြီ .. သူဟာ
စိတ်ဓေနာသည်တွေ သုံးရတဲ့ ဆေးဝါးတွေကို .. စား
ခဲ့ရ .. ဆေးထိုးခံခဲ့ရ .. တစ်ခါတစ်ခါမှာ .. အိပ်ဆေး

သုံးခဲ့ရဲ့ .. ပုံမှန်မဟုတ်တဲ့ ဓေနာသည်ကြီး တစ်ယောက်
လို အသိဉာဏ်ကိုဝါ ထိုင်းမှိုင်းဆိုးဝါးလာစေခဲ့တာ မှန်ပါ
တယ် .. သူ့ကို ရိုက်နှက်တာတွေ .. ကြောက်လန့်ချောက်ချား
နေစေတာတွေ .. အဟာရကို မပြည့်မဝပဲ စားသုံးရစေတာ
တွေ .. အမြဲလိုလို .. ထိုးကြိတ်ခံနေရလို့ .. ဦးအုပ်စိုးကို
သေအောင်ကြောက်နေရတာတွေ .. ကျွန်တော့်ကိုကြောက်
နေရတာတွေဟာ သူ့ကို .. ဦးနှောက် ပုံမှန်မဟုတ်တဲ့
ဓေနာသည်ကြီးဖြစ်အောင် တွန်းပို့ခဲ့တာလဲ .. ကြာခဲ့ပါ
ပြီ .."

အရေးထဲ ဤစကားတွေကို ခုလို ရွတ်ထွေးပင်ပန်း
နေသည့် စိတ်ဓောတွေဖြင့် နစ်မြုပ်နေရချိန်ကမှ ဘာကြောင့်
ဒေါက်တာအောင်မင်း ပြောနေရပါသတဲ့လဲဟု စိတ်ပျက်လက်
ပျက်လည်း နိုင်စွာ .. စိတ်လည်း မရှည်နိုင်စွာဖြင့် ဦးဘုန်းရှိန်သာ
ကြည့်လိုက်မိရပါပြီ ..။ အကြည့်ကို နားလည်ပုံဖြင့် ဒေါက်တာ
အောင်မင်း ခပ်သဲ့သဲ့ ရယ်သည်။ အကြည့်သည်လည်း ခါတိုင်း
နှင့် တူမနေကြတာကို စတင်၍ ဦးဘုန်းရှိန်သာ ခွဲခြားမြင်လာနေ
သည်။

ခနိုးခနဲ့နိုင်နေသော အကြည့် ..။ လောင်ထေ့ထေ့
နိုင်နေသော အကြည့် ..။ အရိုအသေ တန့်နားသွားပြီဖြစ်သော
အကြည့် ..။ ဘုရားရေ ..။ ဤဆရာဝန်လူငယ်သည်ပင်လျှင်
ကိုယ့်ကို သရော်စော်ကား မြှောက်ပြီတဲ့လား ..။ စတင်၍ ဦးဘုန်း
ရှိန်သာ၏ မျက်နှာထက်တွင် ခံပြင်းရိပ် ထင်လာပါ၏။ ဟုတ်
သည်။ အသက်လေးဆယ်နား ကပ်နေသည့် ဒေါက်တာအောင်မင်း

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကလည်း ဦးဘုန်းရှိန်သာလို အသက်အရွယ် ကြီးရင့်
ဇာ အခြင်မှာတော့ လူငယ်ပေပဲလေ ..။ ကိုယ့်ထက် အ
ခေါက်ဆိုးနိုးပါးငယ်သည့် ဆရာစန်တစ်ယောက်သည် .. သူ
ခဲ့သော အရာများကို တစ်ခုချင်း တစ်ခုချင်း ပြောချနေ
ဦးဘုန်းရှိန်သာ ဆိုသည့် သူအိုကြီးတစ်ယောက်ကို အရေး
အံ့ထားသည့် သွင်ဟန်မူရာများဖြင့် မဟုတ်ပါလား ..။ ဒါ
ဦးဘုန်းရှိန်သာ မကြိုက် ..။

"ပုံမှန်ရှိနေတဲ့ လူတစ်ယောက်ကို .. စိတ်ဓေနာသည်
သုံးရတဲ့ ဆေးဝါးတွေ ထိုးနေ .. တိုက်နေရင် .. သူ
ထိခိုက်မှာပဲ မဟုတ်လား .. အရူးမဟုတ်တဲ့သူကို အ
ကုသရတဲ့ ဆေးတွေနဲ့ ဘယ်သုံးလို့ ရမလဲ .. မလိုအ
သူ့ကိုယ်ထဲကို ရောက်သွားကြတဲ့ အဲဒီဆေးဝါးတွေရဲ့
ကိုတော့ သူ ခံရမှာပေါ့ .. အဲသလို .. ကြာညိုဖြစ်နေ
သူ့အသက်အရွယ်အလိုက် .. ကျွန်တော် .. ဆေးကိုလိုသ
ထိုးခဲ့ တိုက်ကျွေးခဲ့တာပါ .. အဲသလို လုပ်ပေးဖို့အတွက်
ကျွန်တော့်ကို လစဉ် သိန်းနဲ့ချီပြီး အန်ကယ်ပေးခဲ့တဲ့
ကြေးတွေက .. ထိန်းရမယ့် ကျွန်တော့် ကျင့်ဝတ်တွေ
မျက်ကွယ်ပြု ဖောက်ပြန်စေခဲ့တာလဲ အမုန်ပါပဲ .."

ဟု ပြောနေစဉ်ခိုက် ဦးဘုန်းရှိန်သာ ဦးအောင်မင်း
ရှေ့မှာ သွားရပ်သည်။ တည့်တည့်ရပ်၍ ခေါင်းကို ငိုက်ငုံ
ခပ်တည့်တည့်ပင် ရင်ဆိုင်သည့် အကြည့်တစ်ခုကို ထိုင်
သည့် ဒေါက်တာအောင်မင်း၏ မျက်နှာထက်ဆီမှာ ကျရောက်
သည်။

"ဒီလို စိတ်ရှုပ်ရချိန်မှာ ဒါတွေကို မင်း ဘာကြောင့်ပြော
နေတာလဲ အောင်မင်း .. မင်း တစ်ခုခုကို ရည်ရွယ်နေပြီ
ဆိုတာကိုတော့ ငါ မှန်းဆလာနေမိပါရဲ့ .."

ဟု အေးစက်စက်ကြီး မေးချလာတော့ ဒေါက်တာ
အောင်မင်း ရယ်သည်။ ခဏ အထိုင်မပျက် ရှိနေဆဲ ..။ လက်ကို
ဆက်တိုက်ခိုင်ခဲ့၏ ကျောမှီနေရာမှာ ကွေးခေါက်၍ မှီတင်
ထိန်းသေးသည့်အဖြစ် ..။ အတော်ကို မလေးမစား ဆက်ဆံလာ
သည့် ပုံအချိုးကြီး ဖြစ်ဖြစ်လာနေသည်။

"ဟုတ်ပါတယ် အန်ကယ် .. ကျွန်တော် တစ်ခုခုကို ရည်
ရွယ်ပြီး ပြောနေတာ အမုန်ပါပဲ .. လူတစ်ယောက်ကို
ဆေးဝါးတွေ မထိုးဘဲ မတိုက်ဘဲ .. ကြာညိုကို ထိုးကြိတ်
ရိုက်နှက်နေသလိုမျိုး .. အဟာရမပြည့်ဝစေတာမျိုး လုပ်
နေရင်တောင်မှ .. ခံကြောက်တဲ့စိတ် .. များပြီးတော့ ..
အရူးတစ်ပိုင်းဖြစ်နေမှာပါ .. ရိုက်တဲ့သူတွေ့ရင် .. အကြောက်
လွန်နေမှာပါ .. ကြာညိုဟာ .. ဆယ့်နှစ်နှစ်အရွယ်လေး
မှာ .. ကလေးလေး ဘဝမှာ မိဘနှစ်ပါး ပိုးစိုးပက်စက်နဲ့
သေဆုံးခဲ့ရတာကိုလဲ မျက်ဝါးထင်ထင် မြင်လိုက်ရတော့
သွေးပျက်မတတ် ခံစားရ .. အဖျားကြီး ဖျားရနဲ့ ကလေး
ဘဝ အရွယ်နဲ့ မမျှ ဖြစ်နေရချိန်မှာ စိတ်ဓေနာသည်တွေ
သုံးရတဲ့ ဆေးဝါးကွေကို .. အစဉ်တစိုက် ကျွန်တော်တိုက်
ကျွေးခဲ့တာ ဆိုတော့ .. ပိုပြီး ဦးနှောက် အလုပ်မလုပ်နိုင်
လောက်အောင် ထိုင်းမှိုင်းနေခဲ့ .. အသိဉာဏ်ကို ထိခိုက်
နေခဲ့တာပါပဲ .. ဒါပေမဲ့ .. အဲသလို ဘာကြောင့် အန်ကယ်

www.burmeseclassic.com

ဟာ လုပ်နေရတယ် ဆိုတာ ကျွန်တော် မစဉ်းစားဘဲ
နေဖေါ်လို့ အန်ကယ် ထင်နေတာကိုတော့ ကျွန်
အံ့သြတာ အမှန်ပါ .. ကျွန်တော်ဟာ ငွေများများရ
တစ်ခုတည်းနဲ့ အငြိမ်ကြီး ငြိမ်ကျနေပြီးတော့ .. အန်
ဖြစ်ချင်တာတွေ အားလုံး ဖြစ်လာချိန်ထိ စောင့်နေတ
ထင်နေတယ် ဆိုရင် အန်ကယ် မှားတာပါပဲ .."

စိန်ခေါ်မှုတစ်ခုကို စတင် ကြုံတွေ့ရင်ဆိုင်
ချေပြီပဲဟု ဦးဘုန်းရိုန်သာ တွေးမိလာပြီ .။ ဒါပေမဲ့ ဦးဘုန်
သာ၏ မျက်နှာထက်တွင် ချောက်ချားရိပ် ထင်မလာ ..။

အေးစက်သော အပြုံးသည်သာ ပေါ်ထွန်းလာသည်
ယှဉ်ပြိုင်ဘက် တစ်ယောက်အဖြစ် စတင်၍ ဦးဘုန်းရိုန်သာ
ဒေါက်တာအောင်မင်း အပေါ် စတင်သိမြင်လာနေရပါပြီ။ ဥာဏ်
ကိုလွှာသုံးသည့် ယှဉ်ပြိုင်ဘက် တစ်ယောက်ပါလား .. ဟုလည်း
သဘောပေါက်လာနေပြီ။ ဒါပေမဲ့ .. ကြောက်ရွံ့ရိပ်တွေ ဦးဘု
ရိုန်သာထံမှာ ဖြစ်ထွန်းမလာ ..။

ဒါကို .. ဒေါက်တာအောင်မင်းကလည်း အကဲ
မိပုံ ရပါ၏။ ခပ်သဲ့သဲ့ပင် ရယ်ပြလာသော်သည့် အဖြစ် ..

"အန်ကယ်ပေးခဲ့တဲ့ လစဉ်ငွေဟာ သိန်းဂဏန်းဖြစ်နေ
မယ် .. အဲဒါတွေကို အသားတင် စုဆောင်းနေခွင့်လ
အစားအသောက်ကအစ .. နေ့ဖို့အဆုံး အားလုံး နဲ့သာ
ဟိုတယ်ကြီးတစ်ခုလုံး အားကိုးပြီး ကျွန်တော် စဉ်းစီမံက
နေခဲ့ရပေမယ့် .. အန်ကယ့်ကို ကျေးဇူးတင်မိဖို့ထက်
ကြာညို့ကို ကျေးဇူးတင်ဖို့ ကောင်းတယ်ဆိုတာ ကြာ

ဝိုပြီး ကျွန်တော် စဉ်းစားလာမိလေပါ .. အာလို့လဲဆို
တော့ .. အန်ကယ့်ဆီက ရသမျှငွေဟာ .. ကြာညို့စဉ်းစီမံ
ချမ်းသာတွေထဲကပဲ မဟုတ်လား .."

ပြောသံသည် ခနဲ့တဲ့တဲ့ ပိုနိုင်လာသည်။ ဦးဘုန်းရိုန်
သာထံမှ ဘာမျှ တုံ့ပြန်ပြောသံ ပေါ်မလာသေး .။ တိတ်ဆိတ်
မှု နားထောင်သမား သက်သက် ထုပ်နေသည်။ စကားကုန်ပြော
ပါစေဆိုသည့် သဘောမျိုး ..။ ဒေါက်တာအောင်မင်း ရင်ထဲမှာ
ဘာတွေ ရှိနေသည် ဆိုတာ .. ဘာတွေ ကြံနေသည်ဆိုတာ စောင့်
ကြည့်နားထောင်နေသည့် သဘောမျိုးပါ ..။

"ကြာညို့ကို .. အခု .. ဆေးဝါးတွေက လွတ်သွားစေခဲ့
ပြီ .. သူဟာ .. အရွယ်ရောက်နေတဲ့ ကြာညို ဖြစ်နေခဲ့ပြီး
သားပါ .. အခု .. သူသောက်နေရတဲ့ဆေး .. ထိုးခံရတဲ့
ဆေးဝါးတွေကို ဒီရက်ပိုင်းအတွင်းမှာ လွတ်ခဲ့ရတာတွေက
ရှိခဲ့ပြီးသား .. သစ်တော့ခြုံအိမ်ကို ရောက်အောင် .. လည်
ပတ်ဖြစ်အောင် .. အန်ကယ်က အဲဒီဆေးဝါးတွေကို အခိုက်
အတန့် နှောနေဖို့ ကျွန်တော့်ကို ပြောခဲ့တယ် .. အစား
အသောက်ကိုလဲ ဂရုတစိုက် ကျွေးမွေးစေခဲ့တယ် .. အား
ဆေးတွေကိုလဲ တိုက်စေခဲ့တယ် .. အရိုက်နှက်ခံ ဘဝကလဲ
လောလောဆယ် အခိုက်အတန့်လေးမှာ လွတ်ကင်းပြီး
အေးအေးချမ်းချမ်း စားသောက် .. နား .. အိပ်စက်ခဲ့
ရတယ် .. သူ့မှာ အားအင်တွေ ဖြစ်ထွန်းနေခဲ့ပြီ ..
အထိုက်အသင့် ဖြစ်လာခဲ့ရပြီးမြို့ .. အဲသလို အန်ကယ်
လုပ်ပြတာကလဲ .. စာရေးဆရာမလေး အမြင်မှာ .. အန်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ကယ်ဟာ ကြာညိုကို ဂရုတစိုက် အလွန်ရှိတဲ့ .. အ
ချစ်တဲ့ ဘိုးအေ ဘကြီးတစ်ယောက်အဖြစ် မြင်စေချင်
မဟုတ်လား ..”

ပြောသမျှကို ဦးဘုန်းရှိန်သာ ငြိမ်သက်နား
နေရာမှ ခေါင်းကို ဆတ်ခနဲ ညိတ်ပြလာသည်။ ခပ်လှမ်း
ဆိုဖာမှာ သွားထိုင်သည်။

“ဟုတ်တယ် .. အဲသလို မြင်စေချင်လို့ပဲ ..”

ဟု ခပ်အေးအေး ပြန်ဖြေသည်။

“ဒါမှလဲ .. ဆရာမလေးရဲ့အမြင် .. ဆရာမလေးရဲ့ တ
လေးတွေထဲမှာ ငါ့အပေါ် ကောင်းတာတွေ ရေးတာ
လာရမှာပေါ့ .. သူ့စိတ်ထဲမှာလဲ အဲသလိုပဲ ယုံကြည်
ပေါ့ .. ငါဖြောခဲ့ပြီးသားပဲ .. ဆရာမလေးဟာ .. ငါ့
အစိမ်းသက်သက်ပဲ .. ရန်သူလဲ မဟုတ်သလို ရင်းနှီး
လဲ မဟုတ်တဲ့ အစိမ်းသက်သက်ပဲ .. သူ့သက်သေခံခ
ဟာ ပိုပြီး အက်လိုက်မှု ကင်းတယ်လို့ ဘေးအမြင်
ဖြစ်တည်စေမှာပဲ .. ဝန်းကျင်အမြင်မှာ ရှိစေမှာပဲ .. အ
ကို ငါလိုလားတယ်လေ .. ဒါမှ .. မင်းကို ပိုက်ဆံ
ပုံအောမေးပြီး .. နှစ်များစွာ အကုန်အကျ ခံလာခဲ့ပြီးတော
အဲသလို ဆေးဝါးတွေ တိုက်ကျွေးဖြစ်တည်လာစေခဲ့
အဖြစ်တွေဟာ .. ပိုပြီး သံသယကင်းစင်လာစေလိမ့်မယ်
သူဟာ သိပ်ကြာကြာ နေမယ့်သူလဲ မဟုတ်တာမို့
ကြာညို့ အပေါ် .. ငါ .. အားရှိအောင် ကျွေးမွေးတာတွေ
ဆေးဝါးတွေ အခိုက်အတန့် နားထားတာတွေဟာ

သိပ် ကြာညောင်းစရာ မလိုတော့ဘူးလေ .. သူ ပြန်သွား
တာနဲ့ .. ကြာညိုဟာ .. အရင်လိုပဲ အရိုက်နှက်ခံ .. အထိုး
ကြိတ်ခံ .. အဟာရမပြည့်ဝတဲ့ဒဏ် .. ဆေးဝါးတွေရဲ့ဒဏ်
ကို ပြန်ခံရ .. ပြန်ပြီး သွပ်ချောင်ချောင် ဖြစ်ရတော့မှာပေါ့ ..
ဆေးဆိုတာ .. ဓာတ်ယိ စိတ်စေနာသည်အတွက်ဆိုရင်
ဆေးဖြစ်ပေမယ့် .. လူကောင်းတစ်ယောက်ကို သုံးလိုက်ရင်
တော့ ဘေးဖြစ်နေတယ် ဆိုတာ .. မင်းကိုယ်တိုင်က ..
နှစ်နဲ့ချီပြီး ဒီကိစ္စမှာ ငါ့အလိုကျ လိုက်လုပ်ပေးနေတဲ့
အောင်မင်း အဖြစ် သက်သေပြနေခဲ့ပြီးပြီပဲ .. ခုမှ .. ဘာ
ကိစ္စနဲ့ ငါ့ကို .. မင်း .. စောစောက စကားတွေ ပြောလာ
နေရတာလဲ အောင်မင်း .. လိုရင်း ပြောကြရင်ကောင်းမယ်
ထင်တယ် ..”

ဟု ပြောချလိုက်သံကလည်း အေးစက်လွန်နေသည်။

“ကြာက်ရွံ့သံမပါ ..။ ဒေါက်တာအောင်မင်းဘက်က ဘာကိုပဲ
ခြိမ်းခြောက်စကား ပြောလာလာ ..။ ကြောက်မည့် မဟုတ်သည့်
သဘော ..။ ခပ်အေးအေးပင် တုံ့ပြန်ရင်ဆိုင်ကြည့်ရင်း တည်ငြိမ်
ငြင်မိုက်ကြီးပဲ ဦးဘုန်းရှိန်သာ ထိုင်နေသည်။

“အခု .. ကြာညိုဟာ .. တစ်နေရာမှာ ရှိနေပြီး .. သူ့ကို
ဒီလိုရောက်သွားအောင် အန်ကယ်ပဲ ဖြစ်တည်ဖန်တီးမေး
လိုက်တာပဲ မဟုတ်လား .. ဆေးဝါးတွေနဲ့ လွတ်ကင်းရတဲ့
အပြင် .. တစ်နေရာမှာ အေးအေးချမ်းချမ်း နေနေရပြီလို့လူ
ထင်မှတ်လိုက်နိုင်တယ်လေ .. ဒါကြောင့် .. သူ့ကို အပြင်
ပေး မထွက်သင့်ဘူးလို့ ကျွန်တော် သတိပေးခဲ့တာပေါ့ ..”

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ဟု ထြေလာတော့ ဦးဘုန်ချိန်သာ စိတ်ထဲမသက်မသာ ဝင်ပန်းလာရလျက် စိတ်မောလက်မောကြီး ပြန်ဖြစ်လာရသည်ပါပဲ ..။ ဟုတ်သည် ..။ ဒါတစ်ချက်ကတော့ ကိုယ့်ဘက်က တွက်ကိန်းမှားသွားကာ ဒေါက်တာအောင်မင်း ပြောတာကမှန်နေသည်။ သစ်တော့်ခြံအိမ်ကို မလာခဲ့လျှင် ခုလို .. ကြာညိုကို .. အခြားသူက ခေါ်သွားနိုင်စရာ မရှိ ..။

ဆရာမလေးကတော့ ကြာညိုကို ခေါ်ထုတ်သွားမည့်သူ မဟုတ် ..။ တခြားတစ်နေရာကို ခေါ်သွားဖို့ အကြောင်းလည်း မရှိ ..။ ကြာညိုကို သနားခင်မင်စိတ် .. သံယောဇဉ်စိတ်ဖြင့် ဂရုတစိုက်ရှိပါသည့် လှလွန်းအိမ်သည် ဦးဘုန်းရှိန်သာ အဆေးမှာလည်း သံသယ ဖြစ်တည်နေပုံ မရှိ ..။ ကြာညိုကို ဂရုတစိုက်ရှိတာမို့လည်း ကြာညိုကလည်း လှလွန်းအိမ်ကို တချစ်တခင်ဆက်ဆံသည်။ ပြီးတော့ .. သူတို့နှစ်ယောက်သည် အေးအေးဆေးဆေး ငါးမျှားရင်း ကျန်ခဲ့ကြသူများ ..။ ကြာညိုကလည်း စိတ်ပျော်လက်ပျော် ရှိနေသည်မို့ .. စိတ်ဖောက်၍ ထွက်ပြေးရန်အကြောင်းမရှိ ..။ လှလွန်းအိမ်ကလည်း ခေါ်သွားစရာ အကြောင်းမရှိ .. အခြားသူများကသာ ခေါ်ဆောင်သွားကြခြင်း ..။ ခေါ်သွားကြသည်မှ .. ရုတ်ရုတ်သဲသဲဖြစ်ပြီးမှ ဖွတ်ခေါ်သွားခြင်း ဆိုတာက .. ကျွတ်ကျန်ခဲ့သော လှလွန်းအိမ်၏ ဖိနပ်လေးတစ်ဖက်က သက်သေခံနေသည်။ အတော်လေး ရှန်းရှန်းကန်ကန် ဖြစ်ခဲ့ကြပြီးမှ ပါသွားရခြင်း ..။ ဒါဆို .. ခေါ်ဆောင်သွားသူသည် လူအင်အားတော့ ရှိရမည် ..။ လှလွန်းအိမ်ကိုရော .. ကြာညိုကိုရော .. နိုင်နိုင်နင်းနင်း ချုပ်ထိန်း ချုပ်ကိုင် ခေါ်ဆောင်သွားနိုင်သည်ပဲလေ ..။

မနေ့က .. လှလွန်းအိမ်နှင့် ကြာညိုတို့ ပြန်မရောက်ကြတာ ကြာလည်းကြာ ..။ ငါးလည်းပေါင်းဖြီးသွားပြီမို့ .. ဦးဘုန်းရှိန် စမ်းချောင်းသို့ သွားတော့မှ ငါးထည့်သွားသော ပလိုင်းလေးလည်းကျန် ..။ ငါးမျှားတံလည်း ..။ ပြီးတော့ .. လှလွန်းအိမ်၏ ကတ္တီပါဖိနပ် နီညိုရောင်လည်း ချောင်းအစပ်လေးမှာ ကျန်ခဲ့လျက် ..။ အရာရာအားလုံး ဆီတ်လွန်းစွာဖြစ်၍ ရှိနေပါသည့် နေရာလေးကိုပဲ ရောက်ခဲ့ကြမဟုတ်ပါလား ..။ ချက်ချင်း .. သစ်တော့်ခြံအိမ်ဆီသို့ ပြန်ကာ ..။ အားလုံး လူဖြန့်ရှာပေမယ့် ကြာညိုရော .. လှလွန်းကိုရော အရိပ်အရောင်မျှပင် မတွေ့ရသည့်အဖြစ် ..။

ကားဂိတ်အနှံ့ .. မြို့ပြင်နေရာအနှံ့ အားလုံးကို ရှိန်းရှိန်သာ ရှာဖွေစေခဲ့သည်ပါပဲ ..။ လောလောဆယ် .. ဘာမျှ မသိရသေး ..။ လှလွန်းအိမ်နှင့် ကြာညိုကို .. ပြန်ပေးဆွဲဆိုလျှင်လည်း နံ့သာမြို့ငှက်သို့ ဖုန်းဝင်လာရမည်။ ထွေ .. မည်သို့မျှဖြင့် လာရွေးပါ ဆိုတာမျိုး ..။ ဒါပေမဲ့ .. ဤအရပ် .. ထိုရွာအထိ .. ပြန်ပေးဆွဲတာမျိုးတော့ ဘာတွေ ရှိမလာ ..။ ထိုအဖြစ်မျိုးလည်း ယခင်က မဖြစ်ခဲ့ဘူး ..။ ဆရာရာ ချမ်းသောအရပ် ..။ ခုဥစ္စာက .. ကြာညို လုံးဝပျောက်ဆုံးနေအဖြစ်။

အရေးထဲ .. ဟိုတယ်မှာ လာတည်းခိုသည့် စာရေးလေး လှလွန်းအိမ်ပါရာ၍ အဖမ်းခံ ပါသွားရသည့်အဖြစ် ..။ သို့လည်း လူပျောက်မတိုင် ..။ အမှုမဖွင့်ဘဲ ကိုယ့်လူနှင့် လိုက်ရှာနေရသည်က .. ကိုယ့်မှာ အကြွေရှိနေသည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com

ထိုအကြိတိုတောင့်ဖြင့် လူလည်ကြီးလုပ်၍ လောလောဆယ်
ခနဲတဲ့တဲ့ ပြောနေသည့် ဒေါက်တာအောင်မင်းဝင် ဉာဏ်လိုက်
နိုင်စရာ မရှိ ...။

"ရဲစခန်းကို အမှုမဖွင့်သေးဘဲ ရှိနေတာကိုလဲ ကျွန်တော်
စဉ်းစားနေတယ် အန်ကယ် .. အန်ကယ့်လက်ထဲက ကြေး
လွတ်နေတာကို .. ဘာလို့ .. မသိစေချင်တာလဲလို့ ..
မောဒီမေးနဲ့များ သံသယတွေ ဖြစ်တည်လာမှာကို ကြော
လို့လားဆိုပြီးတော့ယေ့လေ .. အထူးသဖြင့် ကြာညို့ စီ
အခြေအနေတွေ ဘာတွေကို .. ဆရာဝန်တစ်ယော
အနေနဲ့လဲ ကျွန်တော်က ဖြေရ ပြုရဦးမှာ မဟုတ်လား
ဒါပေမဲ့ .. ကျွန်တော် စိတ်မပျပါဘူး .. ကျွန်တော်
ကြာညို့ကိုဆီရင် မခဲ့တဲ့ ဆရာဝန် .. ကြာညို့ကို ထိုးကြိ
တဲ့ အုပ်စိုးကို အလုပ်ဖြုတ်ပစ်ဖို့ ပြောတဲ့ ဆရာဝန်ဆို
မျိုးကို လုပ်နိုင်ခဲ့သူပါ .. တကယ်က အုပ်စိုးဟာ စိတ်
ရသူဖြစ်ကြောင်း ပြောပြပြီး အလုပ်ဖြုတ်ဝစ်ဖို့ ပြောချင်
အန်ကယ့်ဆီ အလောတကြီးပြောရင်း ဝင်သွားခဲ့တာပါ
ဒါပေမဲ့ အဲဒီမှာက .. လှလွန်းအိမ်ကို လက်ဖက်ရည်
သွေ့ခဲနေတာ မြင်ရတော့ .. လူစိမ်းရှိနေတာမို့ .. ကိုယ်
ပြန်သပ် .. ကြာညို့ကို .. အုပ်စိုး ထိုးကြိတ်နေတာတွေ
ကျွန်တော် ဝင်ထိုးခဲ့ရတယ် .. ကျွန်တော်လဲ အထိုးခံ
တယ် ဆိုတာမျိုးကို .. ကြာညို့ အတွက် မခံမရပ်နိုင်အော
ရှိနေရတယ် ဆိုတာမျိုးတွေကို ပီပီရိရိကြီး လုပ်ပြနိုင်ခဲ့
ပြီလေ .. အဲမယ် .. အန်ကယ်ကလဲ မခေပါဘူး .. ဆရာ

လေးရှေ့မှာ .. ဒေါနဲ့ မောနဲ့ အုပ်စိုးဆီကို ဒေါသတကြီး
သွားပြ .. အလုပ်ဖြုတ်ပြခဲ့တယ်လေ .. အဟင်း ဟင်း ..
ကိုယ့်ကိုယ်ကိုယ် အထင်တကြီးနိုင်စွာ ပြောနေသည့်
ဒေါက်တာအောင်မင်းကို စိတ်ထဲမှာ ဒေါသတကြီး အော်ဟစ်ပစ်
ခဲ့ပေမယ့် လူကတော့ လုံးဝငြိမ်သက်နေသည်က ဦးဘုန်းရှိန်
ပါပါ။ အုပ်စိုးမှာ စိတ်ချရသူ မဟုတ်ကြောင်းကို နောက်နေ့ကျ
အကြောင်းစုံ ဒေါက်တာအောင်မင်း ပြောပြပြီး သိခဲ့ရတာကို
သည်း ခြန်အမှတ်ရနေမိပါ၏။

"ကြာလေ .. ကျွန်တော် သိလာရလေက .. ကျွန်တော်
ဟာ .. အလွန်အရေးပါတဲ့ နေရာမှာ ရှိနေပါလား ဆိုတာ
ကိုပါပဲ အန်ကယ် .. ဒီတော့ .. ကျွန်တော် အန်ကယ့်ကို
တစ်ခု ပြောချင်ပါတယ် .. စောစောက .. ကြာညို့အတွက်
ရှာဖွေဖို့မေးလိုက်တဲ့ ငွေသုံးသိန်းဟောင်းမဆိုတော့ .. ရှာတဲ့
လူတော်ဝမ် .. သုံးသိန်းရရင် .. ဆေးဝါးတွေထိုးပေး ..
ဆေးကျွေးနေတဲ့ ကျွန်တော်ဟာ .. တစ်လကို .. ခြောက်
သိန်းလောက်တော့ ရသင့်တာပေါ့ခင်ဗျာ .. နှစ်နဲ့ချီပြီး
ဘဝကို မြုပ်နှံလှုပ်ကိုင်ပေးနေရတာကိုလဲ ထောက်ဖို့လို
တယ်လေ .. ကျွန်တော် .. တစ်လကို ခြောက်သိန်းယူပါ
မယ် ဦးဘုန်းရှိန်သာ .. ဒါမှမဟုတ်ရင်တော့ .. ကျွန်တော်
ရဲစခန်းကို သွားရပါလိမ့်မယ် .. ဘာအတွက်လို့လဲ သိလား ..
အပြစ်မှန်တွေ ဖွင့်ချပစ်ဖို့ပါပဲ .. ကျွန်တော်လဲ အပြစ်
မကင်းတဲ့အတွက် .. အပြစ်ဒဏ် ခံရမှာ အသေအချာပါပဲ
အန်ကယ် .. ဒါပေမဲ့ .. ပိုပြီးဆုံးရှုံးမှာက .. ကျွန်တော်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ဓဟုတ်ဓါဘူး .. အန်ကယ်ပါ .. အန်ကယ့်စည်းစိမ် .. အ
ဓဟုတ်သေးဝါဘူး .. အန်ကယ်မက်မောနေတဲ့ စည်းစိ
ကြာညို့ စည်းစိမ်တွေ .. အဲဒါကိုလဲ ဆုံးရှုံးရမယ်
အန်ကယ့်သိက္ခာတွေ ပျောက်ဆုံးသွားရမယ် .. အန်က
ခံစားနေတဲ့ သူဌေးကြီးဘဝလဲ ကုန်ဆုံးရပ်တန့်သွားရမ
အသက်ကြီးလာမှ .. ထောင်နန်းစံရမယ် .. နည်းတဲ့ဆု
မှုကြီးလား .. ခုကွကြီးလား .. အန်ကယ် .. အဲဒါတွေ
အဖြစ်မခံနိုင်ဘူးဆိုရင်ဖြင့် .. တစ်လကို ခြောက်သိန်းဆ
ငွေကို .. အန်ကယ် မဖြစ်မနေ ရင်းရမှာပါပဲ .."

ဟု ပြောချလာတော့ ဦးဘုန်းရှိန်သာ ရုတ်ခြ
နောင်တ ဖြစ်သွားရပါပြီ .။ ဒေါက်တာအောင်မင်း ရေ
နိုင်းဆွတ်ကို ငွေသုံးသိန်း ပေးလိုက်မိခြင်းသည် ဒေါက်
အောင်မင်း၏ လောဘတရားကို နှိုးဆွပေးလိုက်ခြင်းပါတကား
ဟု .။ လောလောဆယ်မှာက အုပ်စိုးထက် ဒေါက်တာအောင်
က ပိုဆိုးသူ ဖြစ်နေသည်။ ပို၍ စိတ်မချရသူ .. ဒုကွပေးမည့်
ဖြစ်နေပြီ .."

"မင်းဟာ .. အတော်လောဘကြီးတဲ့သူပါပဲလား .."

ဟု အော်မာစ်ပစ်လိုက်ချင်သည်။ ဒေါသတကြီ
လည်း ဒေါက်တာအောင်မင်းကို ဆွဲထိုးပစ်လိုက်ချင်သည်။ ဒါ
ဘာမျှ ဦးဘုန်းရှိန်သာ မလုပ် .။ ငြိမ်သက်စွာ ဆိုင်မြို့ထိ
သည်။

"ဒေါက်တာအောင်မင်း ဆိုတာ .. သူ့စက် အသက်အ
ကြီးကြီးတဲ့ မိန်းမတစ်ယောက်ကိုယူတယ် .. အလွန်ချ

တဲ့ ရတနာဆိုင်ဝိုင်ရှင်ကြီး တစ်ယောက်ကို ဆိုပါတော့ .
ကောင်းကောင်း သုံးဖြုန်းတယ် .. မိန်းမကြီးသေရင် ..
အားလုံး ပိုင်ရချေရဲ့ဆိုပြီးတော့လဲ .. အဲဒီ ခပ်ဆိုးဆိုးအသက်
ငါးဆယ်နားကပ်နေတဲ့ မိန်းမကြီးကို ချစ်တန်ဖြုံခဲ့တယ် ..
ဒါပေမဲ့ .. ကျွန်တော် အထင်သေးမိခဲ့တဲ့ အဲဒီ ဒေါထားထား
ဆိုတဲ့ မိန်းမကြီးဟာ .. ကျွန်တော် ထင်သလိုမဟုတ်
သူက .. ကျွန်တော့်ခြေလှုမ်းကို သိပြီး .. ကျွန်တော့်ကို ကွာ
ရှင်းလိုက်တယ်လေ .. ကွာရှင်းခွင့်ရအောင်လဲ .. ကျွန်တော့်
ကို ငွေပေးပြီး ကွာရှင်းခဲ့တယ် ဆိုပါတော့ .. ဘာပဲဖြစ်
ဖြစ် .. ငွေများစွာပိုင်ဖို့ .. စည်းစိမ်ကြီးကိုပိုင်ဖို့ ရည်မှန်း
ခဲ့တဲ့ ကျွန်တော်ဟာ .. ငွေသိန်းဂဏန်းနည်းနည်းနဲ့ပဲ အဲဒီ
က ရွာခဲ့ရတယ် .."

"မခွာလို့ ဘယ်ရမလဲ ဒေါက်တာရယ် .. မင်း .. မိန်းက
လေးတစ်ယောက်နဲ့ ရွှေပွေနေတာကို .. မင်းမိန်းမကြီးက
တပ်တပ်အပ်အပ် မိခဲ့တာပဲ မဟုတ်လား .."

ဟု ဒေါက်တာအောင်မင်းကို ဦးဘုန်းရှိန်သာ ပြန်
မေးလိုက်ချင်သည်။ ခါပေမဲ့ .. ဓမေး .။ ဒေါက်တာအောင်မင်းကို
ခေါ်မသုံးခင်ကတည်းက .. ဦးဘုန်းရှိန်သာ အစစလိုက်စုံစမ်းပြီးမှ ..
သိသင့်သည်များကိုလည်း သိခဲ့ပြီးမှ .. ခေါ်သုံးသည်ဖို့ .။ ဒေါက်တာ
အောင်မင်း ခုမှ ဖွင့်ပြောလာသည့် အဖြစ်တစ်ခုကို စိတ်ဝင်စားဟန်
မရှိတဲ့ ငြိမ်နားထောင်သမားသက်သက် လုပ်နေခဲ့ခြင်းပါ .။ ဇွမက်
သောသူ .. ငွေနောက်သို့ ကိုယ်ခံဓားကို အပ် နှံရင်း အသက်ကြီးကြီး
မိန်းမတစ်ယောက်ကို လက်ထပ်ခဲ့သူတစ်ယောက်ကို ..။

www.burmeseclassic.com

www.burmeseclassic.com

တိုယ့်အက်ကလည်း မက်မောစရာ ငွေကို
လျက် _ ထိုငွေနှင့် ထိုက်တန်အောင် ကြာညို့ဘဝကိုလည်း အ
မည် _ လူကောင်းမရောက် ဘဝမျိုးထဲမှာ ထည့်ထားခဲ့သည်
ဦးဘုန်းရှိန်သာ မဟုတ်ပါလားလေ _။ ငွေမက်သောသူကို _
ပေး၍ နိုင်းချင်တာ ခိုင်၍ရသည် မဟုတ်ပါလား _။ မိုင်းလိ
လေးမှာ ဆေးခန်းလာဖွင့်သည့် ဒေါက်တာအောင်မင်း ဆို
မည်သည့်အခြေအနေမှ လာသည်ဆိုတာ အရင်ခံစမ်းပြီး ဖြစ်သ
က ဦးဘုန်းရှိန်သာပါ _။ နောက် _ တတယ်တမ်း လိုအပ်
ချိန်ကျမှ ဒေါက်တာအောင်မင်းကို အိမ်ပင့်၍ ကြာညို့ကို ကြည့်
ခဲ့ခြင်းပါ _။ ဤသည်ကလည်း မိဘများ၏ အဖြစ်ဆိုးကြော
ကြာညို အရမ်းကို အဖျားကြီးချိန်မှာ အိမ်ကိုပင့်၍ ပြခဲ့ခြင်း _
ပြီးတော့ _ ငွေမက်သော ဒေါက်တာအောင်မင်းကို ငွေများပုံအော
ပေး၍ ကြာညို့ကို _ ဦးနောက်အရည်အသွေး မပြည့်စုံသည်
ကြာညို ဖြစ်အောင် ဆေးဝါးများဖြင့် _ ဖြစ်တည်စေခဲ့သည်က _
ဦးဘုန်းရှိန်သာ၏ အစီအစဉ် _။ ဒါမှလည်း _ အလွန်တရာကို
မက်အောဖွယ်အတိ ရှိပါလေသော စည်းစိမ်မှန်သမျှသည် ဦးဘုန်
ရှိန်သာ၏ လက်ခုပ်တွင်းမှာ ရှိနေရချေတော့မည်ပေါ့ _။

ခုကျတော့ _ ဒေါက်တာအောင်မင်းသည်လည်း
ကိုယ့်ကိုပြန်၍ မထိမဲ့မြင် ပြုလာနေချေပြီတကား _။ ဘာတဲ့ _
ငွေခြောက်သိန်း တစ်လကို ပေးရမည်တဲ့ _။ တစ်ချက်ပြုံး၍
ဦးဘုန်းရှိန်သာ ဒေါက်တာအောင်မင်းကို ကြည့်သည်။ လောလော
ဆယ်မှာ ကြာညိုက ဟောက်ဆုံးနေချိန် _။ ဤအချိန်မှာ ဒေါက်တာ
အောင်မင်းမှ ရဲစခန်းသွား၍ ပြောချင်တာတွေအားလုံး ပြောချလိုက်

ပို၍ စိတ်ရှုပ်ထွေးစရာတွေ ဖြစ်ပေါ်လာမည်။ ပြီးတော့
ကြည်ထားသမျှတွေ အားလုံး ပျက်စီးကုန်ရမည်။ ကိုယ်လည်း _
ချုပ်အနှောင် ခံရမည်။

"ကောင်းပြီလေ _ ဒေါက်တာပြောတဲ့ငွေ _ အနှီကယ်ပေး
ဓယ် _"

ဟု ပြောချလိုက်သံသည် အေးစက်နေ၏။ စေတနာ
ရှိန်းလည်း ဒေါက်တာအောင်မင်း သိနေပုံဖြင့် တုံ့ပြန်၍ ခပ်
ဆော့ပြုံးကြည့်ပါ၏။ အနီးကပ်ဆုံး အန္တရာယ်ပေးနိုင်သူတစ်
ယောက်အဖြစ် ဒေါက်တာအောင်မင်း အပေါ် နားလည်နေရပါ
သည့် ဦးဘုန်းရှိန်သာ ရင်ထဲမှ ကျိတ်၍တေးမှတ်ထားလိုက်ပြီး
သည့် အဖြစ် _။

"လောလောဆယ်မှာ _ အနှီကယ်တို့ အေးအေးဆေးဆေးနဲ့
နေကြဖို့ လိုပါတယ် ဒေါက်တာ"

ဟု ပြောလိုက်ကာ ဦးဘုန်းရှိန်သာ ထရပ်တော့
သာမှ ဒေါက်တာအောင်မင်းလည်း လိုက်လာသည်။ အိမ်ပြင်ဘက်
ထိသို့ ဦးဘုန်းရှိန်သာ ထွက်ခဲ့တော့လည်း အောမယ့်၍ လိုက်
လာသည်ပါပဲ _။ လောလောဆယ်မှာ ကိုယ့်ကိုယ်ကိုယ် အတော်
ဦး အထင်တကြီးဖြင့် ဒေါက်တာအောင်မင်းသည် မြောက်ကြွကြွ
နေတာတော့ အမှန် _။ ဦးဘုန်းရှိန်သာသည် သူ့အတွက် ငွေ
သမျှညှစ်၍ တောင်းနိုင်ရာ ငွေတွင်းကြီးတစ်တွင်း ဖြစ်နေပြီဟု
ထင်မှတ်မျော်မြူးနေသည့်အသွင် _။

"ကျွန်တော်က အနှီကယ်ခိုင်းသလိုပဲ ဦးအုပ်စိုးကို နိုင်းခဲ့
တာလေ _ ကြာညို့ကို ထိုးကြိတ်ကန်ကျောက်တာတွေ

www.burmeseclassic.com

www.burmeseclassic.com

လုပ်ခိုင်းတယ် .. အစားအစာကို အာဟာရ မပြည့်အောင် ကျွေးခိုင်းတယ် .. ကြာညို အာရုံထဲမှာ ဦးအုပ်စိုးကို ကြောက်နေတာတွေဖြစ်အောင် လုပ်ခိုင်းတယ် .. ဒါပေမဲ့ အဲဒါတွေကို အန်ကယ်က ဖြစ်စေချင်တယ် ဆိုတာမျိုးကို တော့ အသိမပေးခဲ့ပါဘူး .. အန်ကယ် သိရင် အရမ်းစိတ် ဆိုးမှာ ဆိုတာမျိုးကိုပဲ ပြောခဲ့တာပါ .. သူ ထိုးကြိတ်လို့ ရတဲ့ ဒဏ်ရာဆိုရင်လဲ ကြာညို့ဘာသာ လဲကျရင်းရတဲ့ ဒဏ်ရာမျိုးပါလို့ ကျွန်တော်က အန်ကယ့်ကို ပြောပေးပါ့ မယ်လို့ သူ့ကို ပြောခဲ့တာလေ .. အဓိကကတော့ .. ဌေ ပေါ့ အန်ကယ် .. လခကောင်းကောင်းရတဲ့ အလုပ်ကို မြို့ဖို့ဆိုတာက ကြာညို နေမကောင်းဘဲ ဖြစ်နေမှာ ဆိုတာ မျိုးကို ဦးအုပ်စိုးကို ပြောတော့ .. သူလဲ ဒီလခကောင်း ကောင်းကိုမက်ပြီး ကြာညို့ကို ရိုက်နှက်ထိုးကြိတ်နေခဲ့တာ ပါ .. တစ်ခါတစ်ခါဆို ချွန်တော် စဉ်းစားဖို့တယ် .. တကယ့် ကို အဲသလို ဖြစ်စေချင်တဲ့ အန်ကယ်က .. လူကောင်းကြီးလို နေပြခဲ့တာကိုလေ .. အဲဒါတွေ အားလုံးကို ကျွန်တော် နှုတ်ထုံနေခဲ့တာကလဲ .. ကျွန်တော့်လခ ကောင်းကောင်း ကြီးကြောင့်ပေါ့ .. နဲ့သာမြို့မှာ ဟိုတယ်အခန်းကျယ်ကြီး မှာ စည်းစိမ်နဲ့ နေနေရတာကြောင့်ပဲပေါ့ .. ရတဲ့ပိုက်ဆံ တွေ ကျွန်တော် စုထားတယ်လေ .. မနည်းတော့ပါဘူး .. ဒါပေမဲ့ မလုံလောက်သေးဘူးလေ .. ရန်ကုန်လို မြို့ကြီးမှာ အေးခန်းကြီးတစ်ခန်း ဖွင့်နိုင်ဖို့အတွက်ရယ် .. အိမ်ကောင်း ကောင်း တစ်လုံးနဲ့ ကားကောင်းကောင်း တစ်စီးရဖို့ရယ်

အတွေ့ ငွေတွေက လိုနေသေးတယ် အန်ကယ်ရဲ့ .. အဲဒါ တွေအတွက်ကတော့ .. ကျွန်တော့်လခတွေဟာ .. တိုးနေ ဦးမှာပါပဲ .."

ဟု စတင်၍ နောက်ထပ် တိုးကောင်းမည့် ငွေကြေး စကားသံမ်းနေတော့လည်း ဦးဘုန်းရှိန်သာ ပြုံးနေသည် ။ ဆေးတံကို ခဲလိုက်ကာ သစ်တော့ခြံထဲမှာ လမ်းလျှောက် မှ တစ်ယောက်တည်း အတွေးနက်သလို တစ်ချက်ငြိမ် သည်က ဦးဘုန်းရှိန်သာ ။ ငွေကြေးကိစ္စနှင့် သခွတ်ပင်က ကိုကို ထလုပ်နေသည့် ဒေါက်တာအောင်မင်းကို လောလော ယမ်မှာ ဘာမျှ မာမာကျောကျော မပြောသင့်ဘူးဟု ကိုယ့်စိတ် ဖြင့်၍သတိပုံနေရသည်က ပို၍ ရင်ကို ပန်းတိုက်လာနေစေ သည့်အဖြစ် ..။

"ငါ .. နန်းကျော့ ဆိုတဲ့ ကောင်မလေးကို စုံစမ်းရမယ် .. ဒီကောင်မလေး ဟိုတယ်မှာလဲ မရှိဘူး ဖြစ်နေတယ် .. ကြာညို ဒီကိုလာမယ်ဆိုတာ သူသိတယ် .. သူ .. ဘယ်သူ့ ကို သတင်းပို့နိုင်သလဲ .. သူ ပို့တာပဲ ဖြစ်နိုင်တယ် .. ဟိုတယ်မှာ ရှိနေသလားဆိုတာ ဧိုင်းအွတ်တို့နဲ့ သွားကြည့် ခိုင်းတုန်းက မရှိဘူး ဆိုတာကို ငါသိရပြီးပြီ .. နန်းကျော့ ဟာ ဘယ်သူနဲ့ ပတ်သက်နေသလဲ .. ဘယ်သူနဲ့ပတ်သက် နေသလဲ .."

ဟု ခေါင်းကိုက်နေအောင် စဉ်းစားနေစဉ်ခိုက်မှာ သည်း သောမှလိုက်ပါလာနေသည့် ဒေါက်တာအောင်မင်းက သတော့ လိုက်မသိစွာဖြင့် ..

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ဆော် တွေးထားတာ ရှိတယ်လေ .. တစ်နေ့မှာ .. အန်ကယ် .. ကျွန်တော့်ကို ဒီအလုပ်က နားခိုင်းလိုက်နိုင်တယ် ဆိုတာကိုပေါ့ .. အဲသလို နားလိုက်ရင် .. ကျွန်တော့်မှာ .. အခမဲ့ချက်ရှိဖို့အတွက် .. ခုလို .. ငွေတိုးတောင်းရတာပါ .."

"ဒီမယ် မောင်အောင်မင်း .. အန်ကယ် ပြောမယ် .. ပိုက်ဆံကိစ္စ .. ငွေကိစ္စ သိပ်မပြောပါနဲ့ .. အန်ကယ်ငွေပေးမယ် .. မင်းတောင်းတဲ့ငွေကို ပေးမယ် .. စိတ်ချ .. စိတ်ထဲ အေးထားလိုက်တော့ .. အန်ကယ် ကြာညှိကိစ္စ စိတ်ရှုပ်ထွေး ပင်ပန်းနေချိန်မှာ တခြားကိစ္စတွေကို ခေါင်းထဲ ကြာရှည်ထည့်မထားပါရစေနဲ့ .."

ဖြူန်းစားကြီး ခြေလှမ်းကို တန့်ရပ်ပစ်ကာ ဦးဘုန်းရှိန်သာ ပြောတော့ ဒေါက်တာအောင်မင်းလည်း လိုက်ရပ်၍ပြုံးကြည့်သည်။ လုံးဝကို မကြိုက် .. ထိုအကြည့်ကိုလည်း မကြိုက် .. ထိုအချိုးကိုလည်း မကြိုက်။ ဒေါက်တာအောင်မင်းသည် အရင်တုန်းက တရိုတကျိုးဖြင့် နေပြခဲ့သော ဒေါက်တာအောင်မင်း မဟုတ်တော့ပြီကော .. ဟု ဦးဘုန်းရှိန်သာ စိတ်ပျက်လက်ပျက် နိုင်စွာ သိနေရပါသည့် အဖြစ်။

"ကြာညို ပျောက်ဆုံးနေတဲ့ ကိစ္စဟာ .. ကြာညို့ အတွက် မဟုတ်ဘူး ဆိုတာကိုတော့ ကျွန်တော် အသေအချာ သိနေတာပါပဲ အန်ကယ် .. ကဲ .. ကဲ .. ကျွန်တော် ဟိုဘက်ဆက်လျှောက်လိုက်ပါဦးမယ် .."

ဟု ပြောပြောဆိုဆို ဆက်လျှောက်သွားတော့ ဦးဘုန်းရှိန်သာ နေရာမှာ ရပ်ကျန်ခဲ့ပါပြီ။ ငွေ .. ဟုတ်သည် .. ငွေသည် ဒေါက်တာအောင်မင်းကို လွှမ်းမိုးသွားခဲ့ပြီ .. ငွေနောက်သို့ တကောက်ကောက် လိုက်နေပြီ .. အန္တရာယ်သည် ဒေါက်တာအောင်မင်း ကိုယ်တိုင်လည်း ဖြစ်နေချေပြီတကား ..

ဦးဘုန်းရှိန်သာ ပြုံးလိုက်မိပါပြီ .. နောက်တော့ .. နောက်ကြောင်းပြန်လှည့်ကြည့် လျှောက်လိုက်ပါ၏။

တစ်နေ့မှာ .. ဟုတ်သည် တစ်နေ့မှာ .. ဒေါက်တာအောင်မင်းသည်လည်း ကြာညို့ မိဘများ ဖြစ်ပါသည့် ကြည်နှင့် နန်းရွှေမွန်တို့နယ်မင် ကားအက်ဆီးဒင့်ဖြစ်၍ ဆုံးပါးရချေဦးမည်သာတည့် .. ဟုတ်သည် .. ကား၏ ကလပ်ကြိုးကို မမြဲတမြဲလေးဖြစ်အောင် ပြုပြင်တပ်ဆင်ထားလိုက်ရုံမျှလေးဖြင့် .. ဪ .. ဦးဘုန်းရှိန်သာ ဆိုသည့် .. မွေးစားသား တစ်ယောက်ဘဝမှာ .. စည်းစိမ်ချမ်းသာ ရသင့်သလောက်မရ .. နှန်းချင့်သလောက် မရသည့်ဘဝမှာ .. မွေးစားအစ်ကိုကြီးပေသော် .. တကယ့် အစ်ကိုရင်းပမာ ထားဝါသည့် ကြည်နှင့် ဆိုသည့် ညီနှင့် နန်းရွှေမွန် ဆိုသည့် ခဖမ်တို့သည့် .. ထိုနေ့က .. ထို ကလပ်ကြိုးပြတ်ချိန် .. ကားထိန်းမရ ဖြစ်ချိန်မှာ .. တောင်ဆင်းသမ်းတစ်နေရာ၌ .. ကားချောက်ထဲကျ .. ဆုံးပါးခဲ့ရသည် ဟုတ်ပါလား .. ထိုသို့ မမြဲသည့် ကလပ်ကြိုးသည် .. တစ်နေရာ .. ဒေါက်တာအောင်မင်း မောင်းနှင်မည့် ကားမှာပင် ဦးလာအောင် .. ဦးဘုန်းရှိန်သာ ဖန်တီးရပေဦးတော့မည် ..

www.burmeseclassic.com

www.burmeseclassic.com

ခြံမြိတ်မြိလေးဖြစ်အောင် ပြုပြင် ဖြင့်ဆင် ဖြစ်တည်စေခဲ့ပါ၏။ ဦးနောက်မှာ ရတနာများထားရာကို သိချေမည်ဖြစ်သည့် ကြာညို့ကိုတော့ ရတနာတွေရှိရာကို မေးမြန်းနိုင်ဖို့အတွက် ရအောင် ခေါ်ထားလိုက်ကာ ကြည်နူးနှင့် နန်းချွေမွန်းတို့ကိုသာ မန္တလေးသို့ ကားဖြင့်ထွက်ခွာသွားစေဖို့ ကြိုးစားခဲ့သည်ကလည်း ဘုန်းရှိန်သာပါ။

ယာတောအိမ်ကြီးဘေးမှ ရောက်ကြီးမှာ တောဘဲဆွပစ်ဖို့ဆိုသည့် အချက်လေးတစ်ခုဖြင့် ကြာညို့ကို စည်းရုံးသိုင်းဖမ်းစားနိုင်ခဲ့သည်လေ။

ကြာညို ဆိုသည့် ကလေးလေးဆီမှ ရတနာတွေရှိရာ နေရာကို ဖေးမရနိုင်ခဲ့သည်ကလည်း ကြာညို့ အထိန်းခမ်းမွန် ရောက်လာချိပါ။ ထို့နောက်တော့လည်း ကြာညို့မိဘသတင်းက ရောက်လာခဲ့သည်မို့ ကြာညိုလေး အရမ်းကို စိတ်ထိခိုက်ရ။ ဖျားရန့် ရှိသွားရစဉ်ခိုက်။ ကြာညို့ကို အရူးတစ်ဦးအဖြစ် ရောက်ရှိအောင် ကြစည်ခဲ့သည်ကလည်း ဦးဘုန်းရှိန်သာပါ။

"ကြာညိုဟာ စိတ်အနေမမှန်တော့ပဲ မိဘတွေ အဖြစ်ဆိုးကြောင့် သွေးပျက်နေတဲ့သူ ငါက အလွန်ကြင်နာစိတ်နဲ့ စောင့်ရှောက်ပေးနေတဲ့ သူအိုကြီးအဖြစ် လွှဲခွင်မိသာမှာ လူအများ မြင်နေစေရအောင် လုပ်ဆောင်နိုင်ခဲ့ပြီးပြီပဲ အို ကြာညို မရှိတော့တဲ့နောက်မှာ ငါဟာ အလွန်ချမ်းသာတဲ့ ဘုန်းရှိန်သာအဖြစ် ကျန်ရစ်ခဲ့ရမှာ ဒီကောင်လေးဆီက ရတနာတွေထားတဲ့ နေရာကို ငါသိ

ကားကို ထိန်းမရတော့သည့် အချိန်။ ကလပ်ကို နင်းချ၍ ကလပ်ဖောင်တော့သည့်အချိန်။ ထိုအချိန်သည် တောင်ဆင်းလမ်း တစ်နေရာမှာ ဖြစ်နေနိုင်သည်။

တုန်လှုပ်ချောက်ချားစွာ တောင်ဆင်းလမ်းအတိုင်း ကားနင်ရာနောက် ပါသွားရစဉ်ခိုက် ခေါက်တာအောင်မင်းသည် ငွေများအကြောင်းကို တွေးတောနိုင်တော့မည် မဟုတ်ပါ။ ကြောက်လန့်တကြား အော်ဟစ်နေပါလိမ့်မည်။ သေရမည်ကို ကြောက်ရွံ့ချောက်ချားနေသော သူတစ်ယောက်၏ အော်ဟစ်နေမှု။

မွေးစားသားဘဝမှာ ရှိနေခဲ့ရလျက် သားရင်းတစ်ယောက်ဖြစ်သည့် ကြည်နူး ဆိုသည့် သူတစ်ယောက်၏ ရှေ့မှာ မေးမိုန်သော နေရာ၌ ရပ်တည်နေရချေသည်ကောဟု သိုသိပ်နေခဲ့ရသည့် ဘုန်းရှိန်သာ။"

မွေးစားမိဘများ၏ ကြွယ်ဝချမ်းသာခြင်းများကို မက်မောနေပါသည့် ဘုန်းရှိန်သာ။ ဦးလွင်ကြည်နှင့် ဒေါ်မြတ်နိုးတို့၏ သားကြီးအဖြစ် ရှိနေရပေမယ့် တကယ့်တကယ်ကျတော့ ကြည်နူးသာလျှင် ဘိုးဘွားစဉ်ဆက် ရတနာများ အပါအဝင် စည်းစိမ်မှန်သမျှကို ဝိုင်ဆိုင်ခွင့် ရခဲ့သည့်အဖြစ်၏ နောက်မှာ။

နံသာမြို့ဝင်သည့် တစ်နေ့တွင် အလုံးစုံသော ကြွယ်ဝမှုများကို ဘုန်းရှိန်သာထံ အပ်နှံရချေမည်ဟူသော ကြီစည်မှုကြီးဖြင့်။ ဘုန်းရှိန်သာ ဆိုသည့် လူတစ်ယောက်သည် မွေးစားမိဘများ ဓရှိတော့သည့် ကာလတစ်ခုမှာ ကြည်နူးနှင့် နန်းချွေမွန်းတို့ သူငယ်ချင်း၏ မက်လာပွဲတစ်ခုဆီသို့ သွားမည့်ခရီးစဉ်တစ်ခုတွင်။ ကား၏ကလပ်ကြိုးလေးတစ်ခုကို စက်ခေါင်းဖွင့်

www.burmeseclassic.com

www.burmeseclassic.com

အောင် ... ကြိုးစားခဲ့ပေမဲ့ ... ခုထိ မအောင်မြင်ခဲ့ဘူး ... ကြာသို့ နည်းနည်းသက်သာလာအောင် ... ဆေးကို တစ်ခါ တစ်ခါ ဖြတ်ခိုင်း ... ကောင်းကောင်းလေး ကျွေးခိုင်း ... စိတ်ပျော်အောင် လှုပ်ပေးနဲ့ ရှိစေခဲ့ရတာကလဲ ... စိတ်လက် ကြည်သာလာတဲ့အခါ ... ရတနာတွေ ထားတဲ့နေရာကို သူ ပြောပြလာနိုင်မှာဆိုတဲ့ အတွေးကြောင့် ဖြစ်တယ်ဆို တာ ဟိုင်တုံး ဆရာဝန်က မသိဘူးလေ ..."

ဟု ဆက်တိုက်ကြီး တွေးစစ်ကာ ခပ်သဲ့သဲ့ ပြုံးမိ ပြန်ပါ၏။

လောလောဆယ်တော့ ဒေါက်တာအောင်မင်းကို ခပ် ကြမ်းကြမ်း မတွဲပြန် မဆက်ဆံသင့်တာကို ပြန်၍ ပြန်၍ စိတ် ကို ထိန်းရန့် ရှိနေရသည်ကလည်း ဦးဘုန်ရှိန်သာပါ ...။

ဒေါက်တာအောင်မင်းနှင့် စိတ်ဝမ်းကွဲသွားသည့် အုပ်စိုးတို့မင် ဒေါက်တာအောင်မင်း ရှေ့မှာ ခပ်ကြမ်းကြမ်းပြော ကာ အလုပ်မှ ထုတ်ပစ်ခဲ့ပေမယ့် ...။

ထိုနေ့ညက ... အုပ်စိုး ထွက်ခွာသွားချိန်မှာ ... တယ်လီ ဖုန်းဖြင့် စိုင်းအွတ်၏ညီ ... ဟိုတယ်လုံခြုံရေး ဝန်ထမ်း စိုင်းနွတ်ကို ဆက်သွယ်ကာ အုပ်စိုးနောက်သို့ ကားဖြင့်လိုက်ခိုင်းခဲ့ ...။

ကားပေါ်ခေါ်တင်ခိုင်းကာ လက်ဖက်ခြံရှိ စိုင်းအွတ် ထံပို့ခိုင်းခဲ့ ...။ ယာတော်ကြီးအိမ်မှာ အုပ်စိုးကို ဦးဘုန်ရှိန်သာ နောက်တစ်နေ့မှာ တွေ့ခဲ့ ...။ အုပ်စိုးကို ... လက်ဖက်ခြံကြီးတစ်ခု မှာ အလုပ်အာဝန်ခံအဖြစ် ခန့်ထားခဲ့တာတွေသည် ... အတွင်း သတင်း အပြင်မရောက်အောင်ပါ ...။

ကြာညို့ကို ဒေါက်တာအောင်မင်းက ရိုက်နှက်ထိုး ကြိတ်ခိုင်းခဲ့ပါသည် ဆိုတာမျိုးကို ဒေါက်တာအောင်မင်းကို အပုတ် ချလိုစေဖြင့် အုပ်စိုးသည် နေရာအနှံ့မှာ သတင်းပြန့်အောင် ပြောဆိုနိုင်သည့်သူတစ်ယောက် ဖြစ်နေသည်လေ ...။ ထိုသတင်း ပြန့်၍မဖြစ်။ ပြန့်သွားတာနှင့် ဦးဘုန်ရှိန် အပေါ်လည်း လူသူ တို့ သံသယ ဖြစ်လာနိုင်ကြချေသည် မဟုတ်ပါလား။ ဒါကြောင့် လည်း ... အုပ်စိုးကို လခကောင်းကောင်းဖြင့် အလှမ်းဝေးလှသော လက်ဖက်ခြံကြီး တစ်ခုမှာ ဘာဝန်ထမ်း ခန့်ထားစေခဲ့သည့် အဖြစ် ...။

"ဒေါက်တာအောင်မင်းကို အန်ကယ် အရိပ်အကဲ စောင့် ကြည့်လိုက်ပါဦးမယ် မောင့်အုပ်စိုး ... သူ့ကို ... အန်ကယ် ... သေချာတဲ့ တစ်နေ့မှာ ... ကျေးဇူးနဲ့ကို ... အရေးယူနိုင် အောင် စီစဉ်ပါ့မယ် ..."

ဟုပင် အုပ်စိုးကို ပြောခဲ့သေးသည် မဟုတ်ပါလား။ အုပ်စိုးကတော့ ကျေနပ်သွားခဲ့လျက် ဒေါက်တာအောင်မင်း မ ကောင်းကြောင်းတွေ ဆက်တိုက်ကြီး ပြောပြခဲ့ပါသေး၏။ ယာ တောအိမ်ကြီးမှာ နှစ်ယောက်ချင်းသာ တွေ့ခဲ့လျက် ...။ စိုင်းအွတ် က အခန်းပြင်ဘက်မှာ စောင့်နေခဲ့သည်လေ ...။

လောလောဆယ်မှာတော့ ... အုပ်စိုးက လက်ဖက်ခြံ ကြီးမှာ ရှိနေပြီ ...။

ဒေါက်တာအောင်မင်းကတော့ ... တစ်လကို ငွေ ခြောက်သိန်းရမှ ဖြစ်မည်ဟု ငွေကြေးကိန်းဂဏန်းဖြင့် ဆက်ဆံ ထားနေခဲ့ပြီးပြီ ...။

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုကလည်း ပျောက်ဆုံးနေသည်။

ထမင်းချက် ဒေါ်နန်းဥနှင့် မိချိုကိုလည်း သစ်ထော
ခြံအိမ်ရှာပဲ ဆက်နေစေကာ ..။ ကြာညို ပျောက်ဆုံးသည့် သတင်
ကို အပြင်ဘက်မရောက်အောင် ဦးဘုန်းရှိန်သာ အုပ်ထိန်းချုပ်ထိ
ထားရပါသည့် အဖြစ် ..။

ဘာပဲဖြစ်ဖြစ် ..။

စိတ်ရှုပ်ထွေးစရာတွေ ဆက်တိုက်ကြုံနေရသည့်
ဦးဘုန်းရှိန်သာ ခေါင်းတွေကိုက်ခဲလာစေနသည် ..။

"ငါ မှားတယ် .. အဲဒီ ရတနာတွေရှိရာကို သိချင်တဲ့
တစ်ခုကြောင့် .. ကြာညိုကို အဲဒီခရီးမှာ ပါမသွားအော
လုပ်မိခဲ့တာ ငါမှားတယ် .. ခုတော့ .. ကြာညိုက ရှိနေ
မယ် .. ရတနာကို ငါ မသိနိုင်ဘဲ ရှိနေတဲ့အတူတူ .. ခု
သူ ပျောက်ဆုံးနေချိန်မှာ .. သူ .. ဘယ်မှာရှိတယ်ဆို
သိဖို့ အရေးအကြီးဆုံးပဲ .. တော်ပြီ .. ရတနာတွေထား
နေရာ မသိချင်လဲ ရှိစေတော့ .. ကြာညို့ကို .. တစ်နည်
နည်းနဲ့ .. ဒီလောကကြီးထဲက ထွက်သွားဖို့ ငါလုပ်
လုပ်ရတော့မှာ .. ဟင်း .. ဟိုတစ်ခါတည်း .. ကားထဲ
သွားခဲ့ရင်ဖြင့် .. ဒီကျန်တဲ့ပစ္စည်းတွေ .. ငါတစ်ယော
တည်း အေးအေးဆေးဆေး ပိုင်ပြီးသား ဖြစ်နေမြီ ..
မှားတာ .. ဒီကောင်လေးကို .. ငါ .. တောဘဲတွေ
မယ်ဆိုပြီး ခေါ်ထားလိုက်မိတာ မှားတာ .."

ဟု မအီမချင့်ကြီး ရင်တွင်းမှ တွေးရင်း
ခေါင်းထဲမှာ အရေးတကြီးထား၍ စဉ်းစားလာမိရပြန်သည်က

နန်းကျော့ ..။ ဟုတ်သည် ..။ နန်းကျော့ ဘယ်မှာရှိသည်ဆိုတာ
သိဖို့ အလွန်အရေးကြီးနေသည်လေ ..။

ကြာညို ပျောက်ဆုံးခြင်းနှင့် နန်းကျော့သည် တော်
သက်ဆက်စပ်နေသည်ဟု ဦးဘုန်းရှိန်သာ တွက်ဆထားမိရသည်
မဟုတ်ပါလား ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

"ပင်လုံးဆေဆာဆာ .. ချွေကုံကော်မာလာပန်းဖြာလန်းရာ .. ချွေကုံကော်မာလာပန်းဖြာလန်းရာ .. ခိုင်ညာယိမ်းယိုင်ကာ လေယူရာ သွေးလိုမွေး .. မွေးတဲ့ ကဲ့ကော်ပါ .."

ပဲတောင့်ရှည်လေးတွေကို ကတ်ကြေးငယ်လေးဖြင့် အညာမှ ဖြတ်ခူးနေရင်း လှလွန်းအိမ် ခပ်တိုးတိုး တေးလေးညည်း နေခိုက် ကြာညိုကတော့ နောက်ဖေးအဆင်း လေကားထစ်မှာ ခြေကြေးစင်၍ ထိုင်နေသည်။ မျက်နှာကတော့ စိတ်လက်ညစ်နေသည့် အသွင်ဖြင့် မျက်မှောင်လေး ကုတ်ကွေးတွေးနှင့်ပါ။

"သိပ်ကြာတာပဲ .. ဘိုးဘိုးဆီ ပြန်ချင်တယ် မမလေး .. သူတို့က ကြာညိုတို့ကို ဘာလို့ အကြာကြီး ဒီမှာခေါ်ထားရတာလဲ .."

ဟု စတင်၍ မေးလာပြီ။ လှလွန်းအိမ် ခပ်ဖွဖွသက်ပြင်းရှိုက်၍ ကြာညို့ ဘေးမှာ သွားထိုင်ရပါ၏။ လောလောဆယ်မှာတော့ လှလွန်းအိမ်သည် ဒေါ်ခမ်းမွန်ကို ယုံကြည်စပြုနေပြီ .. ဦးဘုန်းရှိန်သာသည် ကြာညို့ကို မောတာငင်ငင်ဖြင့် ရတနာတွေ

ခိုရာကို မေးနေသည့်အဖြစ်ကို ကိုယ်တွေ့ မျက်မြင်ကြီး ရှိခဲ့ရသည်ဟုတ်ပါလား။ ဒါပေမဲ့ တဖြည်းဖြည်း ခေါင်းအေးအေးဖြင့် ပြန်ချဉ်စားမိပြန်တော့လည်း .. ဒေါ်ခမ်းမွန် ဆိုတာကိုလည်း လုံးဝ ကြိုးပုံ၍တော့ မယုံရဲသေးပြန်။ ဒေါ်ခမ်းမွန်သည်လည်း ရတနာတွေ နောက်ကို လိုက်နေသည့် သူတစ်ယောက်လည်း ဖြစ်နေနိုင်သည်ဝဲ .. သံသယဆိုတာကို .. နေရာတကာမှာ မသုံးသင့်တာ မှန်ပေမယ့် .. ဘာမဆို ဖြစ်နေနိုင်သည်ဆိုသော အခြေအနေမျိုးမှာ ကျတော့လည်း သံသယဆိုတာကို လုံးဝကြီး မစွန့်လွှတ်နိုင်ပြန် .. ဘာကြောင့်ဆို .. ဒေါ်လေးခမ်းမွန်သည် လှလွန်းအိမ်တို့ကို အခုထိ .. အစောင့်အကြပ်နှင့် ထားနေဆဲ ဖြစ်နေသည် မဟုတ်ပါလား .. ။

"ကြာညို့ကို လွှမ်းလို့ ဒေါ်လေးခမ်းမွန်က ဒီမှာ ခဏခေါ်ထားတာလေ .. ပြီးရင် .. ဘိုးဘိုးဆီကို ပြန်ပို့မှာ .. ဘိုးဘိုးကလဲ ခရီးထွက်နေတာတဲ့ .. ဟိုမှာ ဒေါက်တာဦးအောင်မင်းပဲ ရှိနေမှာ .. ဆေးထိုးခံရမှာ မလန့်ဘူးလား .. "

ဟု မေးတော့ ကြာညို ခေါင်းခါသည်။

"ဒေါ်လေးခမ်းမွန်က ကြာညို့ကို လွှမ်းရင် .. ဟိုမှာလိုက်နေပါလား၊ ဒီမှာက .. ကြာညို့ ပုံဆွဲစာအုပ်တွေလဲ မရှိဘူး .. ခြင်္သေ့ကိုက်တယ် .. မီးလဲမလင်းဘူး .. "

"ဒါပေမဲ့ .. အရိုက်မခံရဘူး မဟုတ်လား ကြာညို .. ဟင်းလဲကောင်းကောင်း စားရတယ်လေ .. ငါးကြော်ရယ် .. ကြက်သားရယ် .. ပဲထမင်းရယ် .. ဒီနေ့ စားရဦးမှာ .. "

အစားနှင့် လှည့်ချော့တော့ ကြာညို တစ်ခဏငြိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် .. ဦးအုပ်က ကြာညို့ကိုဆို အမြဲအရိုးပဲကွေးတာ .."

ဟု မှတ်မှတ်ရရ ငတ်နေသမျှကို ပြန်၍ပြောပြပြနေသေးသည့်အဖြစ်။

လှလွန်းအိမ် တွေးမိရုပါပြီ။ ကြာညိုသည် မှတ်ဉာဏ်အား အလွန်အမင်း ချို့ယွင်းနေတာ မဟုတ်ဟူ၍ပါ။ ခုတ်ည့် .. ဦးအုပ်မိုး ကြာညို့ကို အငတ်ထားတာတွေကို ပြန်၍ ပြန်၍ အမှတ်ရနေသည် မဟုတ်ပါလား။

"ကြာညို့ကို .. ဘိုးဘိုးက ချောကလက်ထွေ ကျွေးတယ် သိလား .."

ဟု အမှတ်ရရင်း လွမ်းစိတ်ဖြင့် ကြာညို ပြောရသည်။ လက်နှစ်ဖက်ကို လက်ဖဝါးချင်း ပွတ်နေသည့် ကြာညို့ကို ငေးစိုက်ကြည့်ရင်း ရင်ထဲမှာ မကောင်း .. ။ အစားအသောက်လေးတွေ ကော်မောရှာသည် ဆိုတာကလည်း .. တော်တော်ပြတ်ပြတ် နေရတာက အချိန်များနေ အကြိမ်များနေသည်မို့ .. ခဏခဏ အစားကောင်းကိုဆို .. တစ်ခါတစ်ခါမှာ အာသာဝမ်းငမ်းပုံမျိုးလေးဖြင့်ပင် စားသောက်ပစ်တတ်ရှာသည်လေ .. ။

ကြာညို့ ဆံစလေးတွေကို လှလွန်းအိမ် သပ်ပေးမိပါ၏။ ရင်ထဲမှာ ကြာညိုသည် ကလေးလိုပဲ ဖြစ်နေသည်။ တကယ်တမ်းကျတော့ လှလွန်းအိမ်ထက် အသက်ကြီးပေမယ့် .. နေသည်က .. မောင်ငယ်လေးပမာ ကလေးစိတ်နှင့် ပြောတတ်ရှာသည် မဟုတ်ပါလား။ နဖူးစပ် နေရာလေးမှာ အမာရွတ်တစ်ခုက ဆံစထွင်းဆီသို့တိုင် တိုးဝင်ထင်ကျန်နေသည်ကို မြင်ရပြန်သည်မို့ ရင်ထဲမှာ ပို၍မကောင်း .. ။

"ကြည့်စမ်း .. ကြာညို့ကို .. ဦးအုပ်ဦးကပဲ ရိုက်နှက်ခဲ့တာလား .. ဒေါက်တာကပဲ ရိုက်နှက်ခဲ့တာလား .. ဒီဒဏ်ရာကဖြင့် မငယ်လှဘူး၊ အင်းလေ .. ဘာပဲဖြစ်ဖြစ် .. လောလောဆယ်မှာတော့ ကြာညို့ကို တကယ်ချစ်လို့ပဲဖြစ်ဖြစ် .. ရတနာတွေထားတဲ့နေရာ သိချင်လို့ပဲဖြစ်ဖြစ် .. အင်းလေ .. ဘာပဲဖြစ်ဖြစ် .. လောလောဆယ်မှာတော့ ဒေါ်လေးခမ်းမွန်တို့က .. ဆရာမလေး မွေးဥနဲ့ ဆေးတွေ မှန်မှန်ထိုးပေး၊ အားရှိတဲ့ အစားအစာတွေကိုလဲ ကျွေးနဲ့ ရှိခဲ့တာ ဆယ်ရက်တောင် ရှိလာပြီ၊ သူတို့ကမှ .. ကြာညို့ကို အရေးတစိုက် အရမ်းရှိနေကြစာပါပဲ .. ကြာညိုလဲ အိပ်ရေးဝဝ အိပ်ရ .. အစားကောင်း မှန်မှန်စားရနဲ့ဆိုတော့ .. မျက်နှာလေးကိုက .. အရင်လို မဟုတ်တော့ဘူး .. ပိုပြီး သွေးရောင်လွမ်းလာတယ် .. လွှဲလဲ .. မှတ်ဉာဏ်ပိုကောင်းလာနေတယ် .. "

ဟု တွေးနေမိရပြန်သည်။ ပဲတောင့်ရည်တောင့်လေးတွေကို ကြက်သည်း ကြက်မြစ်လေးတွေဖြင့် ဇကြော်ပို့ ဆင်းခူးနေစဉ်မှ ကြာညိုနှင့် လေ့ကားရင်းလေးမှာ စကားလေးတွေ ပြောနေစဉ်ခိုက် ခြံစည်းရိုးအဝမှာတော့ ဦးအိုက်ရီက အစောင့်အဖြစ် ရှိနေသည်ပါပဲ။ ခုထိ .. လှလွန်းအိမ်တို့ကို အစောင့်နှင့် ထားနေဆဲမို့သည် ဒေါ်ခမ်းမွန်ကို လှလွန်းအိမ် စိတ်ချလက်ချ မယုံရဲနိုင်ပဲ ရှိနေရခြင်းပါ .. ။

အိမ်မှာက ဦးအိုက်ရီ တစ်ယောက်ပဲ ကျန်နေသည်။ ဒေါ်လေးခမ်းမွန်နှင့် ဦးအိုက်လုံ၊ ဦးအိုက်အောင်နှင့် ဦးအိုက်ကျောင်း

www.burmeseclassic.com

တို့ မြေနီလမ်းလေးအတိုင်း မာဇဒါကားလေးဖြင့် မောင်းထွက်ခဲ့ မြို့ထဲတက်သွားကြတာ မနက်ကတည်းကပါ ..။ ဦးဘုန်းရှိန်သာ၏ ခြေလှမ်းများနှင့် အခြေအနေကိုလည်း စနည်းနာရင်း ကြာညို့အတွက် မုန့်တွေ၊ စားသောက်စရာလေးတွေ သွားဝယ်ကြခြင်းပါ ..။ ဦးအိုက်အောင်၏ ကုန်စုံဆိုင်နေရာလေး တစ်ခုသည် ဒေါ်ခမ်းမွန် အတွက် လိုအပ်သမျှတွေ ဝယ်ယူနိုင်ရာ ဖြစ်နေလျက် အပြင်မှ ဝယ်စရာဆို၍ကတော့ တန်ဖိုးကြီးသည့် မုန့်ပုံးမျိုး ဟောလစ်ပုလင်းလိုဟာမျိုး၊ ကိတ်မုန့်လတ်လတ်ဆတ်ဆတ် ဆိုတာမျိုးတွေပါ ..။ ထိုမုန့်မျိုးတွေကျတော့လည်း ဦးအိုက်အောင်၏ ကုန်စုံဆိုင်လေးမှာ မရနိုင်။ ပြီးတော့ကျတော့ .. ကြာညို့နှင့် လှလွန်းအိမ်တို့အတွက် အဝတ်အစား အနည်းငယ်လည်း ဝယ်လာမည်ဟု ဆိုသည်။ လေးလောဆယ်မှာက လှလွန်းအိမ်က ဒေါ်ခမ်းမွန်၏ အဝတ်အစားတွေ၊ ကြာညို့က ဦးအိုက်အောင်၏ အဝတ်တွေကို အလဲအလှယ်လုပ်၍ ဝတ်နေရသည်ကိုးလေ .. ကြာညို့သည်ပင် ဦးအိုက်အောင်၏ ရှမ်းဘောင်းဘီနက်ပြာရောင် ခပ်ဟောင်းဟောင်းနှင့် ရှပ်အင်္ကျီလက်တိုကို ဝတ်ထားပါသည်အဖြစ်။ ဦးအိုက်အောင်၏ ဘောင်းဘီသည် အရပ်ပိုမြင့်သော ကြာညို့၏ ခြေမျက်စိအထက်နေရာဆီမှ အတော်လေးတက်နေအောင် ခပ်တိုတိုကြီး ရှိနေပါ၏။

"ငါးကြော်စားမယ်ဆို .. ထပ်စားမယ်ဆို .."

ဟု လှလွန်းအိမ် မေးတော့ ကြာညို ခေါင်းညိတ်သည်။

"ပဲထမင်းလဲ ထပ်စားမယ် ငါးကြော်နဲ့လဲ .. မမလေးလဲ စားပါလား .."

ဟု ပြောလာလေတော့ လှလွန်းအိမ် ခေါင်းလေးခါသည်။

"ဒေါ်လေး လာမှ မမလေး စားမယ်လေ .. ကြာညို့ကိုကတော့ .. စား .. ဟုတ်လား .."

"စားလို့ကောင်းတယ် သိလား .. အိမ်မှာလေ .. ကြာညို့ အိမ်မှာလေ မမလေးလိုပဲ .. မေ .. မေ .. က .. သိပ် .. ချက် .. ထတ်တာ .."

ဟု ဖျတ်ခနဲ သတိတရဖြင့် ကြာညို့ ပြောလာတော့ လှလွန်းအိမ်၏ ရင်ညွှန့်လေး ထိတ်ခနဲ ခုန်သည်။ ဘုရားရေ ..။ ကြာညို့သည် .. ကြာညို့ မေမေ ဆိုတာကို .. ပြန်၍ .. ပြန်၍ .. တမ်းတမ်းတတဖြင့် အမှတ်ရစွာ ပြောလာတတ်ရှာချေပြီတကား ..။ ဒါပေမဲ့ .. ရှေ့ဆက်၍ လှလွန်းအိမ် မမေးမိဖို့ ပါးစပ်ကို ဇစ်ဇစ် ပါအောင် ပိတ်ချထားရသည်။

"အခု .. ကြာညို့မေမေရောဟင် .."

ဟု မေးမိလျှင် .. မိဘနှစ်ပါးစလုံး၏ အဖြစ်ဆိုးကြီး ရင်ထဲ ပြန်ဆောင့်ဝင်ရင်း ကြာညို့ အရှက်ကို စိတ်တွေပြန်၍ ရှုပ်ထွေးဆိုးဝါးသွားမှာ .. စိတ်လှုပ်ရှားသွားမှာ .. ငိုကြီးချက်မဖြစ်သွားမှာ .. လှလွန်းအိမ် စိုးရိမ်သည်။

ကိုနောင့်ထံ ခေါ်သွားပြီး ပြချင်တာကို .. ဒီနေ့မှာဆောဖြင့် ဒေါ်ခမ်းမွန်ကို သွေးတိုးစမ်း၍ ပြောကြည့်မည်ဟု လှလွန်းအိမ် ကြံထားသည်ပါပဲ ..။ သူတို့လက်ထဲမှ ကြာညို့ကို ခေါ်ထုတ်သွားတာမျိုးလို လက်ခံချင်ပါ့မည်လား ဆိုတာကိုလည်း အရိပ်အကဲ ဖမ်းနေရသေးသည်မို့ .. စိတ်ထဲရှိရာကို အလောတကြီး

www.burmeseclassic.com

www.burmeseclassic.com

မပြောဝံ့ခဲ့ဘဲ ရှိရာမှ ... ခုတော့ ... မြောကြည့်လိုက်တော့မည်ဟု ဆုံးဖြတ်ထားရသည်က လှလွန်းအိမ်ပါ ...။

"ကိုနောင် ဆိုတာ လှလွန်းအိမ်ရဲ့ အစ်ကိုကြီးလို အားထားရတဲ့သူပါ ... လှလွန်းအိမ်နဲ့ စေ့စပ်ကြောင်းလမ်းထားလို့ ဖြစ်ပါတယ် ... ဒီမှာ ကြာညိုကို ခေးဝါးကုသနေတာထက် ... ဟိုမှာ ... ကိုနောင်နဲ့ ကုသရင် ပိုပြီးထိရောက်မယ်လို့ ပြောကြည့်ရမှာပဲ ... ဒါပေမဲ့ ... ခက်တာက ... ခေါ်ခမ်းမွန် ပြောနေတဲ့ စကားက ငါတို့ကို သိပ်ပြီး လွှတ်ချင်တာမျိုး ဖြစ်မနေတာမို့ ... အဲဒီစကားကို မစနိုင်ဘဲဖြစ်နေရတာ ..."

ဟု တွေးမိရင်း သက်ပြင်းရှိုက်မိရသည်က လှလွန်းအိမ်ပါ ...။

"မိန်းကလေးနဲ့ ကြာညိုကို လွှဲချင်ခမ်းသာဖြို့ပေါ်ကို ပေါ်ပေါ်ထင်ထင်ကြီး ခေါ်သွားလို့ကို မဖြစ်တာ ... ဦးဘုန်းရှိန်သာ ဆိုတာက ကြာညိုနဲ့ဆိုရင် သားချင်းတော်စပ်သူ အဖြစ် ရှိနေတာ ... ခေါ်လေးက အထိန်းအဖြစ် ရှိခဲ့ဖူးရုံပဲ သူစိမ်း အဖြစ်ရှိနေရတာ ... ခေါ်လေးတို့ လက်ထဲကနေပြီး ကြာညို့ကို သူတို့ဘက်က ပြန်ခေါ်နိုင်ခွင့် ရှိနေတယ်လေ ... ရဲတိုင်ပြီး ကြာညို့ကို ပြန်ခေါ်သွားမယ် ... ခေါ်လေးတို့ကိုတော့ ဖမ်းဆီးခံစေမယ် ... အဲသလိုရှိတယ် ... သူ့ဘက်က ... မရိုးသားဘူး ဆိုတာ ခေါ်လေး သိနေပေမယ့် ... ခိုင်မာတဲ့ အထောက်အထား မပြနိုင်သေးဘူးလေ၊ ခေါ်လေး အပြောပဲ ရှိနေရမှာ ... အထောက်အထား ပြနိုင်တဲ့အထိ ဆိုတာထက် ...

ကြာညို ... လူကောင်း သူကောင်းလောက် နီးနီးပါးဖြစ်ဖြစ် ပြန်သတိမြဲလာချိန်ထိလောက်ကိုတော့ မိန်းကလေးလေ ... ဒီမှာ ကြာညိုနဲ့အတူ အနေဆင်းရဲ အစားဆင်းရဲနဲ့တော့ နေမေးရလိမ့်ဦးမယ် ... ဘာလို့လဲဆိုတော့ မိန်းကလေးကို ပြန်လွှတ်လိုက်လို့ကလဲ မဖြစ်နိုင်ပြန်ဘူးလေ၊ မိန်းကလေးကို ... ဦးဘုန်းရှိန်သာက မေးမှာပဲ ... မိန်းကလေးကလဲနဲ့သမျှမြို့ပတ်ဟိုစာယ်ကို မပြန်လို့မှ မဖြစ်စာ ... ကားကြီးက ဟိုမှာကျန်နေတာ မဟုတ်လား ... အေးကွယ် ... ဘာပဲဖြစ်ဖြစ် ... ခေါ်လေးတို့ကလဲ ... မိန်းကလေးကို မခေါ်မဖြစ် ရောခေါ်ခဲ့ရတာဟာ ... မိန်းကလေးရဲ့စိတ်ကို အများကြီး ဒုက္ခပေးနေမှာပဲမို့ ... အားနာလှပါတယ် ..."

ဟု မနေ့ညကပဲ မီးဖိုဆောမှာထိုင်ရင်း မနက်စာ အတွက် ကောက်ညင်းပေါင်း ပေါင်းနေလျက် ပါးစပ်နှပ်နှပ်ပြောခဲ့ပါသည့် ခေါ်လေးခမ်းမွန် စကား ...။ ထိုစကားအရ ဆိုလျှင် ကြာညိုနှင့် လှလွန်းအိမ်ကို ခုလောလောဆယ် အတွင်းမှာတော့ ... ဤနေရာလေးမှ မည်သည့်နေရာကိုမှ ထွက်ခွာခွင့် ပြုကြပေဦးမည်မဟုတ် ...။ ဒါပေမဲ့ ... ခေါ်ခမ်းမွန်သည် လှလွန်းအိမ် အပေါ် ဘာတော့ ဤဆယ်ရက်အတွင်းမှာ တဖြည်းဖြည်း ယုံကြည်စပြုလာခဲ့တာသည်။ လှလွန်းအိမ်သည် ထွက်ပြေးမည့်သူ မဟုတ်ဟုသည်း ထင်လာပုံရသည့်။ ကြာညို့ အပေါ် ဦးဘုန်းရှိန်သာ မရိုးသားဆိုသည့် အချက်ကို လှလွန်းအိမ်သည် ယုံကြည်လျက် ခေါ်ခမ်းမွန်တို့သည် ကြာညို့အပေါ်မှာ ကောင်းကြသူများဟုဆိုသည်း လှလွန်းအိမ် မှတ်ထင်ယုံကြည်သွားပြီဟု ထင်မှတ်နေပြီပုံလည်း

www.burmeseclassic.com

www.burmeseclassic.com

ရဆဲဆဲ။ ဒါကြောင့် အရမ်းကြီး တင်းတင်းကျပ်ကျပ်ကြီး ... ဤနေရာလေးမှာ မနေစေဘော့ ..။ တစ်ခါ တစ်ခါ မြေနီလမ်းလေးအတိုင်း အညောင်းညာပြေ ကြာညိုနှင့် လှလွန်းအိမ်တို့ လမ်းလျှောက်ခွင့်လည်း ပြုတတ်သည်။ အစောင့်အဖြစ်ကလေး ဦးအိုက်အောင်တို့ထဲမှ တစ်ယောက်ယောက်ကတော့ ပါဇာတ်သွင်း ခုလည်းကြည့်။

ဦးလေးအိုက်ရီ တစ်ယောက်ပဲ ကျန်သည်။ ခေါင်းခန်းမွန်တို့ အားလုံး မြို့ပေါ်တက်သွားကြပြီ ..။ ဦးဘုန်းရှိန်သာ တစ်ယောက် ကြာညိုနှင့် လှလွန်းအိမ်၏ သတင်းကို လူအစုဖြင့် မြေလှန်ရှာနေမည့် ဆိုတာလောက်ကိုတော့ ခေါ်ခမ်းမွန်းလည်း တွက်ဆထားသည့်ပုံ ..။ ကြာညိုကို .. ဤနေရာလေးမှ .. ဘယ်ကိုမျှ လူသူအမြင်ခံနိုင်အောင် သွားလာစေခွင့်ကတော့ ပြုမည်မဟုတ်။

ဆရာမလေး မဖွေးဥကိုပင် ခေါ်ခမ်းမွန်က ကြည့်သည် သူ့တူလေးပါ .. ဟု ဖြောထားခြင်းပါ ..။ လှလွန်းအိမ်ကိုကျတော့ .. ရန်ကုန်မြို့ကြီးမှ အလည်လာသည့် ကျောင်းဆရာလေး အဖြစ်ပဲ ပြောပြထားသည့်အဖြစ် ..။

မီးဖိုဆောင်လေးသို့ ရောက်တော့ လှလွန်းအိမ် ငါးကြော်နှင့် ပဲထမင်းကို ပန်းကန်လေးထဲ ခူးထည့်ပေးပြီးမှ ပဲတောင့်ရည်လေးတွေကို ကြော်ဖို့ပြင်သည်။

ငါးကြော်ကို ကိုက်မည်ပြုရာမှ ကြာညို လှလွန်းအိမ်ကို ကြည့်သည်။ မျက်ဗန်းနက်နက်တွေက အေးချမ်းကြည်စင်ရိပ်တွေ ပြည့်သိပ်လာနေ၏။ ဘာကြောင့်ပါဖြစ်ဖြစ်။ လောလောဆယ်

ကာတော့ ကြာညိုသည် ဦးဘုန်းရှိန်သာကို လွမ်းနေသည့် အရာက လွဲ၍ ဤနေရာလေးမှာ ငြိမ်းငြိမ်းအေးအေး စားသောက်နေရသည်ကို ခဲ့ ..။ မျက်ဝန်းလေးတွေကဖြင့် သိသိသာသာကြီးကို ရွှန်းလဲ့ကြည်စင်လာနေကြသည်ပါပဲ ..။

"မမလေး စားလေ .."

"ဟင့်အင်း .. မမလေး မစားသေးဘူး .. ခေါ်လေးလာမှ စားမှာ .."

"ခေါ်လေးက ဘယ်အခါမှ လာမှာလဲ .. မမလေး ဆာနေမှာပေါ့ .. ခေါ်လေးက .. ဟိုမှာ မုန့်တွေ ဝယ်စားနေမှာ သိလား .. မမလေးက ဒီမှာ စောင့်ရင်း ငတ်နေတာ .."

အံမယ် ..။ ပြောဘတ်နေသေးသည့် ကြာညိုပါတည့် .။ ငါးကြော်ကို မယူမချင်း ကမ်းဆေးနေသည်ဖို့ လှလွန်းအိမ် တစ်ချက် ရယ်လိုက်မိကာ ငါးကြော်လေးကို စိတ်ကျေနပ်အောင် ယူ၍ တစ်ဖဲ့လေး ဖဲ့စားလိုက်ရသည်ပါပဲ ..။ ကြာညို ထိုအခါမှ ပန်းကန်ကို ဒူးလေးပေါ်တင်၍ ငါးကြော်ကို ဖဲ့ဖဲ့ယူပြီး ပဲထမင်းနှင့် မြိန်မြိန်ရှက်ရှက် ကလေးလိုပဲ ပါးလုပ်ပါးလောင်းကြီး စားနေရှာပါ၏။

"ကြာညို့ကိုလေ ... ဦးအုပ်က ကြမ်းပေါ်မှာ ထမင်းပန်းကန်ကို ဆောင့်ချပြီး ကျွေးတာ သိလား .. ကြက်ဥကြော်နဲ့ ချည်းပဲ .. ညှီစော်နံတယ် .. ကျန်တာတွေကို ဦးအုပ်က အုပ်ပစ်တာ .. သိလား .."

ဟု ဦးအုပ်စိုး ကျွေးမွေးတာတွေကို အတင်းအုပ် သလိုလေး ပြန်ပြန်ပြောပြနေသမျှ နားထောင်နေရရုံဖြင့် လှလွန်း

www.burmeseclassic.com

အိမ် ရင်ထဲမှာ မကောင်း။ အရမ်းကို ချမ်းသာသည့် မိဘနှစ်ပါးမှ မွေးဖွားလာသည့် ကြာညို ... စိတ်ထားကောင်းသည့် မိသားစုတစ်စုတွင်းမှ ကြာညို ... အစားအသောက် ငတ်မွတ်နေခဲ့ရဖူးဖြင့် ... အထိုးအကြိတ်များကြားမှာ ကြီးပြင်းလာရချေသည်တကား။ ကြာညို စားနေရာမှ လှလွန်းအိမ်ကို တစ်ချက်ကြည့်၏။ ငေးကြည့်နေသည့် မျက်ဝန်းနှင့်ဆုံတော့ ပါးစပ်ထဲ သွင်းလုလု ထမင်းလုတ်ကို မထည့်တော့ဘဲ တန့်ပစ်ကာ လက်ကြီးလှမ်း၍ လှလွန်းအိမ်ကို ခွဲ့ကျွေးပါချေသတည်း။

"စားလေ ... ဆာနေတာပဲ ဥစ္စာ ... ကြာညိုပဲ စားနေတယ် ... မမလေး ဆာလို့ ကြည့်နေတာ ကြာညို သိတာပေါ့ ... ဒေါ်လေးကို မစောင့်နဲ့ ... ဒေါ်လေးတာ ဟိုမှာ မုန့်ဟင်းခါးတို့ ဘာတို့ စားချင်စားနေမှာ ... ကြာညိုတောင် မှာလိုက်သေးတယ် သိလား ... မုန့်ဟင်းခါး ဝယ်ခဲ့လို့ ..."

ဟု ပြောနေတော့ လှလွန်းအိမ် ကြာညို့ မျက်နှာလေးကို ငေးကြည့်နေရသည်ပါပဲ ...။ စားစေ့ချင်စောဖြင့် ကျွေးရှာခြင်း ဆိုတာကိုလည်း နားလည်နေရသည်မို့ ခွဲ့ကျွေးလာသည့် ထမင်းလုတ်ကို စားလိုက်ရသည်ပါပဲ ...။ ထိုအခါမှ ကြာညို့ မျက်ဝန်းတွေ ပို၍ရွှန်းလဲ့လာသည်။ ကျေနပ်သွားပြန်လျက် ထမင်းကို ဆက်၍ ဆက်တိုက်ကြီး တစ်လုတ်ပြီး တစ်လုတ် စားနေပါ၏။ နှုတ်ခမ်းလေးက ပြီးနေသည်။ လျှာလေးကို နှုတ်ခမ်းလေး လှုပ်၍လှုပ်၍ စုပ်ကာ အရသာဖမ်း ခံခံနေလိုက်သေးသည့် အဖြစ်။ ပြီးမှ ... နောက်ထပ် ထမင်းလုတ်ကို ဆတ်စားပြန်သည်။ အတော်ကြီး အရသာတွေ့နေသည့်ပုံ ...။

ပဲတောင့်ရှည်ကြော်တော့လည်း ကြာညို ပန်းကန်ကြီးကို ကူထိုး၍ တောင်းပြန်သည်မို့ ကြက်သည်း ကြတ်မြစ်နှင့် အစိမ်းဆုင် ပဲတောင့်ရှည်လေးတွေ အနေတော် ဖြတ်သင်ကြော်ထားသည့် အစိမ်းကြော်လေးကိုလည်း ထည့်ပေးလိုက်ရသည်ပါပဲ ...။

"အင်း ... ကောင်းတယ် ... စား ... ရော့ ... စားကြည့် ... ဒေါ်လေးကို မစောင့်နဲ့ ... ဒေါ်လေးက ဟိုမှာ မုန့်ဟင်းခါး နှစ်ပန်းကန်လောက် အကြော်နဲ့စားနေပြီ ..."

ဟု ထုံးစံအတိုင်း မုန့်ဟင်းခါး စားနေသည့် ဒေါ်ခမ်းမွန်ကို သွားစောင့်ကြည့် မြင်လာသည့်နှယ် ဆက်ပြောကာ ထမင်းလုတ်ကို လက်ပြန်မရုပ်စတမ်း ကမ်းနေတာမို့ လှလွန်းအိမ် စားလိုက်ရသည်ပါပဲ ...။ စားနေရင်းလည်း ကြာညို့ကို ပို၍သံယောဇဉ် ကြီးရပြန်သည်ပါပဲ ... တကယ့်ကို အရိုးခံ ... ကလေးနယ် ဖြူစင်လွန်းပါသည့် ကြာညို့ကို ... ကြာလေ ... သံယောဇဉ်ကြီးလာရလေပါ ...။ ခုလည်း ကလေးလိုပဲ ပြန်၍ ပဲတောင့်ရှည် ဆောင့်လေးတွေကို တကြွပ်ကြွပ်ဖြင့် အရသာခံစားနေသည့်အဖြစ်။ ငူးထောင်၍ထိုင်ကာ ထမင်းပန်းကန်ကို ငုံးလေးပေါ်တင်၍ စားနေတာမို့ ဝတ်ထားသော ရှမ်းဘောင်းဘီသည် ပို၍အပေါ်သို့ မြောက်တက်နေကာ ပို၍ တိုနံ့နံ့လေး ဖြစ်နေပါ၏။

ကြမ်းပြင်ပေါ်ထိုင်လျက် မြိန်မြိန်ရှက်ရှက်လေး စားနေသည့် ကြာညို့ အဖြစ်ကို ... မိဘများ မြင်ချေလျှင် ... နွမ်းဖတ်တတ် အသွင်လေးနှင့် ကြာညို့ကို အမေလုပ်သူက ရင်ခွင်ထဲသွင်း၍ မချိတရိုင့်ရှာချေမည်သာ ...။ ခုကျတော့ ... ထမင်းလက်စသတ်ကာ လက်ချောင်းလေးတွေမှာ ကမ်းကျန်သမျှကို အရသာခံ၍

www.burmeseclassic.com

www.burmeseclassic.com

စုတ်နေသည့် ကြာညိုကို ... လှလွန်းအိမ်သာ မျက်ရည်ဝဲရင်း ငေးကြည့်နေရချေသည်ကောလေ ...။ တစ်ကောင်ကြွက် ဆိုသည့် အရာ၏ နက်ရှိုင်းကြောက်ဖွယ် အဖြစ်ကို မျက်ဝါးထင်ထင် မြင်နေရသည်မို့လည်း လှလွန်းအိမ် ကိုယ်တိုင် ရင်ထဲမှာ ဆို့နေရသည်ပါပဲ ...။

"ကြာညို ... မမလေး ... ဦးလေးအိုက်ရီကို ငါးကြော်လေး နဲ့ ... ထမင်းသွားပို့လိုက်ဦးမယ်နော် ... အဆာပြေစားစရာ ပေါ့ ... ကြာညို ထမင်းစားပြီးပြီဆိုတော့ ... အိပ်လိုက်တော့ မလား ... ဒေါ်လေး ပြန်လာတော့ နို့မယ်လေ ... အဝတ် အစားတွေ ကြည့်ချင်တယ်ဆို ..."

ဟု ပြောတော့ ကြာညို မျက်နှာပြိုးလာသည်။ နံ့ကို ကျောမှီလိုက်ကာ အားပါးတရ ထပ်ရယ်သည် ...။ အတော် ကြီး စိတ်ထဲ အကြိုက်တွေ့နေသည့်ပုံ ...။

"ကြာညို မအိပ်ဘူး ... စောင့်မှာ ... အဝတ်တွေလဲ ကြည့် မယ် ... မုန့်တွေလဲ စားမယ် ... မုန့်ဟင်းခါးလဲ စားဦး မှာ ... မုန့်ဟင်းခါးကို အကြော်နဲ့ စားမယ်လို့ မှာလိုက်တယ် သိလား ... မမလေးနဲ့ တူတူစားမယ်လေ ... ခွက်တစ်ခုထဲ အားလုံးထည့်ပြီး ဓွန်းနှစ်ချောင်းနဲ့ တူတူစားမယ်"

ဟု ပြောနေတော့ လှလွန်းအိမ် ရယ်မိလျက် ကြာညို ဆံစလေးတွေကို ချစ်စနိုးလေး လက်ချောင်းလေးတွေ ထိုးသွင်းမိရင်း ဖွပစ်လိုက်မိသည်ပါပဲ ...။

"စကား တော်တော်တတ် ကိုကြာညိုကြီး ... ကြာတော့ ... ဟောဒီခေါင်းကြီးကို ဒီလိုထုချင်လာရော ... အဟုတ် ..."

ဟု ချစ်စနိုးလေး ထပ်၍ ခေါင်းကို ခပ်ဖွဖွထုတော့ ကြာညို ရယ်နေသည်။ စားထားသော ပန်းကန်ကို ဇလုံမှာသွား၍ ကျက်နှန် ထိုင်ဆေးနေတော့ လှလွန်းအိမ် မတား။ ထိုသို့ ... လုပ်တတ် ကိုင်တတ် နေတာကို လှလွန်းအိမ်ကလည်း သဘော ကျသည်။

ပန်းကန်ထဲ ထမင်းနှင့် ငါးကြော်ကိုရော၊ ဝဲတောင့်သည် အစိမ်းကြော်လေးကိုရော ထည့်ကာ လှလွန်းအိမ် အိမ်ရှေ့ ဘက်ဆီသို့ ထွက်လာခဲ့မိရပါပြီ ...။ လက်ထဲမှာ ထမင်းပန်းကန် လေးသည် အငွေ့တထောင်းထောင်းဖြင့် ပါလာစေသည်။ အိမ်မြင့် လေးပေမို့ အဝေးမြင်ကွင်းသည်လည်း ရှင်းနေ၏။ တုန်းမို့မို့ပေ ခဲ့လည်း အမြင့်သည် ပို၍ကျယ်ပြန့်သည်။

အတြည့်က ... မြေနီလမ်းလေး၏ ဘေးဘက် သစ် ရိပ်တစ်ခုအောက်မှာ ထိုးရပ်ထားသည့် လင့်ရိုဘာကားကြီးကို မြင်လိုက်ရသည်မို့ ရင်ထဲ တစ်ချက် ထိတ်ခနဲ ဖြစ်သွားရပါပြီ တည့် ...။

ဘုရားရေ ...။ ဦးဘုန်းရှိန်သာ၏ သစ်တော်ခြံအိမ် ကြီးဆီသို့ သွားခဲ့ကြစဉ်မှာ ထိုလင့်ရိုဘာကားကို ဒရိုင်ဘာဦးကြီးမြို့ ထမင်းချက် အဒေါ်ကြီးနှင့် စားသောက်စရာခြင်းတွေ တင်လျက် ပေးလာခဲ့သည် မဟုတ်ပါလား။ ကားကို လှလွန်းအိမ် ကောင်း ကောင်း မှတ်မိသည်ပေါ့။

"ဘယ်သူ မောင်းလာပါလိမ့် ... အဲဒီတုန်းက ... ဒေါ်ကြီးဘာ အောင်မင်းလား ... ဘဘဦးဘုန်းရှိန်သာလား ... လူတို့နှစ် ယောက်စလုံးများလား ... ဘယ်လိုလုပ်ပြီး ကြာညိုနဲ့ ငါ

www.burmeseclassic.com

www.burmeseclassic.com

ဒီမှာရှိနေတယ်ဆိုတာ သိသွားကြပါလိမ့် .. တစ်ခုထူးခြားတာက .. ရဲကား ပါမလာတာပဲ .. သူတို့ဘက်က ရိုးသားတယ်ဆိုရင် .. ငါတို့ကို ပြန်ကယ်ဖို့ဆိုရင် .. ရဲကိုအကြောက်ကြီးရမယ် .. ဒေါခမ်းမွန်တို့ကို ဖမ်းရမယ် .. ငါတို့ကယ်ရမယ် .. ခု .. ခုဥစ္စာက .. ငါတို့ရှိရာကို ဒီကားတစီးဝဲလာတာ .. လူ .. လူ .. ဘယ်နယောက်များ အဲဒီမှာပါလာပါလိမ့် .."

ဟု တွေးနေမိရာမှ ခြေသည် ဝရန်တာနေရာထောမှာ စုရပ်ငြိမ်ကျနေမိရဆဲ .။ စိတ်သည် ယောက်ယက်ခတ်နေ၏။ မရိုးသားဘူးဟုလည်း ထင်ချင်နေသည်။ ဦးအိုက်ရီကလည်း ခြံပေါက်ဝ နေရာလေးမှာ အေးအေးလူလူ ဆေးလိပ်ဖွာရင်း ရပ်နေဆဲ .။ လှလွန်းအိမ်ကို လှမ်းမြင်သည်မို့ထင် .။ အကြည့်သည် အိမ်ဘက်ဆီသို့ ခပ်မော့မော့ ရောက်သည်။ လက်တွင်းမှ ထမင်းပန်းကန်ကို မြင်တော့ သဘောပေါက်ပုံကြီးဖြင့် ပြုံး၍ကြည့်ကာ

"ဦးကြီး မဆာလှပါဘူးကွယ် .."

ဟု လှမ်းမော့ပြောစဉ်ခိုက် .။ မမျော်လင့်စွာသဲလှမ်းဘေးသစ်ရိပ် အကွယ်ဆီမှ လူရိပ်တစ်ခု ပေါ်လာကာ .။ သေနတ်သံတစ်ချက်နှင့်အတူ ဦးအိုက်ရီ ပုံခနဲ ကျသွားရှာသတည်း။ အငိုက်မိသွားသည့် ဦးအိုက်ရီ .. ဘယ်နေရာမှာ သေနတ်ထိသည် မသိ .။ လန့်ရှိန်ကြီးဖြင့် လှလွန်းအိမ်၏ နှုတ်မှ ကြွေကွဲလန့်တကြား အော်ဟစ်လိုက်သံသည် လည်ချောင်းတွင်းမှ ထင်သလို အကျယ်ကြီး ထွက်ကျမလာနိုင်ဘဲ .။ သေမျှင်သော အသံစူးစူးတစ်ချက်သာ ပေါ်လာနိုင်လျက် လက်တွင်

ခဲ့ ထမင်းပန်းကန်သည် လွတ်ကျသွားပါပြီ .။ မျက်ဝန်းများ ပြူးကျယ်ဝိုင်းစက်လွန်းနေလျက် လှလွန်းအိမ်၏ ကိုယ်လေး ဆတ်ဆတ်တုန်နေသည်။ လူတစ်ယောက် သေနတ်ပစ် ခံလိုက်ရတာ ဘယ်တုန်းကမှ ကြုံဖူးသည်မှ မဟုတ်ချေပဲလေ။ ခုလို .. ငှဲကို လက်ဖြင့်အုပ်လျက် လူးလိမ့်နေသော ဦးအိုက်ရီ၏ သွေးအလူးလူးအဖြစ်ကို သွေးပျက်မတတ် မျက်ဝန်းများ ဝန်းစက်နေငှဲဖြင့် ငေးစိုက်ငြိမ်ကျနေရသည်က လှလွန်းအိမ်ပါ။ ခြေထောက်တွေက ခဲဆွဲထားသလို လေးလံနေကြပါသည့် အဖြစ် .။

သစ်ရိပ်အောက်မှ လူရိပ်သည် အပြေးအလွှားပင် ချဉ်သို့တိုးလာနေစဉ်ခိုက် အပေါ်မှ ဆီး၍မြင်မြင်နေရသည့် လှလွန်းအိမ်မှာ .. ဆံစဖြူဖြူ .။ အရပ်မြင့်မြင့် .။ အရွယ်နှင့်မမျှအရှမ်းကို သွက်လက်ဖျတ်လတ်စွာ အပြေးအလွှား လာနေပါသည့် ဦးဘုန်းရှိန်သာကို မြင်လိုက်ရပြန်ချေသည်မို့ ..

"ဘာဦးဘုန်းရှိန်သာ .."

ဟု နှုတ်ခမ်းမှ အသံလေး ပွင့်အကျမှာ ဦးဘုန်းရှိန်သာသည်လည်း လှလွန်းအိမ်ကို မြင်ထားပြီးသည့်ဟန်ဖြင့် ကြည့်နေပြီ .။ စောစောကတည်းက ဦးဘုန်းရှိန်သာသည် လှလွန်းအိမ်ကိုလည်း မြင်ချေမည်သာ .။ ဘာကြောင့်ဆို .. ဦးလေးအိုက်ရီသည် လှလွန်းအိမ်ကို လှမ်း၍ စကားပြောနေချေသည် မဟုတ်ပါလား။ ဒါကို .. နှစ်ယောက်စလုံးကို ဦးဘုန်းရှိန်သာသည်လည်း မြင်ချေမည်သာ .။

"ဘုရားရေ .. သူ .. သူ .. ငါ့ကို သေနတ်နဲ့ချိန်နေပါလား .."

www.burmeseclassic.com

www.burmeseclassic.com

ဦးဘုန်းရှိန်သာ၏ လက်တွေက လှလွန်းအိမ် ရှိရာ ဆီသို့ ဆန့်တန်းချိန်လာသည်မို့ လှလွန်းအိမ်၏ ဦးနှောက်မှ ချောက်ချားသော အသိတရားတစ်ခုကို ချက်ချင်း ပေးလာပါပြီ ..။

အာဘယ်မျှ မှင်တက်နေစေဦး ...။ အသက်ဘေးနှင့် လက်တစ်ကမ်းအလိုမှာ ဆိုလျှင်ဖြင့် ထိုလူသားသည် ကိုယ့်အသက်ကို ကယ်တင်ဖို့အတွက် .. ချက်ချင်း ဦးနှောက်က အသိပေးတတ်စမြဲ မဟုတ်ပါလား။ လှလွန်းအိမ် ကိုယ်လေးကို ဝပ်ချလိုက်ခဲ့မှာပဲ သေနတ်သံတစ်ချက်နှင့်အတူ ..။ အိမ်၏နံရံကို သေနတ်ထိမှန်သံ ပေါ်လာသည်။ ဝပ်မချလိုက်လျှင်ဖြင့် လှလွန်းအိမ်၏ ရင်ညွန့်ကိုများ ထိကျည်သည့်ဖြတ်သန်းသွားချေမည်လား မသိ ..။

လှလွန်းအိမ် ချက်ချင်း အိမ်တွင်းဆီသို့ ပြေးဝင်ရပြီ ..။ သေနတ်သံက ဆက်ပေါ်နေ၏။ ဦးဘုန်းရှိန်သာသည် လှလွန်းအိမ်ကိုပါ သေနတ်ဖြင့် ပစ်ချေသည်တကား ..။

ဒါဆို .. ဒါဆို .. ဦးဘုန်းရှိန်သာသည် လှလွန်းအိမ်ကိုပါ သေစေချင်နေသည့် သူတစ်ယောက် ဖြစ်နေချေသည်တည်း သို့ဆိုလျှင် .. ကြာညို့ကိုပါ .. သတ်ချေမည်သာ ..။ ဟုတ်သည်။ အားလုံးကို .. သတ်ချေတော့မည်သာ ..။ အားလုံး သေဆုံးသွားပြီဆိုလျှင် .. အုရာရာသည် လက်ဝဖျောက်ပြီးသား ဖြစ်ချေမည် .။ မည်သူ့ လာသတ်သွားသည် ဆိုတာကို ပြန်ပြောနိုင်မည့်သူ တစ်ယောက်မှ မကျန်တော့သည့်နောက်မှာ ..။ လူသတ်သမားသည် ဦးဘုန်းရှိန်သာ ဖြစ်သည်ဆိုတာ ဘယ်လိုမှ မသိနိုင်ကြတော့ ..။

သေနတ်သံကြောင့် မီးဖိုဆောင်ဆီမှ ကြောက်စိတ်ဖြင့် ကလေးနယ် အော်၍ ပြေးလာသည့် ကြာညို့ကို လက်ကြ

အတင်းဆွဲ၍ နောက်ဖေးလှေကားမှ လှလွန်းအိမ် ပြေးဆင်းသည်။ ဝါးလုံးတန်းတွေ စိပ်စိပ်ကာထားသည့် ခြံနောက်ဖက်စည်းရိုးဆီမှ ဘယ်လိုမှ ထွက်ပြေးရန် မဖြစ်နိုင် ..။ သွေးသည် နားထင်ဆီသို့ ဆောင့်နေပြီ ..။ ရင်ညွန့်ဆီမှလည်း နှလုံးခုန်သံက အရှိန်နှင့် ဆောင့်နေသည်က .. နှလုံးအိမ်သည်ပင် အပြင်သို့ ခုန်ပေါက်ပွင့်ထွက်လာတော့မည့်အတိုင်းကြီး ဖြစ်နေသည်။ ကြာညို့ကလည်း ဝါးစပ်မှ ကြောက်လန့်တကြား ငူးငူးဝါးဝါး အသံတွေ ဆက်တိုက်ပွင့်ကျနေတာမို့ ကြာညို့ ပါးစပ်ကို လက်ဖဝါးဖြင့် အတင်းကြီး ပိတ်ထားရကာ ဓောချွေးတွေ ပြန်နေလျက် လှလွန်းအိမ် လွတ်လမ်းကို အပြေးအလွှား စဉ်းစားနေရပါ၏။ သေချာသည်ကတော့ .. ခြံနောက်ဖေးဘက်ဆီမှ လုံးဝထွက်၍ ဓရ ..။ ဝါးလုံးတန်းတွေက ဝါးပေါသော နေရာပေမို့ ခပ်စိပ်စိပ်မျှ ပိတ်ကာထားတာမို့ .. ဘယ်လိုမှ လူတစ်ယောက်မဆိုနှင့် ကြောင်တစ်ကောင်ပင် ထိုဝါးတန်းကြားမှ ထွက်၍မရ ..။ ချောင်ပိတ်မိနေချေပြီကော .. ဟု သိနေရရင်း .. လှလွန်းအိမ် ကြာညို့ကိုလည်း ထိန်းရ ..။ စိုက်ထားသော ပြောင်းခင်းအကွယ်မှာ ပုန်းနေရန်ှင့် ရှိသွားရပါပြီ ..။

အကြည့်က ခြံပြင်ဆီသို့ ရောက်နေသည်။ ထင်သည့်အတိုင်း ဦးဘုန်းရှိန်သာ ခြံတွင်းသို့ ဝင်လာသည်။ ငြိမ်သက်နေပြီဖြစ်သော ဦးအိုက်ရီကို တစ်ချက်ကြည့်ကာ အလောတကြီး အိမ်ပေါ်သို့ တက်သည်။

လှလွန်းအိမ် အမြန်ဆုံး ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်ရပါပြီ ..။ ထွက်လမ်းသည် ခြံပေါက်ဆီမှာပဲ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုနေရာမှပဲ ထွက်ရမည် ..။ ထိုအတွက် .. အတော်ကြီးကို စွန့်စားရမည့်သဘော ဖြစ်နေသည်။ ဦးဘုန်းရှိန်သာ အိမ်ပေါ် ရှိနေချိန်မှာ ..။ လှလွန်းအိမ်နှင့် ကြာညိုကို အလောတကြီး သေစေလိုတော့ဖြင့် ရှာဖွေချိန်မှာ ..။ လှလွန်းအိမ်တို့ နှစ်ယောက် စလုံး ခြံပြင်ကို ရောက်ဖို့လိုသည်။ ပြောင်းဖူးခင်းကိုပဲ အကူ ပြု၍ ပြေးရမည်။ ဒါပေမဲ့ .. ပြောင်းခင်းက .. ခြံပေါက်ဝက် တာမဟုတ် ..။ ပြောင်းခင်းနှင့် လွတ်နေသည့် မြေကွက်နေ လေးကို ဖြတ်ရဦးမည် ..။ ပြီးတော့ .. ဆက်ပြေးရမည်က ..။ ကား ရပ်ထားရာ နေရာဆီသို့ ..။ ကားပေါ် ရောက်အောင် အားသွန်ခြေ နှိုင်နေရမည်။ ပြီးတော့ .. ကားကို စက်နှိုးမောင်းပြေးရမည် .. ဒါပေမဲ့ .. ခက်သည်က .. ကားသော့တန်းလန်းနှင့် ထိုကား ရှိနေချင်မှ ရှိနေမည်။ ကားသော့ကို ဦးဘုန်းရှိန်သာ ဖြုတ်ယူမသွား ပါစေနှင့် .. ဟု ဆုတောင်းနေမိရသည်ပါပဲ ..။

"ကြာညို .. မမလေး မြောမယ် .. အခု .. အိမ်ပေါ် ရောက်နေတဲ့သူဟာ .. ကြာညို့ကိုရော .. မမလေးကိုပါ သတ်ဖို့ရောတ်လာတာ .. အဲဒါကြောင့် နောက်ကိုလှည့် မကြည့်နဲ့ .. မမလေး ခေါ်တဲ့နောက်ကို လိုက်ပြေးရမယ် ကြားရဲ့လား .. နောက်ကို လှည့်မကြည့်နဲ့ .. လုံးဝလှည့် မကြည့်နဲ့ .. မှတ်မိတယ်နော် .."

ဟု မောသံဖြင့် လှလွန်းအိမ် ပြောတော့ ကြာ လည်း မျက်လုံးလေးတွေ ပြူးကျယ်ထိတ်လန့်နေလျက်ဖြင့် ခေါင်း ညိတ်ပြနေသည်။ ကြာညို့နှုတ်မှ ငိုသံသဲ့သဲ့ ထွက်လာနေပါ၏ အသံမထွက်အောင် ပါးစပ်ကို ဖိတ်ထားရင်း လှလွန်းအိမ် ခေါင်း

ညိတ်ပြတော့လည်း နားလည်လာပုံဖြင့် မငိုအောင် ထိန်းသည်။ သံမထွက်အောင် ထိန်းသည်။

"ကဲ .. ပြေးကြမယ် .. လာ .."

ဟု ပြောကာ လှလွန်းအိမ် ပြောင်းဖူးခင်းကိုကွယ် ၍ ပြေးသည်။ လေတိုက်နေချိန်မို့ ပြောင်းဖူးပင်တွေ ယိမ်းခါနေ သည်။ ရက်တရက်ဆို ဦးဘုန်းရှိန်သာ ရိပ်မိနိုင်မှာ မဟုတ် ..။ နောက်ကို လှည့်မကြည့်နဲ့ဟု ကြာညိုကို အထပ် ထပ် မှာရသည်ကလည်း .. ကြာညိုက လှည့်အကြည့် .. အိမ် ရှေ့တာဆီသို့ ဦးဘုန်းရှိန်သာကလည်း ထွက်လာ ဆိုတာမျိုး နှုတ်တိုးလျှင် .. ဘိုးဘိုးရေဟု .. ခေါ်၍ နောက်ကြောင်းပြန်ပြေး သည်က ကြာညိုပါ ..။ ဦးဘုန်းရှိန်သာက .. ကြာညို့ကိုရော လှလွန်းအိမ်ကိုရော သတ်ဖို့လာနေသည် ဆိုတာမျိုးကို ခုလိုချိန် မှာ ကြာညို သေချာ နားလည်သဘောပေါက်အောင် ရှင်းပြဖို့ အချိန်မလုံလောက် ..။ ဒါကြောင့်လည်း ပြေးသည့်နောက် .. ကြာညို့ကိုပါအောင် ဆွဲခေါ်ပြေးရခြင်းပါ ..။ နှုတ်ခမ်းကိုဟ၍ လှလွန်းအိမ် အားရှိအောင် အသက်ကို ပြင်းပြင်းရှူနေရင်း ဆောက်လျှောက် အားကုန်ပြေးသည်။ လက်က ကြာညို့လက်ကို လွတ်တမ်း ဆုပ်ကိုင်ထားသည့် အဖြစ် ..။

ခြံဝရောက်တော့ ဦးအိုက်ရီကို မတွေ့ရတော့ ..။ ဒါဆို .. ဦးအိုက်ရီ ဒဏ်ရာနှင့် မသေဆုံးသေးဘဲ .. ရှိမည် ဦးဘုန်းရှိန်သာ ဖြတ်ပြေးလာစဉ်မှာ သေဟန်ပြု၍ ငြိမ်နေတာဖြစ် သည်။ ခု .. ခု .. ဦးဘုန်းရှိန်သာ အိမ်ပေါ် ရောက်နေချိန်မှာ လွတ် ရာသို့ ဦးအိုက်ရီသည်လည်း ဒဏ်ရာကြီးနှင့် ပြေးချေပြီထင် ..။

www.burmeseclassic.com

www.burmeseclassic.com

လောလောဆယ်မှာတော့ .. ကိုယ့်အသက်ကို .. ကိုယ်ပဲအား
ရာအဖြစ် ပြန်ကယ်ရမည့်အချိန် ..။

လှလွန်းအိမ် ဆက်တိုက် အရှိန်မတန့် ပြေးသည်
က အားကုန် အားခန်းပါ ..။ ကြာညိုလည်း အဓိလိုက်နိုင်နေသည်

"နောက်ကို မကြည့်နဲ့ .. နောက်ကို မကြည့်နဲ့ .."

ကြာညိုကို ဒါပဲ လှလွန်းအိမ် ပြောနေရင်း ပြေး
လမ်းလေးပေါ် အရောက်မှာ လှလွန်းအိမ် ကိုယ်တိုင်ကော
အိမ်လေးဆီသို့ လှည့်ကြည့်လိုက်မိရပါပြီ ..။ ဝရန်တာဆောင်
ဆီသို့ ဦးဘုန်းရှိန်သာ ရောက်နေချေပြီ တကား ..။ သေနတ်
လှမ်းချိန်နေပြီမို့ လမ်းလေးအတိုင်း ဆက်ပြေးမည် အစီအစဉ်
ချက်ချင်းဖျက်ရ ..။ နီးရာလမ်းဘေးရှိ ပင်စည်ကိုကွယ်ရ ..
နောက် .. တောအုပ်လေးအတိုင်း တရကြမ်းပြေးရန်ငှ ရှိနေ
မှာ သေနတ်သံက နောက်ပါးဆီမှ လိုက်ပါလာနေချေသည်
တကား ..။

လှလွန်းအိမ် အသေအချာကြီး သိလိုက်ရသည်
ဒေါ်လေးခမ်းမွန် ပြောသည့်စကားများသည် .. အားလုံးမှန်သည်
ဟူ၍ပါ ..။

ထိုသို့ သိနိုင်ဖို့အတွက် .. ယခု .. အသက်ကို
ရင်းရလုလု .. အခြေဖြင့် .. သိလိုက်ရခြင်းပါတည့် ..။

လှလွန်းအိမ် ရှေ့ဆက်ပြေးနေဆဲ ..။ ရေသံ
ကြားနေသည့် နေရာတစ်ခုဆီသို့ ရောက်လာနေပြီဆိုတာ သိနေ
သည် ..။ နောက်ကို လှည့်ပင်မကြည့်ဖြစ် ..။ ရှေ့ကိုသာ တ
ကြမ်း ပြေးနေမိရဆဲ ..။ ရှေ့မှာ .. ရှေ့မှာ မြေပြင်သည် လ

းနေသည်။ ခပ်လှမ်းလှမ်းဆီမှ ရောဝတေဝေဖြင့် စီးနေသည့်
ဆုတ်ခွန်ကြီးကို ဖွေးမှုန်နေသော ရေမှုန်ဖွားဖွားများဖြင့် မြင်နေ
ရသေး ..။ လှလွန်းအိမ်တို့ ရပ်နေသည့် နေရာသည် အောက်ဆီ
ဂျင် ချောင်းတစ်ချောင်း စီးနေသည့် မြင့်မားသော ကမ်းပါးနေရာ
တစ်ခု ဖြစ်နေချေသည်တကား ..။

"ကြာညို .. ရေကူးတတ်လား .. ကူးတတ်လား .."

လှလွန်းအိမ် အရူးတစ်ပိုင်း မေးနေမိသည်။ ကြာညို
ကလည်း ဖြေသည်။ ဘာဖြေသည်ကိုတော့ မသဲကွဲတော့ ..။ သေ
ချာသံနှင့်အတူ .. ကျည်သည် လှလွန်းအိမ်၏ ပခုံးကို ရှုပ်မှန်
ကူးပြီ ဆိုတာကို သိလိုက်ရပြီးသည့်နောက်မှာ .. နာကျင်ခြင်း
အနာကြီးနှင့်အတူ မျက်ဝန်းကို စုံမှိတ်၍ ချောင်းဆီသို့ ခုန်ချ
လိုက်ရသည်က .. ကြာညို လက်ကို ဆွဲလျက်သားဖြင့်ပါတည့် ..။

ကြာညို နှုတ်မှလည်း အော်နေသည်။ ဘာတွေအော်
နေသေး မသိ ..။ လှလွန်းအိမ်၏ နှုတ်ဆိမှလည်း အော်နေမိသည်။
ဘာတွေမှန်း မသိ ..။ ချောင်းဆီသို့ မြေအမြင့်ဆိမှ ကမ်းပါးယံ
ခြင်းကြီးဆိမှ ခုန်ချရခြင်းသည် .. လေထုတွင်းမှာ ဖြတ်ဆင်းလာ
သည်နှယ် ရှိနေသည်။

နောက်တော့ .. အရှိန်ဖြင့် ရေပြင်ဆီသို့ ကျသံ ..။
အရှိန်ဖြင့် ရေပြင်အောက်ဆီသို့ မြုပ်ဆင်းသွားတာ ..။ ထိုအရာ
များနှင့်အတူ .. အေးမြသော ရေ၏အထိအတွေ့ ..။

မွန်းကျပ်သော ရေ၏အထိအတွေ့တို့ကို ခံစားနေ
ရင်းမှ .. လှလွန်းအိမ် စတင်၍ ခြေထောက်များကို ယက်သည်။
ဆုံးအတိုင်း ဇရအောက်ဆိမှ မျှောဆင်းသွားမိသည် ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

မြက်ရိုင်းပင်များ ပေါက်နေရာ ကမ်းနေရာမှာ ကိုယ်ကို မဟန်နိုင်ဘဲ လွဲချရင်း လှလွန်းအိမ် အမောဖြေနေရသည်က အငမ်းမရနိုင်စွာ လေကို ရှူရှိုက်၍ နေရင်းဖြင့်ပါ ..။

ကြာညိုသည်လည်း ဘေးမှာ ဒူးတွေကွေးဝိုက်ရင်း လက်နှက်ဖက်ဖြင့် ဒူးကိုသိမ်းပွေ့ပိုက်ထားကာ ခေါင်းကို ဒူးပေါ်တင်၍ လှလွန်းအိမ်နှယ်ပင် လေကို အားစိုက်၍ တောက်လျှောက် ရှူနေသည်။

ထူထဲသော ကြာညို့ ဆံပင် ထူအုပ်အုပ်လေးသည် ရေမှုံးစိုနေလျက် နဖူးဝိုင်းထက်မှာ အုပ်အုပ်မိုးမိုး ကျနေသည်။ လောလောဆယ်မှာ သူ မောနေတာ တစ်ခုကိုပဲ သိနေသည့်နှယ် ရှိလျက် အသက်ကို အငမ်းမရ ရှူနေဆဲ ..။

လှလွန်းအိမ် အားယူ၍ ထထိုင်တော့ တစ်ချက်လှမ်းကြည့်ကာ မျက်စိကို စုံမှိတ်ချပြီး အသက်ကို ပြင်းပြင်းရှူမြဲ ရှူနေသည်က ကြာညိုပါ ..။

ထိုအခိုက် သိလိုက်ရသည်က .. ကြာညိုသည်လည်း လှလွန်းအိမ်နှယ်ပင် လှိုက်၍ .. လုပ်နိုင်နေခြင်းကိုပါတည့် ..။

ဦးဘုန်းရှိန်သာသည် ကမ်းပါးယံမြင့်ကြီးဆီမှာ ရပ်ရင်း ငုံ့မိုးကြည့်နေနိုင်သည်မို့ .. ရေအောက်ဆီမှပင် .. တောက်လျှောက် ရေစီးအရှိန်နှင့်အတူ .. မျှောဆင်းလိုက်ပါသွားသည်က အလိုက်သင့် ယက်နေသော ခြေထောက်များ ..။ လက်များပြင်ပါ ..။ ရင်ထဲ မွန်းကျပ်၍ အသက်ရှူမဝ ဖြစ်နေပေမဲ့ .. ကိုယ်ကို ရေပေါ်ဆီသို့ မဖော်ရဲသေး ..။

မရသည့်အဆုံး .. နှလုံးအိမ်နှင့် အဆုတ်တွေ ပွန်ကျပ်ပွင့်ကုန်တော့မည်လား ထင်ရချိန်ကျမှ လှလွန်းအိမ် ခေါင်းကို ရေပြင်ထက်ဆီသို့ ဖော်ယူသည်။ ကြာညိုသည်လည်း လိုက်လုပ်သည်ပါပဲ ..။ လေကို အငမ်းမရ လှလွန်းအိမ် ရှူတော့လည်း ကြာညိုလည်း ထိုသို့ ရှူနေသည်ပါပဲ ..။ ချောင်းကွေ့လေးတစ်ခု ပေပဲဟု သိရသည်။

ကမ်းနှင့် မဝေးလှ ..။ စိမ်းမြမြ မြက်ရှည်တောကြီး ကမ်းစပ်ဆီမှာ ဦးစွာမြင်၏။

www.burmeseclassic.com

www.burmeseclassic.com

လှလွန်းအိမ်၏ ပခုံးနေရာမှ နာကျင်မှုက တိုးတိုးဝင်ဝင် ... လက်ဖြင့်စမ်းကြည့်တော့ နီရဲသောသွေးတွေ စွန်းထင်းပါလာသည်။ တော်သေးသည်။ ကျည်က အထဲသို့ မဝင်ဘဲ ရှပ်မှန်ချသည်မို့ပါ ...။ လက်ဖဝါးမှ သွေးများကို ချောင်းစပ်နေရာ ဆီသို့သွား၍ဆေးစဉ်ခိုက် ကြာညို့ မျက်ဝန်းတွေက လှလွန်းအိမ်၏ တောခေါင်မှ စွန်းထင်းစိုစွတ်နေသော သွေးများဆီသို့ ရောက်သည်။

"ဟင် .. သွေးတွေ .. သွေးတွေ .."

ဟု ရုတ်ခြည်း မျက်ဝန်းကို စုံမိတ်ချ၍ ခေါင်းကို လက်ဖဝါးနှစ်ဖက်ဖြင့် ဖေးညှပ်ပစ်ကာ ကြောက်လန့်တကြားကြီး အော်နေတော့ လှလွန်းအိမ်မှာ ပြန်ပြေးလာရပြန်ပါပြီ။ နာကျင်နေသော ဝေဒနာထက် ကြာညို့ကို ဖျောင်းဖျရမည့်ကိစ္စက အရေးကြီးနေသည်လေ။ မိဘနှစ်ပါး၏ သွေးသံရဲရဲနှင့် ရုပ်ကလာပ်ကို မြင်ရသည့်နောက်မှာ ကြာညို အရမ်းကို ဖျားခဲ့သည် မဟုတ်ပါလား။ လူ၏သွေးသံရဲရဲကျမှကို ကြာညိုသည် သွေးသားထဲသို့တိုင် စိမ့်နေအောင် ထိတ်လန့်နေချေမည်သာ ..။

သော်လောဆယ်မှာက .. ကိုယ့်ကိုယ်ကိုယ် ကာကွယ်စောင့်ရှောက်ဖို့ဆိုတာကလည်း လှလွန်းအိမ်သာ ဖြစ်နေလျက် .. ကြာညို့ကို ထိန်းသိမ်းဖျောင်းဖျ စောင့်ရှောက်ဖို့ ဆိုတာကလည်း လှလွန်းအိမ်ပဲ ဖြစ်နေချေသည်လေ ..။

"ကြာညို .. မမလေး ဘာမှမဖြစ်ဘူး .."

ဟု ပြောကာ ခေါင်းကို ရင်ခွင်မှာ ဖေးအပ်၍ ဆံစများကို သပ်ပေးနေရပါပြီတည်း။

"သေမှာပဲ ထင်တယ် .. သေမှာပဲ ထင်တယ် .. မသေရဘူး .. မသေရဘူး .. ကြာညို .. ကြာညို .. မမလေးကို မခွဲဘူး .."

ဟု ပြောငိုနေတော့ လှလွန်းအိမ် လိုက်၍ မျက်ရည်ကျလာရပါ၏။ လှလွန်းအိမ်၏ လက်မောင်းတွေကို လက်ဖဝါးများဖြင့် ကျပ်ခဲနေအောင် ဆုပ်ခဲထားရင်း ကြာညို ရှိုက်ကြီးတင်ငိုနေသမျှ ထိုငိုရှိုက်သံတွေက လှလွန်းအိမ်၏ နလုံးအိမ်တွင်းဆီသို့တိုင် စိမ့်စိမ့်မျှတ်မျှ တိုးဝင်နေကြသည့်နှယ်ပါတကား ..။

"ဖေဖေနဲ့ မေမေလဲ .. သွေးတွေနဲ့ .. သွေးတွေနဲ့ .. သေသွားတာ .. သွေးတွေမှ အများကြီးပဲ .. ကြာညို .. ကြာညို ကြောက်တယ် .. မမလေးရယ် .. မသေပါနဲ့ .. မသေပါနဲ့ .."

ကလေးလို ဆောက်တည်ရာမဲ့ ပြောငိုနေလေသမျှ လှလွန်းအိမ် မကြားရက်စွာ ကြားနေရပါ၏။ ပြီးတော့ .. တစ်ခုများလည်းလာရသည်က .. မိဘများ၏ ကွယ်လွန်ခြင်းဆိုသည့် အဖြစ်ဆိုးကြီးကို လောလောဆယ်မှာ လှလွန်းအိမ်၏ ဒဏ်ရာမှ ကျနေသော သွေးရဲရဲတွေကို မြင်နေရင်း မြန်၍ အမှတ်ထင်ထင်လည်းဖြစ် ..။ နောက်ကြောင်းကိုလည်း ပြန်၍ ပြန်၍ ပိုပြီး အမှတ်ထင်ထင်လည်း ဖြစ်နေရချေသည် ဆိုသည့်အချက်ကိုပါ ..။

"သွေးတွေကို .. သွေးတွေ .. ကြာညို .. မကြည့်ချင်ဘူး .. မမလေး မသေရဘူးနော် .. ပြောပါ .. မသေဘူးလို့ ပြောပါ မမလေးရယ် .. ကြာညိုကို .. သေသေချာချာကြီး .. ပြောပါ .."

www.burmeseclassic.com

www.burmeseclassic.com

ချုံးချင့်နေရင်း ကတိတောင်းသလို မော့ပြော
တော့ လှလွန်းအိမ် အားယူဖြိုးပြု၍ ငုံ့မိုးကြည့်လိုက်ရပါ၏။ ရင်
ခွင်မှာ ကလေးငယ်လေး ခိုဝင်တိုးတွေ့ ငိုနေသည့်နှယ် ရှိနေပါ
သည့် ကြာညို ..။ ထူထဲနက်မှောင်သော မျက်ခုံးနှင့် မျက်ဆောင်
ထူထူကြီးများဖြင့် ရှိပါလေသော ကြာညို ..။ မျက်ဝန်းတွေ
အရမ်းကို အငြစ်ကင်းစင်ဖွေ့တွေဝဲ ပြည့်သိပ်နေလျက် ကလေး
တစ်ယောက်၏ အားငယ်ပါးငယ် တုန်လှုပ်စွာ မော့ပြောနေသည့်
နှယ်ရှိလျက် မျက်နှာလေး ညှိုးချုံးကျနေရှာသည့် ကြာညို ..
နာတံထင်းထင်းကြီးအောက်မှ နှုတ်ခမ်းသည် ရေအေးဒဏ်ကြောင့်
အနည်းငယ် ပြာနှမ်းနှမ်း ဖြစ်ချင်နေကာ ဝမ်းနည်းရိုနိုင်ဖြင့် ငိုခဲ့
လေး ဖြစ်နေသည်။ မျက်ရည်များ အတောမသတ် စီးကျနေရှာ
သည့် မျက်ဝန်းအိမ်များကို ငုံ့မိုးငေးစိုက်ကြည့်ရာမှ လှလွန်းအိမ်
အားယူ၍ ပြိုးပြိုးနေမြဲ ရှိစေရာမှ ..

"မမလေး ဘာလို့ ဆေရမှာလဲ ကြာညို .. မမလေး နည်း
နည်းလေးပဲ ဒဏ်ရာရတာပါ .. မမလေး ကတိပေးတယ် ..
စိတ်ချ .. မမလေး မသေဘူး .. မသေစေရဘူး .. မငိုနဲ့နော် ..
တိတ်တော့ .. မမလေးရော ကြာညိုရော .. ရောကူးလာရတာ
အကြာကြီးမဟုတ်လား .. ရေငုပ်ခဲ့ရတာလဲ အကြာကြီးဆိ
တော့ မောနေကြတာ .. ခဏနားလိုက်ကြရအောင်နော် .."

မျက်နှာကို လက်ဖဝါးဖြင့် ဖေးညှပ်မော့စေလျက်
နားဝင်အောင် ဖျောင်းဖျရင်း ခပ်တိုးတိုး ပြောတော့ ကြာညို
မျက်ထောင်တဖျပ်ဖျပ် ခတ်လာသည်။ လှလွန်းအိမ်ကို မျက်ရည်
ပြည့်နေဆဲ မျက်ဝန်းများဖြင့် မျက်တောင်မခတ် ကြည့်ပြန်လျက်

"တကယ်နော် .. မသေရဘူးနော် .."

ဟု ရိုက်သံဖြင့် ပြောလာတော့ လှလွန်းအိမ်
ခါင်းသာ အနိုင်နိုင်ညိတ်ပြရရင်းမှ မျက်ရည်ဝဲတက်လာရပါ၏။
ဤသံယောဇဉ်ကြိုးသည် တော်ရုံနှောင်ငင်သည့် ကြိုးတစ်မျှင်မဟုတ်
ချေသည်ပဲဟု သိလာရချေသည်ကောလေ ..။

"မြက်ခင်းပေါ်လဲလိုက် .. ခဏနားလိုက် .. နားလိုက် ..
မမလေးလဲ ခဏနားလိုက်ဦးမယ်နော် .."

ဟု ပြောတော့လည်း ကလေးလိုပဲ နားထောင်ရှာ
သည်ပါပဲ ..။

နေရောင်ကတော့ လင်းနေသည့်အဖြစ် .။ မြက်ခင်း
ပြင်ထက်မှာ လှဲနေရာမှ လှလွန်းအိမ် ပြန်ထထိုင်ကာ အပေါ်မှ
အကျီထူကို ချွတ်ရသည်။ အဝတ်တွေအားလုံး ရေစိုနစ်နေတာမို့
သွေးတွေက အဝတ်အစားမှာ စေးကပ်ခဲနေတာမျိုး မရှိနိုင် ..။
အကျီထူ၏ အတွင်းဘက် လိုင်နင်စကို အကျီအိတ်ကပ်တွင်းမှာ
ပါလာသည့် ကတ်ထြေးလေးဖြင့် ကိုက်ဖြတ်ရပါ၏။ ပဲတောင့်
ရှည်လေးတွေ ဆွတ်ခူးစဉ်က ဤကတ်ကြေးငယ်လေးဖြင့် ဖြတ်
ခူးခဲ့ကာ ကတ်ကြေးလေးကို အလွယ်တကူ အကျီထူအိတ်တတ်
လေးထဲ ထည့်မိခဲ့လေသမျှ လောလောဆယ်မှာတော့ အကူအပံ့
ရနေသည့်အဖြစ် ..။ အကျီအိတ်ကပ်ထဲ ပါလာသည့် ဂတ်စ်မီး
ခြစ်ကတော့ ရေစိုနေပြီ ..။

မီးမွေးစဉ်က မီးမွေးပြီးချိန်မှာ ဤ မီးခြစ်လေးကို
လည်း အိတ်ကပ်ထဲ ထည့်ထားခဲ့သည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com

နာနေသည့် ပခုံးမှ ဒဏ်ရာကို မမြင်ရပေမယ့် လက်ဆောင်းကို ပင့်ယူကာ ပခုံးဘက်ဆီသို့ အဝတ်စကိုတင်၍ ပြန်ပြန်ဝတ်ဖို့ ကြိုးစားပေမယ့် မရ ..။

"ကြာညို .."

လှလွန်းအိမ် ခေါ်တော့ ကြာညို မျက်စိတွေမှိတ်၍ ခွေခွေလေး တစ်ဖက်စောင်း လဲနေရာမှ ကိုယ်ကြီးပြန်လှည့်လာသည်။

လှလွန်းအိမ်၏ မျက်ဝန်းများက တည်ငြိမ်နေ၏။ ဂရုတစိုက်လည်း ပြောဖို့ စကားလုံးကို ရွေးချယ်ရပြန်သည့် အဖြစ် ..။

"မမလေးရဲ့ ပခုံးမှာ ဒဏ်ရာနည်းနည်း ရထားတာရှိတယ် .. နေပူနေလို့ သွေးတွေထွက်နေတာ သိရဲ့လား .. မကြောက်ရဘူး .. အဲဒီနေရာကို သွေးတိတ်အောင် အပေါ်ကနေပြီး တော့ ဒီအဝတ်စနဲ့ ပတ်တီးစည်းဖို့ လိုနေပြီ .. မမလေး တစ်ယောက်တည်းနဲ့ ဘယ်လိုမှ ပတ်တီးစည်းလို့ရမှာ မဟုတ်ဘူး .. ဒါကြောင့် .. ကြာညိုက မမလေးကို ကူညီ မှုဖြစ်မယ် .. ကြောက်နေရင် .. ဒီပတ်တီးကို ကြာညို ဘယ်လိုစည်းပေးနိုင်မှာလဲ .. မမလေးကို မသေစေချင်ဘူး ဆို .."

"အင်း .. ဟုတ်တယ် .. မသေစေချင်ဘူး .. အို .. မသေ ရဘူး .. စောစောကပဲ မမလေး ပြောတယ် .. မသေပါ ဘူးဆို .."

ကြာညို မျက်နှာလေး ပြန်မဲ့လာလျက် ပြောတော့ လှလွန်းအိမ် မျက်နှာလေးပါ တည်ပစ်လိုက်ရလျက် ကြာညို့ကို ခပ်တည်တည် ကြည့်လိုက်ရပါ၏။ မဖြစ် ..။ ကြာညို့ကို စိတ် ဓာတ်အရာမှာ ပြန်ကျသွားအောင် အဖြစ်မခံနိုင် ..။

"အေးလေ .. မသေဘူးဆိုတာ ပြောနေပြီးသားပဲ ကြာညို ရဲ့ .. သေမယ်ဆိုရင် .. ခုထိ .. ကြာညို့ကို မမလေး စကားပြောနိုင်နေပါ့မလား .. မဟုတ်ဘူးလား .. ကဲ .. သွေးတွေကို မကြောက်ရဘူး .. မမလေး ရေစပ်ကိုသွား မယ် .. ဒီအဝတ်စနဲ့ .. ရေဆွတ်ပြီး သွေးတွေကို သန့် ပေးရမယ် .. ဦးရင် .. ပတ်တီးစည်းပေးရမယ် .. မမလေး တို့ .. ဒီကနေပြီး တစ်နေရာရာကို ဆက်သွားရဦးမှာ .. မမလေးတို့ကို သေနတ်နဲ့ လိုက်ပစ်တဲ့သူ လိုက်လာရင် ဘယ်နှယ်လုပ်မလဲ .."

ဟု ပြောတော့ စိုးရိမ်ပုံကြီးဖြင့် ချောင်းအစာက်ဆီ သို့ မျှော်ကြည့်ကာ ကမန်းကတန်းကြီး ထလိုက်သည်က .. ကသောကမျော နိုင်လွန်းစွာဖြင့်ပါ ..။

"ဟုတ်တယ် .. သူ လိုက်လာလိမ့်မယ် .. သေနတ်နဲ့ သိပ် ပစ်တာပဲနော် .. သေသွားရင် ဘယ်နှယ်လုပ်မလဲ .. သိပ် ဆိုးတဲ့လူပဲ .. အဲဒီလူကြီးက ဘယ်သူလဲ မမလေး .. ကြာညို့ကို လှည့်မကြည့်နဲ့ဆိုလို့ မကြည့်ရတာ .. ကြည့်လို့ လဲ မရနိုင်ပါဘူး .. ပြေးလိုက်ရတာ .. မောရော .. ခြေ ထောက်တွေတောင် မြေကြီးမှာ ကြာကြာမထိလိုက်ရဘူး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလည်း ပြော ..။ ကမန်းကတန်း လှလွန်းအိမ်ကို လက်ဆွဲ၍ ချောင်းစပ်ဆီသို့ သုတ်ဆုတ်ပါသွား ခေါ်သွားကာ ..။

"ဘယ်အဝတ်နဲ့ ရေဆွတ်ပြီး သုတ်ရမှာလဲ ဒီသွေးတွေကို မြန်မြန်လုပ်မှ ဖြစ်မှာ .. ဟိုလူကြီး လိုက်လာရင် မီးသွေး လိမ့်မယ် .. ကျွတ် .. ခုကွစါပဲ .. ဒီမှာ အလကားအသေ ဖြေနေတယ် .. သူ မီးသွေးရင် .. သေနတ်နဲ့ ထပ်ပစ်သေမှာ .. မြန်မြန်လုပ်မှ ဖြစ်မှာ .. မြန်မြန်လုပ်မှ ဖြစ်မှာ .."

နှင့် သွေးတွေကို ကြောက်သည့်စိတ်ထက် နောက်ကလူ မီလာမှာကို ကြောက်သည့် စိုးရိမ်ဟောက ပိုကြီးသွား ရကာ သွေးတွေကို ရေဝတ်နှင့် သုတ်သင်ပေး ..။

"ဒီလိုလား .. ဒီလိုလား .."

နှင့် ပတ်တီးစည်းတာကို သူကချည်းပဲ မေးမေးမြန်း ပခုံးမှ ဒဏ်ရာနေရာကို လက်မောင်းဆောက်မှ အဝတ်ကြီး လျှိုသွင်းယူလိုက် ပြန်ပတ်နိုင်းသမျှ လိုက်လုပ်လိုက်နှင့် ဒဏ်ရာ ကို စည်းနှောင်သည့်ကိစ္စသည် မသေမသပ်နှင့်တော့ ပြီးမြောက် သွားသည်ပါပဲ ..။ မလုပ်တတ် မကိုင်တတ်နှင့် လုပ်ပေးသမျှ ဤမျှလောက် စည်းနှောင်ဖြစ်သည်ကပင် တော်သေးသည့် အဖြစ် ..။

"စည်းပြီးပြီ မဟုတ်လား .. လာ .. လာ .. သူလိုက်လာ လိမ့်မယ် .. မြန်မြန်သွားကြရအောင် .. နောက်တစ်ခါ .. မဓလေးကို ထစ်ပြီး မှန်ရင် .. ခုက္ခ ပိုဖြစ်မှာ .. လာ .. လာ .."

နှင့် နောက်ကြောင်း မအေးသလိုကြီး ပြောကာ ဆက်လေးကိုဆွဲ၍ ရှေ့ကချည်း ဦးဆောင်၍ တောအုပ်ဘက်ဆီ ခေါ်သွားတော့ လှလွန်းအိမ် လိုက်လာခဲ့ရပါပြီ ..။ ဒဏ်ရာက နေသည်။ ခြေထောက်မှာလည်း အားအင်သိပ်ကျန်တော့တာ ဟုတ် ..။ ဒါဝေမဲ့ .. ဤသို့မှ မသွားလျှင်လည်း နောက်ကြောင်း ကန်က မအေးချင် ..။ ဦးဘုန်းရှိန်သာ လိုက်လာနိုင်သည်လေ ..။ မှုမဟုတ် ..။ နောက်ကြောင်းပြန်ချင်လည်း ပြန်သွားနိုင်သည်။ နောက်မှ .. ပဲ့ချိတ်တစ်စီးစီးဖြင့် ချောင်းရိုးတစ်လျှောက် လိုက်ရာ သည့် အလုပ်ကို လုပ်ကိုင်နိုင်သည်။ ထိုအခါ .. လူအင်အားပါ ခွင် ပါလာမည်။ ဦးဘုန်းရှိန်သာ ယုံကြည်ကိုးစား စိတ်ချရသည့် သူမိုက်စာပည့်ဆိုတာ မရှိဟု မဆိုနိုင် ..။

လောလောဆယ်မှာ .. ဤချောင်းစပ်နေရာမှ အမြန် ဆုံး ထွက်ခွာဖို့ပဲ အရေးကြီးနေသည်။ တောအုပ်လေးအတိုင်း သုတ်ခြေတင်၍ လျှောက်နေကြမေမယ့် ဦးတည်ရာအရပ်သည် ဘယ်နေရာဆိုတာကို မသိကြရ ..။ ကြာညိုကလည်း နောက်သို့ တလှည့်ကြည့်ကြည့်နှင့် ခုမှ လူကြီးပေါက်စလေးလို သူကပဲ ဦးရိမ်ကြီးနေသည့်အသွင် ..။ လှလွန်းအိမ် ခြေလှမ်းနေးနေတာကို အားမလို အားမရကြီး ဖြစ်နေလျက် လက်လေးကို တောက်လျှောက် မလွတ်တမ်းဆွဲ၍ ရှေ့လောတကြီး လျှောက်နေပါသည့်အဖြစ် ..။

"ရွာလေး တစ်ရွာရွာကို ရောက်ရင်တော့ တောင်းမယ် ကြာညို .."

မောလွန်းသည်မို့ အသံလေးပင် သိပ်မထွက်ချင် တော့ပြီ ..။ ရေကလည်း ငတ်လာသည်။ စောစောက ကျန်ခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com

ချောင်းလေးကိုဝင် ပြန်လွှမ်းလာသည့်အဖြစ် ..။ ချောင်းစပ်မှာ ထိုင်၍ လက်ကလေးကစော့ထိုးခပ်ကာ ရေကို တစ်ဝကြိုးသောက် ဝစ်ချင်သည်က လှလွန်းအိမ်ပါ ..။

တောအုပ်လေးဆီမှ တစ်ဖက်နေရာလေးဆီသို့ ခဲ့ထွက်သွားသည့် လမ်းကြောင်းသွယ်လေးတစ်ခုကို စတင်၍ ခြေသည်က ခပ်လှမ်းလှမ်းဆီမှပါ ..။ ခွေဝိုက်ဝိုက် မျဉ်းကြောင်းတစ်နှယ် ရှိနေပါသည့် နေရာ ..။ ထိုနေရာသည် သစ်ပင်များကြီးပေါက်နေသော်လည့် မြက်ခင်းပြင်ကြီးတစ်ခု ..။ မဟုတ်သော် လွင်ပြင်ကျယ်ကြီးတစ်ခု ဖြစ်နေသည်။ စိမ်းမြမြမြက်ခင်းသည် တပြန့်တလျား မျှ ရှိနေလျက် ..။ ပင်စိမ်းပင် အုံအုံများ ပြီးတော့ .. ဝါးရုံတောအုပ်အုပ်လေးတွေက အုံကျင်းလိုက်၍ သည်တစ်အုပ်တလျား ပေါက်နေကြပါသည့် လွင်ပြင်ကျယ် ထိုလွင်ပြင်ကျယ်၏ တစ်ဖက်မှာက ထပ်မံ၍ တောအုပ်ငယ်လေး တစ်ခုက ရှိနေပါချေ၏ ..။ ခပ်လှမ်းလှမ်းဆီဝယ် တဲငယ်လေး တစ်လုံးကို တွေ့ရသည် ..။ ခြေလှမ်းအရွေ့သည် အားအင်ပါလာလျက် လှလွန်းအိမ်မှ ကြာညို လက်မောင်းကြီးကို ဖေးကိုင်ရင်း တဲလေးဆီသို့ နှစ်ယောက်သား လျှောက်လာဖြစ်ကြပါ၏။ နေသည် မွန်းလွဲပိုင်းဆီသို့ ရောက်နေပြီ ..။ နေရှိန်ကတော့ တောအုပ်လေး ကျော်လိုက်တာနှင့် ပို၍ အရှိန်ပြင်းလာသည်ပါဗဲ ..။ နာရီလေးဆယ့် ငုံကြည့်တော့ ညနေသုံးနာရီခွန်းစ ပြုပြီ ..။ မနက်ကစား ထားသည့် ထမင်းကြော်လေးမှလွဲ၍ ဝမ်းထဲမှာ ဘာမျှအစာမရှိ။ ကြာညို ကတော်သေးသည်။ ထမင်းတစ်ပန်းကန်တော့ ငါးကြော်နှင့် ထပ်စား ဖြစ်လိုက်သေးသည်လေ ..။

တဲလေးသို့ ရောက်တော့ မြက်သက်ကယ်မိုးတဲလေး ဖြစ်နေသည်။ အကာအကာ ဝါးဆရဲကာ ..။ တံခါးပေါက်မှာ တံခါးရွက် မရှိ ..။ အတွင်းဘက်မှာ ဝါးကွယ်ပျစ်လေး တစ်ခုရှိသည်။ ဘာပဲဖြစ်ဖြစ် ..။ မိုးကာ လေကာ နားခိုရာတစ်ခုထောဘဲ့ဖြင့် ရချေပြီတည့် ..။

လောလောဆယ်မှာ ခြေကုန်လက်ပန်း ကျနေလျက် ခြေထောက်ကိုပင် အနိုင်နိုင် သယ်နေရသည်မို့ လှလွန်းအိမ် ဝါးကွပ်ပျစ်လေးထက်မှာ ထိုင်ချလိုက်သည်က ပန်းပန်းလျလျ နိုင်နေသည်။ ကြာညိုကတော့ ဘေးမှာထိုင်ရင်း တဲငယ်လေးကို ခေါင်းလေး တလည်လည်ဖြင့် ဟိုဟိုသည်သည် ကြည့်နေ၏။

ဒဏ်ရာမှ ကိုက်ခဲမှုက ပို၍ပြင်းထန်စ ပြုလာနေသည်ဟု လှလွန်းအိမ် သိလာနေ၏။ ခေါင်းကလည်း ကိုက်နေသည်။ အဝတ်စိုကြီးတွေနှင့် နေခဲ့ရ ..။ ခုထိ .. အဝတ်တွေ စိုထန့်ထန့်ကြီး ဖြစ်နေရတာမို့ ဖျားတော့မည် ဆိုတာကို လှလွန်းအိမ် သိနေသည်။ တောအုပ်ထဲလည်း အပြေးတစ်ပိုင်းလျှောက်ရ ..။ ခု .. နေပူရှိန်ထဲလည်း ဖြစ်လျှောက်ရနှင့် အဝတ်စိုကြီးမှသည် အဝတ်တွေ ထန့်ထန့်ဖြစ်နေကြပေမယ့် လူက ခေါင်းတွေကိုက်ခဲနေကာ ဘစ်ကိုယ်လုံး ရှိန်းရှိန်းဖိန်းဖိန်းကြီးဖြင့် ပူလောင်လောင်ကြီးဖြစ်နေသည်။ မျက်သားနေရာတွေလည်း ပူနေသီသည်သို့ ရှိနေကာ ပူစပ်စပ်ကြီး ဖြစ်နေ၏။

ဒါပေမဲ့ ခက်သည်က .. ကြာညို ဆိုတာက ဘာမှ စားလည်ရှာတာ မဟုတ် ..။ ခုလည်း စောမှာ ကုပ်ကုပ်လေးလုပ်နေသည်။ မောလည်း မောနေသည်မို့ ခြေပစ်လက်ပစ်ကြီး ထိုင်ချိုက်ပြန်၏။

www.burmeseclassic.com

www.burmeseclassic.com

"ကြာညို .. ဒီနေရာလေးက လူသွားလမ်းလေးလဲရှိတယ် လူတွေနေတဲ့ နေရာနဲ့တော့ သိပ်ဝေးတော့မယ် မထင်ဘူး ဒါပေမဲ့ .. လှမ်းကြည့်တော့လည်း မီးခိုးငွေ့လေးတွေ တက်နေတာမျိုးလဲ မတွေ့ရပြန်ဘူးလေ .. အိမ်လေးတွေ နေရင် အဲဒီအိမ်က ချက်ပြုတ်လို့ လွင့်တက်လာတဲ့ မီးခိုးမျိုး တွေ့ရမယ် မဟုတ်လား .."

ဟု လူကြီးအရာထား၍ ကြာညို့ကိုပဲ လှလွန်းဆီမှ ပြောတော့ ကြာညို နားထောင်နေရာမှ ချက်ချင်း တဲပြင်ထွက်ရပ်ပြန်သည်။ ခြေဖျားထောက်၍ အဝေးဆီသို့ လည်ကိုဆန့်ကာ မျှော်ကြည့်သည်။ နောက်တော့ စိတ်ပျက် လက်ပျက် ပုံကြီးဖြင့် ခေါင်းတွေ ဘာတွေဝင် ယမ်းကာ တဲတွင်း ပြန်ဝင်လာ၏။ ထိုစောကနှယ်ပင် ခြေပစ်လက်ပစ်ကြီး ကွပ်ပျစ်ပေါ် လက်ကိုနောက် ပြန်ထောက်ကာ ခြေစင်း၍ ထိုင်သည်။

"ဟုတ်တယ် မမလေး .. မီးခိုးတွေ့မလားလို့ ထွက်ရတာ .. မတွေ့ဘူး .. ဒုက္ခပါပဲ .."

ဟု ညည်းသည်။ လှလွန်းအိမ် တဲတွင်း လှည့်ဝင်ကြည့်တော့လည်း ဘာမျှမရှိ .။ ဤတဲလေးသည် တောအုပ်ဘက် ဆီသို့သွားသူတို့ ခရီးတစ်ထောက်နားသည့် နေရာလေးလည်း ဖြစ်နိုင်သည်။ ဤနေရာလေးဆီမှဆိုလျှင် ရွာလေးတစ်ရွာဆီသို့ အဖန်ကြာမျှတော့ သွားရဖို့ရှိသည်။ ဘာကြောင့်ဆို .. တောအုပ်လေးတွင်းသို့ မဝင်မီ ဤတဲလေးမှာ နားနေချက်ပြုတ်စားကြရမည်ထင် .။ တဲအလယ် မြေနေရာလေးမှာ မီးဖို၏ အကြွင်းအကျန်ပြာနှင့် ထင်းစအကြွင်းအကျန်တချို့ ရှိနေသည် .။ ရိုး

သားသော ကွပ်ပျစ်အောက်ကို ခေါင်းလေး ငုံ့ကြည့်တော့ ဖြူနုံးခနဲ့ ခမ်းသာသွားရပါပြီ .။ ဒယ်အိုးဟောင်းလေးတစ်လုံးကို ထင်းချောင်းငယ်လေးတွေ စီထားရာ အပေါ်ထက်မှာ မှောက်လျက်သား ဆွဲ့ရပါသည့် အဖြစ် .။ ထင်းချောင်းသေးသေးလေးများကို ဤကွပ်ပျစ်အောက်မှာ စီ၍ထားသို့ခဲ့ချေသည့် သူများကို ကျေးဇူးတင် တင်ရမည့်အဖြစ်။

သူတို့ကတော့ တောအုပ်လေးဆီမှာ ငှက်ပစ်၊ မျောက်ပစ်၊ ယုန်ဖမ်း အနေဖြင့် လာခဲ့ကြရင်း ဤနေရာလေးမှာ တစ်ဆတ်နား။ ချက်ပြုတ်စားကြကာ တောအုပ်ဆီသို့ ခရီးဆက်ကြ မည်သာ .။ လာနားစဉ် ထင်းချောင်းငယ်လေးတွေ ခုတ်ကာ ဤနေရာလေးမှာ အဆင်သင့် ထားသွားခဲ့ကြဟန်လည်းတူသည်။

တစ်တောင်သာသာမြင့်သော ကွပ်ပျစ်လေးအောက် ဆီသို့ မြေပြင်မှာ ထိုင်ချရင်း လှလွန်းအိမ် သေချာလိုက်ကြည့်ရာ မြေအိုးလေးတွေဖြင့် ထည့်ထားသော ဆားအနည်းငယ်နှင့် ခြောက်သီးမှုန့်များကို တွေ့ရသည်။ လှလွန်းအိမ် တဲပြင်သို့ ထွက်ရပါ၏။ ဟိုဟိုသည်သည် မျှော်ကြည့်တော့ စမ်းပေါက်စမ်းရေ ပေါ်မရဟု စိတ်ထဲ မောသွားရသည်ပါပဲ .။ ဒါပေမဲ့ ခပ်လှမ်းလှမ်းဆီမှာဖြင့် အုံကျင်းကောင်းတောင်းနှင့် ရှိနေသော ပိန်းပင်ကြီးများကို အရွက်ဖားဖားကြီးတွေဖြင့် မြင်တွေ့ရပါ၏။ တောပိန်းရိုင်းပင်ကြီးများ ဖြစ်ချေမည်သာ .။ လှလွန်းအိမ် တဲတွင်းသို့ ဝင်သည်။ ထင်းချောင်းလေးတွေကို မြေပြင်မှာ စီထပ်၍ ဖိခေးက်ထင်ပုံစံလေးဖြင့် ထားပြီးမှ ဂက်စ်မီးခြစ်လေးဖြင့် မီးမွှေးလိုက်သည်။ ခဏကြာတော့ သွားပြီဖြစ်သည့် မီးခြစ်လေးကတော့ မီးဖိုလေးတစ်ဖို

www.burmeseclassic.com

www.burmeseclassic.com

ကို ဖြစ်တည်လာစေနိုင်စွမ်းသည်ပါပဲ ..။ ထင်းချောင်းလေး
အဖျားခွန်နေသော ထင်းချောင်းစ သုံးလေးခုကိုယူကာ ပိန်
များရှိရာသို့ လှလွန်းအိမ် လျှောက်တော့ ဘေးမှ ကြာညို
လာသည်။ ပိန်းဥလေးတွေကို ထင်းချောင်းစ အခွန်လေး
လှလွန်းအိမ် တူးတော့ ကြာညို ဘေးမှာထိုင်ချလိုက်ကာ လှလွန်
အိမ် လက်ထဲမှ ထင်းချောင်းစကိုယူရင်း ..

"မမလေး ဗခုံးမှာ နာနေတဲ့ဥစ္စာ .. ကြာညို လုပ်မယ်
ဟု ပြောကာ ပိန်းဥတွေရအောင် ခွေးတပြိုက်
နှင့် တူးသည်ပါပဲ ..။ ပိန်းဥတွေက ကြီးနေသည်မို့ ဝမ်းဝ
ပြုတ်စားပစ်လိုက်မည်ဟု လှလွန်းအိမ် တွေးဖြစ်သည်။ အ
နှင့်ပင် ဝမ်းထဲမှာ ဆာဆာလောင်လောင်ကြီး ဖြစ်လာသည်ပါပဲ

တောပိန်းဥကြီးတွေကို ပြုတ်၍စားဖို့အတွက် ထ
ချောင်းစဖြင့် တူးနေသည့် အဖြစ်မျိုးထိကို ကြံနေရသည့် သ
၏အဖြစ်ကိုများ ပုန်းညက်မြို့ငမှ ဒက်ဒီသိလျှင် ရင်ကွဲ
သာ ..။ ဖူးဖူးဥမျှ ထားသော သမီး ..။ ခုလို ဒဏ်ရာနှင့်
လျက် ..။ ခြေထောက်တွေနာနေအောင် ဖိနပ်မပါ ဘာမပါ
ရှိနေသမျှကိုလည်း ဒက်ဒီ သိလျှင် သမီး၏ ကိုယ်လေးကို
တင်ကဲကြီး ထွေးပိုက်ရင်း မျက်ရည်ကျရွာချေမည်သာ ..။

ကိုနောင်ကတော့ဖြင့် .. လွိုင်ခမ်းသာသို့ တစ်ယော
တည်း ထွက်ခဲ့သည့် လှလွန်းအိမ်ကို ဂျုတ်စ်သက် .. ဘယ်
အခါတွင်မျှ တစ်ယောက်တည်း ပေးမသွားတော့ပြီ ဆိုသည့် ဆ
ဖြတ်ချက် .. စည်းကမ်းကြီးဖြင့် မျက်စိအောက်မှကို အပေါ
ခဲချေတော့မည် မဟုတ် ..။

ကြာညို ပိန်းဥတူးနေရာဘေးမှာ ငုတ်တုတ်လေး
ထိုင်နေရင်း ခေါင်းတွေ အရမ်းကိုက်ခဲနေသည့်ကြားမှ .. ဒက်ဒီ
ကို နောင့်ကို သတိရနေမိရသည်ကဖြင့် .. ဒုက္ခကြီးထဲရောက်
နေရသည့် အဖြစ်ကြီးကြောင့်ပါ ..။ ဒုက္ခရောက်တော့လည်း ..
ဒက်ဒီကို တမ်းတရမည်သာ ..။ ကိုနောင်သည်လည်း အတွေးထဲ
ဆဲပါလာရသည်ပါပဲ ..။ အရမ်းကို အရိပ်တကြည့်ကြည့်ဖြင့်
အချစ်ကြီး ချစ်ပါလေသော ကိုနောင်သည် .. လှလွန်းအိမ်၏
ထက်ချောင်းလေးမှာ ခဲတံခွန်ရုံးရင်း ရလိုက်သည့် ခဲတံခွန်မားထိ
သည့် ဒဏ်ရာလေးအတွက်ပင်လျှင် မေးခိုင်ကာကွယ်ဆေးတွေ
ဘာတွေ ထိုးသည်အထိ ပျာယာခတ်စာတ်လျက် ..။ နောက်ကို
ခဲတံကို ခဲတံခွန်မားဖြင့် မခွန်ရဟု စည်းကမ်းကြီး ထုတ်သည့်
အပြင် .. နေ့တိုင်း ခွန်စက်ဖြင့် ကိုနောင် ကိုယ်တိုင် တစ်နေ့မပျက်
ခဲတံလာလာခွန်မေးနေ၍ မိန်းဥးတားယူရသည် မဟုတ်ပါလား ..။

လှလွန်းအိမ် ခဲတံမခွန်ဖြစ်အောင် ကိုနောင်ကချည်း
လာလာ၍ ခဲတံခွန်နေတော့လည်း အိမ်မှ ခေါ်ကြီးဘင်ပင် ဂယ်
ဆုံးချင် ဖြစ်နေရသည်မို့ လှလွန်းအိမ် ရှက်ရသည်လေ၊ ခေါ်ကြီး
ဘင် ဆိုတာကလည်း ကိုနောင်ကို ချစ်လျက် ကိုနောင် ကြိုက်သည့်
နှုံ့တွေ လုပ်လုပ်ကျွေးတတ်သည့် ပုန်းညက်မြို့၏ စားဖိုမှူးကြီး
ဆမယ် .. အိမ်သားနှယ်ပင် ရှိရသည်ကိုးလေ။

"ဒါတွေ အားလုံး တူးမှာလားဟင် မမလေး .."

ပိန်းပင်အုပ်ကြီးကိုကြည့်လျက် ကြာညိုမေးမှ လှလွန်း
အိမ် ငုတ်တုတ်လေးထိုင်ကာ အတွေးတွေပြန့်လျက် ရှိနေမှ
ကိုနောင့် သည်းသည်းလှုပ်ပုံကို တွေးရင်း လွတ်ခနဲပင် မြွေမသွား

www.burmeseclassic.com

www.burmeseclassic.com

ရပါသည့် လှလွန်းအိမ်၏ စိတ်လေးတွေ ဤပိန်းအုပ်ကြီးရှိ
နေရာလေးဆီသို့ ပန်းပန်းလျလျ ပြန်ရောက်လာရသည့်အဖြစ်

ပိန်းဥတွေကိုကြည့်၍ လှလွန်းအိမ် ခေါင်းလေးညိတ်
လိုက်ကာ ..

"ရပြီ ကြာညို .. အဲဒါတွေ သယ်လာခဲ့နော် .. အရွက်တွေ
ကို တဲရောက်မှ ဖြတ်ပစ်ရမယ် .."

ဟု ပြောကာ လှလွန်းအိမ်လည်း ပိန်းဥနှင့်တွဲလျက်
ရှိနေသည့် ပိန်းရိုးပိန်းခွက်တွေကို သယ်လာကာ ကြာညိုကလည်း
ကျန်တာတွေ သိမ်းသယ်လာပါ၏။ တဲထဲရောက်မှ ကတ်ကြေးငယ်
လေးဖြင့် ပိန်းရိုးတွေကို ဖြတ်ယူရသည်။ ပြီးတော့ ဒယ်အိုးကို
လှလွန်းအိမ် ယူ၏။ ပိန်းဥ ပြုတ်စားမည်ပေါ့ ..။ နောက်တော့
ဖျတ်ခနဲ အသိဝင်လာလျက် ကိုယ့်ဘာသာကိုယ် သဘောကျစိတ်
လေးဖြင့် မောမောပန်းပန်း ရှိနေသည့်ကြားမှ ရယ်ချလိုက်မိရပါ
ပြီတည်း။

လှလွန်းအိမ် ရယ်တော့ ကြာညိုကလည်း ဘာမှန်း
ညာမှန်းမသိရသေးပေမယ့် .. ဝမ်းသာအားရကြီး လိုက်ရယ်သည်။
တစ်ခုခု ပျော်စရာ တိုးငြီဟု ထင်မှတ်နေပုံရပါ၏။ လှလွန်းအိမ်
ရယ်နေရင်းမှ ကြာညိုကိုကြည့်ကာ ..

"ဘာရယ်တာလဲ ကြာညို .. ဟင်း ဟင်း ဟင်း .."

ဟု ရယ်ရင်း မေးတော့ ..

"မသိဘူးလေ .. မမလေး ရယ်တာကိုး အဟက်ဟက် .."

နှင့် ရယ်ရင်း ပြန်ဖြေသည်။ ပို၍ ရယ်မိကြပြန်
၏။ ဘာပဲဖြစ်ဖြစ် .. လတ်တလောလေးမှာတော့ ရယ်ရလွန်း

သဖြင့် အတန်အသင့်တော့ စိတ်ထဲ အမောပြေလာသယောင်ပါ ..။
ဒယ်အိုးကို မီးဖိုလေးပေါ်မှ ပြန်ချကာ လှလွန်းအိမ် ထပ်ရယ်မိ
သည်။

ဟုတ် .. ဟုတ်နေသေးသည့် အဖြစ် ..။ ရေပင်
သောက်စရာမရှိဘဲ ရှိရာချိန်မှာ လှလွန်းအိမ်က ဤပိန်းဥများကို
ဒယ်အိုးနှင့် ပြုတ်စားမည်တဲ့လေ ..။ ကိုယ့်အတွေးဖြင့် ရှိခဲ့ရလေ
သမျှ ရယ်ချလိုက်ရခြင်းပါ ..။ ခက္ကတောလည်း အရယ်လည်း
ပြန်ရပ် ..။ မီးဖိုထဲ ရှိနေသည့် ပိန်းဥတွေကို ထင်းချောင်းငယ်
လေးဖြင့် ဟိုသည်လှည့်၍ မီးဖုတ်နေရင်း လှလွန်းအိမ် ရေပိုင်တ်
သာရပြန်သည်။

"ကြာညို .. ခဏနေခဲ့နော် .."

ဟု ပြောတော့လည်း မရ ..။ ဘေးမှ အရုပ်မြင့်
ကြီးနှင့် တမားမား တမတ်မတ်ကြီး ပါလာရပြန်သည်မို့ ပိန်းဥ
တွေ ကျက်အောင် လှလွန်းအိမ် မီးဖုတ်နေရပြန်သည်။ နောက်
တော့မှ တဲပြင်သို့ထွက်ကာ ဟိုဟိုသည်သည် လျှောက်သွားရပြန်
ပါ၏။ အတန်မျှလျှောက်တော့မှ ရေစီးသံလေး ကြားရသည်မို့
ဝမ်းသာသွားရကာ လက်ထဲပါလာသည့် ဒယ်အိုးလေးကို ကျစ်
နေအောင်ကိုင်ရင်း ရေသံလာရာဆီသို့ လျှောက်တော့ ဝါးတံလျှောက်
လေးတစ်ချက် ခံထားရာ စမ်းပေါက်ငယ်လေး တစ်ခုဆီသို့
ရောက်ရပါချေသတည်း ..။ ဝမ်းသာလိုက်သည့် ဝမ်းသာမှုက
အရှိန်ပင် မတန့်နိုင် ..။ ကလေးလို လှလွန်းအိမ် ပြေးကြေး
ကြာညိုကလည်း လိုက်၍ တဟားဟားအော်ရင်း ပြေးလိုက်လာ
သည်။ တောင်ကမ်းပါးယံလေးဆီမှ အမြင့်ဆီမှ စီးဆင်းတဲ့လာသော

www.burmeseclassic.com

www.burmeseclassic.com

စမ်းပေါက်လေးသည် ဝါးတဲလျှောက်လေးတစ်ခု ခံထားရာမှ စုလျက် တသွင်သွင် စီးကျနေသည်က ရှေ့စက်တစ်ခု ရေစက် ခေါင်းဖွင့်ထားချိန် ကျနေသည့်နှယ်ပါ ..။ ရေအားက မများလှ ..။ စမ်းပေါက်ငယ်လေး တစ်ခုဆီမှ စိမ့်ကျစုစည်း စီးဆင်းလာသည့် စမ်းပေါက်ရေအေးသည် လက်ခုပ်တွင်းမှာ ခိုထင်လျက် နွှတ်ခြင် ဖြင့်တော့၍ တဝတလင်းကြီးကို တရှိုက်မက်မက် သောက်ဖစ်လိုက် မိရသည်။ ကြာညိုကလည်း လှလွန်းအိမ် လှုပ်သည့်နှယ် လိုက်တ၍ တကျိုက်ကျိုက် သောက်နေသည်ပါပဲ ..။

"ဒီဝါးတဲလျှောက်လေးက .. အဲဒီတဲမှာ နားတဲ့ တော လိုက်သူတွေက စမ်းပေါက်ရေကို ဒီလိုခံထားလို့ရအောင် လုပ်ထားခဲ့တာ ဖြစ်မယ် ကြာညို"

ဟု ကြာညိုကိုပဲ တိုင်တိုင်တည့်တည့်လေးထား၍ လှလွန်းအိမ် ပြောတော့ ကြာညိုကလည်း လူတတ်လေးလုပ်၍ ခေါင်းတညိတ်ညိတ်ဖြင့် နေနေသည်ပါပဲ ..။ ဒယ်အိုးလေးထဲ ရေခဲထည့်လာကာ နှစ်ယောက်သား အားအင်တွေဖြင့် ပြန်လာ ဖြစ်ကြသည်။ ရေသောက်လိုက်ရသည်နှင့်ပင် ဝမ်းထဲ အတန်မှ အေးကျသွားရလျက် အားအင်တွေ ဖြစ်တည်လာရသည်ပါပဲ ..။

"ဒါကြောင့် .. ဒီနေရာလေးကို ရွေးပြီး အဲဒီလူတွေက ဒီတဲလေးကို ဆောက်ထားကြတာဖြစ်မယ် ကြာညိုရဲ့ .."

ဟု ပြောကာ ဒယ်အိုးလေးကို မီးဖိုပေါ်တည်၍ ပိန်းဥတွေကို ထည့်မီပြန်သည်။ ဧစောစောက မီးဖိုထဲမှ ထုတ်ထား ခဲ့သော ပိန်းဥမီးဖုတ်တွေကို တစ်ခုယူ၍ ကြာညို လက်ထဲထည့် သည်။ တစ်ခုကို လှလွန်းအိမ် ယူသည်။ ပြီးတော့ မီးဖုတ်ထား၍

ကျွမ်းမည်းမည်း အခွံတွေကိုခွာတော့ ကြာညိုလည်း လိုက်ခွာသည်။ ဆားအိုလေးထုတ်၍ ဆားလေးနှင့် တို့စားရပါ၏။ ဆာလောင် နေချိန်မို့ ပိန်းဥဖုတ် ဆားတို့လေးသည် စားရှိကို မဝနိုင် ..။ ဆာင်းလိုက်ပါသည့် အဖြစ် ..။

"ကောင်းတယ်နော် .. မမလေး .. မမလေးက သိပ်တော် စားပဲ .. စားစရာကို ရှာတတ်တယ် .. ရေလဲရှာတတ် တယ် .. ကြာညို ဆာနေတာ သိလား .. သိပ်ဆာနေတာ .. မမလေးလဲ ဆာမှာ .. ကြာညို သိတယ် .. မမလေးကို သိပ်သနားလို့ မမေးဘဲ နေနေရတာ .. မမလေးက .. ဘာ မှစားထားရတာ မဟုတ်ဘူး .. ကြာညို တော်ပြီနော် .. ဒီ ကျန်တဲ့ဥစွာတွေကို မမလေး တစ်ယောက်တည်း စားပစ် လိုက် .. ကြာညို ဝပြီ .."

ဟု နောက်တပ် မယူရက်သလို ပြောနေတော့ လှလွန်းအိမ် ကြာညို့ကို ငေးခန် ကြည့်မိရပါပြီ။ သိတ့်တ်လိုက် တာ .. ဟု တွေးမိလျက် ကြာညို့ ဆံစကို သပ်ပေးမိရင်း ..

"ဒီလောက်များတာ ကြာညိုရယ် .. စားလိုက် .. စားလိုက် .. ဆားနဲ့တို့စားတော့ .. ပိုအရသာလဲ ရှိတယ် .. စားလိုက် .. ဒီမှာ မီးဖုတ်ထားတာတွေက အများကြီးပဲဥစွာ .. မမလေး တစ်ယောက်တည်း ဘယ်လိုစားကုန်မှာလဲ .. ဒီမှာလဲ .. ပြုတ်ထားတာတွေက ရှိနေသေးတာ .."

ဟု ပြောယူရရင်း ထပ်၍ ကိုယ်တိုင် ပိန်းဥတစ်လုံး ကိုပေးမှ ကွေးလိုပင် စားရှာသည်။ မိန်းဥမီးဖုတ်နှင့်ပင် ဗိုက် ဥည့်လျက် ..။ ပိန်းဥပြုတ်တွေကျတော့ ဝါးကွပ်ပျစ်ပေါ် ပိန်းဥ

www.burmeseclassic.com

www.burmeseclassic.com

တွေထားလိုက်ကာ ..။ ဒယ်အိုးလေးနှင့် ရေသွားခဲလာဖို့ ကြာညို ကိုဝင် လွှတ်လိုက်ရသည်။ လှလွန်းအိမ်မှာ ကိုယ်လတ်တွေကို ခဲလာသည်ဖို့ ကွင်ပျစ်လေးထက်မှာ လုံချည်ရင်း ပူစပ်နေပြီဖြစ်သည့် ဗျက်ဝန်းများကို ခဲ့မှိတ်ချရင်း ကျန်ခဲ့ရပါ၏။

ကြာညို ဘယ်အချိန် ရောခပ်ပြန်ရောက်သည်ဆင် လှလွန်းအိမ် မသိတော့ပြီ ..။ မောရှိနဲ့နှင့်ရော ..။ ဝမ်းပြည့်သွား၍ရော ..။ ကိုယ်လက်တွေ အရမ်းကို ကိုက်ခဲညောင်းညာနေ၍ရော ..။ ဒဏ်ရာရှိန်ကြောင့်ရော ..။ ဖျားရှိန်ဖြင့် အိပ်မောကျသွားရပါ၏။

လှလွန်းအိမ် နိုးလာတော့ ကြာညို့ ရင်ခွင်တွင်းမှာ ရှိနေတာကို စတင်၍ သတိထားမိလိုက်ရပါ၏။ အို .. တကယ်က .. လှလွန်းအိမ် နိုးလာရသည်က .. ငိုလိုက်သံကြောင့် ..။ ဟုတ်သည် .. ငိုလိုက်သံကြောင့် ..။ ကြာညို့သည် လှလွန်းအိမ်၏ ကိုယ်လေးကို ရင်ခွင်မှာ သိမ်းပွေ့ထွေးပိုက်ထားရင်း ကလေးလို ငိုနေသည်တကား ..။

"မမလေးရယ် .. မသေပါနဲ့ .. မသေပါနဲ့ မမလေးရယ် .."

ဟု ခြေမကိုင်မိ လက်မကိုင်မိ ပြောလည်းပြော ..။ လက်ဖြင့် နဖူးတွေ စမ်းလိုက် ..။ ဒဏ်ရာနေရာကို ဖွဖွစမ်းလိုက် .. ငိုလိုက် ..။ ထွေးပိုက်ထားသည့်မှ ကိုယ်လေးကို ကျစ်နေအောင် ဖက်ထားလိုက်နှင့် တစ်ယောက်တည်း ဗျာများနေရသည့် ကြာညို ပါတကား ..။ လှလွန်းအိမ် တဖြည်းဖြည်း သိလာသည်။ ဖျားရှိန်ကြီးနေပြီပဲမဟု ..။

လှလွန်းအိမ်၏ တစ်ကိုယ်လုံး မီးကျည်းခဲတွေ တပ်ထားသည့်နယ် ပူလွန်းနေသည်။ အရှမ်းကို ပူနေသည်။ ဝမ်းထဲမှာလည်း ပူနေသည်။ လည်ချောင်းတွေလည်း ပူနေသည်။ ဗျက်စိတွေလည်း ပူစပ်နေသည်။ ခေါင်းတွေလည်း အရမ်းကိုက်ခဲနေလျက် နေ၍ အရမ်းဆိုးနေသည့်အဖြစ် ..။ လှလွန်းအိမ် သည်းခံချေမည်ထင် ..။ အတော်ကြီးကို ထွန့်ထွန့်လူးမျှ ခံစားရင်း သည်းခံချေမည်ထင် ..။ ဒါကြောင့် .. ကြာညို နိုးသွားကာ လှလွန်းအိမ်ကို ထွေးပိုက်၍ ဝမ်းနည်းတကြီး ငိုနေခြင်း ဖြစ်ပါချေမည် ..။ အားယူ၍ ကြာညို့ လက်မောင်းကို လှလွန်းအိမ် ဖေးကိုင်ယူရသည်။ ကြည့်တော့လည်း မသဲကွဲ ..။ ဒါပေမဲ့ .. သရောင်ကတော့ တဲငယ်လေးအတွင်းဆီသို့ တိုးဝင်၏။ ငိုနေရာမှ ခေါင်းကြီးငုံ့ကျသွားကာ လှလွန်းအိမ်ကို မိုး၍ကြည့်နေရင်း ..

"မမလေး မသေဘူးနော် .. မသေဘူးနော် .. အို .. ကြာညို ဝမ်းသာလိုက်တာ .. မမလေး ကိုယ်ကြီးအရမ်းတုန်နေတာ သိလား .. ညည်းတယ် သိလား .. အကျယ်ကြီးဖဲ့ ညည်းတယ် .. ကြာညို မမလေးဘေးမှာ အိပ်နေတာ .. ရေယူလာတော့ မမလေး အိပ်ပျော်နေပြီ .. ကြာညို ဒီနေရာမှာ အိပ်တာ .. မမလေး နိုးမှာစိုးလို့ ဟိုနားမှာကပ်ပြီး အိပ်တာ သိလား .."

ဟု ဝါးကွပ်ပျစ်၏ ထောင့်ဘက်နေရာကို လက်လေးသွန့်ပြရင်း ကြာညို ဆတ်တိုက် ကလေးလိုပဲ တောက်လျှောက် ငြာပြနေသည်။ မျက်ရည်ကို ကမန်းကတန်း သုတ်သည်။ လှလွန်းအိမ်ကို ကြည့်၍ ..

www.burmeseclassic.com

www.burmeseclassic.com

"ဗိုက်ဆာလားဟင် .. ပိန်းဥပ္ပါတ် စားမလား .. ကြာဥယူဆေးမယ်လေ .. စားလိုက်နော် .. ဗိုက်ဆာနေမှာ .. နှင့် လူမမာနှင့် မတည့်တာကို မသိ .." ကွေးခွေတာစဲသိလျက် ကျဖာကယာလေး ပိန်းဥပ္ပါတ်ကို ယူနေတော့ လှလွန်းအိမ် လက်ကာသည်။

"ကြာညိုလေ .. မမလေး သေတော့မယ်ထင်လို့ .. ငိုလိုက်ရတာ .. မမလေးက ကြာညိုကို သိပ်ဂရုစိုက်တာ .. မမလေးကို ကြာညိုမှ မခွဲနိုင်တာ .. မမလေး မသေရဘူးနော် .. မသေပါနဲ့ .. မမလေးရယ် .."

ဟု ရင်ခွင်ထဲ ပြန်ပွေ့ရင်း ကြာညို မျက်ရည်ကျလျက် ထပ်ပြောတော့ လှလွန်းအိမ်မှ ရင်ထဲထိခိုက်ရပါဦး ကြာညို့ခမျာ အရမ်းကို သံယောဇဉ်တကြီးဖြင့် ရှိရာကား တွယ်တာတာကြီး ဖြစ်နေချေသည်ကောလေ ..။

"မမလေး မသေပါဘူး ကြာညိုရယ် .. မမလေးကို .. ဟို အဝတီစနဲ့ .. ဒယ်အိုးထဲက ရေအေးကိုဆွတ် .. ဒီနှုးမှာ တင်ပေးနော် .. မမလေး ဗျာနေတာ အဖျားကျသွားလိမ့်မယ် .. ကြာညို လုပ်တတ်သလားဟင် .."

ဟု တိုးသဲ့သဲ့အားယူ၍ မေးတော့ ကြာညို ကလေးလိုမဲ့ ဝမ်းသာအားရ စိတ်တက်ကြွစွာ ခေါင်းကြီးညိတ်ပြသည်။ ချက်ချင်း အကျီဆူဖြတ်ထားစဖြင့် ဒယ်အိုးထဲကို ရေဆွတ်နှစ် .။ နှုးပေါ် အဝတ်ကို အစုလိုက်ကြီးတင်တော့ လှလွန်းအိမ်မှ အဝတ်စကိုယူ၍ အနေတော် အပြန့်လိုက်လေးခေါက် .။ နှုးပေါ် တင်စေရသည်မဟုတ် .။ မလုပ်တတ် လုပ်တတ်နှင့် ပျာယာခတ်

အောင် ရှိနေလေသမျှ သံယောဇဉ် ဆိုတာကို ဖွင့်ချပြသည့်နယ် ရိုးချေသည်မို့ လှလွန်းအိမ်မှာ ကြာညို့ကို ပို၍သနား သံယောဇဉ် ဖြစ်ရပါသည့်အဖြစ် .။ မတော်တဆ .. မပြောအပ် မဆိုရာ .. လှလွန်းအိမ်များ ကတိမ်းကပါး ဖြစ်သွားလျှင် ဤကြာညို .. နှုးတျန်ခဲ့ချေမည်ထင့် .။ လှလွန်းအိမ် သက်ပြင်းရှိက်ကာ ကြာညို့ ဆံကို ဖေးကိုင်၍ ..

"မမလေး ဘာမှ မဖြစ်ဘူး .. စိတ်ချ .. မမလေး ကတိပေးတယ် သိလား .."

ဟု ကြာညို့စိတ်တွေအေးအောင် ပြောနေစဉ်ခိုက် .။ ကြာညိုကတော့ ဘာဆိုဘာမျှ အရေးတကြီး မရှိတော့လောက်အောင် စပါပဲ အရေးကြီးတာက အရေးကြီးဆုံးသော အလုပ်တစ်ခုအဖြစ် ရေအေးဝတ်ကို တောက်လျှောက်ကြီး နှုးပေါ်တင်နေသည်ပါပဲ .။

ကြာညို့ပေါင်ပေါ် ခေါင်းလေးတင်ကာ .။ ကြာညို ရေအေးဝတ်တင်သည့် နှုးပြင်ဆီမှ အအေးကို ခံယူရင်း ရင်ထဲလိုက်၍ .. အအေးကူးလာလျက် မျက်ဝန်းများ လေးကျကာ ပြန်၍ အိပ်ပျော်သွားရပါချေသည်တည့် .။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၉)

မီးဖို၏ရန် ..။ ဟုတ်သည် .. ထင်းမီးဖို၏ရန် ..။ ပြီးတော့ .. ပိန်းဥမီးဖုတ်သည့် ရန်မွေးမွေး ..။

လှလွန်းအိမ် အားယူ၍ မျက်ဝန်းကို ဖွင့်ကြည့်တော့ မီးဖိုမှာ ပိန်းဥလေးငါးဥကို မီးဖုတ်နေသည့် ကြာညိုကို တွေ့ရပါ၏။ ဆောင့်ကြောင့်လေးထိုင်ကာ ထင်းချောင်းတစ်ချောင်းဖြင့် ပိန်းဥကို ဟိုသည်လှည့်နေသည့် ကြာညိုကို ငေး၍ လှလွန်းအိမ် ကြည့်မိရင်း ရင်ထဲမှာ မကောင်း ..။ ကြာညို့ မျက်နှာလေး ညှိုးနေသည်။ ဆံပင်ထူအုပ်အုပ်တို့က နဖူးပြင်ထက်မှာ ဝဲဝဲပြိုပြို ..။ ရုပ်ရည်သန့်ပြန့် မွန်ရည်လျက် တကယ့်ကို ဆွေကြီးမျိုးကြီးထဲက ဆိုတာ အရမ်းကို သိသာသည့် ရုပ်အဆင်းပါတည့် ..။ အရပ်မြင့် မြင့်ကြီးနှင့် ကြာညိုသည် သပ်သပ်ခပ်ခပ်လေးသာ ဝတ်စားထားလိုက်ပါက ခန့်သန့်လျက် တကယ့်ကို ယောကျ်ားပီပသခြောမော သည့်သူတစ်ယောက် ဖြစ်မှာသေချာနေသည့် အဖြစ် ..။

ခုလည်း .. ရှမ်းဘောင်းဘီ နက်ပြာရောင်၊ ရုပ်အင်္ကျီ လက်တိုလေးနှင့် နွမ်းသော အဝတ်ဟောင်းလေးတွေဖြင့်ပင် ကြာညို့ ရုပ်လေးက အရမ်းကို ရှင်းသန့်နေသည်ပါပဲ။ ခြေမျက်စိအထက် အတော်ကြီးကို တိုနေသည့် ရှမ်းဘောင်းဘီပွကြီးသည် ခုလို ထိုင်နေတော့ ပို၍တိုသွားရကာ ခြေသလုံးတွေဝင် ထင်းနေသည့်အဖြစ်။

ကြာညို လှလွန်းအိမ်ဘက်သို့ ခေါင်းလေးလှည့်လာဆာလည်း၊ လှလွန်းအိမ် မျက်ဝန်းတွေကို ပိတ်မပစ်လိုက်တော့ ..။ ငေးမြဲငေးကြည့်ကာ ခပ်သဲ့သဲ့လေး ပြုံးပြမိရပါ၏။ လှလွန်းအိမ် သိသည်လေ ..။ ကြာညိုသည် ခုလိုပဲ မကြာ မကြာ လှလွန်းအိမ်ကို လှည့်လှည့်ကြည့်နေချေလိမ့်မည်ဟု ..။ လှလွန်းအိမ် အတွက် ဒိတ်လက်တပူပူဖြင့် ညကရော အိပ်မပျော်နိုင်ရာရဲ့လားမသိ ..။ ခုလည်း .. မနက်စောစောထ၍ မီးတွေ ဘာတွေမွေးကာ .. ပိန်းဥ ဒီးဖုတ်နေရသည့်အဖြစ်။ ဤသည်ကလည်း လှလွန်းအိမ် မနက်နိုးလျှင် စားဖို့ တတ်သမျှ မှတ်သမျှလေးဖြင့် လုပ်နေရာခြင်း ..။ ခနေ့က လှလွန်းအိမ် လုပ်သမျှ ကိုင်သမျှကို ဘေးကလိုက်လိုက် ထုပ်ရှာသည့် မဟုတ်ပါလား။

လှလွန်းအိမ် နိုးနေမှန်းသိတော့ ကြာညို ကမန်းကတန်းလေး ပိန်းဥကို တစ်ဖက်ဆီသို့ ထင်းချောင်းလေးဖြင့် လှည့်လိုက်ပြီးမှ ကွပ်ပျစ်မော်လာထိုင်သည်။ ဒယ်အိုးထဲမှ ရေထဲနှစ်ထားသော ပိတ်စကိုယူကာ ရေညှစ်ပြီး နဖူးပေါ် လာအုပ်ပေးရှာပြန်သည်။ ထိုသို့ လုပ်ပေးရသည် ဆိုတာနှင့် လုပ်နေရာခြင်းဆိုတာ သိရသည်မို့ လှလွန်းအိမ် သနားစိတ်ဖြင့် ကြာညို့လက်ကို ဆွဲကိုင်ကာ ..

"မမလေး သက်သာနေပါပြီ ကြာညိုရယ် .. အစောကြီး မီးထမွေးတာကိုး .. ဆာနေပြီလားဟင် .. စားလိုက်နော် .. မမလေး သိပ်မဆာသေးဘူး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု အသံလေးတိုးတိုးဖြင့် ပြောတော့ ကြာညို ခေါင်းကြီးယမ်း၍ ..

"ဟာ .. မစားပါဘူးဆို .. တစ်ယောက်တည်း မစားချင်ပါဘူး .. မမလေး မစားရင် ကြာညိုက ဘယ်လိုလုပ် မို့ခ လို့ ရပါ့မလဲ .. အစားစားမှ မမလေး အားရှိမှာပေါ့ .. ဒါမှ .. ဆက်ပြီး ပြေးလို့ရမှာ .. ဟိုလူလိုက်လာရင် ဘယ် နယ်လုပ်မလဲ .."

ဟု ပြောပြီး လှလွန်းအိမ်ကို ဆွဲထူသည်။ မထ၍ကို မရ .. ။ အတင်းထူနေတာမို့ လှလွန်းအိမ် ထထိုင်လိုက်ရသည်ပဲ .. ။ ထိုအခါမှ ကြာညို့ မျက်နှာ အတန်လန်းလာသည်။

"မမလေး ဆာမှာစိုးလို့ ကြာညိုကဖြင့် .. ဒီမိန်းဉတွေကို အဆင်သင့်ဖြစ်အောင် မီးဖုတ်ထားတာ .. ဆားနဲ့ တို့စာ တဲ့ဥစ္စာ ချိုတယ်နော် .. မမလေး စား .. အခုစားတော့ မလားဟင် .. အခု စားလိုက်နော် .. ကြာညိုလဲ ဆာပြီ .."

ဟု ပြောကာ ပိန်းဉကို မီးဖိုတွင်းမှ ထင်းချောင်းဖြင့် လှိမ့်၍ လှိမ့်၍ အပြင်သို့ ထုတ်သည်။

"ပူနေတယ် ကြာညို .. လက်နဲ့ သွားမကိုင်သေးနဲ့ဦး .. လက်ကို အပူလောင်ကုန်လိမ့်မယ် .."

"အင်းပါ မမလေးရ .. စိတ်ချ .."

စိတ်မအေးသည်မို့ လှမ်းတားတော့လည်း လူတော် ကြီးလုပ်၍ တပြုံးပြုံးဖြင့် ပြန်ပြောသည်ပါပဲ .. ။

"ကြာညိုက မမလေး မျက်စိမဖွင့်မချင်း စိတ်ပူနေတာ သိလား .. သေသွားမှာ သိပ်ကြောက်တာပဲ သိလား .. မေ

လေးကို ကြာညို ညက .. ပွေ့ထားတာ .. ခဏခဏလဲ အသက်ရှူရဲ့လားလို့ ငုံ့နားထောင်ရတာမှ ခဏခဏပဲ .. မမလေး ကိုယ်တွေက ပူနေတာ သိလား .. အဲဒါမျိုးတာ ပဲ မမလေးရ .."

ဟု ပြောလည်းပြော .. ။ လှလွန်းအိမ်၏ နဖူးကို လာ၍ လက်ဖြင့်စမ်းသည်။ ရောဂါအုပ်ထားတာမို့ နဖူးကတော့ အေးနေသည့် အဖြစ် .. ။ ထိုအခါကျတော့လည်း ကြာညို သဘော ကျသလိုလေး ပြုံးသွားရှာပါ၏ ။

ဘာပဲဖြစ်ဖြစ် .. ။ ကြာညိုသည် .. များနာတာကို သိတတ်နေသည်။ သေမှာကို စိုးရိမ်တတ်နေသည်။ ထိုအရာများ သည် အာရုံများကို တိုးတက်နေစေသည်ပဲ မဟုတ်ပါလား လေ။ ကြာညို့ အာရုံများသည် .. ဦးနောက်ကို များစွာ ဒုက္ခမပေးတော့ဟူ၍ တွေးဆနားလည်ရင်း ရင်ထဲမှာ မျှော်လင့်ချက်ပို၍ ထား လာမိရသည်က လှလွန်းအိမ်ပါ .. ။ ကြာညို့ကို .. တတ်ကျွမ်းသူ သမားတော်ကြီးဖြင့် ကြုပ်ကြုပ်မတ်မတ် ကုသပါက .. အချိန်တို အတွင်း ပြန်၍ လူကောင်းတစ်ယောက် .. အို .. မဟုတ်သေး .. သူလို ငါလို လူတစ်ယောက်အဖြစ် ကျန်းမာစွာ .. လူ့ဘဝခရီးကို ဖြတ်သန်းသွားနိုင်ချေမည်သာ .. ။

"ဒါဟာ .. ကြာညို့ကို .. အရူးတစ်ယောက်လို့ကို မမြင် ရက်တာ .. စိတ်ဝေဒနာသည် တစ်ယောက်လို့လဲ မမြော ရက်တာ .. အမှန်ပါပဲလေ .. ငါ့ရင်ထဲက အဲဒီခံစားမှုဟာ ကြာညို့ကို ကုသလိုက်ရင် လူကောင်းပြန်ဖြစ်သွားမယ် ဆိုတာမျိုးကိုတောင် မတွေးရက်နိုင်အောင် ဖြစ်သွားစေ

www.burmeseclassic.com

www.burmeseclassic.com

တော့တာပေါ့ .. ဟုတ်တယ် .. သူ ရူးနေလို့ ဆေးကုလို့
တော့ ကောင်းသွားတယ်တယ် .. ဆိုတာမျိုး ငါ .. မကြာ
ထွက်သလို .. မပြောရက်သလို .. သူများ ပြောတာကို
လက်မခံနိုင်ဘဲ ဖြစ်နေတယ် .. သူဟာ .. ရူးနေတာ
မဟုတ်ဘဲ .. ဘာဘဲဘုန်းရှိန်သာနဲ့ ဒေါက်တာအောင်ဇေ
တို့ဆေါင်းပြီး တစ်ခုခု လုပ်ကြံခဲ့ကြတာပဲ ဖြစ်ရမယ် ..”

ဟု တွေးကာ လှလွန်းအိမ်အား ယူ၍ ကွပ်ပျစ်ထဲ
မှ ဆင်းပို့ပြင်တော့ မိုက်ခန ဖြစ်၏။ ဒဏ်ရာမှ အနာရိုန်ကလည်း
တက်နေသည်။ ကျောပြင်တစ်ခုလုံး ပူနေ၏။ ကိုက်ခဲနေသည်။
လက်ဖြင့် ပတ်တီးနေရာကို စမ်းကြည့်တော့ စိုနေမှန်း သိရ၏။
အနာက သွေးပဲ ထပ်ထွက်နေသည်လား။ မာန်းရည်ပဲ လိုက်နေ
သည်လား။ မသိ .. ကိုက်ခဲနေတာ တစ်ခုပဲ သိနေသည်။ ခေါင်း
ကလည်း ကိုက်ခဲနေသည်။ ဝမ်းထဲမှာလည်း ပူနေသည်။ တစ်ကိုယ်
လုံးလည်း ကိုက်ခဲနေသည့်အဖြစ် .. အဖျားမသေးလှဆိုတာကို
လှလွန်းအိမ် သိနေသည်။ ဒါပေမဲ့ .. ကြာညိုက သိသည်မဟုတ် ..
နေမကောင်းပဲ ဖျားနေသည် ဆိုတာလောက်ကိုပဲ နားလည်ထား
လျက် အဖျားရှိန်၏ အတိမ်အနက်ကို မသိတတ်နိုင်ရှာ ..

“မမလေး မျက်နှာသစ်မယ် ဟုတ်လား .. နေ .. နေ ..
ကြာညို .. ရေသွားယူလာပေးမယ် .. ဒီမှာပဲ ထိုင်နေ ..
ထိုင်နေနော် .. မောနေလိမ့်မယ် ..”

ကြာညို ပျာပျာသလဲလေး ပြောကာ ဒယ်အိုးလေး
ဖြင့် ထွက်သွားတော့ လှလွန်းအိမ် မျက်ရည်ဝဲကျန်ခဲ့ရပါ၏။
ကိုယ်ကသာ ကြာညို့ကို ဤမျှထိမသိတတ်နိုင်ဟု ထင်နေပေမဲ့ ..

ကြာညိုကဖြင့် မျက်နှာသစ်ဖို့ ရေကိုပင် လှလွန်းအိမ်ကို ထိုင်ရာ
ထ မျက်နှာသစ်နိုင်အောင် သွားယူပေးဖို့ကအစ နားလည်ပေး
နေရှာသည်ပဲ ..။

ဒယ်အိုးလေးထဲ ရေသန့်ကို စမ်းပေါက်မှ သယ်လာ
ကာ လှလွန်းအိမ်ကို တဲ့ပြင်သို့ ကြာညို တွဲခေါ်သည်။ တကယ်
ကို အင်အားတွေ မကျန်လောက်အောင် ပန်းတိုက်နေသည်ပဲဟု
လှလွန်းအိမ် မိမိအားသာ သိလာရလျက် .. ဤတဲနေရာလေးဆီမှ
ရှေ့သို့ မည်သို့ ခရီးဆက်နိုင်ပါ့မည်လဲဟု အားလျော့ချင်လာသည်။
ခြေလှမ်းကို အနိုင်နိုင် လှမ်းနေရသည့်အဖြစ် .. မနေ့ကလည်း
ဆာအုပ်လေးကိုဖြတ်၍ ဤတဲနေရာလေးသို့ တိုင် ဖိနပ်မပါဘဲ
ပြေးလာခဲ့ရသည် မဟုတ်ပါလား။ ခြေထောက်တွေ နာနေသည်။
ခြေဖဝါးမှာ ဘာတွေ ရှူးနေသည်မင် မသိ ..။

ခြေထောက် မထောက်နိုင်အောင် ဖြစ်နေသည်။
ဆူးတွေ စူးဝင် နစ်ဝင်နေကြချေပြီထင် .. ပြေးတုန်းကတော့
အောဖြင့်ပေးလာခဲ့လျက် .. မနေ့ကလည်း အောဖြင့် ဤတဲနေရာ
လေးမှသည် ပိန်းဥတွေတူး .. စမ်းရေရှိရာသို့သွားနှင့် ရှိခဲ့ပေ
မယ် .. ခုကျတော့ အဖျားရှိန်ကြောင့်ရော .. ခြေထောက်တွေ
အရမ်းကို နာနေ၍ရော .. ခြေထောက်တွေ ထောစာ်၍ပင် မနိုင်
ချင် .. လှလွန်းအိမ် မျက်နှာသစ်လိုက်ရသည်က စမ်းပေါက်ဆီ
ခုကျသော ရေသန့်လေးကို ခပ်လာရာ ဒယ်အိုးလေးဆီမှရေကို ..
ကြာညို လောင်းလောင်းထည့်ပေးသမျှ .. လက်ခုပ်လေးနှင့် ခံ၍
ခံ၍ သစ်ရခြင်းပါ .. ခုကျတော့လည်း ကြာညိုက လှလွန်းအိမ်
အတွက် ကူညီဖော် ဖြစ်နေသည်။ မနေ့က .. လှလွန်းအိမ်က

www.burmeseclassic.com

ကြာညို့ကို ဦးဆောင်ခဲ့ရသူ ။ ပိန်းဥတူးတာကအစ ။ စမ်းစ
စမ်းရေရွာသည့် အဆုံး ။ လှလွန်းအိမ်က ဦးဆောင်ခဲ့ရသူ ။
ခုကျတော့ ။ ဖျားနေသည့် လှလွန်းအိမ်ကို ။ အစစ ကြာညို
ဦးဆောင်ဖေးကူနေသည့် အဖော်ဖြစ်နေသည်။

ဤသည်ကလည်း ။ လှလွန်းအိမ် ဖျားနေသည်
ဆိုသော အသိတရားဆီမှ ။ လှလွန်းအိမ်ကို သူကပဲ အစစ
စောင့်ရှောက်ရတော့မည် ။ ဆိုတာ ။ နားလည်နေသည့်နယ်
နေသည်။

လှလွန်းအိမ် သက်သောင့်သက်သာ နေနိုင်ဖို့အား
သူပဲ သိမ်းကျုံးလုပ်ကိုင်ပေးနေပုံလေးကလည်း အရမ်းကို သံတ
လွန်းနေသည်တည့် ။

"မမလေး ။ ပိန်းဥမီးဖုတ် စားလိုက်နော် ။ ရော့ ။"

လှလွန်းအိမ်ကို စားစေ့ချင်တာပဲ သိလျက် ကွပ်ဖု
လေးမှာ ပြန်ထိုင်လိုက်တာနှင့်ပဲ ပိန်းဥမီးဖုတ်ကို ကမ်းပေးနေ
သည်မို့ ။ အဖျားနှင့် မတည့်မှန်း သိနေရပေမယ့် လှလွန်းအိ
မငြင်းရက်စွာပဲ စားလိုက်ရပါပြီ ။ ဆားလေးနှင့် တို့၍ တို့
ကြာညိုကလည်း စားသည်။

"မမလေး ပြောပူးတယ် မဟုတ်လား ။ စားမှ အားရှိမှာ
အားရှိမှ ပြေးလိုဖြစ်မှာဆို ။ ဟိုအိမ်လေးမှာ ရှိတုန်း
ပြောခဲ့တာလေ ။"

ဟု ပြောသည်ကလည်း မှတ်မှတ်ရရ နိုင်နေသည်
ကလေးများမှတ်လျှင် တစ်လမ်းသွား လေ့နံစားထစ်မှတ်သည့်နယ်
ပါလားလေ ။ ဟု တွေးမိကာ လှလွန်းအိမ် လွတ်ခနဲ ပြုံးမိသွား

ရလျက် ကြာညို့ ဆံစလေးများကို ဖွပစ်လိုက်မိသည်ကလည်း
ချစ်စရာ စိတ်ဖြင့်ပါ။

"ကြာညိုက မှတ်ဉာဏ် သိပ်ကောင်းတာပဲ ။ အဟုတ် ။"

ဟု နာဖျားလေးကို ဆွဲလိမ်ရင်း ကလေးတစ်ယောက်
သို့ပဲ မြင်၍ လှလွန်းအိမ် ပြောတော့ ကြာညို ရယ်နေသည်။
နာခေါင်းကို ဖွဖွလေး ဖေးလိမ်ထားသော လှလွန်းအိမ်၏ လက်
လေးကို အဓေါမှအုပ်၍ ။

"နာသွားမယ် မမလေးရ ။ နာသွားမယ် ။"

ဟု သူ့နာခေါင်း နာသွားမှာစိုးစိတ်ဖြင့် ထပ်၍
လက်ချောင်းလေးတွေဖြင့် ဆွဲမလိမ်အောင် လူလည်လေးလုပ်၍
လက်လေးကို ဆွဲယူလိုက်ပါသည့် အဖြစ် ။ တကယ့် ကလေး
လေးနှင့် နေနေရသည့်နယ်ပါလား ။ ဟု တွေးမိလျက် လှလွန်း
အိမ်မှ ကြာညို့ နဖူးကို လက်သီးဆုပ်လေးဖြင့် ဖွဖွထုပစ်လိုက်
မိရသည် အထိပါ ။

"ဘယ်သူက ။ ကြာညိုတို့ကို သေနတ်နဲ့ ပစ်တာလဲတင် ။
မမလေး ။"

ဟု ကြာညို ဖြုန်းစားကြီး မေးချလာတော့ လှလွန်း
အိမ် ငိုစ်ကျသွားရပါပြီ ။ ထိုမေးခွန်းကို ကြာညို မေးတော့မေး
လာမည်ဆိုတာ သိနေနှင့်သည်ပါပဲ ။ ဤမျှထိ အသက်ကိုလှ၍
ပြေးလာရသည့်ကိစ္စ ။ ကြာညို ဦးနှောက်တွေက မမှေ့လျော့နိုင်
ကြချေမည်မှ မဟုတ်ချေသည်ပဲလေ ။

လှလွန်းအိမ် ပိန်းဥကို လွှတ်မှာကိုင်ထားဖို့က်
ရင်း ဆက်မမေ့စ်တော့ပဲ ကြာညို့ကို ငေးကြည့်နေတော့

www.burmeseclassic.com

ကြာညို ခေါင်းယမ်းသည်။ ပိန်းဥကိုယူ၍ လှလွန်းအိမ်ကို ခွဲကျွေးနေလျက် ..

"စားပါ မမလေးရ .. ဒါမှ ဗိုက်မဆာမှာ .. ကြာညို ထင်ထားတာ စားကောင်းတယ်နော် .. စား .. စား .."

ဟု အတင်းစားခိုင်းပြန်သည်။ စားနေတော့လည်း မငြိမ် .။ စောစောက စကားကို မမေ့ဘဲ ပြန်ဆက်သည်။

"ဟင် .. ဘယ်သူလဲ မမလေးရယ် .. ဘာလို့ .. ကြာညို့ကို သေနတ်နဲ့ လိုက်ပစ်ရတာလဲဟင် .."

ဟု မေးနေတော့ လှလွန်းအိမ် ဆုံးဖြတ်လိုက်ရပြီး အမှန်တရား ဆိုတာကို အမှန်အတိုင်းပဲ အသိပေးထားလိုက်သင့်သည့်အဖြစ်။

ဘာမျှ လိမ်ညာဖုံးကွယ်ထား၍ မဖြစ်။ ဘာကြောင့်ဆို .. ခုချိန်မှာ .. မသိပါ .. ဟု ဖြေခဲ့ကြည့် .။ နောင်တစ်သက်လုံး ထိုသို့ ကြာညို မှတ်ယူသွားချေမည် .။ သေနတ်နှင့် ပစ်သူကို လှလွန်းအိမ် မသိ .. ဟုပင် အသေမှတ်ထားမှာ သေချာသည်လေ .။ ခု .. မသိပါ .. ဟု ဖြေထားပြီးခါမှ .. နောင်ကျမှ ဦးဘုန်ရှိန်သာပါ .. ဟု ပြောကြည့် .။ လက်ခံတော့မှာ မဟုတ်။ ခု အဖြေကိုပဲ လုံးဝကြီးကို အသေမှတ်ထားချေမည်သာ .။

"ကြာညို .."

လှလွန်းအိမ် သက်ပြင်းလေးရှိုက်၍ ကြာညို့ကို ခေါ်မိပြီးမှ ရှေ့ဆက်ရမည့် စကားကို မည်သို့သော စကားလုံးတွေဖြင့် အသက်သာ ဆုံးဖြစ်အောင် ရွေးချယ်ပြောရမည်ဆိုတာ အလောသုံးဆယ် စဉ်းစားနေမိရပြန်သည်။

"မမလေး ပြောတာကို သေချာနားထောင်နော် .. အဲဒီလူကို .. မမလေး သေချာကို တွေ့လိုက်ရတယ် .. ကြာညို့ကို ခေါ်ပြေးတော့ .. နောက်ကို လှည့်မကြည့်နဲ့လို့ မမလေး တားတယ်နော် .."

"အင်း .. အင်း .. ဟုတ်တယ် .. တားတယ် .. ကြာညို့လဲ လှည့်မကြည့်နိုင်တော့ပါဘူး .. ပြေးလိုက်ရတာ .. ခြေထောက်တွေထောင်မှ .. မြေကြီးပေါ် ကြာကြာ မထိလိုက်ရဘူး .. သေနတ်မှန်ရင် သေမှာသိလား .. ကြောက်တာပေါ့ .. လှည့်တော့ လှည့်ကြည့်ချင်တယ် မမလေးရ .. မျက်နှာကို သေနတ်မှန်ရင် .. ဘယ်နယ်လုပ်မလဲ .."

ဟု ဆက်ပြောနေတော့ လှလွန်းအိမ် ကြာညို့ မျက်နှာလေးကို လက်ဖဝါးလေးတွေဖြင့် ဖေးအပ်၍ ခပ်ဖွဖွလေး ဖေးကိုင်ထားကာ ..

"မမလေး မြင်တဲ့လူကို ပြောပြရင် .. ကြာညို .. မင့်ရဘူးနော် .. အဲဒီလူ မဟုတ်ဘူးလို့လဲ မမလေးကို ခံမှုခြင်းရဘူး .. သူ သေချာတယ် .. အဲဒါ .. လုံးဝအသေအချာကြီး မမလေး မြင်ထားရတာ .. မမလေး ပြောတာအမှန်ပဲဆိုတာ ကြာညို ယုံတယ်ဆိုမှ .. မမလေးက ပြောပြမှာ .. မယုံဘူး ဆိုရင် .. မမလေး မပြောပြချင်တော့ဘူး .."

ဟု ရှေ့ဆက်ရမည့် စကားအတွက် .. စကားလေးဆွေ ချောနိုင်သမျှ ချောအောင် .။ ကြာညို့ ရင်ထဲ နှစ်နိုင်သမျှ နှစ်အောင် ပြောနေ၊ပါ၏။ ကြာညို ခေါင်းညိတ်သည်။ လှလွန်းအိမ်

www.burmeseclassic.com

www.burmeseclassic.com

ကို အေးချမ်းနေသော မျက်ဝန်းများဖြင့် ယုံကြည်မှု အပြည့်
ကြည့်လာသည်ပါပဲ ..။

"အင်း .. အင်း .. ယုံတယ် .. မမလေးက ကြာညို့ မမ
ဝဲ .. ဘာလို့ မယုံရမှာလဲ .. မမလေးကို ကြာညို့ အ
ဆုံး .. စိတ်ချ .."

ဟု ပြောနေတော့ လှလွန်းအိမ် လည်ချောင်းထ
ချက်ရှင်းသည်။ မပြောရက်သလို တစ်ချက် တန့်ငိုင်နေမိရပါ
မပြောရက်ပါ ..။ ဩော် .. မကြည့်ရက်ပါ ကြာညို့ရယ် .."

ဘိုးဘိုးရေ .. ဟု အရမ်းကို ချစ်ကြင်အားကိုးရ
တသသ ရင်မှာထား၍ ခေါ်တတ်ရာပါသော ကြာညို့ ရင်ထဲ
မွှမွှကြေကြေမျည် ..။ မပြောရှိကလည်း မဖြစ် ..။

တော်နေ .. ဦးဘုန်းရှိန်သာနှင့် တိုးများတိုးလျှင် ..
ကြာညို့က .. ဘိုးဘိုးရေ .. ဟု ခေါ်ကာ ပြေးမှာသေချာသည်
သေကွင်းသတ်ကွင်းကို ပြေးသည့် သားကောင်နှင့် မခြားရှိရရှာ
ရေမည့်အစ္စရာယ်ကိုလည်း ကြိုရှောင်နိုင်ဖို့ ဆိုတာက ဤစကား
ကို ပြောမှကို ဖြစ်ရမည့်အဖြစ် ..။

"သူဟာ .. ကြာညို့ကို သိပ်ချစ်တယ်လို့ ဟန်ဆောင်ခဲ့
တယ် ကြာညို့ .. ကြာညို့ကလဲ အဲသလိုပဲ .. သူ့ကိုသိပ်
ချစ်တာ .. သူ ချစ်တယ်ဆိုတာကိုလဲ ယုံတယ် .. သူ့တို့
လဲ .. ကြာညို့က သိပ်ချစ်တယ် .. ကြာညို့ကို ချောက
လှန်တွေလဲ ကျွေးတယ် .. ဂရုလဲ စိုက်ပြတယ် .. ကြာညို့
နဲ့အတူ ငါးမျှားတယ် .."

ဟု ပြောတော့ ကြာညို့ မယုံနိုင်သလို မော့ခနဲ
ကြည့်လာသည်။ ကွပ်ပျစ်အောက် မြေပြင်မှာ ကြာညို့ ထိုင်နေ
သည်။ ကွပ်ပျစ်ထက်မှာ ထိုင်နေသော လှလွန်းအိမ်၏ မျက်နှာ
လေးကို မယုံနိုင်သလိုကြီး မော့ငေးကြည့်နေလျက်ရှိရာမှ မျက်ခုံး
တွေ ရွံ့တက်သွားပါ၏။ စိတ်ဇောတွေ ရွပ်ထွေးလာသည်ဟန် ..။
မထူးပြီမို့ လှလွန်းအိမ်လည်း စကားကို ဖွတ်ဆက်ယူရပါပြီ ..။
ဤအခြေရောက်မှတော့ စကားကို တစ်ဖိုင်းတစ်စဖြင့် ချန်ထား
ရပ်ထား၍လည်း မဖြစ်တော့ပြီတည့် ..။

"အဲသလို .. ချောကလက်တွေ ကျွေးတဲ့သူ .. ငါးတူတူ
များတဲ့သူ .. ကြာညို့ကို သိပ်ချစ်တယ်လို့ ကြာညို့ ထင်နေ
တဲ့သူ .. ကြာညို့ကလဲ သိပ်ချစ်တဲ့သူ ဆိုတာ .. ဘယ်သူ
လဲဟင် .. ဖြေစမ်းပါ ကြာညို့ .."

ဟု လှလွန်းအိမ် မေးတော့ ကြာညို့ ခေါင်းကြီးမိုက်
ချထားသည်။ မျက်တောင်ပုတ်ခတ်ခတ်ဖြင့် ဝမ်းနည်းရှိန် ထက်
သလိုကြီး ငြိမ်ကျနေ၏။ ကြာညို့ မေးလာသည့် မေးခွန်းကို ..
ဤသို့နည်းဖြင့် လှလွန်းအိမ် အဖြေပေးဖို့ ကြိုးစားယူနေရခြင်း
ပါ ..။

"ဖြေလေ ကြာညို့ .. မမလေးကို ဖြေကြည့်စမ်းပါ .. သူ
ဘယ်သူလဲဟင် .. မမလေးကို ဖြေစမ်းပါ ကြာညို့ရယ် .."

ဟု အသံတွေ တိုးသဲ့တုန်ခါနေရာင်း မမေးရက်ပေ
မယ့် ဇွတ်မေးလိုက်ရစဉ်ခိုက် ကြာညို့ မျက်ဝန်းနက်နက်တွေ
မော့ခနဲ ကြည့်လာကြသည်။ လည်ချောင်းတနင်နင်ဖြင့် ကြာညို့
ဖြစ်နေရှာ၏။ မယုံကြည်နိုင်စွမ်းခြင်းတည်းဟူသော ဝင်နှင့်မဆန့်

www.burmeseclassic.com

www.burmeseclassic.com

ခံစားနေရမှုက ကြာညို့ မျက်နှာထက်မှာ စွန်းစွန်းထင်းထင်
ဖြေရမည့် အဖြေကို ငြိမ့်ငြင်းဆန်နေချင်သည့်အလားသည် ကြာညို့
မျက်နှာထက်မှာ ထင်နေသည်။ လှလွန်းအိမ် ကြာညို့ ဆံစတွေကို
သပ်ပေးရင်းမှ အံကြိတ်၍ ဖွတ်မေးချလိုက်ရပြန်ပါ၏။

"ဖြေလေ .. အဲဒါ .. ဘယ်သူလဲ .."

"ဘယ်သူလဲ .. ဘယ်သူလဲ .. ဘယ်သူလဲ .."

ကြာညို့ လိုက်ရွတ်နေသည်။ မျက်ဝန်းတွေကို စုံမှိတ်
ချလိုက်ရင်းမှ အသံတွေ တုန်ခါလာရင်း ..

"အိုးဘိုး .. ဘိုးဘိုး .. ကြာညို့ ဘိုးဘိုး .. ကြာညို့ကို ချော
ကလက်တွေကျွေးတဲ့ ဘိုးဘိုး .. ငါးတူတူမျှားတဲ့ ဆိုးဘိုး ..
အဲဒါ .. ဘိုးဘိုး .."

ဟု ဖြေလိုက်တာနှင့် ချက်ချင်းပဲ လှလွန်းအိမ်မှ
အရမ်းကို တည်ငြိမ်စွာဖြစ်အောင် စိတ်ကို စုစည်းရယူလျက်
ဖြင့် ..

"ဟုတ်တယ် .. သူပဲ .. ကြာညို့ ဘိုးဘိုး ကိုယ်တိုင် ..
သေနတ်နဲ့ ပစ်တာ .. မမလေး အသေအချာကြီးကို မြင်
ရတယ် .. သူဟာ .. မမလေးကိုလဲ သေနတ်နဲ့ ပစ်တယ် ..
ကြာညို့ကိုလဲ ပစ်တယ် .. သူ ပစ်တာ အသေအချာပဲ ..
သူ့ကို ကြာညို တွေ့ရင် .. သူ့ဆီကို လုံးဝမသွားရဘူး
ကြားရဲ့လား ကြာညို .. သူ .. သူ .. ကြာညို့ကို သတ်ပစ်
လိုက်လိမ့်မယ် .."

ဟု ဆက်တိုက်ပြောရရင်း ရင်ထဲမှာ ဘယ်လိုမှ
မကောင်းနိုင် .. ။ ကြာညို အရမ်းကို စိတ်ထိမည့်စကားကိုမှ ပြော

မိသလိုကြီး မဟုတ်ပါလားလေ .. ။ မတော်၍ကလည်း မဖြစ်။
ဦးဘဲထားလျှင် ကြာညို့သည် အချိန်မရွေး အသတ်ခံလိုက်
ရနိုင်သည် .. ။ ဦးဘုန်းရှိန်သာနှင့် ဆုံလိုက်တာနှင့် အသတ်ခံလိုက်
ရနိုင်သည်။ သူ့ကို အလွန်တရာမှ ချစ်ယောင်ပြုခဲ့သော သူတစ်
ဆာက်က .. ဘာကြောင့် ခုလို သတ်လိုက်သည် ဆိုတာကိုပင်
တွေးတတ်နိုင်စွာဖြင့် သေဆုံးသွားရမည့် အဖြစ်ဆိုးကြီးကို ကြုံရ
ချေမည်သာ .. ။

"မမလေး မညာဘူး ဆိုတာ ကြာညို ယုံတယ် မဟုတ်
လား .. ဟင် .. မမလေးကို ယုံတယ်ဆို .."

ဟု ကြာညို့ မျက်နှာကိုမော့စေ၍ မေးတော့ ကြာညို့
မော့ကြည့်လာသည်။ နောက်တော့ ခေါင်းညိတ်ပြသည်။ လှလွန်း
အိမ်၏ လက်တွေကို အားနှင့်ပြန်၍ ဆုပ်ကိုင်သည်။

"ယုံတယ် .. မမလေးကို ကြာညို ယုံတယ် .. မမလေး
က သိပ်ကောင်းတဲ့ မမလေးပဲ .. ဘာလို့ ကြာညို မယုံရ
မှာလဲ .."

ဟု ဖြေရှာ၏။ နောက်တော့ မျက်ရည်များ ကျလာ
သည်။

"ဘိုးဘိုး .. ဘိုးဘိုးက .. ဘာလို့ .. ကြာညို့ကို .. သတ်
ချင်ရတာလဲ .. ကြာညိုတို့ ပြေးနေတာတောင်မှ .. လိုက်
ပြီး သေနတ်နဲ့ပစ်တာ .. ပစ်တာ .."

ဟု နားမလည်နိုင်စွာ .. ဝမ်းနည်းရှိန်ဖြင့် မေးရှာ
သည်။ နောက်ငိုင်ကျသွားလျက် ..

"ဘာလို့လဲ .. ဘာလို့လဲ .."

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၈)

တောလမ်းအတိုင်း ကားကို မောင်းရင်း တက်တစ်ချက် ခပ်ပြင်းပြင်း ခေါက်လိုက်သည်က ဦးဘုန်းရှိန်သာပါ။ မျက်ဝန်းများ နီနေလျက် လောဘကောသည် ရင်ကို လောင်မြိုက်လျက်ရှိချေ၏။ စိတ်ထဲ မချင့်မရဲကြီးဖြင့် လက်သီးဆုပ်သည် ကိုယ့်ပေါင်ထက်မှာ တစ်ချက် ခတ်ပြင်းပြင်း ကျမိသည်။

"ငါလက်ကိုက .. ဒီလောက်ညံ့ရသတဲ့လား .. ကောင်မလေးကို ပစ်တော့လဲ ကောင်မလေးက ငါ့ထက် ပိုလျင်နေသေးတယ် .. ဝပ်ချလိုက်တာပဲ .. အိမ်ထဲ ငါ ဝင်သွားတော့လဲ သူတို့က ခြံပြင်တောင် ရောက်နေပြီ .. တောအုပ်ထဲ လိုက်ပစ်တော့လဲ ကောင်မလေးတော့ ထိသွားပုံရတယ် .. ကြာလိုက မထိဘဲ ရှိနေသတဲ့ .. တောက် .. သူတို့နှစ်ယောက်စလုံးကို အသေပစ်လိုက်နိုင်ရင် ကိစ္စက အေးလုံးပြတ်ပြီ .. ကြာညို မရှိတော့တဲ့နောက်မှာ .. ငါသာလျှင် အဲဒီပစ္စည်းချမ်းသာမှန်သမျှကို ပိုင်စိုးရမယ့်သူအဖြစ် ..

ဟု ညည်းနေသည်။ ခေါင်းကို ခါနေသည်။ ခေါင်းကို အဆက်မပြတ် ပွတ်နေသည်။ ထိုင်နေသည့် မြေပြင်ကို အဆက်မပြတ် လက်နှင့်စုံရိုက်လာသည်။ နောက် .. ကြာညို့ခေါင်းသည် လှလွန်းအိမ်၏ ရင်ခွင်မှာ အားအင်မဲ့စွာ ငိုက်ကျလာလျက် ကြာညို့ စတင်၍ ရှိုက်ကြီးငင်ငင် ငိုချလာပါပြီ .. ကြာညို့ လက်တွေ့ လှလွန်းအိမ်၏ လက်မောင်းတွေထက်မှာ အားကိုးတကြီး နှိုင်စွာ အားအင်နှင့် ဆုပ်ကိုင်ထားကြချေ၏။ ကြာညို့ခေါင်းသည် ဘယ်ညာနွဲ့နေသည်။ မိခင် ရင်ခွင်မှာ .. အစ်မကြီး ရင်ခွင်မှာ .. ငိုနေသည့်နှယ် .. ကြာညိုသည် ဝမ်းနည်းတကြီးနိုင်စွာ .. ငိုနေသည်က .. အသံများ အက်ကွဲနေသည်အထိပါ ..။

လှလွန်းအိမ် လိုက်၍ မျက်ရည်ကျနေရရင်း ကြာညို့ဆံစလေးများကို ဖွဖွညင်ညင် ဖေးသပ်ပေးနေမိရပါ၏။ ကြာညို့ ငိုသံများ အက်ကွဲနေသည်က .. မဆန်းတော့ပြီပဲလေ ..။

ရင်တွေ အက်ကွဲကြေပြုန်းရင်း ငိုကြွေးခြင်းကြီးမှာ ပွင့်ကျလာရပါသည့် ငိုသံသည် .. ဤသို့ပင် .. အက်အက်ကွဲကွဲ ရှိနေရချေမည်သာတကား ..။

www.burmeseclassic.com

အဟန့်အတား ... အတားအဆီးမရှိ ဖြစ်သွားရတော့မှာ ငါကိုက ဟောစောကြိုးကတည်းက မှားခဲ့တာ ... ကြည့်နဲ့ အတူ ကြာညိုကိုပါ ကားထဲ ရောပါသွားရမယ်ကိုး ရတနာတွေ ထားတဲ့နေရာ သိချင်တဲ့ဟောကြောင့် ဒီကောင်လေးကို ငါ ရအောင် ခေါ်ထားခဲ့မိတာ မှားတာပဲ ... ရတနာတွေ ဖွက်ထားတဲ့နေရာ မသိတော့ကော ဘာဖြစ်လဲ မရတော့ရော ဘာဖြစ်လဲ ... ဒီကျန်တဲ့ စည်းစိမ်ချမ်းသာကိုက နည်းတာမဟုတ်ဘူး .. ငါ ... မှားတာ .. လောဘ နည်းနည်းပိုသွားတာ မှားတာ ... ဒါကြောင့် ဒီကောင်လေး ကျန်သွားရတော့တာ ..."

ဟု ခေါင်းကို တွင်တွင်ခါယမ်းရင်း နောင်တကြီး ဖြင့် ညည်းချနေမိရသည်က တစ်ယောက်တည်း အရှုံးနဲ့ ပြန်နေရပါသည် ...။

"ခုလဲ ... ကြာညိုနဲ့ လှလွန်းအိမ်ကို သစ်တော်ခြစမ်းချောင်းကနေပြီး ဖမ်းခေါ်သွားကြတာလဲ ငါ့မှာ သက်သေအဖြည့် ရှိနေပြီ ... ငါ လိုက်စုံစမ်းခိုင်းနေတာလဲ သက်သေရှိနေဦး လူပျောက်တဲ့ကိစ္စ ရဲကို သတင်းပို့ မတိုင်တမ်းတာကလဲ သူတို့ကို ငွေလိုချင်လို့ ဖမ်းခေါ်သွားကြတာဆိုရင် ဆက်သွယ်လာကြမှာမို့ စောင့်ခိုင်းနေမိရတာကြောင့်ပါလို့ ငါ လှည့်ပတ်ပြီး ရဲတွေကို ဖြေနိုင်တာပဲ မဟုတ်လား ... ဒီကြားထဲ ငါ ... ဒီကောင့်ကို စုံစမ်းနေမိတာဟာ ... သူ့ကို အပြတ်ရှင်းဖို့ဆိုတာကို ... လုံးဝ အပြင်မပေါက်အောင် ငါ ကိုယ်တိုင် ရှင်းမယ်ဆိုပြီး ကြံထားခဲ့တာ ..."

ဟု တစ်ယောက်တည်း အတွေးများဖြင့် နှစ်နေရင်း ... ကိုကို ယောက်ယက်ခတ်နေသည့် စိတ်ဖြင့် မောင်းနေမိရဆဲ ...။ ဆာအုပ်သစ်ပင်တို့ဘဉ်ည် ရိပ်ရိပ်မျှင်မျှင် ကျန်နေသည်အထိ ကားက အရှိန်မြင့်နေသည့်အဖြစ် ...။

"ငါ သစ်တော်ခြစ်အိမ်ကို သွားမယ်ဆိုတာ သိတြတဲ့အထဲက နန်းကျော့ကို ငါ မသက်သာလို့ ... ငါ့ဘာသာငါ နန်းကျော့နဲ့ ပတ်သက်တာတွေ စုံစမ်းကြည့်တော့ ... လွိုင်တမူရွာသူ ဖြစ်တာရယ် ... သူဟာ နန်းနုရဲ့ တူမဖြစ်တာရယ် ... နန်းနုဟာ အိုက်အောင်ရဲ့ မိန်းမ ဖြစ်နေတာရယ် ... အိုက်အောင်ဆိုတာတာလဲ ... ကြာညိုအထိန်း ခမ်းမွန်ရဲ့ မောင် ဖြစ်နေတာရယ် ဆက်စပ်သိလာရတော့ ... ဒီကိစ္စမှာ ခန်းမွန်ပါလာပြီဆိုတာ ငါ တွေးမိလာရတယ် ... လောလောဆယ် မှာ အိုက်အောင်ရဲ့ ကုန်ဆိုင်မှာလဲ အိုက်အောင် မရှိဘဲ သူ့မိန်းမ နန်းနုပဲ ဈေးရောင်းနေတာ ငါ တွေ့ခဲ့ရတာကလဲ ရှိနေတယ် ... ဒီတော့ ငါ ... ခမ်းမွန်ရဲ့ရွာကို စုံစမ်း ... ခမ်းမွန်ရဲ့ရွာကို လိုက်လာခဲ့တာပဲ ... မသွားခင် ဈေးဘက် အရင်ဝင်ပြီး တစ်ခုခု ထူးမလားလို့ စုံစမ်းနာတော့ ... အခန့်သင့် ခမ်းမွန်နဲ့ လူသုံးယောက် ဈေးဝယ်နေကြတာ တွေ့တာနဲ့ ... ငါ ... ပိုပြီး ဟန့်ကျသွားခဲ့ရတော့တာ ... ရွာကို လိုက်ခဲ့တော့လဲ ... အစောင့်တစ်ကောင်လောက်နဲ့ ကျန်နေတဲ့ အဲဒီနှစ်ယောက်ကို အသေပစ်သတ်ဖို့ ကြိုးစားနိုင်ခဲ့တယ် ... သူတို့နှစ်ယောက်ကိုတော့ ငါ လက်လွတ်လိုက်ရပြီ ... ခု ဘာတွေ ဆက်ဖြစ်လာတော့မလဲ ... တောက် ... အားလုံး ရှုပ်ကုန်ပြီ ... ရှုပ်ကုန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းတွေ ကိုက်ခဲလာနေရင်း ဦးဘုန်းရှိန်ရေ့ခရီးအတွက် အခြေအနေ မလှတော့တာကို ဓနုးဆမိုစိတ်မောကိုယ်မောကြီး ဖြစ်လာပြန်သည်။

ဟုတ်သည်။ သူ ပစ်ခဲ့သည့် အစောင့်ဆိုတာကလည်း ခြေပြင်ဘက်ကို အိမ်ပေါ်မှ ပြန်ဆင်းလာတော့လည်း မတွေ့ရတော့ပြန် ..။ ကြာညိုနှင့် လှလွန်းအိမ်တို့ နှစ်ယောက်ကလည်း ချောင်ထဲ ခုန်ချသွားခဲ့ကြပြီ ..။ သေသည် ရှင်သည် မသိရ ..။ ချောင်ရိုးအတိုင်း လိုက်ဖို့ဆိုတာကလည်း လေ့ပဲဖြစ်ဖြစ် ..။ ပဲ့ချိတ်ထားစီးနှင့်ပဲဖြစ်ဖြစ် လိုက်မှဖြစ်မည့်ကိစ္စ။ သူကိုယ်တိုင် ရွာထဲရောက်လာတာနှင့် လုပ်လျှင် သေနတ်နှင့် ပစ်သည့်ကိစ္စ ..။ ဒီဘူးပေါ်သလိုပေါ်မည်။ ဦးဘုန်းရှိန်သာဆိုသူက ... သေနတ်နှင့် လိုက်ပစ်သူဖြစ်သည် ဆိုသည့်အဖြစ်ကို ပေါ်တင်ကြီး ပို၍ ထင်ရှားသွားစေမည်သာ ..။ ခမ်းမွန်၏ အိမ်က ရွာနှင့်လှမ်းသော ကုန်းလေးမှာ ရှိတာမို့သာ .. လူသူလှမ်းနေ၍သာ .. ချက်ချင်းကြီး ရွာသူရွာသားတွေလည်း လိုက်မလာခဲ့ကြတာ ဖြစ်ရမည်။ တောအုပ်ထဲ အမဲပစ်သူတို့၏ သေနတ်သံဟုလည်း ထင်နေကြသည်လေ။

ကြာရှည်နေ၍ မဖြစ်သည်မို့ ချက်ချင်း နောက်ကြောင်းပြန်လှည့် ..။ ကားကို မောင်းထွက်ခဲ့ရခြင်းပါ ..။ ချောင်ကမ်းပါးယံဖြင့်ဆိုမှ ခြေစုံရပ်၍ ဦးဘုန်းရှိန်သာ ချောင်းဘက်ကို အတန်ကြာကြည့်ခဲ့စဉ်ကလည်း စုန်းစုန်းမြှုပ်သွားကြသည့် လှလွန်းအိမ်နှင့် ကြာညိုတို့အဖြစ်ကိုပဲ မြင်ရသည်ကို .. သေ လောက်ပြီးတော့ တစ်ချက်ထင်သည်။

"မင်းကို သေစေဖို့အထိ အစုတုန်းက ငါမရည်ရွယ်ခဲ့ပါဘူး လှလွန်းအိမ် .. ကြာညိုကို ငါ ဂရုစိုက်တယ်ဆိုတာလောက်ကို .. သက်သေအထောက်အထားတစ်ခု ခိုင်ခိုင်မာမာရစေတယ်လို့ ငါ ဆုံးဖြတ်ပြီး .. ကြာညိုနဲ့ ပတ်သက်လို့ဇာတ်လမ်းတစ်ပုဒ် ရေးခွင့် ငါ ပြုခဲ့တာဟာ .. ဒါပေမဲ့ ငါ မမျှော်လင့်တာတွေက လာဖြစ်ခဲ့တယ်လေ .. မင်းကိုရော ကြာညိုကိုရော ခမ်းမွန်တို့က ဖမ်းခေါ်သွားခဲ့ကြတယ် .. သူ ဘာကြောင့် ခေါ်သွားတယ်ဆိုတာ ငါ အတိအကျ မသိပေမယ့် .. ရတနာတွေကို ငါ မေးနေတုန်းက .. သူလဲ ကြားသွားပုံရခဲ့တာ ငါ မမေ့ပါဘူး .. ငါ့ကို အဲဒီအချိန်တုန်းက ကြည့်တဲ့အကြည့်ကို ငါ ဘယ်မေ့မလဲ၊ စူစမ်းသလိုလဲကြည့်တယ် .. အထင်သေးသလိုလဲ ကြည့်တယ် .. ဘာမှကိုမဖြေခဲ့တော့ဘူးလေ .. ကြာညိုမိဘတွေ .. ကြည်နူးတို့ လင်မယားသေတော့ .. သူ ငါ့ကို ကြည့်တဲ့အကြည့်ကိုလဲ မကြိုက်ဘူး .. ဒါကြောင့် .. သူ့ကို .. ငါ အလုပ်ကထုတ်ပစ်ခဲ့တာပဲ .. ခု .. သူ ဘာလို့ ကြာညိုကို ခေါ်သွားသလဲ .. ရတနာတွေကို သူ လိုချင်လို့ ချော့မော့မေးဖို့လဲဖြစ်နိုင်တယ် .. ငါ့ကို .. ကြည်နူးတို့လင်မယားသေတဲ့နောက်မှာ မသက်တာကြောင့်လဲ ဖြစ်နိုင်တယ် .. ကြာညိုကို ငါ အရူးဖြစ်အောင် တမင်ကြံထားတာကို တွေးဆမိလို့လဲဖြစ်နိုင်တယ် .. ဘာကြောင့်ပဲဖြစ်ဖြစ် .. ငါက ကြာညိုကို ဒီတစ်ကြိမ်မှာတော့ အပြတ်ရှင်းဖို့ ဆုံးဖြတ်လိုက်ပြီးတော့ .. အဲဒီအချိန်မှာ မင်းကလဲ အဲဒီနေရာမှာ ရှိနေပြီဆိုတော့လဲ ..

www.burmeseclassic.com

www.burmeseclassic.com

ဓင်းကို အသေမသတ်လို့မှ မဖြစ်ချေတော့ပဲကိုး... လူသူ
အိမ်ရဲ့ .. ငါ ... ကြာညှိကို သတ်တယ်ဆိုတာ ဘယ်သူ
မသိအောင် လုံးဝလက်စလက်နဲ့ ပျောက်မှဖြစ်မှာကိုး
မင်းကျန်ခဲ့လို့ ဘယ်ဖြစ်မလဲ .. မင်းပါးစပ်က ဘာစကား
ရဲကို သတင်းမပို့ဖို့ဆိုတာက .. မင်းပါ .. ကြာညှိနဲ့အတူ
လောကကြီးထဲက ထွက်သွားတော့မှ ဖြစ်မှာလေ .."

ဟု တစ်ယောက်တည်း ကားမောင်းနေရင်း အတွေး
များဖြင့် နစ်နေရပါသည့်အဖြစ်။ မြေနီလမ်းဆီမှ ဖဲ့၍ တောလမ်း
ကြမ်းတစ်ခုဆီသို့ ဦးဘုန်းရှိန်သာ ကားကို နင်္ကြာမောင်းလိုက်ရပါ၏
မြေနီကားလမ်းအတိုင်း ဆက်မောင်း၍မှ မဖြစ်ချေပြီကိုး။ ခမ်းမွန်
လွိုင်ခမ်းသာမှ ပြန်လာကြလျှင် ခမ်းမွန်တို့၏ကားနှင့် လမ်းမှာ
မြေလမ်းအတိုင်း မောင်းနေပါက တစ်နေရာမဟုတ် တစ်နေရာ
မျက်နှာချင်းဆိုင် တိုးနိုင်သည်။

ဒါကြောင့် ... ဤတောလမ်း လေးအတိုင်း ကားကို
ကွေ့မောင်းလာခဲ့ရခြင်းပါ။ လမ်းက လမ်းဟောင်းပါ။ လမ်းကြမ်း
သည်မို့ .. နောက်ထပ် မြေနီလမ်း တစ်ခုကို ဖြတ်၍ အသစ်
ဖောက်ထားခဲ့ခြင်း ..။ ခု .. ဦးဘုန်းရှိန်သာက ယခင် လမ်း
ဟောင်းဘက်ကို ကွေ့၍ မောင်းလာခဲ့ရသည်မို့ လမ်းက ပိုကြမ်း
လာတယ်။

"ဟိုအစောင့်ကောင် မသေတာက ဆိုးတယ်၊ ကြောင်
ကြောက်နဲ့ တစ်နေရာရာကို ရောက်အောင် အောနဲ့သွားရင်
သေရင်လည်း သေနေလောက်ပြီ .. အကယ်၍ .. မသေ
ရင် သူ ငါ့ကို မှတ်မိနေရင်တော့ ငါ့ကိုတိုင်ချက်ဖွင့်မှာပဲ

ဒီတော့ .. ငါ .. ဘာလုပ်ရမလဲ .. ငါဟာ .. ဒီနေ့တစ်မနက်
လုံး .. တစ်နေ့လယ်လုံး .. လွိုင်ခမ်းသာမှာ ရှိနေတယ်ဆို
တာကို .. သက္ခိသေထူရမယ် .. ငါ သစ်တော့ခြံအိမ်မှာ
ရှိနေတာကို သိတဲ့သူအဖြစ် .. ဆိုက်ပီရယ် .. ထမင်းချက်
ခနဲ့ဥရယ် .. မိချို့ရယ်ကို သက်သေဖြစ် ထူရမယ် .. ငါ ..
လွိုင်ခမ်းသာဈေးဘက်ကို ခဏသွားလိုက်တာလောက်ပဲ
ရှိခဲ့တယ်ဆိုတဲ့ သက်သေအဖြစ် ရှိဖို့ဆိုတာက .. ဈေးထဲက
နေပြီး ဝယ်ခြမ်းလာတဲ့ ပစ္စည်းတွေနဲ့ သက်သေထူလိုက်
ရတော့မှာပေါ့ .. ငါ .. အဲဒါကို အရင်လုပ်မှ ဖြစ်မယ်"

ဟု တွေးကာ တစ်ယောက်တည်း စိတ်တွေ ရှုပ်ထွေး
နောက်ကျိနေသည်။ ဘာပဲဖြစ်ဖြစ် ..။ ခမ်းမွန်တို့ဘက်က မှုခင်း
တွေ ဘာတွေ ဖွင့်လာလျှင် ကိုယ့်ဘက်ကတော့ ရှင်းကိုရှင်း
ရတော့မည့်ကိစ္စက သေချာနေပြီ ..။ ဒါကလည်း .. ခြံပေါက်ဝမှာ
ဆောင့်နေသည့်လူ မသေဘဲကျန်နေမှ ရင်ဆိုင်ရမည့်ကိစ္စ။ ကြာညှိ
နှင့် လှလွန်းအိမ်တို့လည်း ရေနစ်သေချင် သေလောက်ပြီ။ အားလုံး
ကိစ္စတုံးကုန်သည် ဆိုလျှင်တော့ ဘာမျှ စိုရိမ်စရာကို မရှိတော့
ဖြီ ..။ မှင်မမျက် လောလောဆယ်တော့ သစ်တော့ခြံအိမ်မှာ
ပြန်နေဖို့ပဲ လိုသည်။ တစ်ခုပဲ ရှိသည်။ ဈေးထဲကမှ ကြက်သား၊
ငါးနှင့် ဟင်းချက်စရာ အတော်များများကို ဝယ်ချမ်းသွားရမည်။
ဒါမှ .. ဈေးထဲမှာ အချိန်ကြာကြာ ပစ္စည်းတွေ ဝယ်ချမ်းနေသည်
ဆိုတာက ယုတ္တိရှိမည်လေ ..။ တဖြည်းဖြည်းနှင့် စိတ်သည်
အတန်အသင့် ငြိမ်လာ၏။ ဆောက်တည်ရာမဲ့ သိပ်ဖြစ်နေမရ ..။
စိတ်ငြိမ်ငြိမ်ဖြင့် အခြေအနေကို ဆောင့်ကြည့်ရမည်။

www.burmeseclassic.com

www.burmeseclassic.com

"လောလောဆယ်မှာ ဆရာဝန်ကောင်ကလဲ တမျောင့်ပြီး နေတယ် .. သူ့ကိုတော့ကြည်နူးတို့လိုပဲ ကိစ္စပြတ်အောင် နောက်မှ စီမံရမယ် .. လောလောဆယ်တော့ ရွှပ်ထွေးခြင်းမရှိစေနဲ့ .. သူ့ကို ကိစ္စတုံးအောင် လုပ်လို့မဖြစ်သေးဘူး .."

ဟု တွေးနေရင်းမှ ကားသည် လမ်းကွေ့တစ်ခုဆီသို့ ထောင်ကွေ့လမ်းအတိုင်း ချိုးကွေ့ဝင်သည်။ အမြင့်ဆိပ် အနိမ့်ဘက် ဆီသို့ ကွေ့ဆင်းသောလမ်း .. ။ လမ်းဟောင်းသည် ပို၍ အဆင်အတက်များသည်။ လမ်းပိုကြမ်းသည်။ လွှိုင်ခမ်းသာဘက်လာလျှင် အတက်လမ်း .. ။ ခု .. လွှိုင်ခမ်းသာသို့ ပြန်သည့် အဆင်းလမ်းပိုင်းဖြစ်နေသည်။

ကားက အတော်လေး နိမ့်ဆင်းသွားသည့် လမ်းအတိုင်း အရှိန်နှင့် မောင်းနေ၏။ အမြန်ဆုံး ယွှိုင်ခမ်းသာရောက်ဖို့လိုသည်။ ဈေးဝယ်ရဦးမည်။ တနင့်တပိုးနိုင်အောင် ဝယ်ခြမ်းသွားရမည့်ကိစ္စ .. ။ ဦးဘုန်းရှိန်သာ အတွေးများဖြင့် ရှိနေရင်း တစ်ချက်ကျေနပ်စွာ ပြုံးလိုက်မိရပါ၏။ သူ့မှာ အလွန်ကောင်းသော ဦးနှောက်ရှိနေသည်ပဲဟု ကျေနပ်လိုက်မိသေးသည်အဖြစ်။

လမ်းကွေ့တစ်ခုသို့ ရောက်လာတော့ ကားကို တစ်ချက်ဘရိတ်နင်းသည်။ တောင်ဆင်းလမ်းက အတော်ကြီးကြမ်းနေတော့လည်း ဘရိတ်လေးဖြင့် ထိန်းဖို့ဆော့ လိုသည်လေ .. ဦးဘုန်းရှိန်သာ ရင်ထဲ ထိတ်ခနဲ ဖြစ်ရပါပြီ .. ။ ဘရိတ်မမိတော့ .. ဘရိတ်ပေါက်ချေပြီတကား .. ။ ကားဘရိတ် ပေါက်ချေပြီဆိုကာ သိစဉ်ဓိုက် ကားကအရှိန်နှင့် တောင်ဆင်းလမ်းအတိုင်း ရိပ်ရိပ်ပါ သွေ့ .. ။ အလန့်တကြား ကားဘရိတ်ကို အရူးအမူး နင်းနေမေမယ့် ဘရိတ် လုံးဝမမိချေတော့ပြီ .. ။

လမ်းကြမ်းကြီးပေါ်မှာ တစ်ကိုယ်လုံး ဆောင့်ထား သလို ရှိက်ခါနေရင်းဖြင့် ကား၏ အရှိန်နှင့် ဦးတည်ပြေးနေသည့် ချောက်ဘက်ဆီသို့ မျက်စိများ ပြာတေ့လျက် ဦးဘုန်းရှိန်သာ ငါသွားနေရပြီ။

ထိန်းမရတော့ပြီဖြစ်သော ကားတစ်စီးပေါ်မှာ အာယာမျှထိ သွေးပျက်ချောက်ချားစွာ ပါသွားရသည်ဆိုတာကို ဦးဘုန်းရှိန်သာ ဆောက်တည်ရာမဲ့ ခံစားနေရရင်းမှ .. ။ ဈေးစားမီဘနှစ်ပါး၏ မျက်နှာကိုမျှမထောက်စွာ .. သူ လုပ်ကြံရက်စက်ခဲ့ဘသော ညီဖြစ်သူ ကြည်နူးနှင့် ခံယ်မ နန်းရွှေမွန်းတို့၏ မျက်နှာများကို မြင်ယောင်လာရလျက် .. ။

သွေးအလူးလူးဖြင့် အသက်မဲ့ခန္ဓာနှင့် ရောက်လာကြသည့် မြင်ကွင်းကို .. ပြန်၍ .. မြင်လာရသည်က ဦးဘုန်းရှိန်သာ .. ။

ခု .. ခု .. ထိုနေရာမှာ .. ရုပ်အလောင်းအဖြစ် ရှိရချေတော့မည်က .. မိမိကိုယ်တိုင် ဖြစ်နေချေသည်တကား။

"ကြည်နူးရေ .."

ဟု နောင်တမျှင်မျှင်ပါသော တောင်းပန်သံသည် ဦးဘုန်းရှိန်သာ၏ နှုတ်မှ ချောက်ချားစွာ ပေါ်လာသည်။ အာရုံထဲမှာ ကြာညို့ပုံလည်း ပေါ်လာသည်။ လှလွန်းအိမ်၏ ပုံလည်း ပေါ်လာသည်။ နန်းရွှေမွန်း၏ သွေးလူးနေသော မျက်နှာလေးလည်း ပေါ်လာသည်။ လက်နှစ်ဖက်ကို ချောက်ချားစွာ ရမ်းမြှောက်၍ ဦးဘုန်းရှိန်သာ အော်နေ၏။ ကားက မျောက်ထဲ ဝိုက်ဆင်းနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၁)

"အဲဒီ လူသွားလမ်းလေးအတိုင်းသာ မမလေးတို့ သွားကြမယ် .. ရွာတစ်ရွာရွာကိုတော့ တွေ့မှာပဲ ကြာညို .."

လှလွန်းအိမ် အားခဲ့၍ လျှောက်ရင်း ပြောတော့ ကြာညို ခေါင်းညိတ်၏။ **ဖိနပ်မပါသည့် ခြေအစုံက နာကျင်လွန်း** နေလျက် ထောက်၍**ကို မရချင်**။ ကြာညိုက ဘေးမှ ထိန်းပေးရင်း ညှာ၍ လျှောက်ရှာပါ၏။

တောအုပ်ငယ်လေးတစ်ခု စိမ်းအုပ်အုပ်တွားထားသော သည်ဖို့ ဤမြက်ခင်းနှင့် လွင်ပြင်ကျယ် တစ်ခုကို ဖြတ်ကျော် ရချေဦးမည်သာ .။ ဘာပဲဖြစ်ဖြစ် .။ ရွာလေးတစ်ရွာကိုတော့ ထိုတောအုပ်ငယ်လေးအလွန်မှာ တိုးရချေမည်ထင့် ..။

အဖျားရှိန်ကလည်း တရှိန်ရှိန်တက်နေသည်။ ရေလည်း ငတ်နေသည့်အဖြစ် .။ ရေထည့်စရာဆိုး၍လည်း ဘာမျှ မရှိသည်မို့ ခြေလွတ်လက်လွတ် ထွက်ခဲ့ရသည်။ ရေတစ်၍သော်မျှ သောက်စရာရောက မရှိတော့ပြီ .။ ဒယ်အိုးလေးထဲ ရေထည့်သယ်၍ ရနိုင်သည်မှ မဟုတ်ချေပဲလေ။ ခုလို လမ်း

မကြာလိုက် .။ မြေပြင်ဆီမှ ထိုးတက်မော့နေသော ကျောက်ချွန်ကြီးတစ်ခုကို လှမ်းမြင်နေရပြီ ..။ နောက် .. အား အရှိန်ဖြင့် .. ထိုးစိုက်ကျဆင်းထိရိုက်မှုကြီးတစ်ခု။ ကားသည် ကစားစရာအရုပ်တစ်ခုနယ် ရုပ်ဆင်းပျက်စွာ ပျက်စီးသွားခဲ့ လျက် .။ ဦးဘုန်းရှိန်သာသည် သွေးအလူးလူးဖြင့် ဇက်ကိုင်းကျ ငြိမ်သက်သွားချေပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

အနိုင်နိုင်လျှောက်နေရသည့်ကာလ .. ရေဘူးလေးတစ်ဘူးလောင်း ပါချေလျှင်ဖြင့် အဘယ်မျှ ကောင်းချေမည်လဲဟု တောင့်တောင့် တစာ ဖြစ်ရသည်က လှလွန်းအိမ်ပါ။

ပျားနေဆိုင်မှာ ပုန်းညက်မြို့၏ အိပ်ရာထူကြီးကို **လှလွန်းအိမ် လွမ်းမိသည်။ နွေးထွေးနူးညံ့သော** ယုန်မွေးစောင် လှလှလေးကိုလည်း **လွမ်းမိသည်။** ခပ်ပြင်းပြင်း ကော်ဖီကြမ်း ပူပူတစ်ခွက်ကိုလည်း **တမ်းတတောင့်တမိသည်။** ပုန်းညက်မြို့၏ ပြဇာင်းများကို **ဖွင့်ထားလျက် ဥယျာဉ်ဆိပ်** လေနှင့်အတူ လွင့်မျောပါလာတတ်ပါသည့် **အေးမြမြ လေမွှေးစင်စင်**ကိုလည်း ရှုရှိုက်လိုက်ချင်သည်။ **အထူးသဖြင့် .. ဒက်ဒီကို အရမ်းသတိရလွန်း** ဆွတ်မိရသည်ပါပဲ .. ခုလို .. ထော့နင်းနင်းလေးလည်း လျှောက် .. အငတ်ငတ် အပြတ်အပြတ်နှင့် ပျားလည်းပျားနေ သည့် သမီး၏ အဖြစ်ကို ဒက်ဒီ မြင်လျှင် ယုံပင်ယုံရက်နိုင်ချေ မည် မဟုတ် .. မျက်ရည်ကျချေမည်သာ .. သမီးရယ် .. ဟု မျက်ရည်ကျရင်း ခေါ်လျက် ရင်ခွင်ထဲ ဆွဲပိုက်ထားမှာလည်း သေချာသည်။ ဒက်ဒီ ရင်ခွင်ကို လှလွန်းအိမ် လွမ်းလိုက်ပါဘိ။

"နည်းနည်းနားကြရင်ကောင်းမယ် ထင်တယ်နော် .."

ဟု ကြာညို ပြောလာတော့မှ မျက်ရည်ဝဲရင်း အံခဲလျှောက်ကာ အတွေးများဖြင့် နစ်နေရာမှ လှလွန်းအိမ် ကြာညို့ကို မော့ကြည့်ကာ ခေါင်းလေးညိတ်ပြမိရပါ၏။ ပင်စိမ်း ပင်လေးအောက်မှာ လှလွန်းအိမ် ပင်စည်ကို မှေးမှိ၍ ထိုင်သည်။ ကြာညိုလည်း ဘေးမှာ ထိုင်ပါ၏။ နောက်တော့ .. ကြာညို့ အကျီဘေး အိတ်ကပ်ထဲမှ ထွက်လာသည်က ရေစိုအဝတ်စပါ

ဘကား။ မနှမ့်မလျော့နိုင်စွာ ဤရေစိုဝတ်စကို အကျီအိတ်ထဲ သည့်လာရှာသည့် ကြာညို့ကို မျက်ရည်ဝဲလျက် ငေးကြည့်မိရင်း ရင်ထဲမှာ ဆို့လာသည်။ ညြော် .. ကြာညို့ခမျာ .. တတ်သမျှ ခတ်သမျှလေးဖြင့် လုပ်ပေးနိုင်သရွေ့ကို လုပ်ပေးချင်နေတာပဲ သိရှာပါသည့်အဖြစ် .. ။ ခုလည်း ဘေးအိတ်ကပ်ကြီး ရေစိုနေအောင် ဤရေစိုအဝတ်ကို မမေ့မလျော့ ယူထုတ်လာရှာချေသည်တကား။ ရေစိုဝတ်ဖြင့် လှလွန်းအိမ်၏ နဖူးပြင်လေးထက်မှာ ကြာညို ရှတစိုက် ညင်ညင်သာသာလေး အုပ်ပေးလာပါ၏။ ဘာပဲဖြစ် ဖြစ် .. အေးမြသော အထိအတွေ့ကို နဖူးပြင်ထက်ဆိမ့် ခံစား ရချေသည်မို့ အတန်အသင့်မျှတော့ လန်းလာရသည်ပါဖဲ့ .. ။ လူကလည်း အရမ်းကို မောနေသည်မို့ ပင်စည်လေးကို ခေါင်းလေး ပါမှီ၍ မျက်ဝန်းများကို မှေးယှက်ပိတ်ချထားလိုက်ကာ လှလွန်း အိမ် ငြိမ်သက်နေမိရပါ၏။ နဖူးပြင်ထက်မှာ အဝတ်စလေးကတော့ ဖေးအုပ်ထားနေဆဲ .. ။ မျက်ဝန်းများကို ဖွင့်ကြည့်မိတော့ စိတ် မကောင်းစွာ ငုံမိုးငေးစိုက်ကြည့်နေရင်း မျက်ရည် လိုက်ဝဲနေသည့် ကြာညို့ မျက်နှာကို ဆီးမိုးလျက်သားဖြင့် တွေ့ရပါ၏။ အရမ်းကို နူးညံ့သော အရိပ်များဖြင့် ပြည့်သိပ်နေပါသော မျက်ဝန်းများ .. သနားစိတ်ဖြင့် မျက်ရည်ဝဲနေမှန်းလည်း သိသာနေသည်။

"မောနေလားဟင် .. ခေါင်းကိုက်နေလားဟင် .. ကြာညို နှိပ်ပေးမယ်နော် .."

ဟု ပြောရှာတော့ လှလွန်းအိမ် ခေါင်းယမ်းပြသည်။ နှစ်ယောက်စလုံး အဝတ်တွေ ပေလူးလူးတော့ ဖြစ်နေကြသည်ပါပဲ။ ချောင်းဆိမ့် အတက်တွင် အရမ်းမောပန်းစွာ မြက်ခင်းပြင်ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com

လွဲခဲ့ကြတာဆို အဝတ်တွေက ပေညစ်ညစ် ... နှစ်ယောက်လုံး အရမ်းကို ပင်ပန်းနေကြတာမို့လည်း မျက်နှာလေးတွေက ခြောက် နေလျက် ချဲ့ကျနေကြပြီ ...။ မျက်နှာချောင်လေးတွေနှင့် ပြန် နေကြရပါသည့်အဖြစ် ...။ လှလွန်းအိမ် နဖူးပေါ်မှ ရေစိုဝတ်ကို လက်လေးဖြင့် ယူ၍ မျက်နှာအနှံ့ ပွတ်သုတ်လိုက်မိရပါ၏။ ပူခြစ်နေသော မျက်နှာလေးသည်လည်း ရေအေးဓာတ်ကြောင့် အနည်းငယ် လန်းရ .. အေးသွားရပါ၏။ ကြာညို ကမန်းကတန်း လှလွန်းအိမ်၏ လက်ထဲမှ ရေစိုဝတ်ကို ယူသည်။ လှလွန်းအိမ်၏ မျက်နှာလေးကို သူ ကိုယ်တိုင် ဖွဖွကြင်ကြင် သုတ်ပေးနေပါ၏။ လှလွန်းအိမ် သက်သာလာဖို့ ဘာပဲလုပ်ရလုပ်ရ .. လုပ်ပေးချင် နေတာပဲ သိနေမှန်း အရမ်းကို သိသာနေသည်ပါပဲ ..။ လှလွန်း အိမ် ခပ်ယဲ့ယဲ့လေး အားယူပြုံးပြလိုက်ရသည်က ကြာညို ရင်ထဲမှ သောကများကို အတန်အသင့် သက်သာလာစေဖို့ပါ ..။ ကြာညို ဆံစကို သပ်ပေးမိကာ ကြာညို့ လက်တွင်းမှ ရေစိုဝတ်ကို ယူလိုက်မိလျက် ..။ ကြာညို့ မျက်နှာကို ရေစိုဝတ်စဖြင့် ပွတ် သုတ်ပေးမိရပါပြီ ..။ ကြာညိုလည်း ပန်းနေသည်ပဲလေ ..။ လုပ် ပေးတော့လည်း ကလေးလိုပဲ ငြိမ်သက်ခံရှာသည်ပါပဲ ..။

"မမလေး ... ခဏနေနေဦးနော် ... ကြာညို .. ရေသွားရှာ ဦးမယ် ..."

"နေပါစေ ကြာညိုရယ် ... နားနေပါဦး .."

ဟု ပြောပေမယ့်မရ ..။ ခေါင်းလေးတခါခါဖြင့် ထရှုပ်သည်။ ရှမ်းဘောင်းဘီထဲ သွင်းထားပါသည့် အင်္ကျီအနားစ ကို အပြင်ထုတ်လိုက်ကာ ကျောဘက်ဆီမှ ကြာညို ထုတ်လိုက်

သည်က .. ဒယ်အိုးငယ်လေးပါတကား ..။ လှလွန်းအိမ် လွတ်ခနဲ လှိုက်လှိုက်ပါအောင် စိတ်လွတ်ကိုယ်လွတ်လေး ရယ်ချလိုက်မိ ရပါပြီတည်း။ ထိုသို့ ရယ်တော့လည်း ကြာညို ရုက်သွားပုံရသည်။ ရွက်အမ်းအမ်းပုံလေးဖြင့် ခေါင်းကို လက်ဖြင့် တစ်ချက်ပွတ်ကာ ရောၚ် လိုက်ရယ်သည်။ ထိုသို့ကျတော့လည်း ကြာညိုသည် ပို၍ ချစ်ဖို့ကောင်းလာပါသည့်အဖြစ် ..။ ကြည့် .. အင်္ကျီ နောက်ကျော ဘက်မှာ ဒယ်အိုးငယ်လေးကို .. လွှဲသွင်း၍ထည့်။ နောက် .. အင်္ကျီအနားစကို ရှမ်းဘောင်းဘီထဲ ပြန်ထည့် ..။ ဤသို့ဖြင့် .. ဒယ်အိုးငယ်လေးသည် ကြာညိုအင်္ကျီနှင့် ကျောပြင်အကြား အတွင်း ဘက်ဆီမှ အသားတကျ ပါလာရချေသည်လေ။ ကိုင်စရာ တွယ် စရာ မလို ..။ ကျောပြင်မှ အကိုင်အတွယ်လွတ် လေးပါလာသည့် ဒယ်အိုးလေးပါ ..။

"ဒယ်အိုးကိုလဲမမေ့ဘဲ သယ်လာသေးတာကိုး ကြာညိုရယ်"

ဟု ချစ်ခင်စိတ်လေးဖြင့် ခပ်ညည်းညည်းလေး လှလွန်းအိမ် ပြောမိရ ..။ ရယ်လည်း ထပ်၍ ရယ်လိုက်မိရပါပြီ။

"မမလေး ရေဆာရင် .. ဘယ့်နယ်လုပ်မလဲ .. ကဲ .."

ဟု စောကပ်လျက် ကြာညို ပြောတော့ ငေးလျက်သာ ကြည့်မိရသည်ပါပဲ ..။

"ကြာညိုကရော .. မဆာဘူးလား .. ဆာမှာပဲ .. မမလေး အတွက်ပဲ ဆွေးနေရသလား ကြာညိုရယ် .."

"ကြာညိုက နေ့ခင်းနေတဲ့ဥစ္စာ .. ဘုရားတော်လဲ ဘယ်ခွင့်ပြု ပါဘူး .. မမလေး ရေငတ်ရုံး ဘယ့်နယ်လုပ်မလဲ .. ကြာညို သိပ်သနားတာပဲ .. အနာကလဲ ရှိသေးတယ် ..

www.burmeseclassic.com

www.burmeseclassic.com

နာနေမှာ .. ကြာညို .. မမလေးကို သိပ်သနားတာပဲ .. အိမ်ရောက်ရင် .. မမလေးကို .. အိပ်ရာကောင်းကောင်း လေးမှာ အိပ်ခိုင်းမှာ သိလား .. ဆေးလဲ တိုက်မယ် .. ကြာညို ကိုယ်တိုင် တိုက်မှာ .. အစားလဲ ကောင်းကောင်း ကျွေးမယ် သိလား .. ဘဲကင် .. ဘဲကင်နဲ့ ကျွေးမှာ .. ကြာညိုလဲ ဘဲကင် ကြိုက်တယ် .."

ဟု ကျွေးချင်နေတာပဲ သိလျက် စိတ်ပါလက်ပါကြီး ပြောလေသမျှ ဤသံယောဇဉ်ကြီးသည် .. ခိုင်မြဲလွန်းလာချေသည်ကော .. ဟု လှလွန်းအိမ် တွေးနေမိရပါသည်အဖြစ် .. ။ ကြာညို ဒယ်အိုးလေး ကိုင်၍ တောအုပ်လေးဘက်ဆီသို့ သွားမည်ပြုတော့ လှလွန်းအိမ် လှမ်းတားရသည်။ ဤလွင်ပြင်ကျယ်ကြီးက ရှင်နေသည်။ စမ်းပေါက် စမ်းရေ ဘာမျှ မရှိ .. ။ တောအုပ်လေးထဲ သွားကာ ရေရှာ .. ။ တစ်ခါပြန်လာနှင့် .. ကြာညိုလည်း မောချေမည်သာ .. ။

"မမလေးတို့ ထူတူသွားကြမယ်လေ .. ဟိုမှာ ရေတွေ့တော့ .. တူတူသောက်ကြတာပေါ့ .. လာ .. လာ .. ကြာညို .. မမလေးကိုတွဲ .."

ဟု ပင်စည်ကို လက်ဖြင့် အားယူဖေးကိုင်ရင်း ရပ်ဖို့ ကြိုးစားလျက် လှလွန်းအိမ် ပြောတော့ ကြာညို ပြန်လည် လျှောက်လာသည်။ ဒယ်အိုးကို စောစောကနယ်ပင် ပြန်၍ ကျောမှာသွင်း။ ရှမ်းဘောင်းဘီခါးစည်းထဲ အကျီစကို ပြန်သွင်းနှင့် လက်နောက်ပြန်ထားရင်း လုပ်လည်းလုပ်လာ .. ။ လျှောက်လည်း လျှောက်လာရင်းမှ ..

"မမလေးကလဲ .. သိပ်ခက်တာပဲ .. ကြာညို သွားရှာလာပြီး ယူလာလဲ ရတာပဲဥစ္စာ .."

ဟု မြည်တွန်တောက်တီးလုပ်နေသော်သည်။ နောက် ဆုံးတော့လည်း လှလွန်းအိမ်ကို ပြန်၍ တွဲခေါ်လာသည်ပါဗိ .. ။

ခြေထောက်လေး အနိုင်နိုင် ထောန်ချောက် ကြိုးစား လျှောက်နေရင်း ခေါင်းတွေ မူးနေသည်မို့ လှလွန်းအိမ် ခဏနားမိ ရပြန်သည်။

လျှောက်နေရင်းတန်းလန်းမှာ လှလွန်းအိမ် ရပ်လိုက် သည်မို့ ကြာညိုလည်း လိုက်ရပ်ကာ စောင့်ပေးရပါ၏ ။ နောက် တော့လည်း ဘာမပြော ညာမပြောနှင့် ကြာညိုသည် လှလွန်းအိမ် ကို အတန်ကြာ သနားစိတ်ကြီးဖြင့် ကြည့်နေရာမှ ဖြုန်းစားကြီး လှလွန်းအိမ်၏ ကိုယ်လေးကို မြှောက်ခနဲပါအောင် ပွေ့ချီယူ လိုက်ကာ တောအုပ်လေးဆီသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်သွား ပါချေသတည်း ။

"မမလေး ခြေထောက်တွေမှ မသွားနိုင်တော့တာ .. ကြာညို သနားတယ် .. ဟိုမှာ .. သစ်ပင်အောက်မှာ ပြန် နား .. ကြာညို ရေသွားရှာမယ် သိလား .."

နှင့် မြှောကာ တောအုပ်ဘက်ဆီသို့ လျှောက်သည်။ ပွေ့ချီခေါ်ချလာတာကိုလည်း တားရှာ၍လည်း ရမှာမဟုတ် .. ။ လှလွန်း အိမ်ကို သနားနေတာတစ်ခုပဲ သိနေသည့် ကြာညိုကလည်း လှလွန်းအိမ်ကို နာနေသည့်ကြားမှ ကြိုးစားလျှောက်နေတာကို ကြည့်ရက်နေတော့မှာလည်း မဟုတ် .. ။ လမ်းလျှောက်မှာကို လက်ခံမှာလည်း မဟုတ် .. ။ နောက်ဆုံးတော့ ကြာညို ပွေ့ချီ

www.burmeseclassic.com

ခေါ်ဆောင်ရာနောက်သို့ ကလေးလေးနယ်ပင် လှလွန်းအိမ် ပါသွား ရသည်ပါပဲ ..။ ခုလိုကျတော့လည်း ကြာညိုသည် .. ကလေးထား ယောက်နယ် လှလွန်းအိမ်ကိုချည်း အားကိုးနေရှာသည့် ကြား မဟုတ်တော့ပြန် ..။ လှလွန်းအိမ်ကို ကာကွယ်စောင့်ရှောက် သည့် ကြာညို ဖြစ်နေပြန်သည် ..။ သူကပဲ ဦးဆောင်ဆုံးဖြတ် ရာနောက်ဆီသို့ လှလွန်းအိမ် လိုက်လာနေရသည့်အဖြစ် ..။

"မမလေးကို .. ရေလဲတိုက်မယ် .. ပိန်းဥလဲ လိုက်ရှာပြီး မီးဖုတ်ကျွေးမယ် .."

နှင့် မနေ့ကစားထားတာကိုပဲ ပြန်၍ တောထဲမှာ စားဖို့အတွက်လည်း အောနှင့်တတွတ်တွတ် ပြောနေသည်။ ကြာညို ခေါင်းထဲမှာ လောလောဆယ် လှလွန်းအိမ်ပဲ ရှိနေသည်။ လှလွန်း အိမ် တစ်ယောက်တည်းပဲ ရှိနေသည်။ လှလွန်းအိမ်ကို ကျွေးမွေးပြီး ရေတိုက်ဖို့ပဲ စောကပ်နေသည်။ ခြေလှမ်းနေပုံကိုက .. မြန်နေသည် အဖြစ် ..။ အားအင်ပါနေသည်။ မောရမှန်းပင် သိပုံမရ ..။

တောအုပ်လေးနှင့် တဖြည်းဖြည်း နီးလာချိန်မှာ လှလွန်းအိမ် မြင်လိုက်ရသည်က လူတစ်စု ..။ ဟုတ်သည် .. လူတစ်စု ..။ လူခြောက်ယောက် ခုနစ်ယောက်လောက် ရှိမည်ထင် .. အမြင်က သိမ်မကြည်လင်ချေ။ အဖျားရှိန်ကြောင့်ရော .. ဒဏ်ရာ ကြောင့်ရော .. ဒဏ်ရာအရှိန်ကို ကျိတ်ခံလွန်းနေရ၍ရော .. ဝေဒနာပြင်းလျက် .. အမြင်သည် ဝေဝါးဝါး ဖြစ်ချင်သည်။

"ကြာညို .. သေချာကြည့်စမ်း .. အဲဒီအထဲမှာ .. ကြာညို ဘိုးဘိုးပါလား .. ဦးတော့ .. သူတပည့်တွေ ဘာတွေများ ပါလား .."

ဟု အမောတကောလေး စိတ်လှုပ်ရှားစွာ မေးရပါ၏။ မေးသာမေးရသည်။ ကြာညိုလည်း ဦးဘုန်းရှိန်သာကလွဲ၍ တခြား လူကိုတော့ သိလည်း သိနိုင်မည်မဟုတ်။ ဦးအုပ်စိုးနှင့် ဒေါက်တာ အောင်မင်းလောက်ကိုပဲ သိချေမည်သာ ..။ လှလွန်းအိမ်၏ ရင် သည် တိတ်ထိတ်ပါနေ၏။ ဦးဘုန်းရှိန်သာတို့ မဖြစ်ပါစေနှင့်ဟု ဆုတောင်းနေမိရသည်။

ကိုယ်က တောလမ်းအတိုင်း လာနေရသည့် သူတွေ။ ဦးဘုန်းရှိန်သာဆိုတာက ချောင်းဖြတ်တံတားအတိုင်း ကားနှင့် ဆွဲပတ်၍ အရင်ရောက်လာနိုင်သည်။ လူသူစုခေါ်ပြီး ရွာလေး တစ်ရွာဆီသို့ ဣန္ဒြေရီလမ်းကြောင်းကိုကြည့်၍ အရင်ရောက်နှင့် နေနိုင်သည်လေ ..။ ဦးဘုန်းရှိန်သာတို့သာ ဖြစ်နေချေလျှင် ဤမျှ အနိုင်နိုင် အားအင်ကုန်ခန်းလာနေကြသည့် လူနှစ်ယောက်သည် အဘယ်မျှထိ နောက်ကြောင်းပြန်လှည့်၍ ပြေးနိုင်စွမ်းပါတော့ မည်တဲ့လဲ ..။ ကြာညိုက .. မောဆောင်ရာ နောက်ဆီသို့ စိတ်က လိုက်ရင်း လှလွန်းအိမ်ကို ပွေ့ချီခေါ်နေခဲ့တာ မှန်ပေမယ့် မောမှန်း ပန်းမှန်း မသိအောင် ဖြစ်နေပေမယ့် ..။ ကြာရှည်ပွေ့ ချီပြေးဖို့ ဆိုတာကျတော့လည်း ဖြစ်နိုင်စွမ်းတော့မည် မဟုတ် ..။

"ဘိုးဘိုး မပါဘူး မမလေး .. ဘယ်က လူတွေလဲ မသိဘူး .."

ဟု ကြာညို သေချာကြည့်ကာ ဖြေသည်။ လှလွန်း အိမ် ရင်ထဲမှာ အေးကျသွားရလျက် ..

"မမလေးကို ခဏလောက် ချပေး ကြာညို .. သူတို့ ရောက်အလာကို .. မမလေးတို့ ဒီကပဲ နားရင်း စောင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ကြရအောင် .. သူတို့ ရောက်လာမှ .. မမလေးတို့ အာ
အညီတောင်းရမယ်လေ .."

ဟု ပြောတော့ ကြာညို ခေါင်းညိတ်သည်။ ဘေးဆီ
လှည့်ကြည့်ကာ ဝါရဲအုပ်လေးဆီမှာ လှလွန်းအိမ်ကို နားခ
လျောက်လာလျက် ..။ အညင်အသာချပေးသည်။ နောက်တော
ကြာညို ထိုလူစုရှိရာဘက်ဆီသို့ လက်ကိုလည်း မြှောက်ပြ ..

"မမလေး ဖျားနေလို့ .."

ဟုလည်း ရင်ထဲမှာ စွဲနေပူနေသမျှ ထိုစကားကို
တောက်လျောက်ပြောကာ ပြေးလည်းပြေးသွားရှာပါ၏။ လှလွန်
အိမ် တား၍လည်း မမီတော့ ..။ တားလည်း ရမှာမဟုတ်
မျက်ဝန်းကို စုံမှိတ်ချကာ ကိုယ်လေးကို ငိုက်ချလိုက်ရင်း ဒူးတ
မျက်နှာလေးမှောက်၍ ဒူးကိုလက်လေးနှင့် ပိုက်ထားရင်း လှလွန်
အိမ် ငြိမ်နေမိရပါပြီ ..။ နားစည်တွင်းဆီသို့ ဝါးရဲလေးဆီ
လေတိုးသံ ..။ ရွက်ချင်းခတ်သံ တရှဲရှဲကို ကြားနေရသည်။
ဝါးရွက်ဝါးပင်တို့၏ ဝါးရုန့်ကို ရှုံ့ရှိုက်နေမိရသည်။ အေးမြသော
လေ၏ တိုးဝှေ့တိုက်ခတ်နေမှုကို ငြိမ်သက်ခံစားနေမိရသည်။
ရင်ထဲမှာ အမောသည် ပို၍ မောလာနေသည်သို့ ရှိနေ၏။

ဝါးရုံရိပ်၏ ရုန့် ..။ ဝါးရုံရိပ်၏ လေအေး မြမြတို့
သည်ပင် လှလွန်းအိမ်၏ ရင်ကို အပန်းမပြေနိုင်စွမ်းတော့ပြီ ..
လောလောဆယ်မှာ လှလွန်းအိမ် အိပ်ချလိုက်ချင်သည်။ အိပ်ရာ
လေးတစ်ခုခုထက်မှာ တစ်ကိုယ်လုံး ပစ်လှဲချလိုက်ကာ အအိပ်
ကြီးအိပ်ချပစ်လိုက်ချင်သည်။ မျက်ဝန်းများလည်း လေးလံလာ
နေသည်။ နှုတ်ခမ်းကလည်း ရေငတ်ရှိန်ဖြင့် ခြောက်ခန်းခြောက်

သွေ့နေ၏။ လျှာလေးဖြင့် သိမ်း၍ နှုတ်ခမ်းကို စိုနေစေပေမယ့်
နှုတ်ခမ်းလေးစိုလာအောင် လျှာသည်ပင် မစွမ်းသာ ..။ လျှာတစ်ခု
းလည်း ခြောက်သွေ့နေသည်သို့ ရှိ၏။ ခြေသံတွေကို ကြားနေရ
ဦ ..။ တုန်ဖြည်းဖြည်း နီးလာနေသည့် ခြေသံများ ..။

"မမလေး ရေလဲ သိပ်တော်နေတယ် ဦးကြီး .. ဖျားလဲ
ဖျားနေတယ် .. ဆာလဲ ဆာနေတယ် .. ပခုံးမှာလဲ နာနေ
တယ် .. သိပ်သနားစရာကောင်းတာပဲ သိလား .. လမ်း
လဲ မလျှောက်နိုင်အောင်ဘူး .. ခြေထောက်တွေက နာနေ
တယ် ဦးကြီး .. ကြာညိုတို့ကို .. ဘိုးဘိုးက သေနတ်နဲ့
လိုက်ပစ်တာ .. ကြာညိုတို့ ပြေးလာကြတာ .."

နှင့် တောက်လျှောက် မနားတမ်းပြောနေသည့်
ကြာညိုအသံ ..။ စကားဆုံးသွားလည်း အစက ဖြန်၍ နောက်တစ်
ကျော့ ထပ်ပြောသည်။ ကြည့်ရတာ ..။ ထိုဦးကြီးတွေနှင့် ဆုံမိ
ဘိုးမိတာနှင့် ဒါကိုပဲ တောတ်လျှောက် ပြောပြောလာပုံရပါ၏။
လှလွန်းအိမ်၏ ဘေးမှာ ကြာညို ထိုင်ချသည်။
ကြာညို၏ ခြေထောက်ဖွေးဖွေးကို တိုတက်နေသော ရှမ်းဘောင်း
ဘီ၏ အနားအောက်မှာ တွေ့နေရပါ၏။ ခေါင်းကို လှလွန်းအိမ်
ခမောချင် ..။ ဒါပေမဲ့ မမော၍ဖြစ်မှာမဟုတ်။ မော့ကြည့်၍
ဦးကြီးတို့ကို အကဲအညီ တောင်းရချဦးမည် ..။

ကြာညိုကလည်း လှလွန်းအိမ်၏ မျက်နှာလေးကို
ဆွဲမော့လာသည်။ ငိုက်နေသော ကိုယ်လေးကိုလည်း ထွေးပိုက်
လာသည်။ ကြာညိုထဲမှာ .. လှလွန်းအိမ်ကို အစာကျွေးချင်နေ
သည်ဟော ..။ ရေတိုက်ချင်နေသည်ဟောဝဲ ရှိနေသည်မို့ ..။

www.burmeseclassic.com

www.burmeseclassic.com

"မမလေးကို ရေတိုက်မယ်နော် .. ရေတိုက်မယ်နော်"

နှင့် ရပ်နေသည့် လူစုကို မော့ကြည့်ပြောနေစဉ်ဒီဇင်လူကြီးတစ်ဦးမှ ရေဘူးကို ကမ်းပေးလာပါ၏။ ရေဘူးကို ကြည့်ဝမ်းသာအားရယူသည်။ အဖုံးကို ဖွင့်၍ လှလွန်းအိမ်၏ နှုတ်ခမ်းမှာ ဖေးကပ်ပေးကာ ..

"သောက်လိုက် .. ကုန်အောင် သောက်လိုက် .. ဟိုမှာ ရေဘူးတွေ ကျန်နေသေးတယ် .. မမလေး သောက်လိုက်"

ဟု ရေတွေ ဝမ်းထဲ အေးနေအောင် ရောက်ဖို့ခဲသလျက် စိတ်ထဲရှိသည့်အတိုင်း ပြောနေရှာသည်ပါပဲ .။ လှလွန်းအိမ် ရေကို အငမ်းမရ တကယ်လည်း သောက်နေမိသည်ပါပဲ .။ ကြာညိုကလည်း လှလွန်းအိမ်ကို ပွေ့ထားလျက် ရေဘူးကို အလိုက်သင့် နှုတ်ခမ်းမှာ တေ့အပ်ထားမြဲဖြင့် ...

"သောက်လိုက် .. သောက်လိုက် .."

နှင့် ပြောနေပါ၏။ လက်လေးကာ၍ ..

"မမလေး ဝပြီ .."

ဟု ရေဘူးလေးကိုလည်း ဘေး ဒို့ အသာလေး တွန်းဖယ်ကာ လှလွန်းအိမ် ပြောတော့မှ ဇေယ ကျန်ကို ကြာညို ကြည့်၍ လူစုကို မော့ကြည့်ပြန်ကာ ..

"ကြာညို သောက်လိုက်တော့မယေနော် ..."

ဟု ခွင့်တောင်းပြီးတာနှင့် တကျိုက်ကျိုက် မော့သောက်ပစ်လိုက်ပါ၏။ အရမ်းကို ရေဆာနေသည့်ကြားမှ လှလွန်းအိမ်ကိုင် အရင်သောက်စေသည့် ကြာညိုကို ငေးကြည့်ရင်း လှလွန်းအိမ် ရင်ထဲမှာ ထိခိုက်ရပြန်ပါ၏။ ဤမြို့ သိတတ်နေတော့

သည်း ကြာညိုကို အကြင်နာသာမက .. အသနားပါပိုလာရချေသည်ကောလေ ..။

"သောက် .. သောက် .. ဝအောင်သောက် လူလေး .. ဘာတို့မှာ .. ရေဘူးတွေ ပါလာတယ် .. ထမင်းလဲ ပါလာတယ် .. ခဏနားပြီးရင် .. ထမင်းပါစားကြ .. ဟုတ်လား .. ဝအောင်စားကြ .. မိန်းကလေးက ဗျားနေ စာကို .. အေး .. စိတ်အေးအေးထား .. ဘာမှ မပူနဲ့ .. ဘာတို့ .. ဟိုဘက်က တောအုပ်မှာ ယုန်တို့ .. ငှက်တို့ .. တောကြက်တို့ .. ဖမ်းဖို့ ထွက်လာကြတာ .. ခု .. မိန်းကလေးတို့နဲ့ တိုးရတော့လဲ .. ရွာကို ပြန်လှည့်ကြတာပေါ့ .. တစ်ခုခု ဘေးတွေ့လာကြတယ်ဆိုတာ ဘာတို့နားလည်လာကြပြီ .. စိတ်မပူနဲ့ .. မကြောက်နဲ့ .. ဘာတို့ရှိတယ် .. ရွာမှာ လုံလုံခြုံခြုံ ပြန်နေကြမယ် .. ဟိုမှာ ဆေးကုမယ် .. မြို့ကို သတင်းပို့စရာရှိလဲ ပို့မယ် .. လောလောဆယ် .. ဘာမှမစိုးရိမ်ကြနဲ့ .. ဟုတ်ပလား .. အင်း .. အတော်ကြီး ဒုက္ခတွေ့ခဲ့ကြပုံရတယ် .. ပင်ပန်းနေကြရာပေသကိုး .. မိန်းကလေးလဲ မကြောက်နဲ့ ကြားလား .. ဘာတို့ ရှိနေပြီမို့ .. ဘယ်သူကမှ .. မိန်းကလေးတို့ကို ဆူးခြစ်ရာတစ်ခုလောက် ထင်အောင် ရန်မမှုနိုင်စေရဘူး .. စိတ်ချ .."

ဟု အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်းကြီး နှင့် ခေါင်းမှာ တဘက် ပေါင်းထားသော ဦးကြီးမှ ပြောနေပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဘဘရယ် .. ကျေးဇူးကြီးလှပါတယ် .. လှလွန်းအိမ် .. ကန်တော့ပါတယ် ဘဘတို့ရယ် .."

ဟု လက်အုပ်ချီ၍ လှလွန်းအိမ် ပြောစဉ်ခိုက် ကြည်ကိုကတော့ ရေလောက်နေဆဲ ..။

"ထမင်းလဲ ကျွေးမယ်တဲ့ မမလေး ကြားတယ်နော် .. စား ရအောင် မမလေးရာ .. မမလေးလဲ ဆာနေတာပဲဥစ္စာ .. တစ်ခုခု စားလိုက်ကြမယ်လေ .. အခု .. ဦးကြီး .. မမလေးက သိပ်ဆာနေတာဗျ .."

နှင့် ရောဂါးကို ချပြီးတာနှင့် ဝမ်းသာအားရ ပြော နေသည့် ကြည်ကိုကို လှလွန်းအိမ် မော့ကြည့်မိသည်။ မျက်နှာက ဝေဝါးနေ၏။ ရှမ်သည် တစ်ခုတည်းမဟုတ် ..။ အထပ်ထပ်နှင့် ဖြစ်နေသည်။ ဦးကြီးတို့ကို မော့ကြည့်တော့လည်း ရပ်နေသည့် လူတွေသည် ငြိမ်မနေ ..။ ပတ်ချာလည်နေသည် ..။

လှလွန်းအိမ် ဤတစ်ကြိမ်မှာတော့ စိတ်ကို လျှော့ ချလိုက်ပါပြီ ..။ စိတ်ကို တင်းထားရန်လည်း မလိုတော့ပြီ ..။ အန္တရာယ်ဟူ၍လည်း ရှိမလာနိုင်တော့ပြီမို့ စိတ်ကို ခွက္ကဗ္ဗ လျှော့ချထားမိလိုက်ရပါ၏။ မလျှော့၍လည်း မရတော့ ..။ ရင်သည် ဝန်းဟိုက်နေပြီ ..။ မျက်ဝန်းများလည်း ပြာဆေ .. ဝေဝါးလာနေပြီ ..။ တစ်ကိုယ်လုံးလည်း ကိုက်ခဲနေလျက် ပူလောင်နေသည့် ခံစားမှုက ပို၍ တိုးလာနေသည်။ ဒဏ်ရာနေရာကလည်း နာကျင်ကိုက်ခဲ လွန်းနေသည့်အဖြစ် .။ ထိုအရာများကို .. လှလွန်းအိမ် အံခဲ့၍ အံမတု နိုင်စွမ်းတော့ပြီတည့် ..။ အသက်ကို အားစိုက်၍ လှလွန်း

အိမ် ရှုမိနေရဆဲမှာ ခေါင်းသည် ငိုက်ခနဲစိုက်၍ ကြည်ကို ရင်ခွင်မှာ ထိ၏။

"မမလေး .. ဟာ .. မမလေး .. မော့ကြည့်ပါဦး .. မော့ကြည့်ပါဦး .. အို .. အို .. မမလေး သေပြီလား .. ဟင့်အင်း .. မသေပါနဲ့ .. မသေပါနဲ့ .. ဘဘ .. လုပ်ပါဦး .. မမလေးကို ကယ်ကြပါဦး .. မမလေး သေပြီထင်တယ်၊ သေပြီထင်တယ် .."

နှင့် အလန့်တကြားကြီး ပွေ့ပိုက်ထားကာ ခေါင်း လေးကို အတင်းမော့နေစေအောင် လက်ဖြင့် ဖေးတင်နေရင်း အရူးအမူး အော်နေသည့် ကြာကို အသံသည် ပထမတော့ ကျယ် လောင်စွာပဲ နားစည်တွင်းဆီသို့ တိုးဝင်၏။

တဖြည်းဖြည်း ထိုအသံသည် တိုးလာသည် .။ ငိုသံကိုတော့ လှလွန်းအိမ် ကြားနေရသည်။

မငိုပါနဲ့ ကြာကိုရယ် ..။

မမလေး .. လုံးဝ မတတ်နိုင်တော့လို့ပါ ..။

မမလေး .. ဘယ်လိုမှ .. တင်းမထားနိုင်တော့လို့ ပါ ..။

မမလေး .. ဘယ်လိုမှ .. တင်းမထားနိုင်တော့လို့ ပါ။

မမလေး အိပ်လိုက်ပါရစေတော့ ..။ နားပါရစေ ဆာ့ ..။

နားလိုက်ပါရစေတော့ ...။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၂)

ပေါင်းမိုးတပ် မြင်းလှည်းသည် ကျောက်ခင်းလမ်းထက်မှာ လူးလူးလိမ့်လိမ့်ဖြင့် ပြေးနေ၏။

"ဟဲ့ .. ပြေးစမ်း ဖေသားကြီး ..."

ကွမ်းဝါးနေရင်းဖြင့် မြင်းငေါက်သံ ပေါ်လာတော့ ကျောက်လုံးများပေါ် မြင်းလှည်းဘီး ဖြတ်နင်းနေသည်မို့ တဂျိန်းဂျိန်း အသံခြည်လျက် လှည်းလေးတစ်ခုလုံး ခါနေသည်မို့ တစ်ကိုယ်လုံး လှုပ်ခါနေရင်း ပါလာရသော လှလွန်းအိမ်မှာ မူးနောက်နောက် ဖြစ်နေသည့်ကြားမှ လွတ်ခနဲ ပြုံးမိသွားရပါ၏။

အမယ် .. မြင်းငေါက်သံက မြန်မာဟန်ပါလှပါဘိ။ ပြေးစမ်း ဖေသားကြီးတဲ့လားလေ .. ဘာဘဉီးစိုင်းလုံမှာ မြင်းလှည်းဖြင့် လွှဲငှဲခမ်းသာတို့ လှလွန်းအိမ်တို့ကို လိုက်ပို့နေခြင်းပါ .. မိုင်းခမ်းရွာလေးမှာ လှလွန်းအိမ်တို့ကို ဘာဘဉီးစိုင်းလုံက သူ့အိမ်မှာ နားစေသည်။ ဂျားနေသည့် လှလွန်းအိမ်ကို ခေါ်ပြုတ်တိုက်ကာ ရှမ်းဆေးခါးကြီးတစ်ခွက် တိုက်ပါ၏။ ချွေးတွေထွက်လာကာ အတန်မျှ လှလွန်းအိမ် နေရထိုင်ရ သက်သာသွား

မျက်ဝန်းများ အရမ်းကို မှေးပိတ်ကျနေလျက် ချွေးခွံများကို ဖွင့်မရနိုင်အောင်ပြီဆိုတာ သိနေရင်းဖြင့် .. ကြားနေသည့် အသံများ လုံးဝ တိတ်ဆိတ်ငြိမ်ကျသွားသည်ဟု ထင်ခဲ့ရပါ၏။

ဆိတ်ငြိမ်ခြင်း ..

ဝါးရွက်တို့၏ လေတိုးသံကိုမျှပင် မကြားရချော့ပြီတည် ...

www.burmeseclassic.com

ခဲ့ရသည်မှာလည်း အမှန်ပါ ..။ ကြာညို့ကိုလည်း ထမင်းကျွေး သည်။ ဝဲပုတ်ချက်၊ ဆေးခါးဟင်းနှင့် သစ္စားသီးတို့စရာတို့ကြာညို မိန်မိန်ရွက်ရွက် စားသောက်နေသမျှ ဘေးက ကြည့်ရင်း လှလွန်းအိမ်ပင် သွားရည်ကျချင်သည်။

တစ်ရေးမျှ အိပ်စက်စေပြီးမှ ဘာဘဦးစိုင်းလုံးသည် အိပ်ရာမှ နိုးလာကြသော လှလွန်းအိမ်နှင့် ကြာညိုတို့ကို လွှင့်ခေါ်သာသို့ ဤနေ့တွင်ပဲ ပို့ဆေးမည်ဟု ပြောလာခဲ့ပါ၏။ လှလွန်းအိမ်ပခုံ ၃ဒဏ်ရာသည် သေနတ်မှန်ထားသော ဒဏ်ရာဆိုတာ သိလွန်မို့ .. ဆေးရုံသို့ အမြန်ဆုံးပို့၍ ကုသခဲ့တာ အကောင်းဆုံးပဲ ဘာဘဦးစိုင်းလုံးက မှတ်ယူလျက် ..။ တကယ်လည်း နေ့တွင်းချင်း ပို့ဖို့ စီစဉ်ခဲ့ခြင်းပါ။ နေ့လယ်စာကို ထပ်စားစေပြီးသည့်နောက်မှာ ဘာဘလုံသည် မြင်းလှည်းပြင်၏။ နောက်တော့ .. လွှင်ခမ်းသာသို့ လိုက်ပို့သည်ပါပဲ ..။

လှလွန်းအိမ်မှာ ဘာဘလုံ၏ နှိုး ခေါ်လေ ခေါ်နန်းစိန်ခက်၏ အဝတ်အစားတွေ ကို ဝတ်ထားရလျက် .. အကျိုထူလေးကအစ ဝတ်ထားဖြစ်ရသည်မို့ နွေးနွေးထွေးထွေး ရှိနေရပါပြီ ..။ ခေါင်းမှာ ခေါင်းပေါင်းလေးပင် ပေါင်းထားလေး သည့်အဖြစ် ..။ ကြာညိုကလည်း ဘာဘလုံ၏ ရှမ်းဘောင်ဘီ၊ ရှပ်အင်္ကျီလက်ရှည်တွေ ဘာတွေဖြင့် သန့်သန့်ရှင်းရှင်းနှင့် ကြော့ကြော့မော့မော့ပင် ဖြစ်နေပြီ ..။ ကြာညိုက ပို၍ ဟုန်ကျသည်လေ ..။ ရေတွေ ဘာတွေပင် ချိုးခဲ့လျက် ခေါင်းမှာ ဆီအကျသား လူးကာ သေသေသပ်သပ်လေး ခေါင်းတွေ ဘာတွေ ဖြီးထားတာမို့ ရုပ်လေး ပိုထွက်နေသည်။ ရယ်လိုက်လျှင် ပါးချိုင့်

ကြီးပေါ်လာလျက် အရမ်းကို ကြည့်ကောင်းနေသည့် လူချောကြီးကို ဖြစ်နေပါသည့်အဖြစ်။

"မမလေး .. ရေဆာလားဟင် .. ရေနွေးကြမ်း သောက်မလား .."

ရောဘူးထဲ ထည့်လာသည့် ရေနွေးကြမ်းကို တိုက်ချင်အောင်ဖြင့် မေးလာတော့ လှလွန်းအိမ် ခေါင်းခါသည်။ မြင်းလှည်းက အရမ်းကို လျှပ်ခါရင်း သွားနေသည်ဟို့ ရေသောက်ဖို့ ဆိုတာ မလွယ်လှ ..။ အားလုံး ဖိတ်စဉ်ကုန်မည်သာ ..။

"မမလေး .. နွားနို့သောက်မလားဟင် .. ဆာနေပြီလား .."

ဘာဘလုံ သယ်လာသမျှအားလုံးကို ခြင်းကြီးထဲမှ လဲပြိုကျမသွားအောင်လည်း တိန်းရင်း ကြာညို ထပ်မေးလာတော့ မြင်းနှင်ကြမှပွတ်သံလေး တစ်ချက်တစ်ချက် ပေးရင်း မြင်းလှည်း မောင်းနေပါသည့် ဘာဘလုံမှာ ရယ်ချလိုက်ကာ ..

"လူလေးက မိန်းကလေးတို့ အဆောင်ချစ်ရာတာ .. ဂရုစိုက်ဖို့ပဲ သိနေတော့တာကွယ် .."

ဟု ပြောလာပြီးမှ ကြာညိုဘက် လှည့်လိုက်ကာ ချစ်စနိုး ပြုံး၍ ..

"တော်နေကြာမှ မြင်းလှည်း ခဏနားမှာပါ လူလေးရ .. ဟိုဘက်နားမှာကျရင် စမ်းပေါက်လေးတစ်ခု ရှိတယ် .. အဲဒီမှာ ခဏနားမယ် .. မြင်းလဲနား .. လူလဲနားပေါ့ .. အဲဒီကျမှ .. မင်းရဲ့ မမလေးကို နွားနို့တိုက်ပါ့မယ်ကွာ .. မင်းလဲသောက် .. ဘာလဲ သောက်မယ် မြင်းစာလဲ ကျွေးမယ် .. ဟုတ်ပလား .. သူ့မမလေးပဲ ဒိုက်ဆာတာတ်

www.burmeseclassic.com

www.burmeseclassic.com

တာကျလို့ .. အေး .. အဲသလို ဂရုစိုက်တာတော့ ကောင်းသပေါ့ကွ .. စိုက် .. ဂရုစိုက် .. သူက .. မင်းရဲ့ အသက်သခင်ကွ .."

ဟု ပြောပါ၏။ မိုင်းခမ်းရွာမှာတည်းက .. ဘဘလေ့၏ အိမ်မှာ အဖြစ်စုံကို လှလွန်းအိမ် ပြောပြထားပြီးခဲ့ပြီမို့ .. ကြာညို ဘဝလေးကိုလည်းသိ .. အဖြစ်စုံကိုလည်း သိခဲ့ရပါသည် ဘဘလုံသည် ကြာညိုကို သနားချစ်ခြင်လည်း ကရုဏာပိုသွားခဲ့တာ အမှန်ပါ .. လှလွန်းအိမ်ထက် အသက်အားဖြင့် ကြီးလေမယ် ကြာညိုသည် လှလွန်းအိမ်ကို မမလေး .. မမလေးနှင့် အေးနေလေသမျှကိုလည်း ဘုအလုံက စိတ်ထဲ မကောင်းနိုင်ဘဲ ရှိရှိသွားရုံဖြင့် တစ်ချက်ကြည့်ကာ ..

"သူ့ခမျာ .. ခုထိ .. ငယ်စိတ်ပဲ ရှိရှာပေသကိုး မိန်းကလေးရယ် .. ချမ်းသာတဲ့ဘဝမှာ .. စိတ်ချမ်းသာပြီး ကြီးရတဲ့ ဘဝမျိုးကို မဝိုင်ခဲ့ရရှာပေဘူး .. ဦးဘုန်းရှိန်သာကလဲ လောဘတယ်ကြီးပေသကိုး .. ဘဘ သူ့ကို မြင်ဖူးပါတယ် .. သူ့ကို လူချမ်းသာကြီးအဖြစ် လွှဲခမ်းသာကရော .. ဘဘတို့လို အနီးအနား ရွာများကပါ သိထားကြတာပဲလေ .."

ဟု မြင်းလှည်း မောင်းရင်း ခပ်ညည်းညည်းပြောရာသည်။

တိုကယ်ပဲ စမ်းပေါက်လေးတစ်ခုရှိသော နေရာလေးတစ်ခုကို ကျောက်ခင်းလမ်းလေး၏ ကွေ့တစ်ခုကို ကျော်ဖြတ်လိုက်တော့ တိုး၏။ မြင်းလှည်းကို လမ်းဘေးသစ်ပင်ရိပ်မှာ

ရပ် .. မြင်းကို လှည်းမှ ဖြုတ်ကာ စားကျက်ကွင်းလေးမှာ လှန်ထားလိုက်ပြီးသည့်နောက် .. သုံးယောက်သား နွားနို့ သောက်ဖြစ်၏။ ဒေါ်လေး ဒေါ်နန်းစိန်ခက် ထည့်လာသော ကြက်သားကြော်လေးကိုလည်း လှလွန်းအိမ် နည်းနည်းစားဖြစ်၏။ ကြာညို ကတော့ ကောက်ညင်းပေါင်းနှင့် ကြက်သားကြော်ကို စားလိုက်။ ငါးကြော်နှင့် စားလိုက်။ နွားနို့သောက်လိုက်နှင့် ရှိနေပါ၏။ ငတ်ထားတာကလည်း မနေ့က တကယ့်ကို ပိန်ဥနှင့် ဝမ်းဖြည့်ထားရသည့် အခြေပေမို့ .. ထမင်းစားစဉ်တုန်းကလည်း စား၍ ချို .. ယခုလည်း ကြာညို အတော်လေး ခံတွင်းကောင်းနေရာသည့်အဖြစ် ..။

ကြက်သားကြော်ကို စားနေရင်းမှ စိတ်ထဲပေါက်လာလျှင် အသားလေးတွေ ဖဲ့၍ ကျွေးတတ်ပါ၏။ လှလွန်းအိမ် မယူမချင်း လက်တဲ့ရှည်ကြီးနှင့် လက်ကို မရုပ်စတမ်း ကမ်းထားတာမို့ ယူယူစားလိုက်ရသည်ချည်း ..။ ဆော်ပြီ .. ပြောလည်း မရ .."

"အားရှိအောင်စားပါ မမလေးရ .. မမလေးကပျာနေတာ" ဟုချည်း ပြောကာ တောက်လျှောက်ကျွေးချင်ကျွေးနေတတ်ပြန်သည်။ ဘဘလုံကတော့ သက်ပြင်းရှိုက်၍ ကြာညိုကို ကြည့်ကာ ..

"ဖြူစင်လိုက်တဲ့ ကလေးပေပဲ .."

ဟု ညည်းသည်။ ခဏနားကြပြီးသည့်နောက်မှာ ခရီးဆက်ကြရပြန်လျက် လှလွန်းအိမ်ကို တောက်လျှောက်ဆေးရုံကြီးဆီသို့ မောင်းဖို့သည်က ဘဘလုံပါ ..။

www.burmeseclassic.com

www.burmeseclassic.com

လွန်းအိမ်နှင့် ဘယ်လိုမှ မခွဲပဲ ခုတင်ဘေးမှာ ခုံလေးတစ်လုံး ထိုင်နေသည်။ အိမ်ပြန်မည့်ပုံပင်မပေါ် ..။

ဘာလုံမှ .. ဆရာဝန်နှင့် ဆရာမလေးများကို .. သိသမျှ .. အားလုံး ဆက်ပြောပြနေဖြန်သည့်အဖြစ် .. သည်သို့မည်ပုံ ဘာလုံတို့အမွှဲနှင့် တိုးကြသည်ဆိုသည့် အဖြစ်များကိုပါ ..။ မကြာလိုက် .. စခန်းမှူးနှင့် ဒုရဲအုပ်တစ်ယောက်နှင့် ရဲသားများ ရောက်လာကြကာ လွလွန်းအိမ်ကို လာတွေ့ကြသည်။ လွလွန်းအိမ် ပြောပြသမျှကိုလည်း မှတ်သားသည်။

"ပြောပြရမှာတော့ စိတ်မကောင်းစရာပါပဲ ဆရာမရယ် .. မကြာသေးခင်ကပဲ .. ဦးဘုန်းရှိန်သာရဲ့ အလောင်းကို .. အဲဒီ မိုင်းလိတ်စွာတနေပြီး လွှိုင်ခမ်းသာကို သွားတဲ့ လမ်းဘေးဝင်းရဲ့ .. ချောက်ထဲက .. ကားနဲ့ အတူတွေ့ခဲ့ရတယ်လို့ .. ကျွန်တော့်ကို .. ဒုရဲအုပ်ချမ်းသာဆီက သတင်းပို့လာတယ် .. ဒေါ်ခမ်းမွန်နဲ့ ဦးစိုင်းရိတို့က တိုင်ချက်တွေဖွင့်ထားတာမို့ ဦးဘုန်းရှိန်သာကိုဖမ်းဖို့သွားတော့ နှစ်သားမြို့မှာလဲမရှိ .. သစ်တောခြံမှာလဲမရှိ .. ယာတောအိမ်မှာလဲ မရှိတော့ .. ကျွန်တော်တို့ ပြည်သူ့ရဲက .. ဖြန့်ပြီးတော့ကို .. ရှာနေကြတာပါ .. ခုတော့ .. သူ့အလောင်းကိုသဲ့ တွေ့ရပါတယ် .. ကျွန်တော်တို့ .. ဒေါ်ခမ်းမွန်ရဲ့ ထွက်ချက်အရ .. ဒေါက်တာအောင်မင်းကိုသဲ့ စစ်ဆေးကြည့်ခဲ့ပြီးပါပြီ .. ဒေါ်ခမ်းမွန် သဲ့သဲ့ဖြစ်တဲ့အတိုင်းပါပဲ ဦးဘုန်းရှိန်သာနဲ့ ဦးအောင်မင်းတို့ ပေါင်းပြီး ကိုကြာညီကို ခုလို .. ဝေဒနာသည်ဖြစ်အောင် လုပ်ကြံခဲ့ကြတာလဲ ပေါ်

ဆေးရုံရောက်တော့ သတင်းက အရင်ဦးနှင့်ပြော လွလွန်းအိမ်နှင့် ကြာညီတို့ သတင်းက ပြန့်နေပြီ ..။ ဒေါ်ခမ်းမွန်မှ ဦးဘုန်းရှိန်သာအပေါ် တိုင်ချက်ဖွင့်ထားခဲ့သည့်အကြောင်းများ။ ဒေါ်လေးခမ်းမွန်၏ အိမ်ရှေ့မှာ ရှိသည့် ဘာဘဦးစိုင်းရီကို သေနတ်နှင့် ပစ်ခတ်၍ ဘာဘဦးစိုင်းရီ၏ အမှုဖွင့်ထားခဲ့မှုများ .. လွလွန်းအိမ်နှင့် ကြာညီကို လိုက်လံပစ်ခတ်ခြင်းများ။ လွလွန်းအိမ်နှင့် ကြာညီတို့ ပျောက်ဆုံးနေခြင်းများအားလုံးကို ရဲစခန်းမှာ တိုင်ချက်ဖွင့်ထားသည့် သတင်းက .. မြို့ထဲမှာ ပြန့်နေခဲ့သည်ဆိုပဲ ဆေးရုံသို့တိုင်အောင်လည်း သတင်းရောက်နေနှင့်သည့်အဖြစ် .. ဆေးရုံမှာ ဘာဘဦးစိုင်းရီလည်း ရောက်နေသည်တဲ့ ..။ ဒဏ်ရာကြီးဖြင့် ခြံဝမှာ ဘာဘဦးစိုင်းရီသည် ငြိမ်သက်စွာဖြင့် သေဆုံးဟန်ဆောင်နေခဲ့လျက် ..။ အိမ်ပေါ်သို့ ကြာညီနှင့် လွလွန်းအိမ်တို့ ပစ်လိုက်ကြီးလျက် ဦးဘုန်းရှိန်သာ ပြေးဝင်သွားချိန်ကျမှ ဒဏ်ရာကြီးနှင့် ဘာဘဦးစိုင်းရီမှ ပြေးလည်းပြေး၊ လမ်းတစ်ဖက်ကမ်းအကွယ်လေးမှာ ဝင်ပုန်းနေခဲ့ရသည်တဲ့ ..။ ဦးဘုန်းရှိန်သာ လွလွန်းအိမ်နှင့် ကြာညီတို့ကို တောအုပ်လေးသို့တိုင် သေနတ်ဖြင့် လိုက်ပစ်တာကိုလည်း သိနေခဲ့ရသည်တဲ့ ..။ သတင်းက ပြန့်နေပြီ .. လွလွန်းအိမ် ဆေးရုံသို့ ရောက်တော့ ဆရာဝန်နှင့် ဆရာမလေးတွေက အဖြစ်စုံ ကြားထားနှင့်သူတွေပင် ဖြစ်နေကြရော့ပြီလေ ..။

လွလွန်းအိမ်ကို ဆေးရုံတင် ..။ စမ်းသပ် ..။ ဒဏ်ရာကို ဆေးထည့် ..။ ဆေးထိုးဆေးတိုက်နှင့် ရှိနေချိန်မှာ ဘာလုံလည်း မဖြန်သေးဘဲ စောင့်နေပါ၏။ ကြာညီကလည်း

www.burmeseclassic.com

ခဲ့ပါဗြီ .. ဦးဆုဝ်စိုးလဲ ပါဝင်ပတ်သက်နေတာလဲ သိရပါ ဗြီ .. သူတို့ကိုလဲ ကျွန်တော်တို့ ဥပဒေအတိုင်း ဆောင် ရွက်သွားမှာပါ .."

စခန်းမှူးဦးကြည်ဇိုးမှ ပြောပြခဲ့ပါ၏။ ဦးကြည်စိုးတို့ ပြန်သွားတော့ လှလွန်းအိမ်ကို ဒရစ်မုလင်းကြီးဖြင့် ဆေးသွင်း သည်မို့ ကြာညို ပို၍ စိတ်လက်ပျမ်ာန်ဖြင့် တုလားထိုင်လေးရေ တိုးကပ်ကာ ထိုင်စောင့်နေပါ၏။ ပြန်ခိုင်း၍လည်းမရ .. သတင်း ကြားရသည်မို့ ခေါ်လေးခမ်းမွန်ရော .. မိချိုရော .. ဦးကြီး အိုက်အောင်တို့ရော လှလွန်းအိမ် နုတင်ဘေးမှာ စုစုဝေးဝေးကြီး ရောက်လာကြသည်။

နံ့သာမြိုင်မှ အလုပ်သမားတွေကအစ .. တစ်အုပ် တစ်မကြီး ကြာညိုနှင့် လှလွန်းအိမ်တို့အတွက် ပူပန်ဖောတွေဖြင့် ရောက်လာကြသည်မို့ လှလွန်းအိမ်၏ အထူးသီးသန့်ခန်းလေးမှာ လူသူတို့ ပြည့်ကျုံကျုံကြရသည်အထိပါ ..။

"အန်ကယ်ကြီးက .. ဆရာမနဲ့ ကြာညိုတို့ စမ်းချောင်း လေးမှာ ငါးမျှားနေရင်း ကျွန်ခဲ့ရာက ပျောက်ဆုံးသွားတဲ့ ကိစ္စကို .. လောလော်ဆယ်မှာ မပေါက်ကြားစေနဲ့ဦး .. အကယ်၍များ တစ်စုံတစ်ယောက်က ပြန်ပေးဆွဲတာမျိုး ဖြစ်ရင် .. ငွေ ဘယ်လောက်ပေးရပေးရ .. ပြန်ရအောင် ခေါ်ခဲ့မယ်ဆိုတဲ့ စကားကိုလဲခပြာ .. ဒဲကို အကြောင်းကြား ရင် .. ဆရာမနဲ့ ကြာညိုကို ပြန်ပေးတွေက သတ်ဖြစ်မှာ ကြောက်ရတယ်လို့လဲ ပြောနေတော့ .. အန်ကယ် ပြောတဲ့ အတိုင်း နားထောင်ခဲ့ရတာပါ .. ခေါ်ကြီးနန်းဥရော ..

မိချိုရော သစ်တော်ခြံက အိမ်မှာပဲ နေနေကြရတာ .. ဒီမနက်မှ .. အန်ကယ်ဦးဘုန်းရှိန်သာ ဆုံးသွားတဲ့သတင်း တွေလဲ ကြားခဲ့ရ .. ခု မကြာခင်လေးကမှလဲ .. ဆရာမ လေးတို့ ဒီဆေးရုံကို ရောက်နေကြတာကိုလဲ ကြားရနဲ့ .. ပြေးလာကြရတာပါ .."

ဒရစ်ပိုက်တန်းလန်းလေးဖြင့် ရှိနေသည့် လှလွန်း အိမ်၏ လက်လေးကို ဖွဖွလေးကိုင်ကာ မိချို မျက်ရည်လေး တဝဲဝဲဖြင့် ပြောစဉ်ခိုက် စကားနည်းသော ခေါ်နန်းဥ ခဏမှာ သောမှာ ခေါင်းလေးညိတ်ပြနေရင်း မိချို ပြောသမျှကို ဟုတ်မှန် ကြောင်း ထောက်ခံနေရှာပါ၏။ သစ်တော်ခြံအိမ်သို့ ခေါ်ကြီး နန်းဥက ထမင်းချက်ဖေးဖို့လဲ လိုက်လာခဲ့ရသည်လေ ..။

"ဆရာမရယ် .. မသေကောင်းမပျောက်ကောင်း .. ကံကောင်း လို့ အသက်အေားက လွတ်ခဲ့ရတာ .. သေနတ်ကို မှန်ခဲ့ရတာကိုပဲကြည့် .. ဘုရားရှင်ကယ်တေလို့ပေါ့ ဆရာမ ရယ် .. အန်ကယ်ကြီး ဒီလောက် ရက်စက်လိမ့်မယ်လို့ ကို မထင်မိခဲ့တာ .. နံ့သာမြိုင်က ဝန်ထမ်းတွေအားလုံး ဟင်ခနဲကို ဖြစ်ကုန်ကြရတော့တာ ဆရာမရယ် .. ကြာညို့ အတွက်ရော စိတ်ထိခိုက်ကြရ .. ဆရာမအတွက်လဲ စိတ် မကောင်းဖြစ်ကြရနဲ့ပါ .."

ဟု မိချို ဆက်ပြောနေစဉ်ခိုက် ကြာညိုကတော့ သောမှာ တိတ်ဆိတ်စွာ နားစွင့်ထောင်နေရင်း တစ်ချက် ဝင်၍ ..

"ဘိုးဘိုးက သေနတ်နဲ့ လိုက်ပစ်တာ .. မမလေးကို သွားရော .."

www.burmeseclassic.com

www.burmeseclassic.com

"မမလေး နောက်မှ စားမယ် ကြာညို .. ကြာညို အရင် စားလိုက်နော် .. မမလေး ဆေးသွင်းထားတယ်လေ .. ဒီပိုက်ဖြူတ်မှ စားမယ် .."

ဟု ပြောတော့ ကြာညို ခေါင်းကြီးယမ်းကာ မျက်မှောင်လေးကုပ်ကွေး၍ ..

"ပါးစပ်က အားနေတာပဲဥစ္စာ .. လက်မှာ ဆေးသွင်းတာပဲ .. ပါးစပ်က စားရတာပဲ .. ဘာမှ မဆိုင်ဘူး .. စား .. ကြာညို ခွဲ့ကျွေးမယ် .. အခုစား .. အခုစား .. ဗိုက်ဆာနေမှာ ကြာညို သိတယ် .."

နှင့် သူလည်း စားချင်နေလေသမျှ .. လှလွန်းအိမ်လည်း စားချင်နေသည်ဟု မှတ်ယူနားလည်ထားရင်း တစ်ဇွတ်ထိုးကြီး ဘီစကစ်မုန့်ကို ပါးစပ်ထဲ တကယ်ကို ခွဲ့ခွဲ့ကျွေးနေတော့လည်း ကြာညို့ကို သနားစိတ်ဖြင့် စားလိုက်ရသည်က လှလွန်းအိမ်ပါ .. ကျွေးချင်ဇောပဲ သိနေသည့် ကြာညို့စိတ်ရင်း ဖြူဖြူစင်စင်လေးကို လှလွန်းအိမ် ချစ်သည်လေ ..။

ထိုအခိုက် အခန်းတွင်းသို့ ခေါ်လေးခမ်းမွန် ရောက်လာကာ အတူပါလာသည့် ဦးကြီးကို ကြည့်ကာ ..

"ဘာရဲ့ တူတော်မောင် .. အေးဆိုးကြီးထဲကလွတ် .. ငရဲကျနေတဲ့ အရိုက်အနှက်ဘဝကလဲလွတ် .. အတော်တော် အပြတ်ပြတ်ဘဝကလဲ လွတ်ပါပြီ ဘဘရယ် .. ဒီလိုဖြစ်အောင် ဘဘ ကြံဆောင်ကူညီခဲ့တာတွေ အများကြီးပါ .. နန်းကျော့ကို အဲဒီ နံ့သာမြိုင်ကို ရောက်အောင် ဘဘ ကူညီပံ့ပိုးခဲ့လို့ .. ကြာညိုတို့ .. အဲဒီ သစ်လေးခြံအိမ်ကို

ဟု ဝင်ဝင်ပါလိုက်သေးသည့်အဖြစ်။ လှလွန်းအိမ်၏ လက်လေးပေါ် ထွေးဆုပ်တင်ထားသော မိချို၏ လက်လေးကို မျက်စိစွေ၍ အတန်ကြာ ဖေဖောင်းစောင်းဖြင့် ကြည့်နေရာမှ ပျက်ခနဲ မိချို၏ လက်ကို ဆွဲဖယ်ပစ်လိုက်ကာ သူ့လက်ကို လှလွန်းအိမ်၏ လက်လေးပေါ် တင်ထားလိုက်သည်။ မိချို့ကတော့ ခွင့်လွှတ်စိတ်ဖြင့် ရယ်၍သာ ကြည့်ရှုရှာသည်ပါပဲ ..။

"မမလေး ပျားတယ် သိလား .. ကြာညို သိပ်သနားတာပဲ .. မိန်းညပဲ မီးဖုတ်စားရတာ .. စားလို့ သိပ်ကောင်းတယ် သိလား .."

ဟု ပြောရှာ၏။ လောလောဆယ်မှာတော့ ရောက်ရောက်ချင်း ဆေးရုံမှ ဆရာဝန်နှင့် ဆရာမလေးတွေမှ ချက်ချင်း စီစဉ်ပေးလိုက်သော အိုပါတင်းတစ်ခွက်စီ ..။ ပေါ်မုန့်ဆောပတ် သုတ်တွေ ဘာတွေ နှစ်ယောက်စလုံး စားသောက်ဖြစ်ခဲ့ကြရကာ ဝမ်းဗြုန်းခဲ့ကြရပြီးပြီ ..။ ခုလည်း ဒေါ်လေး ခမ်းမွန်မှ ပို့လာသောချိုင့် .. နံ့သာမြိုင်မှ သယ်လာသော အမယ်ဆုံ ထမင်းဟင်းချိုင့်ကြီးတွေကဖြင့် သောက ဗီရိထက်မှာ ထိုးထိုးထောင်ထောင်ဖြင့် ရှိနေကြတာ ..။ ဓာတ်ဘူးတွေရော ..။ မုန့်တွေရော ..။ အိုပါတင်း ..။ ဟောလစ်ပုလင်းတွေရော၊ ဖျော်ရည်ပုလင်းတွေရော ဗီရိ အလယ်ဆင့်မှာ ပြည့်နေပြီ ..။ အောက်ဆုံးဆင့်မှာလည်း မုန့်ပုံးတွေ တန်းစီနေ၏။

"မမလေး .. မုန့်စားမလားဟင် .."

ဟု ကြာညို မေးကာ မုန့်ပုံး ဖွင့်နေတော့လည်း လှလွန်းအိမ် ပြုံး၍ ..

www.burmeseclassic.com

www.burmeseclassic.com

ရောက်ကြမှာ .. ငါးမျှားကြမှာတွေ့ ခမ်းမွန်တို့ သိန်းသိန်း
တာပါ .. ခေါ်ခဲ့နိုင်ကြတာပါ .. ကြာညိုကို ခမ်းမွန်
အသက်ဆယ့်ငါးနှစ်အရွယ်ကတည်းက .. ထိန်းကျောင်း
တာပါ .. ကြာညို ဆယ့်နှစ်နှစ်အရွယ် .. ခမ်းမွန် နှစ်ဆယ်
လေးနှစ်အရွယ်ထိ .. ဆံတောက်လေး တဖားဖားနဲ့ ခမ်းမွန်
ရှိခဲ့ .. ထိန်းခဲ့တာပါ .. ခု .. ခမ်းမွန် အသက် .. သုံးဆယ်
ခုနစ်နှစ်ရှိတဲ့အခါကျမှ .. ကြာညိုကို .. ခုလို .. အေးချမ်း
တဲ့ဘဝထဲ ရောက်အောင် ဆောင်ကျဉ်းနိုင်ခဲ့တာပါ .. အဲဒီ
လို လုပ်နိုင်ခဲ့ပြီမို့ .. တမလွန်မှာ ရှိနေကြမယ် အစ်ကို
ကြီးနဲ့ မမလေးတို့က သူ့သားလေးကို ကူညီခဲ့တဲ့
ခမ်းမွန်တို့ကို ကျေးဇူးတင်ကြမှာပါ .. ခုမှလဲ စိတ်ချစိတ်
အေးသွားကြရမှာပါ .. အပူငြိမ်းကြရမှာပါ .. အစ်ကိုကြီးနဲ့
မခလေးရယ် .. ခမ်းမွန် ခုမှ တာဝန်ကျေနိုင်ခဲ့တာမို့ ..
နှစ်တွေကြာခဲ့တဲ့ အပြစ်တစ်ခုကိုတော့ .. ခွင့်လွှတ်ပေး
ကြပါရှင် .. အထိန်းသည် ခမ်းမွန်ကို ခွင့်လွှတ်ပေးကြပါ"

ဟု ပြောနေရင်းမှ ကြာညို မိဘနှစ်ပါးကို သတိ
လာရင်း မျက်ရည်ကျကာ အကျီလက်မောင်းစလေးဖြင့် လက်
ပင့်၍ မျက်ရည်ကို ကျိတ်သုတ်ရှာပါ၏။ ကြာညို မှတ်မိနေ
အတွက် ဆံထောက်တဖားဖားပုံလေးဖြစ်အောင် ဆံပင်ကအစ
ညှပ်ပစ်လိုက်သည်အထိ ရှိခဲ့ရှာသော ဒေါ်ခမ်းမွန်၏ မေတ္တာတော
သိသည်မို့ လှလွန်းအိမ် လိုက်၍ မျက်ရည်ဝဲလာရသည်ပါ
သော် .. ဒွေကြေးမချမ်းသာ၍ ကြာညိုကို ကလေးထိန်းအ
ဝင်ရောက်လုပ်ခဲ့ပါသော ဒေါ်လေးခမ်းမွန်သည် .။ ဒွေကြေးအ

ခမ်းသာပေမယ့် .. သစ္စာတရားမှာ ချမ်းသာပြည့်ဝသူပါတကား။
ဘဉ်းဘွန်းရှိန်သာကျတော့ ချမ်းချမ်းသာသာကြီးပင် မွေးစား
ားကြီးတစ်ယောက်အဖြစ် နေခဲ့ရပေမယ့် .. လောဘဓောဖြင့်
ဖြစ်သွန့် ဇနီးသည်တို့ကိုလည်း လုပ်ကြံ ..။ နောက်ဆုံး ..
ကြာညိုကိုပင် လုပ်ကြံသည်အထိ ကြိုးစားခဲ့ကာ .. သစ္စာတရား
ခါင်းပါးလွန်းခဲ့ချေသည်တကား ..။ မျက်ရည်ကို သုတ်ပြီးမှ
ဒေါ်ခမ်းမွန် ပြုံးကာ ကြာညိုကို ဆံစလေးတွေ သပ်ပေးသည်။
ကြာညိုကလည်း ဒေါ်ခမ်းမွန်ကို မှတ်မိနေပြီမို့ ..

"ဒေါ်လေးက ဘာလို့ ငိုနေရတာလဲ .."

ဟု တမေးတည်း မေးနေပါသည့်အဖြစ် ..။

"ဝမ်းသာလို့ပါ ကြာညိုရယ် .. ကြာညိုတို့ကို ပြန်တွေ့ရ
လို့လေ .. မုန့်စားနေတယ် မဟုတ်လား .. စား .. စား
ကြာညို .. ပြီးမှ တအောင့်နေမှ .. ထမင်းစားနော် ..
ဒေါ်လေး ခွံ့ကျွေးမှယ် .."

ဟု ပြောတော့ ကြာညို ချက်ချင်း ခေါင်းခါသည်။
လှလွန်းအိမ်ကို ကြည့်ကာ ..

"မမလေး ဆေးသွင်းပြီးမှ စားမယ်လေ .. မမလေးနဲ့
တူတူစားမှာလေ .."

ဟု ပြောပြီးသည့်နောက်မှာ ..။ လက်မှာ ကပ်နေသည့်
နှစ်စမုန့်နှလေးတွေကို ဝတ်ထားသည့် ရှမ်းဘောင်းဘီပွကြီးမှာ
ထိုသုတ်လိုက်သည်။ ခု .. ဒေါ်လေးခမ်းမွန် ဖေးတင်ထားသော
လှလွန်းအိမ်၏ လက်လေးပေါ်မှ လက်ကို စောစောကနယ်ပင်
ဖြည်းဖြည်း ဖယ်ပစ်သည်။ နောက်တော့ .. လှလွန်းအိမ်၏

www.burmeseclassic.com

www.burmeseclassic.com

လက်လေးပေါ့ ပိုင်ပိုင်နိုင်နိုင်လေးပဲ သူ့လက်ကို တင်
လက်ကို နေရာလွှဲနေသည့် သဘောမျိုးလေး ဖြစ်
ကလေးလိုပင် ကြာညို့ကို မြင်ကြရ ..။ ပြီးမှကြရန့် အ
ဖြစ်သွားကြရသည်ပါပဲ ..။ ကလေးနယ်ပင် အရမ်းကို
သော ကြာညို့ အတွင်းမနောလေးကို သိသည်မို့လည်း
ဖြင့် လှလွန်းအိမ် ကြည်နူးချမ်းမြေ့စွာ ကြာညို့ကို ချစ်
ပင် ကြည့်နေမိရပါသည့်အဖြစ် ..။

"ဒီပိုက်ကြီးဖြတ်ရင် .. အိမ်ပြန်ကြမယ်နော် မမ
ဒီမှာ လူတွေ သိပ်ရှုပ်တာပဲ .. မမလေး ဘယ်လို
ရတော့မှာလဲ .."

ဟု ဘေးကို ကြည့်ကာ အသံကို နှိမ့်၍ ခပ်တိ
လေး ပြောနေသည်က နားလူတွေ မကြားအောင် ခိုးကြောင်ခိ
တိုးတိုးတိတ်တိတ် လေသံမျိုးလေးဖြင့်ပါ ..။ ဒေါ်လေးခ
ကြာညို့ကို ရယ်၍လည်းကြည့် ..။ ခေါင်းကိုလည်း ထုက

"အဲမယ် .. ဘက်ကန်နေလိုက်ကာနော် ကြာညို့
ဒေါ်လေးတို့ကိုများ ခုကတည်းက .. ဘေးကို
နေပြီ .. သူ့မမလေးကိုများ ဒေါ်လေးတို့ကလာပြီး
အိပ်မရအောင် ရှုပ်နေကြသလေး ဘာလေးနဲ့ .. တော်
ကြီးကို သူ့မမလေးအတွက် သိတတ်နေ .. ဟွန်း

ဟု နာခေါင်းလေးပင် လိမ်ဆွဲပစ်လိုက်သည်က
ယေဘုယ်စဉ်က ထိန်းကျောင်းခဲ့သည့် ချာတိတ် ကြာညို့
ကြည့်၍ ချစ်စနိုးအသွင်လေးဖြင့်ပါတည့် ..။

"ဖြည်းဖြည်းလုပ်ပါ ဒေါ်လေးရ .. နာတယ်ဗျ ..

ဟု ကြာညို့ကလည်း မနာအောနှင့် နာဟန်ပြုလျက်
နေတော့ ဒေါ်လေးခမ်းမွန် ရယ်၍သာနေ၏။ ပြီးမှ လှလွန်းအိမ်
ကြည့်ကာ ..

"ဇိန်းကလေး .. ဒါ .. ဘာဘဉီးစိုင်းထိတဲ့ .. ရွှေမိုးညို
လက်ဖက်ခြောက်စက်ရုံရဲ့ ဇန်နေဂျာကြီးပေါ့ .. ကြာညို့
မိဘများ လက်ထက်ကတည်းက .. လုပ်ကိုင်ခဲ့တာလေ ..
အစ်ကိုကြီးနဲ့ မမလေးတို့ ဆုံးပါးတဲ့အဖြစ်အပျောက်မှာ
ဉီးဘုန်းရှိန်သာကို မသက်ာဖြစ်တဲ့ထဲမှာ .. ဘာလဲ
ပါတာပေါ့ .. ဒါကြောင့်လဲ ဒေါ်လေးကို ကူညီခဲ့တာလေ .."

ဟု ပြောပြတော့ လှလွန်းအိမ် ဒရစ်သွင်းထားသော
ကတ်လေးကိုပါ ဖြောက်၍ လက်အုပ်လေးချီပြမိပါ၏။

"ဟာ .. ဆေးပိုက်ကြီး ဖြုတ်သွားလိမ့်ဦးမယ် .. ချထား ..
ချထား .."

ဟု ကြာညို့ ထအော်တာမို့ ဒေါ်လေးခမ်းမွန်မှ ..

"အခုမှ ဒေါက်တာကြာညို့ ဖြစ်နေတော့တာပဲ .."

ဟု ရယ်မဆုံးနိုင်ဘဲ ကြည်နူးစိတ်ဖြင့် ပြောရှာ၏။
ကြာညို့ ခုလို အေးကင်းကင်းဖြင့်ရှိကာ တွေ့ခဲ့ပြီမို့ .. ခုမှ စိတ်
နှင့်ဒုန်းချအေးသွားရသည့် ဒေါ်ခမ်းမွန်မှာ အရမ်းကို ပျော်နေမှန်း
သိသာနေသည်ပါပဲ ..။

"ဆရာမ .. ဘာမှာဉီးမလဲဟင် .. ဆရာမ အပ်ထားခဲ့တဲ့
လျှော်ခိုင်းတဲ့ အဝတ်လေးတွေ လောင်ဒရီက မြန်ထားတာတဲ့
ခုတင်ပေါ်က အဝတ်အစားလေးတွေလဲ မီချို ဟိုတယ်ပြန်
ဝင်ပြီး အခန်းသန့်ရှင်းရေးလုပ်ရင်း တွေ့ခဲ့တာမို့ ယူလာခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ် .. ဆရာမ အဝတ်အစား လဲလို့ရတာပေါ့ .. ပြီး
ခေါင်းဆုံးအောက်က ဖုန်းလေးကိုလဲ ယူလာခဲ့တယ်
ဆရာမ လိုများလိုနေမလား လို့ပါ .."

ဟု မိချို့မှ ပြောတော့ အလို့တသိဖြင့် ဝင်
အဝတ်အစားလေးတွေကအစ ယူလာပေးရှာပါသည့် မိ
ကျေးဇူးတင်စိတ်ဖြင့် မော့ကြည့်ရင်း ..

"လှလွန်းအိမ်အတွက် ပင်ပန်းနေရပြီ မိချို့ရယ် .. တော
တင်ပါ့တယ် .."

ဟုသာ ပြောမိရသည်ပါပဲ .. ။ ဘာပဲဖြစ်ဖြစ်
ဤညမှာတော့ ဒက်ဒီထံ ဖုန်းဆက်ချင်သည်မို့ .. ။ ခုလို ဖုန်း
ကအစ သတိတရဖြင့် ယူလာတော့လည်း ပို၍ အဆင်တ
ရှိသွားရသည် မဟုတ်ပါလား .. ။ ဤမျှအထိ အဖြစ်ဆိုးကြီး
ကြုံခဲ့ရသည့်နောက်မှာ .. ဤအဖြစ်ကိုတော့ ဒက်ဒီကို အသိမ
သေးဘဲ ထိန်ချန်ထား၍မသင့် .. ။ အသိကို ပေးရမည့်ကိစ္စ
နေသည်လေ .. ။ ဤမှာက ဦးဘုန်းရိန်သာ၏ မှုခင်းကိစ္စတွေ
လည်း ရှိနေသေးသည်။ လှလွန်းအိမ် ကိုယ်တိုင်ကိုက
သေကွင်း သေကွက်တွင်းမှ ကံကောင်းထောက်မ၍ လွတ်လာ
ရသည့်သူ .. ။ ဒက်ဒီ့ကိုတော့ .. အသိပေးကိုပေးမှ ဖြစ်မည်
ဒက်ဒီ သိလျှင် .. ကိုနောင်လည်း သိကိုသိမှာ သေချာသည်
ကိုနောင် .. အတော်ကြီးကို စိတ်လည်းပူ .. ။ တစ်ယောက်တည်
လှလွန်းအိမ်ကို လွှိုင်ခမ်းသားသို့ သွားခွင့်ပြုသည့် ဒက်ဒီကို
အပြစ်မတင်သာတင်သာဖြင့် အပြစ်တင်စကားကိုတော့ ပြော
သေချာသည်။ ဒက်ဒီကလည်း ဤမျှအထိ အခြေအနေ

ဆိုးဝါးစွာဖြင့် နေထိုင်ခဲ့ရပြီးသည့် သမီးအတွက် သောကတွေ
လောင်မြိုက်ရင်း စိတ်လက်ပူပင်စွာဖြင့် လွှိုင်ခမ်းသားသို့ လိုက်
လာမှာကတော့ သေချာနေသည်။ ကိုနောင်လည်း နေခဲ့မည်
မဟုတ်။ လိုက်ကိုလိုက်လာမှာ သေချာတာကာ ကျိန်းသေနေပြီး
သည့်အဖြစ် .. ။

"အေးလေ .. ငါကလဲ .. အပြန် .. ကားမောင်းနိုင်တော့မှာမှ
မဟုတ်တာ .. ကိုနောင်ပဲ မောင်းပစေပေါ့ .."

ဟုပင် တွေးမိလိုက်သေးသည်အဖြစ် .. ။ ထိုစဉ်ခိုက်
ရင်ထဲမှာ ကျင်ခနဲ ခံစားရင်း ကြည့်လိုက်မိရသည်က ကြာသို့
ကိုပါတကား .. ။ သြော် .. ဤသံယောဇဉ်တစ်မျှင်ကြောင့်ကိုဖြင့်
မကြာမလင့်မီမှာ ချန်ထားရစ်ခဲ့ရချေဦးတော့မည် .. ။ မမွေလေး ..
မမလေးနှင့် အရှမ်းကို တွယ်တာနေရှာသော ကြာသို့ .. ငိုကျန်ခဲ့
မှာလည်း သေချာနေသည်။ ခုကတည်းက .. လှလွန်းအိမ်၏
ရင်ထဲမှာ ကျင်ခနဲ ခံစားနေရရင်း လည်ချောင်းထဲမှာ ငိုချင်စိတ်
ဖြင့် ဆို့တက်လာရပါပြီတည်း .. ။ ကြာသို့ကတော့ ဘာမျှ
မသိ .. ။ ခုထိ လှလွန်းအိမ်၏ လက်လေးဖျော့ သူ့လက်ကြီး
အုပ်မိုးထားလျက် ဘယ်သူမှ လှလွန်းအိမ် လက်ကို ကိုင်ခွင့်မရ
အောင် ဇိုလ်ကျနေပါသည့်အဖြစ် .. ။

ဒရစ်ပိုက်ဖြုတ်တော့မှ ကြာသို့ တကယ့်ကိုပဲ လှလွန်း
အိမ်နှင့်တူတူ ထမင်းစားသည်။ ကြာသို့က ထမင်းစား .. ။ လှလွန်း
အိမ်က ဆံပြုတ်နှင့် ဆွတ်ပြုတ်သောက် .. ။ ဒေါ်လေး အသားလေး
တွေ ထွင်ပေးသော ငါးကြော်တွေကိုလည်း ဆန့်ပြုတ်နှင့် ရောမွှေ
၍စား .. ။ ထိုသို့ ရှိစဉ်ခိုက် .. ကြာသို့မှ မျက်စိကြီးမှေ့၍ ဒေါ်လေး

www.burmeseclassic.com

www.burmeseclassic.com

ခမ်းမွန်ကို ကြည့်ကာ လက်ထဲမှ ထမင်းဝန်းကန်ကို ချပြီးသည့် နောက်မှာ ကြက်သားကြော်တွေကို ဇေါလေး လက်ထဲမှ ဖြုတ်ခနဲ ယူလိုက်ကာ ဇေါလေး စောစောက အသားလေးတွေ ထွင်းသလို သူပဲထွင် ..။ သူပဲ ဆန်ပြုတ်ပန်းကန်ထဲ ထည့်ထည့်ပေး နေတော့ အားမှာ ရှိနေသည့် မိချိုရော ဇေါလေးရော ရယ်ကြ သည်ပါပဲ ..။

"ဟုတ်ပြီ .. ရှင်ပဲ ကျွေးပါ မွေးပါတော် .. အငတ်နေပြီး ကျွေးမွေးပါ ..

ဟု ပြောနေသည့် ဇေါလေးကို ကြည့်ရင် မျက်နှောင်ကြိုး ကျော်၍ ကြည့်သည်။

"မမလေးက ဖျားနေတာ .. ကြည့်ရင် ဖျားမှမဖျားတာ၊ မမလေးကို အားရှိအောင် ကျွေးရမှာပေါ့ .. စား .. မမလေး စား .. ဇေါလေးက ကြက်သားလေးတစ်တုံးပဲ နွာကျွေး နေတာ .. ဒီလို အမျိုးကြီး အသားတွေ ခွာကျွေးရမှာဗျာ .."

ဟု လောဘတကြီး ကြက်သားကြော်တုံးကြီးတွေ ယူပြီး အသားလေးတွေ ဖဲ့ဖဲ့ခွာနွာ ဆက်တိုက်လုပ်လုပ်ပြီး ဆန်ပြုတ် ပန်းကန်ထဲ တထည့်ထည့်နှင့် ရှိနေတော့ လှလွန်းအိမ် လက်ကာ ယူရသည်။

"တော်ပြီ .. များပြီ .. မမလေး ဆန်ပြုတ်စားပြီးမှ .. အဲဒါ တွေ ယူပြီး ထပ်စားပါ့မယ်၊ ကြည့် စား .. ပြီးမှ .. ပန်းသီးလဲ စားကြမယ် .. ဟုတ်ပြီလား .. ခု .. ကြည့် စား .. ညာကျရင် အိမ်ပြန်နားနော် .."

ဟု ပြောတော့ ခေါင်းကြီး မတ်ခနဲပြစ်လျက် ..

"ဟင် .. မပြန်ပါဘူး .. ဘိုးဘိုး လာပြီး သေနတ်နဲ့ပစ် နေရင် ဘယ့်နယ်လုပ်မလဲ .. ဒီမှာ ကြည့်ရဲ အိပ်မှာ .. တံခါးကို သေချာပိတ်အိပ်မှာ .. ဇေါလေးလဲ မပြန်နဲ့ .. ဒီမမလေးလဲ မပြန်နဲ့ .. ဒီမှာ အိပ်ရမှာနော် .. လူများမှ ဖြစ်မှာ .."

နှင့် ညဘက် လူအင်အားပြည့်ဖို့ စိမ်နေတော့ ဘယ် ရှယ်နာ့စ်မလေး ဖြစ်ပါသည့် မူမူပင် ရယ်ချလိုက်ပါပြီ ..။

မတတ်နိုင် .. ကြည့်ရဲကလည်း ဝေဒနာသည်ဖေဖို့ ပြန်ခိုင်း၍လည်း ရမှာ မဖြစ်နိုင်သည့်အတူတူ .. ကြည့်ရဲ ပို၍ ဆိုးမလာဖို့အတွက် လိုက်လျောလိုက်ကြရတာ ..။ ကြည့်ရဲအတွက် ဒရင်းဘက်ဒ်လေးတစ်ခု နဲ့သာဖြိုင်မှ ဟိုတယ်လက်ထောက် မန်နေ ဂျာ ဦးသီရိက စီစဉ်ပေးရပါ၏။

ညကျတော့ လှလွန်းအိမ် ကြည့်ရဲ မအိပ်သေးခင် ဒက်ဒီထံ ဖုန်းမဆက်ဘဲ ထားနေရပြန်ပါ၏။ ကြည့်ရဲကလည်း ခအိပ် ..။ အခန်းထဲ ကင်းစောင့်သလို လမ်းချည်းလျှောက်နေကာ တံခါးပေါက်ကိုပဲ တကြည့်တည်း ကြည့်၍ သတိဝီရိယရှိရှိဖြင့် နေနေပါ၏။ ဦးဘုန်းရှိန်သာ ရောက်လာမှာကို စိုးရိမ်နေမှန်း သိသာသည်။

ဆေးရုံမှ ဆရာဝန်ကြီး ဦးဘသာမှ ကြည့်ရဲကိုလည်း ဆေးထိုး ဆေးတိုက်နှင့် အားလုံး စမ်းသပ် ကုသတာတွေ လုပ် ခဲ့သည်ပါပဲ ..။

လောလောဆယ်မှာက .. ကြည့်ရဲသည် .. လူ ကောင်းကြီးလုပ်၍ .. အန္တရာယ်ကိုပင် ကာကွယ်မည့်အသွင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် လမ်းသလားမဆုံးအောင် အခန်းငယ်လေးထဲမှာ ခေါက်ခေါက်ခေါက်တင် လျှောက်မဆုံးဘဲ ရှိနေသမျှ ..။ ဒေါ်လေးခမ်းမွန်နဲ့ မိချို့တို့ဝင် မျက်စိတွေ ညောင်းကျ .. အိပ်ပျော်သွားကြရသည် အထိပါ ..။ ကြာညိုကတော့ ခုတန်းလေးမှာ ထိုင်ချလိုက်ရင်း လှလွန်းအိမ်ကို လှမ်းကြည့်သည် ..။ မတတ်နိုင် ..။ လှလွန်းအိမ်ပါ အိပ်ပျော်ဟန်ဆောင်မှုဖြစ်မည်ဟု တွေးကာ မျက်ဝန်းပေါ်တွင် ပိတ်ချထားလိုက်ရပါပြီ ..။

"အားလုံး အိပ်ကုန်ပြီ .. ဒုက္ခပဲ .. ဒုက္ခပဲ .. ဘယ်သူက စောင့်မှာလဲ .. ကဲ .. ဘိုးဘိုး ရောက်လာရင် ဘယ့်နယ် လုပ်မလဲ .."

ဟု ကြာညိုအသံတွေ ဘာတွေပင် ထွက်လျှက် ခေါင်းယမ်းရင်း ညည်းသည်။ ဦးဘုန်းရှိန်သာ ဆုံးပါးခွားသွားကိစ္စ .. ကြာညိုကို လောလောဆယ်မှာ အသိမပေးသင့်သေးဟု အားလုံးက တိုင်ပင်ဆုံးဖြတ်ထားကြတာမို့ ..။ ဦးဘုန်းရှိန်သာ မရှိတော့ကာကိုလည်း ကြာညို မသိ ..။ ဒါကြောင့်လည်း .. ကင်စောင့်နေသည့်အဖြစ် ..။

"ဘာလဲ ကိုတိုးရ .. ငြိမ်ငြိမ်နေကွာ .. မမလေး နိုးသွားမယ် .. ဘာလို့ ဒီကို လာရတာလဲ .. ဟိုအိမ်လေးမှာ စောင့်နေပါလား .."

ဟု ဆေးဘက်နေရာလေးကို ငဲ့ကြည့်၍ ဖြုန်းစားကြာညို ပြောနေတော့ အိပ်ချင်ဟန်ဆောင်လျက် မျက်စိလေး မှေးတမှေး ခိုးကြည့်နေပါသည့် လှလွန်းအိမ်ပင် တစ်ချက် အူကြောင်ကြောင်လေး ဖြစ်သွားရပါ၏။ ကြာညိုဆေးမှာ ဘယ်သူမှ ရှိမနေ

"ပြန်တော့ .. ပြန်တော့ .. ကြာညိုမှာ အဖော်တွေ အများကြီးရှိနေတာ တွေ့တယ်မဟုတ်လား .။ ဟိုမှာပြန်နေတော့ .. ဒီမှာ လူတွေးများလွန်းနေပြီ .. ပြန် .. ပြန် .. ဘာလဲ .. ကိုတိုးက စောင့်ပေးမလို့လား .. အင်း .. အင်း .. ဒါလဲ ဟုတ်တာပဲ .. ကိုတိုး စောင့် .. ဟုတ်ပြီ .. ကိုတိုးစောင့် .. ဘိုးဘိုးကို ဒီထဲ မဝင်စေနဲ့ကြားလား .. ကြာညို အိပ်လိုက်တော့မယ်နော် .. ကြာညို အိပ်ချင်နေတာ ကိုတိုးရ .."

ဟု ဖြိုးဖြိုးလည်းပြော ..။ ဒရင်းဘက်ဒ်ပေါ် လှဲလျက် တကယ်ပဲ အိပ်ချလိုက်သည်ပါပဲ ..။ လှလွန်းအိမ် မျက်ရည်ဝဲလာရပါပြီ ..။ ဩော် .. အဖော်မဲ့စွာ အရိုက်နှက်ခံဘဝကြီးထဲ လူးလဲခဲစားရင်း နေခဲ့ရစဉ်က .. ကြာညိုသည် .. တစ်ယောက်တည်း ဘဝမှာ .. အဖော်တစ်ယောက်ကို စိတ်ကူးဖြင့် ဖန်ဆင်း၍ နေခဲ့ရသည်တကား ..။ ကြာညိုလို ဝေဒနာ တစ်နင့်တပိုးကြီးဖြင့် ရှိရသူမဟုတ် ..။ လှလွန်းအိမ်တို့ပင် ငယ်စဉ်တုန်းက တစ်ဦးတည်း သောသမီးအဖြစ် ကြီးခဲ့ရသည်မို့ .. တစ်ယောက်တည်း ဈေးရောင်းတမ်း ကစားတတ်သည်။ အိုးမုတ်တမ်း ကစားတတ်သည်။ ဆေးမှာ အဖော်ရှိသည့်နယ် စကားလေးတဲပြောပြောဖြင့် ရှိတတ်သည်။ ဈေးရောင်းလိုသည်းကိုယ် ..။ ဈေးဝယ်လည်းကိုယ်ပဲ တစ်ယောကိတည်းက နှစ်ယောက်လုပ်က စကားအမေးအဖြေတွေပင် အကျအနလုပ်၍ ကစားတတ်သည်ပဲလေ ..။ ကြာညိုကျတော့ .. တစ်ယောက်တည်း .. အိမ်တစ်လုံးထဲမှာ အကြင်နာမဲ့သူတို့ လက်ထဲ ကြီးခဲ့ရသည်မို့ ..။ ကိုတိုးဆိုသည့် အဖော်တစ်ယောက်ကိုတော့ ဖန်တီးခဲ့ချေမည်သာတည့် ..။

www.burmeseclassic.com

www.burmeseclassic.com

ခုလိုကျတော့လည်း ကြာညို တစ်ယောက်တို့ စီတန်းလက်ချကြီး အိပ်မောကျသွားရှာသည်မို့ _ လှလွန်းအိမ် ခုတင်ထက်မှာ ထိုင်လိုက်မိရင်း ဒက်ဒီထံ ဖုန်းလေးဖြင့် ဆက်လိုက်မိရုပါပြီ _။

ညအချိန်ကြီး ဖုန်းဆက်လာသည့် သမီး _။

ပြောလာမည့် စကား _။ အားလုံးကို ကြားလျှင် ဒက်ဒီ _ အရမ်းကို စိတ်ပူချေတော့မှာ သေချာနေသည်။

"ဟယ်လို"

ဟု ဒက်ဒီ ထူးသံ _။ ဒက်ဒီ အိပ်ဦးမှာ မဟုတ်သေး။ စာကြည့်ခန်းထဲမှာ အလုပ်ကိစ္စတွေ လုပ်နေမှာ သေချာသည်။ စာရင်းအင်းတွေနှင့် ရှိချင်ရှိနေမည်။ ဒါမှမဟုတ် _ စာအုပ်စာစီအုပ်အုပ်ကို ဖတ်ချင်လည်း ဖတ်နေချေမည် _။ ပြီးတော့ _ သမီး လှလွန်းအိမ်ကို လွမ်းချင်လည်း လွမ်းဆွတ်နေချေဦးမည်။

"ဒက်ဒီ"

ခေါ်မိသံသည် လှိုက်နေ၏။ ရင်ထဲမှာ ခုမှ ပို၍ ဒက်ဒီ့ ရင်ခွင်ကို လွမ်းဆွတ်လာသည်။ ကလေးနယ် ဒက်ဒီ့ ရင်ခွင်ထဲ တိုးဝင်ငိုချလိုက်ချင်သည်ပါပဲ _။

"သမီး လွန်းလေး _ လှလွန်းလေး _ ငိုနေသလား _"

ဟု လှိုက်ခါနေသော သမီး၏ ရင်ထဲမှ အသံကို နားလည်ပုံဖြင့် ဒက်ဒီ စိုးရိမ်တကြီး မေးလာချိန်မှာ ငိုသံမျှင်မျှင်လေးသည် ကြီးသွားကာ လှလွန်းအိမ်၏ နှုတ်ဖျားဆီမှ ပွင့်ကျလာရပါပြီ _။

"ဒက်ဒီ"

နောက်ထပ် ခေါ်မိချိန်မှာ လှလွန်းအိမ် မျက်ရည်များ ကျလာနေကြပါချေပြီတည်း _။

www.burmeseclassic.com

www.burmeseclassic.com

တွေ့မှပဲ ရင်ထဲ နည်းနည်းအေးတယ် သမီးရယ် .. ခြေကျိုး လက်ကျိုးတွေများ ဖြစ်နေသလား .. မျက်နှာမှာ ထိခိုက်တာများ ရှိကုန်ပြီလား .. မျက်စိတွေ ဘာတွေများ ထိခိုက်သွားသေးသလား .. အို .. ချောင်းထဲကို ကမ်းပါးမြင့်ပေါ်က ခုန်ချရတယ်ဆိုတာကိုး .. တစ်ခုခုနဲ့ ရိုက်မိနိုင်တယ် .. မျက်စိတွေ ဘာတွေကို ထိခိုက်နိုင်တယ် .. သစ်ကိုင်း သစ်ခက်တွေ ထိုးမိရင် ဘယ်နယ်လုပ်မလဲ .. ကမ်းပါးမှာ ကပ်ပေါက်တဲ့ အင်တွေ .. အင်ငယ်လေးတွေ အခက်ငယ်လေးတွေ .. ရှိတတ်တယ် မဟုတ်လား .. တွေးလေလေ .. ဟိုဟာဖြစ်နေမလား .. ဒီဟာများ ဖြစ်နေမလားနဲ့ .. ဖြစ်ကုန်ရတော့တာ .. ခုလို .. မြင်မှ ဒက်ဒီ ရင်ထဲ ဟင်းချနိုင်တယ် .. သမီးလေးရယ် .. ဒက်ဒီ ဖူးဖူးမှုတ် တသသထားတဲ့ သမီးလေး .. ဒက်ဒို့ သမီးလေး .. ဖြစ်မှဖြစ်ရလေတယ်ကွယ် .."

ပြောပြောနေရင်း ဒက်ဒီ တကယ့်ကို မျက်ရည်တွေ ပြိုပြိုကျလာကာ လှလွန်းအိမ် မျက်နှာလေးကို ဖွဖွလေး ပွတ်သပ်လိုက် .. ဆံစလေးတွေ သပ်ပေးလိုက် .. နဖူးလေး နမ်းလိုက်နှင့် ဒက်ဒီ ဖြစ်နေရှာသည်။ ဒက်ဒို့ကို ကလေးလေးကိုပဲ လှလွန်းအိမ် သိမ်း၍ အားကိုးတကြီး ဖက်တွယ်ထားမိရင်း မျက်ရည်ကျမိရသည်ပါပဲ .. ဒက်ဒီသည် လှလွန်းအိမ်ကြောင့် စိတ်သောကကြီးစွာ ဖြစ်ရချေသည် မဟုတ်ပါလား .. ဒက်ဒို့ကို သနားလိုက်ပါဘိ။ မနေ့ညကတည်းက မအိပ်မနေဖြင့် ဆောက်လျောက် ခရီးထွက်ခဲ့ကြတာမို့ ခရီးလည်းပန်းချေမည် .. ညနေ

အခန်း(၂၃)

အလောတကြီး ဝင်လာသည့် ခြေသံ .. စိတ်ဓာတ်ကြီးလျက် ဖြတ်လျှောက်လာရင်း တိုက်မိသည်နှင့် ခုတင်ဘေးမှ ကုလားထိုင်ပင် လဲပြိုကျသွားရလျှက် သိမ်းကျုံးမှော့ငင်လိုက်မှု ဖြင့် လှလွန်းအိမ် ရောက်ရှိသွားရသည်က .. ဒက်ဒို့ရင်ခွင်တွင်းသို့ ပါ ..။

"သမီးလေးရယ် .. မနေ့ညက ကြားလိုက်ရတာနဲ့ .. ဒက်ဒီ ချက်ချင်း ဒီကို ညကြီးမင်းကြီး ထွက်ခဲ့တော့တာ၊ လှလွန်းလေး ပြောပြတာထွေ အားလုံးဟာ .. မသေကောင်း မပျောက်ကောင်းတွေချည်းပါပဲလား .. ဒက်ဒီ အရမ်းစိုးရိမ်သွားရတော့တာ .. မောင်ဖိုးနောင်ကို ဒက်ဒီ ချက်ချင်း ပြောပြလိုက်တယ်လေ .. မနေ့ညက လှလွန်းလေး ဖုန်းချလိုက်တာနဲ့ ချက်ချင်း ဒက်ဒီ ဖိုးနောင်ကို ဖုန်းဆက်ပြောတော့ ခမျာ .. ချက်ချင်း အဝတ်အစားအိတ်လေးနဲ့ အိမ်ကို ရောက်လာတော့တာ .. သူပဲ ကားမောင်းလာတယ်၊ ကဲ .. ဒက်ဒီတို့ မနက်ဖြန် .. ဒီက ထွက်ကြမယ် .. ခုလို

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းလောက်မှာ လွိုင်ခမ်းသာသို့ ရောက်အောင် မနှားကား
ကားမောင်းခဲ့ရပါသည့် ကိုနောင်လည်း ပင်ပန်းချေမည်သာ
လှလွန်းအိမ် ဒက်ဒီ ရင်ခွင်မှ အသာလေး ပခုံးကို ဆွဲ
ခေါင်းလေးပြုကာ ကလေးငယ်လေးတစ်ယောက် ထောင်းပန်း
လေး ကြည့်မိရ .. လိုက်ရှာမိရသည်က ကိုနောင်ကိုပါ ..။

တံခါးအလွန်မှာ ကိုနောင် ရပ်နေသည်။ သ
အိတ်နှစ်လုံးသည် ငြိမ်သက်စွာ ရပ်နေသည့် ကိုနောင် ခ
ရှိနေပါ၏။ ကိုနောင် အကြည့်တွေက မရွေ့မလျားကြီး လှလွန်
အိမ် ထံမှာ ရှိနေသည်။ ဖခင်၏ ပခုံးလေးကို ခေါင်းလေး
၍ ကလေးငယ်လေးနယ် ဖေးတင်ချောင်းကြည့်နေသည့် လှလွန်
အိမ်၏ မူရာလေးကို ကြည့်နေရင်းဖြင့် အပြစ်တင်ရိပ်တွေ
စိတ်မောပုံကြီးဖြင့် မျက်နှာထက်မှ ဖယ်ရှားလိုက်ရကာ ခေါင်
ယမ်း၍ ကိုနောင် လျှောက်လာပါ၏။

"ဆောရီး ကိုနောင်"

ခပ်တိုးတိုးလေး မော့တောင်းပန်တော့ ကိုနော
ခုတင်စွန်းမှာ ထိုင်၏။ ဒက်ဒီမှ လှလွန်းအိမ်ကို ခုတင်ထက်မှာ
ခေါင်းအုံးတွေ ဖေးမို၍ ထိုင်စေကာ ခုတင်ပေါ်မှာ ဒက်ဒီလည်း
ထိုင်နေရင်း လှလွန်းအိမ် လက်လေးကို ထွေးဆုပ်ထားရှာပါ၏

"အေး .. အဲဒီ ဆောရီးလေးတစ်လုံး ဖြစ်လာအောင် ကြီး
ရတဲ့ကိစ္စတွေက .. တော်ရုံတန်ရုံ မဟုတ်ဘူး မိလွန်းအိမ်
ကိုနောင် အမြဲပြောတယ် .. တစ်ယောက်တည်း ရွပ်ရွ
ရွပ်ရွပ် မသွားနဲ့လို့ .. ခု .. ကြုံပြီမဟုတ်လား .. အေး
ညည်းလေး တစ်ခုခုဖြစ်ကြည့် .. အန်ကယ် သေသွားလို့

မယ် .. သိရဲ့လား .. သမီးဖောနဲ့ .. ညကလဲ .. ဖျက်ရည်
တွေ ကျနေတာ .. ညည်းဟာလေ .. သတ္တိရှိတယ်
ရှိတယ်နဲ့ တစ်ယောက်တည်း ကားမောင်းပြီး မြို့စကာကို
ထွက်ချင်တဲ့အခါထွက်တတ်တဲ့ .. မိန်းကလေး .. ခု ..
မသေကောင်းမပျောက်ကောင်း ကြုံပြီမဟုတ်လား .. မင်းသာ
တစ်ခုခုဖြစ်ကြည့် .. ကိုနောင် ရူးမယ် .. အဲဒါ သိရဲ့လား၊
ပြီးတော့ .. ညည်းလေးဆီကို မလိုက်လာဖြစ်မိခဲ့တဲ့
အဖြစ်ကို ယူကျုံးမရ ဖြစ်နေရမှာ .. ညည်း .. ညည်းလေး
ကို ကိုနောင် ဖုန်းပြောတုန်းက လိုက်လာခဲ့မယ်လို့ကို
ပြောထားမိခဲ့ပြီးသား .. လူနာတွေများနေတာနဲ့ .. မထားနိုင်
ပြန်လို့ .. ဟိုမှာ ဆက်ရှိနေရတာ .. ဒီရက်ပိုင်းလေးမှာ
ညည်းက .. ဒီမှာ သေဘေးနဲ့ တိုးနေပြီ .. ဟင် .."

ကိုနောင် .. တောက်လျှောက်ကြီး ပြောချလာလျှက်
ယေဘုန်းက လှလွန်းအိမ်ကို စိတ်လက်တိုလာလျှင် ကရုဏာဒေါသ
ဖြင့် ခေါင်းလေးကို ထုသည့်နယ် ခုလည်း ဘစ်ချက် ခေါင်းကို
ထုပစ်သည်။ ဒက်ဒီ ရှိနေတာကိုပင် အာရုံထဲ ရုတ်တရက်
ပျောက်သွားပုံရရှာပါ၏။ နောက်မှ ဒက်ဒီကို သတိရကာ အားနာ
သလိုလည်း၊ ဘစ်ချက်တောင်းပန်ကြည့်လေးဖြင့်ကြည့် ..။ ပြတင်း
အနီးမှာ ကိုနောင် သွားရပ်သည်။ စိတ်လှုပ်ရှားစွာ ပြတင်းပေါက်
ပေါင်ကို လက်ဖြင့် ဆုပ်ချေဖြန့်ချေဖြင့် ကိုနောင် ရှိနေရှာပါ၏။

"ဆေးရုံကို ဒက်ဒီတို့ အရင်ရောက်သေးတယ် .. ဆင်းသွား
ပြီလို့ ပြောတာနဲ့ .. ဒီကို လိုက်လာခဲ့ရတာ .. နဲ့သားဖြင့်
ဟိုတယ်မှာပဲ ရှိတယ်ဆိုတာကိုး"

www.burmeseclassic.com

www.burmeseclassic.com

ဒက်ဒီ မြောတော့ လှလွန်းအိမ် ဒက်ဒီ လက်ခံ ပြန်၍ အားကိုးတကြီး ဆုပ်ထားမိရင်း ..

"ဒီနေက် ဆင်းတာပါ ဒက်ဒီ၊ ဒက်ဒီ့ကို ဖုန်းဆက်သေး တယ်၊ ဖုန်းခေါလို့ကိုမရတာ .. နောက် .. ခေါကြီး လာ ကိုင်တယ် .. ဒက်ဒီ လွိုင်ခမ်းသာကို မနေ့ညကတည်းက ကိုနောင်နဲ့ ထွက်သွားပြီလို့ ပြောတယ် .. ဒက်ဒီ အားလုံး ပြောပြထားလို့နဲ့တူတယ် .. ခေါကြီးလဲ ငိုနေတာပဲ .. လှလွန်း ဘာဖြစ်သွားလေးလဲနဲ့ကို တမေးတည်းမေးနေ တာ .."

"အေး .. လူတိုင်းက ညည်းလေးကြောင့် ငိုယိုစိတ်ပူနေရတာ အမြဲရင်ထဲမှာ ပိုက်ထား .. သိထား .. ကြားရဲ့လား .. ဘယ်သူမှ မကျန်ဘူး .. စိတ်ပူနေကြရတာချည်းပဲ .. အိမ်မှာပဲ ဖေဖေနဲ့ မေမေ ရှူးကျန်နေပြီ .. ညည်းလေးအတွက် စိတ်ပူနေရတာ .. ခု .. ကိုနောင် .. ဖေဖေနဲ့ မေမေကို လဲ ဖုန်းဆက်ရဦးမယ် .. စိတ်မပူပါနဲ့လို့ .. သူ့ကို ချစ်တဲ့သူတွေ စိတ်ပူအောင် ဆက်လုပ်ဖို့အတွက် ခုတင်မော် မှာ ရှိနေပါတယ်လို့ .. သိလား .. သိရဲ့လား .."

ဤတစ်ကြိမ်မှာတော့ ကိုနောင်စိတ်ကို လွတ်လျက် ကရုဏာစိတ်ဖြင့် ခပ်ကြမ်းကြမ်း ပြောနေတော့ ဒက်ဒီပင် ဝင်မဟန့်တော့ ..။ ကိုနောင် အခန်းထဲ ခေါက်တုံ့ခေါက်တင် လျှောက်နေသည်။ အရပ်မြင့်မြင့် ..။ အသားညိုဝင်းဝင်းဖြင့်ခန့် သန့်နေအောင် ချောပါသည့် ကိုနောင် ..။ လှလွန်းအိမ်ကိုမှ ..

စာခြေတ်နိုးနိုး အရိပ်တကြည့်ကြည့် ချစ်ပါလေသော ကိုနောင် ..။ စကယ်များ လှလွန်းအိမ် ချောင်းရေမှာ နစ်၍ သေများသေ သွားခဲ့လျှင် တကယ့်ကို အရှုးတစ်ပိုင်း ဖြစ်ကျန်ခဲ့မှာ သေချာသည်။ ဒက်ဒီဆို ပိုဆိုးချေမည်သာ။ ဤသမီးလေးတစ်ယောက်တည်းကိုပဲ ပုံ၍ ချစ်ရှာသည် မဟုတ်ပါလား ..။

"နောက်ကို .. ခုလို .. တစ်ယောက်တည်း ခရီးမထွက်တော့ ပါဘူး ကိုနောင်ရယ် .. ခေါကြီးကို ခေါသွားပါ့မယ် .."

အိမ်မှ ခေါကြီးတင်ကို ထည့်ပြောတော့ ကိုနောင် ရုပ်ပစ်လိုက်ကာ ..

"ခေါကြီးတင်ပါလဲ မသွားရဘူး .. ညည်း ခြေလှမ်းကို ရပ်ထား .. လူတွေက မစားမသောက်နိုင်ဘဲ အပူနဲ့ ရောက်လာတာ .. လောလောဆယ် အမောတောင် မပြေ သေးဘူး .. ညည်းက .. ခရီးမသွားဘဲ နေပါ့မယ်လို့ တစ် ခွန်းလေးပြောပေးဖော်မရဘဲ .. ခေါကြီး ခေါသွားပါ့မယ် တွေ ဘာတွေ လုပ်နေသေးတယ် .. တောက် .. နောက် တစ်ချက် ခေါင်းထူလိုက်ရ .. ခုထုထားမိတာ ရင်ထဲ မကောင်းဖြစ်နေရတဲ့အထဲကွာ .."

ဟု ပြောတော့ ဒက်ဒီ မနေသာ ..။ ရယ်ပါ၏။ ကိုနောင့် အချစ်တွေကို ဒက်ဒီ နားလည်လျက် သားရင်းပမာ ကို သဲယောင်ပြင့် ဒက်ဒီ ကိုနောင့်ကို ချစ်သည်ပါပဲ ..။ ခုလည်း လှလွန်းအိမ်အတွက် စိတ်ပူနေလေသမျှ ပြောနေပါသည့်ကို ချစ် စိတ်ဖြင့် ဂယ်၍ ကြည့်ခြင်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် လှလွန်းလေး .. ဒီတစ်ခါတော့ ဒက်ဒီ သမီးကို မြောက်မလေးရဲတော့ဘူး .. သတ္တိရှိတယ် သတ္တိရှိတယ်နဲ့ သမီးလေးကို ချီးကျူးအားပေးလုပ်ခဲ့မိသေး သမျှ .. ခုလို .. သမီးလေး အန္တရာယ်တွင်းထဲက မသေ ကောင်းမပျောက်ကောင်း လွတ်လာတော့ .. အဲဒီအားလုံး မူတွေ ပြုမိခဲ့မှုးတဲ့ ဒက်ဒီတောင်မှ တာဝန်မကင်းသလို ဖြစ်ရ .. နောင်တဖြစ်ရ .. အပြစ်ရှိနေသလိုကြီး ခံစားနေ ရတာ .. မရတော့ဘူး သမီး .. တစ်ယောက်တည်း ဘယ်ကိုမှ မသွားရဘူး .. ဒါ .. ဒက်ဒီ ဆုံးဖြတ်ချက်ပဲ .."

ဟု ပြောတော့မှ ကိုနောင် စိတ်လက်အေးချမ်းသွား ပုံဖြင့် မျက်နှာ အတန်ကြည်လင်လာသည်။ လှလွန်းအိမ်က် ဘယ်မှ မလွတ်တော့ဟု ဒက်ဒီက ပြောချေပြီကိုး ..။

"ဆေးရုံမှာကလဲ သိလား ဒက်ဒီ .. ဒီမြို့မှာက ဦးဘုန်ရှိန် သားကို လူသိများကြတာကိုး .. ကြာညို့ကိစ္စကိုလဲ လူသိ ကြတာများတော့ .. ခုလို ဖြစ်လာရတဲ့ကိစ္စက .. သတင်း ကို ကြီးနေတာ .. စိတ်ဝင်တစားနဲ့ .. ဆေးရုံကို လာကြ လှလွန်းရဲ့ အထူးလူနာခန်းတံခါးဝမှာ လာရပ်ကြည့်ကြနဲ့ ကို အရမ်းကို လူစည်နေတော့တာ .. စိတ်ဝင်စားလွန်းလို့ လာကြည့်သူတိုင်းကလဲ .. သနားလွန်းနေကြတော့တာ .. စုတ်တသပ်သပ်နဲ့ သိလား .. ပွဲတစ်လုံးလိုကို ဖြစ်နေရော အဲဒါနဲ့ .. ဆရာကြီးက လူနာလဲ ဒဏ်ရာက စိတ်မပူရ တော့ဘူး .. ရုပ်ထိထားတာပဲဖြစ်တယ် .. အဖျားလဲကျပြီ .. နဲ့သမ္မြိုင်မှာပဲ ပြန်နားပါ .. လူနာအေးအေးဆေးဆေး နေပါစေ

ဒီမှာ .. လူတွေ လာကြည့်တာများနေတော့ လူနာ အနေရ အထိုင်ရ မလွတ်လပ်ဘဲ ဖြစ်နေမယ်လို့ ဆိုတာနဲ့ .. ဒီမနက် ဒီကို ရောက်တာပါ ဒက်ဒီ .. ဒီက လူတွေက အရမ်းကို ရိုးသားဖြူစင်ကြတာ .. လှလွန်းအိမ်နဲ့ ကြာညို့ ကို သနားလို့ကို မဆုံးကြ .. အဲဒယ် .. စားသောက်စရာ သစ်သီးဝလံလေးတွေတောင် လူနာမေးဆိုပြီး လာပေးကြ တာ .. သိလား .."

ဟု ပြောတော့ ကိုနောင် ခေါင်းကြီးမတ်၍ ..

"အဲဒါပဲကြည့် .. သူများတွေလဲ စိတ်ပူကြရတယ် .. မေတ္တာနဲ့ လာကြည့်ကြရှာတာ .."

ဟု ဝင်ပြောစဉ်ခိုက် ..

"သစ်တော့သီးတွေ ဘာတွေ ဆိုတာ ခြင်းနဲ့ကို ဖြစ်ရော"

ဟု ဆက်ပြောတော့ ကိုနောင် ခေါင်းယမ်းနေသည်။

"သူက ပျော်နေတယ် အန်ကယ် .."

ဟု ဆက်ပြောနေတော့ ဒက်ဒီ ရယ်နေသည်ပါပဲ။

အခန်းတွင်းသို့ ဒေါ်လေးခမ်းမွန် ဝင်လာသည်။ စားသောက်စရာတွေက အတွေ့ထောင်းထောင်းဖြင့် နောက်ပါးမှ လိုက်လာသော မိန်းကလေးနှစ်ယောက်၏ လင်ပန်းထက်မှာပါ လာ၏။

ရှမ်းခေါက်ဆွဲ ..။ နွားနို့ပူပူနှစ်ခွက် ..။ ပန်းသီး စိပ်နှင့် သစ်တော့သီးစိပ်များပါသော ပန်းကန် ..။ ကြက်သား ကြော်နှစ်ပွဲတို့ပါ ..။ ဒက်ဒီတို့ ရောက်လာသည်ဆိုကာနှင့် ဒေါ်လေး အားလုံး စီစဉ်ခြင်းပါ ..။

www.burmeseclassic.com

www.burmeseclassic.com

"ဒီဘေးဘက်ခန်းကျယ်ကြီး နှစ်ခန်းကို အနံကယ်နဲ့ ဒီဘ
လူလေးအတွက် စီစဉ်ထားပါတယ် .. ကျွန်မ ခမ်းမွန်
ကြာညိုကို ငယ်ကတည်းက ထိန်းခဲ့တဲ့အထိန်းပါ .. ခုတ
အားလုံး ကဲကောင်းသွားကြရတာက .. ဆရာမလေးရဲ့
သတ္တိရှိမှုကြောင့်ပါ .. စိတ်ရင်းကောင်းမှုကြောင့်ပါ .."

စားသောက်စရာတွေကို စားပွဲရှည်တစ်လုံးပေါ်မှာ
နေသားတကျ ထားသိုနေရင်းဖြင့် ဒေါ်လေးခမ်းမွန် တရိုတသေ
ပြောလာပါ၏။ ဘေးမှာ ခုံလေးတစ်လုံးဖြင့် ခပ်ယိုယို လာထိုင်
သည်။ ဒက်ဒီနှင့် ကိုနောင့်ကိုလည်း အစေအပါးတစ်ယောက်က
တရိုတသေ ကြည့်သည့်နှယ် ကြည့်ရှာပါ၏။

"သုံးဆောင်ကြပါဦး အန်ကယ် .. လူလေးလဲ သုံးဆောင်
ပါဦး .. ညစာကိုတော့ .. ဒီအခန်းထဲမှာပဲ .. စားသောက်
နိုင်ဖို့အားလုံး စီစဉ်ထားပါ့မယ် .. မိန်းကလေးနဲ့ တူတူ
စားလို့ရအောင်ပါ .. ကြွပါ"

ဟု ပြောတာမို့ ဒက်ဒီနှင့် ကိုနောင်တို့ စားပွဲရှည်
မှာ စားသောက်ဖြစ်ကြရပါ၏။ ခရီးလည်းပန်း။ စိတ်မော
ကိုယ်မောဖြင့် ဘာမျှလဲ မစားမသောက်ရှိခဲ့၍ထင့် .။ ဆာဆာနဲ့
မြိန်မြိန်ရှက်ရှက် စားသောက်ဖြစ်ကြသည်။ ဒေါ်လေးခမ်းမွန်မှ
လှလွန်းအိမ်ကို နွားနို့ဖန်ခွက် ကမ်းပေးရင်းမှ ..

"အဲဒီတုန်းက .. မိန်းကလေးသား .. ကျွန်မရဲ့ အိမ်မှာ
ကြာညိုနဲ့အတူ ကျွန်မနေခဲ့ဘူးဆိုရင် .. ကြာညို့ကို ဘယ်သူမှ
ကာကွယ်ပေးလိုက်နိုင်တော့မှာ မဟုတ်ပါဘူး .. ကြာညို

အသတ်ခံရရှာမှာပါ .. ခုကျတော့ .. ဆွေခေါ်ထွက်ပြေး ..
အသက်စွန့်စားပြီးတော့ကို ချောင်းထဲခုန်ချ .. အဲသလို
ရှိခဲ့ရတာပါ .. အဲဒီအချိန်မှာ ကျွန်မတို့က .. လွိုင်ခမ်းသာ
ဈေးထဲမှာ ရှိနေကြတာ .."

ဟု ဆက်ပြောပြတော့ ဒက်ဒီ ခေါင်းညိတ်နားထောင်
ပါ၏။ ဟုတ်နေသည် ..။ ခုမှ .. လှလွန်းအိမ်လည်း တွေးဖြစ်
လာရပါသည့်အဖြစ် ..။ အကယ်၍သာ ကြာညိုနှင့်အတူ သစ်တော
ခြံအိမ်လေးသို့သာ လှလွန်းအိမ် ပါမသွားခဲ့လျှင် ..။ ဒေါ်လေး
ခမ်းမွန်တို့၏ ခေါ်ဆောင်သွားမှုမှာသာ လှလွန်းအိမ်သည် ပါမသွား
ခဲ့လျှင် ..။ ဒေါ်လေးခမ်းမွန်၏အိမ်မှာ ကြာညိုနှင့်အတူ လှလွန်းအိမ်
သည် ကျန်ရစ်ခဲ့စရာကိုမရှိ ..။ ခု .. ပါသွားခဲ့တာမို့လည်း ဒေါ်လေး
၏အိမ်လေးမှာ ကျန်ခဲ့ရ ..။ ကြာညို့ အသက်ကို ကယ်တင်ခဲ့ရ
သလိုကြီး ဖြစ်ခဲ့ရချေသည်တကား ..။

"ကြာညိုဟာ .. ယာတောအိမ်ကြီးဘေးက ရေကန်မှာ ..
အစ်ကိုကြီးနဲ့ အတူ ရေကူးနေကျလေ .. သူတို့ သားအဖ
အဲဒီမှာ တောဘဲတွေလဲ ပစ်ဖူးခဲ့ကြတယ် .. ရေလဲ
အတူတူ ကူးခဲ့ဖူးကြတယ် .. ကြာညိုဟာ .. ချောင်းရေထဲ
ရောက်တော့ .. အလိုလို ရေကူးဖြစ်ခဲ့တာမို့လဲ .. နှစ်
ယောက်စလုံး အသက်ရှင်ဖြစ်ခဲ့ကြရတာပါ .."

ဟု ပြောပြနေစဉ်ခိုက် ..

"သူက .. အိမ်က ရေကူးကန်မှာ တစ်နေ့ သုံးလေးခါ
ဆင်းကူးနေတတ်သူလေ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုနောင်မှ ဝင်ပြောပါ၏။ လှလွန်းအိမ်ရေကူးတတ်တာကိုကျတော့ ဝင်ကြွားချင်နေသည့် ကိုနောင်ပါ။

"အေးလေ .. ဘာပဲဖြစ်ဖြစ် .. သမီးလေး ဒီကိုရောက်လာတဲ့အတွက် ဒီအဖြစ်တွေကိုလဲ ကြုံဖြစ်ရ .. သမီးလေးကြောင့်လဲ .. လူငယ်လေး တစ်ယောက်ရဲ့ ဘဝတစ်ခုလုံးဟာ .. အသက်ရှင်ရပ်တည် .. ရှင်သန်ခွင့်ရခဲ့ရတယ်ဆိုတော့ .. ဒက်ဒီ ဂုဏ်ယူကြည်နူးမိပါရဲ့ကွယ် .. အဲဒီ သူငယ် .. ကြာညို ဆိုတာကိုလဲ .. ဒက်ဒီ နောက်မှ .. ထွေ့ပါဦးမယ် .."

ဟု ဒက်ဒီ ပြုံး၍ ပြောကာ ဒေါ်လေးခမ်းမွန်ကိုလည်း ပြုံး၍ ကြည့်လျက် ..

"အစားအသောက်တွေ ကောင်းလှပါတယ် ညီမ"

ဟု ပြောပါ၏။

"ကြာညို အိပ်ရာက နိုးတဲ့အခါ .. ကျွန်မ .. အစ်ကိုကြီးတို့နဲ့ တွေ့ပေးပါ့မယ် .. သူက .. မိန်းကလေးကို အလွန်သဲယောင်ဖြင့် ရှိတာပါ .."

ဟု ပြောပြီးသည့်နောက်မှာ ဒေါ်လေးခမ်းမွန်မှ သက်ပြင်းရှိုက်ပါ၏။ ဒေါ်လေးခမ်းမွန်လည်း သိချေမည်သာ .. ဒက်ဒီတို့ ရောက်လာပြီးပြီဆိုမှဖြင့် .. မကြာခင် လှလွန်းအိမ်ကို ခေါ်ပြန်သွားကြချေမည်ဟု ..

"သမီးလေးကို .. မနက်ဖြန် .. ကျွန်တော်တို့ ခေါ်သွားပါ့မယ် .. အိမ်မှာပဲ ပြန်နားခိုင်းပါ့မယ် ညီမ .."

ဟု ဒက်ဒီ ပြောတော့ ဒေါ်လေးခမ်းမွန်မှ မျက်နှာမကောင်း .. လှလွန်းအိမ်လည်း ငိုင်ခနဲ ဖြစ်သွားရပါ၏။ ရင်ထဲမှာ နှင့်နေသည်။ ကျင်ခနဲ ဖြစ်သွားရလျက် ချက်ချင်း ကြာညို့မျက်နှာကို မြင်လာမိရပါချေသည်တကား ..။

ညော် .. လှလွန်းအိမ် ဖြန်ချေလျှင်ဖြင့် .. ကြာညို ငိုချေလိမ့်မည်။ အရမ်းကို ငိုကြွေးကျန်ခဲ့ပါချေလိမ့်မည်။ ဆေးရုံက ဆင်းလာသည့် ဤမနက်ကဝင် .. တော်ရုံဖြင့် အခန်းထဲက မထွက်ဘဲ ခုတင်ဘေးမှာ ခုံတစ်လုံးဖြင့် ထိုင်စောင့်နေခဲ့သည့် ကြာညို ..။ ကြာညို့ကိုလည်း သမားတော်ကြီးနှင့် ဦးနောက်နှင့် အာရုံကြောဆိုင်ရာ ဆရာဝန်ကြီးတို့က စမ်းသပ် ..။ ဆေးကုသ။ ဆေးထိုးဆေးတိုက်နှင့် ရှိနေခဲ့ပြီ ..။ ခုလည်း နေ့လယ်စာစားပြီးသည့်နောက်မှာ ဆေးရှိန်ကြောင့် အိပ်ငိုက်လာတော့မှ ဘေးဘက်ရှိ အခန်းမှာ ဒေါ်လေးခမ်းမွန် ချောမောခေါ်သိပ်ခဲ့ရခြင်းပါပဲ။ လှလွန်းအိမ် ကိုယ့်ဘာသာကိုယ် သိလာသည်။ မပြန်ချင်သေး ..။ ဟုတ်သည်။ လှလွန်း မပြန်ချင်ဘဲ ဖြစ်နေသည်။ ကြာညို့ကို မထားရက်နိုင်စွမ်း ..။ မျက်နှာဝန်းကြီးတွေဖြင့် ဖြူစင်လွန်းစွာ တချစ်ခင်ခင် ရှိနေရှာပါသည့် ကြာညို ..။ သူ့ဘဝမှာ .. တွယ်တာစရာဟူ၍ .. မရှိခဲ့သည်မို့ ..။ လှလွန်းအိမ်၏ ဂရစိုက်မှုများ၊ နှာလည်ဖေးကူမှုများ၏ သံယောဇဉ်အရိပ်အောက်မှာ .. သူက လည်း အရမ်းကို တွယ်တာလွန်းစွာ ရှိသွားခဲ့ရချေသည်တည်း။ ပို၍ ဖြစ်တည်လာရသည်က .. သေမင်းခံတွင်းမှ လွတ်အောင် ပြေးလွှားခဲ့ရမှုများ ..။ ပြီးတော့ .. ပို၍ တရင်းတချာ ရိုင်လွန်းစွာ စားစရာ သောက်စရာတွေ ရှာဖွေကြ ..။ ဖျားနေသည့် လှလွန်း

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို တတ်သမျှ မှတ်သမျှလေးဖြင့် ပြုစုခဲ့ရသည့် အဖြစ်များသည် .. ကြာညိုနှင့် လှလွန်းအိမ်၏ နှလုံးအိမ်တွင်းမှ မထွက်ခွာနိုင်စွမ်းတော့အောင် .. သံယောဇဉ်ကြိုးကို ပို၍ ခိုင်တည်မြဲစေသည် မဟုတ်ဝါလား။

"သွားတဲ့အခါကျတော့မှပဲ .. ကြာညိုကို သိပါစေတော့လေ .. သူ .. ခုသိရင် .. အလွန်စိတ်ထိခိုက်မှာမို့ဝါ .."

ဟု ခေါလေးမှ တောင်းပန်သလိုလေး ဒက်ဒီကို ပြောစဉ်မိုက် .. လှလွန်းအိမ် ရင်ထဲမှာ ဆို့နေသည်။ မျက်ရည်က အလိုလိုလည်တက်လာရပါသည့်အဖြစ် .. ။ နေရစ်ခဲ့တော့ ကြာညိုရယ် .. ။

ကြာညိုကို .. လှလွန်းအိမ် .. ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ဘူးဆိုတာကိုတော့ .. လှလွန်းအိမ်ရဲ့ .. နှလုံးအိမ်လေးက သိနေကြတယ် ကြာညို .. ။

ဩော် .. တည်မြဲနေစေကြပါတယ်ကွယ် .. ။

အဆုံးမဲ့သော .. သံယောဇဉ်နဲ့ .. နှုတ်ဆက်ခဲ့ရတော့မယ် ကြာညို .. ။

မျက်ရည်ဉသည် .. ဟန်ဆောင်မရနိုင်စွာ .. ကြွေသက်ချေသည့်တည့် .. ။

အခန်း(၂၄)

"မမလေး"

အားလုံး တိုးတိတ်ငြိမ်နေအောင် သတိထား၍ ကားပေါ်ရောက်စဉ်ခိုက် ခေါသံက အပေါထပ်မြှင့်ဆီမှ ပေါလာတာမို့ လှလွန်းအိမ် ရင်ထဲ ပို၍ ထိခိုက်ရပါပြီ .. ။ မနက်စောစော သုံးနာရီမှာ ကြာညို မသိအောင် ကားဖြင့် ထွက်ခွာဖို့ မနေ့ကတည်းက စီစဉ်ထားရခြင်းမှာလည်း လှလွန်းအိမ်၏ တောင်းဆိုမှုကြောင့်ပါ .. ။

"သမီး ဒီက ပြန်သွားတဲ့အခါ .. ကြာညို သိလို့မဖြစ်ဘူး ဒက်ဒီ .. သူ့သံယောဇဉ် .. သူ့အတွယ်အတာကို လှလွန်းအိမ် သိနေတယ် .. အရမ်းခံစားပြီး ကျန်ခဲ့မှာ .. သူ အလွန်ချစ်တဲ့ လှလွန်းအိမ်ဟာ သူ့မျက်စိရှေ့မှာတင် ပြန်သွားတာကို သူ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး .. အဲဒီကတည်းကိုက .. စိတ်ထိခိုက်စရာကို ကြုံပြီး ဖျားနာခဲ့ရာက ဦးဘုန်းရှိန်သာရဲ့ တိုက်ကျွေးစေခဲ့တဲ့ ဆေးကုသမှုတွေထဲ

www.burmeseclassic.com

www.burmeseclassic.com

ထိုးစေခဲ့တဲ့ ဆေးဝါးတွေဒဏ်နဲ့ အာရုံတွေ ပြည့်ပြည့်ဝ
ဦးနှောက်မှာ မလုပ်နိုင်အောင် ရှိခဲ့ရတဲ့ ကြာညိုဟာ
တွယ်မိတွယ်ရာ .. လှလွန်းအိမ်ကို အရမ်းတွယ်တာနေ
ရှာတာပါ .. လှလွန်းအိမ်ရဲ့ သူ့အပေါ် တုံ့ပြန်ထားရှိခဲ့တဲ့
သံယောဇဉ်ကြောင့်လဲ .. သူ့သံယောဇဉ်ဟာ အရှိန်ပိုကြီးမား
ခဲ့တာပါ .. ခု .. လှလွန်းအိမ် ပြန်ပြီဆိုရင် .. သူ အရမ်း
ကို ခံစားရရှာမယ် .. သူ့ရှေ့မှာတော့ မပြန်ပါရစေနဲ့
ဒက်ဒီ .. သူ မသိအောင် ပြန်သွားတော့လဲ .. နောက်မှ
သူသိ .. ဘေးကလဲ ဖျောင်းဖျနဲ့ ရှိသွားရင် .. ကြာတော့
လဲ .. သူ နေတတ်သွားမှာပါ .. သူ့ရှေ့မှာ ပြန်သွားရင်
ဖြင့် .. သူ .. အလူးအလဲ ခံစားရရှာမှာ .. အဲဒါကို ..
လှလွန်းအိမ် သိနေပါတယ် ဒက်ဒီ .. သူ့ရင်ကို ..
လှလွန်းအိမ် မြင်တတ်နေပါတယ် .. အရမ်းကို ဖြူစင်တဲ့
သူ့နလုံးအိမ်လေး ကြေပြွန်းကျန်ခဲ့တာကို လှလွန်းအိမ်
ကိုယ်တိုင်လဲ .. မမြင်ရက်နိုင်လွန်းလို့ပါ .. ခံနိုင်ရည်
မရှိလွန်းလို့ပါ .."

ဟု မျက်ရည်ကျရင်း လှလွန်းအိမ် ပြောသည်ကို ..
ဒက်ဒီမှ လှလွန်းအိမ် ပြောသည့်နယ်ပင် .. မနက်စောစောကြီး
သုံးနာရီမထိုးခင်မှာပင် အားလုံး ပြန်ကြဖို့ စီစဉ်ထားနှင့်ပြီးသား
ဖြစ်သွားခဲ့ရသည်က .. မနေ့ကတည်းကပါ ..

ဒါပေမဲ့ .. ဩော် .. ဒါပေမဲ့ .. ကြာညိုသည် ..
အပေါ်ထပ်ဧည့်တင်းကို ဖွင့်လျက် ခေါင်နေခဲ့ချေပြီတကား ..

လှလွန်းအိမ် မော့ကြည့်တော့ မမိုတ်မသုန်ကြီး
ငုံ့မိုး၍ ကြည့်နေသည့် ကြာညိုကို မြင်နေရသည်။ မနေ့ကတည်းက
ကြာညိုသည်လည်း တော်တော်နှင့် သူ့အခန်းသို့ မပြန်ဘဲ လှလွန်း
အိမ် ဘေးမှာ ထိုင်ရင်း စိုးရိမ်သည့် မျက်နှာလေးဖြင့် တကြည့်
ကြည့်လုပ်နေခဲ့သည် မဟုတ်ပါလား ..။

လှလွန်းအိမ်၏ ဒက်ဒီနှင့် အစ်ကိုကြီးတို့ လိုက်လာ
သည်ဟု ဒေါ်လေးခမ်းမွန်က ကြာညိုကို ပြောပြခဲ့သည်တဲ့ ..။
ကြာညို လှလွန်းအိမ်၏ အခန်းတွင်းသို့ ဒေါ်လေးခမ်းမွန်နှင့်အတူ
ဝင်လာကတည်းက မျက်နှာမကောင်း ..။ ဒက်ဒီနှင့် ကိုနောင့်ကို
တကြည့်ကြည့် ကြည့်နေသည်။ ဒေါ်လေးခမ်းမွန်မှ ကြာညိုကို
ညနေစာ လှလွန်းအိမ်တို့နှင့်တူတူ စားဖို့ စီစဉ်ပေးသည်ပါပဲ။
ကြာညို ဘာမျှ ဟက်ဟက်ပက်ပက် မစားလှ ..။ အစားဆို ..
အကောင်းကြိုက်လျက် လက်တံရှည်ကြီးနှင့် ဘဲကင်ကို တစ်ပန်း
ကန်ကုန်လုလု ဖြစ်အောင် စားတတ်ပါသည့် ကြာညို ဘဲကင်လေး
တစ်ဖတ်ကို ပန်းကန်ထဲ ဤအတိုင်း ကျန်နေသည်ပါပဲ။ စကား
လည်း ဘာမျှမပြော ..။ ဒက်ဒီ့ကို ကြည့်လိုက် ..။ ကိုနောင့်ကို
ကြည့်လိုက် ..။ လှလွန်းအိမ်ကို ကြည့်လိုက်နှင့် ကြည့်ကွက် ကြည့်
ကွက်လုပ်နေရင်း မျက်နှာညှိုးသည်ထက် ညှိုးလာနေသည်ပါပဲ ..။

"နေကောင်းအောင်နေနော် ကြာညို .."

ဟု လှလွန်းအိမ် မှာတော့လည်း စကားကို ကြားပုံ
ပင် မရခဲ့ ..။ ဒေါ်လေးခမ်းမွန်မှ အခန်းပြန်အိပ်ဖို့ ခေါ်တော့မှ
ခြေလေးလေးဖြင့် ထရပ်သည်။ ဒက်ဒီနှင့် ကိုနောင့်ကိုလည်း
စပြီး စကားမပြောရဲရှာ ..။ ဒက်ဒီမှ ပြုံး၍ ..

www.burmeseclassic.com

www.burmeseclassic.com

"အိပ်ပျော်အောင်အိပ်နော် လူလေး .."

ဟု မှာတော့မှ ခေါင်းညိတ်သည်။ မျက်နှာငယ်လေးဖြင့် တကြည့်ကြည့်လုပ်နေပြီးမှ မျက်ရည်ကျလာရင်း ..

"ပြန်တော့မလို့လား မမလေးရယ် .."

ဟု မေးလည်းမေး .။ မျက်ရည်တွေ ပြိုပြိုကျလာလျက်မှ ..

"မပြန်ပါနဲ့နော် .. မမလေးရဲ့ ဖေဖေနဲ့ အန်ကိုကြီးကိုလဲ ဒီမှာ နေခိုင်းပါလား .."

ဟု မျက်နှာငယ်လေးဖြင့် ပြောတော့ လှလွန်းအိမ်ကြီးစားအားယူပြုံး၍ ..

"အိပ်တော့နော် .. အိပ်လိုက်နော် .."

ဟု အနိုင်နိုင် ပြောခဲ့ရသည်ပဲလေ ..။

ခု .. မနက်စောစောကြီး ကားပေါ်ရောက်ကြတော့ ကြာညိုက အပေါ်ထပ်ပြတင်းမှ ခေါ်နေပြီ ..။ မျက်ရည်များ ဝေနေသော မျက်ဝန်းဖြင့် ငုံ့မိုးငေးကြည့်နေရင်းမှ ..

"ကြာညိုသိတယ် .. သိတယ် .. မမလေး ထားခဲ့တော့မယ် ဆိုတာ .."

ဟု အသံတွေ အက်ကျနေရင်း အော်ပြောပြီးသည့် နောက်မှာ လူရိပ်လည်းပျောက် ..။ တအောင့်ပဲ ကြာသည်။ အောက်ထပ်ပေါ်တိုက်ကြီး အောက်သို့ အပြေးအလွှား ရောက်လာသည့်အဖြစ် ..။ မျက်ရည်လည်းကျ ..။ လူလည်းမောနေကာ ကားအနား ကပ်လာရင်းမှ ..

"မပြန်ပါနဲ့ မမလေးရယ် .. မမလေး မရှိရင် .. ကြာညိုမှ မနေတတ်တာ .. မပြန်ပါနဲ့ .. မမလေး နေမကောင်းဘူးဆို .. မပြန်နဲ့နော် .."

ကားရှေ့ခန်းတဲခါးဘောင်လေးပေါ် လက်ကို ကျို့ကျို့ယို့ယို့လေး တင်ရင်း မျက်နှာလေး ငယ်ကျလျက် ဟန်မဆောင်နိုင်စတမ်း မျက်ရည်ကျရင်း ကြာညို ကလေးလို ပြောနေတော့ လှလွန်းအိမ် ဒက်ဒီကို ငဲ့ကြည့်မိပါ၏။ ကားမောင်းသူ နေရာမှာ ထိုင်နေသည့် ဒက်ဒီလည်း စိတ်ကောင်းပုံမရ ..။ ကြာညိုကို ခပ်ငေးငေးကြည့်နေရင်း သက်ပြင်းရှိက်လိုက်တာကို တွေ့ရပါ၏။ ကိုနောင်ကတော့ လှလွန်းအိမ် မောင်းလာသည့် ပဂျီရီး၏ ရှေ့ခန်းမှာ ထိုင်နေသည်။ ကားကို .. ကိုနောင် မောင်းရမည်လေ ..။

"နော် .. မမလေး .. မပြန်နဲ့နော် .. ညကလဲ .. အိပ်လို့ မရဘူး .. မမလေးတို့ ပြန်သွားမှာ ကြောက်နေတာ .. ခု .. ခု .. ကားတံခါးဖွင့်ပိတ်သံကြောင့် ကြည့်တော့ .. ဘကယ်ပဲ ပြန်ကြတော့မှာ .."

ဟု မခွဲနိုင်သလိုကြီး ပြောနေတော့ လှလွန်းအိမ် မျက်ရည်ဝဲလာရပါပြီ ..။ ကြာညို ဆံစကို သပ်ပေးရင်း ..

"မမလေး နေမကောင်းလို့ ခဏပြန်မှာပါ ကြာညိုရယ် .. နော် .. နောက် .. တော့ . ပြန် .. လာ .. ပါ့မယ် .."

ဟု အနိုင်နိုင် ပြောရပါ၏။ ကြာညို ခေါင်းယမ်းသည်။ မျက်နှာတစ်ချက်တည်သွားရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com

"တိတ်တိတ်လေး ပြန်တော့မလို့ မဟုတ်လား .. မပြန်ရဘူး .. မမလေးက .. ကြာညို့ကို .. မပြောဘဲပြန်တာ မပြန်ရဘူး"

ဟု ပြောတော့ လှလွန်းအိမ် သက်ပြင်းရှိုက်ရပါ၏။ စိတ်ကို ပြန်တင်းရသည်။ လှမ်းကြည့်တော့ ပေါ်တိုကိုအောက်မှာ မျက်ရည်ဝဲရင်း ရပ်နေကြဖါသည့် ဒေါ်လေးခမ်းမွန်နှင့် မိချို။ "ပြီးတော့ မမနဲ့ .." နောက် .. တိုတယ်ဝန်ထမ်းတချို့ .." အားလုံးသည် .. နံ့သာဖြိုင်၏ အရှင်သခင်လေးအတွက် စိတ်ထိခိုက်နေကြမှန်း သိသာသည်။ ပြော၍ရမည်ဆိုလျှင် လှလွန်းအိမ်ကို မပြန်ပါနှင့်ဟု ဝိုင်းပြောနေကြသည့်ပုံလေးတွေဖြင့် မျက်နှာအပျက်ပျက်ဖြင့် တောင်းမန်သလိုလေးတွေ ဝိုင်းကြည့်နေကြသည်ပါပဲ .."

"မမလေး မပြန်ရဘူးဆို .. မပြန်ရဘူးဗျာ .. ဒီမှာ ကြာညို့က ဘယ်သူနဲ့ နေရမှာလဲ .. မမလေးက .. ကြာညို့ကို ပိန်ဥတွေ မီးဖုတ်ကျွေးခဲ့တာ ကြာညို မမေ့ဘူးသိလား .. မမလေး .. ကြာညို့ကို သေနတ်မမှန်အောင် ဆွဲပြေးတာကိုလဲ ကြာညို မမေ့ဘူး .. မမလေး သေနတ်မှန်တာကိုလဲ ကြာညို မမေ့ဘူး .."

ဟု ပြောရင်း ပြောရင်း .. ကြာညို မျက်ဝန်းကို စုံမှိတ်ချသည်။ လည်ချောင်းတနင်နင်ဖြင့် ဖြစ်နေရာမှ ကြာညို တစ်ချက်အသံထွက်အောင် ကလေးလို ငိုရှာပါ၏။ တံခါးဘောင် ပေါ် လက်ကို တင်းတင်းဆုပ်တင်ထားရင်းမှ ..

"ပြန်ဆင်းပါ မမလေးရယ် .. နော် .. ဘာဘာ .. မမလေးကို ခေါ်မသွားပါနဲ့ ဘာဘရယ် .. ခေါ်မသွားပါနဲ့ .. ကြာညို့မှာ အဖော်မှ မရှိတာ .."

ဟု ပြောနေရင်းမှ ..

"မမလေး မရှိရင် .. မနေတတ်လို့ပါ .."

ဟု ရင်ထဲရှိတာပြောရင်း ခေါင်းကို ကားတံခါးဘောင် ပေါ်တင်၍ ကြာညို ငိုနေ တားနေတော့ လှလွန်းအိမ် ကြာညို့ဆံစလေးတွေကို သပ်ပေးရင်း လိုက်မျက်ရည်ကျနေသည်ပါပဲ။

"ကြာညို .. ခဏနောက်ဆုတ်လိုက်နော် .."

ဟု လှလွန်းအိမ် ခပ်တိုးတိုးပြောတော့ ခေါင်းလေး မတ်ခနဲ့ ဖြစ်သွားကာ ..

"တံခါးဖွင့်မလို့လားဟင် .. ကြာညို သိတယ် .. မမလေး .. ပြန်ဆင်းလာမယ်ဆိုတာလေ .."

ဟု ထင်တာကို ဝမ်းသာအားရလေးပြောကာ ကိုယ်လေးကို ကမန်းကတန်းလေး နောက်သို့ ဆုတ်ပေးရသည်က လှလွန်းအိမ် ကားတံခါးပေါက်ကို ဖွင့်၍ ဆင်းလာနိုင်အောင်ပါ။ လှလွန်းအိမ် မျက်ဝန်းကို စုံမှိတ်ချလိုက်ရပါပြီ .။ မပြန်၍ မဖြစ်သည့်ခရီးပေပဲလေ .။ ဤနေရာမှာ အမြဲနေနိုင်ချေမည်မှ မဟုတ်ချေပဲ .။ တစ်နေ့မဟုတ် .. နောက်တစ်နေ့ ပြန်ရမည့် ကိစ္စ .။ ကိုယ့်အိမ်ကိုယ့်ရာ ဆိုတာကို မပြန်ဘဲ နေ၍မှ မဖြစ်ချေသည့်အဖြစ် .။ ဇွတ်နှစ်၍ ကိုယ်လေးကို မတ်လိုက်မိရကာ ..

"မောင်းတော့ ဒက်ဒီ .. မောင်းတော့ .."

www.burmeseclassic.com

www.burmeseclassic.com

ဟု အံလေးခဲ၍ ပြောလည်းပြောချ ..။ မျက်ဝန်းကို မဖွင့်စတမ်း ကားကို ဆိုဖာနောက်မှီကို မှီချလိုက်ရသည်က လှလွန်းအိမ်ပါ ..။

ကားစက်နှိုးလိုက်တာ ..။ မောင်းထွက်သွားလိုက်သည်မို့ ကြာညို ခေါင်းကြီးယမ်းကာ နေ့ခင်းမှ အပြေးလိုက်လာရင်း ရင်တွေ ကွဲကြေတော့မည်နှယ် အသံတွေ အက်ကျကုန်လျက် ..

"မမလေး .. မပြန်ပါနဲ့ မမလေးရယ် .. မပြန်ပါနဲ့ မမလေးရယ် .. မမလေး မရှိရင် .. ကြာညို့မှာ အဖော် မရှိတော့လို့ပါ .."

ဟု ပြောနေရင်း မနားတမ်း ပြေးလိုက်လာနေတော့ ခေါ်ဆဲကို ဆက်တိုက်ကြားနေရသည်မို့ လှလွန်းအိမ် တင်းခံမသာတော့ပြီ ..။ နောက်ကို အလှည့်အပြောင်း လှည့်ကြည့်လိုက်တော့ ကားနောက်ဆီသို့ လက်လေးတွေ ဝှေ့ယမ်းတားနေရင်း တကြော်ကြော် ခေါ်လျက် ပြေးလိုက်လာနေသည့် ကြာညို့ကို တွေ့လိုက်ရပါပြီ။

"မခွဲနိုင်လို့ပါ မမလေးရယ် .."

ဟု အသံကွဲကြီးနှင့် ငိုသံတွေ ရောထွေးနေရင်း ကြာညို့ ရင်တွင်းမှ အမှန်စကားတွေ ပွင့်ကျနေတော့ လှလွန်းအိမ် မျက်ရည်သာ ဖြိုင်ကျနေရပါ၏။

"မမလေး .."

ကားနောက်သို့ အပြေးလိုက်လာနေရင်းမှ ခေါ်လည်း ခေါ် ..။ ရှေ့သို့ ဟပ်ထိုးကြီး လဲကျသွားတော့ ..။

"ကားရပ်လိုက်ပါတော့ ခက်ဒီရယ် .. ကားရပ်လိုက်ပါတော့ .."

ဟု လှလွန်းအိမ်၏ တားသံ ..။ လှလွန်းအိမ်နှယ် ဝင် .. ခက်ဒီကလည်း ကားကို အလိုလို ရပ်ပစ်လိုက်ပြီးလည်း ဖြစ်နေရင်းမှ ..

"ခက်ပြီပဲ .. သံယောဇဉ်ဆိုတာ .. ဒီလို .. အဖြူခံနလုံးအိမ်ထဲ တိုးဝင်တဲ့ သံယောဇဉ်မျိုးက .. ပိုနက်ရှိုင်းနေသကိုး"

ဟု ခက်ဒီ ခမ်းညည်းညည်း ပြောရသည်။

ကားတံခါးကို အလောတကြီးဖွင့်၍ လှလွန်းအိမ် ကားဇပါမှ ကသောကမျောလေးလည်း ဆင်း ..။ ကြာညို့ထံသို့ လည်း အလှူးအမှူး ပြေးလာမိခဲ့ရလျက် လမ်းပေါ်မှာ ကျူးဆန်ပြီးဖြစ်သည့် ကြာညို့ကို ရင်ခွင်ထဲ ပွေ့ထားမိလိုက်ပါပြီ ..။

လက်တံတောင်မှာ လဲကျရှိန်ကြောင့် ပွန်းပဲ့သွေးထွက်နေတာတွေလည်းမသိ ..။ နာရမှန်းလည်း မသိဘဲ လှလွန်းအိမ်၏ ကိုယ်လေးကို သိုင်းဆင့်ပွေ့ထားရင်းမှ ပခုံးပေါ် ခေါင်းကြီးမော်တင်ကာ ..

"ဘာလို့ ပြန်သွားရတာလဲ မမလေးရယ် .. ဘာလို့ ပြန်သွားရတာလဲ .. ကြာညို မသိဘောင် .. ဘာလို့ .. ပြန်သွားချင်ရတာလဲ .."

ဟု မနားတမ်း မေးလည်းမေး ..။ ငိုလည်း ဆို့နှင့် ခိုနေသည့် ကြာညို့ကို ဆဲစလေးတွေ သပ်ပေးမိရင်းမှ ..

www.burmeseclassic.com

www.burmeseclassic.com

"အထဲပြန်ဝင်ကြရအောင်နော် .. ကြာညို နာနေပြီ မဟုတ်လား .. ကြည့်ပါဦး .. သွေးတွေထွက်နေပြီ .. မမလေး ဆေးထည့်ပေးမယ်နော် .."

ဟု ပြောတော့ မျက်ရည်ဝဲနေသော မျက်ဝန်းများဖြင့် အကဲခတ်သလို ကြာညို ကြည့်သည်။ ရုတ်ခြည်း မျက်ဝန်းတွေ ရွှန်းလဲ့လာလျက် မျက်ရည်ကို ကမန်းကတန်း သုတ်ပစ်ရင်းမှ ..

"မမလေးက .. ကြာညို့ကို ဆေးထည့်ပေးမယ် .. ဟုတ်လား .. ဒါဆို .. ဒါဆို .. ကားပေါ်ပြန်မတက်တော့ဘူး ပေါ့နော် .. ဟုတ်လား .."

ဟု လဲကျထားသမျှ ဖုတ်ဖက်ခါသလိုလေးလည်း လုပ်။ နာရမှန်း ကျင်ရမှန်းမသိဘဲ မေးနေတော့ လှလွန်းအိမ်ဆေားမှာ ရပ်လာပြီး ဖြစ်ပါသည့် ဒက်ဒီကို မျက်ရည်ဝဲနေသော မျက်နှာလေးဖြင့် မော့ခနဲ ကြည့်ကာ ..

"ဒီတစ်ရက်တည်းပါ ဒက်ဒီရယ် .."

ဟု ခွင့်ပန်သလို ပြောမိရပါ၏။ ဒက်ဒီကြာညို့ကို ငေးစိုက်ကြည့်ကာ ခေါင်းညိတ်ပြရာပါ၏။ ကြာညို့ကို လှလွန်းအိမ် တွဲထူသည်။ ကြာညို ကမန်းကတန်း ထရပ်ပါ၏။ အဝတ်အစားမှာ ပေနေတာတွေကို ဖုတ်ဖက်ခါသည်။ လှလွန်းအိမ်၏ အဝတ်အစားတွေကိုလည်း အလားတူ ဖုတ်ဖက်ခါပေးရင်း မျက်နှာလိုအားရလေးလည်း လုပ်ပြရာသည်။ လှလွန်းအိမ်၏ လုပ်လေးကို ဆွဲ၍ နံဘေးမှိုင်တွင်းထဲသို့ သူပဲ ဦးဆောင်၍ဝင်သည်။ လှလွန်းအိမ် ကိုနောင်ကို ကြည့်တော့ .. ပဂျီရိုးကားကြီး

ပေါ်တိုက်အောက်မှာ ဧာဧာဧာက နေရာမှာ ရပ်ထားသည့်အတိုင်း ရှိနေဆဲ ..။ ကားပေါ်မှာ ကိုနောင် မရှိ။ ကားဆေားမှာ ရှစ်နေသည်။ စိတ်ထိခိုက်စွာ ကြာညို့ကို ကြင်ကြင်နာနာ ကြည့်နေတဲ့ကို မြင်ရပါ၏။ ကြည့်ရတာ .. ဒက်ဒီကား ထွက်တာနှင့် ကြာညို နောက်ကို ပြေးလိုက်သည်မို့ ..။ ကိုနောင် .. ကားကိုပင် မောင်းထွက်ဟန်မတူ။ နေရာမှာပဲ ရှစ်၍ .. ဘာတွေ့ ဆက်ဖြစ်လာမည် ဆိုတာ သိနေပုံကြီးဖြင့် စောင့်နေသည့်အသွင် ..။ ဒက်ဒီရော .. လှလွန်းအိမ်ရော ဆက်၍ ကားကို မောင်းထွက်ရက်မှာ မဟုတ်တာကို .. ကိုနောင်လည်း သိချေမည်သာ ..။

ဒေါ်လေးခမ်းမွန်ထံမှ ဆေးဝါရည်တောင်း၍ လှလွန်းအိမ်မှ ကြာညို့ကို .. ကြာညို့အခန်းမှာ ဆေးထည့်ပေးတော့လည်း တစ်ချက်မည်သည်း ..။ ဒက်ရာနေရာတို့ ပထမဆုံး အရက်ပျံဆွတ်ဂွမ်းနှင့် သုတ်တော့လည်း မည်သည်း ..။ ဆေးထည့်တော့လည်း မည်သည်း ..။ ကိုနောင်မှ ပတ်တီးစည်းပေးတော့လည်း တပြိုးပြိုးဖြင့် ခံနေသည်။

"မမလေး မပြန်တော့ဘူးဆိုတော့ .. ကြာညို .. မနာတော့ဘူး သိလား .. ဒီမှာလဲ သွေးထွက်နေတာ မမလေးရဲ့ ဆေးထည့်ပေး .. ကိုကြီးက ပတ်တီးစည်းပေး .."

ဟု ဒူးခေါင်းနေရာမှာလည်း ပွန်းပဲ့သွေးထွက်နေတာကို ပြ၍ ဆေးထည့် ပတ်တီးစည်းခိုင်းနေသေးသည်။ ဒေါ်လေးလာတိုက်သည့် နွားနို့ကိုလည်း မငြင်းဘဲ ကြည်ကြည်ဖြူဖြူ သောက်သည်။ အရမ်းကို ပျော်နေသည့် ကြာညို့ကို လှလွန်းအိမ် ကြည့်ကာ ..

www.burmeseclassic.com

www.burmeseclassic.com

"ကြာညို့ကို နားလည်အောင် လှလွန်းအိမ် ပြောရမှာမို့ _ စိတ်ရှည်လက်ရှည်လဲပြော _ ဗျောင်းဗျရမှာမို့ _ သူ့ လွန်းအိမ်တို့ အေးအေးဆေးဆေး ပြောပါရစေ ကိုနောင် _ သူ နားလည်လာအောင် _ သူ လက်ခံလာအောင်လှလွန် ပြောရမှာမို့ပါ _ အေးသူစိမ်းရှိတော့ _ သူ _ ပိုစိတ်ရှည် နေနိုင်လို့ပါ _"

ဟု ပြောတော့ ဒက်ဒီရော ကိုနောင်ရော အံ့ဩသွားကြပါ၏။ မသွားမီ ကြာညို့ ပခုံးလေးကို ဖွဖွလေး ဒက်ဒီရော ကိုနောင်ပါ _ ပုတ်ပေးသွားကြသည်ဟီပဲ _။ ခေါင်းလေး ခမ်းမွန်ကိုတော့ ကြာညိုဘေးမှာ အကူရှိစေရသည်က လှလွန်းအိမ်ပါ _။ ခေါင်းလေးခမ်းမွန်၏ အကူအညီတော့ လိုသည်လေ _။

လောလောဆယ် သွေးပူစာနှန်းမှာပင် _ အမှန်တကယ် ဆိုတာကိုလည်း ကြာညို့ကို အသိပေးလိုက်ချင်သည်။ လှလွန်းအိမ် _ မပြန်တော့ _ ဆိုတာမျိုးကြီးကို ဤနေ့မှာ လုံးဝ စိတ်ကူးယုံကြည်သွားလျှင် _။ မနက်ဖြန် ပြန်သည့်အခါမှာ _ ကြာညို့ ဤထက်ပိုဆိုးအောင် ခံစားကျန်ရစ်ခဲ့တော့မည် ဆိုတာ အလိုက် နားလည်ထားရပြီမို့ _ လှလွန်းအိမ် ဆုံးဖြတ်လိုက်ရသည်က _ အမှန်အတိုင်းပဲ အသိပေးလိုက်တော့မည်ဟုပါ _"

"ကြာညို့ _ မမလေး ပြောပြမယ်နော် _ မမလေးမှာ _ ဒက်ဒီနဲ့ အတူတူနေနေတဲ့ဆိမ် ရှိတယ် _ ရန်ကုန်မှာလေ ပြီးတော့ _ ဒက်ဒီက ဟိုမှာ အလုပ်လုပ်နေရတာ _ ကြီးရှိတယ် _ ဒက်ဒီ မပြန်လို့မဖြစ်ဘူး _ ပြီးတော့ _

ဒက်ဒီမှာလဲ သွေးတိုးရောဂါဆိုတာ ရှိတယ် _ ဒက်ဒီက မမလေး မရှိဘဲ ဟိုမှာ တစ်ယောက်တည်း ကြာကြာနေလို့မဖြစ်ဘူးလေ _ ပြီးတော့ _ မမလေးကလဲ _ နေ့သိပ် မကောင်းဘူး _ ဟိုမှာ _ ဆေးကုရဦးမှာ _ ဟိုက ဆရာဝန်နဲ့ ကုရမှာ _"

သွားမဖြစ်ရမည့် စကားကို ချိုချိုသာသာလေးလည်း ပြော _။ နားဝင်အောင်လည်း ခပ်ဖြည်းဖြည်း တစ်လုံးချင်း အသံအေးလေးဖြင့် ပြောရခြင်းပါ _။ ကြာညို လက်မခံချင် _။ ခေါင်းယမ်းသည်။ လှလွန်းအိမ်မှ ကြာညို့ ခေါင်းလေးကို လက်ဖဝါးလေးတွေဖြင့် ဖေးညှပ်ထိန်းလိုက်ရင်းမှ ပြုံးပြ၍ _

"ခေါင်းမယမ်းနဲ့ဦး ကြာညို _ မမလေး ပြောတာကို သေချာ နားထောင်ရမယ်လေ _ ကြာညို ပြောစမ်း မဟုတ်လား _ မမလေး နေမကောင်းဘူးဆိုတာလေ _ ခု _ ဆေးသွားကုရဦးမှာ _ ဒက်ဒီက _ မမလေးကို တစ်ယောက်တည်း ဘယ်ချန်ခဲ့လို့ဖြစ်ပါ့မလဲ _ သူလဲ စိတ်ပူတတ်တာပဲလေ _ မဟုတ်ဘူးလား _ မမလေး ပြောတာကို သေချာနားထောင်နော် _ မမလေး ပြန်လာခဲ့မယ် _ ဟိုကို အပြီးပြန်သွားတာ မဟုတ်ဘူး _ ဒီကိုလဲ ပြန်လာခဲ့ဦးမယ် _ မမလေး ကောင်းကောင်းကျန်းမာနေကောင်း လာတဲ့အခါကျရင် ပြန်လာခဲ့ဦးမှာ _ ပြန်လာဦးမှာ _ ခု _ ခဏပြန်တာ _ မမလေး ပြောတာကိုယုံ _ ယုံပါ ကြာညို၊ မမလေး မလိမ်တတ်မှုးဆိုတာ ယုံတယ် မဟုတ်လား _"

www.burmeseclassic.com

www.burmeseclassic.com

ယုံတယ် မဟုတ်လား .. ဟု မေးတော့လည်း မျက်နှာလေးညှိုးငယ်လျက် ခေါင်းလေးကို ညိတ်ပြရသည်ပါပဲ .။ လှလွန်းအိမ်၏ လက်လေးကို ထွေးဆုပ်ထားရင်းမှ ..

"ဒီမှာ ဆေးကုပါလား မမလေးရယ် .."

ဟုတော့ ခခယယလေး ပြောရသည်။ ကြာညို့ရင်ထဲမှာ မခွဲချင်တာပဲ. ရှိလျက် မခွဲနိုင်တာဘဲ သိနေသည့် အဖြစ်။

"မမလေး ပြောထားတယ်လေ _ ပြန်လာမယ်လို့ .. ဒီမှာ ကြည့် .. ဒီပြက္ခဒိန်လေးမှာ မမလေး ပြန်လာမယ့်ရက်ကို ဒီလို ဝိုင်းထားခဲ့မယ် .. အဲဒီရက်ကို စောင့်နေရမယ်နော် _ စောင့်နေရင်းနဲ့ ကြာညိုကလဲ နေကောင်းအောင်နေရမယ်၊ ဆေးစားရမယ် _ ဆေးထိုးရင် ခံရမယ် _ ခေါ်လေးခမ်းမွန်ပြောတာကို နားထောင်ရမယ် .. ဆရာဝန်ကြီးတွေ ပြောတာကို နားထောင်ရမယ် .. ကြားရဲ့လား .. မမလေး လာတဲ့အခါမှာ _ ကြာညိုကို .. အားလုံးက သိပ်လိမ္မာတာပဲလို့ ဝိုင်းပြီးပြောပြကြတာမျိုးကို _ မမလေး ကြားချင်တယ် _ မုတ်မိရဲ့လား ကြာညို .."

ဟု ပြောကာ ကြာညို့ဆံစလေးကိုလည်း သပ်ပေးသည်။ ပြက္ခဒိန်မှာ နောက်သုံးလကြာအောင် လှန်လိုက်ကာ လလယ်တစ်ဆယ့်ငါးရက်ကို ဘောလ်ပင်လေးဖြင့် ဝိုင်းပြလိုက်ရပါ၏။ ပြက္ခဒိန်ကို ကြာညို ယူသည်။ သေချာကြည့်သည်။ တစ်ရွက် .။ နှစ်ရွက် .။ သုံးရွက် _ ဟု တစ်လချင်း ပြက္ခဒိန်ရွက်တွေကို လိုက်လံကြည့်ရင်း ပါးစပ်ကလည်း လိုက်ရွတ်

နေသည်။ နောက် .. မျက်ရည်လည်း ကျသည်။ ခေါင်းလေးလည်း ညိတ်ပြရပါ၏။

"ဟိုမှာကုရင် .. ပြန်ပြန်ပျောက်မှာလား .."

ဟုလည်း မေးရှာ၏။ လှလွန်းအိမ် ခေါင်းလေး ညိတ်လိုက်ရကာ ..

"အင်း .. ပျောက်မှာ .. မမလေး ပြောတာကိုလဲ မမေ့ရဘူးနော် _ မမလေး စာရွက်လေးပေါ်မှာ ရေးထားခဲ့မယ်၊ အဲဒါကို .. အမြဲလိုက်လုပ်ရမယ်နော် _ မမလေး ဒီဇင်ဘာလ ဆယ့်ငါးရက်ကျရင် လာမယ် .. အဲဒီအခါကျရင် နှင်းတွေ ကျနေမှာ"

ဟု ပြောတော့လည်း မျက်နှာလေး ညှိုးရင်း နားထောင်နေရှာပါ၏။ ဘာပဲဖြစ်ဖြစ်။ လှလွန်းအိမ် ပြန်လာမည်ဆိုတာ တစ်ခုကြောင့်လည်း ရင်ထဲ အတန်တော့ငြိမ်သွားပုံရ၏။ ပြန်သွားလျှင် လုံးဝ ပြန်မလာတော့ဘဲ ခွဲဆွားပြီဟုလည်း နားလည်လျက် အရူးအမူး ခံစားခဲ့ရတာလည်း အရမ်းကို သိသာနေသည်ပါပဲ။ ခေါ်လေးခမ်းမွန်ကတော့ မျက်ရည်ကျနေသည်ပါပဲ ..။ ကြာညို့ကို ဆံစလေး သပ်ပေးရင်းမှ ..

"မမလေး ပြောတာ ဟုတ်တယ် ကြာညိုရဲ့ .. ခဏတော့ ပြန်မှဖြစ်မှာပေါ့ _ ခု _ ကြည့်စမ်း .. ကြာညို အတင်းလိုက်အော်ခေါ်ပြီး လဲကျတော့ .. မမလေးတို့ မပြန်ရဘူးဘူး .. အားနာဖို့ကောင်းတယ်ကွယ် .."

ဟု ပြောတော့လည်း မျက်နှာငယ်ငယ်လေးဖြင့် မျက်ရည်ဝဲရင်း ..

www.burmeseclassic.com

www.burmeseclassic.com

"ပြန်မလာတော့ဘူးလို့ ထင်တာကိုး ဒေါ်လေး ..."

ဟု ဖြေရှာပါ၏။

"မမလေးကို ကြာညို ယုံတယ် .. ပြန်လာမယ်ဆိုတာ ကြာညို ယုံတယ် .. ဒီရက်မှာ ပြန်ရောက်လာမှာနော် .."

ဟု ပြောရာတော့ လှလွန်းအိမ် ကြာညို့နဖူးလေး ထက်မှာ တင်နေသည့် ဆံနွယ်စတွေကို ဖယ်ပေးကာ ပြုံး၍ -

"တကယ်ပြန်လာမှာပါ .."

ဟု ဖြေရပါ၏။ နောက်တော့ စာရွက်လေးတစ်ရွက် ဒေါ်လေးခမ်းမွန်ထံမှ တောင်းကာ ..

ဆေးမှန်မှန်သောက် .။ မှန်မှန်အိပ် .။ ဆရာဝန်ကြီးမျိုး စကားကို နားထောင်ပါ။ လိမ္မာရမည်။ ဒေါ်လေးခမ်းမွန် ပြောတာကို နားထောင်ရမည် .။ ဟူသော စာသားလေးတွေကို ရေးချ၍ ကြာညို့လက်ထဲ ထည့်ပေးရပါ၏။

"မမလေး .. ဒီနေ့တစ်နေ့လုံး ကြာညိုနဲ့ နေမယ် သိလား .. ကြာညိုနဲ့အတူ .. သစ်ပင်မှာ နားနေတဲ့ ငှက်တွေကိုလဲ ကြည့်မယ် .. ဒီဥယျာဉ်လေးမှာလဲ လမ်းတူတူ လျှောက်မယ် .. မြို့ထဲကိုလဲ .. ကားနောက်ခန်းမှာ တူစူစီးရင် ဒက်ဒီမောင်းပို့တာတွေ အာလုံးကို တူတူလိုက်ကြည့်မယ် .. ဟုတ်မြဲလား .."

ဟု ပြုံး၍ ပြောတော့လည်း မျက်နှာငယ်လေးဖြင့် မော့ခနဲ ကြည့်ကာ မျက်ရည်ဝဲရင်းဖြင့် ..

"ပြန်လာမှာနော် မမလေး .. မမလေးကို ကြာညို ယုံတယ်"

ဟု မေးလည်းမေး .။ မျက်ရည်ကျလာတော့ .. လှလွန်းအိမ် တင်းမခံသာ .။ ကြာညို့ကို ငေးခနဲ ကြည့်ရင်း မျက်ရည်ကျလာရပါပြီ .။

သြော် .. ဤသံယောဇဉ်အမျှင်သည် .. နှလုံးအိမ်နှစ်စင်းလေးနှစ်ခုကို .. ခိုင်မြဲလွန်းစွာ .. နောင်ဇင် .. ရစ်ချည်ထားနိုင်စွမ်းလွန်းလှချေသည်တကား .။ မျက်ရည်သည် .. ကြာညို့ လက်လေးကို ထွေးယူလိုက်ပါသည့် လှလွန်းအိမ်၏ လက်ဖမိုးလေးထက်မှာ ဦးစွာ ဖြောက်ခနဲကျသည်။

နောက် .. ကြာညို့ လက်လေးကို ထွေးယူဆုပ်ကိုင်ထားစဉ်ခိုက်မှာလည်း .. ကြာညို့လက်ဖမိုးလေးပေါ်သို့ ဖြောက်ခနဲ .. ကျချေသတည်း .။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၅)

မိန်းကလေး ..

ဒေါ်လေး သတိရ.. ကျေးဇူးတင်ခြင်းများနဲ့ စာရေး လိုက်ရပြန်ပါပြီ ..။ ကြာညို့ အခြေအနေဟာ ကောင်းနေပြီ လို့လဲ ပြောရမှာပါ ..။ မူလကတည်းကိုက သူ့မှာ ရောဂါ ရှိခဲ့တာမှ မဟုတ်ဘဲလေ ..။ ခုလို ဦးနှောက်နဲ့ အာရုံကြော ဆိုင်ရာ အထူးကု ဆရာဝန်ကြီး ဦးကောင်းမြတ်နဲ့ ..။ သမားတော်ကြီး ဦးသီလတို့ နေ့စဉ်နဲ့အမျှ ဂရုတစိုက် ကြပ်မတ်ကုသပေးခဲ့တာမို့ ..။ ကြာညိုဟာ .. ကျန်းမာတဲ့ ကြာညို ..။ စိတ်နလုံးကောင်းပြီး ထက်မြက်တဲ့ ကြာညို ..။ ဦးနှောက်မှာ အာရုံပိုင်းဆိုင်ရာ ချို့ယွင်းမှု မရှိတဲ့ ကြာညို အဖြစ်ရှိနေပါပြီ ..

ပြီးတော့ မိန်းကလေးကို သူ ဘယ်လိုမှ မမေ့ဘူး။ မိန်းကလေး ထင်ထားခဲ့သလိုတော့ မဖြစ်လာဘူးပေါ့လေ။ မိန်းကလေးက သူ မမြင်မတွေ့တာကြာရင် .. ငေ့သွားနိုင်

မယ်လို့ ထင်ခဲ့တယ် မဟုတ်လား ..။ ဒါကြောင့်လည်း .. သူ့ကို တယ်လီဖုန်းလေးနဲ့တောင် အဆက်အသွယ် မလုပ် တော့ဘဲနေမယ်လို့ ဆုံးဖြတ်ထားတာတွေကိုလည်း မိန်းက လေး ရန်ကုန်ကို မပြန်ခင်က .. ဒေါ်လေးကို ပြောခဲ့ တာလေ။ တကယ်လည်း မိန်းကလေး ဖုန်းနဲ့ သူ့ကို အဆက်အသွယ် မလုပ်သလို ..။ မိန်းကလေးဆီကိုလဲ ဖုန်းဆက်သွယ်လို့ မရအောင် မိန်းကလေးရဲ့ ဖုန်းနံပါတ် ကို ဒေါ်လေး သူ့ကို မပေးဘဲ ထားထားခဲ့ပါတယ် ..။ သူကတော့ မခလေးရဲ့ဖုန်းနံပါတ် မရှိဘူးလားလို့ မေး လာတယ်လေ ..။ သူ ပုံမှန်ဖြစ်လာပြီးတဲ့အချိန်ကစပြီး အဲသလို မကြာ မကြာ မေးလာတတ်တယ် ..။ ဒါဆေမဲ့ ဒေါ်လေးက မိန်းကလေးရဲ့ ဖုန်းနံပါတ်ကို မေးမထားခဲ့ ဘူးလို့ ဖြေခဲ့တယ် .. ဒေါ်လေးလဲ ဖုန်းနံပါတ် မတောင်း လိုက်မိဘူး .. အဲသလို ဖြေတော့ သူ ဘာမှ ပြန်မပြောရှာ ပါဘူး ..။ သူ့ကို ဘယ်သူက အမြဲခင်မင်ပါ့မလဲ လို့တော့ တစ်ချက်ဖွင့် ညည်းရှာတယ် ..။ ဒေါ်လေးရင်ထဲ မကောင်း လှဘူးကွယ်။ သူ့ကို သနားတယ် ..

သူ့ရင်ထဲမှာ စွဲနေတာတစ်ခုရှိတယ် မိန်းကလေး။ သူ့ကို ဘယ်သူကမှ ကြာရှည်ခင်မင်မှာ မဟုတ်ဘူးဆိုတဲ့ အစွဲပဲ ..။ ဒေါ်လေးလည်း တစ်နေ့ မမလေးလိုပဲ ထားခဲ့ မှာလားလို့ မေးတတ်တယ် ..

အလွန်တည်ငြိမ်တဲ့ ကြာညိုအဖြစ် ရှိနေခဲ့ပြီးတဲ့ သူ့ကို မိန်းကလေး မြင်စေချင်တယ် ..။ ထွေးများတွေ့ရင်

www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးက အတော်ကြီးကို ဝမ်းသာကြည်နူးမှာ သေချာတယ်လေ ..

ပြီးခဲ့တဲ့ အပတ်ကစပြီး ကြာညိုကို စာတွေ သင်ကြားခွင့်သမားတော်ကြီး ဦးသိလန့် .. ဆရာဝန်ကြီး ဦးကောင်းမြတ်က ခွင့်ပြုကြတယ် .။ အခုဆို .. ကြာညိုကို .. ကျောင်းစာတွေကို .. နံ့သာမြို့ငှက်မှာပဲ ဆရာခေါ်ပြီး သင်နေခဲ့ပြီလေ ..။

ကြာညိုဟာ ကျောင်းသား တစ်ယောက် အဖြစ် အသက်အရွယ်အရ နှစ်ဆယ့်ငါးနှစ် ဆိုတော့လည်း .. ကျောင်းတက်ဖို့ မလွယ်တော့တာမို့ .။ အိမ်မှာပဲ စာတွေကို သင်ဖြစ်တယ် .။ တဖြည်းဖြည်းနဲ့ .. သူ့ကို စာတွေ လိုသလို မြှင့်ပြီးသင်သွားပေးမယ်လို့ ဆရာများကလည်း ခေါ်လေးကို ပြောကြပါတယ် ..

ကြာညိုဟာ .. စာမေးပွဲအောင်ဖို့ စာသင်နေတဲ့သူတစ်ယောက် မဟုတ်တော့ဘဲ .။ သူ့အသိဉာဏ်တွေ ပွဲ့ပြီးရင့်သန်ထက်မြက်လာဖို့အတွက် စာတွေကို သင်နေတဲ့ သူတစ်ယောက် ဖြစ်နေတယ် .။ ခေါ်လေးက ကိုးတန်းထိပဲ ကျောင်းနေခဲ့ရပြီး ..။ စီးပွားရေးအခြေအနေအရ .. ကြာညိုအထိန်းဘဝကို ရောက်ခဲ့ရပေမယ့် .။ ကြာညိုကို အဲသလို ထိန်းခွင့်ရခဲ့တာကိုက .. ကြာညိုဘဝကို .. ကယ်တင်နိုင်ခွင့်ရဖို့အတွက် အခြေခံဖြစ်နေခဲ့တယ်ဆိုတာ .. ပိုသိလာခဲ့ရတာမို့ .။ ပညာတစ်ပိုင်းတစ်စနဲ့ ထွက်ခဲ့ရပေမယ့် .. ခေါ်လေး ကြည်နူးတယ် .။ ဒု .. ကြာညို

ကျတော့ .. ကျောင်းနေနိုင်ခြေရှိနေပေမယ့် .. အခြေအနေအရ .. ပညာတစ်ပိုင်းတစ်စနဲ့ ပြတ်တောက်သွားခဲ့ရပေမယ့် .။ ခုကျတော့လည်း စာတွေကို ဆရာကောင်းတွေနဲ့ အိမ်မှာ သင်ယူနေတဲ့ ကြာညို ဖြစ်နေပါပြီ .။ ကြာညိုဟာ ငယ်ကတည်းက အလွန်ထက်မြက်ထူးချွန်တဲ့ ကလေးပေမို့ .။ ခုလည်း တတ်သိမြန်သူတစ်ယောက် ဖြစ်နေပါတယ် မိန်းကလေး ..

ဘာပဲဖြစ်ဖြစ် .။ မိန်းကလေးမှာ .. ကြာညိုဆီကိုတော့ တစ်နေ့မှာ ရောက်လာလိမ့်မယ်ဆိုတာကို ခေါ်လေး ယုံကြည်ပါတယ် .။ သူဟာ မိန်းကလေးကို ဘယ်တော့မှ မမေ့ဘူးဆိုတာကိုလည်း သိထားစေချင်ပါတယ် .။ နေ့စဉ်နဲ့အမျှ .. မိန်းကလေးရေးထားခဲ့တဲ့ စာလေးကို သူ ဖတ်တယ် .။ မိန်းကလေး မှာခဲ့သလိုပဲ .. သူဟာ လိမ္မာရေးချာရှိတယ်။ ကြိုးစားတယ်။ ဆရာဝန်ကြီးတွေ စကားကို နားထောင်တယ်။ မိန်းကလေး ဝိုင်းပြထားခဲ့တဲ့ ပြက္ခဒိန်ကရက်ကလေးကိုလည်း အမြဲကြည့်စာတ်တယ် .။ သူဟာ ဘယ်တုန်းကမှ .. မိန်းကလေးကို မမေ့နေခဲ့ပါဘူး။ ခေါ်လေးကတော့ .. စာအဆုံးမသတ်ခင်မှာ ရေးနေကျ အတိုင်း ဆက်ရေးရဦးမှာပါပဲ .။ မိန်းကလေးကို သတိ အမြဲရပါတယ်ကွယ် .။ ပြီးတော့ .. ကြာညိုအသက်ကို ကယ်တင်ခဲ့တဲ့ မိန်းကလေးကို အမြဲကျေးဇူးလည်းတင်နေမှာပါ ..

တစ်ခု ထပ်ရေးပါရစေ မိန်းကလေးရယ် ..

www.burmeseclassic.com

www.burmeseclassic.com

ကြာညိုကို စိတ်ချမ်းသာစေချင်တဲ့စိတ် ခေါ်လေး
အမြဲရှိနေတာမို့ .. ရင်ထဲမှာ အလွန်တရာကိုမှ မျှော်လင့်
နေမိတဲ့အရာတစ်ခုကို မိန်းကလေးကို ဖွင့်ရေးပါရစေ ..
ပြန်လာခဲ့ပါလား မိန်းကလေးရယ် ..

ခေါ်လေးခမ်းမွန်

စာလေးကို ခေါက်လိုက်ရင်း လှလွန်းအိမ် လသာ
ဆောင်လေးမှာ အတန်ကြာမျှ ရပ်နေမိရပါ၏။ လက်ဖဝါးလေး
တွေက လသာဆောင်လက်ရမ်းပေါ်မှာ ဖေးဖေးတင်တင် ..
ကောင်းကင်ယံမှာဖြင့် လမင်းကြီးသည် လွင်လွင်ပပ သာလွန်း
လှချေသည်ကောလေး .. ဒီစင်ဘာလဆန်းသို့ပင် ရောက်နေပြီ ..
နှင်းမှုန်လေးတွေက ဆေးဆေးသိပ်သိပ် ကျနေသည့်အဖြစ် ..
နှင်းရည်ဆမ်းသော ညသည် လရောင်အောက်မှာ လှနေသည်ပါပဲ။
လှလွန်းအိမ် မျက်ဝန်းများကို စုံမှိတ်လိုက်မိပါ၏။ မျက်ရည်ဥ
ဖြူတ်ခနဲ ကြွေသက်လာကြသည်။ တားချိမ်ရနိုင်သော မျက်ရည်
စက်။ သြော် .. နလုံးအိမ်ဆီမှ .. တနင့်နင့် ကြွေမျှခံစားရင်း
ဆို့တက်လာသည့် ခံစားမှု၏ မြစ်ဖျားခံရာ မျက်ရည်စက် ..
ဤမျက်ရည်သည် .. ခုမှကျခဲ့ရတာမဟုတ် .. ကြာညိုကို ထားခဲ့
ရတော့မည်ဆိုကတည်းက ကျခဲ့ရသည်ပဲလေ ..

ကြာညို .. ကြာညိုသည် .. လှလွန်းအိမ်ကို တစ်ချိန်က
မမေ့ခဲ့ပါတဲ့ .. လှလွန်းအိမ်ကရောကွယ် ..

လှလွန်းအိမ်သည်လည်း တစ်နေ့မှ မမေ့နိုင်ခဲ့
ပါ ကြာညိုရယ် .. ရင်ထဲမှာ ကြာညို ရှိနေသည်ဆိုတာ
ဘယ်လိုမှ ငြင်းချက်ကို မရနိုင်တော့သည့်အဖြစ် ..

ဤလ ဆယ့်ငါးရက်အရောက် ကြာညိုထံ သွားမည်
ဟုတော့ လွှိုင်ခမ်းသာမှာကတည်းက ရင်ထဲမှာ တွေးထားခဲ့ပေ
မယ့် .. အကယ်၍ ကြာညိုသည် လှလွန်းအိမ်ကို မေ့မေ့လျော့
လျော့ ဖြစ်ခဲ့သည်ဆိုလျှင်တော့ဖြင့် .. ပြန်မသွားတော့ပြီ .. ဟု
တွေးမိခဲ့သည်ကလည်း အမှန်ပါ .. သဲယောခဲ့ဆိုတာ .. တစ်
ဖက်က မေ့လျော့သွားခဲ့ပြီဆိုလျှင်ဖြင့် ကျန်တစ်ယောက်က အဝေးမှာ
နေလိုက်ခြင်းဖြင့် တစ်ဖက်ဆီမှာတော့ ပြတ်တောက်ကင်းစင်သွား
ခဲ့ကာ .. ကျန်တစ်ယောက်မှာသာ ထိုသဲယောခဲ့ဆိုသော အရာ
သည် နှလုံးအိမ်မှာ ကျန်ခဲ့ချေမည်ပေါ့ .. ခုကျတော့ .. လှလွန်း
အိမ်တစ်ယောက်တည်း၏ ရင်ထဲမှာသာ ကျန်နိုင်ချေကောင်းရဲ့
ဟု တွေးကာ ကြာညိုကို မဆက်မသွယ်ဘဲ ထားခဲ့လေသမျှ ..
ကြာညိုသည်လည်း လှလွန်းအိမ်ကို ဘယ်လိုမှ မမေ့ခဲ့သည့်ကော
ဟု သိရရင်းဖြင့် ဤသဲယောခဲ့ အမျှင်တန်းသည် ရင်ထဲမှာ
အမြဲရှိနေတော့မည်ပဲ ဟု သိနေရပါ၏။ ဤသို့သိနေရသည်ကိုက
ရင်ကို ပို၍ ထိစေသည့်အဖြစ် ..

"ဒက်ဒီက .. ကိုနောင်နဲ့ ငါ့ကို .. ဒီစင်ဘာနှစ်ဆယ့်
ခြောက်ရက်မှာ လက်ထပ်ပေးတော့မယ်လို့ ဆုံးဖြတ်ထား
တာ .. ကိုနောင်ကလဲ ငါ့ကို တမြတ်တနိုးနဲ့ လက်ထပ်
ချင်နေသမျှ .. အန်ကယ်ကျော်နဲ့ ဒက်ဒီကို ပြောနေခိုင်းခဲ့တာ
များပြီကိုးလေ .. နောစပ်ထားခဲ့တာလဲ ကြာပြီဆိုတော့
ဒက်ဒီကလဲ .. ခေါင်းညိတ်လိုက်ပြီ .. ကြာညို ဆိုကို ငါ
ဒီလ ဆယ့်ငါးရက် ဘယ်လိုသွားနိုင်ပါတော့မလဲ .. လက်
ထပ်ဖို့ရက် သတ်မှတ်ထားတာက နှစ်ဆယ့်ခြောက်ရက်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ .. ကြားမှာ ဆယ့်တစ်ရက်လေးပဲ နေလိုက်ရတော့ မယ့်အဖြစ်ကလွဲပြီး ရွေးချယ်စရာကို မရှိတော့တာ .."

ဟု တွေးရင်း မျက်ရည်ထပ်ကျလာသည်။

ရင်ထဲမှာ ဆို့နေသည်။ ကြာညို့ မျက်နှာကိုပဲ မြင်နေလျက် .။ ကားနောက်မှာ အပြေးလိုက်လာရင်း ဟပ်ထိုးလဲကျ သွားတာကို ဘယ်လိုမှ ဖျောက်ရ်မရဘဲ ရှိနေသည်က ရင်ကို ပို၍ ကြေကွဲလောင်မြိုက်နေစေသည့်အဖြစ် ..။

လှလွန်းအိမ် မျက်တောင် တဖျပ်ဖျပ် ခပ်မိသည်။ ဘာဝဲဖြစ်ဖြစ် ..။ ကြာညို့အလောင်မှာ တာဝန်ကျေသင့်သည် .။ ဟုတ်သည် .။ တာဝန်ကို အားလုံး မကျေသော်မှ .. တစ်မျှင် တစ်စလေးလောက်တော့ ကျေသင့်သည် .။ ကြာညိုသည် .. လှလွန်းအိမ် မှာခဲ့တာတွေအားလုံးကို နာခံခဲ့သည့် ကြာညိုဖြစ်နေသည်။ လှလွန်းအိမ်ကသာလျှင် .. ကြာညို့ကို .. ကတိမတည် တော့ပြီဖြစ်သော လှလွန်းအိမ်အဖြစ် ရှိနေချေသည်မို့ .။ ဆုံးဖြတ်ချက်တစ်ခုကို .. ချလိုက်မိရပါဘြီတည်း ..။ ကြာညို့အလောင်း တယ်လီဖုန်းလေးတော့ ဆက်သင့်သည်ဟု ..။

အခန်းတွင်းသို့ ပြန်ဝင်ခဲ့ကာ တယ်လီဖုန်း ဆက်လိုက်မိရသည်က နံ့သာမြိုင်စံအိမ်ကြီးဆီသို့ပါ ..။ ဒေါ်လေးခမ်းဌေး၏ အစောပိုင်းရေးလာပါသည့် စာတွေထဲမှာပါသည်လေ .။ ကြာညိုသည် နံ့သာမြိုင်ဟိုတယ်မှာ မနေတော့ .။ နားနားနေနေ နေသင့်သည်ဟု ဆရာဝန်ကြီးများက ပြောသည်မို့ .။ မူလနေခဲ့သော မိဘများနှင့် နေခဲ့ရာ နံ့သာမြိုင်စံအိမ်ကြီးသို့ ပြန်ပြောင်း နေထိုင်ခဲ့ကြသည်တဲ့ .။ အိမ်ကြီးဆိုတာက .. လူမနေခဲ့တာ နှစ်

ကြာပေမယ့် .။ အမြဲသန့်ရှင်းရေးလုပ်သည့်သူတွေက တစ်လနှစ်ကြိမ်မျှလောက်တော့ သွားလုပ်ကြရတာမို့ .။ အိမ်ကြီးကို သိပ်များများစားစားကြီး ထပ်၍ သန့်ရှင်းရေးလုပ်စရာ မရှိခဲ့ပါဘဲ့။ အိမ်လိပ်စာ ဖုန်းပါတ်ကိုပါ စာထဲမှာ ထည့်ရေးလာခဲ့တာမို့ .။ ထိုစဉ်ကတည်းက ဒိုင်ယာရီ စာအုပ်လေးရှိ လိပ်စာနှင့် ဖုန်းနံပါတ် မှတ်သားသည့်နေရာလေးမှာ ချက်ချင်း မှတ်ခဲ့သည်ပဲ .။ ခုကျတော့လည်း ထိုနံပါတ်လေးကို အလွတ်ရနေခဲ့ပြီးနေပြီ .။ ကြာညို့ကို သတိရစိတ်ဖြင့် တစ်ခါတစ်ခါမှာ ဖုန်းဆက်ဖို့ ကြိုးစားမိလိုက် .။ ဖုန်းနံပါတ်လေးတွေ နှိပ်ဦးမှ ဖုန်းကို ချက်ချင်း ပြန်ချလိုက်မိလိုက်ဖြင့် အကြိမ်များစွာ ရှိခဲ့ပြီးသည့်နောက်မှာ .. ထိုဖုန်းနံပါတ်လေးသည် အလွတ်ရသွားပြီဖြစ်သည့် ဖုန်းနံပါတ်လေး ဖြစ်ခွားခဲ့ရချေသည်တည့် ..။

ခုတင်ထက်မှာ ထိုင်နေရင်း ဖုန်းနံပါတ်လေးတွေ နှိပ်နေခိုက် တစ်ချက်တော့ ငိုင်ခနဲ လှလွန်းအိမ် ဖြစ်သွားရပါ၏။ ဖုန်းလေးကို ချလိုက်ဖို့ တစ်ချက်တွေးမိသေးသည်။ ဒါပေမဲ့ .. အံလေးတစ်ချက်ခဲလိုက်ကာ မချရက်နိုင်စွမ်းစွာဖြင့် ဖုန်းကိုင်လာမည့် အချိန်ကို စောင့်နေမိရမြန့်သည်ပါပဲ .။

"ဟယ်လို .."

မိန်းကလေးတစ်ယောက်၏ ဖုန်းထူးသံလေး .။

"နံ့သာမြိုင်စံအိမ်ကလား .."

"ဟုတ်ပါတယ်ရှင် .."

"ကြာညို ရှိလားဗျာ"

"အစ်ကိုလေး စာဖတ်နေပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com

ဟု ဖြေခိုက် တစ်ချက် လှလွန်းအိမ် ကွေ့ခနဲ ဖြစ်သွားရသည်။ စာဖတ်နေသည်ဆိုတော့ .. ခေါင်ခိုင်းချိလည်း မကောင်းပြန် .. ။ သြော် .. ပြောခွင့်ကိုမျှ ကဲကြမှာက မပေးတော့သည်ပဲလေ .. ဟု စိတ်ကို ဖြန့်လျှောကာ ဖုန်းလေးကို ပြန်ချလိုက်မည်ပြုခိုက်မှာပင် ..

"ငါ အပေါ်ထပ်က ဖုန်းကို ကိုင်ထားပြီးနေပြီ မိလုံး .. ဖုန်းချလိုက်တော့ .."

ဟူသော တည်ငြိမ်နေသည့် အသံက ဖြတ်ဝင်လာစဉ်ခိုက် ရင်သည် သိမ့်ခနဲဖြစ်၏။ ကြာညို .. ။ ကြာညို့အသံပါသားလေ .. ။ ဘုရားရေ .. ။ ကြာညိုသည် အရမ်းကို တည်ငြိမ်ရင်ကျက်စွာ ပြောဆိုနေသည့်သူ ဖြစ်နေချေပြီတကား .. ။ ရင်သည် အပျော်ဘက်ဆီသို့ ကူးစက်၏။ ကြည်နူးခြင်းလေးဖြင့် မျက်ရည်ဥသည် ပျံတ်ခနဲ ဖြူတ်ခနဲပင် ချက်ချင်း ကြွေသက်၏။ မျက်ရည်ကို လက်ဖမိုးလေးဖြင့် သုတ်နေမိစဉ်ခိုက် ရင်သည် ကြည်နူးခြင်းဖြင့် ပြည့်သိပ်နေသည်ပါပဲ .. ။

"မမလေး .. "

ခေါသံ .. ။ ကြာညို လှမ်းခေါ်လိုက်သံပါစကား အသံသည် တုန်ခါနေ၏။

"မမလေးရဲ့ အသံကို ကြာညို မှတ်မိနေပါတယ် မမလေးရယ် .. ဖုန်းမြည်လို့ ကြာညို ကိုင်လိုက်ချိန်မှာ .. မီလုံးကလဲ ကိုင်နေပြီလေ .. မမလေးရဲ့ အသံကို ကြာညို ချက်ချင်း မှတ်မိတယ် .. ရင်ထဲမှာ အမြဲရှိနေတဲ့ အသံကို ရင်ထဲစာ အမြဲမှတ်မိနေတာပါပဲ မမလေး .. "

ဟု ကြာညို ပြောနေရတော့ နားထောင်ရင်း လှလွန်းအိမ် မျက်ရည်ကျလာသည်။ သြော် .. ရင်ထဲမှာ ရှိနေသော အသံတဲ့လား ကြာညိုရယ် .. ။ မမလေးရဲ့ အသံ .. ။ မမလေးရဲ့ ရုပ်သွင် .. အားလုံးဟာ ကြာညို့ ရင်ထဲမှာ ရှိနေတယ်လို့ ပြောလိုက်တာလားကွယ် .. ။ မမလေးလည်း .. ကြာညို့ အသံကို ကြားကြားချင်း မှတ်မိနေသလို .. ။ ကြာညို့ မျက်နှာလေးကိုလည်း ဘယ်တုန်းကမှ မမြေ့မရနိုင်ခဲ့တာ .. မမလေးရဲ့ ရင်ထဲက သိနေတာပါပဲ .. ။ ပွင့်ကျလာသော ငိုရိုက်သံလေးကြောင့်ထင့် .. ။ ကြာညို့ဘက်မှ .. အသံတစ်ချက်တိတ်ကျသွားသည်။ လွမ်းဆွတ်လိုက်သည်ကောလေ .. ဟူသော နှလုံးအိမ်ဆီမှ တဆွတ်ကျင်ကျင် ရှိနေသမျှသည် ခုကျတော့လည်း .. ဖုန်းကွယ်နိုင်ခြင်း ဧရွမ်းသာတော့သည့်အဖြစ် .. ။

"ခုမှ .. ဖုန်းဆက်တယ် မမလေးရယ် .. ကြာညို .. အမြဲမျှော်နေတာ .. ဖုန်းမြည်တိုင်း ကြာညို အမြဲတာ သာကမျောကိုင်နေကျ .. ကိုင်နေရတော့တာပါပဲ .. မမလေးဆီက ဖုန်း မဟုတ်ဘူးဆိုတာနဲ့ .. စိတ်ပင်ပန်း .. ငိုချင်နေတဲ့စိတ်နဲ့ ဖုန်းကို ချပစ်ခဲ့ထာတွေ အကြိမ်ပေါင်း ဘယ်လောက် ရှိပြီလို့ ထင်သလဲဟင် မမလေး .. နေ့တိုင်း နေ့တိုင်း မြည်သမျှ ဖုန်းကို ကိုင်ခဲ့ရတာဆိုတော့ မုန်းဆယ်ပေါ် မမလေးရယ် .. မမလေးရဲ့ ဖုန်းမဟုတ်လေသမျှ .. အဲဒီအကြိမ်တိုင်း အကြိမ်တိုင်းမှာ ကြာညို ရင်ထဲ ထိခိုက်ကျန်ခဲ့ရတာချည်းပါပဲ .. ခေါင်းလေးကလဲ ခမမလေးရဲ့ ဖုန်းနံပါတ် .. လိပ်စာကို မသိဘူးလို့ ပြောတယ် .. ကြာညို

www.burmeseclassic.com

www.burmeseclassic.com

"ပြစမ်းဦး .. စာအုပ်တွေ .."

ဟု မေးမိမည်သာ ..။ ထိုအဖြစ်သည် .. ရောက်လာနိုင်တော့မည် မဟုတ်ဟု နားလည်လာနေရသည် ..။ သြော် .. နားလည်ပြီးနေပြီဟု သိနေရသည်မို့ ရင်ထဲမှာ ပို၍ ကြေကွဲနေရသည်ပါပဲ ..။ ကိုနောင်နှင့် လက်ထပ်ပြီးသည့် နောက်မှာလည်း .. လွိုင်ခမ်းသာသို့ လှလွန်းအိမ်ကို .. ကိုနောင် လွှတ်မှာမဟုတ် ..။ လွိုင်ခမ်းသာမှာ လှလွန်းအိမ် အသက်အန္တရာယ်ကို ထိခိုက်စေသည်အထိ ကြုံခဲ့ရသည်မို့ ..။ ထိုနေရာကို ဘယ်သောအခါတွင်မျှ ပြန်သွားခွင့်မပြုတော့မှာ မဟုတ် ..။ ဒါကို လှလွန်းအိမ် ကြိုတင်နားလည်နေနှင့် သိနေနှင့်သည်လေ ..။

"နောက်ပြီးတော့ .. အရင်ကလို .. ကြာညို .. ကြာညို .."

ကြာညို အသံတစ်ချက် ထိမ်ကျသွား၊ စဉ်ခိုက်မှာ လှလွန်းအိမ် မျက်ရည်ပိုကျလာသည်။ တယ်လီဖုန်းလေးကို တင်းခနဲ နေအောင်ဆုပ်ထားနေရင်းမှ ခေါင်းလေးခါနေမိသည်။ မကြားရက်။ ကြာညို ဘာကိုဆက်ပြောတော့မည် ဆိုတာ သိနေလျက် မကြားရက် ..။ မပြောလိုက်ပါနဲ့ ကြာညိုဟု လှမ်းအော်လိုက်ချင်သည်။

"ကြာညို .. ကြာညို .. မရူးတော့ပါဘူး မမလေးရယ် .. ကြာညို့ကို မကြောက်ပါနဲ့ .."

ဟု ပြောသံတွင် ကြေကွဲသံက သိသိသာသာပါနေသည်။ ရင်ကို ထိစေသော စကားသည် နှလုံးသားသို့တိုင်အောင် ဒုတ်ခုတ်ထိမှု မြားတစ်စင်းနယ် ထိုးစိုက်လိုက်သည့်နယ် ခံစားရရင်း လှလွန်းအိမ် တင်းမခံသာနိုင်တော့ပြီမို့ မျက်ရည်လည်းကျ။ ငိုသံလေးတွေလည်း ပွင့်ကျလာရလျက်မှ ..

မမလေးကို မျှော်နေခွင့်တစ်ခုပဲ ရှိနေတာပါ .. မမလေးဆီက စာလဲလေ .. ဖုန်းလဲမဆက်လာတဲ့အခါ .. ကြာညို့ .. ကြာညို့ .. မမလေးဆီက ဖုန်းဆက်လာမယ့်ရက် .. စာရောက်လာမယ့်ရက်ကို .. မျှော်နေခွင့်ပဲ ရှိနေရတော့တာပါပဲ။ ဖုန်းဆက်လာပါလို့ဆဲ မပြောသာတဲ့ဘဝ .. စာရေးလာပါလို့ပဲ မပြောသာတဲ့ဘဝကိုး .."

ကြေကြေကွဲကွဲ ရင်ထဲရှိသမျှ ပြောနေပါသည့် ကြာညို့ကို လှလွန်းအိမ် စကားဖြတ်မပြောရက် ..။ ပြောစေတော့ ဟု ငြိမ်သက်နားထောင်ပေးနေရင်းဖြင့် မျက်ရည်သဖျားကျနေသည်။ ကြာညို ပြောသမျှကို .. နားထောင်နေရျင်သည်။ ရင်ထဲမှ လွမ်းနေရသည့်သူတစ်ယောက်ထဲမှ စကားသံကို .. မကြားရက် သော်လည်း .. ကြာညို ပြောနေသည့် စကားတွေပါလား ဟူသော ခံစားမှုဖြင့်ပင် မျက်ရည်တဖျဖျကျဖြင့် နားထောင်နေမိရသည်ပါပဲ။ ကြာညို့ စကားသံလေးတွေကို ရင်ထဲမှာ သိမ်းထားလိုက်ရခွင့် ဆိုသည့် အဖြစ်တစ်ခုမှာ လှလွန်းအိမ်သည်လည်း ရပ်နေပါသည် ကြာညို့ .. ဟု ဖွင့်ပြောပြလိုက်ချင်သဲသည်။

"ကြာညို .. မမလေး မှာစာတွေအားလုံးကို နားထောင်ပါ စာယ် .. အခု .. ကြာညို စာတွေ အတော်ကြီး သင်ခဲ့ရ ခဲ့ပြီ"

ဟု ပြောတော့ ... ဟုတ်လား .. ဟု ပြန်ပြောလိုက် ချင်သည်။ ဒါပေမဲ့ အသံတွေက ပွင့်ကျမလာနိုင် ..။ အရင်တုန်းကနယ်ပင် နီးနီးနားနား နေကြရသည်ဆိုလျှင်တော့ နှာခေါင်းလေး ဆွဲလိမ်၍ ..

www.burmeseclassic.com

"ကြာညို့ကို ဘယ်တုန်းကမှ .. လှလွန်းအိမ် မကြောက်ခဲ့ပါဘူး ကြာညိုရယ် .. ကြာညို မရူးဘူးဆိုတာ မမလေး သိပါတယ် .. မမလေး သိပါတယ် .. နောက်ကို ဘယ်တော့မှ .. အဲသလို .. အရူးဆိုတဲ့ စကားကို မသုံးပါနဲ့ .. မမလေးကို ကတိပေးပါ .."

ဟု ငိုရင်း ပြောတော့ ကြာညိုဘက်က အတန်ကြာမျှ တိတ်နေသည်။ ဘာမျှ ပြောမလာတော့။ အတန်ကြာမှ ..

"ကတိ .. ကတိဆိုတာ ကြာညို မေ့ထားချင်နေတယ် မမလေး .. မမလေး ပေးခဲ့တဲ့ ကတိဟာ .. တကယ်ဖြစ်မလာနိုင်တော့ဘူးဆိုတာကို .. ကြာညို တဖြည်းဖြည်း ပီသိလာနေတယ် .. မမလေးကို ယုံဖို့ ပြောခဲ့တယ်နော် .. ကြာညို ယုံပါတယ် မမလေး .. မမလေးက ပြန်လာမယ်လို့ ပြောတာကို ကြာညို ယုံပါတယ် .. ယုံခဲ့ပူးပါတယ် .. ယုံခဲ့ပူးပါတယ်ဗျာ .."

ဟု ပြောနေတော့ လှလွန်းအိမ် ပြောရမည့် စကားကို မပြောရက်တော့သည့်နယ် ဖြစ်သွားရပါပြီ ..။

"ကြာညို .. ပြကွဒိန်လေးကို အမြဲကြည့်နေခဲ့တာပါ .. မမလေး လာမယ့်လကို ရောက်ပြီနော် .. ဆယ့်ငါးရက်နေ့ဆိုရင် .. မမလေး ပြန်လာမယ်ဆိုတဲ့ ရက်ကို ရောက်ပြီ .. အမြဲတမ်း မမလေးဆီက ဖုန်းကို မျှော်နေမိတဲ့ ကြာညိုဟာ ... ဒီနေ့မှာ .. မမလေးဆီက ဖုန်းဆက်လာတော့ .. တစ်ခုသိလာတယ် .. မမလေး ဘယ်တုန်းကမှ ကြာညို့ဆီကို ဖုန်းမဆက်ခဲ့ပူးဘူး မဟုတ်လား .. ခု ..

ဆက်တဲ့ဖုန်းဟာ .. မဆက်မဖြစ်လို့ ဆက်လိုက်တာပဲ ဆိုတာ .. ကြာညို သိနေရသလိုပဲ .. အဲဒီစကားဟာ .. မမလေး .. မလာတော့ဘူးလို့ လှမ်းအသိပေးတာပဲ ဖြစ်နိုင်တယ်လေ .."

ဟု ဆို့ဆို့နင့်နင့်ကြီး ပြောချလာတော့ လှလွန်းအိမ် ငိုနေလိုက်ရတော့သည့်အဖြစ် ..။

"မငိုပါနဲ့ မမလေးရယ် .. ကြာညို့ဘဝမှာ အစစအရာရာဟာ .. ဆိုးဆိုးဝါးဝါးကြီးတွေ ဖြစ်ခဲ့ပူးပါပြီ .. ခုတစ်ကြိမ်ကတော့ .. ရင်တွေ ကြေကွဲနာကျင်စရာ ကောင်းလွန်းလွန်းတော့ မမလေးရယ် .. ဘာမဲ့ဖြစ်ဖြစ် မလာဖြစ်တော့တာကို .. မလာဖြစ်တော့ပါဘူးလို့ လှမ်းအသိပေးတာယ်ဆိုတာနဲ့ပဲ .. ကြာညို ကျေးဇူးတင်မိပါပြီ .. ဘာခဏကို အသိမပေးဘဲ မလာဘဲထားလိုက်တာထက်စာရင် .. အသိပေး ပေးတယ်ဆိုတော့ မျှော်နေရတဲ့သူ .. ရင်ကွဲရတာကသပ်သပ် .. အမှန်ကို သိလိုက်ရတာက အမြတ်တစ်ခုပေါ့ မမလေးရယ်"

ဟု ပြောနေသမျှ ရင်ထဲ တင်းမခံသာသည်မို့ လှလွန်းအိမ် ထိန်းမထားနိုင်စွာဘဲ တရှိုက်ရှိုက် ငိုချလိုက်ရသည်ပါဖဲ့ ..။

"ဟုတ်တယ် ကြာညို .. မမလေး .. မလာနိုင်တော့ဘူး .."

ဟု အားတင်း၍ ဖြောပြလိုက်ရသည်ကိုက ရင်ထဲ အားအင်မကျန်တော့အောင်ပါ ..။

"ကျေးဇူးတင်ပါတယ် မမလေးရယ် .. ဘာမဲ့ဖြစ်ဖြစ် .. ကြာညို့ဆီကို မလာဖြစ်တော့ဘာကို အသိပေးတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

လဲ ကျေးဇူးတင်ပါတယ် .. အရှုးတစ်ယောက်ဆီကို မလာဖြစ်နိုင်တဲ့အတွက်ကြောင့် .. ရင်ထဲမှာ ကြေကွဲရင်း မျက်ရည်ကျပေးတဲ့အဖြစ်တစ်ခုတောဖြင့် ကြာညိုနဲ့ မမလေး တို့ကြားမှာ ရှိကျန်နေခဲ့သေးတယ်ဆိုတာကို သိပေးလိုက်ရတဲ့အတွက်လဲ .. ကံကြမ္မာကို ကြာညို ကျေးဇူးတင်ပါတယ် .."

ဟု ဆိုဆို့နှင့်နင့်ကြီး ကြာညို့ စကားသံတွေက တိုးဝင်လာနေကြပါ၏။

"တစ်ခုတော့ ပြောပြပါလား မမလေးရယ် .. မမလေးရဲ့ လိပ်စာကို ကြာညို သိပါရစေ .. အဲဒီတွက် .. မမလေး ဝန်မလေးပါနဲ့ဗျာ .. မမလေးက အတွေ့မခံချင်ရင်နေပါ .. အစေးကနေပြီး .. ကြာညို .. တစ်နေရာရာလေးကပဲဖြစ်ဖြစ် .. မမလေးကို .. တစ်ကြိမ်လေးလောက်တော့ ငေးကြည့်ခွင့်လေး ရပါရစေ မမလေးရယ် .."

ဟု ပြောလာတော့ လွယ်လွယ်နှင့်အိမ် မိုက်ခနဲပင် ဖြစ်ချင်သည်။ ရင်သည် .. ခံနိုင်ရည်စွမ်းပင် မကျန်တော့ချင် .. ကြာညို့ကို သနားရလွန်းစိတ်သည် .. နှလုံးသားသွေးကြောများ တို့ပင် တောက်ခနဲ တောက်ခနဲ ပြတ်ကုန်သည်သို့ ခံစားလာနေရပါသည့်အဖြစ် ..။

"ကြာညိုရယ် .. မမလေး .. ကြာညို့ကို .. တစ်နေ့မှ မမေ့တာပါ .. ဒါကိုတော့ ယုံပါကွယ် .. ကတိမတည်နိုင်တော့တဲ့ မမလေးရဲ့ စကားမို့ .. အဲဒီ မမေ့ပါဘူးဆိုတဲ့ စကားကို မယုံဘဲတော့ မထားလိုက်ပါနဲ့ .. အမြဲ အခြဲ

ကို .. မမလေး သတိရနေခဲ့တာပါ .. ဖုန်းလဲ .. အကြိမ်ကြိမ်ဆက်ခဲ့ပါတယ် ကြာညို .. ဒါပေမဲ့ .. ချက်ချင်းပြန်ချလိုက်မိတာပါ .. မမလေးကို ကြာညို မေ့သွားစေချင်တယ်လေ .. ဒါကြောင့် .. ဖုန်းမပြောဖြစ်အောင် ပြန်ပြန်ချမိခဲ့တာပါ .. မမလေးကို .. ယုံပါလို့ .. မပြောရဲတော့ပါဘူး ကြာညိုရယ် .. ဒါပေမဲ့ .. တစ်ခုတော့ .. ပြောမြဲချင်ပါတယ် .. ကြာညို့ကို ပေးခဲ့တဲ့ ကတိစကားဟာ .. ဟန်ဆောင်ခဲ့တာတော့ မဟုတ်ပါဘူး .. ရင်ထဲက စကားပါ .. ဒါပေမဲ့ .. မမလေးကိုများ ကြာညို မေ့သွားမယ်ဆိုရင်ဖြင့် .. မမလေးတို့နှစ်ယောက်အတွက် အကောင်းဆုံးပေမို့ .. မမလေး .. အဆက်အသွယ် မဲ့လုပ်ခဲ့ရတော့တာပါ .."

ဟု ပြောငိုမိရသည်က .. ကိုယ့်နှလုံးအိမ်ထဲမှ ကြေကွဲမှုများကို .. မျိုသိပ်ထိန်ချန်နိုင်စွမ်း မရှိတော့၍ပါ ..။

"ကြာညို စာတွေ့သင်နေရဲတာ .. ကြာညို ကျန်းမာနေတာ မမလေး သိနေပါတယ် .. သိခဲ့ပါတယ်ကွယ် .. အဲဒီအတွက် မမလေး အမြဲ .. ကြည်နူးနေခဲ့ပါတယ် .. မမလေးဆီကို ကြာညို .. မလာပါနဲ့တော့ .. သံယောဇဉ်ဆိုတာ .. ဘယ်နေရာမှာပဲဖြစ်ဖြစ် .. ရှင်သန်နေနိုင်တယ်လေ .. မမလေးတို့ အမြဲသတိရနေကြရင် .. မမလေးတို့ဘဝဟာ .. ပြည့်စုံနေပြီလို့ပဲ မှတ်ယူနော် .. မမလေး ကိုယ်တိုင်ကလဲ .. ကြာညို့ကို မြင်ချင်တာပါပဲ .. ဒါပေမဲ့ .. ကြာညို .. မမလေးကို မေ့နိုင်အောင် ကြိုးစားပါ .. မမေ့နိုင်တော့ရင်

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၆)

တယ်လီဖုန်းကို ကြေပြုန်းနေသည့် ရင်ဖြင့် သူ ခပ်လေးလေးချရင်း ရင်ထဲမှာ လောင်မြိုက်နေသည်။ ယောက်ယက်ခတ်နေသော စိတ်သည် ဆောက်တည်ရာမဲ့နေသည်။ အလွမ်းသည် ရင်ကို လာဆောင့်၏။ တမ်းတစိတ်က ရင်ထဲမှာ မဆန့်ရင်ကန် ဖြစ်နေပြီ ..။

"မတွေ့ကြတော့ဘူးတဲ့လား .. မမလေးရယ် .. မတွေ့ကြရတော့ဘူးတဲ့လား .. ကြာညို့ မမလေးကို မသဲတယ်လို့ ပြောခဲ့တာပဲ .. အဲဒီ ယုံကြည်မှုတစ်ခုဟာ အလှည့်စား ခံလိုက်ရမှု ဖြစ်နေသလား .. အို .. မဟုတ်ဘူး .. မမလေး ဟာ ဘယ်တော့မှ ငါ့ကို မညာဘူး .. ကြာညို့ကို မညာရက်နိုင်ဘူး .. သူ တကယ်လာမယ်လို့ ဆုံးဖြတ်ထားခဲ့တာမို့ အဲဒီကတိကို သူ ပေးခဲ့တာ .. ဒါဖြင့် .. ဒါဖြင့် .. ဘာလို့ မလာတာလဲ မမလေးရယ် .. ငိုတွေးနေမှန်း မမလေးရဲ့ ရိုက်သံတွေကြောင့် ကြာညို သိနေတယ်

လဲ .. အဲဒီသံယောဇဉ်ကို .. ရင်ထဲမှာ .. သိမ်းဆည်းထားလိုက်တော့နော် .."

ဟု ပြောတော့ ..

"ဘယ်တော့မှ မမေ့ဘူး မမလေး .."

ဟု ကြာညို တစ်ချက်အော်ပြောနေစဉ်ခိုက် လှလွန်းအိစ် ဖုန်းလေးကို ချလိုက်ရပါတည်း .။ သြော် .. စောစောက ပြောခဲ့သော စကား ..။

ပြီလဲနေသော နလုံးအိမ်ကို ရင်း၍ ပြောခဲ့သော စကား ..။

သံယောဇဉ်ဆိုတာ .. ဘယ်နေရာမှာပါဖြစ်ဖြစ် .. ရှင်သန်နေနိုင်သည်ဆိုသည့်စကား .။ တကယ်တမ်းမှာဖြင့် ..။

ရင့်သန်နက်ရှိုင်းစွာရင်မှ ဖြစ်တည်သော ထိုသံယောဇဉ်သည် .. ပျော်မွေ့စွာ ရှင်သန်ခွင့်မရ ..။

ကြေကွဲစွာသာ ရင်မှာ ရှင်သန်ခွင့်ရခဲ့ချေသည်မို့ ..။

ကြေကွဲမျက်ရည်ကို .. တစ်ဆက်သာ .. သိမ်းဆည်းထားရချေတော့မည်သာ တတား ..။

www.burmeseclassic.com

www.burmeseclassic.com

မမလေး ... ရင်ကို ထိအောင် .. နာကျင်အောင် .. နှလုံးအိမ်ကို လောင်မြိုက်မှုနဲ့ ရင်းပြီး ဘာလို့ မမလေး မလာရတာလဲ ..”

ကြာညို့ ခေါင်းသည် ငိုက်စိုက်ကျနေ၏။ လက်ဖဝါးတွေက စားပွဲစွန်းပေါ် ဖေးဖေးညှစ်ညှစ် ညှစ်ဆုပ်ခဲထားသည်။

ရင်သည် မခံနိုင် ..။ မမလေးနှင့် မဆုံဘဲ နေလိုက်ရမည်ဆိုတာကို ရင်သည် မခံနိုင် ..။

ဖျားနေသည့်ကြားမှ ပိန်းဥတူးခဲ့ရှာသော မမလေး ..။ ကြာညို့ကို ပိန်းဥတွေ မီးဖုတ်ကျွေးခဲ့ရှာသော မမလေး ..။ ကြာညို့ အသက်ကို လုကယ်ခဲ့သော မမလေး ..။ သြော် .. ဘိုးဘိုး၏ ဆေနတ်ကျည်များကြားထဲမှ .. ဆွဲခေါ်ပြေးခဲ့သော မမလေး ..။ အားလုံးသည် ရင်မှာ စွဲနေသည်။

ဖြူဥဉ္ဇ မျက်နှာ နုနစ်စင်လေးနှင့် အရုမ်းကို ဖြူစင်စွာ လှပလွန်းပါသည့် မျက်နှာလေး။ ကရဏာရိပ်ပြည့်နေသော မျက်ဝန်းနက်နက်တစ်စုံ ..။ အကြောမျှင်နုနုတို့ ယှက်သန်းနေသော မျက်နှာပူးဥဉ္ဇ ..။ နှာတံဝန်းဝန်းလေးနှင့် ပူးနုန နှုတ်ခမ်း ..။ မျက်ခုံးတန်းနက်နက်လေးနှင့် ရွှန်းမြမြ မျက်တောင်ထူနက်နဏ်လေးများ ..။

ရယ်လိုက်လျှင် ပါးချိုင့်လေးခွက်ဝင်အောင် အရုမ်းကို ချစ်စဖွယ် ချစ်စဖွယ်လေး ရှိပါသည့် မမလေး ..။

ကြာညို့ .. ကားနောက်မှ အတင်း ပြေးလိုက်ဦး မမလေးသည် ဘာကြောင့် ကားကို ရပ်တန့်စေခဲ့ပါသလဲ ..။ ဘာကြောင့် ကြာညို့ မျက်ရည်တို့ကို ပြေးပွေ့သုတ်ပေးခဲ့ပါသလဲ ..။

ဘာကြောင့် ကြာညို့ဆံပင်တွေကို သမ်တင်ပေးခဲ့ပါသလဲ ..။ သြော် .. ထိုစဉ်က .. ထိုစဉ်က .. ဘာကြောင့် မမလေးသည်လည်း မျက်ရည်ဖြိုင်ဖြိုင်ကျနေခဲ့ပါသလဲ ..။

ရင်သည် နှင့်နေ၏။ မျက်ဝန်းကို စုံမှိတ်ထားမိသည်။ မျက်ဝန်းများ ပိတ်ထားလျှင်ဟော်မှ .. မမလေးသည် .. ကြာညို့ မျက်ဝန်းအိမ်တွင် အမြဲ .. မြဲတည် .. နေပါသည်ကောလေ ..။

“အားလုံး ငါ့ကို ချန်ထားခဲ့ကြတာပါပဲလား .. ငါ အလွန်ချစ်တဲ့ ဖေဖေနဲ့ မေမေ .. ငါ့ကို အလွန်ချစ်တဲ့ ဖေဖေနဲ့ မေမေလဲ .. ကံကြမ္မာကြောင့် .. ငါ့ကို မချန်ရက်ပေမယ့် .. ချန်ခဲ့ရပြီ .. ခု .. ခု .. ငါ အလွန်ချစ်တဲ့ မမလေး .. ငါ့ကိုလဲ .. အလွန်သံယောဇဉ်ရှိတယ်လို့ ငါ ယုံကြည်ထားတဲ့ မမလေးဟာလဲ .. မျက်ရည်စက်တွေနဲ့ အတူ .. ငါ့ကို မချန်ရစ်ခဲ့ရက်ပေမယ့် .. ချန်ခဲ့တော့မယ်တဲ့လား .. ငါဟာ .. အမြဲ ကျန်ရစ်ရသူတစ်ယောက်ပဲ ဖြစ်နေဖို့ ကံကာတာမှာ ပါခဲ့သလား .. ဝါခဲ့သလား ..”

သူ အံခဲထားရင်း ကျပ်ခဲ့ဖွန်းသိပ်နေပြီဖြစ်သည့် ရင်ဆီမှ စူးအောင့်အောင့် နာကျင်ခံစားမှုတစ်ခုကို တစ်ယောက်ဘည်း ကျိတ်မျိုခံစားရင်း မျက်ရည်ဝဲတက်လာနေသည်။

“ဘာလို့ ကြာညို့ ဘဝထဲကို ဝင်လာရတာလဲ မမလေးရယ် .. ဟင် .. ကြာညို့ ဘာလို့ ခေါ်ခဲ့ဖူးတဲ့ .. ဘိုးဘိုးကလဲ .. ကြာညို့ကို .. အရူးဆိုတဲ့ ဘဝထဲမှာ နစ်နေအောင် ကြိုးစည်ခဲ့တယ် .. အဲဒီအချိန်မှာ မမလေးက ကြာညို့ဘဝထဲကို ဝင်လာခဲ့တာပဲ .. ခု .. ကြာညို့ .. ဆေးကုသခံရလို့

www.burmeseclassic.com

အတိတ်က အရာရာတိုင်းကိုလဲ သိနေ .. လက်ရှိ ဘဝကိုလဲ .. တည်တည်ငြိမ်ငြိမ် ရပ်တည်နေတဲ့အချိန်ကျမှ .. ဘာလို့ .. မမလေးက .. ကြာညိုကို .. လုံးဝ ချန်ထား ရက်ခဲ့ရတာလဲ .. မမလေးကို ကြာညို မျှော်နေခဲ့တာ .. အမြဲသတိရနေခဲ့တာတွေဟာ .. ခုတော့ .. အလကား ဖြစ်ကုန်ရပြီ .."

ကြာညို့ လက်ဖဝါးတစ်ဖက်က မျက်ဝန်းနှစ်ဖက်လုံးပေါ် အလှူးလိုက် ဖြန့်အုပ်ထားလိုက်မိပြီ။ မျက်ဝန်းများဆီမှ စီးသွယ်ကျနေပြီဖြစ်သည့် မျက်ရည်စက်များ .. ။ သြော် .. မျက်ရည်များ ပြည့်သိပ်နေသည့် မျက်ဝန်းအိမ်ထက်မှာ ဖေးအုပ်ထားသော လက်ဖဝါးတွေသည်ပင် ဆတ်ဆတ်ခါနေသည်။ သူ့နှလုံးသားတွေ ဆောက်တည်ရာမဲ့ အရှိန်ပြင်းစွာ ခါနေကြချေသည်ကို သူ့ လက်ဖဝါးတွေသည်ပင် .. ဆတ်ဆတ်ခါ နေကြချေသည်တည့် .. ။ နှလုံးအိမ်ဆီမှ သွေးကြောမျှင်မှသည် .. ပြိန်ရချေသော ခန္ဓာပေကို .. လက်တို့သည်လည်း ဆတ်ဆတ်ခါနေကြချေသည့် အဖြစ် .. ။

သူ .. အသဲကို တစ်ချက်တစ်ချက် ထိန်းမရဘဲ ပွင့်ကျလာသည့် ရွှိက်သံသည် နှလုံးသားကို ဆောင့်၍ ထွက်လာသည့်နှယ် ရင်ကို စူးဆောင့်နာကျင်နေစေပါ၏။ သူ ခေါင်းကာယဉ်သာ နှဲ့နေသည်။ စားပွဲပေါ် တင်ထောက်ထားသော လက်တံတောင်သည်ပင် ကြေကွဲရိန်ကြောင့် ကိုယ်ကြီးငိုက်ကျစဉ်ခိုက် ပိချလိုက်သလိုကြီး ဖြစ်သွားရကာ စူးနစ်နာကျင်သော ခံစားနေက လက်တံတောင်ထက်မှာ ကျိတ်ကျိတ်ခဲမျှ ဖြစ်နေပါ၏။

"ကြာညို ပြောလိုက်ခဲ့တုန်းက .. မြောခဲ့တယ် မဟုတ်လား မမလေး .. မမလေး ပြန်မတောတော့ဘူးထင်လို့ပါလို့လေ၊ ခု .. အဲဒါ မှန်နေတာပဲ မဟုတ်လား .."

သူ ကြေကြေကွဲကွဲ တွေးနေမိရဆဲ ..။

"ကြာညို့ကို ဆေးတွေတိုက် .. ဆေးတွေထိုးပေး .. အဟာရပြည့်မီ ကျွန်းမာအောင် ကျေးနဲ့ ရှိခဲ့ကြတဲ့ .. အဖြစ်တွေကြောင့် .. ကြာညိုဟာ .. အတိတ်ကိုလဲ ကောင်းကောင်း သတိရ .. ပစ္စုပ္ပန်ကိုလဲ ကောင်းကောင်း သိနေတဲ့ ကြာညို ဖြစ်ခဲ့ရတာဟာ .. ကံကောင်းတာလား မမလေးရယ် .. ဟင့်အင်း .. တွယ်တာမိတဲ့ ကြာညို ကံဆိုးတာပါ .."

သူတစ်ယောက်တည်း အတွေးများဖြင့် နှစ်နေဆဲ .. ။ မျက်ရည်များဖြင့် ရှိနေမြဲ .. ။

"ကိုတိုး ဆိုတဲ့ ကြာညို့အဖော်တစ်ယောက်ဟာ ကြာညို တစ်ယောက်တည်း ရှိခဲ့စဉ်တုန်းတ .. ဒေါက်တာအောင်မင်း တိုက်တဲ့ဆေးဒဏ် .. ထိုးတဲ့ဆေးဒဏ် .. ဝိုင်းပြီး ထိုးကျိတ် ရိုက်နှက်ခံရတဲ့ ဒဏ်တွေနဲ့ အလူးအလဲ ရှိရချိန်တုန်းက .. တစ်ယောက်တည်းဆိုမှ တစ်ယောက်တည်း ဖြစ်နေတဲ့ဘဝပေမို့ .. ကြာညို့စိတ်ထဲက ဖြစ်တည်လိုက်တဲ့ အဖော်ဆိုတာကို .. နားလည်အောင် ဘာဘ ဆရာဝန်ကြီးဦးကောင်းမြတ်က သေချာကို ဆေးကုသရင်းနဲ့ .. သိလာစေခဲ့တယ်လေ ခု .. ကိုတိုးဆိုတဲ့ အဖော်တစ်ယောက်တောင်မှ ကြာညို့ဘဝမှာ ကျန်မနေတော့ဘူးလေ .. ခုမှ ပိုအထီးကျန်လာရသလိုကြီးပါ မမလေးရယ် .."

www.burmeseclassic.com

www.burmeseclassic.com

သူ မျက်ဝန်းများကို မှိတ်ထားဆဲ ..။ ကြီးမားလွင်ခေါင်သော အရှိန်တည်းညီး ရှိနေသည့် နွေလွင်ပြင်ကျယ်ကြီးမှာ တစ်ယောက်တည်း အရိပ်အကာမဲ့ ရှိနေသည်သို့ အလွန်တရာကို မှ အထီးကျန်ခြင်းမက အထီးကျန်နေသူတစ်ယောက်နယ် သူ ခံစားနေရသည်က ဆိုးသည်။ ကြွယ်ဝချမ်းသာခြင်း၏ အလယ်မှာ .. တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသူတစ်ယောက်၏ မွတ်သိပ်စွာ တမ်းတရ .. လွမ်းနေမိရသည့် အဖြစ်တစ်ခုကို တစ်ချက် လေးမျှ ငဲ့ကြည့်သင့်ပါသည်ဟု မမလေးကို တိုင်တည်လိုက်ချင်သည်။

ခုတော့ အရာရာသည် ကြေကွဲဖွယ်အတိဖြင့် ကုန်ဆုံးလွန်မြောက်ခဲ့ပြီးပြီ ..။

ဖေဖေနှင့် မေမေလည်း မရှိတော့ပြီ ..။

ဘိုးဘိုးဦးဘုန်းရှိန်သာလည်း ကွယ်လွန်ခဲ့ပြီ ..။

ဒေါက်တာဦးအောင်မင်းနှင့် ဦးအုပ်စိုးတို့လည်း တရားဥပဒေ၏ အဆုံးအဖြတ်ကို ခံသွားခဲ့ကြရပြီ ..။

သြော် .. နောက်ဆုံးတော့ .. မိုးကောင်းကင်ကြီး ဆီမှ လမင်းပမာ မြွတ်နိုးခြင်းမက မြွတ်နိုးနေမိချေသည်ကော .. ဟု .. သူ .. ပို၍ .. ပို၍ .. ခုအချိန်မှာ နားလည်လာရသည့် အချိန်ကြတော့လည်း ..။ မမလေးသည်လည်း သူ့ကို ချန်ထားရစ်ပြီး ဖြစ်နေချေသည်တကား ..။ ဆူသည် ကြေကွဲခြင်း .. အထီးကျန်ခြင်းဆိုသည့် အရာကို ရင်စည်းခံပိုင်ဆိုင်ဖို့အတွက် လူ့ဘဝတွင်သို့ ရောက်ရှိလာသူတစ်ယောက် ဖြစ်နေသည်။

တကယ်က မမလေးဟု သူ အတိတ်က ငယ်အတွေး ဖြင့် ကြီးပြင်းလာရသည့် ကာလတုန်းက ခေါ်ခဲ့ရပါသော မမလေးသည် .. သူ့ထက်ပင် ငယ်သေးသည့် မမလေး လှလွန်းအိမ်ပါ။ ဒါပေမဲ့ .. သူ့ထက်ငယ်မှန်း ခုမှ .. သိနားလည်ရချိန်မှာလည်း လှလွန်းအိမ်ကို မမလေးဟုပဲ ခေါ်နေချင်သည်။ သူ့ရင်ထဲမှာ အားကိုးတွယ်တာစွာ .. တနှောင်ငင်ငင်ဖြင့် သူ ခေါ်ခဲ့ဖူးသော မမလေးဆိုသည့် အခေါ်လေးကို သူ့ မစွန့်လွှတ်ရက်နိုင် ..။ မစွန့်လွှတ်ချင် ..။ ထိုစဉ်တုန်းက .. သူ့ဆန္ဒယ်များကို မမလေးသည် သပ်တင်ပေးခဲ့ဖူးသည်။ သူ့နာဖူးလေးကို ချစ်စနိုးလေး ဆွဲလိမ်ခဲ့ဖူးသည်။ မမလေး၏ ပခုံးပေါ် ဝမ်းနည်းရှိန်ကြီးဖြင့် ကလေးလို ခေါင်းတင် ငိုကြွေးချိန်များမှာ မမလေးသည် သူ့ကျောပြင်ကို သပ်ပေးတတ်သည်။ မျက်ရည်သုတ်ပေးတတ်သည်။ ဆံစလေးတွေကို သပ်ပေးတတ်သည်။ သူ့ပါးပေါ် နူးညံ့သော လက်ဖဝါးလေးတွေ အုပ်မိုးဖေးတင်ထားရင်း ဖျောင်းဖျခဲ့ဖူးသည်။

"အဒီအချိန်တုန်းက .. ကြာညိုကို အရူးလို့ လူတွေက သတ်မှတ်ကြတယ် .. ကြာညိုကလဲ .. တကယ့်ကိုပဲ .. ကိုယ့်ကိုယ်ကိုယ် .. ကလေးလိုပဲ ထင်နေတဲ့ ကြာညို ဖြစ်နေခဲ့တယ် .. အဲသလို ထင်ခဲ့တာတွေကို .. ခု .. ကြာညို ပြန်ကောင်းလာချိန်မှာ သိနေရတယ် မမလေးရယ် .. ကြာညိုလေ .. ခုလို .. ပြန်မကောင်းချင်ပါဘူး .. အရင်တုန်းကလိုပဲ .. ကလေးတွေနဲ့ ရှိတဲ့ ကြာညို .. ပြန်ဖြစ်ချင်တယ် .. မမလေးရဲ့ ... သံယောဇဉ်ကို မြှုပ်လိုချင်တယ် .. ပြန်လိုချင်တယ် မမလေးရယ် .."

www.burmeseclassic.com

www.burmeseclassic.com

သူ ဤတစ်ကြိမ်မှာတော့ လက်ဖဝါး နှစ်ဖက်လုံးဖြင့် မျက်နှာကို အုပ်ချလိုက်ကာ စိတ်ကို လွှတ်ချလိုက်မိရပါဖြီ ..။ ရင်သည် လိုက်နေသည်။ ရင်ခေါင်းတစ်ခုလုံး ကျပ်ခဲနေသည်။ မမလေး ဝိုင်းထားရစ်ခဲ့သော ရိုက်စွဲလေးရှိရာ ပြတ္တဒိန်လေးကို နေ့စဉ်နှင့်အမျှ ကြည့်နေမိခဲ့တာ ..။ မမလေးကို အမျှော်ကြီး မျှော်နေမိခဲ့တာ ..။ အားလုံးသည် .. အဆုံးသတ်ခဲ့ပြီ ..။ ဟုတ်သည် ..။ မမလေးကို ဘယ်တော့မှ မမြင်ရချေတော့ပြီဝဲ .. ဟု ရှင်းလင်းစွာ အရူးအမူး ကြော်ကွဲနာကျင်နေသည့်ရင်ဖြင့် သိလိုက်ရပြီ ..။ မမလေး မလာတော့ပြီဆိုတာကို သူ လက်မခံချင် ..။ ထိုအသိကို သူ လက်မခံချင် ..။ ဒါပေမဲ့ .. ထိုအဖြစ်သည် လက်တွေ့မှာဖြစ်ပြီးနေပြီ ..။

"အရူးဆိုပြီး .. မလာတော့တာလား မမလေးရယ် .. မလာတော့တာလား .."

သူ ရင်ထဲ ညှီးသိမ်အားငယ်နေရင်းဖြင့် ခပ်ညည်းညည်း ပြောမိပါ၏။ အသံက ငိုသံနှင့် ရောထွေးနေသည်။

အခန်းထဲမှာ သူ အလှူးအလဲခံစားရင်း လက်တော်တွင်တွေ စားဖွဲပေါ် ထောက်တင်ထားကာ မျက်နှာကို လက်ဝါးတွေဖြင့် အုပ်မိုးရှိ အာဘယ်မျှထိ ကြာအောင် သူ မျက်ရည်များ ကျနေမိသည်ဆိုတာ သူ့အသိသာပင် မသိနိုင်တော့ ..။ သူ လက်တွေ စားပွဲပေါ် ကြာမြင့်စွာ ထောက်ထားရတာမို့ ထုံကျင်နေကြောကို သူ သိလာရသည်က .. ထုံကျင်မှုက လက်ချောင်းများလေးဆီသို့တိုင်အောင် ပြန့်လာချိန်ကျမှပါ ..။

ထိုအခါမှ လက်ဖဝါး နှစ်ဖက်ကို မျက်နှာထက်မှ ဖယ်လိုက်မိသည်။ ကိုယ်ကို ပြန်မတ်လိုက်ကာ အသက်ကို အားစိုက်၍ ဆာစ်ချက် ခပ်ပြင်းပြင်းရှူမိသည်။

ရေမြုပ်ဖို့ ကမ္ဘာ့ဓိပါထိုင်ခဲ့နောက်ခိုကို ဇက်မိုး၍ သူ ခေါင်းကို မော့ထားလိုက်ကာ လောင်မြိုက်နေသည့်ရင်ထဲမှ ဆို့ခဲနေသည့် ဝေဒနာကို သူ အံခဲ၍ ခံနေရဆဲ ..။ ထိုစဉ်ခိုက် ချောင်းဟန့်သံ ညင်ညင် ကြားရတာမို့ သူ လှမ်းကြည့်လိုက်တော့ နွားနို့ပူဖန်ခွက်ကို လွှင်ပန်းထက်မှာ တင်ထားလျက် တံခါးဝမှာ ရပ်နေပါသည့် ဒေါ်လေးခမ်းမွန် ..။

ဘယ်အချိန်ကတည်းက ဒေါ်လေးခမ်းမွန်သည် သူ့ကို ကြည့်နေခဲ့သည်မသိ ..။ သူ ခံစားနေရလေသမျှကို အချိန်အတန်ကြာကတည်းက ရပ်ကြည့်နေတာဖြစ်မည် ..။

ဒေါ်လေး သူ့အောမှာ လာရပ်သည်။ နို့လင်ပန်းလေးကို စားပွဲထက်မှာ တင်သည်။ ပေါင်မုန့်မီးကင်နှင့် ကြက်ဥဟတ်ဖဖရိုင်ကြော် ပန်းကန်လေးသည်လည်း လင်ပန်းထက်မှာ ရှိနေ၏။ အငွေ့ထောင်းထောင်းထနေသည့် နွားနို့ဖန်ခွက်ကို သူ ကောက်ကိုင်ကြည့်ချင်စိတ်ပင်မရှိ ..။ ဘာကိုမျှ မစားချင် .. မသောက်ချင် ..။

သူ ထရပ်လိုက်ကာ ပြတင်းအနီးမှာ သွားရပ်သည်။ လှမ်းလင့်မြင်နေရသော လမင်းကို သူ မော့ငေးဖြစ်၏။ လမပြည့်သေး ..။ ဒါပေမဲ့ .. လရောင်က လွင်နေပြီ ..။ လကွေးကွေးသည် သေးသေးလေး မဟုတ်တော့ပြီ ..။

www.burmeseclassic.com

www.burmeseclassic.com

သူ .. နောက်ကို လှည့်မကြည့် ..။ ဒေါ်လေး ရပ်၍ ဘာတွေ ထွေးနေမည်ဆိုတာကို သူ မှန်းဆနားလည်ထားမိပြီးပါပြီ ..။ သူ .. ဦးမြထိ အလူးအလဲ ခံစားနေပြီ ဆိုမှဖြင့် .. မမလေးနှင့် ပတ်သက်တာပဲ ဖြစ်မည်ဆိုတာ ဒေါ်လေးလည်း သိနေချေမည်သာ ..။

"ခုပဲ .. မမလေးဆီက ဖုန်းလာသွားတယ် ဒေါ်လေး ..
သူ .. မလာတော့ဘူးဆိုတာကို အသိပေးတာပါ .."

သူ ဒေါ်လေးကို မကြည့်ဘဲ လရောင်အောက်မှ ဥယျာဉ်ဆီသို့ အကြည့်က တန့်နေသည်။

"တကယ်က .. သူ .. အသိမပေးဘဲ ထားလိုက်ရင် သိပ်ကောင်းမှာ .."

သူ ခပ်တိုးတိုး ဆက်ပြောသည်။

"ဒါဆိုရင် .. ကြာသို .. သူ့ကို ခုလဲ .. ဆက်မျော်နေခွင့် ရှိနေမယ် .. မနက်ဖြန်လဲ ဆက်မျော်နေမိမယ် .. မျော်နေခွင့်ဆိုတဲ့ အရာတစ်ခုကိုတော့ ကြာသို ပိုင်ဆိုင်ခွင့်လေး ရှိနေဦးမှာ .. မမလေးအကြောင်းကို တွေးရင်း .. မမလေး လာမယ့်ရက်ကို စောင့်မျော်ရတဲ့ ကြည်နူးမှုတစ်ခုကိုတော့ ကြာသို .. ရနေခွင့်ရှိနေဦးမှာ .."

သူ .. ပြက္ခဒိန်လေး ချိတ်ထားရာ နံရံဆီသို့ ခြေလှမ်းကျဲဖြင့် လျှောက်သည်။ ဤတစ်ကြိမ်မှာတော့ ကြေကွဲရှိန်ကြီးဖြင့် ခြေလှမ်းသည် စိတ်လိုက်မာန်ပါနိုင်နေသည်။ ပြက္ခဒိန်ရှိ ဘောလ်ပင်လေးဖြင့် ဝိုင်းပြထားခဲ့သော နေ့စွဲလေးကို လက်ဖြင့် ထောက်ပြသည်။

"ဒီရက်အထိပေါ့ ဒေါ်လေးရယ် .. မမလေးကို မျှော်နေခွင့် .. ဒီရက်အထိတော့ .. ကြာသိုမှာ အခွင့်အလမ်းလေး ရှိနေလိမ့်ဦးမယ် .. ခုတော့ .. ပြီးသွားပြီ ဒေါ်လေး .. မျှော်လင့်ခွင့်ဆိုတဲ့ အရာလေးတစ်ခုကိုတောင်မှ .. ဟောဒီ အရူး ကြာသိုရဲ့ လက်ထဲမှာ .. ဒီလက်ဖဝါးထဲမှာ ဆုပ်ခဲကိုင်ထားခွင့်မရှိတော့ဘူး .. ဒီရင်ထဲမှာလဲ ထားသိုနေခွင့်မရှိတော့ဘူး .. တကယ်တော့ .. ကြာသိုမှာ .. ကိုယ့်ဘဝကို ကိုယ်နားမလည်ခဲ့သေးတာပါ .. မမလေးလို .. ဟိုးကောင်းကင်ကြီးက လမင်းလေးတစ်စင်းကို .. လမင်းလေးကို .. အရူးတစ်ယောက်က .. မျှော်လင့်နေတယ်ဆိုတာဟာ .. မှားတာပါပဲ .. မှားတာပါပဲ .. ကြာသိုက အရူးလေ .. အရူးပါ .. အရူးတစ်တောက်ပါ .."

သူ .. ဒေါ်လေးခမ်းမွန်ကို ရင်ဖွင့်ပြောနေရင်းမှ ကြမ်းပြင်မှာ ထိုင်ချလိုက်သည်။

"ကြာသိုကို ဘာလို့ ကယ်ခဲ့တာလဲ ဒေါ်လေးရယ် .. ဟိုတုန်းက .. အတော်တော် အပြတ်ပြတ် .. အရိုက်အနှက်ခံရင်း .. ရှိခဲ့ရတဲ့ ဘဝကမှ သက်သာပါဦးမယ် .. ခု .. ခု .. ဒီရင်ထဲမှာ အရိုက်ခံရတာထက်ဆိုးတဲ့ ဒဏ်ကို ခံနေရတာပါ .. ကြာသို .. မမလေးကို ဘယ်လိုမှ မေ့လို့ရမှာ မဟုတ်သလို .. ဘယ်တော့မှလဲ .. မေ့ဖို့ကြိုးစားမှာ မဟုတ်ဘူး ဒေါ်လေး .. ကြာသို မကြိုးစားနိုင်ဘူး .. မကြိုးစားချင်ဘူး .. မမလေးကို မေ့ဖို့ထက် .. ကြာသို .. လွမ်းရတဲ့ ဒဏ်ကို .. လိမ့်ခံတော့မယ် .. ရင်တစ်ခုလုံး ကြေပြုန်းနေတဲ့ ဒဏ်ကိုပဲ ခံလိုက်တော့မယ် ဒေါ်လေး .."

www.burmeseclassic.com

www.burmeseclassic.com

သူ ပြောရင်း ဇက်ကို လှန်လိုက်တာ ပြက္ခဒိန်ချိတ်ထားရာ နေရာလေးကို လက်ချောင်းဖြင့် မော့ထိုးပြသည်။

"ဒီပြက္ခဒိန်ကိုလဲ .. ကြာညို မဆုတ်ပစ်ရက်နိုင်ဘူး .. မမလေး မလာတော့ဘူးဆိုတာ သိရချိန်မှာ .. အဲဒီရက်လေးကို ဝိုင်းပြခဲ့တဲ့ မမလေးရဲ့ လိမ္မာညာမှုတစ်ခုကို .. ကြာညို စိတ်နာတယ်ဆိုပြီးတော့ .. ဒီပြက္ခဒိန်ကိုလဲ ဆုတ်မပစ်ရက်နိုင်ပြန်ဘူး .. ဘာလို့လဲသိလား .. အဲဒီရက်လေးကို မမလေး ဝိုင်းပြခဲ့တုန်းက .. မမလေးရဲ့ မျက်ဝန်းမှာ မျက်ရည်တွေကို ကြာညို တွေ့ခဲ့ရတယ်လေ၊ အဲဒီ မျက်ရည်ကို ကြာညို ယုံတယ် .. ဟန်ဆောင်တဲ့ မျက်ရည်မဟုတ်ဘူးဆိုတာကို ကြာညို ယုံတယ် .. ညာပြီးတော့ မင်နဲ့ ဝိုင်းပြခဲ့ပေမယ့် .. မမလေး .. စိတ်ထိခိုက်ခဲ့တယ်လို့ .. ကြာညိုယုံတယ် .. အဲသလို ခံစားမိရပြန်တယ် ဒေါ်လေး .. မမလေးဟာ .. အယ်တုန်းကမှ ကြာညို့ကို မညာဘူးလို့လဲ ကြာညို ယုံတယ် .. မမလေးရဲ့ မျက်ဝန်းလေးတွေက မျက်ရည်လေးတွေကြောင့် ကြာညို ယုံတယ် .. ဒါပေမဲ့ မမလေး .. တကယ်မလာတော့ဘူးဆိုတာ သိရပြန်တော့လဲ ဘာလို့ မမလေး ညာခဲ့တာလဲလို့ .. ရင်ထဲမှာ ထိခိုက်ရတယ် .. အဲသလို .. ထိခိုက်ရင်း တွေးနေတဲ့ အတွေးတွေကို .. အဲဒီ မမလေးရဲ့ မျက်ရည်လေးတွေ ပြည့်သိပ်နေခဲ့တဲ့ မျက်ဝန်းလေးတွေကြောင့် .. ပြန်ပြီး .. ငြင်းဆန်လိုက်မိရင်း မမလေးဟာ ကြာညို့ကို မညာဘူးလို့ .. ယုံလာမိပြန်တယ် .. ကြာညို ရူးနေပြီလို့ ဒေါ်လေး ပြောမလားပျာင် .."

ဟု သူ ပြောကာ မျက်ဝန်းကို ခွံ့မိတ်ချလိုက်ကာ အံခဲထားသည့်ကြားမှ မျက်ရည်ကျလာပါ၏။ ဒေါ်လေး သူ့ သားမှာ လာဆိုင်သည်။ သူ့ဆံစတွေကို သပ်ပေးသည်။

"မိန်းကလေး လှလွန်းအိမ်ဟာ .. ကြာညို့ကို .. ဘယ်တုန်းကမှ .. မညာခဲ့ပါဘူးကွယ် .. သူ .. ကြာညို့ကို အလွန်သံယောဇဉ်ကြီးရှာပါတယ် .. သူဟာ ကိုယ်လွတ်ရုန်းပြီး မပြေးခဲ့ဘူး .. ကြာညို့ကို ရအောင်ခေါ်ပြေးတယ် .. မြင့်တဲ့ ချောင်းကမ်းပေါ်ကနေပြီး ကြာညို့ လက်ကို ဆွဲပြီး ရေထဲကို ခုန်ချခဲ့တယ် .. အဲသလောက် မြင်တဲ့အမြင့်က .. တော်ရုံမိန်းကလေး ခုန်မချရဲသလို .. လူပိုတစ်ယောက်ရဲ့ လက်ကို ဆွဲပြီး ခုန်ချဖို့ဆိုတာကလဲ .. မလွယ်ပေဘူး မဟုတ်လား .."

ဒေါ်လေး သူ့ပခုံးကို ဖွဖွလေး ဖျောင်းဖျသလို ပုတ်ပေးပြီးမှ ထရပ်သည်။ နွားနို့လင်ပန်းလေးကို သွားယူသည်။ ကြမ်းပေါ်မှာ လင်ပန်းကိုချသည်။

"ဒေါ်လေးလဲ ပေါင်မုန့် တစ်ချပ်နှစ်ချပ်လောက် တူတူစားမယ်လေ .. ဒီမှာပဲ ထိုင်ပြီး ဒေါ်လေးတို့ တူဝရိုးနှစ်ယောက် စားလိုက်ကြတာပေါ့ .. ဟုတ်လား .. ရော့ .. နွားနို့ အရင်သောက်လိုက်ဦး .."

ဟု နွားနို့ဖန်ခွက်ကို ကမ်းပေးလာတော့ ဖျတ်ခနဲ သတိရမိသည်က မမလေးကိုပါ .။ ဒေါ်လေး၏ တဲအိမ်ခြေတံရှည်လေးထက်မှာ ရှိစဉ်တုန်းကလည်း .. ဝမ်းဗိုက်နာနေသည့်

www.burmeseclassic.com

www.burmeseclassic.com

မမလေးက အိပ်ရာထက်မှာ ရှိနေကာ ..။ မမလေး နိုးလာမှ ကြာညို့ကိုရော .. မမလေးကိုရော .. နွားနို့ဖန်ခွက်ကြီးတွေဖြင့် ဒေါ်လေးခမ်းမွန် တိုက်ခဲ့သည် မဟုတ်ပါလား ..။ ဒေါ်လေး ခမ်းမွန်ကို သူ တစ်ချက်ငေးကြည့်မိသည်။ ဖျတ်ခနဲ အသိတစ်ခု တိုးဝင်လာပါ၏။

ကြာညို စာတွေသင်နေတာ ..။ ကျန်းမာလာနေတာ။ ထိုအရာများကို .. မမလေး သိနေသည်တဲ့ ..။ ဟုတ်သည် ..။ စောစောက ပြောခဲ့သည့် စကားထဲမှာ ပါသည်လေ ..။ ဒါဆို ..။ ဒါဆို .. မမလေးကို တစ်ယောက်ယောက်က .. အသိပေးပြော ပြခဲ့၍ပဲဖြစ်ဖြစ်။ စာရေး၍ပဲဖြစ်ဖြစ် .. ကြာညို့ သတင်းတွေကို သိနေစေခဲ့သည်ပဲ ဖြစ်ရမယ် ..။ ဖုန်းနှင့် ပြောနိုင်သည်။ စာဖြင့် ရေးနိုင်သည်။ ဒါမှမဟုတ် .. ဖုန်းနှင့်ပြောသည့်အခါ ပြောပြ။ စာဖြင့်ရေး၍ အသိပေးသည့်အခါလည်း အသိပေး။ နှစ်ခုလုံး ဖြင့် ပြောပြနိုင်သည်။

"ဒေါ်လေး .."

ကြာညို နွားနို့ဖန်ခွက်ကို ချလိုက်ကာ ဒေါ်လေးကို ခေါ်လိုက်မိရပါပြီ ..။ ဒေါ်လေးမှ ကြာညို့ကို ပေါင်မုန့်လေးတစ် ချပ် ပေးရင်း ကြည့်လာသည်။

"ကြာညို့ကို .. မမလေးရဲ့ လိပ်စာပေးပါ ဒေါ်လေး .. မမလေး ဆီကို စာရေးတဲ့သူဟာ .. ဒေါ်လေးက လွဲပြီး အဲယ်သူမှ မဖြစ်နိုင်ဘူး .. ကြာညို့ သတင်းတွေကို မမလေး သိနေတယ်လေ .."

ဟု ပြောတော့ ဒေါ်လေး ငေးရင်း တစ်ချက်ကြည့် သည်။ နောက်တော့ ခပ်သဲ့သဲ့လေး ပြုံး၏။ သူ့ဆံပင်ထူထူလေး ကို ချစ်စနိုးလေး ဆွဲဖွမစ်သည်။

"ဉာဏ်ကောင်းသကိုး .."

ဟု ပြောသည်မို့ သူ သိလိုက်ပါဖြို့ ..။

လိပ်စာကို .. ဒေါ်လေး ပေးလာလိမ့်မည်ဟု ..။

"နွားနို့ အရင်သောက် .. မုန့်စား .. နောက်မှ ပြောပြ မယ်သိလား .. ခုလောလောဆယ် ကျန်းမာအောင်နေ .. ရုန်ကုန်ကို .. ဒေါ်လေးပါ လိုက်ပို့မယ် .. ကဲ .. ဟုတ် ပြီလား"

ဟု ဒေါ်လေး ပြောတော့ သူ ဟန်မဆောင်နိုင် ..။ ဒေါ်လေးကို ခေါင်းလည်းညိတ်ပြ။ နွားနို့တစ်ဖန်ခွက်ကြီးလည်း ကုန် ..။ ပေါင်မုန့်မီးကင်နှင့် ကြက်ဥဟတ်ပဲဖရိုင်လည်းကုန်နှင့် ဖြစ်သွားရပါ၏။

ဒေါ်လေး ရယ်၍ သူ့ခေါင်းကို ပုတ်ပြီးမှ အခန်းတွင်း မှ ပြန်ထွက်သွားသည်။

သူ .. စာကြည့်ခန်းနံရံမှာ ချိတ်ထားဖါသော ဖေဖေနှင့် မေမေ့ ဓာတ်ပုံကြီးကို မော့ငေးကြည့်ရင်း အတွန်ကြာ ငြိမ်သက်ကျန်ရစ်ခဲ့ပါ၏။

"ဖေဖေနဲ့ မေမေ ရှိရင် .. သား .. ဒီဆိုးဝါးတဲ့ ဘဝဖြစ် ကြီးတစ်ခုကို အတိတ်ဘဝမှာ ဖြတ်သန်းခဲ့ရမှာ မဟုတ်ပါ ဘူး ဖေဖေနဲ့ မေမေရယ် .."

www.burmeseclassic.com

www.burmeseclassic.com

ဟု လက်အုပ်ချီ၍ မော့ကြည့်ရင်း စိတ်ထဲမှာ တမ်းတမိ ပြောနေမိရပါ၏။ နောက်တော့လည်း အခန်းတွင်းမှ ထွက်ခဲ့သည်။ စိတ်ထဲမှာ ဖေဖေနှင့် မေမေသည်လည်း သူ့ဘေးမှာ အတူပါလာကြသည်ဟု ခံစားဖြစ်သည်။ သူ .. ငယ်စဉ်က ကစားသော ကစားခန်းတွင်းသို့ ဝင်လာမိခဲ့ပါ၏။ နံသာမြိုင်စံအိမ်ကြီးသည် .. သူ ငယ်စဉ်ကတည်းက ကြီးပြင်းရာအိမ်ကြီး ..။ ကော့ဇောခင်းထားသော ကြမ်းခင်းနေရာအနှံ့ ပြေးလွှားရင်း သူ ဆော့ကစားခဲ့ဖူးသည့် မြင့်သော လှေကားကြီးမှာ အကြိမ်ကြိမ် ပြေးတက်ပြေးဆင်းနှင့် ဆော့လွန်းခဲ့တာမို့ လိမ့်ကျမှာစိုး၍ မေမေ ဟန့်ခဲ့ရဖူးသည်။

"ဟဲ့ .. သားညို .. အရမ်းမပြေးနဲ့လေ .."

ဟု လောလောဆယ်မှာပင် မေမေ လှမ်း၍ ဟန့်တားလိုက်သည့် အသံမျိုးကို ကြားလိုက်ရသည်သို့ပင် ထင်လာမိရပါ၏။

သူ .. ငယ်စဉ်က ကစားစရာများနှင့် တစ်ယောက်တည်း ကစားရသည့် အခန်းကြီးတစ်ခုရှိလျက် ..။ အရုပ်တွေ၊ ကစားစရာသေနတ်တွေ၊ အခန်းကျယ်ကြီးထဲ ပတ်မောင်းနိုင်သည့် ကားငယ်လေးတွေ ..။ သစ်သားမြင်းရုပ်ကြီးတွေကအစ ရှိနေခဲ့ပါ၏။

သူ .. ဗီရိုတစ်ခုရှေ့မှာ ရပ်မိသည်။ သူ .. နေကောင်းဈေးမှာလာပြီးအချိန်မှာ .. ဤနေရာလေးမှာ သူ အကြိမ်ကြိမ် ရပ်မိခဲ့ဖူးပြီ ..။

သူ .. ပထမဆုံး ပြန်၍ ဤနေရာလေးကို အမှတ်ရသည့်နေ့သည် .. ဤညလိုပဲ လသာသော ညတစ်ညဖြစ်ပါ၏။ သူ ငယ်စဉ်က .. ကစားခဲ့သော အခန်း၏ ရှေ့မှာ ဖြတ်လျှောက်မိစဉ်ခိုက် .. အာရုံထဲသို့ တိုးဝင်လာသည့် ဖျတ်ခနဲနိုင်သော အသိတစ်ခု ..။ အမှတ်ရမှုတစ်ခု ..။ ထိုအရာသည် .. ဤကစားခန်းလေးထဲသို့ သူ့ကို ဝင်စေခဲ့သည်။ ဤဗီရိုရှေ့မှာ သူ့ကို ရပ်စေခဲ့သည် ..။ ကစားစရာအရုပ်တွေ ပြည့်သိပ်နေအောင် ဗီရိုကြီးထဲမှာ ထပ်၍ စီ၍ ထည့်သိုထားရာ ဗီရိုကြီး၏ အောက်ဆုံးနေရာမှာ သူ ကြမ်းပေါ် ထိုင်ချလိုက်ကာ ..။ အောက်ဆုံးရှိ အရုပ်တွေ အားလုံးကို သူ ဖယ်ရှားပြီးသည့်နောက်မှာ အဆုံးနေရာရှိ သစ်သားအခင်းတန်းတစ်ခုကို ဆွဲဖယ်လိုက်ပြီးသည့်နောက် .. ခပ်ဖြာဖြာသေတ္တာတစ်ခုသည် အခင်းတွေအားလုံးကို ဖယ်ရှားလိုက်သည်နှင့် ပေါ်လာရပါ၏။ ထိုသေတ္တာလေးကို ဖွင့်လိုက်တော့ .. ရတနာချည်းသက်သက် အတန့်လိုက်ရှိသောနေရာ ..။ လက်ဝတ်လက်စား လက်ဖတ်ထည့်ရတနာများတို့ကို .. သူ ထိုစဉ်က တွေ့ခဲ့ရသည် မဟုတ်ပါလား ..။ ခု .. ထိုနေရာရှေ့မှာ သူ ရပ်လိုက်ပါပြီ ..။

ဤလက်ဝတ်ရတနာများ .. ရတနာကျောက်မျက်များတို့ကို လိုချင်စေဖြင့် ဘိုးဘိုးသည် သူ့ကို .. အရွယ်တစ်ယောက်အဖြစ် ဘဝကို ဖြတ်သန်းစေဖို့အတွက် ဖန်တီးခဲ့ဖူးသည်။ ဘိုးဘိုး၏ လက်ထဲမှ လွတ်မြောက်ဖို့ လှလှန်းအိမ်ဆိုသည့် မမလေးသည်လည်း .. သူ့အသက်ကို ကယ်တင်ခဲ့ရဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ့အသက်ကို ကယ်တင်ခဲ့သော မမလေးကို .. ဤရတနာတွေ အားလုံး ပေးလိုက်ချင်သည်။ ဤကဲ့သို့ ကစားစရာတွေ ပြွတ်သိပ်ထည့်ထားရာနေရာတစ်ခု ..။ ဗီရိုတစ်ခု၏ အောက်ဆုံးကြမ်းခင်းနေရာမှာ အံဝင်အခင်းတစ်ခု အပိုရှိနေကာ ထားလိမ့်မည်ဟု မထင်မှတ်ခဲ့၍သာ ဘိုးဘိုး ရှာမတွေ့နိုင်ခဲ့ခြင်းပါ ..။

ဖေဖေနှင့် မေမေတို့ မကွယ်လွန်မီကတည်းက .. ကြာညို ဆယ်နှစ်သားအရွယ်မှာကတည်းက .. ဤနေရာလေးကို လည်းပြ ..။ ရတနာများကိုလည်းပြ ..။ လက်ဝတ်ပစ္စည်းများကို လည်းပြနှင့် ဖေဖေနှင့် မေမေတို့ သူ့ကို သိစေခဲ့ပါ၏။

"ဒီနေရာကို ဘယ်သူမှ မသိစေနဲ့ ကြာညို .. ဖေဖေ ပြောတာ မှတ်ထားရမယ်နော် .. ဒါ .. သား တစ်နေ့ လက်ထပ်ရမယ့် မိန်းကလေးကို လက်ဖွဲ့ဖို့ .. တင်တောင်းဖို့ပဲ ဒါ .. ဘိုးအိုးစဉ်ဆက်က ရှိလာခဲ့တဲ့ လက်ဝတ်ရတနာတွေ ရတနာကျောက်မျက်တွေပဲ သား .."

ဟု ပြောခဲ့ဖူးပါသည့်စကား ..။

သြော် .. ခုတော့ .. သူသည် .. ကြေကွဲနေသည့် ရင်ဖြင့် .. ဤရတနာများကို .. မမလေးကို ပေးခဲ့ရပါတော့မည်။

သူ့ထံကို ဘယ်သောအခါတွင်မှ မလာတော့ပြီ .. ဆုံးဖြတ်ထားပြီးဖြစ်သောအခါ မမလေးထံ သူသည် .. မရောက်ရောက်အောင်လည်း သွားလျက် ..

လာမည်မဟုတ်တော့သည့် မမလေးထံမှာ .. ဤသေတ္တာလေးကို ပေးအပ်ခဲ့ပါတော့မည် ..။

ဘာကြောင့်ဆို .. ဤရတနာနှင့် လက်ဝတ်ပစ္စည်းများ ထည့်သိုရာ သေတ္တာသည် .. အခြားသော .. အာယုဒ်မိန်းကလေးထံသို့မှ မရောက်နိုင်တော့သည်ဟို့ ..။ အခြားတစ်ပါးသော မိန်းကလေးတစ်ယောက်ကိုလည်း သူ လက်မထပ်နိုင်တော့သည်မို့ ..။

သူ .. အဖြစ် .. မမေ့နိုင်စွမ်းမည့် .. မိန်းမသားတစ်ယောက်ဖြစ်သော .. မမလေးထံမှာ .. ဤသေတ္တာလေးကို ထားရစ်ခဲ့လိုက်ရချေတော့မည့်သာတကား ..။

သူ .. ရင်ထဲမှာ လှိုက်လာသည်။

မမလေးဆိုတဲ့ သူရယ် ..

ကြာညို ရင်ထဲမှာ .. ရှင်သန်နေတဲ့ အချစ်ကို .. မမလေး သိဖို့မလိုပါဘူး ..။ သိအောင်လည်း ကြာညို မကြိုးစားရက်ပါဘူး ..။

မမလေးကို မျှော်နေခွင့်တောင်မှ မရှိတော့တဲ့ကြာညိုဟာ .. မမလေးဆီက အချစ်ကို မျှော်လင့်နေတယ်ဆိုရင် .. ကြာညို .. အရှုံး .. ဆိုတဲ့ အဖြစ်တစ်ခုကို ဖွတ်မှေ့လိုက်သလို ဖြစ်နေတော့မှာမို့ ..။

ကြာညို့ အချစ်တွေဟာ .. နလုံးသားထဲမှာပဲ .. ကြေကွဲရှင်သန်နေရစ်ပါစေတော့ ..။ သြော် .. ကြေကွဲရှင်သန်နေခွင့်သာ ရှိခွင့်ရပါစေတော့ ကြာညို့ လမင်းသခင်ရယ် ..။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၂၇)

လှလွန်းအိမ်၏ အကြည့်တွေက စားပွဲထက်မှာ ရှိနေသည့် ဖိတ်စာအထပ်လိုက်ကြီးမှာ တန့်နေသည်။ စောစော ထေးကပဲ ကိုနောင် ဖိတ်စာထပ်ကြီးနှင့် ရောက်လာသည်။ လှလွန်းအိမ်၏ သူငယ်ချင်းတွေကို ဖိတ်ချင်သလောက်ဖိတ် ဟု ပြောခဲ့သေး၏။ အိမ်ခန်းပြန်မည်။ ပြီးလျှင် မြန်လာမည်ဟုလည်း ကိုနောင် ပြောသွားသေးသည်။ ကိုနောင်ကတော့ အရမ်းကို ကြည်နူးရ _ ပျော်ရနှင့် ဖြစ်နေလျက် _။ လှလွန်းအိမ်မှာသာ ရင်ထဲ မွန်းကျပ်နေတာတစ်ခုပဲ ရှိနေသည့်အဖြစ် _။ ရင်ထဲမှာ မပျော် _။ ဟာနေသည်။ နာကျင်နေသည်။ ဖြစ်နိုင်လျှင် ဖိတ်စာထပ်ကြီးကို ချန်ထားခဲ့လျက် ပုန်းညက်မြိုင်အိမ်ကြီးမှ လုံးဝထေး လွန်းနေသည့် နေရာတစ်ခုဆီသို့ ထွက်ပြေးသွားလိုက်ချင်သည်။ မကြာမီ ကိုနောင် ရောက်လာရေလိမ့်မည် _။ ပြီးလျှင် ဖိတ်ကြားမည့်သူများ စာရင်းကို စာရွက်တစ်ရွက်မှာ ချရေးဖို့ အသင်ဖြစ်နေ ချေလိမ့်မည်။ ဒက်ဒီ့မိတ်ဆွေ _။ အန်ကယ်ကျော်နှင့် အန်တီဆွေတို့ ဖိတ်လိုသည့် မိတ်ဆွေများ _။ ကိုနောင်နှင့် လှလွန်းအိမ်တို့

၏ သူငယ်ချင်းအပေါင်းအသင်းများ _။ ဒက်ဒီရော အန်ကယ်ကျော်တို့ရော မိတ်ဆွေအင်အား သေးလှသူတွေ မဟုတ်ကြ _။ ဒက်ဒီကလည်း ဝရိဘောဂစက်ရုံကြီးကို အထင်ကရ လုပ်နေသည့်သူ။ သစ်သား၊ ဖိုင်ဘာ၊ ဆိုဖောကြီး အစရှိသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်သည့်သူ _။ သစ်သားပရိဘောဂပစ္စည်းများ၊ ဖိုင်ဘာနှင့် ပြုလုပ်သည့်ပစ္စည်းများ၊ ကျွန်ုပ်ဆိုဖာဆက်တီစုံများ၊ စံတီးလ်ပရိဘောဂများ _။ အားလုံးကို ဒက်ဒီ စက်ရုံကြီးမှ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်နေခြင်း _။ လုပ်ငန်းကျယ်ပြန့်သလောက် လုပ်ငန်းနှင့် ပတ်သက်သော စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း ကျယ်ကျယ်ပြန့်ပြန့် မိတ်ဖက်ဖြစ်ရသည်။ အန်ကယ်ကျော်နှင့် အန်တီဆွေတို့ ကျတော့လည်း ရွှေဇာမျှင်ရတနာဆိုင်ကြီးဖြင့် အရောင်းခန်းဆောင် ကျယ်ကြီးနှင့်ကို လုပ်ကိုင်နေကြသည်မို့ ပတ်သက်ရာမိတ်ဆွေ ကမနည်း _။ တို့နောင်ကျတော့လည်း အပေါင်းအသင်းဆန့်သည့်သူ _။ လှလွန်းအိမ်ကတော့ ကျောင်းနေဖော်သူငယ်ချင်းများနှင့် စာပေအဝန်းအဝိုင်းမှ မိတ်ဆွေများလောက်ပဲရှိသည်။ ဖိတ်စာထပ်ကြီးကို ငေးကြည့်ရင်း လှလွန်းအိမ် သက်ပြင်းရှိုက်မိရပါ၏။ ကိုနောင်နှင့် ဧစ္စမပ်ခဲ့ရစဉ်တုန်းကတော့ _ အစ်ကိုကြီးတစ်ယောက် ပမာလည်းချစ်ရ _။ ပုန်းညက်မြိုင်နှင့် မြသရဖီဆိုတာကလည်း ခြံချင်မှာပို့ပေမို့ _။ ငယ်ကတည်းက ကိုနောင့် စိတ်ရှည်အလိုလိုက်မှုများဖြင့် ကြီးပြင်းလာရသည်မို့ _။ ကိုနောင်နှင့် တစ်နေ့ လက်ဆက်ခဲ့ရလျှင်လည်း ဖြတ်သန်းရမည့် ဘဝသည် ကြည့်မှန် ချမ်းမြေ့မည်ဟုသာ နားလည်ခဲ့ရသည်မို့ _။ ကိုနောင်မိသားများ ဖြစ်ပါသည့် အန်ကယ်ကျော်နှင့် အန်တီဆွေတို့မှ ကူကားကမ်းခဲ့

www.burmeseclassic.com

www.burmeseclassic.com

စဉ်က ဒက်ဒီကလည်း သဘောတူထားချေသည်မို့ ... လှလွန်းအိမ်ခေါင်းညိတ်ခဲ့ခြင်းပါ။ ခုကျတော့ ... လှလွန်းအိမ် ရင်ထဲမှာ ကြေကြေကွဲကွဲကြီး ဖြစ်နေသည်။ ရင်ထဲမှာ တမြည်းမြည်းနိုင်အောင် စိတ်ထဲ တဆွတ်ကျင်ကျင် သတိရနေမိရသည်က .. ကြာညို ... ဟုတ်သည် ..။ ကြာညိုပါတကား။ အကြည့်က ဖြက္ခဒိန်ဆီသို့ ရောတ်၏။ သြော် .. တိုက်တိုက်ဆိုင်ဆိုင် .. ဤနေ့သည် ဒီဇင်ဘာလ တစ်ဆယ့်ငါးရက် ..။ ကြာညို့ထံ အရောက်ပြန်လာပါမည်ဟု ကတိပေးထားမိခဲ့လေသောရက် ..။

လှလွန်းအိမ် မလာစောပြီဆိုတာကို သိခဲ့ချေပြီဖြစ်သည့် ကြာညိုသည်လည်း ဤနေ့မှာ လှလွန်းအိမ်ကို တမ်းတရင်း .. လွမ်းဆွတ်ရင်းဖြင့် .. တဆွတ်ကျင်ကျင် ကြေကွဲခံစားနေရချေမည်သာ ..။ အတွေးသည် ရင်ကို တနင့်နင့်ပါအောင် ထိခိုက်နေစေသည့်အဖြစ် ..။

"ခွင့်လွှတ်ပါတော့ ကြာညိုရယ် .. မမလေးလေ .. ကြာညိုကို တကယ့်ကို ပြန်တွေ့ချင်တဲ့ စိတ်ရင်းနဲ့ ပေးမိခဲ့တဲ့ ကတိတစ်ခုကို .. ကိုနောင်နဲ့ ဇစ်ပြစ်ထားရတဲ့ ဘဝကို ပြန်သတိပုံရင်းနဲ့ .. ပြန်ဖျက်ခဲ့ရသူ တစ်ယောက်အဖြစ် .. လွိုင်ခမ်းသာက မပြန်ခင်ကတည်းက ရှိနေခဲ့ရတာပါ .. ဒေါ်လေးကို မမလေး ပြောခဲ့တယ်လေ .. လှလွန်းအိမ်စာလဲမရေး ဖုန်းလဲ ကြာညိုဆီကို မဆက်ဖူးလို့ .. လှလွန်းအိမ်ရဲ့ လိပ်စာနဲ့ ဖုန်းနံပါတ်ကိုလဲ ကြာညိုကို မပေးပါနဲ့လို့ .. အကယ်၍ ကြာညိုဟာ မမလေးဆီ မေးသွားရင် .. မမလေး ကြာညိုဆီကို ပြန်မလာတော့ဘူး လို့လေ .. ဒါကြောင့် .. မမလေးဟာ .. မတရားပါဘူး ကြာညို .. ကြာညိုအပေါ် မတရားခဲ့ပါဘူးကွယ် .. ကိုယ် ပေးခဲ့တဲ့ကတိ .. တည်မယ်လို့ ထင်ရင်းပေးမိခဲ့တဲ့ ကတိတစ်လုံးဟာ .. အဲဒီတုတည်းက .. ကြိုဖျက်ထားခဲ့ပြီးသလို ဖြစ်နေခဲ့ရတာပါ .. ကြာညိုရယ် .. လောကမှာ .. တစ်ခါတစ်ခါကျတော့လဲ .. ကိုယ်က တည်ချင်ပါရက်ကယ်နဲ့ .. အဲဒီကတိဟာ .. အကြောင်းကြောင်းကြောင့် ပျက်သွားရတတ်ပါတယ်ကွယ် .. ကတိပျက်ရသူရဲ့ ရင်ဟာလဲ ကြေကြေပြုန်းအောင် ခံစားရတတ်ဖါတယ် .. ဘာလို့ .. မမလေးကို .. ကြာညို မမေ့ခဲ့ရတာလဲ .. မမေ့နိုင်ရတာလဲ .. မေ့ပစ်လိုက်ပါတော့ .. မေ့လိုက်ပါတော့ .."

ရင်သည် ကြိုးမားသော အင်အားကြီးတစ်ခုတွင်းဝယ် ညှက်ညက်ကြေမျှ ဆုပ်ညှစ်ခံထားရသည့်နယ် ရှိ၏။

ထိုစဉ်ခိုက် လူရိပ်တစ်ခုက အိမ်တံခါးမကြီးဆီမှ ပေါ်လာတာမို့ ကိုနောင် ပြန်ရောက်လာချေပြီလားဟု တွေးမိလျက် ဝဲနေသည့် မျက်ရည်ကိုထိန်းရင်း အားတင်း၍ ကြည့်လိုက်မိရပါ၏။

"ဟင် .. ကြာညို .."

လှလွန်းအိမ် နှုတ်မှ .. တိုးဖွဖွမျှ ပွင့်ကျလာပါသည့် အသံမျှင်မျှင်နုနုလေး ..။ မှင်တက်သလိုလေး ခပ်ငေးငေးကြည့်နေရင်း ကြည့်နေရင်းဖြင့်ပင် .. မျက်ရည်က ဝိုင်းစုတက်လာနေကြသည်။ ကြာညိုကလည်း တွေတွေကြီးရပ်လျက် မျက်တောင်မခတ် လှလွန်းအိမ်ကို ကြည့်နေပါ၏။ အကြည့်သည် တလွမ်း

www.burmeseclassic.com

www.burmeseclassic.com

ဆွတ်ဆွတ် နိုင်နေသည်။ ကြေကြေကွဲကွဲ နိုင်နေသည်။ ကြာညို့ မျက်ဝန်းမှာလည်း မျက်ရည်တွေ ဝေနေ၏။

အရမ်းမြင့်မြင့်ကြီးနှင့် ကြာညိုသည် အနောက်တိုင်း ဝတ်စုံ မီးခိုးရောင်ကို ဝတ်ထား၏၊ ကြာညို့ နဖူးပြင်ထက်မှာ ဆံနွယ်ထူထူတချို့က ဝဲပြိုကျနေကြပါ၏။ မီးခိုးရောင်ရှပ်အင်္ကျီ လက်ရှည်ကို အနည်းငယ် ခေါက်တင်ထားသည်။ လွမ်းမပြေသည့် နှယ် မမှိတ်မသုန်ကြီး ငေးကြည့်နေရာမှ ကြာညို ရုတ်ခနဲ ခေါင်း ငိုက်ချလိုက်သည်။ ခေါင်းသည် မော့မလာ။ တံခါးပေါင်တန်းကို ဖေးကိုင်ထားရင်း ကြာညို အငြိမ်သက်ကြီး ငြိမ်ကျနေလျက် ခေါင်းသည်လည်း ငိုက်ကျနေဆဲ ..။ နောက်မှ .. ဖျတ်ခနဲ ကြာညို လှလွန်းအိမ်ကို ပြန်ကြည့်လာသည်။ ကြာညို့ မျက်ဝန်းတွေမှာ မျက်ရည်များ ပြည့်သိပ်နေကြသေးသည်တကား ..။ လည်ချောင်း တနင့်နင့်ဖြင့် ကြာညို ဖြစ်နေကာ တံတွေးကို အနိုင်နိုင်မျိုချနေသည်။ ရင်ထဲ ဆို့နေမှန်း အရမ်းကို သိသာနေပါသည့်အဖြစ် ..။

"မောင်းထုတ်တော့မလို့လား မမလေးရယ် .."

ကြေကြေကွဲကွဲကြီး မေးချလိုက်ပါသည့် ကြာညို့ စကားသံသည် လှလွန်းအိမ်၏ နှလုံးအိမ်တွင်းဆီသို့ နာကျင်လွန်းစွာ ရူးနစ်ဝင်သွားခဲ့ရပါပြီ ..။ လှလွန်းအိမ်က ထရုပ်လိုက်မိသည်က အလောတကြီး နှိုင်းသည်။ ဒါပေမဲ့ .. ခြေထောက်တွေက မခိုင်ချင် ..။ ယိုင်ခနဲ ဖြစ်သွားတာမို့ ကမန်းကတန်း စားပွဲစွန်းကို ဖေးကိုင်ထိန်လိုက်မိရရင်းမှ ..

"အို .. မဟုတ်တာ ကြာညိုရယ် .. လာလေ .. ဝင်ပါ ကြာညို .. ထိုင်ပါ .."

ဟု ထွက်မသွားနိုင်အောင် လက်လေးကာသလိုပြုရင်း ပြောလိုက်မိပြီးမှ အကြည့်က စားပွဲထိပ်ခွာ ရှိနေပါသည့် ဖိတ်စာထပ်ကြီးကို စိုက်ပင်ပန်းလွန်းစွာ ရောက်သွားရပြန်ပါ၏။

ကြာညို လျှောက်လာသည်။ ခုထိ လှလွန်းအိမ်ကို ကြည့်နေဆဲ ..။ အကြည့်သည် .. တမြတ်တနိုး နိုင်၏။ တလွမ်း ဆွတ်ဆွတ်နိုင်၏။ ကြည့်မဝနိုင်သည့်နယ်လည်း ရှိ၏။ ပြီးတော့ .. မျက်ရည်များ ပြည့်သိပ်နေလျက် ဝမ်းနည်းကြေကွဲခြင်းများလည်း ပိတ်ဖုန်းနေ၏။

ဒါပေမဲ့ .. ထိုအရာအားလုံးကို လွှမ်းမိုးထားနိုင်သည့် အကြည့်ကစ်ခုသည်လည်း ကြာညို့ မျက်ဝန်းဝယ် လှလွန်းအိမ်တွေ့နေရသည်ဟု ခံစားမိရပါ၏။ အရိပ်တကြည့်ကြည့်နိုင်စွာ တသသထားသည့် သိမ်မွေ့နက်ရှိုင်းသော အကြည့်ပါတကား ..။

"ထိုင် .. ထိုင်ပါ .."

အသံလေးတွေ တုန်ခါနေရင်း လှလွန်းအိမ် ပြောတော့ ကြာညို မျက်နှာချင်း ဆိုင်နေရာမှ ထိုင်သည်။ လက်ဝဲ၊ နှစ်ဖက်ကို ပေါင်တစ်ဖက်စီပေါ်မှာ ဖေးတင်ထားကာ တရိုကျိုးကျိုး လေး ထိုင်ရှာခြင်းပါ ..။

"ဒီနေ့ .. ဆယ့်ငါးရက်လေ မမလေး .."

ကြာညို အသံတွေ တုန်ခါနေသည်။ ခုထိ .. ကြည့်၍ မဝနိုင်သည့်နယ် လှလွန်းအိမ်ကို ကြည့်နေဆဲ ..။ မျက်ခွံ အောက်မှ အပျောက်မခံနိုင်သည့်အလား အကြည့်တွေက .. ငုံ့နှက် ခတ်မတ်မျှ .. လှလွန်းအိမ် ထံမှာရှိနေဆဲ ..။

www.burmeseclassic.com

www.burmeseclassic.com

"ဒီရက်အမိ .. ကြာညို လာခဲ့တာပါ .. ဒေါ်လေးခမ်းမွန် ခြံဝအရောက် လာပို့ပေးခဲ့တာ .. တစ်အောင့်နေမှ .. ဒေါ်လေး ပြန်လာခဲ့မယ်လို့ မှာသွားပါတယ် .."

ဟု ကြာညို ပြောသည်။ ဇနာက် .. ရင်ထဲ ထိန်းမထားနိုင်သည့်နယ် ..

"ဘာလို့ .. ကြာညို့ဆီကို မလာချင်တော့တာလဲ မမလေး .."

ဟု ဟန်မဆောင်နိုင်စတမ်း မေးလာတော့ လှလွန်းအိမ် ခေါင်းလေးငုံ့ချလိုက်မိရပါပြီ။

"မမလေး မလာနိုင်ပေမယ့် .. ကြာညို့ .. ဒီရက်ကို .. ရောက်အောင် လာခဲ့ပါတယ် မမလေး .. ဒီနေ့မှာ .. မမလေးကို ကြာညို မြင်မှကို ဖြစ်မှာမို့လို့ပါ .. မမလေးကို မြင်လိုစောနဲ့ .. လွမ်းရင်းနဲ့ .. ပြက္ခဒိန်ရှေ့မှာရပ်ရင်း .. ဖောင့်ခဲ့ရတဲ့ ရက်တွေ နည်းသလား မမလေးရယ် .. ဟင် .. ဒါပေမဲ့ .. အဲဒီရက်ရောက်ရင် မမလေးကို .. တွေ့ကို တွေ့ရတော့မယ်ဆိုတဲ့ အသိလေးနဲ့ .. ကြာညို ရင်ထဲမှာ တင်းထားခဲ့ရတာ .. လက်တွေ့မှာကျတော့ .. အဲဒါ ဖြစ်မလာနိုင်တော့ဘူး ဆိုတာ သိလိုက်ရချိန်မှာ .. ကြာညို့ ဆောက်တည်ရာ မရနိုင်တော့ဘူး မမလေး .. ဒီရက်မှာ မမလေးကို တွေ့ရမယ်လို့ .. ရင်ထဲ ဖောတင်ထားတဲ့ ရက် .. ဒီရက်မှာ .. တွေ့ကို တွေ့မှဖြစ်မှာ .. မမလေးကို မမြင်ရရင် .. ကြာညို .. နေလို့ကို ရနိုင်တော့မှာမဟုတ်လို့ .. ကြာညို လိုက်လာမိတာပါ .."

ကြာညို မြောနေရင်း လှလွန်းအိမ်ကို တောင်းပန်သလို ကြည့်လာပါ၏။

"မမလေးကို .. ကြာညို ယုံပါတယ် .. မမလေး လာဖို့ .. တကယ် .. ရင်ထဲမှာ ရှိနေတယ်လို့ .. ယုံနေတယ် .. အဲဒါမှန်သလား မမလေး .."

ဟု မေးလာတော့လည်း လှလွန်းအိမ် မဖြေနိုင် .. ။ မျက်ရည်သာ ကျလာရပါ၏။ ကြာညိုသည် .. ကလေးလေးနယ် မဟုတ်တော့ .. အရမ်းကို တည်ငြိမ်လာသည်။ စကားကို ချိန်ခြိန်ဆဆလေးလည်း ပြောတတ်နေသည်။ တစ်ခုပဲ ရှိသည် .. ။ ရင်ထဲ ဝမ်းနည်းနေတာကိုတော့ .. ထိန်းမထားနိုင်ရှာ .. ။

"ဘာပဲဖြစ်ဖြစ်ပေါ့ မမလေးရယ် .. မလာနိုင်တော့တဲ့ မမလေးကို .. ကြာညို .. စိတ်ဒုက္ခမပေးရက်တော့ပါဘူး .. မမလေးကို .. ဒီတစ်ကြိမ်ပဲ တွေ့ခွင့်ရပါစေတော့လို့ .. ခွင့်ပန်ရင်း တွေ့ဖို့လာခဲ့ရတာပါ .. မမလေးကို ခွင့်ပန်ရင်း .. ဝင်လာခဲ့ရတော့တာပါ .. မမလေးကို ကြာညို အမှတ်တရ .. ဒါလေးကိုလဲ .. ပေးခဲ့ချင်လို့ပါ .."

ဟု ပြောကာ အေားတွင် ချထားသော သေတ္တာပြားလေး တစ်ခုကို စားပွဲပေါ်တင်ရင်း ခပ်တိုးတိုး ပြောလာတော့ လှလွန်းအိမ် ခေါင်းခါသည်။

"ဟင့်အင်း .. မမလေး မယူပါရစေနဲ့ .. ကြာညို့ကို .. မမလေး .. ဘယ်အရာကိုမှ မျှော်ကိုးပြီး .. သံယောဇဉ်ဖြစ်တည်ခဲ့ရတာ မဟုတ်ပါဘူး .."

www.burmeseclassic.com

www.burmeseclassic.com

ဟု မြောတော့ .. ကြာညို့ ခေါင်းသည် မတ်ခန့်ဖြစ်၏။

"သံယောဇဉ် ... ဟုတ်လား မမလေး .. ဒါဆို .. ဘာလို့ .. အဲဒီသံယောဇဉ်ကို .. မမလေး .. ဖြတ်တောက်ပစ်လိုက်ရတာလဲဟင် .."

ဟု မေးချလာတော့ လှလွန်းအိမ် ခေါင်းငဲ့ယမ်းပြီ မရပါဘူး .. သေတ္တာပြားလေးကိုလည်း ကြာညို့ဘက်ဆီသို့ တွန်းပို့ပေးနေမိသည်က .. တစ်စုံတစ်ရာကို မျှော်ကိုး၍ ဖြစ်တည်ခဲ့သော သံယောဇဉ် မဟုတ်ပါဆိုသည့် အဓိပ္ပာယ်ပါတည့် ..။

ကြာညို့ အကြည့်က သေတ္တာလေး တင်ထားရာ စားပွဲပေါ်မှ ဖိတ်စာဆုပ်ကြီးထက်မှာ ထိုအခါ ရောက်သွားသည်။ အကြည့်က အတန်ကြာ တန့်နေ၏။ သေတ္တာကို သူတွန်းပို့ ငါတွန်းပို့နှင့် ရှိနေကြရတာမို့ .. ခုမှ .. ကြာညိုသည်လည်း စားပွဲပေါ်မှာရှိသည့် ဖိတ်စာထုပ်ကြီးကို သတိထားမိလိုက်ပုံရပါ၏။ စောစောကတော့ဖြင့် .. လှလွန်းအိမ်ကိုပဲ တကြည့်ကြည့်နှင့် ရှိနေခဲ့ရချေသည်ကိုးလေ ..။

ကြာညို့ အကြည့်တွေက ဖိတ်စာအိတ်ထောင့်နေရာမှာရှိနေသည့် ရွှေရောင်စာလုံးလှလှလေးများနှင့် ..။ အလွန်တရာကိုမှလှသော နှင်းဆီပွင့်ရောင်စုံလေးတွေ ဖောင်းကြွရိုက်နှိပ်ထားရာ အဖြူရောင်စာအိတ်ထက်မှာ မျက်တောင်မခတ် တန့်နေသည်။ လှလွန်းအိမ် ကိုယ်တိုင်သည်လည်း ရင်တွေ ဆတ်ဆတ်ခါနေလျက် ..။ နှလုံးအိမ်တစ်ခုလုံး ဆုပ်ချေသွန်ခံနေရသည်သို့ နာကျင်နေရပါ၏။ ကြာညို့ မျက်နှာ သွေးဆုတ်သလို .. တစ်ချက် ပြု

ခန့် ဖြစ်သွားတာ ..။ ကိုယ်ကြီးတစ်ချက် ယိုင်ခနဲ ဖြစ်ချင်တာ .. မျက်ခုံးနှစ်ခု စုတွန့်သွားကာ မျက်တောင် တဖျပ်ဖျပ်ခတ်နေတာ ..။ အားလုံးကို ရူးမတတ် ခံစားရင်း လှလွန်းအိမ် မြင်နေရပါ၏။

ကြာညိုရယ် .. ဟုခေါ်လည်းခေါ် ..။ ရင်ခွင်တွင်းသို့ ကလေးလို မြေးဝင်ငိုချလိုက်ချင်တာပဲ လှလွန်းအိမ် ရင်ထဲမှာ ပြည့်သိပ်နေသည်။

ဒါပေမဲ့ လက်တွေ့မှာကျတော့ လှလွန်းအိမ် တစ်ကိုယ်လုံး တောင့်ခဲနေသလိုကြီး ခံစားနေရလျက် လူပ်ပင်မလှုပ်နိုင်တော့သည့်နှယ် ဖြစ်နေရပါ၏။

ကြာညို ဖိတ်စာထုပ်မှ အကြည့်ကို ခွာသည်။ ကိုယ်ကို အချိန်မီပြန်၍ ထိန်းသည်။ ခပ်မတ်မတ် ပြန်ဖြင့်ထိုင်သည်။ ဒေါက်တာကိုနောင်နှင့် မလှလွန်းအိမ် ဆိုသည့် ရွှေရောင်စာလုံးလေးကို .. ကြာညိုဖတ်ခဲ့ရဖြီးသည့်နောက်မှာ ..။ နှစ်ဆယ့်ခြောက်ရက်နေ့မှာ မင်္ဂလာပွဲကို ကျင်းပမည် ဆိုတာကိုလည်း ဖိတ်စာ၏ထောင့်နေရာလေးမှာ စာလုံးလှလှလေးဖြင့် နေ့စွဲလေးကို ရေးထားတာမို့ ကြာညို သိသွားချေမည်သာ ..။

ဖိတ်စာကို ကောက်ယူ၍ ဖွင့်မကြည့်ပါစေနှင့်မှ လှလွန်းအိမ် ရင်ထဲမှာ ဆုတောင်းနေမိရဆဲပါ ..။ ဘာကြောင့်ဆို .. အတွင်းဘက်မှာက ဖိတ်စာသည် .. သစ္စာရောင်စုံပွင့်များ ဖောင်းကြွရိုက်နှိပ်ထားလျက် .. ရေမွေးရနံ့လေး သင်းနေကာ .. အတွင်းဘက် စာသားများသည်လည်း အရမ်းကို ဖောင်းကြွလှပနေကြချေသည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com

ကြာညို ထရမ်သည်။ လှလွန်းအိမ်ကိုကြည့်သည့် အကြည့်တွေထဲမှာ အလဲလဲ အပြိုပြို ဖြစ်နေပြီဖြစ်သည့် ထိခိုက်နာကျင်လွန်းနေသည့် ခံစားမှုတွေက ဖွန်းဖွန်းထင်းထင်း ..။

"ကိုနောင် ဆိုတာ .. မမလေးရဲ့ အစ်ကို မဟုတ်ဘူးပေါ့"

ဟု တစ်ချက်တော့ လွတ်ခနဲ ခပ်ညည်းညည်းပြောသေးသည်။ နောက်တော့လည်း ကိုယ်ကို ပြန်မတ်လိုက်ကာ စိတ်ကို ပြန်စုစည်း ထိန်းယူနိုင်ဖို့ ကြိုးစားနေဟန်တူ၏။

ဒါပေမဲ့ ..။ ညြော် .. ဒါပေမဲ့ .. ကြာညို့ မျက်ဝန်းဝယ် မျက်ရည်တွေ လည်တက်လာနေကြရာချေသည်တကား ..။

"ဘာကြောင့် .. မမလေး မလာတော့တာကို .. ကြာညို သိပါဖြို့ .."

ဟု အနိုင်နိုင် အားတင်း၍ အသံတွေ အက်ခါနေကာ ကြာညို ပြောလာသည်။

"ဒီနေ့ .. လာမိခဲ့တဲ့ အတွက် .. ကြာညို့ကို ခွင့်လွှတ်ပါ မမလေး .. တကယ်က .. ကြာညို .. စိတ်နောက်ကိုယ်ပါ .. ဒီလို .. လိုက်မလာသင့်ဘူး ဆိုတာ ခု .. သိရပါဖြို့ .. အဲဒီအတွက် .. ခွင့်လွှတ်ပါ မမလေး .."

ခေါင်းကို ငုံ့ချလိုက်ရင်း လှလွန်းအိမ်ကို မကြည့်ဘဲ ခခယယနိုင်စွာ တောင်းပန်နေတော့ လှလွန်းအိမ် တင်းမခံသာ ..။ ခေါင်းလေး ခါယမ်းမိရင်း ကြာညို့ ဘေးမှာ ရပ်လိုက်မိရပါဖြို့ ..။

"မဟုတ်တာ ကြာညိုရယ် .. မမလေးဆီကို လာမိတဲ့အတွက် .. မမလေးဆီက ခွင့်လွှတ်မှု တစ်ခုကို ဒီလို ခခယယ တောင်းခံနေစရာကို မလိုပါဘူး .. မမလေးဆီကို .. ကြာညို လာခွင့်ရှိပါတယ် .. လာခွင့်ရှိပါတယ် ကြာညို .."

ဟုသာ လှလွန်းအိမ် ပြောနေမိရသည်။ ကြာညို ခေါင်းခါသည်။ လှလွန်းအိမ်ကို မကြည့်ဘဲ တမင် တစ်ဖက်ဆီသို့ အကြည့်ကို လွှဲယူတော့ ပို၍ ရင်ထဲမှာ ဝမ်းနည်းလာရသည်က လှလွန်းအိမ်ပါ ..။ ကြာညို အရမ်းကြွေကွဲနေပြီ .. စိတ်အထိခိုက်ကြီး ထိခိုက်နေရပြီဆိုတာ လှလွန်းအိမ် သိနေရသည်လေ ..။ ကိုယ့်နှလုံးအိမ်လေး ညက်ညက်ကြေမျှ ခံစားနေရတာကို သတိမထား နိုင်ပဲ .. ကြာညို့ ရင်ထဲက ဓဒနာက ပို၍အရေးတကြီးဖြစ်နေရလောက်အောင် .. ကြာညိုသည် လှလွန်းအိမ်အတွက် အဓိကဖြစ်နေသည် ဆိုတာ .. ခု .. ပို၍ နားလည်လာနေရပါပြီ ..။

ထိန်းသည်းကြားမှ ဖြာခနဲ ကြာညို့ မျက်ရည်တွေ ကျလာတာကို မြင်သည်မို့ လှလွန်းအိမ်၏ လက်နှစ်လေးတွေက .. ဟိုးယခင်ကနယ်ပင် .. မျက်ရည်တွေကို သုတ်ပေးဖို့လှမ်းလိုက်တော့ .. ကြာညို မခံ ..။ ခေါင်းကို တိမ်းဖယ်သည်။

"ကြာ .. ကြာညို ပြန်မယ် .. ပြန်မှ ဖြစ်တော့မယ် မမလေး .."

ဟု အသံတွေ အရမ်းပျက်ကျနေလျက် ကြာညို ခြေလှမ်းကျဲကြီးနှင့် ထွက်တော့ လှလွန်းအိမ် ဘေးမှ အပြေးတစ်ပိုင်း လိုက်လာမိရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်တာ .. ထိုင်ဦးလေ ကြာညို .. ခေါ်လေး လာမှာဆို .. ခေါ်လေးခမ်းမွန်နဲ့ အတူပြန်မှာဆို .. ခု .. ဘယ်ကို ကြာညိုက သွားမှာလဲ .. ကားနဲ့ငြန်မှဖြစ်မှာပေါ့ .. ကြာညို .. ပြန်တတ်လို့လား .."

ဟု တောက်လျှောက် မေးနေတော့ ဖြူန်းစားတြိုး ကြာညို ရပ်ပစ်လိုက်သည်။

ဤတစ်ကြိမ်မှာကျတော့ လှလွန်းအိမ်၏ မျက်နှာလေးထက်မှာ အကြည့်က အတန်ကြာ၏။

အကြည့်က အရမ်းကို အထီးကျန်နေသူ တစ်ယောက်၏ ဝေဒနာများဖြင့် ပြည့်သိပ်စွန်းထင်းနေသည်။ တဖြည်းဖြည်း အားယူပြီးတစ်ခုက ကြာညို နှုတ်ခမ်းထက်မှာ နှုတ်ခမ်းလေးတွေ စွန်းကွေးရုံမျှဖြင့် ပေါ်လာပါ၏။

"ခုလို .. စိတ်ပူပြီး မေးနေတဲ့အတွက် .. မမလေးရဲ့ သံယောဇဉ်ဟာ ရင့်သန်နက်ရှိုင်းနေဆဲဖဲ့ ဆိုတာကို ကြာညို သိနေရပါပြီ .. ကြာညို .. ကျေနပ်ပါတယ် မမလေးရယ် .. ရင်ထဲမှာ .. ကျေနပ်ယူလိုက်ပါတော့မယ် .. မမလေးပြောဖူးတယ် မဟုတ်လား .. သံယောဇဉ် ဆိုတာ ဘယ်နေရာမှာပဲဖြစ်ဖြစ် .. အမြဲရှင်သန်နေနိုင်တယ် ဆိုတာလေ .. မမလေးကို မမေ့နိုင်ရင်လဲ .. အဲဒီ သံယောဇဉ်ကို ရင်ထဲမှာ သိမ်းဆည်းထားလိုက်ပါ .. ဆိုတာလေ .."

အသံသည် တစ်ချက် တိမ်ဝင်၏။ လှလွန်းအိမ် ကြာညို့လက်ကို ကိုင်မည်ပြုတော့လည်း ကြာညို လက်ကို နောက်

ဘက်ဆီသို့ ရုပ်သည်။ ခြေတစ်လှမ်း နောက်သို့ ဆုတ်သည်။ အကြည့်က လှလွန်းအိမ်ထံမှာ အစဉ်တစိုက် ရှိနေဆဲ .။ လှလွန်းအိမ် မျက်ရည် ဝိုက်လာရပါပြီ .။ ကြာညို့ အကြည့်တွေက တစ်သက်တာအတွက် မဝန့်ဇ်စွာ ကြည့်သည့် အကြည့်မျိုး ဖြစ်နေသည်။ တနင့်နင့်နေအောင် ရင်ကိုနှစ်၍ ကြည့်သောအကြည့် .။ အစစဆုံးရှုံးနေသူ တစ်ယောက်၏ ကြေကွဲကြည့် .။

"မငိုပါနဲ့ မမလေးရယ် .. သံယောဇဉ်ကြောင့် ကျတဲ့ မျက်ရည်ဆိုတာကို ကြာညို သိပါတယ် .. ကြာညို .. မကြည့်ရက်လို့ပါ .. မကြည့်ရက်လွန်းလို့ပါ .. မမလေး ကြာညို့ဆီကို မလာတာ မှန်ပါတယ် .. ကြာညို လိုက်လာတာက မှားနေတာပါ .. ခု .. မမလေး ငိုနေရပြီ .. ကြာညို့ကြောင့် ငိုနေရပြီ .. နောက်ကို .. ကြာညို .. ဘယ်တော့မှ မလာဘူးဆိုတဲ့ ကတိကို .. ပေးခဲ့ပါတယ် မမလေးရယ် .. ကြာညို ဘဝမှာ .. မမလေးဟာ အရေးအကြီးဆုံးပါ .. မမလေးကို .. ဘယ်တော့မှ မျက်ရည်မကျစေဖို့ .. ကြာညို ဒီကို မလာဘဲ နေလိုက်မှာပါ .. နေရမှာပါ .. နေမှလဲ ဖြစ်မှာပါ .. ခုမှ .. ခုမှ .. တကယ့်ကို .. ဝေး .. ကြ .. ရ .. တာပါလား မမလေးရယ် .."

ဟု ပြောပြီးတာနှင့် ကြာညို ဘယ်လိုထိန်းထိန်း .. မျက်ရည်ကျလာသည်။ ခြေလှမ်းကျဲကြီးနှင့် ကြာညို လျှောက်သော်လောမှ လှလွန်းအိမ် စိတ်ပူလျက် ပြေးလိုက်လာရပါ၏။ အိမ်မှာက ဒက်ဒီကလည်း မရှိ .။ အပြင်သွားနေသည်။ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com

လျှင် .. ဒက်ဒီနဲ့ပဲဖြစ်ဖြစ် .. ကြာညိုကို ဖျောင်းဖျ၍ လိုက်ပို့ပေးနိုင်သည်လေ .. ။ ကိုနောင်လည်း ရောက်မလာသေး။ ရန်ကုန်လို မြို့ကြီးမှာ .. ကြာညိုကို .. အဖော်မပါဘဲ တစ်ယောက်တည်း မလွှတ်လိုက်နိုင် .. ။ ဒေါ်လေးခမ်းမွန်လည်း ရောက်လာသေးတာ မဟုတ် .. ။

"လိုက်မလာပါနဲ့ မမလေးရယ် .. ကြာညို့ နောက်ကို လိုက်မလာပါနဲ့ .. ကြာညို့ အတွက်လဲ စိတ်မပူပါနဲ့တော့ .. ခုလို .. မမလေးရဲ့ သံယောဇဉ်ကို သိရလေ .. ကြာညို့ .. ရင်ပိုကွဲရလေမို့ပါ .. ပြန်ပါ .. ပြန်ပါ မမလေးရယ် .. တည်းတဲ့ ဟိုတယ်ကို .. ကြာညို ပြန်တတ်ပါတယ် .. စိတ်မပူပါနဲ့ .. မမလေး စိတ်ပူနေတာကို သိနေမြင်နေရလေ .. ကြာညို ပိုခံစားရလေမို့ပါ .. ဘာလို့ .. ဘာလို့ .. ဒီထိ .. သံယောဇဉ် ကြီးချင်နေရတာလဲ မမလေးရယ် .. "

ဟု ပြောနေခိုက်မှာပင် ခြံတံခါးဝရှေ့မှာ ကြာညို၏ မာစီဒီးကားနက်ကြီးလည်း ရပ်လာတာ မြင်ရသည်မို့ လှလွန်းအိမ် ခြေစုံလေး ရပ်လိုက်မိရပါပြီ .. ။ နံ့သာမြို့မှာ ကားကြီးကို မြင်ခဲ့ရသည်မို့ မှတ်မိနေသည်ကိုးလေ .. ။

ကြာညို ကားကိုမြင်တော့ တစ်ချက် လှလွန်းအိမ်ကို ကြည့်သည်။ ရီဝေနေသော မျက်ဝန်းများဖြင့် အတန်ကြာမှ ကို စိတ်ကိုလွှတ်ချလိုက်ပုံကြီးဖြင့် ကြည့်ရှုပါ၏။

"မမလေးရဲ့ သံယောဇဉ်ကိုလဲ ကြာညို ရင်မှာ ခု ကတည်းက .. သိမ်းယူသွားလိုက်ပါ့မယ် .. ကြာညို ရင်

ထဲက သံယောဇဉ်ကိုလဲ .. ကြာညို ရင်ထဲမှာ သိမ်းထားလိုက်ပါတော့မယ် .. မမလေးကို .. ကြာညို .. ဘယ်တော့မှ မမေ့ဘူး ဆိုတာကိုလဲ .. ဝန်ခံသွားခဲ့ပါတယ် မမလေးရယ် .. "

ပြောတတ်လိုက်သည်ကော ကြာညိုရယ် .. ဟု လှလွန်းအိမ် မော့ငေးကြည့်ရင်း ရင်ထဲမှာ လွိုက်တက်လာရသည်ပါဖဲ့ .. ။ မသွားပါနဲ့ .. မသွားပါနဲ့တော့ .. ဟု တားလိုက်ချင်သည် .. ။ ဟင့်အင်း .. မခွဲသွားပါနှင့်တော့ဟုလည်း ငိုယို၍ ပြောနေချင်သည်။

အဲခဲ့၍ ခြေလှမ်းကျဲကြီးနှင့် ကြာညို လျှောက်သွားနေလေသမျှကို ခြေစုံလေးရပ်၍ ငေးကြည့်ကျန်နေခဲ့ရပေမယ့် .. နလုံးအိမ်လေးကတော့ဖြင့် ငိုယို၍ တကောက်ကောက် ပါအောင် အရှူးအမူးနိုင်စွာ ပြေးလိုက်သွားနေသည်သို့ ရှိ၏။

ကြာကြာ ရပ်မနေနိုင်တော့သည်နှယ် .. ကွန်ကရစ် ခင်းလမ်း ခွေခွေဝိုက်ဝိုက်လေး ဘေးတစ်ဖက်စီရှိ ပန်းအိုးတင် အုပ်ခုံတန်းနေရာလေးမှာ လှလွန်းအိမ် ကလေးနှယ်ပင် ထိုင်ချလိုက်မိရလျက် .. မျက်ရည်များဆာ တသောသော ဖြိုင်ပြိုကျလာနေရပါသည့် အဖြစ် .. ။

ဒါပေမဲ့ .. မျက်ရည်များ ပိတ်ဖုန်းနေသော အကြည့်သည် .. ကြာညိုထံမှာ ရှိနေဆဲ .. ။ အကြည့်ကို မရွေ့ရှားနိုင် .. ။ မြင်တွေ့ခွင့်သည် နောက်ဆုံးအကြိမ်ပေမို့ .. ဤတစ်ကြိမ်မှာတော့ဖြင့် .. ကြာညို ကျောပြင်ကိုပဲ မြင်ခွင့်ရနေစေသည် ဖြစ်စေဦး .. ။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေချင်နေသေးသည်ကောလေ ...။

သြော် ... ကြည့်နေချင်နေသည်ကော ... ကြာညို ရယ် ...။

လူသည် ကျန်ခဲ့လျက် ...။ သံယောဇဉ်ဖြင့် အရင်း တည်အပ်ပါသော ... ချစ်ခြင်းများဖြင့် ... နှလုံးသားသည် ... ကြာညိုနှင့် တစ်ပါတည်း ... ပါသွားခဲ့သည်သို့ ရှိ၏။



ပန်းကွေမောက်ဝင်းတဲ့
ငွေအဆင်းနဲ့လ ...။
ပန်းလေလျှောက်သင်းတဲ့
ငွေအဆင်းနဲ့သည် ...။
စမ်းရေသောက်ဆင်းတဲ့
ငွေအဆင်းနဲ့လ ...။
သြော် ...
စမ်းရေသောက်ဆင်းတဲ့လ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၈)

နှင်းမျှား ဝေ့သိပ်နေသော ဝါးရုံရိပ်နှင့် ဝါးရုံတော ဆီမှ ဖြတ်သန်းလာကြပါလေဆော လေတိုးသံ ..။

လွင်သာနေသော လရောင်ဆမ်းနေသည့် ညမှာ လေနှင့်အတူ လွင့်မျောပါလာကြပါသည့် ချိုအီအီ မွှေးထုံထုံဓော ဝန်းတို့၏ ရနံ့များ ..။

အားလုံးကို သူ ငြိမ်သက်စွာ ကဲ့သားပြတင်းအနီးမှ ရပ်လျက် ငေးကြည့်နေမိသည်။ သူ့နှာဖျားဆီသို့ ဖြေမိုးဖိုဆီမှ ထင်းမီး၏ ရနံ့ကလည်း တိုးဝင်နေသည်။

အရာရာသည် တမ်းတဖွယ်ရာအတိ ဖြစ်နေသည်ပဲ ..။

ဤဝါးခြေတံရှည် တဲအိမ်လေးမှာ သူနှင့် မမလေး တို့ ရှိခဲ့ကြဖူးသည် ..။ မမလေး၏ ပုံရိပ်လေးတွေက အာရုံထဲသို့ တိုးတိုးဝင်ဝင် ..။

နှုံးညံ့သော လက်ဖဝါးအစုံက သူ့ပါးပြင်ပေါ် ဖွဖွ ညင်ညင် ဖေးအုပ်ထားလျက် ..

www.burmeseclassic.com

www.burmeseclassic.com

"ကြာညို ..."

ဟု မမလေး ခေါ်လိုက်သည့်နှယ် ခံစားနေရရင်း ရင်ဝယ် အန္ဓိဗေးမသီ လွမ်းဆွတ်ဘိ၏။ ရင်သည် မငြိမ်သက် ..။

သြော် .. ချစ်ခြင်းကို ကြောင့် ဖြစ်တည်အပ်ပါသော ကြေကွဲမှု အရှိန်ကြောင့် ရင်သည် ဆောက်တည်ရာမဲ့ ဖြစ်လျက် မငြိမ်သက် ..။

ခံစားရများ ပြည့်ကျပ်ခဲ့နေသော်ခဲ့ အထီးကျန်သူတစ်ယောက်၏ နှလုံးအိမ်သည်ပင်လျှင် တမြည့်မြည့် ကြွေနေချေပြီထင့် ..။

သူ .. ထင်းမီးတောက်များရှိရာ မြေမီးဖိုအနီးမှာ သွားထိုင်ချလိုက်လျက် ခပ်သဲ့သဲ့ ဖြိုးမိသည်။ အသက်မပါသော အပြိုးသည် ကြာရှည်မရှိလိုက်ရ ..။ ခေါင်းငိုက်စိုက်ချရင်း သူ ငြိမ်သက်စွာ ထိုင်နေဆဲ ..။ ဘာမျှ သူ မစားဖြစ်သေး ..။ လွိုင်ခမ်းသာသို့ သူ ပြန်ရောက်သည်နှင့် .. ဤခြေတံရှည်အိမ်လေးဆီသို့ သူ တောက်လျှောက် ကားကို မောင်းစေခဲ့ခြင်းပါ ..။

ဒရိုင်ဘာကြီး ဘဘထွန်းကိုလည်း ဒေါ်လေးနှင့် အတူ .. သူ .. နံ့သာမြိုင်စံအိမ်သို့ ပြန်သွားဖို့ သူ ပြောခဲ့ပါ၏။

ဒေါ်လေးခမ်းမွန်၏ ဝါးခြေတံရှည် အိမ်လေး ..။

သြော် .. သူနှင့် မမလေးတို့ နေခဲ့ကြဖူးသော နေရာလေး ..။

လောလောဆယ်မှာ .. ဤနေရာလေးမှာပဲ သူ နေနေချင်သည် ..။ အဘယ်သူမှ မရှိသော ဤအိမ်လေးမှာ သူ တစ်ယောက်တည်း အထီးကျန်ခြင်းကြီးစွာဖြင့် ရှိနေလျက် ..

မမလေး အကြောင်းတွေကို .. တွေးနေချင်သည်။ မမလေး၏ ပုံရိပ်လေးများကို တဆွတ်ကျင်ကျင်မျှဖြင့် .. ပြန်၍ မြင်နေချင်သည်။

"မခွဲနိုင်ဘူး မမလေးရယ် .. မခွဲနိုင်ဘူးဗျာ .."

သူ လွတ်ခနဲ ကြော်ချလိုက်လျက် ဝါးသဲ့ဖြင့် ကာထားသော နံရံကို မှီလိုက်ကာ မျက်ဝန်းကို စုံမှိတ်ချ ငြိမ်သက်နေမိရပြန်သည်။ သူ .. မမလေးထံသို့ ဆယ့်ငါးရက်နေ့အရောက် .. ရောက်အောင်ကို သွားခဲ့သည် ..။ ထိုနေ့မှာပင် .. မမလေးထံမှ .. ကြေကွဲလောင်မြိုက်နေသည့်ရင်ဖြင့် .. ပြန်လည်ထွက်ခွာလာခဲ့ရသည်တည့် ..။

သူ .. ဤနေရာလေးမှာ ကျန်နေခဲ့မည် ဆိုတော့ .. ဒေါ်လေးခမ်းမွန်မှ ကားပေါ်မှ ဆင်းမည်ပြုခဲ့စဉ်ကလည်း .. သူ လက်မခံခဲ့ ..။ နောက်ဆုံးတော့ .. ခရီးထွက်စဉ်မှာ လက်တို့လက်ထောင်း ခိုင်းဖို့အတွက် ခေါ်ခဲ့ပါသော စိုင်းငြိမ်းကို .. သူ့အတွက် အစစ လုပ်ကိုင်ပေးဖို့ ဒေါ်လေး ချန်ထားခဲ့ရသည်ပါပဲ။

နှစ်ဆယ်ခြောက်ရက် ကျော်ပြီးမှ .. သူ့ကို ပြန်လာကြိုပါ .. ဟု ဘဘထွန်းနှင့် ဒေါ်လေးကို သူ မှာခဲ့ပြီးဖြို ..။ စိုင်းငြိမ်းကို ဒေါ်လေးခမ်းမွန်မှ ချက်ပြုတ်ကျွေးမွေးဖို့ တာဝန်လည်းပေးခဲ့ ..။ စားရမည့် ဆေးတွေကိုလည်း သူ့ကို သေသေချာချာ အပ်ခဲ့ပြီးမှ ဒေါ်လေးခမ်းမွန်မှာ နောက်ဆံတင်ငင်ဖြင့် ပြန်သွားရခြင်းပါ။

ဘာကြောင့်ဆိုတာ မသိရပေမယ့် .. သူ့အတော်ကြီး စိတ်ထိခိုက်ပြီး ပုန်းညက်မြိုင်အိမ်ကြီးမှ ပြန်ထွက်လာခဲ့ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဆိုတာကိုတော့ .. ဒေါ်လေးခမ်းမွန်လည်း ရိပ်မိရှာပါ၏။ သူနှင့် မမလေးတို့ အေးအေးဆေးဆေး စကားပြောနိုင်ရန်အတွက် .. တမင် .. အိမ်ထဲလိုက်မဝင်ဘဲ .. ပုန်းညက်မြို့ရှေ့မှာ ကားကိုရပ်ပေးခဲ့ကာ ..။ ခြံစောင့်ကြီးမှ တဲခါးဖွင့်ပေးပြီးတော့မှ .. ပုန်းညက်မြို့သို့ သူ ဝင်သွားတော့မှ .. ဒေါ်လေး ကားဖြင့် တစ်ပတ်ဟိုသည် သွားခဲ့ခြင်းပါ ..။

ဒေါ်လေး ကားဖြင့် နောက်တစ်ကျော့ ရောက်လာချိန်ကျတော့ .. သူက .. ငိုကြွေးရှိုက်ငင်နေသော နှလုံးအိမ်ကို အနိုင်နိုင် ထိန်းချုပ်ရင်း ကြေကြေကွဲကွဲကြီး ကားပေါ်ပြန်တက်မောင်းထွက်စေခဲ့တာမို့ ..။ ဒေါ်လေးခမျာ .. မမလေးကိုပင် မတွေ့ခဲ့လိုက်ရ ..။ စကားပင် မပြောခဲ့လိုက်ရ ..။

ခုကျတော့လည်း .. သူ .. လွိုင်ခမ်းသာမှာလည်း မနေနဲချင် ..။ မမလေး၏ အငွေ့အသက်လေးတွေ ပြည့်သိပ်နေရာ တစ်ခုအဖြစ်ရော .. မမလေးနှင့် သူ .. နေခဲ့ရဖူးသော နေရာလေး အဖြစ်ရော .. တမ်းတစွာ .. ဤနေရာလေးမှာ နေဖို့ဆုံးဖြတ်ခဲ့လျက် .. တစ်ယောက်တည်း အထီးကျန်ခြင်း ဝေဒနာကို လူးလိမ့်နေအောင် ခံနေရပါ့မလျှင်သည့်အဖြစ် ..။

စိုင်းငြိမ်းဆိုတာကိုလည်း .. သူ ရှိနေသော ဤခြေတံရှည်အိမ်လေးပေါ်မှာ သိပ်ကြာကြာ နေခွင့်မပြု ..။ ခြေတံရှည်အိမ်လေးပေါ်မှို့ .. အောက်မှာပဲနေဖို့ သူ ပြောခဲ့သည်ပါပဲ ..။ သူ .. တစ်ယောက်တည်း နေချင်သည်လေ ..။ သူရှိနေသည့် နေရာမှာ လူတစ်ယောက် လူပ်ရှားသွားလာနေသည့် အဖြစ်မျိုးကို မရှိစေချင်။ သူတစ်ယောက်တည်း .. မမလေးနှင့် ပတ်သက်၍ ..

ကြေကွဲတိတ်ဆိတ်စွာ .. လွမ်းဆွတ်စွာ .. တွေးနေ .. တမ်းတနေချင်သည် ..။

"မမလေးကို မျှော်လင့်ခွင့် မရှိတော့ပေမယ့် .. မမမုန်ဝင်းအောင် ချစ်နေမိရတဲ့ ကြာညိုလေ .. မမလေးကို ဒီရင်ထဲကပဲ ကြင်ရ .. မြင်ရနဲ့ လွမ်းနေမိရတော့တာဝါပဲ .. ခဏလေး တယ်ဆိုတာက .. တစ်နေ့ ပြန်တွေ့ကြရမှာမို့ .. အဲဒီ လွမ်းဆွတ်ခြင်း ဆိုတာက .. အချစ်ရဲ့ ကြည်နူးစွက်နိုး စရာတစ်ခု ဖြစ်နေပါသေးတယ် .. တစ်ဘဝ ဝေးရခြင်းကျတော့ .. အဲဒီလွမ်းဆွတ်ရခြင်း ဆိုတာက ရင်ကို နှိပ်စက်ကြေကွဲနေစေတဲ့ ဝေဒနာအဖြစ်နဲ့ အဆုံးမဲ့ ရှင်သန်နေရမှာပါဗျာ .. ကြာညို .. မခွဲနိုင်ဘူးဗျာ .. မခွဲနိုင်ဘူးဗျာ .."

သူ တစ်ယောက်တည်း ရင်ထဲမှာ ပြောနေမိလျက် ..။ နှုတ်မှပွင့်ကျမလာနိုင်ဘဲ မျက်နှာပေါ် လက်ဖဝါးတွေကို အုပ်မိုးကာ မျက်ရည်သာကျနေမိရပါ၏။

လသာသောည ..။ လရိပ် လွင်နေသောည ..။ လရောင်ထိုးကျနေသော ပြတင်းတံခါးဆီမှ ပြန့်လာဖါလေသော လရောင်ရိပ်ရိပ် ဝင်နေသည့် အိမ်လေး ..။ လသာမှန်အိမ်မီးလေးကတော့ဖြင့် .. ဝါလဲ့လဲ့အလင်းဖြင့်ရှိနေလျက် ..။ ထင်းမီးဖိုမှ မီးရှိန်အလင်းက .. နံရံမှာ သူ့အရိပ်ကို လူပ်ခတ်ခတ်ဖြင့် ထင်နေစေ၏။ ဤအိမ်လေးမှာ .. သူနှင့် သူ့အရိပ်ပဲ ရှိနေသည့် အဘယ်သူမျှ မရှိ ..။ တကယ့်အထီးကျန် ..။ ထိုသို့ တစ်ယောက်တည်း .. လွတ်လပ်စွာ ..မမလေးကို သူ .. လူးလဲနေအောင် လွမ်းနေချင်သည်။ ဝေဒနာကို လွတ်ထား၍ လူးလိမ့်ကြွေကွဲစွာ

www.burmeseclassic.com

ခံစားပစ်ချင်သည်။ ဒါကြောင့် .. သူ .. ဘယ်သူ့ကိုမှ အိမ်လေး ပေါ့ အတက်မခံချင် ..။

သူနှင့် ဤအိမ်လေး ..။ ဤအိမ်လေးနှင့် သူ့အလွမ်းများ ..။ အားလုံးကို .. သူ .. လွှတ်ထားချင်သည်။

အချစ်ဟူသည် .. ဝေးနေကြရသည့် အခါတွင်မှ .. ပို၍ .. တွေ့လိုစေကြီးနေရလျက် ..။ တစ်ဘဝတာဝေးကြရသည့် ဘဝစွန့်လည်း .. တွေ့မြင်ချင်စေသည် .. ကြေကွဲစွာ ရင်မှာသာ တည်ရ .. ရင်နာစွာ ရှင်သန်ရပ်တည်ရချေသည်ကော မမလေး။

သူ .. မမလေးထံမှ ထွက်ခွာလာခဲ့ရစဉ်က .. သူ့နှလုံးအိမ်ကို ဖြုတ်ခြွေပေးခဲ့ရသည်နှင့် တူနေသည်။ သြော် .. အဘယ်သူမှ ကူကယ်နိုင်စွမ်း မရှိပါသော အထီးကျန်ဝေနာ ..။ သူ့ဝေဒနာမှ လွတ်မြောက်ရန် .. အခြားသူလည်း မကယ်နိုင် ..။ သူကိုယ်တိုင်လည်း မကယ်နိုင် ..။

မမေ့နိုင်ခြင်းတည်းဟူသော တည်မြဲနိုင်လွန်းပါသည့် ချစ်ခြင်းများဖြင့် နှစ်မြှုပ်လျက် .. အချစ်သည် .. အထီးကျန်သူတစ်ယောက်၏ ရင်မှာ ဆက်လက်ရှင်သန်နေခွင့်တော့ ရှိနေသင့်ပါသည် မမလေး ..။ အချစ်ကြီးသူတစ်ယောက်၏ ရင်သည် .. အဘယ်မျှထိ .. ပြင်းထန်စွာ .. ခံစားရသည်ဆိုတာ .. ကြာညို သာသိပါသည် ..။ သြော် .. အထီးကျန်ချစ်ရသူ၏ ရင်သည်သာ လျှင် သိပါသည်ကောလေ ..။

မျက်ဝန်းများကို စုံမှိတ်ထားလိုက်မိလျက် နံရံမှာ ခေါင်းကို ဖေးတင်ထားကာ သူ .. ဘယ်သောအခါတွင်မှ .. လွှတ်မြောက်နိုင်မည် မဟုတ်တော့သော .. လွမ်းဆွတ်တမ်းတ

ခြင်း ဝေဒနာကို ကြိတ်မှိတ်၍ လူးလိမ့်နေအောင် ခံစားနေရပြန်ပါသည့်အဖြစ်။

ဝါးသံခင်း ကြမ်းပြင်လေးထက်မှာ ခပ်ဖွဖွလျှောက်လာပါသည့် ခြေသံ ..။ နိုင်းငြိမ်း သူ့ထံ ရောက်လာပြန်တော့မည် ..။

ညစာကို ခုထိ သူ မစားသေးသည်မို့ မဲ့မရဲဖြင့် .. ထမင်းစားဖို့ လာပြောချေဦးတော့မည် ..။ သူ ထမင်းမစားဖြစ်သေးလျှင် .. နိုင်းငြိမ်းလည်း အိပ်ဖြစ်မှာ မဟုတ် ..။ သူကလည်း မစားချင် ..။ ကျွတ်ခနဲ သူ စုတ်သပ်မိသည်။

"ဒုက္ခပါပဲ နိုင်းငြိမ်းရာ .. မင်း စားနှင့်လိုက်ကွာ .. ငါ မစားချင်သေးဘူးလို့ ပြောထားတယ် မဟုတ်လား .. မစားချင်ဘဲ ဖြစ်နေတဲ့သူကို ဘာလို့ ခဏ ခဏ လာပြီး ထမင်းစားဖို့ပဲ ပြောပြောနေရတာလဲ .. ဆာရင် .. ငါ့ဘာသာငါ ခူးစားမယ် .. ဟုတ်ဖြီလား .."

ဟု စိတ်ပျက်စွာ ပြောမိသည်။

နှုးညံ့စွာ သူ့ပခုံးပေါ် ဖေးတင်လိုက်သော လက်ဖဝါးလေး ..။

"မစားဘဲနေလို့ ဖြစ်မလား ကြာညို .. အားရှိအောင်စားပြီး .. မမလေးကို နောက်နေ့တွေမှာ ဆက်လွမ်းနေဖို့ လိုသေးတယ်လေ .."

ဟူသော စကားသံချိုချိုလေး ..။ သူ .. မချိခြားတတ် ..။ မမလေး၏ လက်အစုံဆိုတာကို သူ ချက်ချင်းသိသည်မို့ .. မော့ခနဲ ကြည့်လိုက်မိသည်က အရင်ဖြစ်လိုက်သလား။

www.burmeseclassic.com

www.burmeseclassic.com

မမလေး ပြောလိုက်သည့် စကားသံလေးကပဲ သူ့ မော့အကြည့်ထက် အရင် ဖြစ်နေသည်လား ..။ သူ .. မယုံရဲနိုင်စွာ မော့ခနဲကြည့်မိရင်းမှ .. ခါးသဲကြမ်းခင်းပေါ် ဒူးလေးထောက်၍ ပြုံးကြည့်နေပါသော မမလေး၏ ပခုံးပေါ် ဆောင်းလေး ထိုးစောင်လိုက်သည်က အရင်ပဲ ဖြစ်သွားသည်လား ..။ သူ မခွဲခြားတတ် ..။

"မမလေးရယ် .. မမလေးရယ် .."

သူ .. ဘာမျှကို မပြောနိုင်စွမ်းတော့ ..။ ရင်ထဲမှာ အံ့သြမှင်တက်နေတာလည်း ရှိနေသည် ..။ ယောင်နေတာလည်း ရှိနေသည်။ မယုံရဲနိုင်သည်ကလည်း ပြည့်သိပ်နေသည် ..။ တစ်ယောက်တည်း ကြေကွဲလောင်မြိုက်စွာရှိလျက် မမလေးကို တိုင်တည်ရင်း ရင်တွင်းမှ စကားများကို အဆုံးမဲ့ ပြောနေမိခဲ့လေသမျှ .. တွေးမိခဲ့လေသမျှ .. ခုကျတော့ .. ဘာစကားတစ်လုံးမျှ သူ့နှုတ်က ပွင့်ကျမလာနိုင် .. မမလေး .. ခုလို သူ့ထံသို့ မမျှော်လင့်နိုင်အောင် .. မမျှော်လင့်ရဲနိုင်လောက်အောင်ပဲ .. ရောက်ရှိလာတာကိုလည်း .. သူ .. မယုံရဲချင် ..။ ဒါပေမယ့် .. သြော် .. ဒါပေမဲ့ .. တကယ့်ကိုပင့် .. သူ့၏လမင်းလေးသည် .. သူ့ထံမှာ .. သူ့နှလုံးအိမ်မှာ .. သာလျက်ရှိနေချေပြီတကား ..။

မမလေး၏ ပခုံးထက်မှာ သူ့ခေါင်းကြီး ငိုက်ချထားရင်း သူ ရယ်လည်း ရယ်နေမိသည်။ မျက်ရည်များကျနေရင်း မမလေး၏ ပခုံးထက်မှ နူးညံ့သော အင်္ကျီလေးထက်မှာ မျက်နှာကို ပွတ်လူး၍ မျက်ရည်ကိုလည်း ပွတ်သုတ်နေမိသည်။ သူ့နှုတ်မှ ဖွင့်ကျလာသည့် အရာသည် ..

"မမလေးရယ် .. အို .. အို .. မမလေးရယ် .."

ဆိုသည့် အသံမှတစ်ပါး အာမျှကို မရှိနိုင်တဲ့ ဖြစ်နေသည်။

မမလေး၏ လက်ဖဝါးလေးတွေက ယခင်တုန်းကနယ်ပင် .. သူ့ပါးပြင်ထက်မှာ ပေးအုပ်လာကြပြီ ..။ သူ့မျက်ရည်ကို သုတ်ပေးနေကြပြီ ..။ သူကလည်း မျက်တောင်မခတ်ရက်နိုင်စွာ .. ငေးကြည့်နေမိရုပါသည့် အဖြစ် ..။ ဤအဖြစ်ကို .. မကွန့်ဆုံးသွားစေချင် ..။ မလွန်မြောက် သွားစေချင် ..။ သူ၏ချစ်လွန်း၍ .. ကျရုပါလေသော .. ချစ်မျက်ရည်စက်များကို ချစ်ရသူလေးက တယုတယ .. သုတ်ပေးနေသည့်အဖြစ်ကို .. အကုန်ဆုံးမခံနိုင်သည်သို့ ဖြစ်လာရသည်။

"ကြည့်စမ်း .. မျက်ရည်တွေ ကျနေလိုက်တာ ကြာညို့ရယ် .. ဒီမှာ တစ်ယောက်တည်း စိတ်အရမ်းထိခိုက်နေ .. မမလေးကို .. လွမ်းနေတယ်ပေါ့ .. မမလေး သိတယ် .. အဲသလို ဖြစ်နေမယ် ဆိုတာ .."

ဟု ပြောပြီး မမလေး၏ လက်ဖဝါးနုနုလေးက သူ့နှုမ်းပြင်ပေါ် ဖွဖွညင်ညင် ကျလာသည်။ နှုမ်းပြင်ထက်မှ အုပ်မိုးကျနေသော ဆံနွယ်ထူထူအုပ်အုပ်ကြီးကိုလည်း ဖွဖွလေး သပ်တင်ပေးသည်။

ပြုံးကြည့်နေသည့် မမလေး၏ မျက်ဝန်းမှာလည်း မျက်ရည်များ ပြည့်သိပ်ဖြာကျလာနေကြချေသည်ပဲ ..။ သူ .. မမလေး၏ မျက်ရည်ကို ညင်ညင်သာသာ သုတ်ပေးလေလည်း ငြိမ်သက်ခံသည်ပါပဲ ..။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"ကြာညိုရယ် ... ကြာညို အရမ်းခံစားပြီး ပုန်းညက်ဖြိုင်က ငြန်သွားတုန်းက ... မမလေးက စိတ်ချမ်းသာပြီး ကျန်နေတယ်များ မှတ်နေလား ... ခု ... ကြာညို တစ်ယောက်တည်း လူးလဲနေအောင် ခံစားရသလိုပဲ မမလေးလဲ ငိုကျန်ခဲ့တာပါ ... ကြာညိုကို ... မမလေး ဘယ်လောက်ထိ ... သံယောဇဉ်ကြီးနေတယ် ... မခွဲနိုင်တော့ဘူး ... ဆိုတာ ... အဲဒီအခါကျမှ ... ပိုပြီး မမလေး နားလည်လာတယ် ... ကိုယ့်နလုံးသားကို ... ကိုယ်အသိဆုံးဆိုတာ မမလေး ပိုနားလည်လာတယ် ... အဲဒီအချိန်မှာ ဗန်းအိုးလေးတွေ တန်းစီထားတဲ့ အုတ်ခဲတန်းလေးမှာ ငိုနေတဲ့ မမလေး အနားကို ... ကိုနောင် ရောက်လာတယ် ကြာညို ... သူ ... မြသရဖိုက နေပြီး မမလေးဆီကို ပြန်လာတော့ ... ကြာညိုနဲ့ မမလေးတို့ အဖြစ်ကို ... သူ ... အားလုံး မြင်ခဲ့တယ်တဲ့ ... မမလေးကို သူ နားလည်တယ်တဲ့ ... ကိုနောင်ဟာ ... မမလေး အပေါ်မှာ ငယ်ကတည်းက နားလည်ခဲ့တဲ့သူပါ ကြာညို ... မမလေးကလဲ ... ကိုနောင်နဲ့ လက်မထပ်ဘဲ နေခွင့်ရဖို့ တောင်းပန်မိတာပါပဲ ... သူ ... ပြောပါတယ် ကြာညို ... မမလေးက ခွင့်မတောင်းရင်တောင်မှ ... သူ ... သိလိုက်ရတဲ့ ကြာညိုနဲ့ မမလေးတို့ရဲ့ ချစ်ခြင်းကို ... နားလည်နေတာမို့ ... သူ နောက်ဆုတ်ပေးမိမှာပါပဲတဲ့ ..."

ဟု ပြောတော့ ... သူ ... ဝမ်းသာလွန်း၍ ... မမလေးကို ရင်ခွင်မှာ သိမ်းပွေ့၍ အရပ်လေး ထွေးပိုက်ထားသည့်နှယ် ဖြစ်ရ ... ။ ဆံနွယ်နုနုလေးများကို နမ်းရှိုက်မိရန့်ပါ ... ။ နောက်မှ စိတ်ထားပြည့်ဝသော ကိုနောင်ကို သတိရပြန်လျက် ...

"အဲဒီအစ်ကိုကြီးက ... သိပ်စိတ်ကောင်းရှိတာပဲနော် ... ခု ကြာညို ပျော်နေတာကြီးက ... သူ့ကို မသနားသလိုကြီး ဖြစ်နေပြန်ရော ..."

ဟု ကိုနောင့် အပေါ် မတရားသလိုကြီး ခံစားရလျက် ပြောတော့ လှလွန်းအိမ်မှ မျက်စောင်းလေးခဲ၍ ...

"ဒါဖြင့် ... မမလေး ပြန်သွားရမှာလား ..."

ဟု မေးလိုက်တော့ သူ ပျာပျာသလဲကြီးဖြင့် ...

"တစ်ခေါက်တည်း ကြေကွဲတဲ့ဒဏ် ခံနေရတာနဲ့တင် ရူးမတတ်ဝါ မမလေးရာ ... ထပ်ပြီး ရင်မကွဲပါရစေနဲ့တော့ ... မမလေးကို မခွဲနိုင်ပါဘူးဆိုမှ ..."

ဟု ပြောကာ မယုံရဲနိုင်သလိုလေးဖြင့် မမလေး၏ မျက်နှာကို သူ လက်ဖြင့် အသာဖေးမော့မိကာ တစိမ့်စိမ့်နိုင်အောင် ငေးစိုက်ကြည့်မိသည်။ အကြောမျှင် နုနုလေးများ ယှက်သန့်ရာ ပါးပြင်နုနု ... ။ မျက်တောင်ထူအိအိလေးများ ရဲခရာ ... မျက်ဝန်းခွန်းလဲ့လဲ့ နက်မှောင်မှောင်လေး ... ။ ဆံနုမျှင်တို့ ဖေးတင်နေရာ နဖူးပြင် ဝင်းစင်စင် ... ။ နှာတံထင်းထင်းလေးနှင့် နှုတ်ခမ်းနုနုလေး ... ။ ဝန်းသွယ်သော မျက်နှာလေး ... ။ ကြွေရုပ်လေးချထားသည့်နယ်ပါတကား ... ။ သူ၏ နှလုံးအိမ်မှ ကြွေရုပ်လေး ... ။ သူ၏ လမင်းရွှေစင်လေး ... ။ ယခု ... ယခု ... သူ့ရင်ခွင်မှာရှိနေချေသည်တဲ့လား ... ။ သူ ... ယုံပင်မယုံရဲ ... ။ နဖူးပြင်လေးကို သူ့နှုတ်ခမ်းတို့က ဖွဖွဖေးတင်မိရပါ၏ ... ။ နောက် ... မျက်နှာလေးကို ... သူ့ရင်မှာ ဖေးအပ်ထားမိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကြာညိုလေ .. ယုံတောင် မယုံနိုင်သလိုပါပဲ .. ဒီမှာတစ်ယောက်တည်း .. လူးလိမ့်နေအောင် .. လွမ်းနေရတာ .. ရူးမတတ်ပါ မမလေးရယ် .. အရမ်းဆိုးတယ်ဗျာ .. အဲဒီအဖြစ် .. အဲဒီလေဒနာဟာ အရမ်းကို ဆိုးဝါးလွန်းတယ် .. တော်ရုံနိုပ်စက်မှုမျိုး မဟုတ်ဘူး မမလေး .. သိပ်ပြင်းထန်တာ .."

ဟု သူ ခပ်ညည်းညည်းပြောတော့ လှလွန်းအိမ်သူ့ကို မော့ကြည့်သည်။

"အဲသလိုပဲ မမလေးလဲ ခံစားရတာပါပဲ ကြာညို .. ထပ်တူထပ်မျှဆိုတာ နားလည်ထား .."

"ဟင့်အင်း .. ကြာညိုက ပိုဆိုးတယ် .. ပိုခံစားရတာ .."

ဟု သူ ပြောတော့ လှလွန်းအိမ် သူ့နှုတ်ကို လက်ဆီးဆုပ်လေးဖြင့် ဖွဖွထုသည်။

"ဟာ .. မမလေး ဘာစားထားရဲသေးလဲ .. ဘာမှမစားရသေးဘူး မဟုတ်လား .. ကြာညို .. ထမင်းခူးလိုက်မယ် .. နော် .."

ဟု ခုမှ သတိရကာ ပျာပျာသလဲထ၍ ထမင်းခူးဖို့ပြင်တော့ လှလွန်းအိမ် ရယ်၍ သူ့လက်ကိုတားသလိုလေး ဆွဲထားမိ၏။

"မဆာသေးပါဘူး ကြာညိုရဲ့ .. မမလေး ပြောပြစရာတွေ ရှိနေတယ်လေ .. ဒက်ဒီကလဲ .. ကိုနောင်နဲ့ မမလေးတို့ရဲ့လက်ထပ်မယ့်ကိစ္စ .. မဖြစ်မြောက်နိုင်တော့ဘူး ဆိုတာကို .. ကိုနောင်ရော .. မမလေးရော ပြောပြစေချင် .. ဒီတော့ မကောင်းဘူး .. ဒါပေမဲ့ .. ကိုနောင်ပြောတဲ့ စကားတစ်ခွန်းကြောင့် .. ခေါင်းညိတ်လိုက်ပါတယ် .. ကိုနောင်က ပြောတယ်လေ .. ငယ်ကတည်းက .. သူဟာ လှလွန်းအိမ်ကို ဘယ်တုန်းကမှ စိတ်မဆင်းရဲစေခဲ့ဖူးဘူးတဲ့ .. ခု .. သူ လက်ထပ်လိုက်ရင် လှလွန်းအိမ်ကို ရက်စက်ရာရောက်မယ်တဲ့ .. လှလွန်းအိမ်ကို ချစ်တဲ့ ကြာညိုနဲ့ .. လှလွန်းအိမ်ကို တစ်သက်တာ စိတ်ချမ်းမြေ့စေဖို့ အကောင်းဆုံးလက်ဖွဲ့ခြင်းပါပဲတဲ့ .. အဲသလိုပြောတော့ .. သဘောထားပြည့်ဝတဲ့ကိုနောင့်ကို .. ဒက်ဒီဖက်ပြီး .. ခေါင်းညိတ်ခဲ့တာပါပဲ .. ကိုနောင် ပြန်သွားတော့မှ ဒက်ဒီ ပြောတယ် သိလား .. ကိုနောင်နဲ့ သေသေချာချာ စေ့စပ်ခဲ့တာမို့လဲ .. ခုလို ကတိပျက်သလို ဖြစ်ရတာဟာ .. အန်ကယ်ကျော်နဲ့ အန်တီဆွေတို့ကိုလဲ အားနာ မျက်နှာပျက်စရာပါပဲတဲ့ .. အဲသလို ကတိမပျက်အောင်လဲ .. ဒက်ဒီက .. မင်္ဂလာကိစ္စကို အန်ကယ်ကျော်တို့ဘက်က တောင်းဆိုတုန်းကလဲ ခေါင်းညိတ်ပေးခဲ့တာပါပဲတဲ့ .. ဒါပေမဲ့ .. အဲဒီလို ခေါင်းညိတ်ခဲ့ကတည်းက တစ်ခုတော့ စိတ်ထဲ သိနေတယ်တဲ့ .. ကြာညို ကားနောက်ကို မပြေးလိုက်လာခဲ့စဉ်တုန်းက .. နဲ့သာမြို့ဟိုတယ်မှာ .. ဒက်ဒီ့ကို မော့ကြည့်ရင်း ကြာညို့ဆီမှာ နေခွင့်ရဖို့ မျက်ရည်နဲ့ တောင်းပန်ခဲ့တဲ့ သမီးရဲ့ မျက်ဝန်းတွေကို မြင်ရကတည်းကပဲတဲ့ .. အဲဒီကတည်းက ဒက်ဒီ သိတယ်တဲ့ .. သမီးရဲ့ ရင်ထဲမှာ .. တယ်သူအမှန် တကယ် ရှိနေပြီ ဆိုတာကိုတဲ့ .."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြတော့လည်း ကြာညို ငြိမ်၍နားထောင်သည်။ လှလွန်းအိမ်၏ လက်လေးကို ကြာညို ဆွဲးဆုပ်ထားကာ ..

"ကြာညို .. မတရားသလိုများ ဖြစ်နေပြီလား မမလေးရယ် .. ဒါပေမဲ့ .. ဒါပေမဲ့ .. ကြာညိုက .. အမြဲတမ်း ဆုံးရှုံးနေခဲ့ရသူပါ၊ ငယ်ကတည်းက .. မိဘနှစ်ပါးကို ဆုံးရှုံးခဲ့ရတာ .. မိဘအရိပ်ကို ဆုံးရှုံးခဲ့ရတာ .. ခု .. မမလေးကို ဆုံးရှုံးရဦးမယ် ဆိုရင်လဲ .. ကြာညို နှလုံးသားတွေ ဘယ်လိုမှ ခံနိုင်ရည်ရှိတော့မှာ မဟုတ်ပါဘူး မမလေးရယ် .."

သူပြောရင်း လှလွန်းအိမ်၏ လက်လေးကို တင်းခဲ့နေအောင် ထွေးဆုပ်ထားမိရပါ၏။

"ဒက်ဒီကိုယ်ဖိုင် လွိုင်ခမ်းသာကို လိုက်ပို့တာ သိရဲ့လား .. နဲ့သာမြိုင်စံအိမ်ကို အရင်ရောက်တာ .. ဒေါ်လေးခမ်းမွန်က မြောပြလို့ .. ဒီကို လိုက်လာရတာ .. ဆွေဘထွန်းလိုက်ပို့မေးတယ် .. ဒေါ်လေးက ပြောတယ် .. ခဏတော့ ဒီမှာနားကြည်းပေါ့တဲ့ .. ပြီးရင် .. နဲ့သာမြိုင်စံအိမ်ကိုပဲ ပြန်ခဲ့တဲ့ .. ဟိုမှာ စားသောက်ဖို့ အားလုံး စီစဉ်ထားမယ်တဲ့ .."

ဟု ပြောကာ သူ့ကိုကြည့်တော့ .. သူ ကျတ်ခနဲ စုတ်သပ်ကာ ..

"ဒီနေရာလေးမှာပဲ နေချင်တယ် မမလေးရာ .."

ဟု မြောမိသည်ပါပဲ ..။ နောက် .. ပြတင်းဆီ၌ လှမ်းမျှော်မြင်နေရပါသည့် လမင်းကြီးကို သူ လက်ညှိုးထိုးပြမိ

သည်။ နှင်းရိပ်ဆေးနေသော ကောင်းကင်ထက်ဆီမှာ လမင်းဝန်းဝန်းသည် လွင်သာလျက် ရှိနေပါ၏။

"ကြာညို အမြဲတွေးတယ် .. သိလား .. မမလေးဟာ .. အဲဒီလမင်းလိုပါပဲလို့ .. လမင်းဆိုတာ အမြင့်မှာ နေရမြဲလေ .. ကြာညိုက .. စမ်းရေပါပဲ .. မမလေးကို ချစ်လွန်းလို့ အေးမြတဲ့ ရင်ခွင်အဖြစ် ကြာညို့ရင်ခွင်ဟာ ဘယ်လိုပဲ ရှိနေနေ .. လမင်းဖြစ်တဲ့ မမလေးနဲ့တော့ မထိုက်တန်နေဘူးလို့ နားလည်နေမိရတယ် .. စမ်းရေဆိုတာက .. မြေပြင်မှာ ရှိတာလေ .. ကြာညိုဟာ .. မမလေးကို ချစ်နေတာကိုက .. မှတရားတာပါ .. မထိုက်တန်တာပါ .. တစ်ကိုယ်ကောင်း ဆန်နေတာပါပဲ .."

သူ ခပ်ညည်းညည်းပြောခိုက် သူ့ပါးပေါ် လက်လေး ဖေးအုပ်၍ ..

"အဲသလိုတွေးပြီးတော့ ရတနာသေတ္တာကို ချန်ထားခဲ့ပြီး .. ပြန်သွားလိုက်တာပေါ့လေ .. ဟုတ်လား .. နဲ့သာမြိုင်စံအိမ်မှာ .. အဲဒီသေတ္တာကို .. ကြာညို့လက်ထဲ ပြန်အပ်ဖို့ ယူလာခဲ့တယ် သိရဲ့လား .. မမလေးလဲ .. ကြာညို့ အောနဲ့ ပုန်းညက်မြိုင်မှာတုန်းက နောက်ကို တကျောက်ကျောက် လိုက်တားနေတုန်း .. အဲဒီသေတ္တာကြီး မမွေနေရော .. နောက်မှ .. အိမ်ထဲရောက်မှ တွေ့မှ မော့ .. ထားခဲ့ပြီ .. ခဲ့ပြီး စိတ်မောသွားရတာ .. ဖွင့်ကြည့်လိုက်တော့လဲ နည်းတဲ့ တန်ဖိုးလား .. ရတနာထည်တွေရော .. ရတနာတွေရော မနည်းမနောကြီး တားရစ်ခဲ့တာကိုး .. ဒက်ဒီဆို စိတ်ကို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မကောင်းတော့ဘူး .. မမလေး ဒက်ဒီကို ဒက်ဒီအိမ်ပြန်လာတဲ့အခါမှာ ကိုနောင့်ရှေ့မှာပဲ .. ငိုပြီးပြတာလေ .. အဲဒီတုန်းကတော့ .. ကြာညိုကို သနားနေတာ တစ်ခုပဲ သိနေတယ် သိလား မမမလေး .. ငိုနေတာချည်းပဲ ဖြစ်နေရတာ .."

သူ မကြားရက်ပြန် .။ မမလေး အရှိမ်းကို ငိုကြွေးပင်ပန်းအောင် လုပ်ခဲ့သလိုကြွေး ဖြစ်သွားခဲ့ရသည်ပဲလေ .။ ရင်ထဲမကောင်းပြန် ..။

သူ .. ဆံစလေးတွေကို သပ်ပေးမိရသည်ပါပဲ .. ကြာညို မြတ်နိုးရာ မိန်းကလေးအတွက် ရည်မှန်းထားခဲ့တာတွေကိုလည်း သူလောလောဆယ်မှာ မပြောပြချင်သေး ..။

"ချစ်နေမိရတာကိုး မမလေးရယ် .. မမလေးကို မြင်ချင်နေတာပဲ အဲဒီတုန်းက ရင်ထဲမှာ ရှိနေတာ .. ဆယ်ငါးရက်နေ့မှာ မမြင်ရရင်ကို ရူးမတတ် ဖြစ်နေတာ .. အဲဒါတွေအားလုံးဟာ .. မမလေးကိုရော .. ကိုနောင့်ကိုရော .. ဒုက္ခပေးဖို့သက်သက်လို ဖြစ်နေတော့တာပဲနော် .."

ဟု ပြောနေရင်းမှ ..

"ကြာညိုက အရူးတစ်ယောက်ပဲ .. ရူးခဲ့တဲ့သူတစ်ယောက်ပဲ .. အဲသလိုလူက .. ဟိုးကောင်းကင်က လမင်းကြီးလို ဝင်းဝင်းစင်စင် ရှိလွန်းလှတဲ့ မမလေးကို .. ချစ်နေမိတာကိုက .. မထိုက်တန်လွန်းနေတာပါဗျာ .."

ဟု ပြောမိတော့ လှလွန်းအိမ်၏ လက်ချောင်းနုနုလေးတွေ သူ့နှုတ်ခမ်းမှာ လာထိသည်။

"မပြောနဲ့ ကြာညို .. အဲသလို ဘယ်တော့မှ မကြားချင်ဘူး .. အဲသလို မပြောပါဘူးလို့ မမလေးကို ကတိပေးရမယ် .. ကြာညို ရူးတာမှ မဟုတ်ဘဲ .. ကြာညိုက .. ဒါကြောင့် စောစောဘုန်းက .. မမလေးကို ချစ်တာဟာ မတရားဘူး .. မထိုက်တန်ဘူး .. တစ်ကိုယ်ကောင်းဆန်နေတယ်လို့ ပြောတာကိုး .. အချစ်ဆိုတာ .. ကိုယ်ချစ်တဲ့သူအပေါ်မှာ ရိုးသားခြင်းဟာ တရားစာပါပဲ .. မမလေးရော .. ကြာညိုရော .. တစ်ယောက်ကို တစ်ယောက် .. မြတ်မြတ်နိုးနိုးနဲ့ မခွဲနိုင်အောင် ချစ်နေကြ .. သံယောဇဉ်ရှိနေကြတာ .. မမလေးတို့ အသိဆုံးပဲ .. အဲဒီအချစ်ကို .. မမလေး ဝန်ခံရဲကြရမှာ .. အဲဒါ ကိုယ့်နှလုံးသားအပေါ်မှာ ရိုးသားခြင်းပဲ .. အဲဒီ ဝန်ခံမှုဟာ တရားမျှတခြင်းပါပဲ ကြာညို .."

လှလွန်းအိမ် ပြောကာ ကြာညိုကို ကြည့်သည်။ ကြာညို ငြိမ်သက်နားထောင်နေ၏။ ဝေးမဝန်းသည့်နယ်လည်း ငေးကြည့်နေသည်ပါပဲ .။

"ကြာညိုက ပြောတယ်နော် .. မမလေးက လမင်း .. ကြာညိုက .. စမ်းရေ .. ဟုတ်တယ် မဟုတ်လား .. လမင်းလေးက .. အေးမြတဲ့ စမ်းရေကိုသောက်ဖို့ .. စမ်းရေသောက် ဆင်းတတ်တယ်လေ .. လသာတဲ့ညမှာ .. လမင်းရောင်းလေးမှာသွားကြည့် .. လမင်းလေးရဲ့ ဝင်းဝင်းစင်စင် အရိပ်လေး စမ်းရေသောက် ဆင်းနေတာ လေ့လာရမယ် ..

www.burmeseclassic.com

www.burmeseclassic.com

စမ်းချောင်းလေးတ စမ်းရေသောက် ဆင်းတဲ့လကို .. နှင် မလွတ်ပါဘူး ကြာညို .."

သူ .. သူ .. ရင်ထဲ ကြည်နူးလွန်းရဟပါပြီ .."

ပြောတတ်လိုက်သည်ချေသည်ကော မမလေးရယ် .. ဟု ရင်မှာ ညည်းဖြစ်ရင်း ချစ်ရသူလေးကို ရင်ခွင်မှာ သိမ်းပွေ့ထားမိရပါ၏။ သော် .. အေးမြသော စမ်းရေရင်ခွင်မှာ စမ်းရေသောက် ဆင်းပါ ချေသော မောင့်လမင်းငွေသော်တာငယ် .."

အနမ်းနုနယ်သည် .. လဓင်းလေး၏ နဖူးပြင်နုန .."

ဆန္ဒယ်မျှင်နုနုတို့ထက်မှ သိမ်မွေ့ညင်ညင် ဖေးတင်ချေ၏။

"ကျေးဇူးတင်တယ် မမလေးရယ် .. ကြာညို့ကို .. ချစ်ဖို့ .. မြတ်နိုးဖို့အထိ .. ဆုံးဖြတ်ရဲခဲ့တဲ့အတွက် .. ကျေးဇူးတင်တယ် .. ကြာညို့လို အရွယ်အဖြစ် သတ်မှတ်ခံခဲ့ရဖူးသူ တစ်ယောက်ကို .. လက်တွဲရဲတဲ့အထိ သတ္တိရှိတဲ့ မမလေးကို ကြာညို .. သိပ်ကျေးဇူးတင်ပါတယ်ဗျာ .."

ဟုသာ သူ မျက်ရည်ဝဲနေရင်း ပြောနေမိရပါ၏။ သိမ်ငယ်သော ဘဝဆိုတာကတော့ .. သူ့နှလုံးအိမ်မှာ ရှိနေသည်ပါပဲ ..။

"အဲဒီ အရွယ်ဆိုတာကို မပြောနဲ့လို့ လှလွန်းအိမ် ပြောထားတယ်နော် .. နောက် .. ပြောဖို့ရှိသေးတယ် .. အရင်တုန်းကတော့ .. ကြာညိုက .. မမလေး .. ဆိုပြီး ခေါ်ခဲ့တယ် .. အဲဒီတုန်းက .. ကိုယ့်ကိုယ်ကိုယ် .. ကလေးလိုပဲ ကြာညိုက ထင်နေခဲ့တာကိုး .. ခု .. ကြာညို သိပြီ .. လှလွန်း

အိမ်ထက် ကြာညိုက အသက်ပိုကြီးတယ်ဆိုတာ သိပြီ .. ဒီတော့ .. လှလွန်းအိမ်လို့ပဲ ပြောင်းခေါ်တော့ .. လှလွန်းအိမ်ကလဲ .. ကြာညိုလို့ မခေါ်တော့ဘဲ ကိုကြာညိုလို့ခေါ်မယ် .."

သူ ခေါင်းကြီး သွက်သွက်ယမ်းပစ်ကာ ..

"ဟာ .. မဟုတ်ဘာ .. ကိုကြာညို ဆိုတာကြီးကတော့ မလှလိုက်တဲ့ အခေါ်ကြီးပဲ မမလေးရာ .. နောက်ပြီး .. မမလေးကို .. မမလေးလို့ပဲ ခေါ်ချင်တယ် .. ကြာညိုက .. မမလေးထက် အသက်ကြီးတယ် .. အသက်ကြီးတော့ မမလေးလို့ မခေါ်ရတော့ဘူးလား .. အဲဒီမမလေး ဆိုတာက .. ကြာညို သိမ်ငယ်နေချိန်မှာ .. ကြာညိုကို .. ဖေးတွဲခဲ့တဲ့ မမလေး .. ကြာညို့ ဆံပင်တွေကို သပ်တင်ပေးခဲ့တဲ့ မမလေး .. ကြင်နာခဲ့တဲ့ မမလေး .. ကြာညို အသက်ကို မမလေးရဲ့အသက်နဲ့ရင်းပြီး ကယ်ခဲ့တဲ့ မမလေး .. အို .. မမလေးရဲ့ သံယောဇဉ်တွေကို အဲဒီတုန်းက ကြာညို ရခဲ့တာ .. မမလေးဆီက ရခဲ့တာ .. အဲဒီ သံယောဇဉ်ကြောင့် ဖြစ်တည်လာခဲ့ရတဲ့ အမည်အခေါ်လေးကို .. ပြန်မပြင်ရက်လွန်းလို့ပါ မမလေးရယ် .. ဒီလောက် .. မြတ်နိုးဖို့ကောင်းတဲ့ .. တန်ဖိုးရှိလွန်းတဲ့ .. မမလေး ဆိုတဲ့အရာ .. တစ်ခု .. အခေါ်လေးတစ်ခုကို .. ဘာလို့ .. ကြာညိုးဝဲထဲက .. ဖယ်ရှားပစ်ရမှာလဲ .. မမလေးရဲ့ ဘဝထဲမှာ .. ဘာလို့ .. ထုတ်ဖယ်ပစ်ရမှာလဲ .. ဒီအတိုင်းပဲ ခေါ်မယ် ..

BURMESE CLASSIC .com

www.burmeseclassic.com

မမလေးကလဲ .. တယ့်တယ .. တကြောင်နာနာနဲ့ကြာညို .. လို့ ခေါ်ခဲ့တာ .. အဲဒီ ကြာညို ဆိုတဲ့ ခေါ်သံလေးကို ကြာညို မြတ်နိုးစာယ် .. အဖျောက်မခံနိုင်ဘူး .. ခိုနဲ့လုံး သားထဲကလဲ .. အဖျောက်မခံနိုင်အူးဗျာ .."

လှလွန်းအိမ် မျက်ရည်ဝဲတက်စောရပါပြီ .။

ကြာညိုရယ် .။ မမလေးနဲ့ ပတ်သက်လာရင် .. ဒီထိတောင်မှ တလေးတနက် ထားရသတဲ့လား .. ရှင် ..။

လွမ်းမောဖွယ် ဘဝက အခေါ်လေး .။ မြတ်နိုးဆွတ်ပျံ့ဖွယ် အချိန်လေးက အခေါ်လေး .။ သြော် .. သံယောဇဉ်၏ နက်ရှိုင်းမှုများဖြင့် ဖြစ်တည်ရင်း ခေါ်ခဲ့ရပါသော အခေါ်လေး .။

မမလေးနှင့် ကြာညို .. ဆိုသည့် အခေါ်လေး .။

မှတ်သည် .။ ဤအခေါ်လေးများကို မပြောင်းရက်နိုင် .။ မမျောကိုရက်နိုင်တော့သည့် အဖြစ် .။

လှလွန်းအိမ် ကြာညို့ ရင်ခွင်မှာ ခေါင်းလေးတိုးဝင်ရင်း မျက်ရည် စိမ့်ခနဲကျ၏။

သြော် ..

ပြင်ပတွင်ဖြင့် .. တောပန်းလေးတွေ လျှံမောက်နေအောင် ဝင်းပစွာ မွှေးနေကြပါသည့်သည် .။ ငွေအဆင်းဖြင့် လရိပ်ဆန်းထားသောသည် .။

ပန်းလှလေးများ လေညင်းနှင့်အတူ လေညင်းဝေလေရာတစ်လျှောက်မှာ သင်းဖျံ့လှိုင်ကြွေနေပါသည့်သည် .။ ငွေရည်မျှင် ငွေအဆင်း လမင်းရိပ် လွှမ်းနေသည့်သည် .။

ငွေအဆင်းနှင့် လမင်းဝင်းစင်နေပါသော ညသည် လှပသော ပန်းချီတစ်ချပ်အလား နှင်းမှုန်ကြားမှာ ရှိုနေမြဲ .။ ရှိနေဆဲ .။

လမင်း၏ အရိပ်သည် စမ်းရေထက်မှာ လင်းတလဲ့လဲ့ ရှိသည်သို့ ..။

လှလွန်းအိမ် အတွက် .. မမလေး ဆိုသော လှလွန်းအိမ်အတွက် .. စမ်းရေပမာ အေးမြလုံခြုံပါသော ကြာညို၏ စမ်းရေရင်ခွင်မှာ .. စမ်းရေသောက်ဆင်းသည့် လလေးအဖြစ် .. ကြည်မွေ့စွာ .. ရှိနေရပါချေသည်တကား .။

ဤရင်ခွင် .. ဤလက်ရုံး .. ဤပခုံးသည်သာလျှင် မမလေး၏ .. အားကိုးရာ .. မြတ်နိုးရာ .. ချစ်ကြင်ရာ .. ဗေးမီ .. ခိုဝင်ရာ ဖြစ်ရပါချေသည်ဘည့် ...။

ပန်းတွေမောက်ငင်းတဲ့
ငွေအဆင်းနဲ့လ ...။

ပန်းလေလျှောက်သင်းတဲ့
ငွေအဆင်းနဲ့သည် ...။

စမ်းရေသောက်ဆင်းတဲ့
ငွေအဆင်းနဲ့လ ...။
သြော် ...
စမ်းရေသောက်ဆင်းတဲ့လ ...။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

ဒု-၉-၂၀၀၆

www.burmeseclassic.com